www.burmeseclassic.com

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

လာဘ်မိုးစွေ စာပေ

မဂ္ဂပစ္စယော

ရောင်ပြန်

မဂ္ဂဇင်း

အမှတ်(၂၉၅)၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ



သားရွှေအိုးထမ်းလာပုံ

Graphic Design : AWH

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ခနစ်ရက်သားသမီးများအတွက်

ဆရာမဒေါက်တာစောယုနွယ်က ဆောင်ရွက်ပေးနေပြီ

အမိအဘတွေက ကိုယ့်သားသမီးတွေကို ဆင်စီးမြင်းရံပြီး ဘ၀ခရီးတစ်လျှောက် ပန်းခင်းတဲ့လမ်းကို လျှောက်လှမ်းစေချင်တာ ဓမ္မတာပါပဲ။ ဒါကြောင့် ကိုယ့်သားသမီးလေးတွေကို ကံဇာတာမြင့်မားစေတဲ့ ရက်တွေ၊ နေ့တွေမှာ မွေးစေချင်ကြပါတယ်။ အဲဒီလိုကိစ္စတွေဖြစ်ခဲ့ရင် ဆရာမဒေါက်တာစောယုနွယ် ထံမှာ သင့်လျော်တဲ့ မွေးရက်ကို တွက်ချက်လိုက်ပါ။

မွေးရက်ရွေးခြင်း

မွေးလာတဲ့ ကလေးအတွက် မွေးသည့်အချိန်မှစ၍ လူမှုရေး၊ ပညာရေးတွေ ကောင်းစေဖို့ ဆောင်ရွက်ပေးပြီး မျက်နှာမြင် ချစ်ခင်စေ၊ နာမည်ကြားရုံနှင့် လူတိုင်းက ဖြုံစေမယ့် နာမည် ကောင်းတွေကို ရွေးလိုက်ပါ။

ကလေးအမည်ပေးလွှာ

မင်္ဂလာဆောင်မယ်တို့အတွက် နေ့ကောင်းနဲ့ ရက်သာကိုရွေးပြီး တစ်သက်မခွဲရွှေလက်တွဲ ရမယ့်အဆောင်

မင်္ဂလာရက်မြတ် လက်ထပ်ရက်ရွေး

အလုပ်ကြီး အကိုင်ကြီး ဆိုင်ကြီး ကန္နားကြီးတွေအတွက်

လုပ်ငန်းအမည်ပေး

BURMESE CLASSIC .com

ငွေကြေးအဆင်ပြေလို့ အိုးအိမ် အသစ်ဆောက်မယ့်အခါ

အိမ်ဆောက်ပန္နက်တင်မင်္ဂလာ

နာမည်ကျော်ကြား လူသိများပြီး ၀င်ငွေကောင်းစေမယ့်

အနုပညာရှင်တို့၏ အမည်ပေးလွှာ

စသည့် အကြောင်းအရာတို့ကို စနစ်တကျ တွက်ချက်ဆောင်ရွက်ပေးနေပါပြီ။ နယ်မှ ဆောင်ရွက်လိုသူများ တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ပါလျှင် စာတိုက်၊ မော်တော်ကား စသည့် ရောက်ရှိမည့် လမ်းကြောင်းများနှင့် ပြန်လည်ပို့ပေးနေပါပြီ။

ချမ်းသာကိုယ်စိတ်မြဲပါစေ....

ဆရာမဒေါက်တာစောယုနွယ်

အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၄၃၀၃၀၊ ၀၉-၇၈၉၉၅၉၅၆၇

www.burmeseclassic.com

www.burmeseclassic.com

လာဘ်မိုးစွေဂါထာ

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘတော နန္ဒလာဘောမေ၊
သဒါဟောတု ဘဝါဘဝေ။

မင်္ဂလပစ္စယော

ရောင်ပြန်

မဂ္ဂဇင်း

BURMESE CLASSIC .com

၂၀၁၈-ခုနှစ်၊ ဩဂုတ်လ၊ အမှတ် (၂၉၅)

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်

ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးစွေ)

အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တာဇင်
ပထမံဦးအောင်သူ၊ အင်ကြင်းဖြူဖြူ

အယ်ဒီတာရုံးအဖွဲ့ - စိုးစိုး

ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်း ပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်း သံဃာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် မဆိုင်ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

စာမူပေးပို့လိုလျှင်

လာဘ်မိုးစွေ စာပေ - တိုက်-၂၇၊ အခန်း-၁၂၊
မြေညီထပ်၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(ဝ၀၉၅၆)မှ ထုတ်ဝေ၍ ဦးဘုန်းဇော်(ဝ၁၃၇၅)၊ အရှေ့ဘက်ကောင်းကင် ပုံနှိပ်တိုက်၊ အမှတ်-၉၊ ရာဇာဓိရာဇ်လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၅၀၀ ကျပ်

စာအုပ်ချုပ် - ဖိုးလပြည့်၊ အတွင်းဖလင် - မျိုးဝင်းကျော်

အတွင်းပန်းချီ - အောင်နိုင်လတ်၊ စံလွင်မောင်၊ ဖိုးအောင် တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို မသန်းသန်းဌေးမှ ဖန်တီးသည်။

www.burmeseclassic.com

www.burmeseclassic.com

ရောင်ပြန် မဂ္ဂဇင်း

၂၀၁၈-ခုနှစ်၊ ဩဂုတ်လ၊ အမှတ် (၂၉၅)

မာတိကာ

ရောင်ပြန် ကဗျာ

နန္ဒာမိုးကြည်၊ ညောင်းသူ(ရွှေကန်မြေ)၊ မင်းတည်တံ့၊ ဇာညီဦး(အိမ်မဲ)၊ ဝန်းရံခ ဒေါင်ရာဇာ(ဥတ္တရလာ)၊ နိုင်ခင်ရွှေ မောင်မိုးလှိုင်(သစ္စာမြေ)

ရောင်ပြန် ကလေးကဏ္ဍ

ကျောင်းဖွင့်ရက်(ကဗျာ)

နန္ဒာမိုးကြည် ———— ၁၀၉

ဆေးရောင်ခြယ်ခြင်းအစ ခပ်ပုပ်နှင့်ကိုးကား(ပုံပြင်)

ကျော်ဇောဟိန်း(နံ့သာ) ———— ၁၁၀



စာ-၁၁၂

ရန်ကုန်မြို့အတွင်း သမိုင်းဝင်စာရင်းဝင် သမိုင်းကြီးခဲ့သော

အလံပြဘုရားစေတီတော်

စာ-၁၉ ဖြိုးကြည်

အလံပြဘုရားစေတီတော် (၁၈၅၅ ခုနှစ်) အလံပြဘုရားစေတီတော် (၂၀၁၃ ခုနှစ်)

လာဘ်မတိတ်စေတဲ့ အဆောင်

■ မင်းသိင်္ခ



စာ-၇၂

ရောင်ပြန် အခန်းဆက်ရသ

ကျောင်းဆောင်ပေါ်က အဝီကျွန်သူ့ရဲ့မလေး(၁)

မင်းဟိန်းထိုက် ———— ၁၁၂

သူဖယောင်ဘုန်းကြီးကျောင်း(ဇာတ်သိမ်း)

နေထွန်းနောင် ———— ၁၅၄

လိုင်းလုံးထွန်းလေဝေရှင်(ဇာတ်သိမ်း)

မနုသဿကျော်ဝင်း ———— ၁၆၈

သမီးနန့်မိ(၁)

မြဝဇီ ———— ၁၇၄

www.burmeseclassic.com

www.burmeseclassic.com



ထူးထူးခြားခြား ဖြစ်ရပ်များ

နဝမအကြိမ်မြောက်
လွတ်လပ်ရေးနေ့အခမ်းအနားသို့
နောက်ဆုံးဘုရင်ခံဟောင်း
တက်ရောက်(၄-၁-၁၉၅၆) ---------- ၁၂၀

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်
ပြန်လည်ဖွင့်လှစ်ခြင်း(၁-၁-၁၉၄၃) ---------- ၁၃၃

ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်

ပြည်တွင်းပြည်ပ စိညာဉ်လောက ယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) ---------- ၉၃

မောရစ်ကောလစ်နှင့် ဂမ္ဘီရ(၁)
လှမိုး(ပညာရေး) ---------- ၁၀၉

အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးစွေ စာပေ

တိုက်-၂၇၊ အခန်း-၁၂(မြေညီထပ်)

၅၂-လမ်း(အောက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

၀၉-၄၂၀၀၅၉၂၅၊ ၀၉-၅၀၉၂၄၇၇

ရောင်ပြန် ရသ

မုဆိုး မသိသော ထိုကာသိုလ်
မောင်မြင့်မား(ဘိုကလေး) ---------- ၁၂၂

အပြည့်ခံကွက်လပ်
မြမြလှိုင် ---------- ၁၂၈

တစ်သိန်းထဲက တစ်ယောက်
ချိုပါရာထက် ---------- ၁၃၄

သံသယသောက
ရန်ကုန်မြင့်ဆွေ ---------- ၁၃၈

သစ်တစ္ဆေ
ဝင်းသော်(ရမည်းသင်း) ---------- ၁[illegible]၆

ထာဝရအိမ်ဖော်
ပီတာမြဦး ---------- ၁၆၂

www.burmeseclassic.com

www.burmeseclassic.com

စာ - ၂၀၅

လှပခေတ်မီ - မြို့တော်ဆီသို့

မောင်အေးသန့်

(ယခင်လမှအဆက်)



ရှိုင်ယယ်မြို့တော်တံခါးလုံးအသင်း

အိန္ဒိယ အင်ပီးရီးယဲလ်ဘဏ်
(ယခု- မြန်မာ့စီးပွားရေးဘဏ်ခွဲ(၃)

လောကီရေးရာ

သားရွှေအိုးထမ်းလာတာ မြင်ချင်ကြသလား
ဒေါက်တာစောယုနွယ် ---------- ၁၈

ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန် ၂၀၁၈-ဩဂုတ်လ
အင်ကြင်းဖြူဖြူ(တောင်ငူ) ---------- ၃၃

သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ---------- ၃၄

ယာသမား ကိုင်းသမား အကျိုးများဖို့
တောကကိုရင် ---------- ၃၆

သည်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွင့်ခေါင် ---------- ၃၇

နေ့သားအလိုက် အောင်မြင်ဖို့
မဟိဒ္ဓိကျော်ခေါင် ---------- ၃၈

သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ---------- ၃၉

မေတ္တာရှန်းပြောင် လဝါခေါင်
တက္ကသိုလ်သျှင်ဥက္ကာ ---------- ၄၀

နက္ခတ္တဗေဒ ဆရာမကြီး ဒေစီ၏ ၂၀၁၈ ခုနှစ် ဟောစာတမ်း
ဦးတိုး(တက္ကသိုလ) ---------- ၄၂

မြေလျှင် ကာကွယ်နိုင်သော ဂါထာတော်မြတ် ---------- ၄၅

မြန်မာနိုင်ငံနှင့် လျှောင်
ကိုမောင်သန်းဝင်း ---------- ၄၆

ဘုရားစေတီသမိုင်းနှင့် မြန်မာ့လျှင်
ကိုမောင်သန်းဝင်း ---------- ၄၉

လျှောင်လှုပ်မည့် အကြိုနိမိတ်များ
ဆရာဇီဝအောင်ထွဋ် ---------- ၅၄

ဇာတ်နိပါတ်တော်လာ ဆင်ဖြူတော်များ(၁)
ဦးညွန့်မောင်(ဓမ္မာစရိယ BA, RL) ---------- ၅၅

ဘဝအမောကိုဖြစ်စေတဲ့ သရုအဆိုးတွေ
ဒေါက်တာစောယုနွယ် ---------- ၆၁

မြန်မာ့ရိုးရာ ခုစွန်း ငွေဝင်အဆောင်စီရင်များ
အောင်မြင်စိုး ---------- ၆၄

အယူတော်မင်္ဂလာနှင့် ကြက်နိမိတ်
ဂမ္ဘီရဆရာပွင့် ---------- ၆၇

လူ့ဘဝတစ်ခဏ တန်ဖိုးရှိအောင် ကြိုးစားကြ
အရှာခံမိုလ်သစ်လွင် ---------- ၆၉

လာဘ်မတိတ်စေတဲ့အဆောင်
မင်းသိခ် ---------- ၇၂

အဖေထက် သားတစ်လကြီး
ခင်မောင်အေး(မန္တလေး) ---------- ၇၅

ဗုဒ္ဓဘာသာဝင်နှင့် သရဏဂုံသုံးပါး
တက္ကသိုလ်သခ် ---------- ၇၇

အစားအသောက် ပေါ်များကြွယ်ဝစေသည့် ဓာတ်ပန်းချီ
ချစ်ဖွယ်(တောင်ငူ) ---------- ၈၀

နိဗ္ဗာန်လမ်းပြ ဝိပဿနာတရားတော်(၁၈)
မဟာထွန်း ---------- ၈၃

ဆန်းဆန်းပြားပြား တိရစ္ဆာန်ဝင်စားသူများ
ပထမံဆရာကြီးဦးအောင်သူ ---------- ၈၆

www.burmeseclassic.com

www.burmeseclassic.com

စာ - ၂၄၉

ချက်ကြာ (Chakra)

▢ ကိုမောင်သန်းဝင်း



လောကီရေးရာ

ကိုယ်တွေ့အမေရိကား(၃)
မောင်ကောင်းမြင့် ---------- ၈၉
တရွှေ့စီးတဲ့ လပြည့်ည
ဓာတ်ပုံမောင်မောင်အေး ---------- ၁၈၂
အကျဉ်းစံမျက်ရည်
မေလတ်ဟန် ---------- ၁၈၆
ချီပါသား ဒေတ်ကြီးအမှု(၁)
ရွှေဘိုဘာမထီခင်အောင် ---------- ၁၉၄
ကျွန်တော် လူထုပညာရေးမှူး(၄)
သူတော်စင်မင်းအောင် ---------- ၁၉၇
လုပခေတ်မှီ မြို့တော်ဆီသို့(၁၂)
မောင်အေးသန့် ---------- ၂၀၅
စကားလုံးများ၏ သိက္ခာ
မိုးပန်းမွှန်(ရာမည) ---------- ၂၀၈
ရှေးဟောင်း ပေ၊ ပုရပိုက်တွင် တွေ့ရှိရသော
ဥပ္ပါကာသန္တိပရိတ်တော်
မောင်နန်းလှိုင် ---------- ၂၁၁
ဘုရားငါးဆူ ပူဇော်မှု ကြည်ဖြူမှုတ လိုတိုင်းရ
ဂမ္ဘီရဆရာငြိမ်း ---------- ၂၁၆
အဘိုးပေးတဲ့အမွေ၊ အဖေမှာတဲ့စကား၊ ဆရာပေးတဲ့နည်း
အောင်ခန့်စံ ---------- ၂၂၉
သတ္တဝါတို့၏ ရုပ်ရည်အဆင်းလှပခြင်း အကြောင်းရင်း
ကျော်စံလင်း ---------- ၂၃၃
သီလဆောက်တည်ရကျိုးနှင့်သိသင့်သိအပ်သော သီလအမျိုးမျိုး
တင့်ထူး(ဇေယျဝတီ) ---------- ၂၃၅
မဟာသိဝ မထေရ်ကြီး
ဦးကြိုင်မြင့်(ဆူးလေ) ---------- ၂၄၀
လူငယ်များ ခေတ်နှင့်အညီ ခေတ်မီဖို့လိုသည်
အောင်မြင့်မြတ်(ပြည်ရွှေဘို) ---------- ၂၄၄
ဘုရားရှင်၏ ရည်ညွှန်းချက်
သန်းထွန်း(ဂျေဂျေ) ---------- ၂၄၈
ကျွန်ုပ်နှင့် မောင်သုတ
အဂ္ဂမျိုး ---------- ၂၅၀
ဘယ်အချိန်မှာ ယတြာပြုလုပ်သင့်သနည်း
မင်္ဂလာဦးရွှေအိုး ---------- ၂၅၃
ပြုလုပ်ထားသည့်ယတြာ အောင်မြင်စေရန်
သစ္စာဝါဒီဆရာမြတ်စောလင်း ---------- ၂၅၅
လာဘ်ရွှင်ငွေဝင် အောင်အိုး ၂၅၇
ဂမ္ဘီရဆရာလှမျိုး(B.Sc) ---------- ၂၅၇
ရောင်းဝယ်စည်ကား စီးပွားကောင်းယတြာများ
မော်တင်သိန်းဇော်ဇ ---------- ၂၆၀

စာ - ၁၆၈

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းတန်ခိုးအလွန်ကြွယ် ဆံ၊ ဓာတ်၊ မွေ၊ စွယ်တော်များ
မော်တင်သိန်းဇော်ဇ ---------------- ၂၆၁
ချူ့ဒ္ဓ၈
ကိုမောင်သန်းဝင်း ---------------- ၂၆၉
ရန်သူကို အောင်နိုင်နည်း
မောင်မောင်စိန်လင်း(နတ်မောက်) ---------------- ၂၇၃
လင်ကို နိုင်တတ်သော မိန်းမနှင့်
လင်ကို ရိုသေသော မိန်းမတို့၏ လားရာဂတိ
ကျော်သန်း(တိုင်းရင်းဆေး) ---------------- ၂၇၅
ကြောင့်ကြမှုများ ကင်းဝေးစေလိုလျှင်
ဝင်းဇော်(သုံးဆယ်) ---------------- ၂၇၇



ရောင်ပြန် ကဗျာကဏ္ဍ

အဖြူရောင်လွင့် ဘဝစာမျက်နှာ
မေမြတ်ခင် ---------------- ၂၇၉
မေတ္တာကမ္ဘာ
လင်းလက်ထွန်း(တရားရေး) ---------------- ၂၇၉
အပြန်လမ်း
နှင်းပန်းဖြူ(တွံတေး) ---------------- ၂၀၀
စာပေရေကြည်တစ်ပေါက် အတူသောက်စို့
မောင်ရွှေကျေး(တွံတေး) ---------------- ၂၀၀

ရောင်ပြန် တိုင်းရင်းဆေး

အံ့ဖွယ်ထူးဆန်း ဆေးစွမ်းကောင်းများ(၁၃)
မျိုးသန်းထွန်းကို(ရေစကြို) ---------------- ၉၉
၁၂ လရာသီ ဓာတ်စာ
ဒေါက်တာသက်ဆွေ ---------------- ၁၀၆

လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ) ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါသည်။ စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်း မရှိပါက တာဝန်ယူမည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးရွှေ စာပေ

တိုက် - ၂၇၊ အခန်း - ၁၂(မြေညီထပ်)
၅၂ - လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉ - ၄၂၁၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇

မြန်မာ့ရေးရာ

ရန်ကုန်မြို့အတွင်း ဆံတော်စာရင်းဝင်
ဆံတော်ကြို့ ဘွဲ့တော်ရ အလံပြဘုရားစေတီတော်
မြနန်းရှင် -- ၁၉

အရှိန္ဒမှာ သိကောင်းစရာအပြာပြာ
ဦးအောင်ကြွယ်(တောင်သာ) -- ၂၄

တိုင်းရော သမိုင်းဝေဖြာ
မဗေဒါ(ရောဝတီ) -- ၂၁၈

ရောင်ပြန်ဗေဒင်

သိသာစေကြောင်း မဂ်လာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် -- ၂၇၅

ရောင်ပြန် အထူးယတြာ

နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် -- ၂၉၄

လူတွေသိ နတ်တွေကြားစေ

လူတွေသိ၍ နတ်တွေကြားစေ -- ၂၉၆

www.burmeseclassic.com

www.burmeseclassic.com

ကြွယ်ဝသော ဦးချို

www.burmeseclassic.com

www.burmeseclassic.com

ဗျပွတ်

နန္ဒာမိုးကြယ်

- ခြသေ့်" ဆိုတာလား...
  အသားပဲ စားတယ်။

- "ခွေး"ကျပြန်တော့
  အသားတင်မက
  လူ့မစင်ကိုပါ စားလေရဲ့။

- အဲသည်မှာမှ
  အသားကျလည်း အကြိုက်တွေ့
  လူ့မစင်ကိုလည်း ဘဝင်ခွေ့လေတော့
  ခြသေ့်စစ်စစ် မမြည်
  ကျင့်ဝတ်မညီတဲ့ ဓလေ့
  "ခွေးခြသေ့်"တွေ ဖြစ်ကုန်ရော။ ။

www.burmeseclassic.com

www.burmeseclassic.com

သူရဲကောင်းတိုင်းပြည်

စည်သူ (ရွှေကန်မြေ)

- ကံကြမ္မာဆိုးတွေနဲ့
  မိုးလေခပ်ကြမ်းကြမ်းအောက်
  မရဏာအော်သံတွေအကြား
  ရင်နင့်ကြေကွဲဖွယ် ဒဏ်ရာအထပ်ထပ်နဲ့
  တို့သမိုင်းတွေ သွေးစွန်းခဲ့ရတယ်။

- နယ်ချဲ့ကို တော်လှန်ဖို့ကြိုးစားတဲ့
  အိမ်ရှေ့စံ ကနောင်မင်းသား
  မြင်ကွန်းညီနောင်သတ်လို့ သေခဲ့ရ
  အဲသည်နောက်
  မျိုးချစ်သူရဲကောင်းတွေကို
  သမိုင်းက အရောင်တင်ပေးခဲ့တယ်။

- အာဇာနည်တွေ ကျဆုံးခဲ့ရပေမယ့်
  ရာဇဝင်ကတော့ . . .
  စာတင်ထားစမြဲ။

- ဤကမ္ဘာ တည်နေသမျှ
  သူရဲကောင်းတို့ရဲ့ သွေးတွေ
  စွေးစွေး နီနေဦးမှာပါ။ ။

www.burmeseclassic.com

www.burmeseclassic.com

- ဒေါသစိတ်နဲ့ ကြည့်ဖြစ်ရင်
  စိတ်မှာ ရန်သူထင်။
- အကြည့်ကိုပင် မေတ္တာထား
  မြင်မယ် မိတ်ဆွေလား။
- အကြည့်မှားနဲ့ ကြည့်မယ်ဆို
  စိတ်မှာ အကုသိုလ်။
- မေတ္တာပိုကာ ကြည့်တတ်မှ
  စိတ်မှာကုသိုလ်ရ
  ရှင်တော်ဗုဒ္ဓ အဆုံးမ။ ။

ကြည့်လိုက်ပါ

မင်းတည်တုံ့

www.burmeseclassic.com

www.burmeseclassic.com

- မိုးပုလဲဥ
ချစ်သူ့ပါးပြင်၊ သက်မှူးခင်ချစ်
ရွှဲနစ်ချမ်းအေး၊ ခြုံကာထွေးနှော်
နွေးလျှရင်ခုန်ချင်လို့ပါ။

- အနောက်တောင်လေ၊ ကျောက်ဆောင်တွေဖြတ်
မိုးရဲ့ဇာတ်ညွှန်း၊ အမှောင်စွန်းမှာ
ဝေဒနာကွယ်၊ စာနာဖေးကူ
ချစ်သူဘယ်ဆီ၊ တိမ်ကိုမှီလို့
ပြယ်သီလွင့်ပါး ချစ်ရိပ်တွေ…။

- "သည်မိုးမှောင်တုန်း…
မောင်ပုန်းပါရစေ"…တဲ့လား
လွမ်းဖျားလွမ်းနာ၊ ရင့်ရင့်လာခဲ့
သူသာ ကိုယ့်ဘဝ
သူ့ဘဝ ကိုယ့်အနာဂတ်မို့
ပြတ်သားရင့်ရဲ၊ လမ်းမခွဲရက်
ကျွမ်းသည်းအက်ခဲ့ပါပြီ မိုးရယ်…။ ။

မိုးရဲ့ ဇာတ်ညွှန်း

ဗညားဦး(အိမ်မဲ)

www.burmeseclassic.com

www.burmeseclassic.com

မဝိုင်းစက်ခဲ့လေသလော

ဝန်းရံခ

● အောင်နိုင်ခြင်း အဘိဓမ္မာထဲက
လက်ခမောင်းခတ်သံ
မိုးထက်ညံ့ချင်ညံ့ပါစေ
ပြောင်းလဲခြင်း နိယာမအရ
အရှုံးဆိုတာကြီး ပြုတ်ကျမလာခင်အထိ။

● ကိုယ့်အသက်ရဲ့ သုံးပုံတစ်ပုံမှာ
ခြေကုန်လက်ပန်းမကျခဲ့ပေမဲ့
အိမ်ပြေးဘဝနဲ့
စုန်ချည်ဆန်ချည် ကူးခပ်ရင်း
ဒဏ်ရာကင်းသယောင် ဟန်ဆောင်ခဲ့တယ်။

● တကယ်တမ်းက
အနိုးအငွေ့တွေ လှိုင်လှိုင်ထွက်
ထူပူဆူပွက်နေတဲ့ ကမ္ဘာကြီးထဲမှာ
လွဲချော်ခြင်းတစ်ဝက်ကို ခြုံရင်း
မာန်မာနတွေနဲ့
ဒေါင်လိုက်ဖြတ်သန်းနေရတာပါ။

● သော့ခတ်ခံအခန်းထဲ
ခန္ဓာကိုယ်က လုံခြုံနေပေမယ့်
လစ်ရင်လစ်သလို အပြင်ခိုးထွက်တတ်တဲ့
စိတ်စေတသိက်တွေကတော့
ဘယ်နကမ္ဘာကတည်းက
မွန်းကျပ်နေမှန်းမသိဘူး။

● နောက်ဆုံး ဗိဝါဒမကွဲတာကတော့
ဓာတ်ပြုခြင်းမှားနေတဲ့ ကံကြမ္မာကို
ဘဝရဲ့ လောင်စာစက်ဝိုင်းထဲမှာ
ပြေးရင်းလိုက်ရင်းနဲ့ပဲ
ဓာတ်ခွဲခန်းမရောက်ခင်
နေရထိုင်ရ ခံစားရတာ နည်းလွန်းနေပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ခရီးတူ

အောင်ရာဇာ(ဥက္ကလာ)



- အမြင့်အနိမ့် တွေကြည့်
  အဆင့်နိမ့် အဖြေမညှိကြပါနဲ့။

- အဖြူ အမည်းတွေနဲ့
  မှုခွဲမနေကြပါနဲ့။

- အပေါင်း အနုတ်တွေကို
  အကြောင်းလုပ်ပြီး
  ခေါင်းရှုပ်မနေကြပါနဲ့။

- (လူမှန်လျှင်···)
  စိတ္တဇ အနည်းငယ်စွဲ
  ကိစ္စကြီးငယ် ကွဲတာကလွဲ
  (အားလုံးဟာ)
  အနိစ္စခရီးသည်ချည်းပါပဲလေ။ ။

www.burmeseclassic.com

ကမ်းတစ်ဖက်၏ ခရီးစဉ်

နိုင်ခင်ရွှေ

ပန်းချီအောင်နိုင်လတ်

- သံသရာ ဟိုမှာဘက်
လှမ်းတက်ဖို့ကြံရွယ်
အညာလွယ်တဲ့ ဒီစိတ်
ဣဋ္ဌာရုံ ပုံနိမိတ်ကြောင့်
မှတ်စိတ်ကယ်ပျောက်။

- တစ်ခါတစ်ရံ
ကိလေသာမှေးငိုက်
သဒ္ဒါက ဦးခိုက်
ဝီရိယစိုက်လို့ လျှောက်မယ်မှန်း
သမာဓိက တန်းကျော်
ပီတိက လှမ်းခေါ်
ဝိတက်နဲ့ ပျော်မိတဲ့ငါ။

- ဝိပဿနာ ပညာမှာ
သူ့မပါ ငါမရှိ
ရုပ်နာမ်အတိ
ထိမိတဲ့ သတိရယ်ကြောင့်
လမ်းမှန်ပေါ်ရောက်
ဝိပဿနာစစ်တမ်းကောက်တော့
ခန္ဓာငါးပါးတရားဟာ
အနိစ္စ ဒုက္ခ အနတ္တပါလားကွယ်ရို။ ။

www.burmeseclassic.com

အို . . . ချစ်သောမိုး

မောင်မိုးလှိုင်(သစ္စာမြေ)

- နွေ့ရဲ့နေဟာ
အပူဖွဲ့ ခြိမ်းခြောက်ပြီး
(ဒီကမ္ဘာလောကကြီးကို)
ပကာသနအချစ်သဘောကြီးသလိုလိုနဲ့
သဘာဝသစ်တောမီးကို
ရက်စက်စွာ လက်ဆောင်ပေးတယ်။

- သွားတော့ကွယ် "ဂိမှာန်နွေ"
တိမ်ပန်းချီတွေ အထပ်ထပ်နဲ့
အနောက်တောင်အရပ်က
အလွမ်းဓာတ်ညို့ မိုးငွေ့လေကို
တိုးဝှေ့လို့ သယ်ဆောင်...
ပူလောင်တာတွေ ငြိမ်းချမ်းဖို့
"ဝသန်ကာလ" လုလုပပလာချေပြီ။

- ကောက်ပဲသီးနှံ ဆန်ရေစပါး
လူသားအကျိုးပြု
ငြိမ်းချမ်းမှုမိုး...
ချစ်သော မိုးရေ...
တန်ဖိုးထိမိ...
အမှန်အကျိုးရှိအောင်
လောကမြေတစ်ဝှမ်း
သောကတွေ မလွှမ်းရအောင်
မေတ္တာမိုးတွေ ဖြိုင်ဖြိုင်ရွာ...
ကရုဏာမိုးတွေ ပိုင်နိုင်စွာ...
မုဒိတာမိုးတွေ လှိုင်လှိုင်သာ...
ကျေးရွာကမ္ဘာ ရွာပါမိုး။

- (သြော်...)
ကဆုန်စိုင်းအငြိုး
မုန်တိုင်းတိုးပြီး.
ဥပေက္ခာမိုးတော့ မရွာနဲ့နော်။ ။

www.burmeseclassic.com

www.burmeseclassic.com

သူဌေးကြီးဖြစ်ချင်တဲ့သူဟာ သူဌေးကြီးဖြစ်အောင်ဘဲ လုပ်ရမယ်။
ဘယ်လောက်ပဲ ကူညီဖို့ ကောင်းတဲ့သူနဲ့ တွေ့တွေ့ မကူညီရဘူး။
ဘာဖြစ်လို့လဲဆိုတော့ ....
မင်းဟာ ကယ်ဆယ်ကူညီရေးအသင်းဥက္ကဋ္ဌ လုပ်မှာမှ မဟုတ်ဘဲ၊
ပြီးတော့ သူဌေးကြီး လုပ်ချင်တဲ့ သူဟာ
သူဌေးကြီးရဲ့ အလုပ်မျိုးဘဲ လုပ်ရမယ်။

မင်းသိင်္ခ

[ပုဏ္ဏားဘကွန်း၊ ၁၉၉၂ - ဉာဏ်ဝင်းစာပေ]

www.burmeseclassic.com

www.burmeseclassic.com

သားရွှေအိုးထမ်းလာတာ မြင်ချင်ကြသလား

ဒေါက်တာစောယုနွယ် Ph.D(Tantra)(Kol-India)

မိဘဆိုတာ သားသမီးတွေကို ချစ်တတ်ကြတာ မမှတာပါပဲ။ သားသမီးလေးတွေ ပညာတတ်ကြီးတွေ ဖြစ်မယ်။ ပညာတတ်ကြီးတွေဖြစ်ပြီးရင် ကြီးကျယ်မြင့်မြတ်တဲ့ လုပ်ငန်းရှင်ကြီးတွေ၊ ကြီးကျယ်မြင့်မြတ်တဲ့ ရာထူး ဌာနန္တရတွေ ရစေချင်တာ လောကသဘာဝပါ။

ဒီလိုဖြစ်ဖို့ကို ငယ်စဉ်ကလေးဘဝကတည်းက သားသမီးများကို မိဘများဟာ ဂရုတစိုက် ကြည့်ရှုလေ့ရှိပါတယ်။ သားသမီးလေးတွေကို သားရွှေအိုးထမ်းလာတာ မြင်ချင်ကြတဲ့ မိဘများအတွက် ရှေးဟောင်းနည်းပညာတွေထဲက လွယ်ကူစွာပြုလုပ်လို့ရတဲ့ နည်းလေးတစ်ခု ပေးပါရစေ။ ဒါဟာ ဘာလဲလို့မေးရင် . . .

မိဘများအနေနဲ့ သားကောင်းရတနာဂါထာတော် ဆိုတာကို အမြဲရွတ်ဆိုပေးဖို့ပါပဲ။ ဒီဂါထာလေးကို ကလေးတွေကိုချော့သိပ်တဲ့အခါမှာ ကလေးဦးခေါင်းလေးကို ပွတ်ပြီး ရွတ်ပေးပါ။ ဒီကလေးဟာ အရွယ်ရောက်တဲ့အခါမှာ ဆဲဆိုတတ်ခြင်းမရှိဘူး။ လူကြီးသူမစကား နားထောင်တယ်။ ပညာတတ်တွေ ဖြစ်တယ်ဆိုတာ ကိုယ်တွေ့ပါပဲ။ အရွယ်ရောက်ပြီး ကလေးတွေကိုလည်း သူတို့ရဲ့ ဦးခေါင်းလေးကို မိဘများက ပွတ်သပ်ပြီး ရွတ်ပေးလို့ရပါတယ်။ နောက်တစ်ခုကတော့ ဘုရားဟောင်း သုဝဏ္ဏသာမ သားရွှေအိုးထမ်းလာတဲ့ပုံလေးမှာ ကလေးရဲ့ ဓာတ်ပုံလေးကို ရွှေအိုးမှာ ကပ်ထားပေးဖို့ပါပဲ။ အဲဒီပုံကိုလည်း ကလေးပုခက်နားနီးတဲ့နေရာ၊ အရွယ်ကြီးနေတဲ့ ကလေးတွေအတွက်ဆိုရင်လည်း အဲဒီကလေးတွေရဲ့ အိပ်ခန်းမှာ ကပ်ထားပေးပါ။

ဒါဟာ ကိုယ်တွေ့ပါပဲ။

ဒီလိုလုပ်လို့ ထွန်းကားသွားတဲ့ ကလေးတွေ အများကြီးပါပဲ။

ယုံယုံကြည်ကြည်နဲ့သာ လုပ်ပေးပါ။

သားကောင်းသားမြတ် ဂါထာ

အဟံဘန္တေ (ဗောဓိရာဇ ကုမာရော) ဘဂဝန္တံ သရဏံ ဂစ္ဆာမိ။
ဓမ္မဉ္စ ဘိက္ခု သံဃဉ္စ၊ ဥပါသကံ တံဘဂဝါ ဓာရေတု။
အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။

ဘန္တေ - အရှင်ဘုရား၊ **အဟံ** - အကြင် ဗောဓိကုမာရ သတို့သားသည်၊ **ဘဂဝန္တံ** - မြတ်စွာဘုရားကို၊ **သရဏံ** - ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ** - ဆည်းကပ်ပါ၏။ **ဓမ္မဉ္စ** - တရားတော်မြတ်ကိုလည်း၊ **သရဏံ** - ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ** - ဆည်းကပ်ပါ၏။ **ဘိက္ခုသံဃဉ္စ** - ရဟန်းသံဃာတို့ကိုလည်း၊ **သရဏံ** - ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ** - ဆည်းကပ်ပါ၏။

ဘဂဝါ - မြတ်စွာဘုရားသည်၊ **တံ** - ထိုသတို့သားကို၊ **အဇ္ဇတဂ္ဂေ** - ယနေ့မှစ၍၊ **ပါဏုပေတံ** - ဆည်းကပ်ခြင်းကို၊ **ဂတံ** - ရောက်သော၊ **ဥပါသကံ** - ရတနာသုံးပါးကို ဆည်းကပ်တတ်သူဟူ၍၊ **ဓာရေတု** - မှတ်ယူတော်မူပါဘုရား။

မှတ်ချက် - လက်သည်းကွင်း (ဗောဓိကုမာရ) နေရာတွင် မိမိကလေးအမည်ကို ထည့်၍ရွတ်ဆိုပါ။ အဘွားဖြစ်သူက ဦးခေါင်းကိုပွတ်၍ ရွတ်ဆိုပေးခဲ့ရာ ထိုကလေးသည် ယနေ့ထိ လုံးဝ မဆဲတတ်ပါ။ ဆိုးသော သားကိုလည်း ထိုသို့ရွတ်ပေးခြင်းဖြင့် ကောင်းလာကြောင်း ကိုယ်တွေ့ ဖြစ်ပါသည်။

ချမ်းသာကိုယ်စိတ် မြပါစေ။

ဒေါက်တာ စောယုနွယ်
Ph.D(Tantra)(Kol-India)

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့အတွင်း ဆံတော်စာရင်းဝင် ဆံတော်ကြိုဘွဲ့တော်ရ

အလံပြဘုရားစေတီတော်

မြနန်းရှင်

အလံပြဘုရားလမ်းတွင် အလံပြဘုရားသို့ဆိုသည့် လမ်းညွှန်ဆိုင်းဘုတ်ရှိပေသည်။

ယခင်ကာလများစွာက စာရေးသူတို့ ဆရာသမားများ လမ်းညွှန်မှုဖြင့် အကျင့်စခန်းများ ဆောင်ရွက်ရစဉ် အခါက ရန်ကုန်မြို့အတွင်းစည်း၊ အပြင်စည်းကျင့်ဆောင်ရာတွင် ဤအလံပြစေတီတော်လည်း တစ်ဆူအပါအဝင်ဖြစ်ပေသည်။

အလံပြဘုရားလမ်းဘက်မှ ကုန်းပေါ်သို့ တရွေ့ရွေ့တက်လာရာ စေတီတော်၏ အရှေ့တောင်ဘက်ထိပ်မှခ်ဦး လှေကားမှ ဆံတော်ကြိုစေတီဟူသော ကမ္ပည်းစာသားကို



အလံပြဘုရားစေတီတော် (၁၈၇၅ ခုနှစ်)

အလံပြဘုရားစေတီတော် (၂၀၀၉ ခုနှစ်)

www.burmeseclassic.com

အလံပြဘုရားစေတီက ဗုဒ္ဓရုပ်ပွားတော်မြတ်

တွေ့ရပေမည်။ စေတီတော်ပေါ်သို့ အရှေ့ဘက်မုခ်မှ ရင်ပြင်တော်ပေါ်တက်ရောက်လာရာတွင် အာရုံခံတန်ဆောင်း အတွင်း၌ ကြည်ညိုဖွယ်ဗုဒ္ဓရုပ်ပွားတော် မြတ်တစ်ဆူကို ဖူးတွေ့ရပေမည်။

စေတီတော်၏ ရင်ပြင်တော်အား သီးခြားအုတ်တံတိုင်းကာရံထားပါသည်။ ရင်ပြင်တော်အနောက်မြောက်ဘက်မှ အုတ်ရေကန်ကြီးရှိပြီး မြောက်ဘက်မှာ အကာမဲ့ ခေတ်မီ အာရုံခံတန်ဆောင်းရှိပါသည်။ ရင်ပြင်တော်အလယ်၌ ရွှေဝါရောင်သင်္ကန်းတော်ဖြင့် ကြည်ညိုဖွယ်စေတီတော်မြတ်အား စေတီရံများဝန်းရံလျက် ဖူးတွေ့ရပေမည်။

ဤအလံပြစေတီ (ခေါ်) ဆံတော်ကြိုစေတီတော်မှာ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကာလ ဥက္ကလာမင်းကြီး၏ မူလဒါယိကာတည်ခဲ့သော ရွှေတိဂုံစေတီတော် မတည်မီအစ ဆံတော်ကြိုစေတီအဖြစ် တည်ရှိခဲ့ပေသည်။

အဦးအမွန် (ငါး) မြတ်ဂုဏ်အင်္ဂါဆောင်ခဲ့သော မြန်မာတိုင်းသား တပုဿနှင့် ဘလ္လိကတို့၏ ဂုဏ်ကျေးဇူးလည်း ပါဝင်ပေသည်။

"ဦးငါးဦး" ဂုဏ်နှင့်ပြည့်စုံရခြင်းမှာ -

မြန်မာနိုင်ငံသားများက ဘုရားရှင်ပွင့်ပေါ်ခြင်းကို ရှေးဦးစွာ ဖူးခွင့်ရခြင်း၊

မြတ်စွာဘုရားရှင်အား ဆွမ်းဘောဇဉ်အာဟာရ ရှေးဦးစွာ ကပ်လှူခွင့်ရရှိခြင်း၊

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ပေ သနားတော်မူသည့် သဇီဝကေသဓာတု ဟုခေါ်သည့် ဆံတော်မြတ် ရှေးဦးစွာ ရရှိခဲ့ခြင်း၊

ဦးငါးဦးနှင့် ပြည့်စုံသော မြန်မာနိုင်ငံတော်ကြီးနှင့် မြန်မာလူမျိုးတို့သည် ဘာသာ၊ သာသနာနှင့် ပတ်သက်လျှင် ကမ္ဘာမှာ ဂုဏ်သတင်းမွှေးပေသည်။ မြတ်စွာဘုရားရှင် ဟောကြားခဲ့သော ဓာတုစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိသ



အလံပြဘုရားစေတီတော် ဘုန်းကြီးကျောင်း
ကျောင်းထိုင်ဆရာတော် ဦးသီရိ

www.burmeseclassic.com

စေတီ၊ မှေ့စေတီ ထိုက်တော်မူသော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ရာအစ–

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် ဂေါတမမြတ်စွာဘုရားရှင် ဘုရားအဖြစ်သို့ရောက်တော်မူချိန် ရာဇာယတန သတ္တဟ လင်းလွန်းပင်ရင်း၌ စံနေတော်မူခြင်း ၄၉ ရက်မြောက်သောနေ့ဝယ် ဥက္ကလာပမြို့သား တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင် ကုန်သွယ်ကူးသန်းရင်း၊ မဇ္ဈိမဒေသသို့ ရောက်ရှိလာစဉ် ရောင်ခြည်တော် ကွန့်မြူးရင်း သပ္ပာယ်တင့်တယ်စွာ စံနေတော်မူသော ဘုရားရှင်အား ဦးစွာဖူးမြင်ခွင့်ရလေတော့သည်။

ဝမ်းသာကြည်နူး ပီတိသဒ္ဓါတရားအဟုန်ဖြင့် ရိက္ခာအတွက်ယူဆောင်လာသော မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့်ဆွမ်းများကပ်၍ လှူဒါန်းလေရာ ဘုရားရှင်မှ လက်ခံဘုဉ်းပေးတော်မူပြီး "ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ"

(၁၉.၅.၁၉၆၀)ရက်နေ့တွင် ကျိုက်ပေါက်စွတ်စေတီဟောင်းမှ တူးဖော်ရရှိသော ရုပ်ပွားတော်များပုံ



အလံပြဘုရားကုန်းတော်ထက်က တံခွန်တိုင်

ဟူသည့် ဒွေဝါစိက သရဏဂုဏ်နှင့် ငါးပါးသီလကို ဆောက်တည်ခွင့်ပေးတော်မူရုံမက မြတ်စွာဘုရားရှင်နှင့် ဖူးတွေ့ခဲ့ရကြောင်း၊ ဘုရားရှင်ကိုယ်စား ကိုးကွယ်ခွင့်ရရှိရန် တောင်းခံရာမှ မြတ်စွာဘုရားရှင်မှ နောင်လာလတ္တံ့သော ကာလ အနာဂတ်သာသနာအတွက် ရည်မှန်း၍ ဘုရားရှင်၏ လက်ယာလက်တော်ဖြင့် ဦးခေါင်းမဏိတော်မှ ဆံတော်ရှစ်ဆူကို သုံးသပ်တော်မူ၍ တပုဿနှင့် ဘလ္လိက ညီနောင်အား ချီးမြှင့်တော်မူခဲ့ပေသည်။

မြတ်စွာဘုရားရှင် ပေါ်ထွန်းလာကြောင်း သတင်းနှင့်အတူ ဥက္ကလာတိုင်းသားကုန်သည်ညီနောင်မှ ဆံတော်ရှစ်ဆူ ပင့်ဆောင်တော်မူလာကြောင်း မင်္ဂလာသတင်းစကားအရ ဆံတော်မြတ်တို့အား ပေါက္ခရဝတီမြို့ (ယခု တွံတေး)မှ ဥက္ကလာပတိုင်းသို့ ပင့်ဆောင်တော်မူလာစဉ် ဥက္ကလာပမင်းကြီးနှင့် ဗိုလ်ခြေတစ်ထောင် မင်းပရိသတ်များက ခမ်းခမ်းနားနား ပင့်ဆောင်ကြိုဆိုကြပြီးလျှင် ပတ္တမြားပြာသာဒ်ဖြင့် ဆံတော်မြတ်အား တင်ဆောင်ကာ ရတနာမဏ္ဍပ်ဖြင့် ပူဇော်ခံထားရှိလေသည်။

နတ်သိကြားတို့ညွှန်ပြရာ သိင်္ဂုတ္တရကုန်းတော်သို့ ပင့်ဆောင်ရာ ခရီးလမ်းသည် ချိုနွယ်ပိတ်ပေါင်းထူသော

www.burmeseclassic.com

www.burmeseclassic.com

တောလမ်းဖြစ်ပေမည်။ ဆံတော်ခတ်ကြွချီရာလမ်းတစ်လျှောက် ချုံနွယ်သစ်ပင်များ ရှင်းလင်းခြင်း၊ မြေညှိခြင်း၊ သဲဖြူခင်းခြင်း၊ ရာဇမတ်ကာခြင်း၊ ငှက်ပျောပင်စိုက်ခြင်း၊ တံခွန်အလံများစိုက်ထူလွှင့်ခြင်းများနှင့် လမ်းခရီးအဆင်သင့်ကြိုဆိုပူဇော်ရန်နေရာများ သတ်မှတ်၍ ဆံတော်များပင့်ဆောင် ကြိုဆိုရာ နေရာအလိုက် ဆံတော်ကြို စေတီများ တည်ထားခဲ့ပြီး ဆံတော်ကြိုလမ်းအဖြစ် ခေါ်တွင်လာခဲ့ပါသည်။

ဘုရားရှင်လက်ထက်ကပင် တစ်ဆူတည်းသာကျန်ရှိခဲ့သော ဆံတော်ကြိုစေတီမှာ မြန်မာ့တပ်မတော်စစ်ရုံးဝင်းအတွင်းမှာ ရှိသော အလံပြစေတီတော်ပင် ဖြစ်ပါသည်။ ဥက္ကလာပမင်းကြီး ဆံတော်ပင့်ဆောင်ရာလမ်း၌ ခေတ္တရပ်တန့်သော နေရာတွင် တန့်တော်မူစေတီကို တည်ခဲ့ကြောင်းလည်း တွေ့ရှိရပါသည်။

ဆံတော်ပင့်ဆောင်ရာမှ ဗိုလ်တထောင်ကုန်းမြင့်၊ ဆူးလေကုန်းမြင့်၊ သိမ်ကြီးဈေး (ကျိုက်မဲသံချို၊ ကျိုက်မဲသံသကရော) ကုန်းမြင့် သိင်္ဂုတ္တရကုန်းတောင်ဘက်ရှိ တန့်တော်မူစေတီကုန်းမြင့်၏ အရှေ့မြောက်ဘက်၌ သိင်္ဂုတ္တရကုန်းတော်ရှိကြောင်း၊ နတ်တို့က အဆင်ဆင့် ညွှန်ပြခြင်း၊ (အလံပြခြင်း)ပြုခဲ့၍ အလံပြကုန်းဟု ခေါ်တွင်ပြီး ၎င်းကုန်းမြင့်မှာ စေတီတည်ထား၍ အလံပြစေတီဟု ဘွဲ့အမည်ရှိခဲ့ပါသည်။

မြတ်စွာဘုရားရှင်၏ သာသနာတော် ၁၅၀ ပြည့်နှစ်တွင် ဒွတ္တဘောင်မင်းကြီး ပြည်မြို့မှ ဒဂုံသို့ ဖောင်တော်ဖြင့် စုန်ဆင်းလာပြီးလျှင် ရွှေတိဂုံစေတီတော်နှင့် ဆံတော်ကြိုစေတီနှစ်ဆူကို ပြုပြင်ခဲ့ပါသည်။

သာသနာတော် ၂၃၆ ခုနှစ်မှ ၂၄၀ နှစ်အထိ စူဠသီရိ ဓမ္မာသောကမင်းကြီးသည် ဆံတော်ကြိုစေတီတော်ကို ပြုပြင်ခဲ့ပါသည်။

သာသနာတော် ၉၃၆ ခုနှစ်တွင်သထုံ (သုဓမ္မပူရ) ဘုရင် ဓမ္မပါလမင်းကြီးသည် ဆံတော်ကြိုစေတီကို ပြုပြင်လှူဒါန်းခဲ့ပါသည်။

သာသနာတော် ၁၂၅၄ ခုနှစ်တွင် ဟံသာဝတီပြည့်ရှင် ဗညားဦးမှ ပြိုကျပျက်စီးခဲ့သော စေတီတော်အား ဉာဏ်တော် ၂၅ တောင်အထိ ပြုပြင်ခဲ့ပါသည်။

ဆံတော်ကြိုစေတီတော်၏ ထီးတော်မှာ ၁၂၇၂ ခုနှစ်၊ တန်ဆောင်မုန်းလမှာ "ဇာတိ မော်လမြိုင် ပဝတ္တိ ရန်ကုန်မြို့၊ အထက်ပုဇွန်တောင် စက်ဆန်းရပ်၊ ဘောက်စက်၊ မီးရထားပွဲစားကြီးဦးအုံ့၊ ပွဲကတော်မဖော့အု၊ သားမောင်ဘညွန့် ကောင်းမှု၊ နိဗ္ဗာနပစ္စယော ဟောတု"ဟူ၍ ကြေးပြားနှင့် ကမ္ပည်းကပ်လှူထားပါသည်။

ဒုတိယအကြိမ် ထီးတော်ပြင်ဆင်ကြီးကြပ်ဆောင်ရွက်သူမှာ ရုံးစာရေးကြီး အင်ဂျင်နီယာဦးဘိုးလူ၊ ထီးတော်လုပ်ကိုင်သူ ဆရာမောင်၊ ပုဇွန်တောင်တပ်မြေဖြစ်သည်။

သက္ကရာဇ် ၇၉၈ ခုနှစ်၊ ဒုတိယအကြိမ် ငလျင်ဒဏ်ကြောင့် ဖောင်းရစ်တော်မှပြုတ်ကျရာ ရာဇရာဇာဓိရာဇ်ဗညားရဲတိုက်မင်းကြီးက ပြန်လည်ပြုပြင်ခဲ့ပါသည်။

သက္ကရာဇ် ၈၁၄ ခုနှစ်တွင် ဘုရင်မကြီး ရှင်စောပုကိုယ်တိုင် စေတီတော် ချယားသီးမှ ဖိနပ်တော်အထိ ရွှေပိန်းချ ရွှေသက်န်းလှူဒါန်းခဲ့ပါသည်။

သက္ကရာဇ် ၉၂၆ ခုနှစ်မှာ တတိယအကြိမ် ငလျင်ဒဏ်ကြောင့် ဆံတော်ကြိုစေတီတော် နှစ်ခြမ်းကွဲပြိုကျသဖြင့် ဘုရင့်နောင်မင်းတရားကြီး အသစ်တစ်ဖန် ပြန်လည်ပြုပြင် တည်ဆောက်ခဲ့ပါသည်။

သက္ကရာဇ် ၁၁၃၀ ပြည့်နှစ် ငလျင်ဒဏ်ကြောင့် ပြိုကျ၍ ပြုပြင်ခဲ့ရပြန်သည်။

သက္ကရာဇ် ၁၁၃၇ ခုနှစ်၌ ဆင်ဖြူရှင်မင်းတရားကြီး ရန်ကုန်မြို့သို့ တိုင်းခန်းလှည့်လည်စဉ် မင်းလက်ဝဲဘွဲ့ရှိ အဂ္ဂမဟာသေနာပတိ စစ်သူကြီးမဟာစည်သူက ပြိုကျပျက်စီးနေသော စေတီအား ပြုပြင်မွမ်းမံသဖြင့် မင်းလက်ဝဲဘုရားဟု အမည်တွင်ခဲ့ပြန်သည်။

၁၈၇၃ ခုနှစ်တွင် အလံပြဘုရားထီးတော်ဟောင်း ပြိုကျသဖြင့် မေလ ၁၉ ရက်မှာ ထီးတော်သစ်တင်လှူပွဲကျင်းပခဲ့ပါသည်။

၁၉၄၄ ဒုတိယကမ္ဘာစစ်အပြီး ဗဟန်း၊ ဒဂုံအနီးအနား ရပ်ကွက်များမှ ကုသိုလ်ရှင်၊ စေတနာရှင်များက သက်ဆိုင်ရာ လူကြီးများထံ ခွင့်တောင်း၍ စေတီတော်အား ဖုံးလွှမ်းနေသော ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းပြီးလျှင် မြို့တော်ဝန်ဟောင်း ဦးသင်းမောင်ကလည်း အလံပြဘုရားထီးတော်အသစ်ကို တင်လှူခဲ့ပါသည်။

၁၉၇၂ ခုနှစ်တွင် ဦးဘငွေး (ငွေးမြန်မာခြံ)က ဖိနပ်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူခဲ့ပြီး၊ ၁၉၇၈ ခုနှစ်တွင်

www.burmeseclassic.com

www.burmeseclassic.com

သူရဦးမင်းသိမ်းအမှူးပြုသော ဂေါပကအဖွဲ့မှ တစ်မတော် အကြီးအကဲများဦးဆောင်လျက် စေတီဗတာ်အား ဘက်စုံ ပြုပြင်မွမ်းမံကာ ရွှေသက်န်းကပ်ခြင်း၊ ကြွေပြားကပ်ခြင်း၊ လျှပ်စစ်မီးပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ပြီး၊ ၁၉၈၈–၁၉၈၉– ၁၉၉၀–၁၉၉၃ ခုနှစ်များတွင် ကျောင်းဆောက်ခြင်း၊ သိမ်တော်ဆောက်လုပ်ခြင်း၊ စိန်ဖူးတော်၊ ထီးတော်ပြုပြင် တင်လှူခဲ့ပါသည်။

၂၀၀၀–၂၀၀၁ ခုနှစ်တွင် နိုင်ငံတော်အကြီးအကဲများမှ စေတီတော်လုံးတော်ပြည့် ရွှေသက်န်းကပ်လှူခြင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ သပိတ်တော်ပြုပြင်ပြီးစီးပူဇော်ခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းမင်္ဂလာ အခမ်းအနား ကျင်းပခဲ့ပါသည်။

ဥက္ကလာမင်းလက်ထက် ဆံတော်ပင့်တော်မူစဉ် နတ်တို့လမ်းညွှန်၍ အလံညွှန်ပြ၍ အလံပြစေတီဘွဲ့အမည်ရှိခဲ့ပြီး ဆင်ဖြူရှင်မင်းလက်ထက်မှာ မင်းလက်ဝဲစေတီဘွဲ့ရှိခဲ့ပြန်သည်။

မွန်အမတ်သူရဲကောင်းနှစ်ဦးမှ ညီဖြစ်သူကုသိုလ်တော် ကောင်းမှုပြုတည်ခဲ့သဖြင့် ကျိုက်ခပေါက်ဆွတ်စေတီဟု ခေါ်ပြန်သည်။

သက္ကရာဇ် ၁၁၈၆ ခုနှစ်၊ အိန္ဒိယပြည်၊ ဘင်္ဂလားလူမျိုးဗိုလ်ချုပ် Brigadier Maccreagh သည် အလံပြစေတီ ရင်ပြင်ထက်စစ်စခန်းချခဲ့သဖြင့် ဗြိတိသျှမှတ်တမ်းအရ (မက်ကရီဘုရား)ဟူ၍လည်းကောင်း၊ ၁၈၃၅ ခုနှစ် ဗိုလ်ချုပ်ကြီး ဂျင်နရယ်ဆေးလ်မှ ဝါရာတစ်ကို အုပ်ချုပ်ခဲ့သဖြင့် "ဆေးလ်ဘုရား"ဟု အစွဲပြုခေါ်သလို ရန်ကုန်မြစ်အတွင်းဝင်လာသော စစ်သင်္ဘောများအား အလံပြအချက်ပေး ရာရှိစေတီဖြစ်၍ siginal pagoda အလံတင် စေတီဟု ခေါ်ကြလေသည်။

၁၉၁၀–၁၉၂၀ အတွင်း ဘုရားကုန်းမြေပေါ်တွင် ဝါရာစစ်သားများ တပ်စွဲသဖြင့် ဝါရာကုန်းဘုရားဟုလည်း ခေါ်ဝေါ်ခဲ့ကြပြန်သည်။

ဗုဒ္ဓဘုရားရှင်၏ ဗျာဒိတ်စကားအရ ဆံတော်ကြို ဘုရားတည်ထားပြီးနောက် သာသနာအရှည်တည်တံ့ရန်အတွက် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်ကြီးနှင့် သံဃာတော်များ ကိုးတိုင်းကိုးဌာနသို့ ကြွချီခဲ့ပြီး ဆံတော်၊ ဓာတ်တော်များ ပင့်ဆောင်တော်မူလာခဲ့သည်။

သာသနာသက္ကရာဇ် ၂၃၉ တွင် သုဝဏ္ဏဘူမိ (သထုံ) သို့ ကြွချီခဲ့သော ရဟန္တာ အရှင်မဟာမဟိန္ဒ၏ သာသနာပြုအဖွဲ့မှ အရှင်ယသ၊ အရှင်သောဏ၊ အရှင်သုစိတ္တတို့ ပါဝင်ကာ ဆံတော်၊ ဓာတ်တော်များပင့်ဆောင်ခဲ့ပြီး သီဟဒီပမင်း အုပ်ချုပ်သည့် မဟာဒီပကျွန်း (သန်လျင်–တည်ငးကုန်း)သို့ ကြွရောက်ကာ တရားဟောကြားပြီး ဆံတော်၊ ဓာတ်တော်များ လှူအပ်တော်မူသဖြင့် သမိုင်းဝင်စေတီများ တည်ထားခဲ့ပါသည်။

စစ်သူကြီး မဟာသူရသေန အကြီးအမှူးပြုသော အမတ်သူရဲကောင်းတစ်ကျိပ် ၁၀ ဦးအား တစ်ဦးတစ်ဆူစီဖြင့် ရွှေတိဂုံဆံတော်ရှင်တည်ရှိရာ သိင်္ဂုတ္တရကုန်းတော်အား ဝန်းရံသည့်အနေဖြင့် စေတီများတည်ထားခဲ့ရာ ဆံတော်ကြိုစေတီ (ခေါ်) အလံပြစေတီ (ခေါ်) ကျိုက်ခပေါက်ဆွတ်စေတီလည်း ပါဝင်ပါသည်။

ယခုကာလ ဆံတော်ကြိုစေတီအား နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း ဖူးမြင်နိုင်ပေရာ အရိယာ ထွက်ရပ်လမ်းသမထအခြေခံလမ်း လိုက်စားသူပုဂ္ဂိုလ်များ ရန်ကုန်၏အတွင်းစည်း ကျင့်စဉ်စခန်းတွင် ဆံတော်ကြိုစေတီလည်း ပါဝင်ပေရာ သိသူများဖော်စားနိုင်ရန် ဖွင့်ဖော်ပေးလိုက်ရပါသည်။ ရာထူးဌာန္တရ၊ စီးပွားလာဘ်လာဘဝင်စေရန်၊ ကောင်းမွန်စေရန်၊ ရောဂါဘယကင်းဝေလိုပါလျှင် အလံပြဘုရားရောက်အောင်သွား၍ တံခွန်၊ အလံစိုက်၍ထားလှူပါ။

"သောဘဂ၀ါ ဣတိပိ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ ဂုဏ် အဟံဝန္ဒာမိ၊ သဗ္ဗဒါ၊ ဣမိနံ ပုညေန ဘာလသိဒ္ဓိ၊ ဘောဂသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ လာဘာမိ"

ဟူ၍ ဆုတောင်းပါသော ဂုဏ်တော်ကို ပွားများပုတီးအဓိဋ္ဌာန်စိပ်၍ ပွားများကြည့်ပါလေ။ ဆုတောင်းပြည့်ဝပေလိမ့်မည်။

မြနန်းရှင်

ကျမ်းကိုး

- ဆံတော်ကြိုဘွဲ့တော်ရ အလံပြဘုရားစေတီတော်သမိုင်း (ခင်ပြည်ချစ်)
- အကူအညီ – ဆရာမောင်မောင်မိုးအောင်

www.burmeseclassic.com

www.burmeseclassic.com

အရိန္ဒမာ
သိကောင်းစရာအဖြာဖြာ

ဦးအောင်ကြွယ်(တောင်သာ)

၁၅·၁၂·၀၃ နံနက်စာစားအပြီးတွင် မြေး မသီသီ အောင်ဖွင့်ပြ၍ "အရိန္ဒမာအသိဆုံးပါ" ဗီစီဒီခွေကို ကြည့်ကြပါသည်။ အဆိုတော် ပိုးအိစံ၏ တေးသံသာလည်း လွမ်းမောဖွယ် ကောင်းပါ၏။ ထီးလှိုင်ရှင်မင်းကျန်စစ်အကြောင်းကို တွေးမိလိုက်ပါသည်။ ထိုမှတစ်ဆက်တည်း ကျန်စစ်မင်း၏ ခမည်းတော် မင်းမြတ်အနော်ရထာ။ ဘိုးတော်ကွမ်းထမ်းမင်း ရာဇာ။ ဗီစီဒီခွေကြည့်ရင်း ပုဂံရာဇဝင်ကို ထင်မြင်မိလိုက်၏။

ညနေပိုင်းတွင် အစ်မဒေါ်သိန်းရီ၊ မောင်စိန်ဝိုင်း၊ မမြမခိုင်နှင့် မအမာစီတို့ကို ဘုရားဖူးလိုက်ပို့ရပါသည်။ ပထမဆုံး ရွှေစည်းခုံဘုရား ဖူးကြပါသည်။ ဘုရားဖူးပြီး စိန်ဖူးတော်ကိုကြည့်သည့် "ရေချိန်ခွက်"၊ ကျောက်မြင်းရုပ်၊ ကျွန်စစ်သား လုံ့စိုက်ရာနေရာတို့ကို လိုက်ပြပါသည်။ စေတီတော်ကြီး၏ အနောက်ဘက် စိန်တောင်ထဲရှိ "ရှင်အရဟံ"မထေရ်မြတ်၏ ပုံတော်ကို ညွှန်ပြ၍ ဖူးမြော်စေပါသည်။

ထို့နောက် အနော်ရထာမင်းကြီး အမိဋ္ဌာန်၍ စိုက်ခဲ့သော "ခရေပင်"ကို ပြသပါသည်။ ထိုမှ နတ်ရုပ်များထားသော နေရာကို ပြသလိုက်ပါသည်။ ထိုသို့ ကြည့်ရှုရင်း ကျန်စစ်သားနှင့် "အရိန္ဒမာ"အကြောင်း တသီတတန်း စဉ်းစားနေမိ၏။

ရွှေစည်းခုံစေတီမှာ ကျန်စစ်သားမင်း ကောင်းမှုတော် "အလိုတော်ပြည့်ဘုရား၊ အာနန္ဒာဘုရား"တို့ကို ဖူးမြော်ကြ၏။ ထို့နောက် ပူးဘုရား၊ ဆင်ဖြူရှင်ဘုရား၊ မြစေတီ၊ မနူဟာဘုရား၊ လောကနန္ဒာဘုရား၊ ဓမ္မရာဇကဘုရားတို့ကို ဖူးမြော်ခဲ့ကြ၏။

ဓမ္မရာဇာဘုရားတွင် ဘုရားကို စောင့်ရှောက်နေသော

မြင်းခြံမြို့ ရွှေကူကြီးဘုရား

"စစ်သူကြီးဓမ္မပါလ"အကြောင်းကို ဖိုးဇော်က ပြောပြပါသည်
ဘုရားကို ဓာတ်ပုံရိုက်ရာ ဓာတ်ပုံဆေးကူးမှ လူရုပ်ပုံတစ်ပုံ
ပေါ်လာကြောင်း ဘုရားစောင့်ဖြစ်ကြောင်း၊ လူတစ်ဦးကိုပူး၍
ပြောကြောင်း သို့နှင့် သူ့အတွက် နတ်ကွန်းဆောက်ပေးထား
ကြောင်း ပြောပြပါသည်။ ဘုရားကြီး၏ အနောက်ဘက်လေ

www.burmeseclassic.com

www.burmeseclassic.com

ကား အဆင့်အနိမ့်ပိုင်းတွင် နတ်ကွန်းကို တွေ့ရပါသည်။ ဘုရားဓာတ်ပုံတွင် စစ်သူကြီးမမွေပါလာပုံကို တွေ့မြင်ကြရပါသည်။ ဦးခေါင်းပိုင်းသာဖြစ်ပြီး အဆင်တန်ဆာ မပါရှိပေ။

အနော်ရထာမင်းကြီး၏ ကောင်းမှုတော် ရုပ်ပွားတော်ကို ရွှေသက်န်းကပ်လှူခဲ့ကြပါသည်။ ထိုမှတစ်ဆင့် "ရှင်အင္ဂဝါဏဘုရား" ကို ဖူးကြပါသည်။ ညနေစောင်းပြီဖြစ်၍ အိမ်သို့ ပြန်ခဲ့ကြပါတော့သည်။

"အရိန္ဒမာအသိဆုံးပါ . . . အရိန္ဒမာအသိဆုံးပါ" တေးသံသာက ကျန်စစ်မင်းနဲ့ မဏိစန္ဒာတို့ရဲ့ နှလုံးသားရေးရာကိုသာ ဖွဲ့နွဲ့ထားပေသည်။ အရိန္ဒမာသိသော အကြောင်းအရာအဖြစ်အပျက်တွေကား များလှပေ၏။

ကွမ်းထမ်းမင်းရာဇာနှင့် အရိန္ဒမာ

ပုဂံပြည့်ရှင် တန်နက်မင်း၏ မိဖုရားနှစ်ဦးသည် စလေမင်းခွေး၏ တော်ကောက်ခံရမည်ကို စိုးရိမ်၍ ကိုယ်ဝန်အရင့်အမာဖြင့် ပုဂံပြည်မှ အထက်အညာဒေသသို့ ပြေးခဲ့သည်ဆို၏။

သုဝဏ္ဏသောတနဂါးပြည်သို့သွားသော နဂါးကြောင်း (ရွှေကြောင်း)အတိုင်းပြေးရာ ကြောင်းဖြူအရပ်သို့ရောက်လျှင် မထင်မရှား နေထိုင်ခဲ့သည်ဆို၏။ မိဖုရားတစ်ဦးမှာ အခြားတစ် နေရာတွင် ချန်နေရစ်ခဲ့သည် ဆိုပေ၏။

မိမိတို့မွေးဖွားသော ရင်သွေးများ သားယောကျ်ားလေးနှင့် သမီးမိန်းကလေးဖြစ်ပါက သူတို့နှစ်ဦးကို လက်ဆက်ပေးကြရန် ကတိပြုခဲ့ကြသည်ဟူ၏။

ကျောက်ဆောင်ရွာတွင် ခိုဝင်နေထိုင်ခဲ့သော မိဖုရားသည် သားယောကျ်ားလေး မွေးဖွားခဲ့လေသည်။ ထိုနည်းအတူ အခြားမိဖုရားမှာ သမီးမိန်းကလေး မွေးဖွားခဲ့သည်ဆိုပေ၏။

ကျောက်ဆောင်ရွာသား မင်းသားလေး အရွယ်ရောက်လာသော် ပုဂံပြည် ညောင်ဦးစောရဟန်းမင်း (တောင်သူကြီးမင်း)ထံ ခစားခဲ့လေသည်။ လက်ထုပ်၊ မြောင်းလုကွမ်းကိုဆောင်ရ၏။ မင်းသားလေး လက်ထုပ်၊ မြောင်လုသို့ ကွမ်းဆောင်သွားတိုင်း လမ်းခရီးတစ်နေရာတွင် စောင်းကြမ်းပင်အရိပ်အောက် ခိုနားလေ့ရှိ၏။

မြင်းခြံမြို့ ရွှေကူကြီးဘုရား

ပါလာသော ထမင်းထုပ်မှ စားဦးကို ထိုစောင်းကြမ်းပင်စောင့် နတ်အား တင်သလေ့ရှိ၏။ တစ်နေ့ ထိုသို့နားနေခိုက် စောင်ကြမ်းပင်စောင့်နတ်က ကိုယ်ထင်ရှားပြ၍ "သင်သည် ငါ့အား စားဦးကို နေ့တိုင်းပေးပေ၏။

သင်ဘုန်းကြီးလိုသော် သရဏဂုံပဥ္စသီကို မြဲစွာဆောက်တည်လေ။

သစ္စာစကားကို မှန်အောင်သုံးလေ။ အနုသာသတိဆယ်ပါးကို တစ်နေ့တစ်ထောင်ရအောင် စီးဖြန်းလေ" ဟု ဆိုလေ၏။

ကွမ်းဆော်မင်းသားလေးလည်း နတ်ဆိုတိုင်း နေ့စဉ်ကျင့်ကြံအားထုတ်ခဲ့၏။

(ထိုစကားကိုထောက်၍ ဤအခါဝယ် ပုဂံပြည်၌ သာသနာတော်တည်ရှိနေဆဲဖြစ်ကြောင်း မှတ်အပ်၏။)

www.burmeseclassic.com

www.burmeseclassic.com

မြင်းခြံမြို့ လှံ့ထိုးဂူဘုရား အနောက်ရထာမင်းနှင့် မိဖုရားစောမွန်လှကောင်းမှုတော်

တစ်နေ့သော် ပုဂံပြည်တွင် "မင်းလောင်း ပေါ်လိမ့်မည်ဟု အုတ်အော်သောင်းတင်းဖြစ်၏။ ကွမ်းဆော်မင်းသားလည်း ပုဂံပြည်သို့သွား၍ မင်းလောင်းကို ကြည့်၏။

မင်းလောင်းပေါ်ပြီ ပေါက္ကံပြည်

ကွမ်းဆော်မင်းသားလည်း မင်းလောင်းကြည့်ရန် ပုဂံပြည်သို့ သွားလေသည်။ လမ်းတွင် မိမိနားနေကျ စောင်ကြမ်းပင်ရိပ်တွင် နား၏။ စားဦးကို နတ်အားပသ၏။ ထိုစဉ်တွင် သိကြားမင်းသည် သူအိုယောင်ဆောင်၍ မြင်းတစ်ကောင်ကို စီးကာ ရောက်လာသည်ဆို၏။ ထိုသူအိုက မင်းသားလေးအား• • •

"အမောင် ဘယ်သို့သွားမည်နည်း"

ဟု မေး၏။

မင်းသားက• • •

"ပုဂံပြည်သို့ မင်းလောင်းကြည့်ရန် သွားပါမည်"

ဟု ဖြေဆို၏။

"အမောင် အဘိုးမှာ ကိစ္စလေးတစ်ခုရှိ၍ ဤမြင်းနှင့် အထုပ်ကိုကြည့်ထားပေးပါ။ အချိန်လင့်၍ အဘိုးပြန်မရောက်သော် ဤမြင်းနှင့် အထုပ်ကို အမောင့်သဘောအတိုင်း ပြုပါလေ"

ဟု မှာကြားကာ အဘိုးအို ထွက်သွားလေ၏။

ကွမ်းဆော်မင်းသားလည်း အချိန်အတန်ကြာအောင် စောင့်သော်လည်း အဘိုးအို ပြန်မလာ၍ မှာထားခဲ့သော စကားအတိုင်း အထုပ်ကို ဖြေကြည့်လေသည်။ မင်းဝတ်တန်ဆာများ ဖြစ်နေ၏။ မင်းသားလေးသည် အံ့ဩကာ တွေးဆ ဆင်ခြင်သော် "မင်းလောင်း ဘုရင်ဖြစ်ပေမည်"ဟု စောင် ကြမ်းပင်စောင့်နတ်၏ စကားကို စဉ်းစားမိပေသည်။

သို့နှင့် မင်းဝတ်တန်ဆာတို့ကို ဝတ်ဆင်၍ လှံကိုယူဆောင်ကာ မြင်းကိုစီး၍ ပုဂံပြည်သို့ အသော့နှင်လေ၏။ ပုဂံပြည်မှ မှူးမတ်ပြည်သူအများသည် မင်းလောင်းလာမည်ကို မြို့တော်ဦးမှ ကြိုဆိုကာ မျှော်လင့်စောင့်စားနေကြလေသည်။

(မင်းလောင်းကို ကြိုခဲ့သောနေရာတွင် "မင်းမျှော်ရာဇာဘုရား"ကို မြေးတော်ကျန်စစ်သားမင်းက တည်ထားခဲ့၏။ အာနန္ဒာဘုရား၏ မြောက် ပေတစ်ရာလမ်းမြောက်ဘက်တွင် တည်ရှိ၏။ မုခ်ဝကို မြောက်ဘက်သို့ လှည့်ထား၏။)

ထိုသို့ ကြိုဆိုနေကြရာ နံနက် နေအရောင်တွင် တပြောင်ပြောင် တလက်လက်ဖြင့် မြင်းကိုစီးကာ လှံကိုကိုင်လျက် ရောက်ရှိလာသော ကွမ်းဆော်မင်းသားအား မင်းလောင်းလာပြီ။ မင်းလောင်းလာပြီဟု တစ်ခဲနက် အော်ဟစ်ကြိုဆိုကြလေသည်။

ထိုသို့ အုတ်အော်သောင်းတင်း အော်ဟစ်သံများကို ညောင်ဦးစောရဟန်းမင်းကြား၍ နန်းတော်ဦးမှထွက်၍ ကြည့်ရာ နန်းရင်ပြင်သို့ ဦးစိုက်ကျ၍ နတ်ရွာစံလေသည်။

www.burmeseclassic.com

နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်

ပုဂံပြည့်ရှင် ညောင်ဦးစောရဟန်း နတ်ရွာစံလေပြီ။ အုပ်ချုပ်မင်းလုပ်မည့်သူ မရှိပြီ။ ယခု ကွမ်းဆော်မင်းသား မင်းဝတ်တန်ဆာဆင်မြန်းကာ ရောက်ရှိလာရာ မှူးမတ်ပြည်သူများက ကွမ်းဆော်မင်းသားအား ပုဂံထီးနန်းကို အပ်နှင်းကြလေတော့သည်။ ကွမ်းဆော်မင်း ပုဂံထီးနန်းကို စိုးစံခဲ့ရသည်မှာ "သရဏဂုံ ပဥ္စသီ မြဲစွာဆောက်တည်ခြင်း၊ အနုဿတိဆယ်ပါးကို မပြတ်ပွားခြင်း" တို့ကြောင့် ဘုန်းတန်ခိုးကြီးကာ မင်းဖြစ်လာခဲ့ရလေသည်။

သိကြားမင်း သူ့အိုယောင်ဆောင်၍ ဆက်သခဲ့သော "သီလဝံသမား၊ ပတ္တမြားလက်စွပ်၊ ပတ္တမြားဥသျှောင်ကျင်၊ အရိန္ဒမာလှံနှင့် ကဏ္ဍကလက်လှမြင်း" တို့ကို ရရှိ၍လည်း ဖြစ်ပေသည်။

ကွမ်းဆော်မင်းသည် ညောင်ဦးစောရဟန်းမင်း၏ ကျန်ရစ်ခဲ့သော မိဖုရားသုံးဦးကို ဆက်လက်တော်ကောက်တော်မူ၏။ တောင်ပြင်သည် မိဖုရားသည် သားတော် "ကျည်းစိ" ကိုးလသားနှင့် ကျန်ရစ်ခဲ့၏။ အလယ်ပြင်သည် မိဖုရားတွင် "သားတော်စက္ကဘေး" ၆ လသားကိုယ်ဝန်ဖြင့် ကျန်ရစ်ခဲ့၏။

မြောက်ပြင်သည် ဖိုရားမှာ ညောင်ဦးစောရဟန်းနှင့် ကိုယ်ဝန်မကျန်ရစ်ခဲ့ပေ။ ထိုမြောက်ပြင်သည် မိဖုရားမှ ခရစ်နှစ် ၁၀၁၄ ခုနှစ်တွင် အနော်ရထာစောကို ဖွားမြင်ခဲ့လေသည်။

ကွမ်းဆော်မင်းသည် မင်းဖြစ်ပြီးနောက် မယ်တော်အား ကျေးဇူးဆပ်သောအနေဖြင့် ကျောက်ဆောက်အရပ်တွင် ဘုရားတစ်ဆူတည်ခဲ့လေသည်။ မယ်တော်၏ဆရာ မိမိ၏ဆရာရသေ့ကြီး၏ ကျောင်းသင်္ခမ်းနေရာတွင် ဘုရားတည်ခဲ့၏။ ခရစ်နှစ် ၉၉၀ ခုနှစ်တွင် ကွမ်းဆော်မင်းနန်းတက်၏။

(မြင်းခြံ-ကျောက်ပန်းတောင်း ကားလမ်း၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာတွင် တည်ခဲ့၏။ မြန်မာနှစ် ၃၂၆ ခုတွင် "ရွှေမြင်တင်" ဟူသော ဘွဲ့ဖြင့် တည်ခဲ့သည်ဆို၏။

သက္ကရာဇ် ၃၇၀ ခုနှစ်တွင် သားတော်အနော်ရထာမင်းစောက ပြုပြင်ခဲ့ပြီး ဘွဲ့တော်ကို "ရန်အောင်မြင်" ဟု ပြောင်းလဲခဲ့သည်။ သက္ကရာဇ် ၄၅၀ တွင် အလောင်းစည်သူမင်းက ထပ်မံပြုပြင်ခဲ့၏။ "ရွှေကူကြီး" ဟူသော ဘွဲ့တော် ပြောင်းလဲခဲ့ပြန်၏။

မြင်းခြံမြို့ ရွှေကူကြီးဘုရားအတွင်း၌ စံပယ်တော်မူသည့် မိဖုရားကြီးစောမွန်လှ၏ ကောင်းမှုတော်ရုပ်ပွား

သက္ကရာဇ် ၄၇၃ ခုတွင် နရပတိစည်သူမင်း ထပ်မံပြုပြင်ခဲ့၏။ သက္ကရာဇ် ၇၃၀ ခုနှစ်တွင် ဓမ္မရာဇာ (ခေါ်) ဓမ္မစေတီမင်း (ရှင်စောပုဘုရင်မကြီး၏ သမက်)က ထပ်မံပြုပြင်ခဲ့၏။

ပုဂံမင်းဆက်များနှင့် ဟံသာဝတီမင်းဆက်တို့ အထပ်ထပ် ပြုပြင်ခဲ့သည်ဆို၏။ မူလက ကွမ်းတောင်ပုံဖြင့် တည်ခဲ့၏။ ယခုသော် ရှေးဟောင်းလက်ရာ ပျက်ယွင်းသွားခဲ့ပြီ။

ထိုကျောက်ဆောက်ရွာမှ အနောက်မြောက် ဆင်တဲဝချောင်း၏ အနောက်ဘက်တွင် "ထန်းပင်ကုန်း" ရွာ တည်ရှိ၏။ ထိုရွာ၏ အနောက်ဘက်တွင် ရှေးဘုရားတစ်ဆူ တည်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အရိန္ဒမာအစ ရွှေလုံ့ရ

ထိုထန်းပင်ကုန်းရွာ၏ အနောက်ဘက်တွင် "စောင်ကြမ်းပင်"တစ်ပင်တည်ရှိ၏။ ထိုစောင်ကြမ်းပင်ကား ကွမ်းဆော်ကြောင်ဖြူမင်းသား ရပ်နားခဲ့ရာ စားဦးတင်သခဲ့ရာ ဌာနပင်ဖြစ်ပေသည်။ ကွမ်းဆော်မင်းသည် သူ့ကျေးဇူးကို သိတတ်သောအနေဖြင့် ထိုစောင်ကြမ်းပင်၏ အနောက်ဘက်တွင် "ရွှေလုံ့ရဘုရား"ကို တည်ထားခဲ့လေသည်။

သိကြားမင်း သူ့အိုယောင်ဆောင်၍ မင်းမြောက်တန်ဆာများ၊ အရိန္ဒမာလုံ့နှင့် စီးတော်မြင်းတို့ ရရှိခဲ့ရာဌာန။ ထိုဌာနတွင် ရွှေလုံ့ကိုရသောအနေဖြင့် "ရွှေလုံ့ရဘုရား"တည်ထားခဲ့လေသည်။ ပုဂံမင်းသမီး ထီးတော်တင်ခဲ့၏။ ထိုထီးတော်ပေါင်း ယခုတိုင် ရှိလေ၏။

ဘုရားမုခ်ဝကို မြောက်ဘက်သို့ လှည့်ထား၏။ လိုဏ်တွင်းတွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ပူဇော်ထား၏။ ဘုရားအနောက်ဘက်တွင် သိမ်တော်နှင့် မြောက်ဘက်တွင် မေတ္တာကန် တည်ရှိ၏။

စောင်ကြမ်းပင်ကား ညောင်ဦးရွှေစည်းခုံဘုရားတွင်းရှိ သားတော်အနော်ရထာစော အမိဋ္ဌာန်စိုက်ခဲ့သော "ခရေပင်"ကဲ့သို့ ခက်လက်ညွှန့်ဝေစည်ကားဆဲ ဖြစ်ပေသည်။

မင်းမြတ်နော်ရထာ အရိန္ဒမာ

ကွမ်းဆော်မင်းကို ပရိယာယ်ဖြင့် ရဟန်းကျောင်းသို့ပို့ပြီး ကျည်းစိုမင်းသား ပုဂံထီးနန်းကို သိမ်းမြန်းခဲ့၏။ ကျည်းစိုလွန်သော် ညီတော် စုက္ကတေး မင်းပြု၏။

နော်ရထာစော မင်းသားလေးသည် စုက္ကတေးမင်းထံ ခစားနေရ၏။ တစ်နေ့ ညီလာခံဝင်ရာ နောင်တော်စုက္ကတေးမင်းက ညီတော်အား "ညီသားနောင်မယ်"ဟု ခေါ်၍ သရော်ခဲ့လေသည်။ နော်ရထာစောသည် စုက္ကတေး၏ သရော်စကား၏ အဓိပ္ပာယ်ကို ဖခင်နန်းကျဘုရင်ကြီးထံမှ ကြားသိရလေသော် မယ်တော်အတွက် မခံမရပ်နိုင် ဖြစ်လေ၏။ ခံပြင်းဒေါသထွက်လေတော့သည်။

သို့နှင့် နောင်တော်စုက္ကတေးအား ပုန်ကန်ရန် ကြံစည်လေတော့သည်။ ဖခင်ဘုရင်ထံမှ သိကြားမင်းဆက်ခဲ့သော "အရိန္ဒမာလုံ့၊ သီလဝံသဓား၊ ပတ္တမြားလက်စွပ်၊ ပတ္တမြားဦးသျှောင်ကျင်နှင့် မြင်းတို့ကို တောင်းခံလေ၏။ ဖခင်မင်းကြီးက ငါ၏မြင်းမှုကား နန်းကျကတည်းကပင် လွတ်၍နေသည်။ ဒါဝတ်တော်မူသော ပတ္တမြားလက်စွပ်ကိုပြ၍ ဖမ်းယူလေ။ ရလျှင် မြင်းကိုယူ၍ ပုပ္ပားအရပ်၌ အလုံးအရင်းနှင့် များအောင် စုဆောင်းလေ။ အင်အားပြည့်စုံမှ အမောင့်နောင်တော်အား လုပ်ကြံလေ"ဟု ဆုံးမစကား မိန့်ကြားခဲ့လေသည်။

အနော်ရထာစောလည်း ဖခင်မိန့်သည့်အတိုင်း ကြိုးပမ်းခဲ့ရာ အင်အားပြည့်စုံလာလေသည်။ သို့နှင့် ပုဂံပြည်သို့ စစ်အင်အား အလုံးအရင်းနှင့် ချီလာလေသည်။ နောင်တော်စုက္ကတေးအား စစ်ကြေညာလိုက်လေသည်။ စစ်ထိုးရာတွင် ပြည်သူအများ အသက်မဆုံးရှုံးရလေအောင် တစ်ဦးချင်းစီးချင်းထိုးရန် သဘောတူညီခဲ့ကြ၏။ မြင်းကပါချောင်းထိပ်တွင် ဆုံကြမည်။

စီးချင်းထိုးမည့်နေရာသို့ ရောက်သော် အနော်ရထာမင်းသားသည် ဤသို့ သစ္စာစကားဆို၏။

"ငါသည် ဤအသက်အရွယ်အထိ သူတစ်ပါး၏ သားမယားကို ကိုယ်ထိလက်ရောက် မပြစ်မှား မကျူးလွန်ခဲ့။ ဤမှန်သော သစ္စာစကားကြောင့် နောင်တော်စုက္ကတေးထိုးသော လုံ့သည် ငါ့အား မထိဘဲ လွဲချော်ပါစေသတည်း"

"နောင်တော် စုက္ကတေးသည် လင်ရှိမယားဖြစ်သော ငါ၏ မယ်တော်ဖုရားကို အဓမ္မသိမ်းပိုက်ခြင်းဖြင့် သူတစ်ပါးအိမ်ရာကို ကျူးလွန်ခဲ့ပြီ။ ဤမှန်သာ သစ္စာစကားကြောင့် ငါထိုးသောလုံ့သည် နောင်တော်စုက္ကတေးအား တည့်တည့်မတ်မတ် စူးစေသတည်း"ဟု အရှေ့ဘက်သို့လှည့်၍ လက်အုပ်ချီကာ သစ္စာဆိုလေသည်။

စီးချင်းထိုးရာ နောင်တော်စုကဋ္ဌတေးအား ဦးစွာပစ်လွှတ်စေ၏။ စုက္ကတေးသည် ညီတော်အား မမှုလောက်ဟု အထင်သေးကာ လုံ့ကိုပစ်လွှတ်၏။ လုံ့ချက်လွဲချော်၍ နော်ရထာစော၏ မြင်းကုန်းနှီးသို့ လာစိုက်၏။ နော်ရထာစောက "အရိန္ဒမာ"ကို ချိန်ရွယ်ကာ အားစိုက်၍လွှတ်လေရာ နောင်တော်စုက္ကတေး၏ ရင်ဝသို့ တည့်တည့်မတ်မတ် စူးဝင်လေတော့သည်။ စုက္ကတေးလည်း နာကျင်စွာ အော်ဟစ်ရင်း အသက်ပျောက်ကာ မြင်းနောက်သို့ ပါသွားလေတော့သည်။

မြင်းကပါချောင်းစပ်သို့ ရောက်သော် စုက္ကတေးလည်း

www.burmeseclassic.com

www.burmeseclassic.com

မြင်းနှင့်အတူ ချောင်းရေထဲသို့ ထိုးကျကာ မျောပါသွားလေ၏။ အနော်ရထာမင်းစော ပုဂံထီးနန်းကို သိမ်းပိုက်ခဲ့လေသည်။

"အနော်ရထာမင်းစော၏ မှန်သောသစ္စာစကားကို အရိန္ဒမာ အသိဆုံးဖြစ်ပေမည်" အနော်ရထာမင်းသည် နောင်တော်စုက္ကတေးအား ရည်စူး၍ အကုသိုလ်ကံမှ လွတ်ငြိမ်းစေရန် "မြင်းကပါစေတီ"ကို တည်ခဲ့၏။ အနော်ရထာမင်းလက်ထက်တွင် ဥသာပဲခူးဘုရင်အား ဂျွမ်းစစ်သည်တို့၏ရန်မှ ကာကွယ်ပေးခဲ့ရလေသည်။ ထိုစစ်ပွဲတွင် သားတော် ကျန်စစ်သား၏ ကွပ်ကဲအုပ်ချုပ် တိုက်ထုတ်မှုဖြင့် အောင်ပွဲခံနိုင်ခဲ့၏။ ဥသာပဲခူးမင်းက ဘုရင်နော်ရထာ ကျေးဇူးသစ္စာကို စောင့်သိသောသဘောဖြင့် သမီးတော် မဏိစန္ဒာကို ဆက်သခဲ့လေသည်။ လမ်းခရီးတွင် မင်းကျန်စစ်နှင့် မဏိစန္ဒာမင်းသမီးတို့ သံယောဇဉ် ငြိတွယ်မိခဲ့ကြလေသည်။ ပုဂံပြည်သို့ ဆိုက်ရောက်လေသော် ရွှေတော်သို့ဝင်ရောက်ခြင်းမပြု၊ သတင်းစကား လျှောက်ကြားခြင်းမပြု၍ ဖခင်နော်ရထာ အမျက်တော်ရှလေတော့သည်။

သားတော်အား နှောင်ကြိုးတုပ်၍ ရှေ့တော်သို့ သွင်းစေ၏။ မိမိမေးမြန်းသည်ကို ဖြေဆိုခြင်းအလျဉ်းမပြု ဦးခေါင်းငုံ့နေရာ ပြင်းစွာ အမျက်ထွက်လေ၏။ နော်ရထာဘုရင်သည် ရှေ့ရေးကို မျှော်တွေးကာ သားတော်အား ညှာတာမှု မပြုနိုင်တော့ဘဲ "အရိန္ဒမာ"ကိုချိန်ကာ သားတော်ထံ လွှတ်လိုက်လေသည်။

"အရိန္ဒမာ"သည် သားတော်ကို မထိဘဲ လွဲချော်ကာ နှောင်ကြိုးကိုသာ ထိမှန်လေ၏။ နှောင်ကြိုးပြတ်လေသော် ကျန်စစ်သားသည် လျင်စွာထ၍ အရိန္ဒမာကို ကောက်ကာ ဝေးရာသို့ ပြေးလေတော့သည်။

ဤသို့ လုံ့ချက်လွဲချော်သွားသည်မှာ သားတော်မို့ ပြည်သူအများ ကြောက်ရွံ့ညားစေရုံ ပရိယာယ်ဖြင့် ပစ်လွှတ်လေသလော။

မင်းကျန်စစ်၏ ဘုန်းတန်ခိုးကြောင့် မင်းဖြစ်ရဦးမည့် ကံဇာတာကြောင့်လား တခြားအကြောင်းတရားကြောင့်လော အရိန္ဒမာသာ အသိဆုံးဖြစ်ပေမည်။

(ရှေးအတိတ်ဘဝ၌ ရှင်အရဟံမထေရ်မြတ်၊ သက်မင်းကတုံ၊ ကျန်စစ်သား၊ အလောင်းစည်သူ၊ မင်းမဟာဂီရိတို့သည် မိတ်ကလျာဏ်ဦး ဖြစ်ခဲ့ဖူးသည်ဆို၏။ အနော်ရထာမင်းကြီး လုံနှင့်ထိုးသောအခါ နတ်မင်းစောင့်ရှောက်၍ မမှန်၊ ချည်နှောင်သော ကြိုးကို ထိုးမိသည်။

တောင်ဘက်အရပ်မှ အသက်ဘေးချမ်းသာရန် ထွက်ပြေးလာသောအခါ မြစ်သို့ကူး၍ ရေမြုပ်မည့်ဆဲဆဲ သဲသောင်ပေါ်မှာ အော်သော မြတ်ကျေးငှက်သည်လည်း မင်းမဟာဂီရိပင် ဖြစ်သည်ဟု ယုံကြည်ခဲ့လေသည်။

ရွှေကူမြတ်စွာ အရိန္ဒမာ

မန္တလေးတိုင်း မြင်းခြံမြို့၏ တောင်ဘက်ကုန်းမြေမြတ်တွင် အနော်ရထာမင်းကြီးနှင့် မိဖုရားစောမွန်လှတို့၏ ကောင်းမှုတော် "ရွှေကူကြီးမြတ်စွာဘုရား"တည်ရှိပါသည်။ အရှေ့ဘက်တွင် လုံ့ထိုးဂူဘုရားနှင့် လုံ့ရင်းတင်ဘုရားများ တည်ရှိပါသည်။

လုံ့ထိုးဂူဘုရား၏ မြောက်ဘက်တွင် မကြာမြင့်မီက တည်ခဲ့သော "ကမ္ဘောဇ ရန်ပြေမာန်မြေ ပြည်တော်အေးစေတီ"တည်ရှိပါသည်။

"ရှင်မွန်လှ"၏ မေတ္တာရပ်ခံချက်အရ ပုဂ္ဂိုလ်များ ညွှန်ကြားမှုဖြင့် တည်ပေးခဲ့ရသော စေတီတော်ဖြစ်ပါသည်။

ရှမ်း-မြန်မာ ချစ်ကြည်စေသော ဓာတ်ဘုရားဖြစ်၏။ ဆရာတော်ဦးသောဘိတက ရွှေကူကြီးဆရာတော်၏ ခွင့်ပြုချက်တောင်းခံ၍ တည်ထားပေးခဲ့ပါသည်။

ရွှေကူကြီးဘုရား၏ အနောက်ဘက် ပရိဝုဏ်အတွင်းတွင် ပလလဲဆင်သင်းမြတ်စွာဘုရားအား ဝပ်စင်းခစားနေဟန် ကျောက်ဆင်ရုပ်ရုံကြီးလည်း ရှိပါသည်။

ရွှေကူကြီးဘုရား၏ အဂ္ဂိထောင့်တွင် မိဖုရားကြီးရှင်မွန်လှကောင်းမှုတစ်ဆူလည်း ရှိပါသည်။ ဘုရားကြီး၏ တောင်ဘက်ရှိ ပေပင်ကြီးသည် မူလရွှေကူကြီးဆရာတော်ကြီး ဦးပညာဗလ လက်ထက်တွင် ပေဖူးငါးဖူး တစ်ပြိုင်နက်ထွက်နေသည်ကို ပြသ၍ တွေ့မြင်ခဲ့ရဖူးပါသည်။

"ဘုရားတော့ ဘယ်လိုထူးခြားမယ် မသိဘူး" ဆရာတော်ကြီးက မိန့်ခဲ့ဖူးပါသည်။ ယခုအချိန်တွင် စေတီတော်ကြီး၏ တောင်ဘက်ကုန်းမြင့်ရှိ စေတီပျက်လည်း ကုသိုလ်ရှင်

www.burmeseclassic.com

www.burmeseclassic.com

ပေါ်ကာ ပြုပြင်၍ ထီးတော်တင်ထားခဲ့ပေပြီ။ သို့ကြောင့် ပေဖူးငါးဖူးနှင့်အညီ "ရွှေကူကြီး၊ လုံထိုးဂူ၊ လုံရင်းတင်၊ ကမ္ဘောဇ ရန်ပြေမာန်ပြေ၊ ပြည်တော်အေးစေတီ"အလီလီ စသည့် ဘုရားငါးဆူ ပွင့်ထွန်းလာပေပြီ။

"ဇမ္ဗူဒီပါလက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်း"

ရွှေကူမြတ်စွာ အနော်ရထာ တည်ခဲ့သည်မှာ ဤသို့ ဖြစ်ပေသည်။ လိုရင်းအချုပ်ကိုသာ ထင်ရှားစေရန် ထုတ်နုတ်ပြသပါသည်။

ရွှေကူမြတ်စွာ အရိန္ဒမာ

"ရွှေကူကြီး မြတ်စွာဘုရားတည်မော်ကွန်း"

(မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်းဖြတ်သုတ်သင်၏။)

မွေတော်ဓာတ်ကို မင်းမြတ်ရာဇာ၊ နော်ရထာလျှင်၊ ထိုခါထင်ထင်၊ ဖူးမြင်ပြီးဆုံး။ ပီတိဖုံး၍ ကိုယ်လုံးနှစ်သိမ့်၊ သဒ္ဓါစိမ့်လျက်၊ ဦးထိပ်လက်စုံ၊ တင်တုံ့ကာသာ၊ ဝန္ဒနာဖြင့်၊ ရှက်ခါရောင်မောင်း။ ရွှေပန်းတောင်းကို၊ ဦးခေါင်းဆင်ပန်၊ စောဘုန်းဝှန်ကား၊ မိတ္တာန်သမူ၊ တောင်းပန်ပြုသော်...

သုံးလူ့ထွတ်ထား၊ ဓာတ်နှစ်ပါးလျှင်၊ ထင်ရှားပြုံးပြက်၊ ကောင်းကင်ထက်သို့၊ ပျံတက်စူးစူး၊ ဖြူးဖြူးသွယ်မြင့်၊ ရောင်ခြည်လွှင့်ပြီး၊ ချာန်ယာဉ်စီး၍၊ မင်းကြီးမြတ်စွာ၊ နော်ရထာ၏၊ ရွှက်ရာပန်းတောင်း၊ တည်တုံ့ရောင်းမှ ဦးခေါင်းတော်ထက်၊ ပျံတက်လူးလာ၊ ရောင်ခြည်ဖြာနှင့်...

မည်သာကျော်ခြင်း..."ကမ်းယံမင်း"လည်း၊ သည်းတွင် ဝမ်းထဲ၊ လှိုက်လှဲဆူဝေ၊ ဓာတ်တော်မွေလျှင်၊ သူ့မြေရပ်ခွင် ပါလေချင်အံ့...

နော်ရထာမင်း လူ့မှန်ကင်းလျှင် ရှင်ရင်းမွေတော်၊ ဓာတ်ရွှေလော်ကို၊ ကိုရောက်ဂီဝါ၊ ရတနာစီလုပ်၊ မဏိကြုတ်နှင့် မြဲအုပ်သေချာ၊ စောင့်ခဲ့ပါ၍...

မဟာနဂရ၊ ပြည်မထိပ်ပန်း၊ ကြငှန်အစုာ၊ ရိမဋ္ဌါသို့၊ စကြာယာဉ်ကြီး၊ ဆင်ဖြူစီး၍၊ ခရီးဒေသစာမြန်း၍လာသော် ဆိပ်သာချောင်းနား၊ ရောက်လာခြားသော်၊ များလုဗိုလ်ပါ၊ လူတကာတို့၊ ခြေသာအနေ၊ ဆေးကြလေ၍၊ တွင်လေစဉ်ဆက်၊ ခုထက်တိုင်လျှင်၊ ခေါ်တွင်ဝေါဟာ၊ သညာမဖြောင်း၊

"ခြေဆေးချောင်း"ဟု...။

ရပ်မွန်ဒေသ၊ သို့ရောက်ကြသော်၊ လောကသခင်၊ ရှင်ပင်မွေတော်၊ ဓာတ်နှစ်ပေါ်လျှင်၊ ရှစ်အင်ပရိက္ခရာ၊ အစုံပါလျက်၊ အာကာမိုးပြင်၊ ထက်ကောင်းကင်၌ ရောင်ရှင်ခြောက်ဖြာ၊ ပြာဋိဟာကို၊ ထိုခါပြခြား၊ ဘုရားအသွင်၊ ဈာန်တော်ဝင်၍၊ ချစ်ရှင်ရုပ်တူ၊ ဖန်တော်မူသည်။

သုံးလူ့ဘောင်၏ မွေတော်ဓာတ်မြတ်၊ လက်မဓာတ်ကို၊ ရှိညွှတ်တုံတာ၊ နတ်တကာတို့၊ ပူဇာရဟာ၊ ပူဇော်ကြလည်း။ ထွန်းပပြောင်ပြောင်၊ တန်ဆောင်အသွင်၊ ထက်ကောင်းကင်၌၊ သက်တင်ရည်ချောင်း၊ ရောင်ပေါင်းခြောက်ဖြာ၊ ချာန်သာတန်ခိုး၊ ငါးဆူနှိုး၍၊ ထက်မိုးတိမ်ထက်၊ ခုနစ်ရက်ကျော်လျှင်၊ မသက်မြေမှာ၊ ပြာဋိဟာကို၊ ထိုခါပြခြား၊ ဘုရားရုပ်သွင်၊ နေခဲ့ချင်သော်...။

ဘုန်းတောက်လင်းပ၊ သုံးလူ့ဘကို၊ လျှောက်ခပန်ထွာ၊ တောင်းပန်ပါသည်။ အာကာမို့က၊ သက်ကြွမရွှေ့ နေပျော်မွေ့သော်...။

သုံးလူ့ချာလျှင်၊ သံသာရေးက၊ ဤဌာနဝယ်၊ ဆန္ဒတွဲငါးကြိမ်ဖြစ်၍၊ ပျော်လစ်နဂို၊ ကိန်းဝပ်လိုဟူ၊ လျှောက်ဆိုကုန်ကြ၊ ထိုခဏဝယ်၊ လူ့ဘဇိနော်၊ သုံးလူ့ဘော်သည်း၊ သံတော်မိန့်ကြား၊ မြတ်ဘုရားလျှင်၊ ထင်ရှားကိုယ်ထင်၊ ရှိသောသွင်သို့၊ စိတ်တွင် အားကိုး၊ အရကြိုးလည်း၊ သတိုးဓမ္မရာဇာ၊ မရသာတည်း။။

ဘုရင်ကေရာ၊ ထိုရောခါ၌ စကြာလုံ့ပျံ၊ ရိန္ဒမံကို၊ လျှင်မြန်ယူငြမ်း၊ လက်တော်လှမ်းမြောက်၊ စောဘုန်းကောက်ကို၊ နောက်နောက်သောခါ၊ လူတကာတို့၊ သဒ္ဓါကြည်လင်၊ မင်္ဂင်ဖလ၊ နိဗ္ဗာနကို၊ အရရွှယ်ချူ၊ ပူဇော်မှုစိမ့်၊ ဘုန်းတူမင်းလု၊ မိတ္တာန်မှလျှင်...

ဗုဒ္ဓဘဂဝါ၊ သုံးလူ့ချာသည်၊ ပျော်ရာနဂို၊ ကိန်းဝပ်လိုရာ၊ အရပ်မှာလျှင်၊ စကြာလုံ့ပျံ၊ ရိန္ဒမံသည်၊ လျှင်ထက်အစော၊ ကျစေသော်ဟူ၊ တိမ်ကြောမိုးပြင်၊ လွန်လိုက်ချင်သော်၊ ထက်ခွင်အာကာ၊ ပျံပါလေမြောက်၊ လွှတ်ထောက်ကျဆင်း၊ စုတ်စုတ်ထွင်း၍...

လုံရာသုံးချက်၊ စုတ်စုတ်နက်၍၊ ပြက်ပြက်ထင်စွာ၊ အက္ခရာဖြင့်၊ ကမ္ဘာဥဒါန်း၊ ကမ္ဘည်းမှန်းသား၊ ကုန်းစွန်းထိပ်

www.burmeseclassic.com

www.burmeseclassic.com

ဆွေ၊ ရှင်တော်မွေပှာ၊ အသရေလျံဦး၊ ဓာတ်သရီတို့၊ ရေးတည် ဖြစ်ပေါင်း၊ ဤရပ်ကောင်းဟု၊ ကိန်းအောင်းပျော်မြန်း၊ ကုန်း ထိပ်စွန်းသည်၊ ပျော်ခန်းဒေသရပ်သာတည်း။

ရွှေကူမြတ်စွာ တည်လေရာ

ရပ်တကာကို၊ နတ်ရွာနိမ္မာန်၊ ဆုယူဟန်ပှာ၊ မင်းစံ ရွှေလော်၊ တိုက်တော်အတွင်း၊ သွန်းခြင်းကျယ်လတ်၊ တား သည်ဖြစ်မှာ၊ ပိတ်ထသေချာ၊ ရွှေသာငွေလျှင်၊ ထက်ဝန်းကျင် ၌၊ ရေးပင်နည်းတည်း။

ကြေးလည်း တဖြာ၊ သံမှာ ကိုလား၊ ဖိဖြားကျောက် ဖြာ၊ မှန်စွာအကာ၊ သံတောင်ပြုမှ၊ ပိတ်မှုသေချာ...။

ထိန်လက်ယန္တရား၊ အစောင့်ထား၍၊ ဘုရားလူ့ဘာ၊ စိန္တေယျဝယ်၊ ထိုမျှရန်သူ၊ မိစ္ဆာလူတို့၊ ဖျက်ယူမနိုင်၊ အပြီး တိုင်၏၊ ဘုန်းလိှုင်ပွတ်ထား၊ မင်းဖျားမြတ်စွာ၊ ဌာပနာသည်၊ သေချာပြီးပြည့်စုံသတည်း။

အာကာမြင့်ခေါင်၊ ခြောက်ရောင်တင့်တယ်၊ လေး ဆယ်ရပ်တော်၊ ကိုယ်တော်ဖော်၍၊ ထီးတော်ကိုးဆင့်၊ မိုးထိ မြင့်အောင်၊ မှန်တင်ထောင်သည်၊ ခြောက်ရောင်ထွန်းပ လင်း သတည်း။

ရေမျက်နှာ၌၊ နစ်ရာကာကောက်၊ ကုန်းမောက် မောက်ဝ[illegible]းတောက်ကေဇာ၊ ကြေညာထိန်ဆူ၊ လုံ့ထိုး ဂူဟု၊ ဘု[illegible]ကျစ်စွာ၊ ရှင်တော်ရာကို၊ အခါလည်းကောင်း၊ ထပ်လောင်းတ[illegible]ဦး၊ ဘုန်းကြီးပေလှ။

မြတ်စွာထေရ်ပျံ ရှင်အရဟံ

သတိုးဓမ္မရာဇာ၊ ထိုရောခါ၌၊ မက်ရာရစ်သောင်း၊ မိုလ်ပေါင်းခြံရံ၊ မိသံမောင်းမ၊ ရာဇဒေဝီ(ရှင်မွန်လှ)၊ တူညီ မပြား၊ သိကြားဝိသုကံ၊ ခြွေရံနတ်သား၊ မင်းဖျားဆက၊ မြတ် စွာထေရ်ပျံ ရှင်အရဟံ၏၊ သန္တိကံမှာ၊ သဒ္ဓါစိတ်ထက်၊ ဆုပန် နက်၍၊ သွက်သွက်သွန်ချ၊ လှူဒါနကို...။

ထက်ခွင်ဒေဝ၊ မိုးမာဃလျှင်၊ တူကွာမကွာ၊ တေဇာ ပြင်းထန်၊ အရဟံနှင့်၊ စီမံတိုင်းထွာ၊ တောင်ကာပိုင်းခြား၊ ခန့်သားနား၍...။

နော်ရထာကား၊ ခုသာအထူး၊ ကြည်နူးရှိသော၊ မဟုတ် ပေတည်း။ လွန်လေဘဝ၊ ရေးအခါက၊ ပေါမာပြိုင်ထဲ၊ ငွေ ပုလဲဝယ်၊ အမြဲတစေ၊ ဒေဝဒေဝ၊ နတ်တကာအား၊ ပေါဒွန် ကြား၍၊ ခေါင်းပါးအာဟာရ၊ မျှတရေစာ၊ ငါသာကိုယ်တည်း၊ မနီးလူသူ၊ နေတော်မူသော်၊ ဆင်ဖြူရတနာ ဖြစ်လတ်ခါတည်း။

ပေါမာသိကာ၊ သုံးလဝါတွင်း၊ စက်တော်ရင်းတွင်၊ မကောင်းနိစ္စ၊ စောင်မမြတ်လေး၊ လုပ်ကျွေးမွေးဖူး၊ ထိုကျေးဇူး လည်း၊ အထူးငါ၌၊ ယခုကြိုက်၍၊ ထိန့်ရိုက်ထွန်းဝါ၊ သာသနာ ကို၊ တည်ရာအကြောင်း၊ ကျိုးပေးရောင်း၏။

ဂူတော်ကောင်းကြီး၊ ပြီးစီးအောင်မြင်၊ ဘုရင်ရာဇာ၊ နော်ရထာလည်း၊ ဝမ်းသာမြောက်လှ၊ နေ့လမကြာ၊ ရတနာ မွေတော်၊ ဂူတော်မြတ်ကို၊ လျှောက်ပတ်ပါအောင်၊ မင်းခေါင် ရာဇာ၊ မိနရာလျှင်၊ နေကဇာတင်၊ သဘင်ပွဲတော်၊ ခံတော်မူ ပါ၊ လျှောက်ပန်ထွာ...။

မှူးမတ်ဗိုလ်ပါ၊ များစွာခြံရံ၊ စိတ်သန့်ရှင်ပျော်၊ ကတော် မင်းမောင်း၊ မအပေါင်းနှင့်၊ သောင်းသောင်းပူဇော်၊ သာဓုတော် ဖြင့်၊ ထိုရော်အခါ၊ နော်ရထာကို၊ ဣန္ဒြာသိကြား၊ မသောအား ဖြင့်၊ သုံးပါးလူ့ဘာ၊ လက်မတော်ဓာတ်၊ ဆံမွေမြတ်ကို လျှောက် ပတ်ရှိသော၊ ကမ်းယံမြေမှ၊ ပင့်ခဲ့ကြ၍၊ ကောင်းလှသေချာ၊ ဌာပနာသော်၊ အခန်းတော်ဟု၊ မှတ်မြော်မှုချ၊ မိန့်မြွက် ဟာသည်၊ မှတ်ကြအတုမဲ့ခေါင်တည်း။

ဓာတ်တော်မွေတော် နစ်ဆူ ပူဇော်ပွဲကြီးပြီးလျှင် သက္ကရာဇ် ၄၁၂ ခု၊ ဥတုဂိမန္တ၊ နယုန်လဆန်း၊ ဆယ့်ငါးရက်၊ ကြာသပတေးနေ့၊ နေတက်ချိန်ရာ၊ မင်္ဂလာအချိန်အခါတွင် ရွှေကူကြီးမြတ်စွာဘုရားကြီးကို စတင်တည်ထောင်တော်မူခဲ့ လေသည်။ ကွမ်းဆော်မင်းကြီး၏ အဆက်အနွယ်တော်မင်း ဆက်များသည် ဘုရားစေတီများတွင် ကွမ်းတော်ပုံများဖြင့် တည်ခဲ့လေသည်။ ယခုသော် ရေးမှုကွယ်ပျောက်သွားပေပြီ။

လူတို့သေဋ္ဌနင်း၊ သတင်းတောက်ထိန်၊ ဘုန်းတောက် ရှိန်နှင့်၊ ရိန္ဒမာလုံ၊ စကြာပျံရှင်၊ ဘုရင်မင်းလှ၊ စောဒေဝလျှင်၊ ခဏလျှင်ထွေ၊ ကမ်းယံမြေသို့၊ ဗိုလ်ခြေအပေါင်း၊ ရောက်တုံ ရောင်းသော်...။

သတင်းကြေညာ၊ နော်ရထာလျှင်၊ အာဏာပြင်း ထန်၊ မောင်ကျန်စစ်သား ယခုသွား၍၊ ခေါ်ပါခြားချေ "မိန့်တော်

ထွေကို ရှိသေနံမက်၊ ဦးထိပ်ရွက်၍ သန်လျက်အမြဲ ကြိမ်လုံးစွဲမှာ…။

ထူးခြားစိမ် မှုခြာဟန်

ရွှေကူကြီးဘုရားအတွင်း၌ ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူနှင့် နံရံမုခ်ကပ်များတွင် ရုပ်ပွားတော်များ ပူဇော်ထားပေသည်။ ဗုဒ္ဓရုပ်ပွားတော်ကြီးနှင့် မျက်နှာချင်းဆိုင်တွင် မိဖုရားကြီးစော မွန်လှအထူးကြံဆ၍ မိမိဆန္ဒကို လှစ်ဟပြထားသော ရုပ်ပွားတော်နှစ်ဆူ တည်ရှိပါသည်။

ရင်ဘတ်တော်ကို လက်တော်နှစ်ဖက်မှောက်၍တစ်မျိုး၊ လှန်၍တစ်ဖုံ လုပ်ထားပုံမှာ ဆန်းပြား…။ မင်းကြီးနော်ရထာ၏ မေတ္တာစေတနာ မှောက်ချီလှန်ချီ မသွေဖည်စေကြောင်း ဆုပန်တောင်းဟန် စီမံထုလုပ်စေခဲ့ခြင်းဖြစ်သည်ဟု ဆိုပေသည်။

ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်ကျောက်စာတွင် "ရင့်မာတစ်ကျိပ်"ကို အောက်ပါအတိုင်း ရေးထိုးထား၏။

မေတ္တာရာမ ပသေနနှင့်၊
ဒေဝတိဘူ ရာဟုဟူပြီ၊
စင်ကီသုဘာ တောဒေယျာနှင့်
နာလာပါလိ သမ္မောဓိ၊
မည်ရှိဒေသစာ၊ ထိုဆယ်ပါးတွင် နောက်ဆုံးလျှင် သိမြင်နော်ရထာ။

မှန်နန်းမဟာရာဇဝင်တော်ကြီး (ပတွဲ) တွင်…

ဘုရားအလောင်း အရင့်တစ်ကျိပ်အဝင် ပလလည်း ဆင်မင်း ဖြစ်ခဲ့ဖူးသော သမုဒ္ဒရာဇ်မင်း၊ နော်ရထာ၊ ကျစွာမင်း ဤမင်းသုံးဆက်တို့သည်လည်း တစ်ယောက်တည်း။ ဤပုဂံပြည်တွင် သုံးကြိမ်မင်းဖြစ်သော ဟူ၏။

ယခု ရွှေကူကြီးစေတီတော်၏ အနောက်ဘက်တွင် ဆင်ရုပ်ကို ဆင်ရုံဖြင့် ခံ့ထည်စွာ ထုလုပ်ထားလေသည်။ ဘုရားရှင်အား ဖူးမြော်ကန်တော့ဟန် ဖြစ်ပေသည်။ အရှေ့ဘက်မုခ်ဝ မြောက်ဘက်တွင် ညောင်ဦးမြို့ ငှက်ပစ်တောင်သို့ ပေါက်ရောက်သော ဥမင်လိုဏ်ရှိ၏။

လိုဏ်တွင်း အနောက်ဘက်တွင် နရပတိစည်သူမင်းကြီး ကောင်းမှု မတ်ရပ်ရုပ်ပွားတော် တည်ရှိလေသည်။ အထက်ပစ္စယံတွင် ဆုတောင်းပြည့် ရုပ်ပွားတော်တစ်ဆူလည်း ပူဇော်ထားလေသည်။

အလောင်းစည်သူ

ရာဇမင်းကောင်း၊ ဘိုးလောင်းဘေးတော်၊ ရှင်မော်သဒ္ဓါ၊ လှူဒါပုည၊ ပြုသမှုကို၊ နာဂယာဉ်သာ၊ စကြာသခင်၊ ဆင်ဖြူရှင်ဟု၊ ကျွန်းခွင်ထိန့်ဆူ၊ လောင်းစေသူလျှင်၊ ထပ်ကူတတန်၊ နိဗ္ဗာန်ခေမာ၊ ရောက်စေပါဟု၊ သစ္စာပန္နက်၊ ရေစက်သွန်းချ၊ မင်းလုရာဇာ ဒွာပနာသည် လျှင်စွာပြီးပြည့်စုံသတည်း။

"အရိန္ဒမာ"၏ ကျေးဇူးတရားကား များလှပေ၏။ သက်မဲ့ပင် ဖြစ်သော်လည်း သူ့ကျေးဇူး အထူးသိအပ်လှပေသည်။

အရိန္ဒမာအကြောင်း သိကောင်းစရာကား များပြားလှပေသည်။

"ရောင်တော်ပြန်ပွဲ ဇတ်စုံ့ခွဲ မလွဲကေန်တွေ့ကြပါစေ"

ရွှေကူကြီးကျောင်း ဆရာတော် ဦးသုမန၊ ဦးပညာဗလ၊ ဘဒ္ဒန္တ ဣသရိယ၊ ပြင်ဦးလွင်ရတနာမာရ်အောင်ထေရ် လုံကိုးဂူဆရာတော် ဦးသောဘိတတို့အား ဤစာတမ်းဖြင့် ကန်တော့ပန်ဆင်ပါ၏။

ဦးအောင်ကြွယ်(တောင်သာ)

ကျမ်းကိုး

၁။ မှန်နန်းမဟာရာဇဝင်ကြီး (ပ-တွဲ)
၂။ အိုဘယ့်နော်ရထာ (တက္ကသိုလ်စိန်တင်)
၃။ ရွှေကူကြီး မြတ်စွာဘုရားတည်မော်ကွန်း။ (မင်းကွန်း တိပိဋကဓရ ဆရာတော် တည်းဖြတ်၏။)
၄။ မြန်မာပြည် ရာဇဝင်အကျဉ်းချုပ်။ (မစ္စတာ ကို၊ အီးဟာရဝေ)
၅။ တောင်သာဂေဇက် (ဦးသိန်းသန်းထွန်း)
၆။ ရှေးမြန်မာမင်းတို့၏ အိုဝ်မက်များ (၁)

ဓာတ်ပုံရိုက်ကူးပေးသော မြင်းခြံမြို့ တရားရုံးချုပ်ရှေ့နေ ဦးလှထွန်း၊ ဒေါ်တင်တင်နိုင်တို့အား ကျေးဇူးတင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

၁၃၈၀ ခုနှစ်၊ ဒုတိယဝါဆိုလ - ဝါခေါင်လ

2018 AUGUST

ဗုဒ္ဓဟူး Wednesday	1 ၅ ရက်ရာဇာ	
ကြာသပတေး Thursday	2 ၆	
သောကြာ Friday	3 ၇	
စနေ Saturday	4 ၈	18 ၇
တနင်္ဂနွေ Sunday	5 ၉ ရက်ရာဇာ	19 ၈ အမြိတ္တာစုတ်ရက်
တနင်္လာ Monday	6 ၁၀	20 ၉
အင်္ဂါ Tuesday	7 ၁၁	21 ၁၀
ဗုဒ္ဓဟူး Wednesday	8 ၁၂ ရက်ရာဇာ	22 ၁၁ ရက်ရာဇာ
ကြာသပတေး Thursday	9 ၁၃	23 ၁၂
သောကြာ Friday	10 ၁၄	24 ၁၃ ရက်ရာဇာ
စနေ Saturday	11 ● ဒုတိယဝါဆိုလကွယ်	25 ၁၄
တနင်္ဂနွေ Sunday	12 ၁ မဟာရက်ကြမ်း	26 ၁၅ ဝါခေါင်လပြည့်
တနင်္လာ Monday	13 ၂	27 ၁ မဟာရက်ကြမ်း
အင်္ဂါ Tuesday	14 ၃	28 ၂
ဗုဒ္ဓဟူး Wednesday	15 ၄ ရက်ရာဇာ	29 ၃ ရက်ရာဇာ
ကြာသပတေး Thursday	16 ၅	30 ၄ အမြိတ္တာစုတ်ရက်
သောကြာ Friday	17 ၆ ရက်ရာဇာ	31 ၅ ရက်ရာဇာ



၁. ၈. ၂၀၁၈ စန်းပြောင်းရက်စွဲ ၁၇. ၈. ၂၀၁၈

၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၇. ၈. ၂၀၁၈ သောကြာနေ့ နံနက် ၇ နာရီ ၄၁ မိနစ်တွင် သိဟ်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၁. ၈. ၂၀၁၈ ဗုဒ္ဓဟူးနေ့ နေ့လည် ၁ နာရီ ၁၄ မိနစ်တွင် ကန်ရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၂၈. ၈. ၂၀၁၈ နေ့အထိ ဝကြွသွားသည်။ ၂၉. ၈. ၂၀၁၈ နေ့တွင် သမပြန်သွားသည်။

ဗုဒ္ဓဟူးသည် - ဝကြွသွားနေသည်။

စနေသည် - ဝကြွသွားနေသည်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွက် ဓနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ချိန်

(၂၅. ၈. ၂၀၁၈)စနေနေ့၊ နံနက် ၁၀ နာရီ ၄၇ မိနစ် ၀ စက္ကန့်။

(၁၉. ၈. ၂၀၁၈) နှင့် (၃၀. ၈. ၂၀၁၈)ရက်တို့သည် အမြိတ္တာစုတ်ကျ၍ အကောင်းဆုံးရက်များ ဖြစ်သည်။

အမြိတ္တာစုတ်ရက်မှာ လုပ်ဆောင်စရာ

တနင်္ဂနွေသားသမီးသည် မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။
တနင်္လာသားသမီးသည် အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။
အင်္ဂါသားသမီးသည် အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။
ဗုဒ္ဓဟူးသားသမီးသည် အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။
ကြာသပတေးသားသမီးသည် အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။
သောကြာသားသမီးသည် အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။
စနေသားသမီးသည် တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

သည့်လအတွက် ကောင်းသောရက်

၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွက်

နွယ်သာကီအောင်

မိုးသီတာ ပုလဲပွင့်တွေကဖြင့် အေးမြသော ရစင်အဖြစ် အသွင်ကူးပြောင်းကာ ကောင်းကင်တိမ်နံရံတို့ကို ဖြိုဆုတ်လျက် မဟာပထဝီ မြေပြင်ရှိရာ ချောင်းမြောင်းအင်းအိုင်၊ မြစ်ပြင်ပင်လယ်၊ သမုဒ္ဒရာတို့ကို ပြေးဝင်ပေးစက်ကြလေပြီ။ မိုးတစ်စက်ရေကား အိုးတစ်ရွက်ရေထက် တန်ဖိုးရှိလှပါပေ၏။ မိုးရေကို သောက်ဆမ်းခွင့်ရသဖြင့်လည်း လယ်ယာမြေများ၌ ကောက်ပဲသီးနှံတို့ ရှင်သန်ဖွံ့ထွားရချေသည်။ ချောင်းမြောင်းအင်းအိုင်အတွင်းရှိ ရေနေသတ္တဝါအပေါင်းမှာလည်း လွတ်လပ်စွာ ရှင်သန်လှုပ်လှုပ်ရှားခွင့် ရချေသည်။ သည့်အတွက် မိုးရာသီ၏ ကျေးဇူးတော်ကား အနန္တတည်း။

အပူပွင့်တွေ ကလူမဆင့်စေဖို့ ဖွဲလေသော မိုးကာလသမယ၌ မိမိတို့ လူသားများအဖို့ လောကီရေးရာ ကိစ္စအဝဝတို့ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ကောင်းမြတ်သောရက်များကို ရွေးချယ်ပေးရပါလျှင် . . .

၁။ နေအိမ်တိုက်တာဝယ်ဖို့ရာ

ဩဂုတ်လ (၄)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၂၂)၊ (၃၀) စသော ရက်များသည် နေအိမ်တိုက်တာများ ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ ကား/ယာဉ်တို့ ဝယ်ဖို့ရာ

ဩဂုတ်လ (၁၀)၊ (၁၁)၊ (၁၄)၊ (၂၁)၊ (၂၂)၊ (၂၄)၊ (၃၀) စသောရက်များသည် မော်တော်ကားနှင့်တကွ ယာဉ်အမျိုးမျိုးဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ ရွှေကျောက်တို့ တူးဖို့ရာ

ဩဂုတ်လ (၂)၊ (၈)၊ (၁၀)၊ (၁၁)၊ (၂၄)၊ (၃၀) စသော ရက်များသည် ရွှေတွင်း၊ ကျောက်တွင်းများ တူးဖော်ထုတ်လုပ်ဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ ယာဉ်ပြိုင်ကစားများ ဆောင်ရွက်ဖို့ရာ

ဩဂုတ်လ (၄)၊ (၅)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၉)၊ (၂၄)၊ (၃၀) စသောရက်များသည် ယာဉ်ပြိုင်ကစားများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၅။ **ကျောင်း/အိမ်ဆောက်လုပ်ဖို့ရာ**

သြဂုတ်လ (၂)၊ (၄)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၄)၊ (၂၁)၊ (၂၂)၊ (၂၄)၊ (၂၆)၊ (၃၀)၊ (၃၁) စသော ရက်များသည် ကျောင်း/အိမ်များ ဆောက်လုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၆။ **အိမ်ပြောင်းရွှေ့၊ အိမ်သစ်တက်ဖို့ရာ**

သြဂုတ်လ (၂)၊ (၄)၊ (၅)၊ (၈)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၅)၊ (၃၀) စသော ရက်များသည် အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၇။ **အမည်ပေး၊ ဆိုင်းဘုတ်တင်ဖို့ရာ**

သြဂုတ်လ (၂)၊ (၄)၊ (၅)၊ (၈)၊ (၁၃)၊ (၁၄)၊ (၂၁)၊ (၂၂)၊ (၂၄)၊ (၂၉)၊ (၃၀) စသော ရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်း ကိစ္စရပ်များအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ **ခရီးသွားဖို့ရာ**

သြဂုတ်လ (၂)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၄)၊ (၁၆)၊ (၁၇)၊ (၂၁)၊ (၂၂)၊ (၂၄)၊ (၂၅)၊ (၂၈)၊ (၃၀) စသော ရက်များသည် ရပ်ဝေးရပ်နီး ခရီးထွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၉။ **လယ်ထွန်မင်္ဂလာ ကျင်းပရာ**

သြဂုတ်လ (၂)၊ (၄)၊ (၅)၊ (၈)၊ (၁၀)၊ (၁၃)၊ (၁၄)၊ (၂၁)၊ (၂၂)၊ (၂၄)၊ (၃၀) စသော ရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ **အရောင်းအဝယ်ကိစ္စ ဆောင်ရွက်ဖို့ရာ**

သြဂုတ်လ (၂)၊ (၄)၊ (၅)၊ (၈)၊ (၁၀)၊ (၁၃)၊ (၁၄)၊ (၂၁)၊ (၂၄)၊ (၂၆)၊ (၃၀) စသော ရက်များသည် အရောင်းအဝယ်လုပ်ကိုင်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ **သီးနှံမျိုးစေ့ကြဲရန်**

သြဂုတ်လ (၂)၊ (၄)၊ (၅)၊ (၈)၊ (၁၀)၊ (၁၃)၊ (၁၅)၊ (၂၁)၊ (၂၂)၊ (၂၄)၊ (၃၀) စသော ရက်များသည် သီးနှံမျိုးစေ့များကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ **ရေတွင်းရေကန် တူးဖော်ရန်**

သြဂုတ်လ (၂)၊ (၄)၊ (၈)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၉)၊ (၂၁)၊ (၂၄)၊ (၂၆)၊ (၃၀) စသော ရက်များသည် ရေတွင်း၊ ရေကန်များ တူးဖော်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၃။ **ရှင်ပြု၊ ပဉ္စင်းခံဖို့ရန်**

သြဂုတ်လ (၂)၊ (၄)၊ (၇)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၉)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၃၀)၊ (၃၁) စသော ရက်များသည် ရှင်ပြုရန်၊ ပဉ္စင်းခံရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ **ရေသတ္တဝါ ဖမ်းဖို့ရာ**

သြဂုတ်လ (၁)၊ (၁၀)၊ (၂၆)၊ (၂၈) စသော ရက်များသည် ငါး စသော ရေသတ္တဝါများကို ဖမ်းဆီးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၅။ **ပညာကောင်းစွာ သင်ဖို့ရာ**

သြဂုတ်လ (၂)၊ (၈)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၂၁)၊ (၂၂) စသော ရက်များသည် အတတ်ပညာတို့ကို သင်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၆။ **မင်္ဂလာအခါ ပေးဖို့ရာ**

သြဂုတ်လ (၁)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၁၉)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၂၈)၊ (၂၉)၊ (၃၁) စသော ရက်များသည် မင်္ဂလာအခါပေးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ယာသမား၊ ကိုင်းသမား အကျိုးများဖို့

၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွက်

■ တောကကိုရင်

ကိုင်းစိုက်သူများ၊ ယာစိုက်သူများ၊ ဥယျာဉ်ခြံမြေစိုက်ပျိုးသူများ အကျိုးဖြစ်ထွန်းနိုင်စိမ့်သောငှာ ရည်ရွယ်တင်ပြ ရေးသားခြင်း ဖြစ်ပါသည်။

ယာထွက်သီးနှံ၊ ကိုင်းထွက်သီးနှံ၊ ဥယျာဉ်ခြံမြေထွက်သီးနှံတို့ဆိုသည်မှာ ပြည်တွင်းစားသုံးမှုကို ဖြည့်ဆည်းပေးနိုင်ရုံမျှက ပြည်ပပို့ကုန်အဖြစ်လည်း နိုင်ငံခြားငွေကို ရှာဖွေပေးနိုင်စွမ်းရှိပါသည်။ သည့်အတွက် သီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ အဆင့်အတန်းမီဖို့၊ အရည်အသွေးပြည့်ဝဖို့လည်း လိုအပ်သည်။ သည့်အတွက် စိုက်ပျိုးရေးကိစ္စအဝဝကို အဆင်ပြေစွာ လုပ်ဆောင်နိုင်စိမ့်သောငှာ တင်ပြရခြင်း ဖြစ်ပါသည်။

၁။ သီးနှံမျိုးစေ့များ ကြဲရန်အတွက်

ဩဂုတ်လ (၂)၊ (၄)၊ (၅)၊ (၈)၊ (၁၀)၊ (၁၃)၊ (၁၅)၊ (၂၁)၊ (၂၂)၊ (၂၄)၊ (၃၀) စသော ရက်များသည် သီးနှံများမျိုးစေ့ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ အပွင့်၊ အသီး၊ အနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက်

ဩဂုတ်လ (၂)၊ (၄)၊ (၅)၊ (၈)၊ (၁၀)၊ (၁၃)၊ (၁၄)၊ (၂၁)၊ (၂၂) စသော ရက်များသည် အပွင့်၊ အသီးအနှံ၊ အရွက်အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ရန်အတွက်

ဩဂုတ်လ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၆)၊ (၁၇)၊ (၂၆)၊ (၂၇) စသော ရက်များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ် မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥ၊ အမြစ်များ တူးရန်တို့အတွက်

ဩဂုတ်လ (၂)၊ (၄)၊ (၅)၊ (၈)၊ (၁၀)၊ (၁၃)၊ (၁၄)၊ (၂၁)၊ (၂၂)၊ (၂၄)၊ (၃၀) စသော ရက်များသည် ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥ၊အမြစ်များ တူးခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

■ တောကကိုရင်

www.burmeseclassic.com

www.burmeseclassic.com

သည်တစ်လမှာ ဆောင်ရွက်ပါ

၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွက်

နေမျိုးထွဋ်ခေါင်

၁။ ဩဂုတ်လ (၁)၊ (၆)၊ (၁၀)၊ (၁၅)၊ (၂၀)၊ (၃၀) စသောရက်များသည် "ပုဗ္ဗဏှာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဒွင်းခံခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၂။ ဩဂုတ်လ (၂)၊ (၇)၊ (၁၁)၊ (၁၆)၊ (၂၁)၊ (၂၆)၊ (၃၁) စသော ရက်များသည် "နန္ဒာတိထိ"တွင် ကျရောက်လေရာ ထိုရက်များ၌ ဘုရား,ဂူ,ကျောင်း,ဇရပ်တို့ ဆောက်လုပ်လှူဒါန်းခြင်း၊ တံတားခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ မြေတူးဆွခြင်းလုပ်ငန်းများကို လုပ်ကိုင်နိုင်ပါသည်။

၃။ ဩဂုတ်လ (၄)၊ (၁၃)၊ (၁၈)၊ (၂၃)၊ (၂၈) စသော ရက်များသည် "ဘဒြာတိထိ"တွင် ကျရောက်လေရာ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာပြုလုပ်ခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၄။ ဩဂုတ်လ (၄)၊ (၁၃)၊ (၁၈)၊ (၂၃)၊ (၂၈) စသော ရက်များသည် "ဇယာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၅။ ဩဂုတ်လ (၅)၊ (၉)၊ (၁၄)၊ (၁၉)၊ (၂၄)၊ (၂၉) စသောရက်များသည် "ရိတ္တာတိထိ"တွင် ကျရောက်လေရာ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသောအမှုကိစ္စတို့ကို ကောင်းစွာ ဆောင်ရွက်နိုင်ကြပါသည်။

၆။ ဩဂုတ်လ (၉)၊ (၃၀) ရက်တို့သည် "အမြိတ္တစုတ်"တွင် ကျရောက်၏။ ထိုရက်များ၌ အဘယ်မျှပင် မိမိအပေါ် မကောင်းကြံစေကာမူ ကိစ္စအဝဝကို အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ပါသည်။

၇။ ဩဂုတ်လ (၁)၊ (၅)၊ (၈)၊ (၁၅)၊ (၁၇)၊ (၂၂)၊ (၂၄)၊ (၂၉)၊ (၃၁) စသောရက်များသည် "ရက်ရာဇာ"တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေးကိစ္စများကို ဆောင်ရွက်ပါက ကိစ္စအလုံးစုံ ပြီးမြောက်နိုင်ပြီး နာမည်ဂုဏ်သတင်းလည်း ထင်ရှားကျော်စောတတ်ပါသည်။

နေမျိုးထွဋ်ခေါင်

www.burmeseclassic.com

www.burmeseclassic.com

နေ့သားအလိုက် အောင်မြင်ဖို့

၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွက်

မဟိဒ္ဓိကျော်ခေါင်

တနင်္ဂနွေနေ့တွင် မွေးဖွားသူများအဖို့

ဩဂုတ်လ (၃)၊ (၄)၊ (၇)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၄)၊ (၁၅)၊ (၁၇)၊ (၂၁)၊ (၂၂)၊ (၂၄)၊ (၂၈)၊ (၂၉)၊ (၃၁) စသော ရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

တနင်္လာနေ့တွင် မွေးဖွားသူများအဖို့

ဩဂုတ်လ (၃)၊ (၆)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၆)၊ (၁၈)၊ (၂၁)၊ (၂၃)၊ (၂၈)၊ (၃၀) စသော ရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

အင်္ဂါနေ့တွင် မွေးဖွားသူများအဖို့

ဩဂုတ်လ (၁)၊ (၂)၊ (၅)၊ (၆)၊ (၉)၊ (၁၃)၊ (၁၈)၊ (၁၉)၊ (၂၂)၊ (၂၆)၊ (၃၁) စသော ရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

ဗုဒ္ဓဟူးနေ့တွင် မွေးဖွားသူများအဖို့

ဩဂုတ်လ (၁)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၁၁)၊ (၁၄)၊ (၁၈)၊ (၁၉)၊ (၂၅)၊ (၂၆)၊ (၂၈) စသော ရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

ကြာသပတေးနေ့တွင် မွေးဖွားသူများအဖို့

ဩဂုတ်လ (၆)၊ (၁၀)၊ (၁၁)၊ (၁၆)၊ (၁၈)၊ (၂၄)၊ (၂၅)၊ (၃၁) စသော ရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

သောကြာနေ့တွင် မွေးဖွားသူများအဖို့

ဩဂုတ်လ (၅)၊ (၆)၊ (၉)၊ (၁၁)၊ (၁၆)၊ (၁၇)၊ (၁၉)၊ (၂၃)၊ (၂၄)၊ (၂၆)၊ (၃၀) စသော ရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

စနေနေ့တွင် မွေးဖွားသူများအဖို့

ဩဂုတ်လ (၁)၊ (၄)၊ (၅)၊ (၈)၊ (၁၁)၊ (၂၂)၊ (၂၃)၊ (၂၅)၊ (၃၀) စသော ရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

ရာဟုအချိန် မွေးဖွားသူများအဖို့

ဩဂုတ်လ (၁)၊ (၅)၊ (၆)၊ (၇)၊ (၁၄)၊ (၁၈)၊ (၂၆) စသော ရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

■ မဟိဒ္ဓိကျော်ခေါင် ■

www.burmeseclassic.com

www.burmeseclassic.com

သည်လဖွားအတွက် ကံဇာတာ

၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွက်

■ ဆရာမိုးဟန်ကြွယ်

အစကနဦးပိုင်းတွင် စီးပွားရေးအဆင်မပြေမှုများ ကြုံတွေ့ရတတ်ပါသည်။ လုပ်ဖော်ကိုင်ဖက်များ၏ ပံ့ပိုး ကူညီမှုများကြောင့် စီးပွားရေး ပြန်လည်ဦးမော့လာပါလိမ့် မည်။ အိမ်ထောင်ရေး အဆင်ပြေသာယာမည်။ ရပ်ဝေး ဒေသမှ ဧည့်သည်များ ရောက်ရှိလာတတ်သည်။ မျက်စိ အောင့်ခြင်း၊ ဆီးအောင့်ခြင်းများ ဖြစ်တတ်သည်။ အချစ် ရေး အဆင်ပြေမည်။ ချစ်သူနှင့် လက်ထပ်ရတတ်ပါသည်။ ငွေများ အစုလိုက်အပြုံလိုက် ဝင်လာကိန်းရှိသည်။ ပစ္စည်း ျား ကျပျောက်တတ်သည်။ သားသမီးများနှင့် ပတ်သက် ၍ ဝမ်းမြောက်ဂုဏ်ယူစရာများ ကြုံရတတ်သည်။ ဖခင် ဘက်မှ အမွေပစ္စည်းများ ရရှိတတ်သည်။ မိသားစုခရီး သွားရကိန်းရှိသည်။ (ဘုရားဖူးခရီးစဉ် ဖြစ်မည်။) အလှူဒါန ျား ပြုရတတ်၏။

ရင်ဘတ်အောင့်ခြင်း၊ ဆီးအောင့်ခြင်းတို့ ကြုံရပါ ၊မည်။ စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်အကြောင်း ပေါ်လာဦးမည်။ ဝင်ငွေကောင်းမွန်ပါမည်။ အိမ်ထောင်ဘက် ရီးသွားရကိန်းရှိမည်။ အိမ်ထောင်ဘက်၏ ကျန်းမာရေးကို ရုပြုရန် လိုအပ်လိမ့်မည်။ အရောင်းအဝယ်သမားများ ာမြတ်အစွန်းများစွာ ရရှိကိန်းကြုံမည်။ ငွေ၊ သဏီပ်၊ ည်းခြေတို့နှင့် ပတ်သက်သည့် ရောဂါဖြစ်တက်သည်။ ိုးအိမ်ခြံမြေသစ်များ ဝယ်ယူရရှိတတ်သည်။ အိမ်ထောင် ဘက်၏ စီးပွားရေး၌ ပါဝင်ပတ်သက်မှုရှိပြီး ငွေကြေးဆိုင်ရာ စ္စများ ပြေလည်မည်။ မိတ်ဆွေသစ်တိုးမည်။ လက်ဝတ် ဘနာ၊ အိမ်သုံးပစ္စည်းများ ဝင်လာမည်။ ပညာရေးကောင်း မည်။ အထက်လူကြီး၏ မစကိန်း ကြုံမည်။ နေအိမ်သို့ တော်များ ကြွလာကိန်းကြုံမည်။ ထီထိုးပေးပါ။ ဝန်ထမ်း များ အလုပ်ရာထူး တိုးတက်တတ်သည်။ လက်အောက် ငယ်သား၏ သစ္စာမဲ့ခြင်းမျိုး ကြုံရတတ်သည်။ နိုင်ငံရပ်ခြား ခရီးစဉ် အဆင်ပြေမည်။ လုပ်ငန်းပြိုင်များ ပေါ်လာလိမ့်မည်။ ပျို့ရွယ်သူများ ချစ်သူထံမှ အဖြေစကား ကြားရမည်။ သစ် တောထွက်ပစ္စည်းများ အကျိုးပေးမည်။ ဘာသာရေးလုပ်ငန်း များ၊ ပရဟိတလုပ်ငန်းများ လုပ်ဆောင်ရတတ်သည်။ ရေလမ်း ခရီးသွားပါက စိတ်ပင်ပန်းမှုများ ကြုံရတတ်သော်လည်း အကျိုးဖြစ်ထွန်းပါလိမ့်မည်။ အဖိုးတန်ပစ္စည်းများ၊ ကား၊ အိမ် များ ဝင်လာတတ်သည်။ လယ်ယာထွက်ကုန်ရောင်းဝယ်ခြင်း၊ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းများ အကျိုးပေးလိမ့်မည်။ မိဘဘိုးဘွားပိုင်ပစ္စည်းများ ရရှိလိမ့်မည်။ ထိခိုက်ရှနာမှု ကြုံ ရလိမ့်ဦးမည်။ ငွေကြေးကိစ္စအတွက် စကားအပြောအဆို ရှိမည်။ ကုန်ရောင်းကုန်ဝယ် ပြုလိုပါက လယ်ယာထွက် သီးနှံများ၊ ပေါ၊ ဝါဂွမ်း၊ ချည်ထည်များမှ အမြတ်အစွန်းများ ရတတ်ပါသည်။ စားသောက်ဆိုင်ဖွင့်ပါ။ ယာဉ်အရောင်းအဝယ် အကျိုးအမြတ် သိပ်မများပါ။ ကျောက်မျက်ရတနာလည်း ထိုနည်းတူဖြစ်၏။ ဤလအပါအဝင် ခြောက်လကျော်မှ လုပ် ကိုင်ပါ။ အကျိုးရှိပါမည်။ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲအမျိုးမျိုး သို လှောင်ထားသူတို့ အကျိုးဖြစ်ထွန်းပါလိမ့်မည်။

ယတြာပြုလုပ်လိုပါက - အုတ်နီခဲပေါ်တွင် ဖယောင်း တိုင် တစ်တိုင်ထွန်းပါ။ ပျက်သောလမ်းကို ပြုပြင်ပေးပါ။ အဆိုးအညံ့များ ပျောက်ကင်းသွားပါလိမ့်မည်။

ဆရာမိုးဟန်ကြွယ်

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာရွှန်းပြောင် လပြည့်ခေါင်

တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ၊ ကျမ်းပြု)

ဝသန္တမည်သော မိုးလရာသီသို့ ရောက်ခဲ့ချေပြီ။

ဤလကား ဝါဆိုလ လွန်မြောက်၍ "ဝါခေါင်လ" ရောက်ခဲ့ပါပြီတည်း။ ဤဝါခေါင်လသို့ ရောက်ပြီဆိုလျှင်ဖြင့် "မစိမ်းမဆွတ်၊ စာရေးတံ၊ ရေနံမသုတ်ဘဲ"ဟူသော ကဗီလင်္ကာရ သတ်ပုံစာဆိုအရ စာရေးတံမဲများကို လှူဒါန်းသည့် ပွဲသဘင်များကို ဆင်ယင်ကျင်းပကြကုန်သည်။

ဝါခေါင်လအား ရှေးမြန်မာကြီးများက "နံကာလ"ဟု ခေါ်ကြ၏။ ဝါဆို-ဝါခေါင် ရေဖောင်ဖောင် ဆိုသော စကားနှင့်အညီ ရာသီပန်းများ ဖြစ်ကြကုန်သော ခတ္တာ၊ စံပယ်၊ မိုးစွေပန်းများမှာ လန်းလန်းလှလှ၊ ကြူကြူလွင်လွင်ရယ်ပါတည်း။ သသက်ရိုက်ဘာသာဖြင့် "သဝဏ"၊ ပါဠိဘာသာဖြင့် "သရဝဏ"ဟု ခေါ်သော မြားသဏ္ဍာန် နက္ခတ်ထွန်းတောက်ဖြစ်သည်နှင့်အညီ မြစ်ချောင်း၊ အင်းအိုင်တို့တွင် ရေများလျှံကြသော ရာသီလည်းဖြစ်ပေသည်။

ဤ၌ စာရေးတံမဲနှင့် စပ်လျဉ်း၍ ဗဟုသုတဖြစ်ဖွယ်ကို တင်ပြလိုပါသည်။

ဤရာသီဝယ် ရဟန်းသံဃာတော်များ ဆွမ်းပန်းကိစ္စ အဆင်ပြေကြစေရန် တပည့် ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ဆွမ်းကိစ္စကို အဆင်ပြေပြီးမြောက်အောင် ဆောင်ရွက်ကြရသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည်ပင်လျှင် စာရေးတံပွဲ ဖြစ်တော့သည်။ စင်စစ် စာရေးတံဆိုသည်မှာ "မဲတံ"ဟု ခေါ်သော မဲတုတ်ကလေးများဖြင့် မဲချပြီး လှူဒါန်းခြင်းကို ဆိုလို၏။ မဲတုတ်ကလေးများမှာ ဝါးခြမ်းစိတ်ကလေးများဖြစ်၍ ထိပ်ပိုင်းတွင် ဘုန်းတော်ကြီးဘွဲ့ ရေးသားရန် ထိပ်ပြားကလေးများကို ပြုလုပ်ထားရပါသည်။ ရွာနီးနားရှိ ဘုန်းကြော်ကြီးကျောင်းများမှ သံဃာတော်များစာရင်းနှင့် ရွာဦးကျောင်းမှ သံဃာတော်များစာရင်းကို ကောက်ယူကြပြီးလျှင် ဆွမ်းအုပ်အရေအတွက် အနည်းအများကို မဲဖောက်ကာ ဆွမ်းအုပ်များပို့ပေးကြသည်။ ကျေးလက်တောရွာများ၌ လယ်ယာလုပ်ငန်းခွင် ဝင်ချိန်ဖြစ်သော်လည်း ဘာသာတရားအပေါ်တွင် ကြည်ညိုကိုင်းရှိုင်းကြသဖြင့် ဆွမ်းဝတ်ကွမ်းဝတ်တို့ကို အပျက်မခံကြသည်မှာ သာဓုခေါ်စရာကောင်းလှပါသည်။

ဝါခေါင်လပြည့်နေ့ ရောက်လျှင်ဖြင့် "မေတ္တာအခါတော်နေ့" ကျင်းပသည်မှာလည်း အံ့ချီးဖွယ်ကောင်းလှသည်။ ဤ၌ မေတ္တာအခါတော်နေ့ ဖြစ်ပေါ်လာရခြင်းအကြောင်းကို တင်ပြလိုပါသည်။

ဂေါတမမြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ရဟန်းသံဃာငါးရာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားကို ဆောင်ယူ၍ တောအုပ်တစ်ခု၌ ဝါဆိုဝါကပ် ပြုတော်မူကြသည်။ ဤတွင် ရဟန်းတော်များ၏ သီလတန်ခိုးကြောင့် နေရာဖယ်ပေးကြရသော နတ်တို့မှာ ရဟန်းတော်များအား အမျိုးမျိုး ခြောက်လှန့်ကြကုန်၏။ ထိုသို့ ခြောက်လှန့်မှုကြောင့် ရဟန်းတော်များလည်း တရားကမ္မဋ္ဌာန်းအား ဖြောင့်စွာ အားမထုတ်နိုင်ကြတော့သည့်အဆုံး၌ စိတ်မာတ်များ ချောက်ချားလာခဲ့ကြကာ နောက်ဆုံးတွင် ဘုရားရှင် သီတင်းသုံးတော်မူရာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ ပြန်လည်ရောက်ရှိသွားခဲ့ကြသည်။

ထိုအခါ ဘုရားရှင်က မေတ္တာလက်နက်ကို ဆောင်ယူပြီး တောအုပ်သို့ ပြန်သွားရန် တိုက်တွန်းခဲ့၏။ မေတ္တာသုတ်ဒေသနာတော်ကို ရွတ်ပွားရန် ဟောကြားတော်မူခဲ့၏။ ထိုမေတ္တာသုတ်ဒေသနာတော်ကြောင့် တောအုပ်တွင်း ပြန်လည်ရောက်ရှိသွားသော ရဟန်းတော်တို့အပေါ် နတ်များက ခြောက်လှန့်ခြင်းမပြုကြတော့ဘဲ မေတ္တာသက်ဝင် ချစ်ခင်လာခဲ့ကြသည်။ ငြိမ်းချမ်းမှုများ ရရှိသွားခဲ့ကြသည်။ ရဟန်းတော်ငါးရာတို့သည် ထိုတောအုပ်၌ပင် ဝါခေါင်လအတွင်း နေ၍ ဝါကပ်တော်မူကြကာ မေတ္တာတရားကို ပွားများလျက် ဝိပ

www.burmeseclassic.com

သနာ့တရားများကို ဆက်လက်အားထုတ်ခဲ့ကြသည်။ သို့ဖြင့် ဝါမကျွတ်မီမှာပင် အရဟတ္တဖိုလ်ဆိုက်ကာ အာသဝေါကုန်စင်သော ရဟန္တာများ ဖြစ်ခဲ့ကြလေသည်။

ဤ ရဟန်းတော်ငါးရာကို အကြောင်းပြု၍ မေတ္တသုတ်အား ဝါတွင်းကာလ၌ ဟောတော်မူခဲ့ခြင်း၊ ရဟန်းတော်ငါးရာတို့ မူလတောအုပ်သို့ ပြန်ကြွ၍ ဝါခေါင်လ၌ ပဌ္ဌမဝါကပ်ခြင်း စသည့် အကြောင်းရပ်များကို အခြေခံ၍ ဝါခေါင်လပြည့်နေ့အား "မေတ္တာအခါတော်နေ့"အဖြစ် သတ်မှတ်ကာ ကျင်းပရခြင်း ဖြစ်လေသည်။

မေတ္တာစွမ်းအင်ကား ကြီးမားလှပါဘိ။

ထိုသို့ ကြီးမားလှပုံနှင့် စပ်လျဉ်း၍ ဘုရားရှင်က အဆင့် ၁၀ ဆင့် သတ်မှတ်ခဲ့ပေသည်။ ယင်းတို့မှာ -

၁။ ထမင်းရည်ချောင်းစီးအောင် လှူဒါန်းခဲ့သော ဝေလာမပုဏ္ဏားကြီး၏ အလှူဒါနမျိုးထက် သောတာပန်တစ်ဦးအား လှူဒါန်းရခြင်းက သာလွန်၍ အကျိုးကြီးမားခြင်း။

၂။ သောတာပန် ၁၀၀ ကို လှူဒါန်းရခြင်းထက် သကဒါဂါမ်တစ်ဦးကို လှူရခြင်းက သာလွန်၍ အကျိုးကြီးမားခြင်း။

၃။ သကဒါဂါမ် ၁၀၀ ကို လှူရခြင်းထက် အနာဂါမ်တစ်ဦးကို လှူရခြင်းက သာလွန်၍ အကျိုးကြီးမားခြင်း။

၄။ အနာဂါမ် ၁၀၀ ကို လှူရခြင်းထက် ရဟန္တာတစ်ပါးကို လှူရခြင်းက သာလွန်၍ အကျိုးကြီးမားခြင်း။

၅။ ရဟန္တာ ၁၀၀ ကို လှူရခြင်းထက် ပစ္စေကဗုဒ္ဓါတစ်ပါးကို လှူရခြင်းက သာလွန်၍ အကျိုးကြီးမားခြင်း။

၆။ ပစ္စေကဗုဒ္ဓါအဆူ ၁၀၀ ကို လှူရခြင်းထက် သမ္မာသမ္ဗုဒ္ဓဘုရားတစ်ဆူကို လှူရခြင်းက သာလွန်၍ အကျိုးကြီးမားခြင်း။

၇။ သမ္ဗုဒ္ဓဘုရားတစ်ဆူကို လှူရခြင်းထက် ဘုရားရှင်အမှူးပြုသော သံဃာတော်များကို လှူရခြင်းက သာလွန်၍ အကျိုးကြီးမားခြင်း။

၈။ ဘုရားရှင်အမှူးပြုသော သံဃာတော်များကို လှူရခြင်းထက် စတုဒိသသံဃာတော်ကို ရည်စူး၍ ကျောင်းဆောက်လှူဒါန်းခြင်းက သာလွန်၍အကျိုးကြီးမားခြင်း။

၉။ စတုဒိသသံဃာတော်ကို ကျောင်းဆောက်လှူဒါန်းခြင်းထက် သရဏဂုံသုံးပါးကို ဆောက်တည်ခြင်း၊ ငါးပါးသီလကို စောင့်ထိန်းခြင်းက သာလွန်၍ အကျိုးကြီးမားခြင်း။

၁၀။ သရဏဂုံ ဆောက်တည်ခြင်းနှင့် ငါးပါးသီလ စောင့်ထိန်းခြင်းထက် နို့သာတစ်ရှုခန့်မျှ အချိန်ပိုင်းလောက် မေတ္တာပွားများခြင်းက သာလွန်၍ အကျိုးကြီးမားခြင်း

အစရှိသဖြင့် မေတ္တာစွမ်းအင် အကျိုးကျေးဇူးကို ခွဲခြားမိန့်ဆိုခဲ့သည်။

ဝါခေါင်လကား မေတ္တာစိတ်လွှမ်းခြုံ၍ ကောင်းကျိုးကိုယ်၌ တည်စေသော တရားမေ့ လမြတ်ပင် ဖြစ်တော့သည်။ အလှူဒါန၏ အကျိုး၊ မေတ္တာစိတ်၏ အကျိုးကြောင့် ဗုဒ္ဓဘာသာဝင်များအဖို့ များစွာမှ လှူဖြစ်ကျိုးနပ်ပေတော့သည်။ သည်စာရေးတံမဲအလှူဒါနကို ရည်စူးလျက် ကုန်းဘောင်ခေတ်စာဆိုတော် မဟာအတုလမင်းကြီးက ကဗျာဖွဲ့သီခဲ့သည်မှာ လွမ်းဆွတ်ကြည်နူးဖွယ် ကောင်းလှပါတော့သတည်း။

"မျှော်ယောင်သာ ပန်းတော့တယ်
သောင်ကမ်းငယ် ပြည့်လျှံ
နဒီငယ်ခြံသည်
ပြည်မင်းစံ ရွှေဘုံက
အကုန်ထူးတဲ့ လကိုလေး။
ရာသီသိမ်ငယ်
နေမိန္ဒရ ဝါခေါင်လမို့
တောင်များထွတ်စွန်း၊ သရဝဏ်လည်း
ရောင်ဝှန်တေဇာ၊ ပန်းခတ္တာနှင့်
နိုင်ညှာပွင့်ကြူ၊ တိုင်းပြည်သူတို့
လှူစာရေးတံ၊ သဘင်စုံခံဆဲမို့
လွမ်းရန်ဖွဲ့ သည်ချိန်ကို
ဒေဝရိန် ပဋ္ဌန်မှူးက
မြူးလှတယ်လေး..."

တက္ကသိုလ်သျှင်ဥက္ကာ
(မဟာဝိဇ္ဇာ၊ ကျမ်းပြု)

www.burmeseclassic.com

www.burmeseclassic.com

နက္ခတ္တဗေဒ ဆရာမကြီးဒေစီ ၏ ၂၀၁၈ ခုနှစ် ဟောတတမ်း

(ဂျူလိုင်လ)

● ဦးတိုး(တက္ကသိုလ)

Aries မိဿရာသီဖွား

(မတ်လ ၂၁ ရက် မှ ဧပြီလ ၁၉ ရက်) (သိုးထီးရုပ်)

အချစ်ရေးတွင် အလွန်ချမ်းမြေ့ပျော်ရွှင်ရမည့် လတစ်လ ဖြစ်သည်။ မိဘများနှင့် သားသမီးများအနေဖြင့် ကြမ်းတမ်းသော အချိန်အခါဖြစ်မည်။ ကျန်းမာရေးတွင် အခက်အခဲအချို့ရှိပြီး သင်တို့သည် လုံလောက်သော အနားယူမှုကို ပြုလုပ်ရပေမည်။ ငွေရေး၊ ကြေးရေးနှင့် ပတ်သက်၍ မိသားစုနှင့်မိတ်ဆွေများ၏ အထောက်အပံ့ ရရှိမည်။ နက်ပကျွန်းဂြိုဟ်နှင့် ယူရေးနပ်ဂြိုဟ်တို့မှ သင့်အား သက်မွေးမှုဘဝကို နောက်ပြန်ဆုတ်ရန် တွန်းပစ်လိမ့်မည်။ ထို့ကြောင့် အခက်အခဲများနှင့် ကြုံတွေ့ရပြီး ပင်ပန်းရပါလိမ့်မည်။



Taurus ပြိဿရာသီဖွား

(ဧပြီလ ၂၀ ရက် မှ မေလ ၂၀ ရက်)(နွားလားဥသဘရုပ်)

ဤရာသီဖွားများသည် ငွေကြေးတိုးတက်လာစေရန် ဗုဒ္ဓဟူးဂြိုဟ်မှ ဆောင်ကြဉ်းပေးပါလိမ့်မည်။ သင်၏ မိသားစုဝင်များမှာ ဒုက္ခအခက်အခဲများဖြင့် ရင်ဆိုင်နေရသော်ငြားလည်း သင်နှင့် သင့်ဇနီး/ခင်ပွန်းတို့သည် ပျော်ရွှင်နေရပါလိမ့်မည်။ ကျန်းမာရေးတွင် ပြဿနာများမရှိဘဲ ယူရေးနပ်စ်ဂြိုဟ်ကြောင့် သင်၏ ကြေးစားဘဝသည် ပို၍ ကြမ်းတမ်းလာနိုင်ပါသည်။

Gemini မေထုန်ရာသီဖွား

(မေလ ၂၀ ရက် မှ ဇွန်လ ၂၀ ရက်) (အမြွှာရုပ်)

ကျန်းမာရေးကိုကောင်းစေမည့် ဤစိုးမိုးဂြိုဟ်သည် ထူးခြားလွန်း၍ အလွန်ကောင်းမွန်ပါလိမ့်မည်။ အိမ်ထောင်ရှင်များသည် လုံးဝစိတ်ချမ်းမြေ့ရပြီး၊ တစ်ကိုယ်တည်းသမားများမှာ ချစ်ရသူများနှင့်တွေ့ဆုံရပါလိမ့်မည်။ ငွေရေး၊ ကြေးရေးတွင် မြင့်မားစွာ အမြတ်ရ၍ ငွေရှာရန်ရွေးချယ်စရာ တစ်ပုံတစ်ခေါင်း တွေ့ရပါလိမ့်မည်။ သို့သော်လည်း ယခုကာလတွင် စနေဂြိုဟ်သည် သင့်သက်မွေးမှုဘဝကို အကူအညီမပေးနိုင်သေးပေ။

www.burmeseclassic.com

www.burmeseclassic.com

Cancer ကရကင့်ရာသီဖွား

(ဇွန်လ ၂၁ ရက် မှ ဇူလိုင်လ ၂၂ ရက်) (ပုစွန်လုံးရုပ်)

အင်္ဂါဂြိုဟ်မှ သင်၏ဘဝသက်မွေးမှု တိုးတက်အောင် ပြုလုပ်ပေးပါလိမ့်မည်။ စိုးမိုးဂြိုဟ်၏ အကူအညီနှင့် သင်၏ထွင်ဉာဏ်၊ စဉ်းစားဉာဏ်ဖြင့် အသုံးချပြီးမှ သင်၏ ငွေကြေးချမ်းသာမှု တိုးတက်လာပါလိမ့်မည်။ မိသားစုအဖွဲ့ဝင်များ၏ သာရေး၊ နာရေး၊ ကောင်းမွန်ရေး စသည်တို့ကို ဦးစားပေးရမည့်လဖြစ်သည်။ ကျန်းမာရေးသည် ထူးကဲကောင်းမွန်ပါမည်။

Leo သိဟ်ရာသီဖွား

(ဇူလိုင်လ ၂၃ ရက်မှ ဩဂုတ်လ ၂၂ ရက်) (ခြင်္သေ့ရုပ်)

ဗုဒ္ဓဟူးဂြိုဟ်၏ ထောက်ပံ့ပေးမှုဖြင့် ငွေရေး၊ ကြေးရေး စိုပြည်နေပါလိမ့်မည်။ မိုးကောင်းကင်မှ မစနေသကဲ့သို့ ချစ်မေတ္တာရေးမှာလည်း သင့်ဇနီး/ခင်ပွန်းနှင့်အတူ အလွန်ကောင်းမွန်နေပါမည်။ အစားအသောက်ကို အချင့်အတွက်ဖြင့် မှီဝဲပြီး လေ့ကျင့်ခန်းလုပ်၍ အပြောင်းအလဲပြုလုပ်ခြင်းဖြင့် အလွန့်အလွန် ထူးကဲလာပါလိမ့်မည်။ သင်၏သက်မွေးမှုသည် နေကြတ်မှုဖြင့် ကြုံတွေ့ရသဖြင့် အပြောင်းအလဲ ရှိလာနိုင်သည်။

Virog ကန်ရာသီဖွား

(ဩဂုတ်လ ၂၃ ရက်မှ စက်တင်ဘာလ ၂၂ ရက်) (အပျိုစင်ရုပ်)

ဗုဒ္ဓဟူးဂြိုဟ်မှ သင်၏သက်မွေးမှုလမ်းကြောင်း တိုးတက်ရန် ကူညီဆောင်ကြဉ်းပေးပါလိမ့်မည်။ သင်၏ငွေရေး၊ ကြေးရေးတိုးတက်စေရန် ဘာသာအယူဝါဒနှင့် အကြားအမြင် ဂမ္ဘီရစာတ်၏အကူအညီဖြင့် ဆောင်ကြဉ်းပေးပါလိမ့်မည်။ သင်၏ပါတနာ လက်တွဲလုပ်သူအား ငွေကြေးအမြတ်အစွန်းရရန် သင်မှကူညီပေးနိုင်ပါမည်။ ဗုဒ္ဓဟူးဂြိုဟ်သည် လူမှုဆက်ဆံရေးဘဝတွင် အကျိုးကျေးဇူး ဖြစ်ထွန်းစေသော်လည်း ချစ်မေတ္တာရေးတွင် တင်းမာမှုဖြစ်စေပါမည်။ ပုဂ္ဂလိက ကျန်းမာရေးမှာ ဒေါင်ဒေါင်မြည်အောင် ကောင်းမွန်နေပါမည်။

Libra တူရာသီဖွား

(စက်တင်ဘာလ ၂၂ ရက် မှ အောက်တိုဘာလ ၂၂ရက်) (ချိန်ခွင်ရုပ်)

မိသားစုများမှ သင့်အားသက်မွေးမှုတိုးတက်ရန် ကူညီပေးကြပါလိမ့်မည်။ သင်၏ငွေရေး၊ ကြေးရေး အလွန့်အလွန်တိုးပွားနေသော်ငြားလည်း နောက်ထပ်ဘဏ္ဍာရေးဆိုင်ရာ တိုးချဲ့မှုကို ပလူတိုဂြိုဟ်မှ ကန့်သတ်ချုပ်ချယ်ထားပါလိမ့်မည်။ သင်တို့၏အိမ်ထောင်ရေးမှာ ချစ်ခြင်းမေတ္တာများဖြင့် ဝေဝေဆာဆာ ရှိနေကြပါလိမ့်မည်။ သို့သော်လည်း စိုးမိုးဂြိုဟ်ကြောင့် ကျန်းမာရေး ညှိုးဖျော့လာတတ်သည်။

Scorpio ဗြိစ္ဆာရာသီဖွား

(အောက်တိုဘာလ ၂၃ ရက် မှ နိုဝင်ဘာလ ၂၁ ရက်) (ကင်းမြီးကောက်ရုပ်)

သင်၏ကျွမ်းကျင်မှုစွမ်းရည်များကို လေ့ကျင့်သင်ယူခြင်းဖြင့် တိုးတက်လာပါလိမ့်မည်။ ၂၃ ရက်နေ့နောက်ပိုင်း၌ ငွေရေး၊ ကြေးရေးတိုးပွားမှုသည် အံ့သြဖွယ်ရာဖြစ်လာပါမည်။ တစ်ကိုယ်တည်းသမားများသည် ချစ်ရေးမျှမည့်သူ အများအပြားနှင့် တွေ့ကြုံရပါလိမ့်မည်။ သင့်ကျန်းမာရေး ကောင်းလာစေရန် အလုံအလောက် အနားယူခြင်းဖြင့် ဆောင်ကြဉ်းပေးနိုင်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

Sagittarius နေရာသီဖွား
(နိုဝင်ဘာလ ၂၂ ရက် မှ ဒီဇင်ဘာလ ၂၁ ရက်)
(လေးစွဲယောက်ျားရုပ်)

သင်၏ကျွမ်းကျင်လိမ္မာမှုသည် ထူးခြားစွာတိုးတက်လာ၍ အံ့သြစရာကောင်းနေပါမည်။ သို့ရာတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ ငွေကြေးတွင် အခက်အခဲများ ရှိမည်ဖြစ်သော်လည်း သင်နှင့်တွဲဖက်ပါတနာမှ ကူညီထောက်ပံ့ပေးပါလိမ့်မည်။ ၁၁ ရက်နေ့ကျော်လျှင် ချစ်မေတ္တာရေး ကောင်းမွန်[illegible]မည်။ ဗုဒ္ဓဟူးဂြိုဟ်မှ သင်၏လူမှု ဆက်ဆံရေးဘဝကို ကူညီပေးပါမည်။ ကျန်းမာရေး အထူးကောင်းမွန်နေပါမည်။

Capricorn မကာရ ရာသီဖွား
(ဒီဇင်ဘာလ ၂၂ ရက် မှ ဇန်နဝါရီလ ၁၉ ရက်)
(ဆိတ်ရုပ်)

သင်၏ဘဝ ကြီးပွားချမ်းသာခြင်းမှာ အခြားသူများ၏ ကျွမ်းကျင်မှု တိုးတက်ရေးအပေါ် တည်မှီနေလေသည်။ ငွေကြေးတိုးပွားမှု နှေးကွေးပြီး သင့်ဇနီး/ခင်ပွန်း၏ ထောက်ကူပေးမှု လိုအပ်လေသည်။ အိမ်ထောင်ရေးဘဝသည် အန္တရာယ်မကင်းရှိနေပြီး တစ်ကိုယ်တည်းသမားများသည် ချစ်မေတ္တာရေး ကောင်းမွန်သည်။ သင်၏ရုပ်ခန္ဓာ ကျန်းမာရေးအတွက် စိတ်ဓာတ်ရေးရာ ကောင်းမွန်စေခြင်းဖြင့် ဆောင်ကြဉ်းပေးနိုင်ပါလိမ့်မည်။

Aquarius ကုံရာသီဖွား
(ဇန်နဝါရီလ ၂၀ ရက် မှ ဖေဖော်ဝါရီလ ၁၈ ရက်)
(ရေထမ်းယောက်ျားရုပ်)

သင့်ဘဝသည် ကျွမ်းကျင်သောစွမ်းအားဖြင့် ပျော်ရွှင်ချမ်းမြေ့မှုရရှိမည်။ ချစ်မေတ္တာရေးတွင် လုံ့လဝီရိယစိုက် ရန်လိုအပ်ပြီး မေတ္တာစစ်ကို ရရှိနိုင်ပါသည်။ တစ်ကိုယ်တည်းသမားများအနေဖြင့် ချစ်ခင်ရမည့်လက်တွဲဖော်ကို အလွယ်တကူရရှိနိုင်မည်။ ငွေကြေးချမ်းသာရေးတွင် အတားအဆီး အခက်အခဲများကြုံမည်။ ဝင်ငွေထွက်ငွေ မလုံလောက်ဘဲရှိမည်။ တစ်လလုံးလိုလို ကျန်းမာရေးကောင်းနေမည်။

Pisces မိန်ရာသီဖွား
(ဖေဖော်ဝါရီလ ၁၉ ရက် မှ မတ်လ ၂၀ ရက်)
(ငါးနှစ်ကောင်ရုပ်)



သင်၏သက်မွေးမှုဘဝသည် ဗျာများရလိမ့်မည်။ ငွေကြေးတိုးပွားရေးတွင် လူမှုဆက်ဆံရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ တစ်ကိုယ်တည်းသမားများအား ကြင်ဖော်တွေ့ရန် မိသားစုမှ ရှာဖွေပေးပါလိမ့်မည်။ ကျန်းမာရေးတွင် စိတ်ခံစားမှု နည်းစနစ်များ၏ ထောက်ကူပေးမှု အထူးလိုအပ်သည်။

ဦးတိုး(တက္ကသိုလ)

Reference; BRR Post, 8th January 2018 မှ Daisy ၏ Horoscope.

www.burmeseclassic.com

www.burmeseclassic.com

မြေလျှင်ကာကွယ်နိုင်သော
ဂါထာတော်မြတ်



ယောဒေတိ ဒေဝ ဒေဝေါဂ္ဂံ ဓမ္မံ

မဂ္ဂဖလံဒဒေါ နမာမိတံ အရဟံ မဂ္ဂ

နော သော ပါလေတုပါတု ရဟော

ဤဂါထာတော်မြတ်အား အာဂုံလည်းအမြဲဆောင်၊ မိမိနေအိမ်၏မြင့်သော၊ မြတ်သော နေရာ၌လည်း ကပ်ထားပါက အထူးသင့်လျော်ပါသည်။

ကျိုးပြုဓာတ်နန်းခွဲ သာသနာပြုစခန်း

(နေလကျာနယ်၊ ၁၃၆၆ ခုနှစ်၊ နတ်တော်လဆုတ် ၁၂ ရက်)

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံနှင့် မြေလျှင်

■ ကိုမောင်သန်းဝင်း

ကျမ်းစာပေတွင် မြေလျှင်

မြေလျှင်လှုပ်ခြင်းရဲ့ အကြောင်းတရားကို စာပေကျမ်းဂန်တို့တွင် ပြဆိုထားသည်။

အထကထာလာ မြေလျှင်လှုပ်ခြင်းအကြောင်း ရှစ်ပါးပြဆိုထားသည်။

(၁) ဗုဒ္ဓလောင်းဖွားကြွက်တော်မူသောအခါ၊
(၂) ဗောဓိမဏ္ဍိုင်သို့ ကပ်တော်မူသောအခါ၊
(၃) ပံ့သကူသက်န်း ကောက်တော်မူသောအခါ၊
(၄) ပံ့သကူသက်န်းကို လျှော်တော်မူသောအခါ၊
(၅) ကာလကာရာမသုတ်ကို ဟောတော်မူသောအခါ၊
(၆) ဂေါတမကသုတ်သို ဟောတော်မူသောအခါ၊
(၇) ဝေဿန္တရာဇာတ်တော်ကို ဟောတော်မူသောအခါ၊
(၈) ပြဟ္မဇာလသုတ်ကို ဟောတော်မူသောအခါ လှုပ်သည်ဟု လာရှိသည်။

ဘူမိစာလသုတ်ပါဠိတော် မဟာပရိဗ္ဗာနသုတ် ပါဠိတော်လာ မြေလျှင်လှုပ်ခြင်းအကြောင်း ရှစ်ပါး ပြဆိုထားသည်မှာ -

(၁) ဤကမ္ဘာကြီးကို ပင့်မ,ထားသော လေထုကြီးအတွင်း ဥက္ကကဆုပ်သော လေစာတ်ချောက်ချား ပျက်စီးသောအခါ၊

(၂) စျာန်အဘိညာဉ်နှင့် ပြည့်စုံသော တန်ခိုးသိဒ္ဓိရှိသော ရသေ့၊ ရဟန်း၊ သူတော်စင်၊ နတ်၊ ပြဟ္မာ စသည်တို့သည် ပထဝီကသိုဏ်းကို အနည်းငယ်မျှ ပွားပြီး အာပေါကသိုဏ်းကို များစွာပွားစေပြီးလျှင် ဤပထဝီမြေကို တုန်လှုပ်စေသည်။

(၃) မှ (၈) အထိသည်ကား ဗုဒ္ဓဂေါတမရှင်တော်မြတ်၏ ပဋိသန္ဓေဖွားသည်မှ ပရိနိဗ္ဗာန် စံဝင်တော်မူသည့်အချိန်အထိ ဗုဒ္ဓရှင်တော်မြတ်၏ ဘုန်းတန်ခိုးအာနုဘော်တော်ကြောင့် မြေလျှင်လှုပ်သည်ဟု လာရှိသည်။

ဝါရာဟာသံဟိတာ အစရှိ လောကီသသ်ကရိက်ကျမ်းတွင်လည်း မြေလျှင်လှုပ်ခတ်ခြင်းကို ဝါဒလေးမျိုးခွဲခြားပြထားပါသည်။ အောက်ပါအတိုင်း ဖြစ်သည်။

(၁) သမုဒ္ဒရာအတွင်း၌ အုံ့ဖွယ်ရစ်ရပ်ရှိသည့်အနက် အလွန်ကြီးမားလှသော ငါးကြီးမျိုးတွေ ရှိနေကြောင်း။ ထိုသမုဒ္ဒရာအတွင်းရှိ ငါးကြီးမျိုးတို့ မြူးထူးကြခြင်းကြောင့် ရေလှိုင်းတံပိုးကြီးများ ဖြစ်ပေါ်သည်။ ရေလှိုင်းတံပိုး ကြီးစွာဖြစ်ခြင်းကြောင့် မြေလျှင်လှုပ်သည်။

(၂) ဤမဟာပထဝီမြေကြီးကို စောင့်ရှောက်ကုန်သော ဆင်ကြီးရှစ်စီး ရှိသည်။ ရောဝဏ်၊ ပုဏ္ဍရိက၊ ဝါမန၊ ကုမုဒ၊ အဉ္စန၊ သဗ္ဗဘုမ္မ၊ သုပ္ပတိက စသည့် ဆင်ကြီးတွေသည် အရှေ့အရပ်ကစ၍ အရှေ့မြောက်အရပ်အထိ တစ်ရပ်စီ အစိုးရသည်။ ထိုဆင်ကြီးတွေသည် အလွန်လေးလံလှသည့် မဟာပထဝီမြေကြီးကို ထမ်းထားရသည်။ ဆင်ကြီးတွေသည် ခဏတစ်ဖြုတ် လှုပ်မိသည်နှင့် မြေလျှင်လှုပ်ခတ်လေ့ရှိသည်။

(၃) လေပြင်းစွာတိုက်ခတ်ခြင်းကြောင့် မြေလျှင်လှုပ်သည်။

(၄) တစ်စုံတစ်ယောက်သောသူမျှ မသိနိုင်စွမ်းသော အကြောင်းချင်းရာတစ်မျိုးကြောင့်လည်း မြေလျှင်လှုပ်ခတ်သည်ဟူ၍ ရှိပေ၏။

သိပ္ပံပညာရှင်တို့၏အလို

သိပ္ပံပညာရှင်တို့၏ အလိုအရ မြေလျှင်လှုပ်ခတ်ခြင်းဟူသည် အချို့သော သမုဒ္ဒရာအောက် မြေလွှာကြီး

www.burmeseclassic.com

www.burmeseclassic.com

မြင်များက ကုန်းမြေလွှာများအောက်သို့ တိုးဝှေ့ဝင်ရောက်ခြင်းကြောင့်လည်းကောင်း၊ မြေလွှာအချင်းချင်း ကြိတ်နယ်ခြင်းကြောင့်လည်းကောင်း၊ တိုက်ကြီးများအချင်းချင်း ဆက်နွယ်နေကြခြင်းကြောင့်လည်း မြေငလျင်လှုပ်ခတ်ခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။

ကမ္ဘာနှင့်အဝန်း မြေငလျင်တိုင်းတာရေးစခန်းအသီးသီးမှ တိုင်းတာရရှိခဲ့သော ငလျင်လှုပ်ရှားမှုများသည် နှစ်စဉ်ငလျင်ကြီး၊ ငလျင်ငယ်အကြိမ်ပေါင်း ၅၀၀၀ ခန့်ရှိကြောင်း၊ ရစ်တာစကေး ပြင်းအား (၅)ကျော်ပြီး လူဦးရေထောင်သောင်းချီကာ သေကျေပျက်စီးစေသော ငလျင်ကြီးများက နှစ်စဉ်ပျမ်းမျှ နှစ်ကြိမ်ခန့် လှုပ်လေ့ရှိကြောင်း လေ့လာသိရှိရသည်။

ပညာရှင်တို့အဆိုအရ ဤကမ္ဘာမြေသက်တမ်းသည် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် နှစ်သန်းပေါင်း ၁၉၅၆ ခန့်ရှိနေပြီဟူ၏။ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းတို့တွင် သိရှိနိုင်သည့် နောက်ကြောင်းပြန်အကြောင်းအရာများသည် နှစ်ပေါင်း သောင်းဂဏန်းမျှပင် မရှိဟု ဆိုသည်။

လူသားတို့ သမိုင်းမတင်မီ ကာလကတည်းက ငလျင်ကြီးတွေ အကြိမ်ကြိမ်လှုပ်ခဲ့သည်။ လူသားတို့၏ ယဉ်ကျေးမှု အဆောက်အအုံများ၊ သမိုင်းအမွေအနှစ်များကိုလည်း ငလျင်က ဝါးမျိုဖျက်ဆီးခဲ့သည်မှာလည်း အကြိမ်ကြိမ်ပင်။

မြန်မာနိုင်ငံနှင့် ငလျင်

မြန်မာနိုင်ငံသည် အာရှတိုက်ကြီး၏ အရှေ့တောင်ဘက် ကျွန်းဆွယ်တွင် တည်ရှိသည်။ နိုင်ငံ၏ အနောက်မြောက်ဘက်တွင် ဟိမဝန္တာ စသည့် တောင်တန်းကြီးတွေရှိနေသည်။ ယင်းတောင်တန်းကြီးတွေ၏ ဘူမိအနေအထားသည် တည်ငြိမ်မှုမရှိသေးဘဲ အားနည်းပျော့ပျောင်းသည့် ကမ္ဘာမြေကြီး အပေါ်ယံလွှာများနှင့် ဖွဲ့စည်းထားပါသော ရပ်ဝန်းဒေသကြီးဖြစ်သည်ဟု ပညာရှင်တွေက မှတ်ချက်ပြုထားသည်။

ထိုသည်ကြောင့်လည်း မြေသားတွန့်ခေါက်ရွေ့လျားမှုဖြစ်စဉ်များကြောင့် မကြာခဏ မြေငလျင်လှုပ်ရခြင်းဖြစ်သည်ဟု ဆိုသည်။ ထိုသည့်အပြင် မြန်မာနိုင်ငံ၏ အလယ်ပိုင်း ရပ်ဝန်းဒေသတွင် မီးငြိမ်းတောင်များကို ရှာဖွေတွေ့ရှိခဲ့ရခြင်းကြောင့် ဘူမိဖြစ်စဉ်အရ မီးငြိမ်းတောင်များသည် တွန်းအားကို လျှော့ပါးစေသည့် ထွက်ပေါက်(သဘာဝအဆို့ရှင်)ဖြစ်သည်ဟုလည်း ဆိုပါသည်။

မြန်မာနိုင်ငံတွင် ငလျင်ပြတ်ရွေ့ကြောင်းများ တွေ့ရှိရသည်ဆိုသော်ငြားလည်း ပင်လယ်ငလျင်လှိုင်းကြီးများ၏ ဒဏ်ကို ခံရစေသည့် စိုက်လျှောကျ ပြတ်ရွေ့ကြောင်းမရှိဟု ဆိုသည်။ ထင်ရှားသည့် ငလျင်ပြတ်ရွေ့ကြောင်းများသည် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်နှင့် မင်းဝံတောင်ရိုးနှစ်ခုကြားက ပြတ်ရွေ့ကြောင်းနှင့် ရန်ကုန်၊ ပဲခူးကြားက ပြတ်ရွေ့ကြောင်းပဲ ဖြစ်သည်။

မြန်မာနိုင်ငံသည် အယ်လ်ပိုဒ်(ALPIDE SEISMIC BELT) မြေငလျင်ကြောပေါ်တွင် တည်ရှိနေသော်ငြား မြောက်ပိုင်းဒေသ(တရုတ်ပြည်)လောက် မြေအောက်ငလျင် ဗဟိုချက်က နက်ရှိုင်းမှုမရှိဘဲ တိမ်သည်ဟု ဆို၏။

မြန်မာနိုင်ငံတွင် ငလျင်လှုပ်ခတ်လျှင် အများဆုံးသော ငလျင်တို့သည် တော်လည်းသံ၊ မြည်ဟည်းသံများကြားရလေ့ရှိသည်။ ယင်းသည် ငလျင်ဗဟိုချက်တိမ်၍ဖြစ်သည်ဟူ၏။

မြန်မာ့ငလျင်ရပ်ဝန်းများကို လေ့လာကြည့်သည့်အခါ မြေငလျင်လှုပ်ရှားမှု လမ်းကြောင်းအရ မြေငလျင်ကြောကို သုံးပိုင်းခွဲခြားထားသည်။

ပထမပိုင်းသည် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်က ရခိုင်ရိုးမအတိုင်း ကပ္ပလီပင်လယ်ထဲ ထိုးဆင်း၍သွားသည်။ ဒုတိယပိုင်းသည် ကချင်ပြည်နယ်အထက် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဆင်းသက်လာပြီး ချင်းတွင်းမြစ်ဆုံကနေပြီး စစ်တောင်းမြစ်ထဲ ဖြတ်သန်းကာ မုတ္တမပင်လယ်ကွေ့ထဲသို့ ဆင်းသက်သွားသည်။ တတိယပိုင်းသည် ရှမ်းပြည်နယ်အတွင်း သံလွင်မြစ်ကြောင်းတစ်လျှောက် ဖြစ်သည်။

မြန်မာနိုင်ငံတွင် မြေငလျင်အများဆုံး လှုပ်ခတ်သည့်အရပ်ကနေ အနည်းဆုံးလှုပ်ခတ်သည့်အရပ်တို့ကို

www.burmeseclassic.com

www.burmeseclassic.com

ပညာရှင်များက အစဉ်လိုက် မှတ်တမ်းပြုထားလေရာ - (၁) စစ်ကိုင်းတိုင်းဒေသကြီး၊ (၂) ကချင်ပြည်နယ်၊ (၃) ရှမ်းပြည်နယ်၊ (၄) ချင်းပြည်နယ်၊ (၅) မကွေးတိုင်းဒေသကြီး၊ (၆) ရခိုင်ပြည်နယ်၊ (၇) ဧရာဝတီတိုင်းဒေသကြီး၊ (၈) ပဲခူးတိုင်းဒေသကြီး၊ (၉) မန္တလေးတိုင်းဒေသကြီး၊ (၁၀) ကရင်ပြည်နယ်၊ (၁၁) ကယားပြည်နယ်၊ (၁၂) ရန်ကုန်တိုင်းဒေသကြီးတို့ဖြစ်ကြောင်း သိရှိရသည်။ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့သည် မြေငလျင်ဗဟိုချက်များမရှိသဖြင့် မြေငလျင်လှုပ်ရှားမှုကနေပြီး ကင်းလွတ်သည်ဟု ဆိုသည်။

သမိုင်းဝင် မြေငလျင် ရက်စွဲများ

သမိုင်းဝင် မြေငလျင်များက အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။ (ခရစ်နှစ်ဖြင့် တင်ပြထားပါသည်။)

(၁) ရန်ကုန် - ၁၄၃၆ ၊ ၁၄၉၄
၁၅၆၄ ၊ ၁၆၀၈
၁၆၂၀ ၊ ၁၆၂၈
၁၆၄၄ ၊ ၁၆၄၉
၁၆၅၂ ၊ ၁၆၆၁
၁၇၆၈ ၊ ၁၈၈၈
၁၉၁၉ ၊ ၁၉၂၁
၁၉၂၇ ၊ ၁၉၃၀
၁၉၇၀

(၂) ပဲခူး - ၁၅၈၈ ၊ ၁၅၉၀
၁၇၅၇ ၊ ၁၉၁၁
၁၉၁၇ ၊ ၁၉၃၀

(၃) ပြည် - ၁၈၃၇ ၊ ၁၈၅၈

(၄) ပုဂံ - ၉၈၆ ၊ ၁၁၇၄ မှ ၁၂၁၁ ကြား
၁၂၈၆ ၊ ၁၂၉၈
၁၃၈၀ ၊ ၁၅၅၀
၁၅၈၀ ၊ ၁၆၄၄
၁၆၈၈ ၊ ၁၇၄၄
၁၇၄၅ ၊ ၁၇၆၃
၁၇၆၆ ၊ ၁၇၇၇
၁၈၃၆ ၊ ၁၈၃၈
၁၉၆၅ ၊ ၁၉၇၅

(၅) အင်းဝ - ၁၄၂၉ ၊ ၁၄၆၇
၁၅၁၁ ၊ ၁၆၂၁
၁၆၄၄ ၊ ၁၆၄၆
၁၆၄၈ ၊ ၁၆၆၁
၁၆၉၀ ၊ ၁၆၉၆
၁၇၁၄ ၊ ၁၇၆၂
၁၇၇၁ ၊ ၁၇၇၆
၁၈၆၀ ၊ ၁၈၃၉

(၆) အမရပူရ - ၁၈၁၂ ၊ ၁၈၃၉
၁၈၄၃ ၊ ၁၈၄၆
၁၈၅၆

(၇) စစ်ကိုင်း - ၁၄၈၅ ၊ ၁၉၅၆

(၈) မန္တလေး - ၁၈၅၈ ၊ ၁၈၇၀
၁၈၇၁ ၊ ၁၈၈၁
၁၉၄၆

မြန်မာ့ငလျင်သမိုင်းကို လေ့လာသည့်အခါ အများဆုံး တွေ့ရှိရသည်မှာ နိုင်ငံအနှံ့ ကျော်ကြားထင်ရှားသည့် တန်ခိုးကြီးစေတီပုထိုးများ၏ သမိုင်းတွေကို လေ့လာရသည်။ အဆိုပါ တန်ခိုးကြီးစေတီပုထိုးများသည် ငလျင်ဒဏ်ကြောင့် အကြိမ်ကြိမ်ပြိုကျလိုက်၊ ပြုပြင်လိုက်ဖြစ်စဉ်များအကြောင်းသည် အဓိကဖြစ်သည်။ အထက်ဖော်ပြပါ ခုနှစ်၊ ရက်စွဲများသည် ဘုရားစေတီ ပြိုကျပျက်စီးခဲ့မှု၊ ပြုပြင်မှု ရက်စွဲများ ဖြစ်သည်။

မြန်မာ့ငလျင်များသည် နှစ်စဉ် မြေငလျင်လှုပ်မှု (၁၀)ကြိမ်ခန့်ရှိရာ အင်အားပြင်းမှု နည်းပါးသည်။ အနှစ် ၁၀၀ ကာလအတွင်း ပြောစမှတ်ကျန်ခဲ့သည့် ငလျင်တွေက ၁၉၃၀ ပဲခူးငလျင်ကြီး၊ ၁၉၅၆ စစ်ကိုင်းငလျင်နှင့် ၁၉၇၅ ခုနှစ် ပုဂံငလျင်ကြီးတို့ပဲ ဖြစ်သည်။

ကိုမောင်သန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com

ဘုရားစေတီသမိုင်းနှင့် မြန်မာ့ငလျင်

ကိုမောင်သန်းဝင်း

မြန်မာတို့၏ ငလျင်သမိုင်းကြောင်းကို ပြန်လည်ငဲ့စောင်းကြည့်မည်ဆိုပါက အများဆုံးတွေ့မြင်သိရှိနိုင်သည်မှာ နိုင်ငံအနှံ့ ထင်ရှားကျော်ကြားသည့် တန်ခိုးကြီးဘုရားများ သမိုင်းဝင်ဖြစ်သည်။

နိုင်ငံအနှံ့ ထင်ရှားကျော်ကြားသည့် တန်ခိုးကြီးဘုရားများ၏ သမိုင်းမှာကား အကြိမ်ကြိမ်ပြိုကျ၊ အကြိမ်ကြိမ်ပြန်လည် ပြုပြင်နေရခြင်းတို့၏ အဓိက အကြောင်းရင်းမှာ မြေငလျင်ကြီးများ၏ဒဏ်ကို ခံခဲ့ကြရခြင်းကြောင့်ဖြစ်ပါသည်။

ရန်ကုန် မြေငလျင်သမိုင်းနှင့် ရွှေတိဂုံစေတီ

နိုင်ငံတော်၏ အထင်ကရ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ရန်ကုန်မြို့တော်တွင် တည်ရှိနေခြင်းကြောင့် ရန်ကုန်မြေငလျင်လှုပ်သည်နှင့် ရွှေတိဂုံစေတီတော်ကြီးသည်လည်း ထိခိုက်ပျက်စီးခဲ့ရလေ၏။ ရွှေတိဂုံစေတီတော် ထိခိုက်ပျက်စီးခဲ့ရမှုတွေသည်လည်း ရန်ကုန်မြေငလျင်သမိုင်းပါတည်း။

ရွှေတိဂုံစေတီတော်ကြီးကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် စတင်တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ရာ သက်တမ်း ၂၅၀၀ ကျော်နေပေပြီ။ သို့သော်ငြား စေတီတော်ကြီး၏ ခိုင်လုံသော သမိုင်းမှတ်တမ်းအဖြစ်အပျက်များသည်ကို ခရစ်နှစ် ၁၃၇၂ ခုနှစ်၊ ဘုရင်ဗညားဦးလက်ထက်မှ စတင်ခဲ့ခြင်း ဖြစ်သည်ဟု လေ့လာသိရှိရသည်။

ခရစ်နှစ် ၁၃၄၆ ခုနှစ် ဗညားရံမင်းလက်ထက်တွင် ငလျင်လှုပ်ခဲ့သဖြင့် ရွှေတိဂုံစေတီတော်ကြီးသည် ခေါင်းလောင်းပခုံးထက်ကစပြီး ပြိုကျပျက်စီးခဲ့သည်။ ဗညားရံမင်းဦးဆောင်ကာ စေတီဟောင်းကိုငုံလျက် စေတီကြီးတည်ထားခဲ့သည်။

၁၄၉၄ ခုနှစ် ဗညားရံမင်းလက်ထက်မှာပင် ငလျင်လှုပ်၊ လေပြင်းတိုက်မှုကြောင့် ထီးတော်သည် အနောက်မြောက်အရပ်ဆီ တစ်တိုင်ကွာလောက်အထိ ပြုတ်ကျပြန်လေရာ ဗညားရံမင်းက ပြန်လည်ပြင်ဆင်ပြီး စေတီရံ ၄၈ ဆူကိုပါ တည်ခဲ့ပါသည်။

ခရစ်နှစ် ၁၅၆၄ ခုနှစ်တွင် ငလျင်ကြီး ပြင်းစွာလှုပ်ခတ်ခဲ့ရာ ရွှေတိဂုံစေတီတော်ကြီးသည် အားလုံးနီးပါး ပြိုကျပျက်စီးခဲ့သည်။ သို့ဖြစ်၍ ခရစ်နှစ် ၁၅၇၂ ခုနှစ်အတွင်း ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းတရားကြီးက အသစ်တစ်ဖန် ပြန်လည်ပြင်ဆင်ခဲ့သည်။

၁၆၀၈ ခုနှစ်တွင် ငလျင်ကြီးလှုပ်ခတ်ခဲ့ရာ ရွှေတိဂုံစေတီတော်၏ ချရားသီး ခေါင်းလောင်းဖောင်းမ အကုန်မြေခကာ ခေါင်းလောင်းငုံးတိသာကျန်ခဲ့သည်။ အဂ်ဗုတ်ဆရာတော်နှင့် လစေးဆရာတော်များ ဦးစီးဦးရွက်ပြုကာ ၁၆၁၀ ခုနှစ်တွင် ပြင်ဆင်တည်ထားခဲ့ပါသည်။

ဆယ်နှစ်အကြာ ၁၆၂၀ ခုနှစ်၊ နှိုဝင်ဘာလတွင် ငလျင်လှုပ်ပြန်ခြင်းကြောင့် စေတီတော်ကြီးအပေါ်ပိုင်း ပြိုကျပျက်စီးခဲ့သည်။ ၁၆၂၂ ခုနှစ်၊ မတ်လတွင် အနောက်ဘက်လွန်မင်းကြီးက စေတီတော်ကြီးကို ပြင်ဆင်ခဲ့ပြီး အရှေ့တောင်နှင့် အရှေ့မြောက် အုတ်တံတိုင်းများပါ လှူဒါန်းခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၆၂၈ ခုနှစ်တွင် ငလျင်ဒဏ်ကြောင့်ပင် စေတီတော်ကြီး၏ နေရာအချို့ အက်ကွဲပျက်စီးခဲ့သည်။ မင်းရဲဒိဗ္ဗက ပြင်ဆင်လှူဒါန်းခဲ့သည်။

၁၆၄၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက် နေဝင်ချိန်တွင် ငလျင်လှုပ်ခတ်ခဲ့သည်။ ငလျင်ဒဏ်ကြောင့် ရွှေတိဂုံစေတီ ထီးတော်ကြီး မြေခခဲ့သည်။ သာလွန်မင်းက ပြင်ဆင်တင်လှူခဲ့ရသည်။

၁၆၄၉ ခုနှစ် ငလျင်ကြောင့် ထီးတော်စောင်းကာ ရင်ပြင်နေရာအချို့ ပျက်စီးခဲ့လေရာ ပင်းတလဲမင်းက ပြင်ဆင်ခဲ့သည်။

၁၆၅၂ ခုနှစ်၊ မေလ ငလျင်ဒဏ်ကြောင့် ထီးတော် မြေခခဲ့ရပြန်သည်။ ရွှေတိဂုံထီးတော်ကို ပဲခူးမြို့တွင် ပြင်ဆင်မွမ်းမံပြီး ပင်းတလဲမင်းလက်ထက်တော်မှာပင် ပြန်လည်တင်လှူခဲ့သည်။

၁၆၆၁ ခုနှစ်တွင် ငလျင်လှုပ်ခတ်၊ လေပြင်းတိုက်ခတ်ခြင်းကြောင့် ထီးတော်သုံးဆင့်မြေခကာ နေရာအချို့ ပြိုကျခဲ့ရသည်။ ထီးတော်ကို နှစ်နှစ်ကြာအောင် အင်းဝကို ယူဆောင်ပြင်ဆင်ပြီး ပြည်မင်းလက်ထက်တွင် တင်လှူခဲ့သည်။

၁၆၆၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ငလျင်လှုပ်ခတ်မှုမှာ အလွန်ပြင်းလှသည်။ ထီးတော်မြေခသည့်အပြင် စေတီတော်ကြီး အထက်ပိုင်းပါ အရှေ့ဘက်ရင်ပြင်တော်ကို ပြိုကျပျက်စီးခဲ့သည်။ ပုဏ္ဏားတိုင်ကျိုးကာ ခေါင်းလောင်းပုံအနောက်နား ထိပ်ပိုင်းကိုကျခဲ့သည်။ ထီးတော်သည် အနောက်မြောက်ဘက်ရင်ပြင်ထိ ပြုတ်ကျပြီး စိန်ဖူးတော်ကား ဆိုင်းကြိုးနှင့်အတူ တွဲလောင်းဖြစ်နေခဲ့သည်။

ငှက်ပျောဖူးက အင်္ဂတေများပြိုကျသည်။ ကြာဖူးက ကြာဖတ်သုံးခု ကွာကာ မြောက်ဘက်ကြာဖူးများက အုတ်များပါ ပြိုကျခဲ့သည်။ ဆိုင်းကြိုးများပြတ်ပြီး ခေါင်းလောင်းပုံပါ မြေသို့ခလျက် အဝေးသို့ လွင့်စင်ခဲ့သည်။ သုံးနှစ်ကြာသည့်အထိ ပြင်ဆင်ခဲ့ရပြီး ၁၆၆၇ ခုနှစ်၊ မေလတွင် ထီးတော်သစ် တင်လှူခဲ့ကြသည်။

၁၆၇၉ ခုနှစ်၊ နိုဝင်ဘာလ ငလျင်လှုပ်ခတ်ခဲ့လေရာ စေတီတော်ကြီး၏ နေရာအချို့ အနည်းငယ်ပျက်စီးခဲ့သည်။ အင်းဝက မင်းရဲကျော်ထင် ဦးဆောင်ကာ ပြင်ဆင်ခဲ့သည်။

၁၇၆၈ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ငလျင်ကြီး လှုပ်ခတ်သည်။ စေတီတော်ကြီးသည် ဆတ်သွားဖူးကစပြီး ပထမဖောင်းရစ်ထိ ပြိုကျခဲ့သည်။ ထီးတော်သည်လည်း မြေခခဲ့ရသည်။ ဆင်ဖြူရှင်မင်းက ပြင်ဆင်လှူဒါန်းခဲ့သည်မှာ ခြောက်နှစ်မျှကြာခဲ့ပြီး ၁၇၇၅ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ထီးတော်ပြန်တင် လှူဒါန်းခဲ့ပါသည်။

၁၈၈၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် ညသန်းခေါင်ယံခန့်တွင် လှုပ်ခဲ့သော ငလျင်ကြောင့် ဆင်ဖြူမင်းကောင်းမှုဖြစ်သည်။ ထီးတော် ဆတ်သွားဖူးအထက် ပိန္နဲတိုင်ကျိုးကျခဲ့ပြီး စိန်ဖူးတော် မြေခခဲ့ရပြန်သည်။

ရွှေ၏အထက် ကြာလန်နေရာတွင် အင်္ဂတေများ ကွာကျပျက်စီးခဲ့သည်။ နောင်တော်ကြီးစေတီ ချရားသီးအောက် ကြာမှောက်ကြာလန်အထိ အကုန်ပျက်စီးကာ ပြုတ်ကျကုန်၏။ ၁၈၈၉ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ထီးတော်သစ် ပြန်တင်ပြီးစီးခဲ့သည်။

၁၉၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ အချိန်တွင် လှုတ်ခတ်ခဲ့သော ငလျင်ကြောင့် ရွှေတိဂုံစေတီတော်ကြီး၏ ပိန္နဲတိုင် ယိုင်သွားပြီး နေရာအချို့ အက်ကွဲခဲ့လေရာ ၁၉၂၀ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ပြင်ဆင်ပြီးစီးခဲ့သည်။

၁၉၃၀ ပြည့်နှစ်မှာ လှုပ်ခတ်ခဲ့သည့် ငလျင်သည် လူ ၁၀၀ ကျော်သေဆုံးခဲ့ရပြီး အခြားသာသနိက အဆောက်အအုံများပါ ပြိုကျပျက်စီးခဲ့ရသည့်အပြင် မိုင် ၅၀ ဝေးကွာလှမ်းသည့် ရန်ကုန်မြို့ကိုပါ ရိုက်ခတ်သွားခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

၁၉၂၇ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့ နေ့လယ် ၁၂ နာရီ ၄၇ မိနစ်နှင့် ညနေ ၄ နာရီ ၂၅ မိနစ်အချိန်တို့တွင် ငလျင်ကြီး သုံးကြိမ်လှုပ်ခတ်ခဲ့သည်။ စေတီတော်ကြီး သိပ်မထိခိုက်သော်ငြားလည်း ခေါင်းလောင်းများပြုတ်ကျပြီး စေတီရံများ အက်ကွဲပျက်စီးခဲ့သည်။

၁၉၃၀ ပြည့်၊ မေလ ၅ ရက်နေ့ ညဘက်အချိန်လှုတ်ခတ်ခဲ့သော သမိုင်းဝင် ပဲခူးငလျင်ကြီး၏ဒဏ်ကြောင့် ထီးတော်အထက်ပိုင်းပျက်စီးကာ ငှက်မြတ်နားတော် ယိုင်သွားသည်။ စိန်ဖူးတော်များ ရင်ပြင်အထိ ပြုတ်ကျခဲ့သည်။ ၁၉၃၁ ခုနှစ်၊ ဧပြီလမှာ ပြန်ပြီးတင်လှူပြီးစီးခဲ့သည်။

၁၉၇၀ ပြည့်နှစ်၊ စက်တင်ဘာလ ၅ ရက်နေ့နှင့် ၉ ရက်နေ့များတွင် ငလျင်တစ်ကြိမ်စီ လှုပ်သည်။ ၆ ရက်နေ့က အနည်းငယ် ပြင်းထန်သည်။ ရွှေတိဂုံစေတီတော် ပိန္နဲတိုင်သည် အနောက်မြောက်ဘက် ရာဟုထောင့်ဆီသို့ စောင်းငဲ့သွားသည်။ စောင်း၍သွားသောနေရာမှာ ဖွန်လော်ဘုံအထက် ဒုတိယဘုံဆင့်နေရာဖြစ်ပြီး ဆည်းလည်းများ ပြုတ်ကျကာ ရွှေပြားများကွာကျခဲ့သည်။

ပဲခူးမြေငလျင်သမိုင်းနှင့် ရွှေမော်ဓောစေတီ

ပဲခူးမြို့၏ ငလျင်မှတ်တမ်းကို ရွှေမော်ဓောစေတီကြီး၏ သမိုင်းကနေတစ်ဆင့် သိရသည်။ မြန်မာသက္ကရာဇ် ၂၃၀ ခုနှစ်၊ မဟာသာရာဇာမင်းလက်ထက် ငလျင်လှုပ်ခတ်ခဲ့ရာ မူလ ရွှေမော်ဓောစေတီသည် အလုံးစုံပြိုကျပျက်စီးသွားခဲ့သည်။ ယင်းကို ၇၅ တောင်အရွယ်အထိ ဉာဏ်တော်မြှင့်ကာ စေတီသစ်တည်ထားခဲ့ကြပါသည်။

၁၇၅၇ ခုနှစ်တွင် ပဲခူးငလျင်ကြောင့် ရွှေမော်ဓောစေတီတော်ကြီးသည် ခေါင်းလောင်းပုံအထိ ပြိုကျပျက်စီးသွားခဲ့သည်။ အုတ်ပုံဘဝနှင့် နှစ်သုံးဆယ်ခန့်ကြာအောင် ရှိနေခဲ့ပြီး ဘိုးတော်မင်းက လာရောက်မြှုပြင်ခဲ့သည်။ နှစ်နှစ်ကြာသည်အထိတိုင် ပြင်ဆင်ကာ ၁၇၉၉ ခုနှစ်တွင် ထီးတော်သစ် တင်လှူခဲ့ပါသည်။

၁၉၁၁ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း လှုပ်ခတ်ခဲ့သော ငလျင်ကြောင့်လည်း ရွှေမော်ဓောစေတီတော်၏ ဆတ်သွားဖူးအထက်မှနေပြီး ကျိုးကျပျက်စီးခဲ့ရပြန်သည်။

၁၉၁၇ ခုနှစ်တွင် ငလျင်လှုပ်ခတ်ပြန်သည်။ ခေါင်း

ရွှေဆံတော်စေတီကြီး ခေါင်းလောင်းပုံ ပန်းမှောက်အပေါ်ပိုင်း တစ်ခုလုံး ပြိုကျပျက်စီးသွားခဲ့ပါသည်။ မြို့သူမြို့သားများသည် စေတီပျက်အုတ်ပုံကြီးကိုကြည့်ကာ ဝမ်းနည်းစွာ ငိုကြွေးကြလေ၏။

လောင်းပုံအထိ ပြိုကျပျက်စီးခဲ့သည်။ ငလျင်ဒဏ် နှစ်ကြိမ်မျှခံခဲ့ရပြီးသော ရွှေမော်ဓောစေတီကြီးကို ပြန်လည်ပြင်ဆင်ခဲ့ရာ ဉာဏ်တော် ၂၀၂ တောင်၊ ၂ မိုက်အထိ မြှင့်တင်ကာ တည်ထားခဲ့ကြသည်။

၁၉၃၀ ပြည့်နှစ် ပဲခူးငလျင်ကြီးကိုတော့ သိမီသူတွေ ရှိနေဦးမည် ထင်သည်။ ပြင်းအား လွန်စွာရှိတာမို့ ရွှေမော်ဓောစေတီတော်ကြီးသည် ပထမပစ္စယာအထိ ပြိုကျပျက်စီးသွားခဲ့သည်။ ၁၇ နှစ်ကြာသည့်တိုင်အောင် နိုင်ငံတော်အစိုးရက ဦးဆောင်ဦးရွက်ပြုကာ ပြင်ဆင်ပေးခဲ့ရပြီး စေတီတော်ကြီး၏ ဉာဏ်တော်ကို ၂၁၇ တောင်ထိ မြှင့်တင်ပေးခဲ့ပါသည်။ ၁၉၅၄ ခုနှစ် ကောဇာသက္ကရာဇ် ၁၃၁၅ ခုနှစ်၊ တန်ခူးလပြည့်နေ့မှာ ထီးတော်သစ် တင်လှူခဲ့ပါသည်။

၁၉၃၀ ပြည့်နှစ်မှာ လှုပ်ခတ်ခဲ့သည့် ငလျင်သည် လူ ၁၀၀ ကျော် သေဆုံးခဲ့ရပြီး အခြားသာသနိကအဆောက်အအုံများပါ ပြိုကျပျက်စီးခဲ့ရသည့်အပြင် မိုင် ၅၀ ဝေးကွာလှမ်းသည့် ရန်ကုန်မြို့ကိုပါ ရိုက်ခတ်သွားခဲ့လေ၏။

ပြည်မြို့ငလျင်သမိုင်းနှင့် ရွှေဆံတော်စေတီ

မြန်မာ့သမိုင်းတွင် သရေခေတ္တရာဟု ထင်ရှားခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com

သော ပြည်မြို့မှာကား အထင်ရှားဆုံးစေတီတော်သည် ရွှေဆံတော်စေတီပင် ဖြစ်သည်။

ပြည်မြို့ ရွှေဆံတော်ဘုရားသည် ဆံတော်လေးဆူ၊ မွေရှင်တော်ရှစ်ဆူ၊ ကကုသန်ဘုရား၊ အကောက်ရုံဘုရား၊ သဿပဘုရား သုံးဆူတို့၏ ဒုကုဋ်တော် အံသကိုဋ်တော်၊ ခါးပန်းကြိုးတော်တို့ကို ဌာပနာထားသည့် တစ်ဆိုးကြီးဘုရား ဖြစ်သည်။

သာသနာတော်နှစ် ၁၂၆ ခုနှစ်၊ နတ်တော်လပြည့်နေ့တွင် သရေခေတ္တရာမြို့တည်နန်းတည် ဒွတ္တပေါင်မင်းတရားကြီးက မူလစေတီငယ်လေးကိုငုံကာ ထည်ဝါကြီးမားတင့်တယ်သော စေတီတော်မြတ်ကြီးအဖြစ် တည်ထားခဲ့ခြင်း ဖြစ်သည်။

ခရစ်နှစ် ၁၈၃၇ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁ ရက် ညဥ့်သန်းခေါင်ကျော် စက်နာရီ တစ်ချက်တီးခန့်အချိန်တွင် ငလျင်ကြီးတစ်ခု ပြည်မြို့တွင် လှုပ်ခတ်ခဲ့သည်။ ပြည်မြို့ရှိ ဘုရားစေတီအတော်များများ ပြိုကျခဲ့သလို သုဒဿနတောင်ပေါ် တည်ထားသည့် ရွှေဆံတော်စေတီကြီးရှိ ငှက်မြတ်နားတိုင်သည် သံတိုင်ပါပြုတ်ပြီး ပစ္စယာအပေါ် ငှက်ပျောဖူးသည် တောင်မျက်နှာရွှဲလုံးအထိ ကွဲအက်ပျက်စီးခဲ့သည်။

၁၈၈၅ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၂၀ ခုနှစ်၊ ဝါခေါင်လပြည့်၊ အင်္ဂါနေ့ ညနေ ၃ နာရီခန့် (နယ်ချဲ့တို့ အောက် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီး ရှစ်နှစ်အကြာ)တွင် ငလျင်ကြီးတစ်ခု ပြည်မြို့တွင် လှုပ်ခတ်ခဲ့ပြန်သည်။ ရွှေဆံတော်စေတီကြီး ခေါင်းလောင်းပုံ ပန်းမှောက်အပေါ်ပိုင်း တစ်ခုလုံး ပြိုကျပျက်စီးသွားခဲ့ပါသည်။ မြို့သူမြို့သားများသည် စေတီပျက်အုတ်ပုံကြီးကိုကြည့်ကာ ဝမ်းနည်းစွာ ငိုကြွေးကြလေ၏။ ပြည်မြို့က ကုန်သည်ကြီးဦးသာရွှဲက ဦးစီးပြီး ပြင်ဆင်ခဲ့ရာ ရတနာပုံနန်းတည် ဘဝရှင်မင်းတုန်းမင်းကြီးက အလှူတော်ငွေ ၂၀၀၀၀ ကျပ် ပေးပို့လှူဒါန်းခဲ့ကြောင်း မှတ်တမ်းပြုထားသည်။

ပုဂံငလျင်များနှင့် သမိုင်းကြောင်း

ပုဂံသည် ဆယ်ရာစုနှစ်မှစပြီး ဆယ့်သုံးရာစုအထိ အနှစ် ၃၀၀ ခန့် ကာလအတွင်း မြန်မာမင်းတို့၏ နေပြည်တော်အဖြစ် အာရှတစ်ခွင် ကျော်စောထင်ရှားခဲ့သည်။

ပုဂံ၏ ရှေးဦးပထမမင်းမှာ သမုတိရာဇခေါ် သမုတိရာဇ်မင်းကား မြန်မာသက္ကရာဇ် ၂၉ ခုနှစ်တွင် နန်းတက်ခဲ့သည်။ ပုဂံငလျင်၏ သမိုင်းကြောင်းကို ရှာဖွေရာတွင် မြန်မာရာဇဝင်များအပြင် ပုဂံဘုရားစေတီများရှိ ကျောက်စာ၊ မင်စာများကိုပါ ကြည့်ရှုလေ့လာရပါသည်။ ဘုရားဟောင်းများ ပြုပြင်ခဲ့ကြရာတွင် ဌာပနာများအတွင်း မှတ်တမ်းပြုထည့်သွင်းထားသည့် ရွှေပေလွှာများကပါ ငလျင်သမိုင်း၏ တစ်စိတ်တစ်ပိုင်းကို ဖော်ထုတ်ပေးခဲ့လေ၏။

ပုဂံမြို့တည်နန်းတည် သမုတိရာဇမင်းလက်ထက်တွင် မင်းဆရာ ရှင်အဖွဂေါဏ မစခဲ့မှုကြောင့် ပုဂံပြည်သူပြည်သားတွေ 'မုဆိုးမတောင်'ဘုရား တည်နိုင်ခဲ့ကြောင်း အဆိုရှိခဲ့ပါသည်။

သမုတိရာဇ၏နောက် ရသေ့ကြောင်မင်းလက်ထက်တွင် ဂူကိုးလုံးတည်ခဲ့ပြီး ပျူစောထီးမင်းလက်ထက်တွင် ကျား၊ ရှူးပျံ၊ ဝက်ကြီး၊ ငှက်ကြီးတို့ကို အောင်မြင်ရာဌာန၊ လေးကိုပေးအပ်ရာဌာန၊ မြားကိုပေးအပ်ရာဌာန၊ ငှက်စာပေးရာ၊ ငှက်တောင်ပစ်ရာ ရှစ်နေရာနှင့် ဖွတ်နေရာ၊ ဖားဝပ်ရာ၊ ပေါက်ပင်ပေါက်ရာ၊ မျိုင်းနားရာ၊ ဘူးပင်ပေါက်ရာ နေရာများတွင် ဂူဘုရားတွေ တည်ခဲ့ကြောင်း သိရသည်။

သည်အစောဆုံးကာလ ပုဂံမင်းများ တည်ခဲ့ပါသော ဂူဘုရားစေတီများသည် သက္ကရာဇ် ၉၂၆ ခုနှစ်၊ သက္ကရာဇ် ၁၁၇၄ ခုနှစ် ဝန်းကျင်ကာလများတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသည်။ အဆက်ဆက် ပြန်တည်ပြင်ဆင်ခဲ့ကြသဖြင့် ဘူးဘုရား၊ ငှက်ပစ်တောင်၊ ကျောင်းတိုင်းအတွင်း ရွှေလေးတောင်၊ ရွှေမြားတောင် စေတီငယ်နှစ်ဆူ၊ ပုဂံမြို့တွင်းက ဘားဂူ၊ မျိုင်းဂူပျက်များသာ ရှာဖွေတွေ့နိုင်ပေတော့သည်။

တွင်းသင်းရာဇဝင်သစ်တွင် ခရစ်နှစ် အေဒီ ၁၁၇၄ မှ ၁၂၁၁ ခုနှစ်အတွင်း ပုဂံတွင် ငလျင်အကြီးအကျယ် လှုပ်ခတ်ခဲ့ကြောင်း ဖော်ပြပါရှိသည်။

၁၂၈၆ ခုနှစ်နှင့် ၁၂၉၈ ခုနှစ်များတွင်လည်း မြေငလျင်လှုပ်ခတ်ခဲ့ကြောင်း သိရှိရပြီး မြင်းကပါရွာအနီး အဂ္ဂတေ့ဘုရား အာရုံခံမုခ်ကုန်းတောင်ဘက်နံရံရှိ မင်စာ သက်သေအရ ခရစ်နှစ် ၁၃၈၀၊ မြန်မာသက္ကရာဇ် ၇၄၂ ခုနှစ်တွင် ပုဂံငလျင်ကြောင့် စေတီဘုရားများ ပြိုကျပျက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

ကြောင်း သိရသည်။ အင်းဝခေတ် မင်းကြီးစွာစော်ကဲ လက်ထက်ဖြစ်သည်။

ပုဂံရွှေဂူကြီးဘုရား အဝင်ဝနားရှိ ကျောက်စာမှာ ခရစ်နှစ် ၁၅၅၀ နှင့် ၁၅၈၀ ခုနှစ်များ (မြန်မာသက္ကရာဇ် ၉၁၂ နှင့် ၉၄၃) တွင် ငလျင်လှုပ်ခတ်မှုကြောင့် ရွှေဂူကြီးဘုရားအထက်ပိုင်း ပြိုကျခဲ့၍ ပြင်ဆင်ခဲ့ရကြောင်း သုတေသီတို့က ဆိုသည်။

ညောင်ဦးရွှေစည်းခုံစေတီကြီး အရှေ့မြောက်ဘက် နှစ်ဖက်မျက်နှာစာ ကျောက်စာအရ အင်းဝဆင်ဖြူရှင်လက်ထက် ခရစ်နှစ် ၁၇၆၃ နှင့် ၁၇၇၆ (မြန်မာသက္ကရာဇ် ၁၁၂၅ နှင့် ၁၁၃၈ ခုနှစ်)တို့တွင် ရွှေစည်းခုံစေတီတော်ကြီး အပေါ်ပိုင်းသည် ငလျင်နှစ်ကြိမ်လှုပ်ခတ်မှုကြောင့် ပြိုကျ၍ ပြင်ဆင်ခဲ့ရကြောင်း သိရှိရသည်။

ရွှေစည်းခုံဘုရားကြီးကို နောက်ဆုံးပြုပြင်စဉ်က ငှက်ပျောဖူးအောက်ဘက် သံပတ်ကြားတွင် ရှာဖွေတွေ့ရှိခဲ့ရသော စာတမ်းအရ ခရစ်နှစ် ၁၇၇၇ (မြန်မာသက္ကရာဇ် ၁၁၃၉ ခုနှစ်) ကုန်းဘောင်ခေတ် စဉ့်ကူးမင်းလက်ထက်တွင် ငလျင်လှုပ်ခတ်၍ ပြင်ဆင်ခဲ့ရကြောင်း သိရှိရသည်။

အာနန္ဒာဘုရားပြုပြင်စဉ်ကလည်း ငှက်ပျောဖူးကြားကွာနေသည့် အင်္ဂတေတွင်းကရသည့် ငွေပေလွှာ ဌာပနာတစ်ခုအရ ရွှေဘိုမင်းလက်ထက် ခရစ်နှစ် ၁၈၃၈ ခုနှစ်၊ မတ်လ ၂၂ ရက် (မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ် နှောင်းတန်ခူးလဆန်း ၇ ရက်)နေ့တွင် ငလျင်ကြီးစွာ လှုပ်ခတ်ခဲ့ကြောင်း သိရှိရသည်။

ပခုက္ကူမြို့ အနောက်တောင်ဘက် မိုင် ၂၀ ခန့်အကွာကို ဗဟိုပြုလျက် အင်အားပြင်းထန်သည့် ငလျင်ကြီးတစ်ခု လှုပ်ခဲ့သည်။ ထိုငလျင်ကြောင့် ရေနံချောင်း စက်ရုံသုံးရုံ ပျက်စီးပြီး ...

၁၈၆၅ ခုနှစ်တွင် အင်အားအသင့်အတင့်ရှိ မြေငလျင်ဒဏ်ကြောင့် အာနန္ဒာဂူဘုရားကြီး ငှက်ပျောဖူးမှ အင်္ဂတေများကွာကျခဲ့ပါသည်။

၁၉၇၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက် နေ့ ညနေ ၆ နာရီ ၃၅ မိနစ်အချိန်တွင် ပခုက္ကူမြို့ အနောက်တောင်ဘက် မိုင် ၂၀ ခန့်အကွာကို ဗဟိုပြုလျက် အင်အားပြင်းထန်သည့် ငလျင်ကြီးတစ်ခု လှုပ်ခဲ့သည်။ ထိုငလျင်ကြောင့် ရေနံချောင်း စက်ရုံသုံးရုံ ပျက်စီးပြီး ပုဂံညောင်ဦးဒေသရှိ စေတီဘုရား၊ ဂူ၊ ကျောင်း ရှစ်ဆယ်ရာနှုန်းခန့် ပြိုကျပျက်စီးခဲ့ကြောင်း သတင်းစာများတွင် ပါရှိခဲ့သည်။

ပုဂံငလျင်ကြောင့် အဆောက်အအုံပေါင်း ၁၃၀ ကျော် ပျက်စီးခဲ့ရာ ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်း အဆောက်အအုံ ၇၂ လုံး ပါဝင်ခဲ့ကြောင်း သိရှိရသည်။

အညာဒေသတစ်ခွင် ငလျင်မှတ်တမ်း

အင်းဝ၊ အမရပူရ၊ စစ်ကိုင်းနှင့် မန္တလေးစသည့် မင်းနေပြည်တော်ဟောင်းများတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ပေါင်းသည် ၂၈ ကြိမ်ထက်မနည်း ရှိခဲ့သည်။

၁၉၅၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့ ည ၉ နာရီ ၄၀ မိနစ်တွင် လှုပ်ခတ်ခဲ့သည့် စစ်ကိုင်းငလျင်သည် ပြင်းအား ရစ်ချ်တာစကေး ၇ ခန့်ရှိသည်။ ဆင်များရှင်စေတီကြီး ပြိုကွဲပျက်စီးခဲ့ရပြီး စေတီဘုရားများစွာ ကွဲအက်ခဲ့ရသည်ဟူ၏။

၁၈၃၉ ခုနှစ်၊ မတ်လ ၂၃ ရက် နေ့ လှုပ်ခတ်သည့် အင်းဝငလျင်ဒဏ်ကြောင့် မင်းကွန်းစေတီကြီး ပြိုကျကွဲအက်ခဲ့ရသည်။

ဤသည်တို့ကား ထင်ရှားကျော်ကြား ဘုရားစေတီသမိုင်းများက ပြောပြခဲ့သော မြန်မာ့ငလျင်များ ဖြစ်ပါသတည်း။

ကိုမောင်သန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



ငလျင်လှုပ်မည့် အကြိုနိမိတ်များ

ဆရာဇီဝအောင်ထွင့်

ငလျင်လှုပ်ခြင်းသည် သဘာဝဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။ အင်အားကြီးမားလျှင် ကြီးမားသလို အဆောက်အအုံများ၊ လူနေအိမ်ခြေတိုက်တာများ၊ သတ္တဝါအပေါင်း၏ အသက်များကို ပျက်စီးဆုံးရှုံးစေ၍ ကြောက်မက်ဖွယ်ကောင်း လှပါသည်။ ခေတ်မီတိုးတက်သော နိုင်ငံများက သိပ္ပံနည်းစနစ်များဖြင့် ငလျင်လှုပ်မည့် အခြေအနေကို ဖော်ထုတ်ကြပါသည်။ မိမိတို့ မိရိုးဖလာ လောကီပညာရပ်တွင်လည်း ငလျင်လှုပ်မည့် အကြိုနိမိတ်များကို သိရှိစေနိုင်သဖြင့် ဗဟုသုတအလို့ငှာ တင်ပြပါမည်။

၁။ အလှမွေးငါးကန်အတွင်းရှိငါးများ ဂနာမငြိမ်ဖြစ်ကာ ဟိုပူးသည်ကပ် ဖြစ်နေလျှင်၊

၂။ ကျီးငှက်များ လန့်ပြီး ပြိုဆင်းကျပါလျှင်၊

၃။ ဝက်များ တစ်ကောင်နှင့်တစ်ကောင် ကိုက်ခဲနေကြလျှင်၊

၄။ စင်ရော်ငှက်များ ကုန်းပေါ်တက်ကြလျှင်၊

၅။ ပိုးပုရွက်ကောင်များ အသိုက်ပြောင်းကြလျှင်၊

၆။ ဘဲငန်းများ သစ်ပင်ပေါ်သို့ တက်ကြလျှင်၊

၇။ တွင်းအောင်းသတ္တဝါများ အစုလိုက် အပြုံလိုက် ဦးတည်ရာမဲ့ ပြေးလွှားနေကြလျှင်၊

၈။ နေအိမ်ရှိကြွက်များ နေအိမ်မှ ထွက်ပြေးကြလျှင်၊

၉။ မြေတွင်းထဲမှ ကြွက်များ တွင်းထဲမှထွက်ကာ ယောက်ယက်ခတ်မျှ ပြေးလွှားကြလျှင်၊

၁၀။ အိမ်မွေးတိရစ္ဆာန်ဖြစ်သော ကြောင်များ၊ ခွေးများ နေအိမ်မှ ဝေးရာသို့ ထွက်ပြေးကြလျှင်

ငလျင်လှုပ်တော့မည့် နိမိတ်လက္ခဏာများ ဖြစ်ကြပြီး ငလျင်ရန်မှ ကြိုတင်ကာကွယ်ရန် ပြင်ဆင်နိုင်ကြပါသည်။

ထို့အပြင် -

"ဖုဋ္ဌဿ လောက ဓမ္မေဟိ
စိတ္တံယဿ နကမ္ပတိ
အသောကံ ဝိရဇံခေမံ"

ဟူသည့် အသက်ဘေးမှ လွတ်စေသော ဂါထာတော်အား ဘုရားရှင်အပေါ် ကြည်ညိုပူးမြော်လျက် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအားဖြင့် အန္တရာယ်အပေါင်းမှ ကင်းဝေးနိုင်ပါကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပါ၏။

ဆရာဇီဝအောင်ထွင့်

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်နိပါတ်တော်လာ
ဆင်ဖြူတော်များ

ဦးညွန့်မောင် (ဓမ္မာစရိယ၊ B.A., R.L)

၁။ အိန္ဒိယသစ်တောမှတွေ့ရသော ဂန္ဓဆင်ဖြူတော်

အလီနစိတ္တဇာတ်တော်လာ ဆင်ဖြူတော်အကြောင်းကို ဦးစွာ တင်ပြလိုပေသည်။ ဆင်ဖြူတော်ရရှိသည့် နေရာမှာ အိန္ဒိယပြည် ဗာရာဏသီမြို့၏ အထက်အညာဖြစ်သော သစ်တောအတွင်းမှ ရရှိခြင်းဖြစ်သည်။ ဆောက်လုပ်ရေးလုပ်သားများသည် သစ်တောအတွင်း သစ်များ ရှာဖွေခုတ်ထွင်ရာမှ ရရှိခဲ့ခြင်း ဖြစ်သည်။ ဆင်ဖြူတော်ကို တိုက်ရိုက်တွေ့ဆုံ ဖမ်းဆီးရရှိခြင်းကား မဟုတ်ပေ။

တစ်နေ့သောအခါတွင် ဆင်ကြီးတစ်ကောင်သည် တောတွင်း၌ ရှားငုတ်တို့ကို နင်းမိသဖြင့် ဆင်၏ခြေထောက်တွင် စူးဝင်၍ဝေဒနာ ခံစားနေရသည်။ ဆင်ကြီးသည် သစ်ခုတ်သည့် လက်သမားများ၏ သစ်ခွေနေကြသည့်အသံကို ကြား၍ လက်သမားများထံ ခြေသုံးချောင်းထောက်ဖြင့် သွား၍ ဝပ်သည်။ လက်သမားများက ဆင်ခြေထောက်၌ စူးဝင်နေသော ရှားငုတ်ကို ပဲခွပ်ဖြင့် အရစ်ပြုလုပ်ကာ ကြိုးဖြင့်ချည်၍ ဆွဲနုတ်ပေးကြသည်။ ပြည်ကို ညှစ်၍ ရေနွေးဖြင့်ဆေးကာ ဆေးကုပေးကြသဖြင့် သက်သာရာ ရရှိသွားသည်။

ဆင်တို့သည် ကျေးဇူးသိတတ်သောသတ္တဝါများဖြစ်ကြသည်။ မိမိအားဆေးကုသပေးသော လက်သမားများအား ကျေးဇူးဆပ်သင့်သည်ဟု အကြံရသည့်အတိုင်း လက်သမားတို့၏ သစ်ထုတ်လုပ်ငန်းကို ကူညီဆောင်ရွက်ပေးသည်။ တဖြည်းဖြည်း လက်သမားများနှင့် ပိုမိုရင်းနှီးလာသည်။ လက်သမားငါးရာတို့သည် မိမိတို့စားသော ထမင်းမှ တစ်ဆုပ်စီ စုဆောင်း၍ ဆင်အား ကျွေးမွေးကြသည်။ ဆင်ကြီးသည် အိုမင်းရင့်ရော်လာပြီဖြစ်၍ လက်သမားတို့၏ ကျေးဇူးကို ကြာရှည်စွာ လုပ်ကျွေးပေးဆပ်နိုင်တော့မည် မဟုတ်သည်ကို သိသည်။ တောတွင်းမှာ ကျန်ရစ်ခဲ့သည့် မိမိ၏သားကို လက်သမားတို့အား ပေးအပ်၍ မိမိမှာတောထဲမှာပင်နေတော့မည်ဟု အကြံရသဖြင့် လက်သမားတို့ကို အသိမပေးဘဲ တောထဲသို့ ဝင်သွားလေသည်။

လက်သမားများ ဆင်ဖြူတော်ရပြီ

ဆင်ကြီးခေါ်လာသော ဆင်ကြီး၏သားဆင်ငယ်မှာ ဆင်ဖြူတော်အစစ်ပင် ဖြစ်သည်။ ဆင်ကြီးသည် မိမိ၏ ကျေးဇူးရှင်လက်သမားတို့အား မိမိကိုယ်စား အလုပ်အကျွေးပြုရန် သားငယ်အားပြောဆိုဆုံးမကာ လက်သမားတို့အားအပ်နှံ၍ တောတွင်းသို့ဝင်သွားတော့သည်။ လက်သမားတို့သည် ဆင်ဖြူတော်အား ထမင်းဆုပ်ငါးရာတို့ဖြင့် နေ့စဉ် ကျွေးမွေးသည်။ ဆင်ဖြူတော်ကလည်း လက်သမားတို့စကားကို နားထောင်ကာ ဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်ပေးသည်။ အလုပ်ပြီးဆုံးချိန်တွင် မြစ်သို့ဆင်း၍ ရေချိုးသည့်အခါ လက်သမားငါးရာတို့၏ သားငယ်များနှင့် ကစားကြသည်။ ကလေးတို့သဘာဝ ဆင်၏နှာမောင်း စသည်တို့ကို ဖက်၍ကစားကြသည်။ ကုန်းပေါ်တွင်လည်း ထိုကလေးငယ်များနှင့် ကစားဖက်ဖြစ်၍ ရင်းနှီးကျွမ်းဝင်လျက်ရှိသည်။

ဗာရာဏသီမင်း ဆင်ဖြူတော်ရရှိခြင်း

တစ်နေ့သောအခါတွင် ဗာရာဏသီမင်း၏ဆင်ထိန်းတို့သည်။ ဆင်ငါးရာတို့ကို မြစ်၌ရေချိုးပေးရန် ခေါ်ဆောင်လာကြသည်။ ဆင်များသည် ခါတိုင်းရေချိုးနေကျ မြစ်အတွင်းသို့ မဆင်းရဲဘဲ ရှိနေကြသည်။ အမြီးကိုထောင်၍ ပြေးဟန်ပြုနေကြသည်။ ဆင်ထိန်းတို့က ဆင်ဆရာအား

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကြား သည်။ ဆင်ဆရာက “ရေ၌အန္တရာယ် တစ်စုံတစ်ခုရှိ၍ဖြစ်မည်”ဟု ယူဆသည်။ အန္တရာယ် ရှိ၊ မရှိ စစ်ဆေးစေသော် ချုံတစ်ခု၌ အာဇာနည်ဆင်ချေးကို တွေ့ရသည်။ ဆင်များ မဆင်းဝံ့သည့်အကြောင်းရင်းကို တွေ့ရပေပြီ။ ထိုအခါ အာဇာနည်ဆင်ချေးကို ရေ၌ဖျော်စေပြီး ရေအိုးများ၌ထည့်ကာ ဆင်ငါးရာတို့၏ ကိုယ်ပေါ်တွင် လောင်းချလိုက်ကြသည်။ ထိုအခါကျမှ ဆင်ငါးရာတို့သည် မြစ်အတွင်းသို့ဆင်း၍ ရေချိုးကြတော့သည်။

အာဇာနည်ပုဂ္ဂိုလ်များ ရေ၌ ကျင်ကြီး၊ ကျင်ငယ် စွန့်ရိုးမရှိ

အာဇာနည်လူပုဂ္ဂိုလ်များ၊ ဆင်အာဇာနည်၊ မြင်းအာဇာနည်များသည် ရေ၌ ကျင်ကြီးကျင်ငယ် စွန့်ရိုးထုံးစံမရှိပါ။ ယခု ရေ၌တွေ့ရသော ဆင်ဖြူတော်ချေးတုံးမှာ အထက်အညာတွင် မိုးသဲသဖြင့် မိုးရေဖြင့်မြစ်အတွင်း မျောပါလာသော ဆင်ဖြူတော်ချေးတုံးများသာဖြစ်ပါသည်။ ရိုးရိုးဆင်များသည် ဆင်ဖြူတော်၏ချေးတုံးမျှကိုပင် ကြောက်ရွံ့လျက်ရှိကြောင်း တွေ့နိုင်ပါသည်။

ဗာရာဏသီမင်း ဆင်ဖြူတော်အရှာ ထွက်တော်မူခြင်း

ဆင်ဆရာတို့သည် ဆင်ငါးရာတို့ရေ၌ ရေချိုးမဆင်းပုံနှင့် အထက်အညာတွင် ဆင်ဖြူတော်ရှိကြောင်း သိနိုင်ပုံကို့ကို တင်လျှောက်ကြသည်။ မင်းကြီးသည် ကိုယ်တော်တိုင် ထွက်တော်မူ၍ မြစ်အညာသို့ဆန်ကာ ဆင်ဖြူတော်ကို ရှာလေသည်။ ဆင်ဖြူတော်ကလေးသည် မင်း၏စည်သံကို ကြား၍ လက်သမားများထံသွား၍ နေသည်။ လက်သမားတို့သည် မင်းကြီးအား ခရီးဦးကြိုဆိုပြုလျက် ထွက်တော်မူလာခြင်း၏အကြောင်းကို မေးမြန်းလျှောက်တင်ကြသည်။ မင်းကြီးက ဆင်ဖြူတော်ကို အလိုရှိ၍လာကြောင်း မိန့်ကြားသည့်အခါ လက်သမားတို့က မင်းကြီးအား ဆင်ဖြူတော်ကို ပေးအပ်ကြသည်။ ဆင်ဖြူတော်သည် မင်းကြီးထံ မလိုက်လိုကြောင်း သိရသည့်အခါ ဆင်ငယ်သည် အဘယ်ကိုပြုစေလိုသနည်းဟု ပညာရှိအမတ်တို့အား မေးတော်မူသည်။ ဆင်ဖြူတော်သည် လက်သမားတို့အား မွေးကျွေးဖူးဆပ်စေလိုကြောင်း လျှောက်တင်ကြသည်။ မင်းကြီးသည် ဆင်၏ခြေလေးချောင်း၊ နှာမောင်းနှင့် အမြီးတို့၏အနီး၌ အသပြာတစ်သိန်းစီထားစေသည်။ ဆင်ဖြူတော်သည် ဤမျှသော ဥစ္စာကို ထားကာမျှဖြင့်လည်း မလိုက်လိုသေးပေ။ ဆင်ဖြူတော်၏ကစားဖော် ကလေးငယ်များကိုပါ ချီးမြှောက်မှလိုက်လေသည်။ လိုက်ပင် လိုက်ငြားသော်လည်း လက်သမားများနှင့် ကစားဖော်ကလေးများကို လှည့်ကြည့် လှည့်ကြည့်ဖြင့် လိုက်ပါသွားသည်မှာ လွမ်းမောဖွယ်ရာပင် ဖြစ်ပေသည်။

မင်္ဂလာဆင်ဖြူတော်အား အဆွေခင်ပွန်းအရာ ထားခြင်း

ဆင်ဖြူတော်ကို မြို့သို့ခေါ်ဆောင်လာသည့်အခါ မြို့ကိုလည်းတန်ဆာဆင်သည်။ ဆင်းတင်းကုပ်ကိုလည်း တန်ဆာဆင်သည်။ ဆင်ဖြူတော်ကို ဆင်တင်းကုပ်သို့သွင်း၍ တန်ဆာဆင်ကာ အဘိသိက်သွန်းပြီး မင်္ဂလာဆင်ဖြူတော် ပြုလုပ်လေသည်။ ဆင်ဖြူတော်ကို မိမိ၏အဆွေခင်ပွန်းအရာ ထားလျက် ပြည်ထက်ဝက်ကို ပေး၍ ချီးမြှောက်လေသည်။ ထိုဆင်ဖြူတော်ရောက်သည့်နေ့မှ စ၍ ဘုန်းတန်ခိုးတိုးတက်ခဲ့သည်။

ဗာရာဏသီမင်းနှင့် ကောသလမင်း စစ်ဖြစ်ခြင်း

ဆင်ဖြူတော်ရောက်ပြီးနောက် အချိန်ကြာသော ကာလတစ်နေ့တွင် ဗာရာဏသီမင်း နတ်ရွာစံလေသည်။ ဗာရာဏသီမင်း၏မိဖုရားတွင် သားတော်မရှိသေး။ ကိုယ်ဝန်အရင့်အမာမူကားရှိလေသည်။ ဗာရာဏသီမင်း နတ်ရွာစံခြင်းကို ဖုံးအုပ်ထားသည်။ ဆင်ဖြူတော်ကိုလည်း အသိမပေးသေးပေ။ ဆင်ဖြူတော်သည် မိမိ၏အဆွေခင်ပွန်းဖြစ်သော မင်းကြီးကွယ်လွန်သည်ကို သိရပါက အကြီးအကျယ် စိတ်ဆင်းရဲမည်ကိုလည်းကောင်း၊ တိုင်းပြည်မငြိမ်မသက်ဖြစ်မည်ကိုလည်းကောင်း စိုးရိမ်သဖြင့် ဖုံးဖိထားကြခြင်း ဖြစ်သည်။

မည်သို့ပင် ဖုံးဖိထားစေကာမူ ကောသလမင်းသည် ဗာရာဏသီမင်း နတ်ရွာစံကြောင်းသိရှိသွားသည်။ ကောသလမင်းသည် ဗာရာဏသီမြို့ကို စစ်သည်ဗိုလ်ပါများစွာဖြင့် လာရောက်ဝန်းရံလေသည်။ ဗာရာဏသီမင်း၏ မိဖုရားနှင့် မှူးမတ်တို့တိုင်ပင်၍ ဗာရာဏသီမြို့တံခါးကို ပိတ်ကာ ကောသလမင်းထံ အကြောင်းပြန်ကြသည်။ ခုနစ်ရက်ခန့် ဆိုင်းငံ့ပေးစေလိုကြောင်း၊ ခုနစ်ရက်မြောက်တွင် ဗာရာဏသီမင်း၏မိဖုရား ဖွားမြင်သည့်အခါ သားတော်မွေးဖွားပါက ငါတို့ စစ်ထိုးမည်။ ဗာရာဏသီပြည်ကို မပေးနိုင်ကြောင်း ပြောဆိုပြန်ကြားသည်ကို ကောသလမင်းက လက်ခံကာ ခုနစ်ရက်ဆိုင်းငံ့ခဲ့သည်။ မင်းသားကလေး ဖွားမြင်သောနေ့တွင် ဗာရာဏသီ မြို့သူမြို့သားတို့သည် ကောသလမင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com

စစ်ထိုးကြတော့သည်။ ဗာရာဏသီမှ စစ်သည်ဗိုလ်ပါများ ပြားပါသော်လည်း အကြီးအမှူးမရှိသဖြင့် တွန့်ဆုတ်လျက် ရှိကြသည်။ ဗာရာဏသီမြို့သားများက စစ်ရှုံးမည်ကို စိုးရိမ်လာကြတော့သည်။

မင်္ဂလာဆင်ဖြူတော်ကို အကြောင်းကြားပြီ

ဗာရာဏသီမင်း နတ်ရွာစံကြောင်းကို ဆင်ဖြူတော်အား စောစောပိုင်းက အသိမပေးဘဲ ထားခဲ့သည်။ ယခုအခါ မင်းသားကလေးလည်း ဖွားမြင်ပြီးဖြစ်သည်။ တိုင်းပြည်မှာလည်း အရေးကြုံလာပြီဖြစ်သည်။ မင်္ဂလာဆင်ဖြူတော်အား အကြောင်းကြားမှ သင့်မည်ဟု မိဖုရားအား လျှောက်တင်ကြရာ သဘောတူလေသည်။ ကလေးအရွယ်မင်းသားငယ်ကို အဆင်တန်ဆာများဝတ်ဆင်ပေးပြီး ဘွဲ့ဖြူပုဆိုးအခင်း၌ အိပ်စေ၍နန်းတော်ပြသာဒ်မှ ဆင်းသက်ကာ အမတ်အပေါင်း ခြံရံလျက် ဆင်ဖြူတော်တင်းကုပ်သို့သွားကြသည်။ မင်္ဂလာဆင်ဖြူတော်အား ဤသို့အသိပေးကြသည်။ သင်၏အဆွေတော် မင်းကြီးသည် နတ်ရွာစံလေပြီ။ သင်စိတ်မကောင်းဖြစ်မည်စိုး၍ ငါတို့မပြောခဲ့ခြင်းဖြစ်သည်။ ဤသူငယ်သည် သင့်အဆွေတော်၏သား ဖြစ်သည်။ ကောသလမင်းသည် ဗာရာဏသီမြို့ကိုလာ၍ စစ်ထိုးနေလေပြီ။ ငါတို့၏ရဲမက်ဗိုလ်ပါတို့မှာ တွန့်ဆုတ်လျက်ရှိနေကြသည်၊ အသင်စောင့်ရှောက်ပါလော့။ ဤသားငယ်အား မင်းအဖြစ်ကို ယူပေးပါလော့ဟု တိုက်တွန်းပြောဆိုကြသည်။

ထိုအခါ ဆင်ဖြူတော်သည် မင်းသားကလေးကို နှာမောင်းဖြင့် သုံးသပ်သည်။ အထက်သို့ပင့်ချီပြီး ဦးကင်းထိပ်၌ထားကာ ငိုကြွေးသည်။ ထို့နောက် မင်းသားငယ်ကို မိဖုရား၏လက်သို့ ပြန်လည်အပ်သည်။ ကောသလမင်းကို ဖမ်းမည်ဟု ဆင်တင်းကုပ်မှ ထွက်သည်။ ထိုအခါ အမတ်တို့သည် ဆင်ကိုတန်ဆာဆင်ပေးသည်။ မြို့တံခါးကိုဖွင့်သည်။ စစ်သည်ဗိုလ်ပါတို့သည် ဆင်ဖြူတော်ကိုခြံရံ၍ မြို့မှထွက်သည်။ မင်္ဂလာဆင်ဖြူတော်သည် မြို့မှထွက်မိသည့်အခါ ကြိုးကြာသံနှင့်တူသော ဟည်းသံကိုပြု၍ ရန်သူစစ်သည်များကို ထိတ်လန့်ကာ ပြေးစေ၍ ဗိုလ်ထုကို ဖျက်စီးပစ်လိုက်သည်။ ကောသလမင်းကို ဦးသျှောင်၌ဆွဲ၍ ဆောင်ယူခဲ့သည်။ မင်းသားငယ်ကလေး၏ ခြေရင်း၌ဝပ်နေစေသည်။ ကောသလမင်းကို သတ်မည်ဟုလာကြသော သူတို့ကို တားမြစ်သည်။ မင်းသားသည် ငယ်သေး၏ဟု အထင်သေးမှု မပြုလေနှင့်ဟုဆုံးမကာ ကောသလမင်းကို လွှတ်လိုက်သည်။ ထိုနေ့မှစ၍ ဗာရာဏသီမင်းသားသည် ဇမ္ဗူကျွန်းအလုံးကို အုပ်စိုးရလေသည်။ မင်းသားငယ်သည် ခုနစ်နှစ်အရွယ်တွင် အဘိသိက်သွန်း၍ အလီနစိတ္တမင်းဟု ထင်ရှားလေသည်။ ဇော်ပြပါဇာတ်လမ်းသည် နှစ်ပေါင်းမည်မျှကြာပြီကို မိမိတို့ဘာသာ ခန့်မှန်းရန်သာဖြစ်ပါသည်။ အလီနစိတ္တမင်းသည် ဂေါတမဘုရားအလောင်းပင် ဖြစ်သဖြင့် နှစ်တို့ဖြင့်ရေတွက် ခန့်မှန်းရန်မသင့်ဟုသာ ဆိုချင်ပါသည်။

လူ့ဘဝနှင့် နီးစပ်ခြင်း

ဆင်တို့သည် လူတို့နှင့်နီးနီးစပ်စပ် ရှိသကဲ့သို့ လူ့ဘဝနှင့်လည်း နီးစပ်ကြောင်းတွေ့ရသည်။ မြတ်စွာဘုရားရှင်ပလလည်းတော၌ ဝါကပ်သောအခါက ပလလည်းဆင်သည် မြတ်စွာဘုရားအား တစ်မိုးတွင်းလုံး ပြုစုလုပ်ကျွေးခဲ့သည်။ အရှင်ကောဏ္ဍညမထေရ်သည် ဆဒ္ဒန်အိုင်အနီးတွင် ၁၂ နှစ်တာကာလ နေခဲ့ရာ ဆင်များကာ ပြုစုလုပ်ကျွေးကြောင်း တွေ့ရသည်။ ယခုဖော်ပြခဲ့သည့် အလီနစိတ္တဇာတ်တွင် ဆင်ဖြူတော် ဖခင်ဆင်ကြီးနှင့် ဆင်ဖြူတော်တို့သည် လက်သမားတို့အား အလုပ်အကျွေးပြုခဲ့ကြသည်။ ဤသည်မှာ လူတို့နှင့် နီးစပ်ကြောင်း သာဓကများပင် ဖြစ်ကြသည်။

ဆဒ္ဒန္တဇာတ်တင် အစွယ်ကိုကိုယ်တိုင်ဖြတ်၍ လှူခဲ့သော ဆဒ္ဒန်ဆင်မင်းသည် နောက်ဆုံးဘဝတွင် ကျွန်ုပ်တို့၏ ဆရာဘုရားဖြစ်လာသည်။ လက်သမား ၅၀၀ တို့အား အလုပ်အကျွေးပြုကာ ကျေးဇူးဆပ်ခဲ့သော ဆင်ကြီးသည် ဘုရားရှင်လက်ထက်တော်တွင် အရှင်သာရိပုတ္တရာ ဖြစ်လာသည်။ ယခုတင်ပြခဲ့သော ဆင်ဖြူတော်သည် ဘုရားရှင်လက်ထက်တွင် ရဟန်းတော်တစ်ပါး ဖြစ်လာခဲ့သည်။ ဤသည်မှာ လူ့ဘဝနှင့်နီးစပ်ကြောင်း သာဓကများပင် ဖြစ်ပေသည်။

၂။ ကောင်းကင်၌ပျံနိုင်သော ဆင်ဖြူတော်

အိန္ဒိယနိုင်ငံ၊ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်မဂဓမင်း၏ ဆင်ဖြူတော်မှာ တစ်ကိုယ်လုံးဖြူသည်။ ကြံအင်လက္ခဏာတို့နှင့် ပြည့်စုံသည်။ မဂဓမင်းသည် ယင်းဆင်ဖြူတော်ကို အဘိသိက်သွန်း၍ မင်္ဂလာဆင်ပြုလုပ်ထားသည်။ ရာဇဂြိုဟ်ပြည် တစ်ခုသောပွဲသဘင်နေ့တွင် တစ်မြို့လုံးအိမ်တိုင်းစေ့ အလှအပပြင်ဆင်ထားကြသည်။ မဂဓမင်းသည် မင်္ဂလာဆင်ဖြူတော်ကို အဆင်တန်ဆာ ဆင်ယင်စေပြီး စီးတော်မူကာ မြို့ကို လက်ယာရစ်လှည့်သည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းကြီးထွက်တော်မူလာသောအခါ မြို့သူမြို့သားတို့သည် မင်္ဂလာဆင်ဖြူတော်၏ တင့်တယ်ခြင်းကို အမျိုးမျိုးချီးမွမ်းပြောဆိုကြလေသည်။ မဂဓမင်းသည် ဆင်ဖြူတော်ကိုသာ ချီးမွမ်းကြပြီး မိမိ၏ဘုန်းကံကို ချီးမွမ်းပြောဆိုခြင်းမရှိသဖြင့် ဆင်ဖြူတော်အပေါ် မနာလိုဝန်တိုမှုဖြစ်လေသည်။ မိမိ၏မင်္ဂလာဆင်ဖြူတော်အား ချီးမွမ်းကြသည်ကို ဝမ်းမသာသည့်အပြင် မနာလိုဝန်တိုမှုဖြစ်သဖြင့် ဆင်ဖြူတော်အား သေစေရန် အကြံထုတ်တော့သည်။

မဂဓမင်းသည် ဆင်ဦးစီးကိုခေါ်၍ မင်္ဂလာဆင်ဖြူတော်အား ဝေပုလ္လတောင်ထိပ်ရောက်အောင် တက်စေနိုင်မည်လောဟု မေးသည်။ တက်စေနိုင်ပါကြောင်း လျှောက်ထားရာ ဝေပုလ္လတောင်ထိပ်သို့ တက်စေရန်အမိန့်ပေးလေသည်။ ဆင်ဦးစီးသည် ဆင်ဖြူတော်ကိုစီး၍ ဝေပုလ္လတောင်ထိပ်သို့ အရောက်တက်သည်။ မဂဓမင်းသည် အမတ်အပေါင်းခြံရံလျက် ဝေပုလ္လတောင်ထိပ်သို့ တက်ရောက်သည်။

ဝေပုလ္လတောင်ထိပ်သို့ရောက်သောအခါ ဆင်ဖြူတော်ကို တောင်ကမ်းပါးပြတ်ဘက်သို့ လှည့်ရပ်၍နေစေသည်။ ဆင်ဦးစီးသည် ဆင်ကျောက်ကုန်း၌စီးလျက် မဂဓမင်း၏ အမိန့်ကိုနာခံရန် အသင့်ဖြစ်နေလေသည်။ မဂဓမင်းက အမိန့်ပေးသည်။ ''အမောင် ခြေသုံးဖက်ဖြင့်ရပ်လော့'' ဟု အမိန့်ပေးရာ ဆင်ဦးစီး၏အမှတ်ပေးချက်ဖြင့် ဆင်ဖြူတော်သည် ခြေသုံးဖက်ရပ်ပြလေသည်။ တစ်ဖန် ရှေ့ခြေနှစ်ဖက်ဖြင့် ရပ်စေရန်အမိန့်ပေးရာ ဆင်ဖြူတော်သည် နောက်ခြေနှစ်ဖက်ကိုကြွ၍ ရှေ့ခြေနှစ်ဖက်ဖြင့်သာ ရပ်ပြလေသည်။ တစ်ဖန် နောက်ခြေနှစ်ဖက်ဖြင့်သာ ရပ်ပြစေရန် အမိန့်ပေးလေရာ ရှေ့ခြေနှစ်ဖက်ကိုကြွ၍ နောက်ခြေနှစ်ဖက်ဖြင့်သာ ရပ်ပြလေသည်။ တစ်ဖန် ခြေတစ်ဖက်ဖြင့်သာ ရပ်ရန်အမိန့်ပေးပြန်ရာ ခြေသုံးဖက်တို့ကိုကြွ၍ ခြေတစ်ဖက်ဖြင့်သာရပ်ပြလေသည်။

ကမ်းပါးပြတ်ထိပ်တွင် ဆင်ဖြူတော်အား ခြေတစ်ဖက်ဖြင့်သာ အရပ်ခိုင်းသည့်တိုင်အောင် ချောက်ကမ်းပါးထဲသို့ ကျမသွားဘဲရှိလေသည်။ ထိုအချိန်အထိ ဆင်ဆရာသည် မဂဓမင်း၏အကြံကို သိပုံမရပေ။ ဆင်ဖြူတော်၏ အစွမ်းကိုလည်းကောင်း၊ မိမိ၏သင်ကြားပြသမှုအစွမ်းကိုလည်းကောင်း ထုတ်ဖော်ပြသခွင့်ရသည်ဟု ထင်မှတ်နေပုံရပါသည်။

မဂဓမင်းသည် နောက်တစ်ဆင့်တိုး၍ အမိန့်ပေးပြန်သည်။ အကယ်၍ စွမ်းနိုင်မည်ဆိုလျှင် ခြေလေးဖက်လုံးလွှတ်၍ ကောင်းကင်၌ရပ်တည်စေရန် အမိန့်ပေးလေသည်။ ထိုအမိန့်အတိုင်းလိုက်နာလျှင် ဆင်ဖြူတော်သည် မလွဲမသွေ ချောက်ကမ်းပါးထဲသို့ ကျသွားစေရန်ဖြစ်သည်။ ထိုအချိန်ကျမှ ဆင်ဆရာသည် မဂဓမင်း၏အကြံကို နားလည်သွားတော့သည်။ ဘုရင့်အမိန့်ကို မနာခံ၍လည်းမဖြစ်ပေ။ ထို့ကြောင့် ဆင်ဆရာသည် ဆင်ဖြူတော်၏နားရင်းသို့ကပ်၍ ''အမောင် . . . ဤမင်းသည် သင့်ကို ဤတောင်စောင်းမှကျ၍ သေစေလိုသည်။ အမောင်သည် ဤမင်းနှင့် မထိုက်တန်တော့ချေ။ ကောင်းကင်မှသွားရန် အမောင်စွမ်းနိုင်ပါက စီးမြဲတိုင်းဖြင့် ကျွန်ုပ်ကိုယူဆောင်၍ ကောင်းကင်သို့ပျံတက်ကာ ဗာရာဏသီပြည်သို့ သွားပါလော့''ဟု ပြောဆိုလိုက်သည်။

ဘုန်းတန်ခိုးနှင့်ပြည့်စုံသော ဆင်ဖြူတော်သည် ဆင်ဆရာပြောပြီးသည်နှင့်တစ်ပြိုင်နက် ကောင်းကင်သို့ပျံတက်ကာ ရပ်တည်သည်။ ဆင်ဆရာသည် ''မင်းကြီး . . ဤဆင်ဖြူတော်သည် ဘုန်းတန်ခိုးနှင့်ပြည့်စုံ၏။ သင်ကဲ့သို့ ဘုန်းပညာနည်းသောသူအား မထိုက်တန်။ ဘုန်းပညာနှင့်ပြည့်စုံသော မင်းအားသာထိုက်တန်လှပေသည်။ ဆင်ဖြူတော်၏ ကျေးဇူးကို မသိတတ်''ဟု ပြောဆိုကာ ကောင်းကင်ခရီးဖြင့် ဗာရာဏသီသို့ သွားလေတော့သည်။

ဆင်ဖြူတော်သည် ဗာရာဏသီပြည်သို့ ရောက်သည့်အခါ မင်းရင်ပြင်ကောင်းကင်၌ ရပ်လေသည်။ ဗာရာဏသီတစ်မြို့လုံး အုတ်အုတ်ကျက်ကျက်ဖြစ်ကာ ဆင်ဖြူတော်ရောက်သည့်သတင်းမှာ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားလေသည်။ ဗာရာဏသီမင်းအားလည်း ကြားလျှောက်ကြသည်။ မင်းကြီးသည် နန်းတော်မှထွက်လာ၍ ငါ၏အသုံးအဆောင်အဖို့ လာရောက်သည်ဆိုပါက မြေ၌ဆင်းသက်ရပ်တည်နေပါလော့ဟု ဖိတ်ကြားလေသည်။ ဆင်ဖြူတော်သည် ကောင်းကင်မှဆင်းသက်၍ မြေ၌ရပ်တည်သည်။ ဆင်ဆရာသည် ဆင်မှဆင်းသက်ကာ ဗာရာဏသီမင်းအား ရှိခိုးလျက်နေသည်။ အမောင် အဘယ်ကလာသနည်းဟု မင်းကြီးမေးသောအခါ ရာဇဂြိုဟ်ပြည်မှ လာခဲ့ကြောင်းကို အစုံအလင် လျှောက်တင်လေသည်။

ဗာရာဏသီမင်းကြီးသည် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလက်ခံလေသည်။ ဗာရာဏသီမြို့ကို တန်ဆာဆင်၍ ဆင်ဖြူတော်ကိုလည်း မင်္ဂလာဆင်အရာ ထားလေသည်။ မြို့ကိုသုံးစုပြု၍ တစ်စုကို ဆင်ဖြူတော်အားလည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com

တစ်စုကို ဆင်ဆရာအားလည်းကောင်းပေး၍ ချီးမြှောက်လေသည်။ ဆင်ဖြူတော်ရောက်သည့်အချိန်မှစ၍ ဗာရာဏသီမင်းမှာ ဘုန်းတန်ခိုးတိုးတက်ပြီး ဇမ္ဗူဒိပ်အလုံး၌ မင်းအဖြစ်ကို ရရှိခဲ့သည်။ မင်းကောင်းမင်းမြတ်တို့၏ ထုံးကိုနှလုံးမူ၍ ဒါန စသော ကောင်းမှုတို့ကိုပြုလုပ်ကာ တရားသဖြင့် အုပ်ချုပ်သွားခဲ့လေသည်။

ဆင်ဆယ်မျိုးတွင် မည်သည့်အမျိုးဟု ဖော်ပြမထားသော်လည်း ဥပေါသထဆင်မျိုးဟု ခန့်မှန်းရပါသည်။ ဘုရားအလောင်းဖြစ်ကြောင်းကိုမူ ဇာတ်ပေါင်းခန်းတွင် ဖော်ပြထားလေသည်။

၃။ မိခင်ကိုလုပ်ကျွေးသော ဆင်ဖြူတော်

အိန္ဒိယနိုင်ငံ ဟိမဝန္တာတောအတွင်း၌ ကိုယ်လုံးဖြူသော ဆင်ဖြူတော်တစ်စီး ရှိခဲ့ဖူးသည်။ ထိုဆင်ဖြူတော်သည် ရုပ်ဆင်းအင်္ဂါလုပတင့်တယ်ရုံသာမက စိတ်သဘောထားလည်း ဖြူစင်သဖြင့် ချစ်ခင်ဖွယ်ရာရှိသည်။ ဟိမဝန္တာတောတွင် ဆင်ပေါင်းရှစ်သောင်း အခြံအရံဖြင့် နေထိုင်လျက်ရှိသည်။

ထိုဆင်ဖြူတော်၏ မိခင်ဆင်မကြီးမှာ အရွယ်ကြီးသည့်အပြင် မျက်စိကလည်း မမြင်ရာပေ။ ဆင်ဖြူတော်သည် မိခင်မဆင်မကြီးကို လုပ်ကျွေးပြုစုစောင့်ရှောက်နေသည်။ ကောင်းနိုးရာရာအစားအစာများကို မိမိ၏အခြံအရံဆင်တို့ထံ အပ်၍ မိခင်ထံပို့ဆောင်စေသော်လည်း မိခင်ဆင်မကြီးထံမပို့ဘဲ မိမိတို့သာ စားပစ်ကြသဖြင့် မိခင်ဆင်မကြီးထံ မရောက်တော့ပေ။ ထိုအကြောင်းအရာကို ဆင်ဖြူတော် သိရှိသွားသောအခါ အခြံအရံဆင်များကို စွန့်ခွာ၍ မိခင်ဆင်မကြီးကိုသာ လုပ်ကျွေးပြုစုတော့မည်ဟု စိတ်ပိုင်းဖြတ်ကာ မိခင်ဆင်မကြီးကို စဏ္ဍောရဏတောင်ခြေရင်းသို့ ခေါ်ဆောင်သွားသည်။ ပဒုမ္မာကြာတောရှိသော တောင်ဝှမ်းတစ်ခု၌ မိခင်ဆင်မကြီးကိုထား၍ ပြုစုလုပ်ကျွေးလျက်နေလေသည်။

တစ်နေ့သောအခါတွင် ဗာရာဏသီပြည်၌နေသော မုဆိုးတစ်ယောက်သည် ခရီးမှား၍ ပဒုမ္မာကြာတောအနီးသို့ ရောက်လာကာ အပြန်လမ်းကို မသိတော့သဖြင့် ပြင်းထန်စွာ ငိုကြွေးလေသည်။ ဆင်ဖြူတော်ရတနာသည် မုဆိုး၏ အသံကိုကြား၍ "ဤလူကား ကိုးကွယ်ရာမဲ့ဖြစ်နေလေပြီ။ ငါရှိနေပါလျက် ထိုသူ၏ပျက်စီးခြင်းသည်မသင့်"ဟု စဉ်းစားမိ၍ မုဆိုး၏အနီးသို့သွားသည်။ မုဆိုးသည် ဆင်ကိုမြင်၍ ကြောက်ရွံ့ကာပြေးလေသည်။ ထိုအခါ ဆင်ဖြူတော်က "အို ... ယောကျာ်း၊ ငါ့ကိုမှီ၍သင့်အား ဘေးမရှိ၊ မပြေးပါလင့်၊ အဘယ့်ကြောင့် သင်ငိုကြွေးနေသနည်း"ဟု မေးလေသည်။ "ကျွန်ုပ်သည် ခရီးမှားခဲ့သည်မှာ ခုနစ်ရက်ပင်ရှိပါပြီ"ဟု ပြောလေသည်။ "အို ... ယောကျာ်း၊ သင်မကြောက်လင့်၊ ငါလိုက်ပို့မည်"ဟုဆိုကာ ကျောကုန်း၌ တင်၍ လိုက်ပို့လေသည်။

မုဆိုးသည် မိမိအားကယ်တင်သည့် ဆင်ဖြူတော်၏ကျေးဇူးကို မသိတတ်ပေ။ ဗာရာဏသီမင်းအား လျှောက်ကြားလျှင် ရရှိမည့်အခွင့်အရေးကို မျှော်မှန်းလျက် လမ်းခရီးကိုမှတ်ခဲ့လေသည်။ မုဆိုးသည် ခရီးလမ်းတစ်လျှောက်ရှိသော တောတောင်သစ်ပင်တို့ကိုမှတ်၍ လာခဲ့ရာ ဗာရာဏသီမြို့သို့ ပြန်လည်ရောက်ရှိလေသည်။

ဗာရာဏသီမင်း၏ မင်္ဂလာဆင်တော် သေဆုံးချိန်နှင့်တိုက်ဆိုင်နေသည်။ မင်္ဂလာဆင်ဖြူတော် အသစ်ပြုလုပ်ရန် သင့်တော်သောဆင်ဖြူတော်ကို ရလိုကြောင်းကြေညာနေသော ကာလဖြစ်သည်။ ဤအခွင့်အရေးကို စောင့်မျှော်နေသော မုဆိုးသည် အခြေအနေပေးနေပြီဖြစ်၍ ဘုရင်မင်းမြတ်ထံ ဝင်ရောက်ခစားသည်။ "အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ မင်္ဂလာဆင်ဖြူတော် ဖြစ်ထိုက်သောဆင်ကို တွေ့ထားပါသည်။ ထိုဆင်သည် ကိုယ်လုံးဖြူသည့် ဆင်ဖြူတော်ရတနာ ဖြစ်ပါသည်။ အကျင့်သီလနှင့်လည်း ပြည့်စုံပါသည်။ အကျွန်ုပ် လမ်းညွှန်ပေးနိုင်ပါသည်။ ဆင်ဆရာတို့ကို အကျွန်ုပ်နှင့်အတူ လိုက်ပါစေ၍ ဆင်ဖြူတော်ရတနာကို ယူတော်မူပါ"ဟု လျှောက်ထားလေသည်။

ဗာရာဏသီမင်းသည် မုဆိုးကို ခရီးလမ်းညွှန်ပြု၍ များစွာသောအခြံအရံတို့ဖြင့် ဆင်ဆရာကို စေလွှတ်တော်မူသည်။ ဆင်ဆရာသည် မုဆိုးနှင့်အတူသွားသည်။ ပဒုမ္မာကြာတောသို့ ရောက်သောအခါ အစာစားနေသော ဆင်ဖြူတော်ကိုတွေ့လေသည်။ ဆင်ဖြူတော်သည် ဆင်ဆရာနှင့် ဆင်မုဆိုးတို့ကို မြင်သောအခါ ဘေးအန္တရာယ်ရောက်ပြီဆိုသည်ကိုသိသည်။ ဤအန္တရာယ်သည် မုဆိုးကြောင့်ဖြစ်ရသည်ကိုလည်း နားလည်သည်။ သီလရှိသော ဆင်ဖြူတော်က "အန္တရာယ်ကို ဖြိုခွင်းနိုင်သောအင်အား ငါ့မှာရှိသည်မှန်သော်လည်း ငါအမျက်ထွက်လိုက်ပါက သီလပျက်ချေတော့မည်။ ငါ၏ဦးခေါင်းကို လှံဖြင့်ထိုးသော်လည်း ငါအမျက်

www.burmeseclassic.com

www.burmeseclassic.com

မထွက်ဘဲနေမည်''ဟု စဉ်းစားဆင်ခြင်ကာ အဓိဋ္ဌာန်၍ ဦးခေါင်းကိုညွတ်ကာ ငြိမ်ငြိမ်နေလိုက်သည်။

ဆင်ဆရာသည် ပဒုမ္မာကြာအိုင်သို့ သက်ဆင်းကြည့်ရှုသည့်အခါ ကြာနီအင်လက္ခဏာနှင့် ပြည့်စုံသော ဆင်ဖြူတော်ဖြစ်ကြောင်း သိလေသည်။ ဆင်ဆရာက ''ချစ်သား လာလှည့်'' ဟုခေါ်ကာ ငွေပန်းဆိုင်းနှင့်တူသော နှာမောင်း၌ ကိုင်၍ ဆင်ဖြူတော်ကိုယူလေသည်။ ခုနစ်ရက်ကြာသောအခါ ဗာရာဏသီသို့ရောက်သည်။

ဆင်ဖြူတော်၏မယ်တော် ဆင်မကြီးသည် သားပြန်မလာသဖြင့် ''ငါ့သားကို မင်း၏အမတ်ကြီး စသည့် မင်းချင်းယောက်ျားတို့ ဖမ်းယူသွားလေပြီ''ဟု မှတ်ယူကာ ငိုကြွေးမြည်တမ်း၍နေလေသည်။

ဆင်ဆရာသည် ဆင်ကိုဆောင်ယူလာသည့် သတင်းကို ဘုရင်မင်းမြတ်ထံ ကြိုတင်လျှောက်ထားစေသည်။ ဗာရာဏသီမင်းသည် မြို့ကိုတန်ဆာဆင်စေသည်။ ဆင်ဆရာသည် နံ့သာဖြင့်ပက်ဖျန်းတန်ဆာဆင်ထားသော ဆင်တင်းကုပ်သို့ ဆင်ဖြူတော်ရတနာကို ယူဆောင်ခဲ့သည်။ ဘုရင်မင်းမြတ်သည် အထူးထူးသော အရသာရှိသော စားသောက်ဖွယ်ရာတို့ကို ယူဆောင်သွားကာ ဆင်ဖြူတော်အား ကျွေးစေသည်။ ဆင်ဖြူတော်သည် ရှင်ဘုရင်ကျွေးသော စားသောက်ဖွယ်ရာတို့ကို လက်မခံဘဲနေသည်။ မယ်တော်ဆင်မကြီးနှင့်ကင်းကွာ၍ အစာကိုလက်မခံလိုခြင်းဖြစ်သည်။

ဘုရင်မင်းမြတ်က အစာကိုလက်ခံရန် ဆင်ဖြူတော်အား တောင်းပန်စကားဆိုလေသည်။ ''ဆင်မင်း၊ အစာကိုလက်ခံပါ။ ခန္ဓာကိုယ်ကြုံလှီပိန်ခြုံးအောင် မလုပ်ပါနှင့်။ မင်းမှုကိစ္စတို့မှာ များပြားလှပါသည်။ ထိုအမှုကိစ္စတို့ကို သင်ထမ်းရွက်ရပေလိမ့်ဦးမည်''ဟု ဘုရင်မင်းမြတ်က ပြောဆိုသည်။

ဆင်ဖြူတော်သည် မျက်မမြင် တစ်ကိုယ်တည်းကျန်ရစ်သည့် ဆင်မကြီးဒုက္ခရောက်မည့် အခြေအနေကို မင်းကြီးအား ပြောကြားလေသည်။ မင်းကြီးက အဲဒီကျန်ရစ်သော မျက်မမြင်ဆင်မကြီးသည် သင်နှင့်ဘယ်လို တော်စပ်သသလဲဟုမေးရာ မိမိ၏မိခင်ဆင်မကြီးဖြစ်ကြောင်း ပြန်ပြော ်းပြောပြလေသည်။

ထိုအခါ ဘုရင်မင်းမြတ်သည် စာနာတော်မူ၍ ''အိုအမတ်တို့၊ ဤဆင်မြတ်သည် မိခင်ကိုလုပ်ကျွေးနေသည်။ မိခင်၊ ဆွေမျိုးတို့နှင့်အတူနေပါစေ''ဟု ပြောဆိုကာ လွှတ်စေတော်မူသည်။

ဆင်ဖြူတော်သည် အနှောင်အဖွဲ့မှလွတ်သည်ဖြစ်၍ လွတ်ဆုကိုယူကာ တစ်ခဏမျှနားနေပြီး စရွှာရဏတောင်သို့ ပြန်သွားလေတော့သည်။ ဆင်ဖြူတော်သည် ပဒုမ္မာကြာတောသို့သွားကာ နှာမောင်းဖြင့်ရေကိုယူ၍ မယ်တော်ဆင်မကြီးအပေါ်သို့ သွန်းလောင်းလေသည်။ မိခင်ဆင်မကြီးသည် မိမိသား ဆင်ဖြူတော် သွန်းလောင်းသည်ဟု မသိဘဲ အချိန်မဟုတ် မိုးရွာသွန်းသည်ဟု ထင်မှတ်ကာ ရေရွတ်ပြောဆိုမိလေသည်။

''အို . . . မိခင် ထပါလော့၊ အဘယ်ကြောင့် ဤမျှလောက်အိပ်နေဘိသနည်း။ မိခင်၏သားဖြစ်သော အကျွန်ုပ်သည် ပြန်လာခဲ့ပါပြီ။ ဉာဏ်အမြော်အမြင်ရှိ၍ အခြံအရံများသော ကာသိကရာဇ်မင်းသည် ကျွန်ုပ်အား ပြန်လွှတ်လိုက်ပါပြီ''ဟု ဆင်ဖြူတော်က မိခင်ကြီးအားပြောသည်။

မိခင်ဆင်မကြီးသည် ဝမ်းမြောက်လှသည်ဖြစ်၍ တိုင်းပြည်ကြီးပွားချမ်းသာအောင် ဆောင်ရွက်တော်မူသော မင်းကြီးသည် မိခင်ကိုရိုရိုသေသေ လုပ်ကျွေးနေသော ငါ၏သားကို လွှတ်လိုက်ပေ၏။ ''ထိုမင်းမြတ်သည် သက်တော်ရှည်ပါသတည်း''ဟူ၍ ဝမ်းမြောက်စကား မြွက်ဆိုလေသည်။

မင်းကြီးသည် မိခင်ကိုလုပ်ကျွေးနေသော ဆင်ဖြူတော်၏ကျေးဇူးကို ကြည်ညိုလေးမြတ် အသိအမှတ်ပြုသောအားဖြင့် ပဒုမ္မာကြာတော၏ မနီးမဝေး၌ ရွာတည်၍ ဆင်ဖြူတော်နှင့် မယ်တော်ဆင်မကြီးတို့အား အမြဲဝတ်ထားကာ ကျွေးမွေးစောင့်ရှောက်လေသည်။

ဆင်ဖြူတော်သည် မယ်တော်ဆင်မကြီး သေသောအခါ မယ်တော်၏အလောင်းကို သင်္ဂြိုဟ်ပြီးနောက် ရသေ့ငါးရာတို့၏နေရာ ကာရဏ္ဍကအမည်ရှိသော နေရာသို့ သွားလေသည်။ ဆင်ဖြူတော်သည် မိမိရရှိသောဝတ်ကို ရသေ့ငါးရာတို့အား ပေးလှူလေသည်။

မင်းကြီးသည် ဆင်ဖြူတော်နှင့်ပုံတူ ကျောက်ဆစ်ရုပ်ကိုထုလုပ်၍ ကြီးစွာသောပူဇော်သက္ကာရကို ပြုလေသည်။ လူတို့သည် နှစ်စဉ်နှစ်တိုင်း ကျောက်ဆစ်ရုပ်၌ စုဝေး၍ ဆင်ပူဇော်ခြင်းကို ပြုကြလေသည်။

ဇာတ်တော်ပေါင်းသည့်အခါ မိခင်ကိုပြုစုလုပ်ကျွေးသော ဆင်ဖြူတော်ရတနာမှာ ဘုရားအလောင်းတော်ဖြစ်ကြောင်း ဖော်ပြထားသည်။

(ဆက်လက်ဖော်ပြပါမည်)

ဦးညွန့်မောင်(ဓမ္မာစရိယ၊ B.A., R.L)

www.burmeseclassic.com

www.burmeseclassic.com

ဘဝအမှောကို ဖြစ်စေတဲ့ သရအဆိုးတွေ

ဒေါက်တာစောယုနွယ်

Ph.D (Tantra) (Kol-India) Astrologer

တစ်နေ့သ၌ ကျွန်မရဲ့ သာယာရွှေပြည်ဟိန်း ဓာတ်ခန်းလေးထဲကို ကျွန်မရဲ့ သားတပည့်လေးဖြစ်တဲ့ ဆရာလိုင်ဘွားဦး(ကျိုက္ကဆံဘုရား)က ထမင်းချိုင့်လေးဆွဲပြီး ကျွန်မဆီ လာရောက်ပြီးကန်တော့ပါတော့တယ်။

သူက "အမေရေ အမေစားဖို့ ပဲကြီးလေးကို နှပ်ပြီး ယူလာတယ်။ ထုံးစံအတိုင်းပေါ့ အမေရယ်။ စားကောင်းအောင် ငရုတ်သီးထောင်းနဲ့ ပဲကုလားဟင်းကို အိမ်ကအမျိုးသမီးက ချက်ပေးလိုက်တယ် အမေရယ်"လို့ ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမောလေးနဲ့ ပြောရှာတယ်။

"အေးပါ ဆရာလိုင်ဘွားရယ်။ မင်းရော မင်းအမျိုးသမီးရော ငါက ကျေးဇူးတင်ပါတယ်။ တကယ်ပြောတာကွ မင်းတို့ဆီက ထမင်းချိုင့်လာတဲ့အခါ ငါတော်တော်စားကောင်းတာကွ။ ငါ တကယ်ပြောတာ မင်းအမျိုးသမီးလောက် ဟင်းချက်ကောင်းတာ ငါ ဒီတစ်သက်မှာ မတွေ့သေးဘူး"လို့ ပြောလိုက်တဲ့အခါ ဆရာလိုင်ဘွားဦးက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး -

"အမေကလည်း လုပ်ချလိုက်ပြန်ပြီ။ အမေပြောနေတာ ကျွန်တော်တို့ မကြာမကြာ ကြားဖူးနေတာပဲ။ အမေ ထမင်းချိုင့်သွားပို့တဲ့အခါ အဘဆရာကြီး ဒေါက်တာမင်းသိန်က -

ဟဲ့...စောယုနွယ်ရေ မင်းချက်လာတဲ့ ဝက်သားဟင်းလေးက ကောင်းလိုက်တာ။ ရဲယိုရွက်နဲ့ ငါးခူကြော်ချက်ထားတဲ့ ငါးခူချက်ကလေးကလည်း ငါစားလို့ကောင်းတယ်ဟေ့။ ငါ့တစ်သက်မှာ ဒီလောက်စားလို့ကောင်းတဲ့ ဝက်သားဟင်းမျိုး၊ ရဲယိုရွက်နှပ်မျိုး မစားဖူးဘူးလို့ မကြာခဏပြောပြီး အမေတို့ ချက်လာတာလေးကို ကျေနပ်အောင်၊ ပျော်သွားအောင် ပြောလေ့ရှိတယ်လို့ အမေပြောဖူးနေတာ ကျွန်တော်တို့ ကြားနေကျပဲ"လို့ပြောပြီး ကျေနပ်တဲ့အပြုံးလေးနဲ့ ရယ်ရယ်မောမော ပြောလိုက်ပါတော့တယ်။

ဆရာလိုင်ဘွားလည်း ထုံးစံအတိုင်း ကလေးနာမည်ပေးတွေ၊ တစ်နှစ်စာဟောစာတမ်းတွေ ရေးပြီးတာနှင့် ကျွန်မရဲ့ သာယာရွှေပြည်ဟိန်း ဟောခန်းလေးထဲကို ခုံအပိုင်းပုလေး ချပြီး သူ့ရဲ့ သွားလေရာပါတဲ့ လွယ်အိတ်ထဲကနေပြီးတော့ မှတ်စုစာအုပ်လေးထုတ်ပြီး "အမေရေ အမေ ဟိုတစ်နေ့က သင်တဲ့အထဲမှာ မြန်မာလူမျိုးတွေရဲ့ အမည်မှည့်ခေါ်တဲ့အထဲမှာ ဗျည်းနဲ့သရဆိုတာ နှစ်မျိုးရှိတယ်ဆို။ ဗျည်းနဲ့ သရဆိုးတွေတွဲပြီး မှည့်ခေါ်တဲ့အခါ ဘာအကျိုးအပြစ်များ ဖြစ်သွားတတ်လဲ အမေ"လို့ ကျွန်မကို စမေးပါတော့တယ်။

"အေး...ဟုတ်တယ်ကွ။ ဗျည်းနဲ့သရ အကြောင်းတွေနဲ့ တွဲပြီးမှည့်ခေါ်တဲ့ အမည်တွေဟာ ဘဝမှာ တိုးတက်မှုတွေ၊ အောင်မြင်မှုတွေ အထွတ်အထိပ်ရောက်မှုတွေနဲ့ ကြုံတွေ့ရတတ်တယ်။ အဲဒီလိုပဲပေ့ါ။ ဗျည်းနဲ့သရတွေ တွဲပြီး မှည့်မိတဲ့ အမည်တွေကတော့ ဘဝမှာ တိုးတက်မှုတွေ၊ အောင်မြင်မှုတွေ ဆုတ်ယုတ်သွားတတ်တယ်။ ဘဝမှာ ခြေကုန်လက်ပန်းကျပြီးမှ အသင့်အတင့်သာ ကံတရားရဲ့ အကျိုးတရားလေးသာ ခံစားတတ်ရတယ်။ တချို့ကလည်း နာမည်အလုတွေ သိပ်ကြိုက်တယ်ကွာ။ တချို့ကလည်း ဘိုးအေနာမည်ပါချင်လို့၊ အဘွားနာမည်ပါချင်လို့၊ အဖေနာမည် ပါချင်လို့ ပြောကြသေးတယ်။

တို့တွေလည်း ပညာရှင်တွေပဲကွာ။ ကလေးတစ်

www.burmeseclassic.com

www.burmeseclassic.com

ယောက် သူ့ဘဝတက်လမ်းမှာ အောင်မြင်မှုတွေ ရရှိအောင် ပညာရေးတွေ တိုးတက်အောင် မိဘနဲ့ ဆရာသမားတွေ နားလည်မှု ဂုဏ်ယူဝင့်ကြွားမှုတွေဖြစ်အောင် အကျိုးပေးတဲ့ အမည်နာမလေးတွေ ပေးချင်တာပေါ့။

ဒီလိုပဲ အောင်မြင်မှုနဲ့အတူ နာမည်လှလှလေးတွေ၊ ကဗျာဆန်တဲ့ ဥစ္စာလေးတွေ ပေးချင်တယ်။ အဘိုးအဘွား အဖေ အမေ နာမည်ပါတာလေးတွေလည်း ပေးချင်တာပေါ့။ ကလေးမိဘတွေ ပြောပါတော့ကွာ။ တို့ရဲ့ အလုပ်ရှင်တွေ (ကာစတန်မာ) စိတ်ကြိုက်ပေးချင်တာပေါ့။ ဒါပေမဲ့ လှိုင်ဘွား ဦးရေ…တို့တွေဟာ အညွှန့်တလူလူနဲ့ တက်လာတဲ့ ကလေး ငယ်လေးတွေကို ငယ်ငယ်ရွယ်ရွယ်နဲ့ အညွှန့်ကျိုးသလို ဖြစ် သွားမယ့် နာမည်တွေ၊ ရန်များစေမယ့် နာမည်တွေ၊ အကျိုး မပေးတဲ့ နာမည်တွေ မပေးမိအောင် တို့ဂရုစိုက်ရလိမ့်မယ် ပေါ့။ ကလေးနဲ့မသင့်တော်တဲ့ နာမည်တွေဆိုရင် သူတို့စိတ် ကြိုက် ရွေးချယ်ပြီး မပေးနဲ့ကွာ။ တို့ ကလေးတွေအတွက်၊ နောက်တက်လာမယ့် အနာဂတ်မျိုးဆက်သစ်တွေအတွက် ကံကောင်းမယ့် အောင်မြင်မှုကို ယူဆောင်လာမယ့် နာမည် လေးတွေပဲ ရွေးချယ်ပေးရအောင်"

အဲဒါနဲ့ပဲ ဆရာလှိုင်ဘွားဦးက -

"အမေ ဟိုတစ်နေ့က သင်တန်းမှာသင်တာ (ညှက်သိုက်ကိန်း)ဟာ နေ့သားတစ်ယောက်ကို အဆိုးဘက်ကို ပြောင်းလဲစေတယ်။ အဲ့ဒီ (ညှက်သိုက်ကိန်း)ဆိုတာ မွေးနံရဲ့ လေးခုမြောက်အမည်စလုံးရယ်၊ ခြောက်ခုမြောက် အမည်စာ လုံးရယ်၊ ရှေ့နဲ့နောက်ပိတ်တဲ့ နာမည်မျိုးကိုလည်း မခေါ် သင့်ဘူး"

"အေး…အဲဒါနဲ့ပဲ လှိုင်ဘွားရေ တို့ သရဆိုးကျိုးတွေ နာမည်တွေအကြောင်း မရောက်ဘဲဖြစ်နေဦးမယ်။ (ညှက်သိုက်ကိန်း)ကိုတော့ နောက်တစ်ပတ် မင်းလာတဲ့ နေ့လေး ကျမှ ဆက်ပြောကြတာပေါ့။ သရအဆိုး ရှစ်ခုရှိတယ်ကွ။ အဲ့သရ အဆိုးတွေက လုံးကြီးတင်ရယ်၊ လုံးကြီးတင်ဆံခတ် ရယ်၊ နောက်ပစ်ရယ်၊ ရေးချရယ်၊ သေးသေးတင်ရယ်၊ ဝဆွဲ ရယ်၊ အောက်ကမြင့်ရယ်၊ ဟတ်ထိုးရယ် ဆိုပြီး ရှစ်ခုရှိတယ်။ အဲသရအဆိုး ရှစ်ခုထဲက ကိုယ့်နာမည်မှာ တစ်ခုခုပါနေရင် စိတ်အနှောင့်အယှက်ဖြစ်စရာတွေ၊ ရန်များတာတွေ တွေ့ကြုံ ရတတ်တယ်။ တို့လောကီမှာကွာ အမည်တွေကြောင့် ဘဝ မှာ တိုးတက်သင့်သလောက် မတိုးတက်ဘူး။ အောင်မြင်မှု ရှိသင့်သလောက် မရှိဘူးဆိုတဲ့ အယူအဆဟာ တို့ပညာရှင် တွေ လောကမှာ အမေတစ်ယောက်တည်း လက်ခံထားတာ မဟုတ်ဘူး။ အများပညာရှင်တွေပါ လက်ခံထားတာ၊ မင်း အသိပဲမဟုတ်လား"

ဟု ကျွန်မက ပြောလိုက်တဲ့အခါမှာ ဆရာလှိုင်ဘွား က -

"ဟုတ်တယ် အမေရေ။ ကျွန်တော့်ဆီလာမေးတဲ့ ဗေဒင်ပရိသတ် မိတ်ဆွေတွေကို နာမည်ကြောင့် ဘာဖြစ်တတ် တယ်၊ ညာဖြစ်တတ်တယ်လို့ ကျွန်တော်ပြောနေတာ သူတို့ ကလည်း လက်ခံတယ် အမေရေ။

ဒါကြောင့်လည်း နာမည်ပြောင်းလို့ရတဲ့ အရွယ်မျိုးဆို ကျွန်တော် နာမည်ပြောင်းပေးဖို့ အကြံဉာဏ်ပေးပါတယ်။ ပြောင်းလို့မရတဲ့ အရွယ်တွေကျရင်တော့ သူ့မွေးနံရဲ့ အညွှန့် စာလုံးတွေ ဘုရားမှာ လှူခိုင်းတာတို့၊ မိသားစုအတွင်းမှာ နာမည်ပြောင်း ခေါ်ခိုင်းတာမျိုး၊ ဘုရားကို လှူဖွယ်တန်းဖွယ် တွေ လှူတဲ့အခါမှာ ကိုယ့်မူလနာမည်ရယ်၊ ကျွန်တော် ပြောင်းလဲခေါ်ဖို့ အကြံဉာဏ်ပေးလိုက်တဲ့ နာမည်လေးတွေ ပါ ပူးတွဲကမ္ပည်းထိုးဖို့ ကျွန်တော် အကြံပေးလိုက်တယ်"

"သိပ်ကောင်းတာပေါ့ ဆရာလှိုင်ဘွားရယ်။ မင်းပေးတဲ့ အကြံဉာဏ်တွေဟာ သူတို့ဘဝအတွက် အထောက်အကူ ဖြစ်တယ်"

လို့ ကျွန်မက ပြောလိုက်တဲ့အခါ ဆရာလှိုင်ဘွားက လည်း -

"သရအဆိုးရှစ်လုံးကိုတော့ သိရပါပြီ။ အဆိုးအား တွေက ဘယ်သရမဆို အတူတူကြီးပဲ ဆိုးတာလား"လို့ ကျွန်မ ကို ထပ်မေးလိုက်ပါတယ်။

"ဟ…မတူဘူးကွ။ လုံးကြီးတင် ဆိုတဲ့ သရက သူ့တစ်ပါးက မိမိကို ဖိနှိပ်ခြင်းပြုတတ်တယ်။ ရောက်တဲ့နေရာ ဌာနတွေမှာလည်း အထက်က ဖိနှိပ်ပြီး အောက်လူတွေက မထေမဲ့မြင်လုပ်ခြင်းဆိုတဲ့ အပြုအမူတွေ ခံစားရတတ်တယ်။ ထိပ်ဆုံးရောက်ဖို့ ခဲယဉ်းသလို အမြင့်မှာလည်း ကြာကြာ မခံစားရတတ်ဘူးကွ။

လုံးကြီးတင်ဆံခတ် ဆိုတာကတော့ ကိုယ့်ဘဝ ကိုယ်ရပ်တည်နိုင်ဖို့ အလွန်ခက်ခဲတတ်တယ်။ ကိုယ်ပိုင်ရပိုင်

www.burmeseclassic.com

www.burmeseclassic.com

ခွင့် အခွင့်အရေး နည်းပါးတတ်တယ်။ သူတစ်ပါးကို အားကိုး နေရတတ်တယ်။ သူတစ်ပါးက အထောက်အကူပြုမှ တိုးတက်တယ်။

နောက်ပစ် ဆိုတဲ့ သရအဆိုးကတော့ အလွန်ဆိုးတဲ့ သရအဆိုးဖြစ်တယ်။ တိုးတက်ပြီး ထိပ်ဆုံးရောက်နိုင်အောင် အလွန်ကြိုးစားမယ်၊ ထိပ်ကိုရောက်တဲ့နေရာမှာလည်း တည်မြဲအောင် ထိန်းသိမ်းထားဖို့ ကြိုးစားရတတ်တယ်။ တစ်ချက်လေး အမှားကြုံလိုက်တာနဲ့ ဘဝမှာ ပေးဆပ်လိုက်ရတာတွေ၊ ဆုံးရှုံးလိုက်ရတာတွေ အများကြီးဖြစ်သွားတတ်တယ်။ ဘယ်လိုမှ ပြန်တက်ဖို့ လမ်းစခဲရင်းသွားတတ်တယ် ဆိုပါတော့ကွာ။ နာလန်မထူနိုင်တော့ဘူးကွာ။

ရေးချာ ဆိုတဲ့ သရကတော့ တို့ပညာသည်နဲ့တွေ ဂရုစိုက်ရမယ့် သရလေးပဲကွ။ ရေးချာဆိုမှတော့ အောက်ကို ဆွဲချခံရတဲ့ နိမိတ်လေးပေါ့ကွာ။ လက်ရှိရောက်နေတဲ့ နေရာ၊ ဘဝအဆင့်အတန်း၊ ပိုင်ဆိုင်မှုအားလုံးမှာ အဖျက်ကြုံရတတ်တယ်။ ထိပ်တန်းရောက်ပြီးမှ အနှောင့်အယှက်တွေ အတိုက်အခံတွေ ကြုံရလို့ အောက်ကိုပြန်ဆင်းသွားရတဲ့ သရအဆိုးလေးပဲ။ မင်းတို့ ငယ်ငယ်တုန်းက မြွေကစားတဲ့ ကစားနည်းပေါ့ကွာ။ လှေကားလေးနဲ့ ထောင်ပြီးတက်သွားတယ်။ အမြင့်ဆုံးရောက်ပြီးမှ မြွေနဲ့ တွေ့လိုက်တော့ အောက်ကို ပြန်ရောက်သွားတဲ့ပုံမျိုးလိုပဲကွ။ ရိုးရိုးတန်းတန်း ပြုတ်ကျလာတာ မဟုတ်ဘူးကွ။ ပြဿနာပေါင်းစုံ၊ အမှုပေါင်းစုံ၊ ပြဿနာ ဗရပွနဲ့ အောက်ဆုံးရောက်တဲ့ သရပဲဟေ့။ နောက်သရ အဆိုးတစ်ခုကတော့ -

သေးသေးတင် ဆိုတဲ့ စာလုံးက **တို့တွေ** စကားပြောရင်တော့ အနိုင်မခံ အရှုံးမပေးဘဲ သူများ သေးသေးလာတင်တာ ကျွန်မတို့က လက်မခံဘူးဆိုတဲ့ ပြောပြောနေကျ သေးသေးတင်ဟေ့။ သေးသေးတင်လည်း ဆိုးတယ်ကွ။ အောင်မြင်မှုရဖို့အတွက် ခဲယဉ်းတတ်တယ်။ မဟုတ်မခံ စိတ်ရှိတတ်တာကြောင့် သည်းညည်းခံမှု မရှိတတ်တာကြောင့် ထိပ်ဆုံးရောက်ဖို့ ခဲယဉ်းတတ်တယ်။ လှေလှော်ရင်း တက်ကျိုးသလို ကြုံရတတ်တယ်။ တော်ရုံသင့်ရုံ တိုးတက်မှုနဲ့လည်း ကျေနပ်နှစ်သိမ့်ရတတ်တဲ့ အမည်နာမမျိုးပဲ။ နောက်တစ်ခုကတော့ ဝဆွဲပဲဟေ့။

ကိုယ့်ဘဝမှာ လုပ်သမျှ ဦးတည်သမျှ ချောမွေ့ခြင်းတွေ၊ ပင်ပန်းခြင်းတွေနဲ့ ကြုံရတတ်တယ်။ စိတ်ရှုပ်ရတတ်တယ်။ စိတ်ပင်ပန်း လူပင်ပန်းဖြစ်ပြီး ဘယ်အရာမှ ဘယ်အခါမှ လွယ်လွယ်ကူကူ မရတတ်ဘူးကွဲ။ နောက် သရကတော့ဟေ့ **အောက်ကမြင့်**ပဲ။ အဲဒီ သရလေးကတော့ဟေ့ သရထဲမှာ အဆိုးဆုံးပဲ။ အများရဲ့ စိတ်ငြိုငြင်ချင်စရာများ။ အများရဲ့ စိတ်အနှောင့်အယှက်ပေးမှုတွေ၊ အများဆုံး ကြုံရတတ်တယ်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်စေတဲ့ သရအဆိုးလေးပေါ့။ တိုးတက်မှုတွေ၊ ကံကောင်းမှုတွေကို ဘယ်လိုကြံစည်ကြံစည် ပြုလုပ်ပြုလုပ် တိုးတက်မှုတို့ ကြုံတွေ့မှုတွေကို မရရှိနိုင်ဘူး။ သူများအပေါ် ကိုယ်က အကောင်းဘယ်လောက်လုပ်ပေးလုပ်ပေး အကောင်းမမြင်နိုင်ဘူး။

နောက်ဆုံး သရအဆိုးကတော့ဟေ့ . . . **ဟတ်ထိုး**ဆိုတဲ့ သရအဆိုးလေးပဲ။ အဲဒီ ဟတ်ထိုးလေးပါရင် အရှက်တကွဲအကျိုးနဲ့ ဖြစ်တတ်တယ်။ ပြဿနာတစ်ခုမဟုတ်တစ်ခု ဖြစ်တတ်တယ်။ အထူးသဖြင့် မိန်းကလေးတွေမှာပါခဲ့ရင် အိမ်ထောင်ဆက်များတတ်တယ်။ လုပ်ငန်းခွင် ပတ်ဝန်းကျင်မှာလည်း ကိုယ့်ကို မကောင်းတာပြောတာတွေ ကြုံရတတ်တယ်ကွ"

အဲ့လို ကျွန်မက ပြောပြလိုက်တဲ့အခါမှာ ဆရာလှိုင်ဘွားဦးက "အမေရယ်၊ ကျွန်တော့်နာမည်မှာ လုံးကြီးတင်ကော ဟတ်ထိုးကောပါတော့ အဲဒီ သရအဆိုးတွေ ပြေပျောက်အောင် ဘာလုပ်ရမလဲ"လို့ မေးလိုက်တဲ့အခါမှာ-

"ဟ . . . ဆရာလှိုင်ဘွားဦး။ သရအဆိုးတွေပါရင် ကောင်းအောင်လုပ်ကြမှာပေါ့ကွ။ ပြုပြင်ပြောင်းလဲ နေထိုင်တာကို ယတြာလို့ အမေပြောခဲ့တယ် မဟုတ်လား။ အဲ့လို ပြုပြင်ပြောင်းလဲနေထိုင်တာကိုတော့ နောက်တစ်ပတ်ကျမှပဲ ပြောပြလိုက်မယ်"လို့ ပြောတဲ့အခါမှာ ဆရာလှိုင်ဘွားလည်း သူ့အတွက် ပညာရပ်တစ်ခု ရသွားပြီဆိုတဲ့ ပီတိအပြုံးလေးပြုံးပြီး ကျွန်မကို ဦးခိုက်ကန်တော့လိုက်ပါတော့သတည်း။

ချမ်းသာကိုယ်စိတ် မြဲပါစေ . . .

ဆရာမဒေါက်တာစောယုနွယ်

Ph.D (Tantra) (Kol-India) Astrologer

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ရိုးရာ ခုနှစ်း

ငွေဝင်အဆောင်စီရင်များ

အောင်မြင်စိုး

ကံမြင့်၊ လာဘ်ပွင့်၊ ငွေဝင်ဂါထာတော် ထူးမြတ်ကြီး ဥပမာ –

တုမှေ စိတ္တံ ဆကာယောစ၊

သဗ္ဗဒေဝ မနုဿစ၊

သီတံ ဥဒက ကုဋ္ဌိတံ၊

ပတ္တံမေ ဟောတုမေ မေတ္တံ။

၁၃၂၅, ၁၃၃၅, ၁၃၄၅ — ၅ ခုနှစ်ဖွား

၁၃၂၇, ၁၃၃၇, ၁၃၄၇ — ၇ ခုနှစ်ဖွား

၁၃၃၀, ၁၃၄၀, ၁၃၅၀ — ၀ ခုနှစ်ဖွား

တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော မြန်မာ့ရိုးရာ ခုနှစ်း၊ ငွေဝင်အဆောင်စီရင်များအကြောင်း တင်ဆက်ပါမည်။ မိမိတို့၏မွေးဖွားရာ မြန်မာသက္ကရာဇ် နောက်ဆုံးအလုံးကို ယူရပါမည်။ တစ်သက်တာအားဖြင့် စီရင်ဆောင်ရွက်နိုင်ပါသည်။

...ဝိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၁ ခုစွန်းဖွား – ကြာသပတေးနေ့တွင် နေအိမ်ဘုရားကျောင်းဆောင်တော်၌ ရှောက်သီး (သို့) သံပရာသီး လှူဒါန်းပါ။ ကံမြင့်၊ လာဘ်ဖွင့်ဂါထာ ၁၀၈ ခေါက်ရွတ်ပွားပါ။ အထက်ပါနေ့တိုင်း မကြာခဏလှူဒါန်းပေးပါ။

၂ ခုစွန်းဖွား – ဗုဒ္ဓဟူးနေ့တွင် ဒေါင်းတောင်နှစ်ချောင်းအား နေအိမ်ဘုရားကျောင်းဆောင်တော်၌ တစ်ဖက်တစ်ချက် လှူဒါန်းပါ။ (သို့မဟုတ်) ဗုဒ္ဓဟူးနေ့တွင် ရွှေဖြင့် ဥဒေါင်းပုံရုပ်ပုံပြုလုပ်ပြီး သုံးစွဲပါ။ ဂါထာရွတ်ပါ။

၃ ခုစွန်းဖွား – ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဆွမ်းဆန်စိမ်း လောင်းလှူရာတွင် ပါဝင်ကူညီခြင်းပြုလုပ်ပါ။ တနင်္လာနေ့တွင် ငွေဆွဲကြိုး စတင်ဝတ်ဆင်ပါ။ ဂါထာရွတ်ပါ။

၄ ခုစွန်းဖွား – ဗုဒ္ဓဟူးနေ့တွင် ဆင်ခံဘုရားပုံတော်၊ ရုပ်ပုံတော်၊ ဆင်းတုတော် စတင်ဝယ်ယူ ထုလုပ်ပူဇော်၊ အနေကဇာတင် ကိုးကွယ်ပါ။ ဂါထာမြတ်ရွတ်ပါ။



၅ ခုစွန်းဖွား – စနေနေ့တွင် နဂါးရုံဘုရားပုံတော်၊ ရုပ်ပုံကားချပ်၊ ဆင်းတုတော် စတင်ကိုးကွယ်ပူဇော်ပါ။ (သို့မဟုတ်) ရွှေငါးမူးသား (သို့) ငွေငါးမူးသားကို နဂါးရုပ်၊ နဂါးပုံလက်စွပ် ဝတ်ဆင်ပေးပါ။ ဂါထာထူးရွတ်ပါ။

၆ ခုစွန်းဖွား – တနင်္ဂနွေနေ့တွင် ကုက္ကားငှက်ဂဠုန်ရုပ်ကို တန်ခိုးကြီးဘုရား မွေးနံ့ထောင့်မှာလှူပါ။ နေ့ခုနစ်နေ့နံကောင်များအနက် ကုက္ကားပေါ်ရှိ အခြားနေ့နံအကောင်များကို ညှပ်ပစ်ပါ။ ကုက္ကားငှက်ဂဠုန်တစ်ကောင်တည်းသာ ကျန်ပါစေ။ မကြာခဏ ပြုလုပ်ပေးပါ။ ဖော်ပြမည့်ဂါထာကို အထူးရွတ်ပွားပေးပါ။

၇ ခုစွန်းဖွား – အင်္ဂါနေ့တွင် ရွှေ၊ ငွေခုနစ်ပဲ (သို့) ခုနစ်ရွေးသားကို ဆိတ်ရုပ်ပုံပန်းထိမ်ဆိုင်တွင်ပြုလုပ်ပါ။ ကလေးငယ်များအတွက် လည်ပင်းမှာဆွဲထား၊ ခမည်းပေးပါ။ လူကြီးများ ဆေးကွင်စိမ်၊ ဆေးစူး၍ ကျန်းမာသက်သာပါလိမ့်မည်။ (သို့) ဆီးမြစ် ကျား (ယာလက်ခလယ်လက်တစ်ဆစ်တစ်လက်မ)၊ မ (ဝဲဘက် လက်ခလယ်တစ်ဆစ် တစ်လက်မခန့်) ဆောင်ထားပါ။ ဆီးသီး၊ ဆီးယိုလှူ ကိုယ်တိုင်စားပါ။ ဂါထာတော်ထူးမြတ်ကြီး ရွတ်ပွားပူဇော်ရန် အင်္ဂါနေ့တိုင်း ဖြစ်ပါသည်။

၈ ခုစွန်းဖွား – အင်္ဂါနေ့တွင် ကသစ်သားခြင်္သေ့ရုပ်တု ကော်သုတ်ပါ။ ကလေးများ ပရိတ်ကြိုးဖြင့် လည်ပင်းဆွဲပါ။ လူကြီးများ အလုပ်စားပွဲ၊ ဘုရားကျောင်းဆောင်တော်မြတ်မှာ ထားပါ။ သောကမရောက်၊ သူခိုးဘေးကင်း၊ သိကြား မ,သလိုကံကောင်း၊ သူကြွယ်ဖြစ်စေရန် အဓိဋ္ဌာန်ပါ။ ဂါထာတော်ရွတ်ပွားပါ။

၉ ခုစွန်းဖွား – ထီးဖြူကို သင့်ဟော်သောအရွယ် ဘုရားမှာလှူဒါန်းပါ။ ပိတ်ဖြူမျက်နှာကြက်ချုပ်လှူပါ။ မျက်နှာကြက်ပြားလှူပါ။ နေအိမ်ဘုရားမှာဆိုရင် မွေးနေ့မှာ ထီးဖြူကနုတ်ထီး လှူဒါန်းပူဇော်

www.burmeseclassic.com

www.burmeseclassic.com





ပါ။ ဂါထာမြတ်ရွတ်ပွားပေးပါ။ မွေးနေ့တိုင်းဖြစ်ပါသည်။

၀ ခုစွန်းဖွား – စကြာပန်ကာလေးခုကို အိမ်ရှေ့ဖြစ်စေ၊ လေတိုက်သောနေရာတွင် ချိတ်ဆွဲလှူဒါန်းပါ။ စကြာခတ်၊ မကောင်းသောခတ်များကို ဖယ်ရှားပါလိမ့်မည်။ ဂါထာမြတ် ရွတ်ပွားပူဇော်ပါ။

အထက်ပါ ၁ မှ ၀ ထိခုစွန်းဖွား ကလေးသူငယ်၊ လူကြီးမိဘတို့အတွက် တစ်သက်တာ ဇာ့ငွဝင်၊ လာဘ်ပွင့်၊ အန္တရာယ်ကင်း အဆောင်စီရင်များအား ပြသခဲ့ပေပြီ။ ဆက်လက်၍ ရွတ်ပွားပူဇော်ရမည့် ဂါထာထူးမြတ်ကြီးကို ဖော်ပြပါလတ္တံ့။

ကံမြင့်၊ လာဘ်ပွင့်၊ ငွေဝင်ဂါထာတော်ထူးမြတ်ကြီး

တုမှေ စိတ္တံ ဆကာယောစ၊
သဗ္ဗဒေဝ မနုဿစ၊
သိတံ ဥဒက ဣတ္ထိတံ၊
ပတ္တံမေ ဟောတုမေ မေတ္တံ။

အနက် (သိရှိထားရန်သာ)

ခပ်သိမ်းကုန်သော နတ်လူတို့၏ ကိုယ်စိတ်နှစ်ဖြာသီတာရေပမာ၊ အေးမြသာယာပြီး တောင့်တအပ်သော အလိုမျိုရာဟူသရွေ့ ပြည့်ဝကြပါစေ။ မိမိကိုယ်တိုင်သည်လည်း နတ်လူတို့ပို့သသော မေတ္တာကို ခံယူရနိုင်ပါစေသတည်း။

(မှတ်ချက်။ သာသနာ့အာဇာနည်၊ ဂမ္ဘီရပညာရှင်ကြီး ရသေ့ကြီးဦးခန္တီ၏ ဒေါက်ချာတွင် ရေးထိုးထားကြောင်းသိရ၏။)

သို့ပါ၍ ကံမြင့်၊ ငွေဝင်၊ လာဘ်ရွှင်၊ အန္တရာယ်ကင်းလိုသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် မိမိတို့နှင့်သက်ဆိုင်ရာ ခုစွန်းနေ့များအလိုက် ပူးတွဲဖော်ပြပါ ဂါထာတော်ထူးမြတ်ကြီးကို ၁၀၈ ခေါက်နှင့်တကွ စွမ်းနိုင်သရွေ့ ရွတ်ပွားတော်မူကြခြင်းအားဖြင့် အထက်ဖော်ပြပါ အကြောင်းအကျိုးတရားတို့သည် ကောန်မလွဲ ပြည့်စုံလာစေနိုင်သည့်သာဓကများစွာ ရှိကြပါသည်။

မိမိတို့ဘဝ၏ တစ်သက်တာ၊ နှစ်ပိုင်း၊ လပိုင်း၊ ရက်ပိုင်း၊ အချိန်ကာလပိုင်းတို့၏ ယတြာသျှ္ဘိများအနက် တစ်သက်တာနှင့် ရက်ပိုင်းအလိုက်တွင် သုတေသနပြု ဖော်ထုတ်တင်ဆက်ပါသည်။ ယုံကြည်စွာပြုလုပ်ပါ။ ယုံကြည်ခြင်းသည် ၅၀ ရာခိုင်နှုန်း အမှုကိစ္စ အောင်မြင်ပြီးစီးသည်မဟုတ်ပါလော။

အောင်မြင်စိုး

www.burmeseclassic.com

www.burmeseclassic.com





အယူတော်မင်္ဂလာ နှင့် ကြက်နိမိတ်

■ ဂမ္ဘီရဆရာပွင့်

ငယ်စဉ်အခါက ကျွန်ုပ်သည် အသက် ၈၀ ခန့်ရှိပြီဖြစ်သော လောကီပညာရှင် အဘိုးအိုတစ်ဦးနှင့် ဆုံစည်းခဲ့ဖူး၏။ အသက်ကြီးပြီဖြစ်သော်လည်း ကျန်းမာသန်စွမ်း၍ ဖျတ်ဖျတ်လတ်လတ်ရှိလေရကား ထိုအဘိုးအိုသည် ၎င်းနေထိုင်သော မနုဖြူတစ်ဖက်ကမ်းရှိ ရွာကလေးမှ ဘောက်တူလှေကလေးတစ်စင်းဖြင့် ရောမြစ်ရေပြင်ကိုဖြတ်ကာ မနုဖြူရှိ ဈေးသို့ ဈေးလာဝယ်လေ့ရှိ၏။ ဝယ်ယူသောပစ္စည်းများကား ပရဆေးပစ္စည်းများသာ အများဆုံး ဖြစ်တတ်လေသည်။

ထိုအဘိုးအို၏အမည်ကား "နိမိတ်ဖတ်ဆရာထွန်း" ဖြစ်လေ၏။ ၎င်းနှင့် ပက်ပင်းဆုံတွေ့ကြသူတိုင်းသည် ၎င်းအား ရှိရှိသေသေပင် ဂါရဝထားကာ ယို့ယို့ကျိုးကျိုး ဆက်ဆံကြလေသည်။ နိမိတ်ဖတ်ဆရာထွန်းသည် မနုဖြူရောက်လျှင် မင်းပိုင်းရပ်ရှိ ရေနံဈေးဝလျက်ရှိသော ကျွန်ုပ်တို့၏နှစ်ထပ်အိမ်ကြီးသို့ဝင်ကာ ကွမ်းစားဆေးသောက် ပြုလေ့ရှိလေသည်။ ကျွန်ုပ်၏မိဘများ၊ ဘိုးဘွားများမှာ နိမိတ်ဖတ်ဆရာထွန်း ရောက်လာလျှင် ဝမ်းသာအယ်လဲ ဖြစ်ကြ၏။ ပျူပျူငှာငှာရှိကြ၏။ ပျာပျာသလဲပင် အိမ်ဦးခန်း၌

www.burmeseclassic.com

www.burmeseclassic.com

သင်ဖြူး ဖျာချောကိုခင်းလျက် နေရာပေး၏။ စားကောင်း သောက်ဖွယ်ရာတို့နှင့် ညှေ့ခံ၏။ အသားအရေက ခပ်ညို ညို၊ အရပ်က ထောင်ထောင်မောင်းမောင်း၊ ပြီးတော့ သျှောင်ထုံးနဲ့။ ဥပဓိရုပ်က တည်ကြည်ခိုင်ခံ့သည်မို့ ကျွန်ုပ် လည်း ကလေးသူငယ်အရွယ် ဖြစ်လင့်ကစား နိမိတ်ဖတ် ဆရာထွန်းအား လေးစားခန့်ညားစိတ် ဖြစ်ပေါ်ခဲ့တော့၏။ လူကြီးသူမများနှင့် စကားလက်ဆုံကျပြီဆိုလျှင် နိမိတ်ဖတ် ဆရာထွန်း ပြောဆိုသော စကားများမှာ လေးနက်လှ၏။ ဗဟုသုတဖြစ်ဖွယ်များပါဝင်၏။ စိတ်ဝင်စားစရာ ကောင်း လှတော့၏။

တစ်နေ့ အဆိုပါစကားဝိုင်း၌ ကျွန်ုပ်ရှိနေစဉ် နိမိတ် ဖတ်ဆရာထွန်းသည် နှစ်လိုဖွယ်ရာအပြုံးကိုဆောင်လျက် ကျွန်ုပ်၏ ညာလက်ဝါးပြင်ကို ဆွဲယူကာ လက္ခဏာအရေး အကြောင်းများကို ဖတ်ရှုလေတော့သည်။

"အံမယ် ... ငါ့မြေးက ဘယ်ဆိုးလို့လဲ။ တစ်နေ့ ကျရင် လောကီပညာရပ်တွေ၊ ဂမ္ဘီရဝိဇ္ဇာရေးပညာရပ်တွေမှာ ထူးထူးချွန်ချွန်ဖြစ်မယ့် ပုဂ္ဂိုလ်ပဲ။ ကောင်းသကွယ်။ အဘိုး ထွန်းလည်း ခန္ဓာမစဲခင်အထိ ငါ့မြေးနဲ့တွေ့တိုင်း သိသင့် သိထိုက်၊ တတ်သင့်တတ်ထိုက်တဲ့ ပညာတွေကို အမွေပေး ခဲ့မယ်။ ဘယ့်နှယ် ... အဘိုးထွန်းပေးမယ့် ပညာတွေကို ယူမှာလား ငါ့မြေး"

"ယူမှာပေါ့ အဘရယ်"

"ဟားဟားဟား ... ကောင်းသကွယ့်"

ထိုသို့ဆိုသည့်အခိုက် ကြက်သားအုပ်မတစ်အုပ် သည် ခြံထဲသို့ပြေးဝင်လာလေသည်။ ထိုမြင်ကွင်းကို တွေ့ မြင်ရသည့်အခိုက် နိမိတ်ဖတ်ဆရာထွန်းမှ ကျွန်ုပ်၏ဖခင် ဖြစ်သူအား –

"မောင်ဘရင်ရေ မကြာခင်ကာလအတွင်း မင်းတို့ မိသားစုတော့ ပစ္စည်းဥစ္စာရတနာတွေ အစုလိုက်အပြုံလိုက် ဝင်တော့မကွယ့်"

ဟု ဆိုလေသည်။ (ဆိုသည့်အတိုင်းပင် မကြာခင် ကာလ၌ နိမိတ်ဖတ်ဆရာထွန်း ဟောခဲ့သည့်အတိုင်း မှန် ကန်ပါချေ၏။)

"အဲဒါ ကြက်နိမိတ်ကောက်တာခေါ်သကွယ့်"

"အဲဒီပညာကို သင်ပေးပါလား အဘိုး"

"အေး ... သင်ပေးရတာပေါ့ကွယ်။ ကိုင်း ... သေသေချာချာမှတ်ထားပေတော့ ငါ့မြေး။ လမ်းခရီးမှာ သွားနေတုန်း ကြက်တွန်သံကိုကြားရရင် လိုရာကိစ္စတွေ ပြီးမြောက်အောင်မြင်မယ့် နိမိတ်ကွယ့်။ ကိုယ့်ရဲ့ရှေ့မှာရှိတဲ့ ကြက်ငယ်ကလေးကို ကြက်ကြီးက လိုက်ဆိတ်နေတာကို မြင်ရရင် အထက်လူကြီးရဲ့ ငြိုငြင်မှုကို ခံရမယ့်နိမိတ်ပဲ။ ကိုယ့်ရှေ့က ကြက်ဖဖြတ်ပြေးခဲ့ရင် မိန်းမ (ဒါမှမဟုတ်) ချစ်သူနဲ့ ခွဲခွာရတတ်ပါသတဲ့။ အဲ ... စောစောက အဘိုး ပြောခဲ့သလိုပေါ့။ ကြက်သားအုပ်မ ပြေးလာတာမြင်ရရင် ပစ္စည်းဥစ္စာရတနာတွေ အစုလိုက်၊ အပြုံလိုက် ရတော့မယ့် နိမိတ်ပဲပေါ့။

ကိုယ့်ရဲ့အနောက်ဘက်ကနေ ကြက်တွန်တဲ့အသံ ကို ကြားရရင် ရည်မှန်းချက်တွေ ဆုံးရှုံးတတ်တယ်ကွယ့်။ အဲ ... ကိုယ့်ရှေ့မှာ ကြက်ဖနှစ်ကောင် သဲကြီးမဲကြီးခွပ်နေ ကြတာကို မြင်ရရင်ဖြင့် ရန်ဖြစ်တော့မယ်။ အမှုနိုင်မယ်ဆိုတဲ့ နိမိတ်ပေါ့။ သေနေတဲ့ကြက်မှာ လောက်တွေတဖွားဖွား တက်နေတာမြင်ရရင် သွားရင်းလာရင်းက ရွှေငွေတွေ ကောက်ရတတ်ပါတယ်။ ကြက်မနှစ်ကောင် ခွပ်နေတာကို မြင်ရရင်ဖြင့် မျှော်လင့်မထားဘဲနဲ့ သူတစ်ပါးက ရန်ပြုလာ ခြင်းကို ခံရတတ်တယ် ငါ့မြေး"

"ဟုတ်ကဲ့ ... အဘိုး"

ထိုနေ့က နိမိတ်ဖတ်ဆရာထွန်း သင်ကြားသွားခဲ့ သည့် ကြက်နိမိတ်ကောက်ပညာသည် ကျွန်ုပ်အတွက် ယခု ထိတိုင် လက်တွေ့အသုံးဝင်လျက်ရှိပါသည်။ နိမိတ်ကောက် ပညာရပ်သည် သိမ်မွေ့နူးညံ့လှပါသည်။ အယူတော်မင်္ဂလာ နှင့်လည်း ဆက်စပ်နေပါသည်။ ကျွန်ုပ်တို့သည် အရာရာကို အမှုမဲ့ အမှတ်မဲ့ မနေဘဲ နိမိတ်ကပြလာသော အဆိုး အကောင်း၊ အကျိုးအကြောင်းတို့ကို သတိပြုကာ ကျ ရောက်မည့် ဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ခြင်းဖြင့် ကောင်းကျိုးအထွေထွေတို့ ပြည့်ဝကာ ကိုယ်စိတ်နှစ်ဖြာ လန်းရွှင်ချမ်းသာလိမ့်မည်ဖြစ်ကြောင်း အတွေ့အကြုံနှင့် ယှဉ်လျက် တင်ပြလိုက်ရပါတော့၏။

ဂမ္ဘီရဆရာပွင့်

www.burmeseclassic.com

www.burmeseclassic.com

လူ့ဘဝတစ်ခဏ

တန်ဖိုးရှိအောင် ကြိုးစားကြ

အရာခံ ဗိုလ်သစ်လွင်

လူ့ဘဝတွင်...
မသွားဘဲ နီးနီးလာတာက သုသာန်၊
သွားပါလျက် ဝေးနေတာက နိဗ္ဗာန်၊
သေခြင်းကိုပင်၊ ဤသို့လျှင်၊ နေ့စဉ်ပွားများပါ။
ငါနှင့်ရွယ်တူ၊ ငါ့အောက်လူ၊ ကြီးသူသေကြ၊ များလှပြီ။
ခဏမစဲ၊ အိုစမြဲ၊ ငါလည်း သေဘက်နီးခဲ့ပြီ။
မသေသေးမီ ပါရမီ၊ ငါသည်ဖြည့်မှ သင့်တော့မည်။

လူတွေဟာ သေမျိုးဖြစ်လို့ ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ သေနိုင်သည်။ သို့ပေမဲ့ လူတွေဟာ သေရမှာကို မေ့လျော့နေပြီး ဘယ်တော့မှ မသေတော့မည်ဟန်ဖြင့် ဥစ္စာတွေ ရှာဖွေသိမ်းနေကြသည်။ မာနတံခွန်တွေ ထောင်လွှားပြီး ဂုဏ်တုဂုဏ်ပြိုင် အနိုင်ကြဲနေကြသည်ကို တွေ့ရပေသည်။

မရဏံ မေခုဝံ၊ ဓိဝိတံ မေအခုဝံ။

ရှေ့ပြန် ၆၉

www.burmeseclassic.com

www.burmeseclassic.com

ငါရဲ့သေခြင်းဟာ မြဲတယ်၊ ငါရဲ့ အသက်ရှင်ခြင်းဟာ မမြဲဘူး စသည်ဖြင့် ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်ကို တွေ့ရပေသည်။ မိမိသေနေပုံကို မြင်အောင်ကြည့်ပြီး သည်လိုရှုပွားဖန်များလျှင် မိမိရဲ့သေခြင်းသဘောဟာ ထင်ရှားလာသည်ကို တွေ့ရပေလိမ့်မည်။ ထင်ရှားလာသည်နှင့် အမျှ သံဝေဂမြင်ပြီး မာန၊ လောဘ၊ ဒေါသတို့ လျော့ကျလာတတ်သည်ကို တွေ့ရပေမည်။ သေမင်းကို မကြောက်မရွံ့ ရင်ဆိုင်လာတတ်သည်ကို တွေ့ရပေမည် ဖြစ်သည်။ မနေရလို့ သေရတော့မယ်ဆိုရင်လည်း သတိအသိနှင့် သေရမည်။ မသေသေးလို့ နေရဦးမယ်ဆိုရင်လည်း သတိအသိနှင့် နေရမည်။ သတိအသိနဲ့ သေလို့ကတော့ ဘယ်တော့မှ အပါယ်သို့မကျနိုင်ဘူးမှတ်ပါ။ လူ့ဘဝမှာ လူတိုင်းလူတိုင်းသည် တစ်နေ့နေ့တွင် သေကြရမည် ကေန်သာဖြစ်သည်။ အိုခြင်းသဘော၊ နာခြင်းသဘော၊ သေခြင်းသဘောတရားတို့သည် သတ္တဝါတိုင်း သတ္တဝါတိုင်း တစ်နေ့မလွဲမသွေ ရှောင်လွှဲမရ ကြုံကြရမည့် တရားမှာ မလွဲကေန် ဖြစ်ပါတော့သည်။ ထိုသို့သေသောအခါ နိဗ္ဗာန်မရောက်မီစပ်ကြား ကျင်လည်ရမည့်ဘဝများကား မရေမတွက်နိုင် များပြား၍ မဆုံးနိုင်အောင် ရှိကြပေဦးမည်ဖြစ်သည်။ ထိုသို့ ဘဝများတွင် ကောင်းသောဘုံဘဝသို့ ရောက်ရှိဖို့ ကောင်းအောင် မိမိသည်သာလျှင် ကြိုးစားရပေမည် ဖြစ်သည်။ ကောင်းသောကုသိုလ်ကံအလုပ်များကို ကြိုးစားပြုလုပ်ကာ မကောင်းသောအကုသိုလ်တရားများကို ဖယ်ရှားရပေမည်ဖြစ်သည်။ နောက်ဆုံးအချိန်တွင် ကောင်းသောဇောကပ်ကာ မိမိသွားရမည့်ဘဝကို သိရှိရပြီး ဘဝကူးပြောင်းချိန်တွင် ညင်သာငြိမ်သက်မှုရှိပြီး လားရာဂတိကောင်းသောသူ ရှိသလို မကောင်းသောအကုသိုလ်များ၏ ထင်ဟပ်မှုကြောင့် မိမိလားရာကို မြင်ကာ ထိတ်လန့်ညည်းညူ အော်ဟစ်ကာ သေဆုံးဘဝကူးရသူများလည်း ရှိကြပါသည်။ ဤသို့မဖြစ်ရလေအောင် ကြိုတင်ကုသိုလ်ကောင်းမှု ပြုလုပ်သင့်ကြောင်း အကြံကောင်း ဉာဏ်လောင်းကာ ရေးသားတင်ပြအပ်ပေသည်။

လူ့ဘဝတွင် ကြံစည်တိုင်း မဖြစ်သဖြင့် စိတ်မပျက်သင့်သလို မကြံစည်ဘဲနှင့် ဖြစ်လာသည့်အခါတွင် ဘဝင်မမြင့်ဖို့ အလွန်အရေးကြီးပေသည်။ တစ်နည်းအားဖြင့်ဆိုသော် လောကဓံတရားကို ကြံ့ကြံ့ခံနိုင်ရည်ရှိဖို့ လိုအပ်ပေသည်။ ချီးမွမ်းခံရသည့်အခါတွင် ဘဝင်မမြင့်သလို ကဲ့ရဲ့ခြင်းခံရသည့်အခါတွင်လည်း စိတ်အားမငယ်ဖို့ အရေးကြီးပေသည်။ လူ့ဘဝ လူ့လောကကို ထိန်းထားသော တရားနှစ်ပါးမှာ ဖြူစင်သန့်ရှင်းသော ဟိရိဩတ္တပ္ပတရား နှစ်ပါးသည် လူ့လောကကို စောင့်ထိန်းပေးနိုင်သော တရားများဖြစ်သည်။ သူတော်ကောင်းဆိုသည်မှာ ပြောတဲ့အတိုင်းကျင့်၊ ကျင့်ကြံတဲ့အတိုင်းပြော၊ ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ၊ မှန်မှန်လုပ်၊ ကုပ်ကုပ်နေ၊ ကောင်းတာကြံ၊ မှန်တာလုပ်၊ ဟုတ်တာပြော၊ လုရော နုတ်ရော ကြည်ညိုတယ်။ လူ့ဘောင်လောကတွင် နေတတ်ထိုင်တတ်၊ ပြောတတ်ဆိုတတ်၊ လေ့လာမှတ်သားတတ်ဖို့ အထူးလိုအပ်လှပေသည်။ ရှောင်ရန်ဆောင်ရန် အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အကြောင်း၊ အပြစ်တရား၊ မတရားမှု စသည့် သဘောတရားများကို မိမိကိုယ်တိုင် ခွဲခြားစိတ်ဖြာ သိမြင်ဆုံးဖြတ်တတ်ဖို့ အလွန်အရေးကြီးပေသည်။ အလိမ္မာ စာမှာရှိ ဆိုသည့်အတိုင်း ဘဝနှင့် အတွေ့လက်တွေ့ထင်ဟပ်စေရန် စာအုပ်စာပေကောင်းများကို ဖတ်ရှုရလျှင် ရလာတဲ့ အသိလိမ္မာ ပညာဉာဏ်ဖြင့် လောကအလယ်တွင် လူတစ်လုံး သူတစ်လုံးဖြစ်ကာ အများအကျိုးဆောင် ကိုယ့်အကျိုးအောင် ဆိုသကဲ့သို့ မိမိအတွက်အလုပ်ကိုလည်း လုပ်ရ၊ သူတစ်ပါး အလုပ်ကိုလည်း လုပ်နိုင်မှ လောကအလယ်တွင် တင့်တယ်စွာ ရပ်တည်နိုင်မှသာလျှင် လူဟူသော ဘ၀တန်ဖိုးကို ရရှိနိုင်ကြမှာ ဖြစ်ပါသည်။

လူတစ်ယောက်ရဲ့ တန်ဖိုးကို ဘာနဲ့ ဆုံးဖြတ်ကြမှာလဲ။ ရာထူးဌာနန္တရ ငွေကြေးဥစ္စာ၊ ပညာအောင်မြင်ကျော်ကြားမှု အခြံအရံတွေနဲ့ တိုင်းတာရမှာလား။ ဒါတွေနဲ့ တိုင်းတာလို့မရပါဘူး။ လူတစ်ယောက်ရဲ့ တန်ဖိုးကို သီလ၊ သမာဓိ ပညာဆိုတဲ့ သိက္ခာသုံးပါးနှင့် တိုင်းတာမှသာ သိရှိနိုင်ပါသည်။ လူဆိုသည်မှာ အတိတ်ကံကောင်းမှ ယခု ပစ္စုပ္ပန်ဘဝတွင် လူလာဖြစ်ကြသည်ကို တွေ့ရပေသည်။ သို့သော်လည်း အတိတ်ဘဝက အလှူပေးလှူရာတွင် သန့်ရှင်းစင်ကြယ်မှု မရှိသည့်အတွက်ကြောင့် ယခုပစ္စုပ္ပန်ဘဝတွင် ရုပ်လှမှု၊ ရုပ်ဆိုးမှု၊ ပညာတတ်မှု၊ ပညာမတတ်မှု၊ ပစ္စည်းဥစ္စာပေါမှု၊ ပစ္စည်းဥစ္စာရှားပါးမှု၊ အခြွေအရံများမှု၊ အခြွေအရံနည်းမှု

www.burmeseclassic.com

www.burmeseclassic.com

စသည့် အကြောင်းတရားများ အတိတ်ကပြုခဲ့သော ကံတရားများသာ ထင်ဟပ်အကျိုးပေးသည်ကို တွေ့ရပေသည်။ သို့ဖြစ်ပါသောကြောင့် မည်သည့်ကိစ္စအဝဝကို ပြုလုပ်စေကာမူ စိတ်ကောင်းထားပြီး ဆောင်ရွက်ကြမှသာလျှင် အကျိုးပေးကောင်းသည်ဆိုရပေသည်။

လူ့ဘဝလောကတွင် မဖြစ်မနေသွားရမည့် လမ်းသုံးသွယ်ကို ဘုရားရှင်က အတိအကျ အမှန်အကန်ဟောကြားတော်မူခဲ့လေသည်။ ၎င်းလမ်းသုံးသွယ်မှာ အကုသိုလ်လမ်း၊ ကုသိုလ်လမ်း၊ မဂ်လမ်း စသည်တို့ ဖြစ်သည်။

၁။ အကုသိုလ်လမ်းဆိုသည်မှာ အပါယ်လေးဘုံသို့ သွားရမည့် လမ်းကြောင်းဖြစ်သည်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့ ဖြစ်သည်။

၂။ ကုသိုလ်လမ်းဆိုသည်မှာ ကောင်းရာသုဂတိဘုံ ဖြစ်သော လူ၊ နတ်၊ ဗြဟ္မာဘုံသို့ သွားရာလမ်းကို ခေါ်သည်။

၃။ မဂ်လမ်းဆိုသည်မှာ သူတော်ကောင်း သူမြတ်လောင်းတို့ သွားရာလမ်း၊ သို့မဟုတ် မြတ်နိဗ္ဗာန်သို့ သွားလမ်းကို ခေါ်သည်။

ဤလမ်းသုံးသွယ်တွင် ဘယ်လမ်းကို ရွေးချယ်ကြမလဲ။ မိမိ၏ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ရွေးချယ်သင့်ကြောင်း အကြံကောင်း ဉာဏ်လောင်းပြီး တင်ပြအပ်ပေသည်။

ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးတွင် ဝေနေယျသတ္တဝါတို့အား မှာကြားတော်မူခဲ့သည်မှာ ဝယဓမ္မာ သင်္ခါရအပ္ပမာဒေနသမ္ပာဒေထ။ ရုပ်နာမ်တရားတို့သည် ပျက်ခြင်းသဘောရှိကြကုန်၏။ မမေ့မလျော့သော သတိတရားဖြင့် သီလ၊ သမာဓိ၊ ပညာ သုံးဖြာသော သိက္ခာကို ပြီးစီးအောင် အားထုတ်နေရစ်ကြပါဟု သတိပေးမွက်ကြားခဲ့ပါသည်။ အလီမွှာ စာမှာရှိ၊ စာအုပ်စာပေ လူ့မိတ်ဆွေ၊ ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး၊ ပညာရှိရင့် ပွဲလယ်တင့်၊ ပညာရွှေအိုး လူမခိုး စသည်ဖြင့် စာပေပညာနှင့် ပတ်သက်၍ စကားပုံဆိုရိုးစကား ရှိခဲ့ပါသည်။ လောကတွင် အစာငတ်လျှင် တစ်ခဏ၊ စာငတ်လျှင် တစ်ဘဝလုံး ဆုံးရှုံးရမည်ဖြစ်သည်။ လူ့ဘဝတွင် အသက်ရှည်ဖို့ ဉာဏ်က အရေးကြီးပေသည်။ အသက်ကို ဉာဏ်စောင့်၊ ဥစ္စာကို ကံစောင့်၊ ဉာဏ်တုံး ကံမှန်း၊ ဉာဏ်လှမှ ဟန်ကျမည် ဆိုသည့် စကားအတိုင်း မနုဿသတ္တဘာဝေါ ဒုလ္လဘော ဘုရားပွင့်ချိန် လူဖြစ်ရန် ခဲယဉ်းခြင်း စသည် ခဲယဉ်းသလို ဒုလ္လဘောတရား ငါးပါးကိုလည်း စာဖတ်ပရိသတ် ဗဟုသုတ သံဝေဂရကြစေရန် တင်ပြရေးသားလိုက်ပါသည်။

၁။ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘာ - ဘုရားဖြစ်ရန် ခဲယဉ်းခြင်း။

၂။ မနုဿတ္တ ဒုလ္လဘာ - ဘုရားပွင့်ချိန် လူဖြစ်ရန် ခဲယဉ်းခြင်း။

၃။ သဒ္ဓါသမ္ပတ္တိ ဒုလ္လဘာ - သဒ္ဓါတရားနှင့် ပြည့်စုံရန် ခဲယဉ်းခြင်း။

၄။ ပဗ္ဗဇိတ ဒုလ္လဘာ - ရဟန်းဖြစ်ရန် ခဲယဉ်းခြင်း။

၅။ သဒ္ဓမ္မဿဝန ဒုလ္လဘာ - သူတော်ကောင်းတရား နာကြားရန် ခဲယဉ်းခြင်း

စသည်တို့ ဖြစ်သည်။

လူ့ဘဝတွင် လူတို့၏အသက်သည် တိုတောင်းလှသဖြင့် တစ်နေ့တစ်နေ့အဖို့၌ ဥစ္စာကို ရစေရမည်။ ဥစ္စာမရသော် ပညာကို ရစေရမည်။ ပညာမရခဲ့သော် ကုသိုလ်ကို ရစေရမည်။ ဒါမှသာလျှင် အကျိုးရှိအောင် အသုံးချမှသာလျှင် လူဖြစ်ရကျိုးနပ်မည် ဖြစ်ပါသည်။ ဗုဒ္ဓတရားတော်နှင့်အညီ ကုသိုလ်တရားများကို ကျင့်ကြံအားထုတ်သောသူတို့သည် ကောင်းကျိုးသုခခံစား စံစားရမည်။ အကုသိုလ်တရားများကို ကျင့်ကြံအားထုတ်သောသူတို့သည် ဆိုးကျိုးတရားများကို ခံစား၊ စံစားရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကုသိုလ်တရားများကို နေ့ညမပြတ် လေ့လာမှတ်သား ကျင့်ကြံအားထုတ်နိုင်ကြပါရန် စေတနာတရား မေတ္တာထားပြီး အလေးအနက် တိုက်တွန်းအပ်ပါသည်။

မသေခင်မှာ ပစ္စည်းရှာ၊ သေသောအခါ ထားရမှာ။

မသေခင်မှာ တရားရှာ၊ သေသောအခါ ကိုယ့်နောက်ပါ။

အရှခံ ဗိုလ်သစ်လွင်

09-25438320

www.burmeseclassic.com

www.burmeseclassic.com

လာဘ်မတိတ်စေတဲ့ အဆောင်

■ မင်းသိင်္ခ

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ အယ်ဒီတာ မောင်မောင်မြင့်အေး ရောက်လာပြီးလျှင် ကျွန်ုပ်အား -

"ဆရာရေ . . . အခုတလော အိမ်မှာ လာဘ်တိတ်သလိုပဲ။ ပိုက်ဆံသိပ်မဝင်ဘူး ဆရာရေ့။ လာဘ်ပွင့်တဲ့နည်းလေး ဘာလေး ပေးစမ်းပါဦး"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က-

"ဒီလိုရှိတယ် မောင်မောင်မြင့်အေးရဲ့ လခစားသမားတွေကတော့ လာဘ်ပွင့်တယ်၊ လာဘ်တိတ်တယ် မရှိဘူး။ မင်းတို့ ငါတို့လို လူတွေကတော့ လခစားသမားနဲ့ မတူဘူးကွ။ တစ်လလုံးမှာ ဆက်တိုက်ရချင်လည်း ရနေတာ။ တစ်ခါတလေ တစ်ရက်တည်းရပြီး နှစ်ဆယ့်ကိုးရက်လောက် မရတဲ့နေ့တွေလည်း ရှိတာပေါ့ကွာ။ တစ်လမှာ ငွေဝင်တဲ့ရက်က များပြီး မဝင်တဲ့ရက်က နည်းရင် တို့အတွက် ဟန်တာပဲ။ မဝင်တဲ့ရက်ကများရင် အဲဒီလ အကြွေးတင်တော့တာပဲပေ့ါ။ မဝင်တဲ့ ကွက်လပ်ရပ်တွေအတွက် အကြွေးနဲ့ ဖြည့်ရတာကိုးကွ"

ဟု ပြောလိုက်ရာ မောင်မောင်မြင့်အေးက -

"အခု ဆရာပြောသလို ဖြစ်နေတာ။ မဝင်တဲ့ရက်က များနေတာ။ အဲဒါကြောင့် ဆရာ့ဆီလာပြီး နည်းလမ်းကလေး ဘာ [illegible] တောင်းရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလေ၏။

"ဒါက ဒီလိုရှိတယ် မောင်မောင်မြင့်အေးရေ။ သုံးတဲ့ စွဲတဲ့နေရာမှာ သတိဝီရိယရှိဖို့ လိုတယ်ကွ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ မောင်မောင်မြင့်အေးက -

"ကျွန်တော်က အသုံးအစွဲ မကြမ်းပါဘူး ဆရာရယ်။ ပြီးတော့ ချွေတာလည်း ချွေတာပါတယ်"

ဟု ပြန်၍ပြောလိုက်လေ၏။

"ငါပြောတဲ့ သတိဝီရိယဆိုတာ အဲဒါမျိုး မဟုတ်ဘူးကွ။ ဥပမာ - မင်း အခုနေ ငွေတစ်ထောင်ရပြီဆိုပါစို့ကွာ မင်း ဘာဝယ်မလဲ"

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်ရာ -

"လိုအပ်ချက်တွေ ရှိတာပေါ့ ဆရာရဲ့။ အဲဒါတွေ ဝယ်ရမှာပေါ့။ ဥပမာ - ဆရာရယ် အိမ်သာသုံးစက္ကူ ကုန်တော့မယ်။ အဲဒီစက္ကူ သုံးလိပ်လောက်ဝယ်ရမယ်။ မီးသွေးလည်း ကုန်နေပြီ။ မီးသွေးလည်း ဝယ်ရမယ်"

ဟု မောင်မောင်မြင့်အေးက ပြန်၍ပြောလိုက်၏။

"ဒီလိုရှိတယ် မောင်မောင်မြင့်အေးရေ။ အိမ်နဲ့ရာနဲ့ နေတယ်ဆိုတော့ အိမ်အတွက် လိုအပ်တဲ့ပစ္စည်းတွေ ရှိတာပေါ့ကွာ။ အဲဒီပစ္စည်းတွေကို ကောင်းသောပစ္စည်း။ မကောင်းသောပစ္စည်း ဆိုသလို ခွဲရမယ်။ ဆန်းဗေဒင်စကားနဲ့ ပြောရရင် ဣဋ္ဌပစ္စည်း၊ အနိဋ္ဌပစ္စည်းပေါ့ကွာ။ နံတဲ့ပစ္စည်း။ မည်းတဲ့ပစ္စည်း၊ အိမ်သာ၊ ရေချိုးခန်း စတဲ့နေရာတွေမှာ သုံးတဲ့ပစ္စည်းကို အနိဋ္ဌပစ္စည်းလို့ ခေါ်တယ်။ စောစောက မင်းပြောတဲ့ အိမ်သာသုံးစက္ကူတို့၊ မီးသွေးတို့ပေါ့ကွာ။ ဒါတွေဟာ ဝယ်တော့ ဝယ်ရမယ်။ အနိဋ္ဌပစ္စည်းလို့တော့ သိရမယ်။ လာဘ်ဦး လာဘ်ဖျား ပိုက်ဆံကို အနိဋ္ဌပစ္စည်း မဝယ်ရဘူး။ ဥပမာကွာ ငါစီးကရက် သိပ်ကြိုက်တယ်။ စီးကရက်ဟာ မီးလောင်ကုန်ဆုံးသွားတဲ့ပစ္စည်းဆိုတော့ အနိဋ္ဌပစ္စည်းပေါ့။ ငွေကြေးဝင်လာတာနဲ့ စီးကရက်တော့ ဝယ်ချင်တာပေါ့ကွာ။ ဒါပေမဲ့ အနိဋ္ဌပစ္စည်းဆိုတော့ မဝယ်ဘူးပေါ့။ ကောင်းတဲ့ပစ္စည်း ဣဋ္ဌပစ္စည်းဝယ်ပြီးမှ အနိဋ္ဌပစ္စည်းကို ဝယ်တယ်ကွာ။ အဲဒါလေးကို သတိမထားမိတာနဲ့ ငွေဝင်ပြီးရင် ဆက်တိုက်ဝင်ရမယ့်ငွေဟာ မဝင်ဘဲ ရပ်တန့်သွားတတ်တယ်။ ငါပြောတာ မယုံရင် လုပ်ကြည့်ပါလား"

ဟု ကျွန်ုပ်က ရှင်းပြလိုက်၏။

"ဣဋ္ဌပစ္စည်းဆိုတာ ကျွန်တော် မခွဲတတ်ဘူးဆရာရဲ့။ အလွယ်ဆုံး ကျွန်တော့်ကို ပြောပြပါဦး ဆရာရဲ့"

"မင်းတို့ ငါတို့ ဗုဒ္ဓဘာသာတွေပဲ၊ တခြား ဣဋ္ဌပစ္စည်းမရှာတတ်ရင် ဘုရားဆွမ်းတော်တင်ဖို့ ပစ္စည်း၊ ဘုရားပန်း စတာတွေဟာ ဣဋ္ဌပစ္စည်းတွေ ပေါ့ကွာ၊ ငွေဝင်လာတာနဲ့ အဲဒါတွေ အရင်ဝယ်လိုက်ပေါ့ကွာ၊ အဲဒါတွေဝယ်ပြီးရင် ကျန်တဲ့အနိဋ္ဌပစ္စည်းတွေ ဝယ်ခွင့်ရှိသွားပြီ ဝယ်ချင်ရာဝယ်ပေတော့"

www.burmeseclassic.com

www.burmeseclassic.com

ဟု မောင်မောင်မြင့်အေးက ပြောလေ၏။

"ရှည်ရှည်ဝေးဝေး ခွဲစရာမလိုပါဘူးကွာ။ မင်းတို့ ငါတို့ ဗုဒ္ဓဘာသာတွေပဲ။ တခြား ကျက်သရေ မရှာတတ်ရင် ဘုရားဆွမ်းတော်တင်ဖို့ပစ္စည်း။ ဘုရားပန်း၊ စတာတွေဟာ ကျက်သရေ ပစ္စည်းတွေပေါ့ကွာ။ ငွေဝင်လာတာနဲ့ အဲဒါတွေ အရင်ဝယ်လိုက်ပေါ့ကွာ။ အဲဒါတွေဝယ်ပြီးရင် ကျန်တဲ့အနိုင်ငပစ္စည်းတွေ ဝယ်ခွင့်ရှိသွားပြီ၊ ဝယ်ချင်ရာဝယ်ပေတော့"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် မောင်မောင်မြင့်အေးက -

"စိတ်ချ ဆရာ။ အဲဒီအတိုင်းလုပ်မယ်။ ပြီးတော့ လာဘ်ရွှင်တဲ့ အဆောင်လေးဘာလေးလည်း လုပ်ပေးပါဦး ဆရာရဲ့။ အဆောင်ဆိုလို့ ပြောရဦးမယ် ဆရာရေ့။ ဆရာက ကျွန်တော့်အတွက်ဆိုပြီး အဆောင်လုပ်ပေး။ ကျွန်တော်က အိမ်မှာလုပ်ထား။ ကျွန်တော့်အိမ်လာတဲ့သူက လိုက်ပြီးလုပ်ရော ဆရာရေ။ အိမ်ကိုလာတာကလည်း လူပေါင်းစုံ ဆရာရေ။ တချို့က ဗုဒ္ဓဘာသာဝင်မဟုတ်ဘူး။ အဲဒီလူမျိုးတွေက လိုက်ပြီးလုပ်ချင်ပေမယ့် အခက်အခဲရှိနေပြန်ရော။ အဲဒါကြောင့် ကျွန်တော့်ကိုလုပ်ပေးတဲ့ အဆောင်ဆိုရင် လူမျိုးမရွေး ဘာသာမရွေး ဆောင်လို့ရမယ့် အဆောင်လုပ်ပေးပါ ဆရာရယ်။ ဒါမှ သူတို့ လိုက်လုပ်ချင်လည်း လိုက်လုပ်လို့ရတာပေါ့"

ဟု ပြောလေ၏။

"ငါသုံးတဲ့ အဆောင်တစ်မျိုးရှိတယ်ကွ။ အရင်တုန်းက လက်ဗထာဆရာ၊ ဗေဒင်ဆရာ လုပ်စားတုန်းက အဲဒီအဆောင်မျိုး လုပ်ပေးဖူးပါတယ်ကွာ။ အဲဒါကတော့ HORN OF PLENTY ဟွန်းအော့ဖ်ပလန်းတီးလို့ ခေါ်တယ်။ ပေါကြွယ်ဝသော ဦးချိုလို့ အဓိပ္ပာယ်ရတာပေါ့။ ရှေးတုန်းက ဥရောပတိုက်မှာရှိတဲ့ မှဆိုးကြီးတွေဟာ သူတို့ရတဲ့ သားကောင်ရဲ့ ချိုကြီးတွေကို ပစ္စည်းထည့်တဲ့ ပုံးကြီးတွေအဖြစ် အသုံးပြုလေ့ရှိတယ်။ အဲဒါတွေ ဥရောပတိုက်မှာရှိတဲ့ လောကီပညာဆရာတွေက အဲဒီချိုကြီးတွေထဲမှာ သီးနှံတွေ၊ ငွေတွေ ထည့်ပြီး အစီအရင်အဖြစ် လုပ်ကြတယ်။ အစီအရင်ဆိုတာလည်း အခြားဟာ မဟုတ်ပါဘူး။ လာဘ်ရွှင်တဲ့ အစီအရင်ပေါ့ကွာ။ အဲဒီအစီအရင်ဟာ ဘယ်လောက်စွမ်းသလဲဆိုရင် တကယ့်ဦးချိုနဲ့ တကယ့်ပစ္စည်းတွေ ထည့်ထားတာ မပြောနဲ့ အဲဒီပုံကို နံရံမှာ ချိတ်ဆွဲထားရင်တောင် လာဘ်ရွှင်တယ်ကွာ။ ဥရောပတိုက်မှာ အဲဒီပုံတွေ တော်တော်များများ ချိတ်ထားလေ့ရှိတယ်။ ဒီမှာလည်း အတော်များများ ငါသုံးဖူးပါတယ်ကွာ။ ဗေဒင်လက်ဗထာဆရာ လုပ်တုန်းက အဲဒီပုံမျိုးတွေ ငါလုပ်ပေးဖူးပေါင်း များပြီ။ သုံးတဲ့လူတွေကလည်း အကျိုးရှိတယ်လို့ ပြောကြပါတယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ မောင်မောင်မြင့်အေးက -

"အဲဒီ ပေါကြွယ်ဝတဲ့ အဆောင်နဲ့ ပတ်သက်လို့ အထောက်အထားစာအုပ်ရော ရှိမလား ဆရာ"

ဟု မေးလိုက်လေ၏။

"ရှိပါတယ်ကွာ။ တချို့အဘိဓာန်ကဆိုရင် အဲဒါကို CORNUCOPIA လို့ ပြတယ်ကွာ။ အဓိပ္ပာယ်ကတော့ ဒါပါပဲကွာ။ တောင်ဆိတ်ချိုထဲမှာ ဖွံ့ဖြိုးနေတဲ့သီးနှံတွေ ထည့်ထားပုံကို ပြတာပါပဲ။ အနီးဆုံး အဘိဓာန်တစ်ခုကို ညွှန်းမယ်။ ရိုးဒါးဒိုင်ဂျက် စွယ်စုံအဘိဓာန် အတွဲ ၁၊ စာမျက်နှာ ၂၀၄ မှာ ပုံနဲ့တကွ ဖော်ပြထားတာကို မင်းတွေ့ရပါလိမ့်မယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ မောင်မောင်မြင့်အေးက -

"ကျွန်တော့်လည်း တစ်ပုံလောက် ဆွဲပေးစမ်းပါ"

ဟု ပြောလေ၏။

"ဒီလို အရမ်းဆွဲလို့တော့ မကောင်းဘူးကွ။ ကြာသပတေးသားပြကွဒိန်မှာ မွန်းနဲ့ ဂျူပီတာ ပူးယှဉ်တဲ့နေ့မှာ ပန်းချီဆရာကို ဆွဲခိုင်းမယ်ကွာ။ ပြီးတော့ မင်းတစ်ယောက်တည်း မသုံးနဲ့။ ရောင်ပြန်မဂ္ဂဇင်းမှာ ဖော်ပြကွာ။ မင်းတို့ ငါတို့လို ဝင်ငွေပုံမှန်မရှိတဲ့ လူတွေအတွက် အားကိုးအားထား ဖြစ်ပါစေကွာ"

သမ္မာသတ္တာ ကမ္ဘာသကာ
မင်းသိဒ္ဓိ

www.burmeseclassic.com

www.burmeseclassic.com

အမေထက် သားတစ်လကြီး

ခင်မောင်အေး(မန္တလေး)

ဒေဝဒတ်က ဘုရားရှင်အား သတ်ဖြတ်ရန် ကြိုးစားခြင်းကို အကြောင်းပြု၍ အတိတ်ဇာတ်ကြောင်းကို ဟောတော်မူလေသည်။

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး နန်းစံလျက်ရှိနေလေသည်။ ထိုအချိန်မှာ ဒေဝဒတ်သည် မျောက်မျိုးနွယ်၌ ဖြစ်နေ၍ မျောက်အပေါင်းခြံရံကာ ဟိမဝန္တာတောတစ်နေရာတွင် နေလေသည်။ သူသည် အကြီးအမှူးဖြစ်သော်လည်း ကြီးမြင့်သူတို့တွင် ထားရှိရမည့် ဂုဏ်အင်္ဂါများမရှိပေ။ မိမိကို အကြောင်းပြုလျက် မွေးဖွားလာသည့် မျောက်ထီးကလေးများအပေါ် ဝန်တိုစိတ်ရှိ၏။ ထို့ကြောင့် မျောက်ထီးကလေးများ၏ ဝှေးစေ့ကို မိမိ၏သွားဖြင့် ကိုက်ဖြတ်၍ ထုတ်ပစ်လေ့ရှိသည်။ ထိုမျောက်ငယ်ကလေးများ အရွယ်ရောက်၍ ကြီးပြင်းလာသောအချိန်တွင် သူ့အား တော်လှန်ကာ သူ့အရိုက်အရာကို လုယူမည် စိုးရွံ့သောကြောင့် ဖြစ်ပေသည်။

ထိုအခါ ဘုရားအလောင်းသည် ဒေဝဒတ်မျောက်မင်းကို စွဲ၍ပင် မျောက်မတစ်ကောင်၏ ဝမ်း၌ ပဋိသန္ဓေတည်လေသည်။ မျောက်သည် မိမိ၌တွင် ကိုယ်ဝန်ရှိနေသည်ကို သိရှိသည့်အခါ မျောက်အပ်စုမှ ခွဲထွက်လျက် တောင်ခြေတစ်နေရာတွင် သွားရောက်ပုန်းရှောင်ကာ နေလေသည်။ ထိုနေရာ၌ပင် ဘုရားလောင်း မျောက်ငယ်အား မွေးဖွားခဲ့သည်။ ဘုရားလောင်းကား ခွန်အားဗလနှင့် ပြည့်စုံသည်။ လိမ္မာရေးခြားရှိသည့် အရွယ်သို့ ရောက်သည့်အချိန်တွင် မိမိ၏ မိခင်မျောက်မအား မိမိဖခင်ရှိသည့် အရပ်ဒေသကို မေးမြန်းစုံစမ်းသည်။ မိခင်မျောက်မက ဖခင်ရှိသည့် အရပ်ဒေသကို သားငယ်ကို ပြောပြခဲ့၏။

ထိုသောအခါ မိမိ၏ မိခင်မျောက်မအား ဖခင်ရှိသည့် အရပ်သို့ ပို့ဆောင်ပေးရန် တောင်းဆိုလေသည်။ မိခင်မျောက်မက ဖခင်၏ ရက်စက်ကြမ်းကြုတ်ခြင်းအကြောင်းကို ဘုရားလောင်းမျောက်ငယ်အား ပြောပြသည်။ သို့ပင်ဖြစ်စေကာမူ ဘုရားလောင်းမျောက်ငယ်သည် မိခင်အား ဖခင်ထံသို့ ပို့ဆောင်ပေးရန်ကိုသာ တွင်တွင်တောင်းဆိုနေရကား မိခင်မျောက်မက သားငယ်အား ဖခင်ထံသို့ ပို့ဆောင်ပေးခဲ့ရပေသည်။ ဒေဝဒတ်မျောက်သည် မိမိ၏သား မျောက်ငယ်ကို မြင်တွေ့ရသည်နှင့် သတ်ဖြတ်ပစ်ရန် ဆုံးဖြတ်လိုက်သည်။

"မောင်ရင် . . .လာလော့။ ဒီမျှအချိန်တွေ ကြာအောင် မောင်ရင် ဘယ်တွေများ သွားနေတာလဲ မောင်ရင်ရယ်"

ဟု စကားချိုချိုဆိုကာ ဘုရားလောင်းမျောက်ငယ်၏ လည်ပင်းကို ချစ်စနိုးဖက်ဟန်ဆောင်၍ အားနှင့် ဖျစ်ညှစ်သည်။ သို့ရာတွင် ဘုရားလောင်းမျောက်ငယ်ကား နာကျင်ခြင်းအလျဉ်းမရှိချေ။ အင်အားဖြည့်ဖြိုးလျက် စွမ်းအင်သတ္တိပြည့်ဝလှသော ဘုရားလောင်း၏ တုံ့ပြန်ဖျစ်ညှစ်ခြင်းကို ခံရသော ဒေဝဒတ်လောင်း မျောက်မင်းသည်သာ မိမိ၏ အရိုးတွေ ကွဲအက်မတတ် နာကျင်စွာ ခံစားရ၏။ ထို့ကြောင့် ဒေဝဒတ်လောင်း မျောက်မင်းသည် ဘုရားလောင်းအား မိမိကိုယ်တိုင် မသတ်နိုင်ကြောင်း သိနားလည်သွားသည်။ ထို့ကြောင့် ချစ်စနိုးဖက်ဟန် တစ်ဖန် ပြန်လည်ပြုကာ မျောက်ငယ်အား ဖျစ်ညှစ်ထားသော မိမိလက်ကို ပြန်လည်ဖြေလျော့ပြီး -

"မောင်ရင် . . .ငါကား အိုမင်းနေချေပြီ။ ယနေ့ပင်လျှင် မောင်ရင့်အား ငါ၏ အရိုက်အရာကို ပေးအပ်လျက် မင်းပြုစေပါတော့မည်။ ဤတောတစ်နေရာတွင် ကြာမျိုးငါးပါးနှင့် ပြည့်စုံစွာဖြင့် သာယာသည့် ရေကန်တစ်ခု ရှိနေသည်။ ထိုရေကန်မှ ကုမုဒြာကြာ နှစ်ပွင့်၊ ဥပ္ပလကြာ သုံးပွင့်၊ ပဒုမ္မာကြာ ငါးပွင့်တို့ကို မောင်ရင် သွားရောက်ယူဆောင်ခဲ့ပါလော့"

www.burmeseclassic.com

www.burmeseclassic.com

ဒေဝဒတ်လောင်းမျောက်မင်းသည် ဘုရားလောင်းအား ဥပါယ်တံမျဉ်ဖြင့် ရေစောင့်ဘီလူး ဖမ်းယူစားသောက်စေရန် ယုတ်မာကောက်ကျစ်သည့် အကြံအစည်ဖြင့် ဖန်တီးစေလွှတ်လိုက်ခြင်း ဖြစ်လေသည်။

ဟု ဆိုကာ မျောက်ငယ်အား စေလွှတ်လိုက်၏။

စင်စစ် ထိုရေကန်သည် သာယာသည့်တိုင် ဘေးအန္တရာယ်အသွယ်သွယ်နှင့် ဝိုင်းရံနေသည့် ရေကန်ဖြစ်၏။ ရေစောင့်ဘီလူး အပိုင်စားရထားသည့် ရေကန်တစ်ကန် ဖြစ်ပေသည်။ ဒေဝဒတ်လောင်း မျောက်မင်းသည် ဘုရားလောင်းအား ဥပါယ်တံမျဉ်ဖြင့် ရေစောင့်ဘီလူး ဖမ်းယူစားသောက်စေရန် ယုတ်မာကောက်ကျစ်သည့် အကြံအစည်ဖြင့် ဖန်တီးစေလွှတ်လိုက်ခြင်း ဖြစ်လေသည်။ ဘုရားလောင်းသည် ကြာမျိုးအင် စုံလင်လှသည့် ရေကန်စောင့်ဘီလူး၏ ကန်သို့ ရောက်ရှိလာခဲ့သည်။ ရေကန်တွင်းသို့ မဆင်းသေးမီ ရေကန်ကို အကဲခတ်လျက် လေ့လာကြည့်ရှု အကဲခတ်သည်။ ထိုအခါ ရေကန်ထဲသို့ဆင်းသော ခြေရာများကိုသာ တွေ့ရှိရပြီး တက်သော ခြေရာများကို မတွေ့ရှိရ။ သို့ဖြစ်၍ ဤရေကန်သည် ရေကန်စောင့်ဘီလူးစောင့်သည့် ရေကန်ဖြစ်သည်ဟု သိရှိသွား၏။ ထို့ကြောင့် ခွန်အားကြီးမားလှသော ဘုရားလောင်းမျောက်ငယ်က ဤမှာဘက်ကမ်းမှ ဟိုဘက်ရေကန်စပ်သို့ လှမ်း၍ခုန်ကာ ကြာပန်းများကို ခူးယူလေသည်။ သည်လိုပုံဖြင့် အကြိမ်ကြိမ်ခုန်လျက် ခူးဆွတ်ယူခဲ့ရာ မကြာမီ၌ပင် လိုအပ်သော ကြာပွင့်အရေအတွက်အတိုင်း ပြည့်ဝရရှိသွား၏။

ဘုရားလောင်းမျောက်ငယ်၏ အပြုအမူအား အစမှသည် ဆုံးသည်အထိ စောင့်ဆိုင်းကာ ကြည့်ရှုနေခဲ့သော ရေကန်စောင့်ဘီလူးသည် အလွန်တရာ အံ့ဩသွားခဲ့ရလေသည်။ ဘုရားလောင်း၏ အပြုအမူက ဘီလူးအား လေးစားအထင်ကြီးအောင် ဖန်တီးစွမ်းဆောင်နိုင်ခဲ့သည်။ ထို့ကြောင့် ဘီလူးက ရေထဲမှထွက်လာခဲ့ပြီး -

“ငါသည် သူလိုယောက်ျားမျိုးအား မတွေ့စဖူး။ ကြာပန်းတို့ကိုလည်း အလိုရှိသမျှ ခူးယူသွားသည်။ ငါ၏ အာဏာတည်ရှိသည့် အာဏာစက်အတွင်းသို့လည်း မသက်ရောက်စေခဲ့”

ဟု တအံ့တဩဖြစ်ကာ ဘုရားလောင်းထံသို့ သွားရောက်ပြီး -

“ဤလောက၌ အကြင်သူ၏ကိုယ်တွင် လုံ့လပြုခြင်း၊ ရဲရင့်ခြင်းနှင့် ပညာအမြော်အမြင်ရှိခြင်းဟု ဆိုအပ်သော တရားတို့သည် ရှိကုန်၏။ ထိုသူတို့သည် ရန်သူဟူသမျှတို့အား အောင်ပွဲခံစမြဲတည်း။ ထိုတရားသုံးပါးလုံးသည် သင်၏ကိုယ်တွင်း၌ ရှိနေယောင်တကား”

ဟု ဘီလူးက ဆိုလေသည်။

ထိုနောက်ကား ရေကန်စောင့်ဘီလူးသည် ဘုရားလောင်းမျောက်ငယ် ခူးယူထားသော ကြာပန်းများကို ကိုယ်တိုင်ထမ်းလျက် ဘုရားလောင်းအား လိုက်ပါပို့ဆောင်ပေးလေသည်။ ထိုအခြင်းအရာကို အဝေးကပင် မြင်တွေ့လိုက်ရသည့် ဒေဝဒတ်လောင်း မျောက်မင်းသည် နှလုံးခုန်စိတ်ကွဲ၍ မရဏာသဘော ကိစ္စချောသွားလေတော့၏။

ထိုသည့်နောက်ကား မျောက်အပေါင်းတို့သည် တညီတညွတ်တည်း ဘုရားလောင်းမျောက်ငယ်အား မင်းအဖြစ်သို့ ဝိုင်းဝန်းတင်မြှောက်လိုက်ကြလေသည်။

ဇွဲသတ္တိနှင့် ပညာယှဉ်လျှင် အရာရာကို အောင်မြင်နိုင်ပေသည်။

ခင်မောင်အေး(မန္တလေး)

<u>စာကိုး</u>

နိပါတ်တော်လာ ဇာတ်တော်ငါးရာ့ငါးဆယ်၊ တယောခမ္မဇာတ်။

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာဝင်

နှင့်

သရဏဂုံသုံးပါး

တက္ကသိုလ်သစ်

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာဝင် အများစုနေထိုင်ရာ နိုင်ငံဖြစ်သည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် "ဗုဒ္ဓဘာသာ"ဆိုသည်မှာ အဘယ်နည်း၊ ဗုဒ္ဓဘာသာဝင် ဆိုသည်မှာ မည်သူတို့ကို ခေါ်ဝေါ်သည် စသည်ဖြင့် သိရှိသူများရှိသကဲ့သို့ မသိရှိကြသူများလည်း ရှိနိုင်ပါ၏။

သို့ဖြစ်၍ မသိကြသေးသူများ သိခွင့်ရကြပြီး သိပြီးသူများ နှစ်ခါသိ မှတ်မိစေရန် ဖော်ပြလိုက်ပါ၏။

ရှေးယခင်ကာလက ဗုဒ္ဓဘာသာကို သမ္မာဒိဋ္ဌိ(မှန်ကန်သောအမြင်)ဟုလည်းကောင်း၊ ဗုဒ္ဓဘာသာဝင်ကို သမာဒိဋ္ဌိက (မှန်ကန်သောအယူအမြင်ရှိသူ)ဟုလည်းကောင်း ခေါ်ဝေါ်သုံးစွဲခဲ့ကြ၏။ နောက်ပိုင်းတွင် "သမ္မာဒိဋ္ဌိ"ကို ဗုဒ္ဓဘာသာဟုလည်းကောင်း၊ သမာဒိဋ္ဌိကကို ဗုဒ္ဓဘာသာဝင်ဟုလည်းကောင်း ခေါ်ဝေါ်သုံးစွဲခဲ့ရာ ယနေ့တိုင်ပင် ဖြစ်ပါ၏။

အဆိုပါ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာဝင်ဟူသော ဝေါဟာ

www.burmeseclassic.com

www.burmeseclassic.com

ရကို အင်္ဂလိပ်-မြန်မာ အဘိဓာန်ကျမ်းပြုဆရာကြီး ယုဒသန် (ဂျပ်ဆင်)က စတင်တီထွင်ခဲ့သည်ဟု သိရ၏။ အချို့ပညာရှင်များကမူ ယင်းဝေါဟာရကို သာလွန်မင်းတရားကြီးလက်ထက်က စတင်ခဲ့သည်ဟု ဆိုကြသည်။

တောင်ဖီလာ ပုဂ္ဂိုလ်ကျော် ဆရာတော်နဲ့ ကိုင်းစားရွာစားအမတ်ကြီး မနုရာဇာတို့ မြန်မာသက္ကရာဇ် ၉၉၁ (၁၆၂၉-အေဒီ)တွင် စီရင်ပြုစုခဲ့သော မနုသာရရွှေမျဉ်းဓမ္မသတ်ခေါ် မဟာရာဇသတ်ကြီး စာမျက်နှာ ၁၇၅ တွင် "ရှင်ဂေါတမ သာသနာဝင်၊ ဗုဒ္ဓဘာသာရဟန်းတော်" ဟူ၍လည်းကောင်း။ "ဗုဒ္ဓဘာသာ မြန်မာလူမျိုး။ ဗုဒ္ဓဘာသာဝင် လူအပေါင်းတို့" ဟူ၍လည်းကောင်း သုံးစွဲခဲ့သည်ကို တွေ့ရ၏။ ထို့ကြောင့် သာလွန်မင်းတရားကြီးလက်ထက်ကတည်းက ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာဝင်ဟူသော ဝေါဟာရကို သုံးစွဲနေပြီဟု မှတ်ယူရပေမည်။

အချို့ပညာရှင်များကမူ ပါဠိစာပေကျမ်းဂန်များ၌ ဗုဒ္ဓဘာသာဆိုသည့် ဝေါဟာရမရှိသော်လည်း ဗုဒ္ဓသာသနာဆိုသည့် ဝေါဟာရရှိသည့်အတွက် ဗုဒ္ဓဘာသာအစား ဗုဒ္ဓသာသနာဆိုသည့် ဝေါဟာရသုံးသင့်သည်ဟု ထောက်ပြကြ၏။

စင်စစ်အားဖြင့် ဗုဒ္ဓဘာသာဟူသည့် စကားသည် အသုံးတွင်ကျယ်နေပြီဖြစ်သဖြင့် ပြောင်းလဲသုံးစွဲရန် မလွယ်ကူပေ။ အကယ်၍ ပြောင်းလဲသုံးစွဲမည်ဆိုရင်လည်း ဗုဒ္ဓဘာသာဝင်ကို ဗုဒ္ဓသာသနာဝင်ဟု ပြောင်းလဲသုံးစွဲရမည်ဖြစ်၍ သာသနာ့ဝန်ထမ်းများနှင့် ရောနှောသွားနိုင်ပါ၏။ ထို့ကြောင့် ဗုဒ္ဓသာသနာဝင်ဟူ၍ ပြောင်းလဲသုံးစွဲရန် မသင့်ဟု ဆိုချင်ပါ၏။ ဥပမာအနေဖြင့် ရေဒီယိုဟူသော ဝေါဟာရကို ကာလကြာမြင့်စွာကပင် သုံးစွဲခဲ့ရာမှ အသံဖမ်းစက်ဟု မြန်မာမှုပြုခဲ့သော်လည်း အများက ရေဒီယိုဟုသာ နှုတ်ကျိုးနေပြီဖြစ်၍ အသံဖမ်းစက်ဟူ၍ သုံးစွဲသူ မရှိသကဲ့သို့ပင် ဖြစ်ပါ၏။

ဗုဒ္ဓဘာသာဝင်ဟူသည့် ဝေါဟာရသည် ကျမ်းဂန်လာမဟုတ်သော်လည်း ဆိုလိုသည့် အဓိပ္ပာယ်ကို အံဝင်ခွင်ကျဖော်ဆောင်နိုင်သည့်အပြင် ရှေးယခင်က သုံးစွဲခဲ့သည့် သမ္မာဒိဋ္ဌိဆိုသည့် ပုဒ်နှင့်လည်း လိုက်လျောညီထွေရှိသဖြင့် ဗုဒ္ဓဘာသာဟူသော ဝေါဟာရကိုပဲ ဆက်လက်သုံးစွဲခဲ့ခြင်း ဖြစ်နိုင်ပါ၏။

ဗုဒ္ဓဘာသာဝေါဟာရ ရှင်းလင်းချက်

ဗုဒ္ဓဘာသာဆိုသည်မှာ ဗုဒ္ဓ+ဘာသာ နှစ်ပုဒ်တွဲစပ်ထားခြင်းဖြစ်၏။ ဗုဒ္ဓါနံဘာသာ၊ ဗုဒ္ဓဘာသာဟူ၍ ဆိုနိုင်၏။ ဗုဒ္ဓါနံ-သဗ္ဗညုဘုရားရှင်တို့၏ ဘာသာ=စကားတော်၊ တရားတော်၊ အဆုံးအမတော် သာသနာတို့နှင့်လည်း အတူတူပင်ဖြစ်သည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဟူသည့် ဝေါဟာရသည် ဗုဒ္ဓဓမ္မ=ဘုရားရှင်၏တရားတော်၊ ဗုဒ္ဓသာသန=ဘုရားရှင်၏ အဆုံးအမတော်ဟူသည့် ဝေါဟာရတို့နှင့် အတူတူပင်ဖြစ်ပါ၏။

ထို့ပြင် မြတ်ဗုဒ္ဓ၏ စကားတော်၊ အဆုံးအမတော်တို့သည် မှန်ကန်သော အယူအမြင် သမာဒိဋ္ဌိများပင် ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာ=မြတ်စွာဘုရားစကားတော်၊ ဗုဒ္ဓဘာသာဝင်=မြတ်စွာဘုရား၏ တရားတော်များကို လိုက်နာကျင့်သုံးသူဟူ၍ ခေါ်ဝေါ်သုံးစွဲခဲ့ကြခြင်း ဖြစ်သည်ဟု ဆိုနိုင်၏။

အခြားဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း။

ကျွန်တော်တို့သည် မိရိုးဖလာအနေဖြင့် ဘိုးဘွားမိဘအစဉ်အဆက် ကိုးကွယ်လာကြခြင်းဖြစ်၍ အထူးပြုလုပ်ရန်မလိုဘဲ အလိုလို ဗုဒ္ဓဘာသာဝင် ဖြစ်နေကြသည်။ အခြားဘာသာတစ်ခုခုမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာမည်ဆိုလျှင် ရှေးဦးစွာ သရဏဂုံဆောက်တည်ပြီး ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူရမည်ဖြစ်သည်။ ထို့ကြောင့် "**ဗုဒ္ဓဘာသာအစ သရဏဂုံက**" ဟူ၍ ဆိုထားခြင်း ဖြစ်ပါ၏။

"သရဏဂုံ" ဆိုသည်မှာ ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးတို့အား ကိုးကွယ်ရာအဖြစ် ယုံကြည်ဆည်းကပ်မှုကို ဆိုခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင် ဖြစ်လာပြီဆိုလျှင် သရဏဂုံတည်ရမည် ဖြစ်သည်။

ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိဟု ရွတ်ဆို၍ ဘုရားရုပ်ပွားတော်၊ စေတီတော်ရှေ့၌လည်းကောင်း၊ ရဟန်းသံဃာ တစ်ပါးပါးရှေ့၌လည်းကောင်း ဆောက်တည်နိုင်ပါ၏။ ထိုသို့ အခြေအနေမပေးလျှင် မိမိဘာသာ ရွတ်ဆိုဆောက်တည်နိုင်ပေသည်။

သတိပြုရမည့် အချက်မှာ သရဏဂုံသုံးပါးကို မည်သည့်ဘာသာစကားဖြင့်မဆို ခံယူဆောက်တည်နိုင်ခွင့်ရှိသော်လည်း (ဗုဒ္ဓဘာသိတ)ဟူသည့် ဘုရားဟော နှုတ်တော်တော် ပါဠိဘာသာစကားဖြင့် နှုတ်မြွက်ဆောက်တည်ခြင်းက ပို၍

www.burmeseclassic.com

www.burmeseclassic.com

လေးနက်သဖြင့် သိဒ္ဓိမင်္ဂလာ ကောင်းကျိုးအဖြာဖြာ ဖြစ်ထွန်းနိုင်ပေသည်။

ဗုဒ္ဓဘာသာအဖြစ် ခံယူပွဲဟူ၍ တောင်တန်းဒေသများတွင် ကျင်းပသကဲ့သို့ ပြုလုပ်ခွင့်ရှိပါ၏။ အခမ်းအနားမပါဘဲ မိမိဘာသာ လှူသိမခံဘဲ ဗုဒ္ဓဘာသာဝင်လို့လည်း ရပါ၏။ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သော အတွင်းစိတ်ဓာတ်ကသာ ပို၍ အရေးကြီးသည်။ ထို့ပြင် သရဏဂုံတည်နိုင်ရန်အတွက် ရတနာသုံးပါးအပေါ် ယုံကြည်အားထားမှု သဒ္ဓါတရားလည်း ရှိရပေမည်။

ယုံကြည်အားထားမှု သဒ္ဓါတရား

မြတ်စွာဘုရားကို ကိုးကွယ်သည့်အတွက် မိမိတို့တွင် ဖြစ်ပေါ်လာမည့် အပါယ်ဆင်းရဲ၊ သံသရာဆင်းရဲတို့မှ လွတ်မြောက်နိုင်သည်ဟု ယုံကြည်ရမည်ဖြစ်သည်။ တရားတော်၏ သံဃာတော်များကို ယုံကြည်ရာတွင်လည်း အလားတူ မှတ်ယူရမည် ဖြစ်သည်။ ယုံကြည်မှုသဒ္ဓါရှိပါမှ ကိုးကွယ်တိုက်ပူဇော်ထိုက်သည်ဆိုသော အသိပညာ ဖြစ်လာပေမည်။ ထိုသို့ ယုံကြည်မှု(သဒ္ဓါ)၊ သိမြင်မှု(ပညာ)တို့ ရှိပါမှ ဘုရား၊ တရား၊ သံဃာတို့ကလည်း စစ်မှန်ပါမှ သရဏဂုံမြောက်မည် ဖြစ်သည်။ သရဏဂုံတည်သည်နှင့် ဗုဒ္ဓဘာသာဝင်ဖြစ်ပြီဟု မှတ်ယူရပေမည်။

သရဏဂုံနှစ်မျိုး

လောကီသရဏဂုံနှင့် လောကုတ္တရာ သရဏဂုံဟူ၍ နှစ်မျိုးရှိ၏။

လောကုတ္တရာသရဏဂုံဆိုသည်မှာ သစ္စာလေးပါးကို မြင်ပြီး သူတို့၏ သရဏဂုံကို ဆိုခြင်းဖြစ်၏။ ထိုသရဏဂုံသည် နိဗ္ဗာန်ကို အာရုံပြုပြီး ဖြစ်သည့်အတွက် ရတနာသုံးပါး၌ ကောင်းစွာတည်၏။ ပုထုဇဉ်များ ဆောက်တည်ထားသော သရဏဂုံသည် လောကီသရဏဂုံဖြစ်၏။ ပုထုဇဉ်တို့သည် အခိုက်အတန့်မျှ ကိလေသာပယ်၍ ရတနာသုံးပါးကို အာရုံပြုလျက် သရဏဂုံတည်ခြင်း ဖြစ်ပါ၏။

သရဏဂုံတည်ခြင်း ဆိုသည်မှာ ကိုးကွယ်အားထားရာအနေဖြင့် ဆည်းကပ်ခြင်းဖြစ်၍ နှုတ်ကဆိုရုံမျှဖြင့် သရဏဂုံတည်သည်ဟု မဆိုနိုင်ချေ။ မိမိ၏ ရင်ထဲ၊ နှလုံးသားထဲမှ ရတနာသုံးပါးသာ အားထားကိုးကွယ်ရာ ဖြစ်သည်ဟု ခိုင်မြဲစွာ ယုံကြည်မှသာ သရဏဂုံတည်သည်ဟု ဆိုနိုင်၏။

လောကုတ္တရာ သရဏဂုံသည် ဘာသာကူးပြောင်းခြင်း မရှိတော့၍ သရဏဂုံပျက်ခြင်း မရှိတော့ပေ။ တစ်ခါဆောက်တည်ရုံနှင့် လုံလောက်ပြီ ဖြစ်သည်။ လောကီသရဏဂုံကလည်း တစ်ခါဆောက်တည်ထားရုံနှင့် လုံလောက်သည်။ အသက်မသေသေးသမျှ ဘုရားမှအခြား တစ်ပါးသော အယူဝါဒသို့ ပြောင်းမသွားသေးသမျှ သရဏဂုံသည် ဆောက်တည်ထားသောသူကို ဘေးရန်ဖယ်ရှား ကောင်းကျိုးများ ဖြစ်ပေါ်စေမည့် ဆင်းရဲပယ်ဖျောက်၊ ချမ်းသာရောက်အောင် အမြဲတမ်း စောင့်ရှောက်ကာကွယ်ပေးနေမည် ဖြစ်ပါ၏။

နေ့စဉ်နေ့တိုင်း ဘုရားဝတ်ပြုသည့်အခါ သရဏဂုံ ထပ်ကာထပ်ကာ ဆောက်တည်နေခြင်းသည် ဘုရားရှင်အား အလေးဂရုပြုသည့်အနေဖြင့် မြဲသထက်မြဲအောင် ဆောက်တည်နေခြင်းသာ ဖြစ်ပါ၏။ သရဏဂုံသည် အလွန်အရေးကြီး၏။ ဘုရားရှင် လက်ထက်တော်က ယင်းသရဏဂုံသုံးပါးနှင့်ပင် ရှင်အဖြစ်၊ ရဟန်းအဖြစ် ပြုခဲ့ကြ၏။ နောက်ပိုင်းကျမှသာ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းပြုခဲ့ကြခြင်း ဖြစ်၏။

အချုပ်ဆိုရလျှင် သရဏဂုံသုံးပါးသည် အရေးကြီးသည့်အတွက် ဗုဒ္ဓဘာသာဝင် မဖြစ်သေးသူများအား သရဏဂုံသုံးပါး ဆောက်တည်စေခြင်းဖြင့် ဗုဒ္ဓဘာသာဝင် ဖြစ်လာအောင် ပြုလုပ်ပေးသည့်ကုသိုလ်ထက် ကြီးမားသော ကုသိုလ် မရှိကြောင်း။ ဗုဒ္ဓဘာသာဝင်အဖြစ် သရဏဂုံ ခံယူဆောက်တည်ရုံမျှနှင့်ပင် အပါယ်မကျနိုင်တော့ကြောင်း ဘုရားရှင်ကိုယ်တော်တိုင် ဟောပေးထားပါကြောင်း တင်ပြလိုက်ရပါ၏။

တက္ကသိုလ်သခ်

၀၉-၄၃၁၉၂၂၆၇

စာကိုး ။ ။ ဆရာစိန်တိုင်ထွန်း၏ ဩကာသကန်တော့ချီးနှင့် သီလတော်မြတ်အကျိုး။

www.burmeseclassic.com

www.burmeseclassic.com

အစားအသောက် ပေါများကြွယ်ဝစေသည့် စတုတ်ဖန်းချီ

ချစ်ဖွယ်(တောင်ငူ)

ကျွန်တော်သည် ဘဝတွင်ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် လှုပ်ရှားကျင်လည်ခဲ့ဖူးသည်ဖြစ်ရာ တစ်ခါသော် ဘဝအစိတ်အပိုင်းတစ်ခုတွင် ဘုန်းတော်ကြီးတစ်ပါးထံ ကပ္ပိယအဖြစ် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရဖူးပေသည်။

တစ်ခုသော နံနက်စောစောအချိန် ကျွန်တော်သည် ခေါင်းပါးတစ်ပုဒ်ကို အားကြိုးမာန်တက် ရေးသားနေစဉ်

"ဟော့ . . . ဒကာချစ်ဖွယ်၊ လမ်းဟိုဘက်ခြမ်း အိမ်မြင့်မြင့်ကြီးက ဖွင့်နေတဲ့သီချင်းကို နားထောင်ကြည့်စမ်း။ ဘယ်လောက်ကျက်သရေရှိလိုက်သလဲ"ဟု မိန့်တော်မူပါသည်။ ထိုအခါမှ ကျွန်တော်လည်း ရေးလက်စကို ရပ်တန့်လျက် ပတ်ဝန်းကျင်ကို နားစွင့်မိပါတော့သည်။ ကျွန်တော့် အကြားအာရုံထဲသို့ ပီသကြည်မြလှသောအသံဖြင့် စီးမျော

www.burmeseclassic.com

www.burmeseclassic.com

လာသည်မှာ အခြားမဟုတ်။ နိုင်ငံကျော်အဆိုတော်တစ်ဦး သီဆိုထားသည့် "သမ္မုဒ္ဒေ"သီချင်းသံပင် ဖြစ်ပါတော့သည်။

"ဘယ့်နှယ့် ဒကာလေး။ နံနက်စောစော အခုလို သီချင်းသံမျိုး ကြားလိုက်ရတော့ ရင်ထဲမှာ အတိုင်းထက်အလွန် စိတ်ချမ်းသာမှုတွေ ဖြစ်မသွားဘူးလား"

"မှန်ပါ့။ အတော့်ကို ကြည်နူးစရာကောင်းလှပါတယ် ဘုရား။ တပည့်တော် အခုင်ကတည်းက သတိပြုမိပါတယ်ဘုရား။ အဲဒီအိမ်ကြီးက နံနက်စောစောဖွင့်လေ့ရှိတဲ့ သီချင်းတွေဟာ 'သမ္မုဒ္ဒေ'လို၊ 'စိန္တာမဏိ'လို၊ 'အောင်ပါစေ'တို့လို အလွန်ကျက်သရေမင်္ဂလာရှိတဲ့ သီချင်းမျိုးတွေသာ ဖြစ်လေ့ရှိတယ် ဘုရား"

ကျွန်တော့် လျှောက်ထားချက်အဆုံးမှာ ဆရာတော်ကြီးက ယခုကဲ့သို့ အားပါးတရပြန်လည်မိန့်ကြားပါသည်။

"မင်္ဂလာယူတယ်ဆိုတာ အဲဒါပဲ ဒကာချစ်ဖွယ်၊ တချို့များ ဘယ်လောက်မသိသား ဆိုးရွားသလဲဆိုရင် မနက်စောစော မင်္ဂလာယူရမယ့်အချိန် ဘာဆိုနေမှန်းမသဲကွဲတဲ့ ဂုံဂုံဂွမ်ဂွမ် သီချင်းတွေ ဖွင့်လိုဖွင့်။ ဒကာလေး တစ်သက်လုံး မှတ်ထား။ နေ့တစ်နေ့ရဲ့အစ နံနက်ခင်းအချိန်ဟာ တစ်နေ့လုံးအတွက် အရေးကြီးဆုံးအချိန်ပဲ။ အဲဒီအချိန်လေးမှာ မင်္ဂလာယူတတ်ရင် တစ်နေ့လုံးအတွက် လုပ်သမျှကိုင်သမျှ အားလုံး အဆင်ပြေမှာပဲ။ ဝေးဝေးလံလံမကြည့်နဲ့။ အခု ဒီပတ်ဝန်းကျင်ကလေးမှာပဲကြည့်။ အဲဒီ အိမ်မြင့်မြင့်ကြီးဟာ တခြားအိမ်တွေနဲ့တူသလား။ စီးပွားရေးအကောင်းဆုံး တွေ့ရမြင်ရတာကိုက စိတ်ချမ်းသာစရာကောင်းနေတယ်။ ဟုတ်တယ် မဟုတ်လား"

"မှန်လှပါ ဘုရား"

"ဒကာချစ်ဖွယ် အားတဲ့တစ်ရက် အဲဒီအိမ်ကိုဘုန်းကြီး ခေါ်သွားမယ်။ အိမ်ထဲရောက်သွားရင် ဒီထက်ပိုပြီး စိတ်ချမ်းသာစရာတွေ တွေ့ရမယ်။ အတုယူလိုက်နာစရာတွေလည်း တွေ့ရမယ်"

"မှန်လှပါ ဘုရား"

"တရားတော်နဲ့ ဆိုင်ချင်မှဆိုင်လိမ့်မယ်။ သို့သော်လည်း ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းဒဏ်ခံရမယ့်ဆိုတဲ့ တရားတော်က အထင်အရှားရှိပြီးသားပဲ။ ဒကာချစ်ဖွယ် ကြုံကြိုက်တုန်း အတိတ်၊ နိမိတ်၊ တဘောင်၊ ခမှုည်းဆိုတာတွေအကြောင်း ဘုန်းကြီး နည်းနည်းပြောပြမယ်။ သေသေချာချာမှတ်ထား ဒကာလေး"

"မှန်လှပါ၊ မိန့်တော်မူပါ ဘုရား"

"တတိယမြန်မာနိုင်ငံကို ထူထောင်ခဲ့တဲ့ အလောင်းမင်းတရားကြီးရဲ့ငယ်နာမည်က အောင်ဇေယျတဲ့။ အောင်ဇေယျ ရှင်ဘုရင်ဖြစ်ခါနီးမှာ အတိတ်တစ်ခုပေါ်လာတယ်။ အဲဒီ အတိတ်ကတော့ နမောတဿဆိုတဲ့ အစ စကားလုံးတွေကို 'အောင်ဇေယျတုဿဗ္ဗမင်္ဂလာ'ဆိုတဲ့ စကားလုံးတွေနဲ့ အစားထိုးပြင်ဆင်လိုက်တာပါပဲ။ ဒါကြောင့် အောင်ဇေယျ အမည်ရှိတဲ့ပုဂ္ဂိုလ် ရှင်ဘုရင်ဖြစ်မယ့်အတိတ်ဆိုပြီး ကောက်ယူကြတယ်။ တကယ်လည်း အောင်ဇေယျဟာ အလောင်းမင်းတရားကြီးအဖြစ် ရာဇဝင်မှာ ထင်ရှားခဲ့တယ်လေ"

"အဲဒီလိုပဲ။ အလောင်းမင်းတရားကြီး မွန်တို့ကို လုပ်ကြံစဉ်က ဖောင်တော်ရှေ့ ထန်းပင်လဲကျတာကို "ထန်း" ဆိုတဲ့ စနေနံ၊ မွန်တလည်း စနေနံ။ ဒါကြောင့် စနေနံအလို ပြည့်မယ်လို့ နိမိတ်ကောက်ခဲ့တယ်။ တကယ်လည်းအောင်ခဲ့တာပါပဲ။ အဲဒီတော့ ဒကာချစ်ဖွယ် မှတ်ထားဖို့က အတိတ်၊ နိမိတ်၊ တဘောင်ဆိုတာတွေကို လျစ်လျူရှုမထားသင့်ဘူး။ ဘုန်းကြီးတို့ မြန်မာပြည်ကြီးက ဗေဒင်ဒီပါလကျော်ဟတောင် ကျွန်းမှာ ပါတယ်။ ဗေဒင်ပိနိမိတ်ထွန်းဆိုတဲ့ စကားကို ဒကာ ကြားဖူးမှာပါ။ ဒါကြောင့် အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဘဝေါတွေဟာ ဘုန်းကြီးတို့တိုင်းပြည်မှာ ဖြိုးသာတ်ရောက်မှုရှိတယ် ဒကာချစ်ဖွယ်"

□ □ □

"နေ့အထွက်မှာ ရွှေဖွတ်နဲ့ ငွေအပြည့်ခပ်ပေးပါ" ဟူသော အမြူရောင်စာလုံးဝိုင်းဝိုင်းကြီးတွေက အဝင်တံခါးမကြီးအပေါ်မှာလည်းကောင်း၊ ""အောင်ပါစေ၊ သာမြေနှုခက်ဝေ ရွှေရေချမ်းလောင်းလို့ တောင်းဆုပြုပါစေ"" ဟူသော မင်္ဂလာရှိလှသည့် စာသံသည်လည်းကောင်း ကျွန်တော်တို့ကို ခံညားစွာကြိုဆိုနေပါသည်။ နှုတ်ခမ်းမွေးစစဖြင့် အသက် ၅၀ ဝန်းကျင်ခန့် အသားအရေစိုစို၊ ဥပမိရုပ်ကောင်းကောင်း ပုဂ္ဂိုလ်ကြီးက ဆရာတော်ကို ပျာပျာသလဲပင် နေရာထိုင်ခင်း ပေးပါသည်။ ထိုပုဂ္ဂိုလ်ကြီးမှာ ဤနှစ်ထပ်အိမ်မြင့်ကြီး၏ အရှင်သခင် "ဦးအောင်ချမ်းသာ" ဆို

www.burmeseclassic.com

www.burmeseclassic.com

သော ပုဂ္ဂိုလ်ကြီးပေတည်း။

"ကိစ္စအထွေအထူးတော့ မရှိပါဘူး ဒကာကြီးအောင်ချမ်းသာ။ ဟောဒီဘုန်းကြီးရဲ့ ကပ္ပိယက ဒကာကြီးနဲ့လည်း တွေ့ချင်တယ်ဆိုတာနဲ့ လာပို့တာပါ။ သူက စာတိုပေစလေးတွေလည်း ရေးပါတယ်"

"မှန်လှပါ ဘုရား"

ဘုန်းကြီးက မိတ်ဆက်ပေးသဖြင့် ကျွန်တော်က–

"ဦးရဲ့အိမ်ပေါ်ကိုရောက်တာနဲ့ တစ်ပြိုင်နက် ကျွန်တော် ထူးထူးခြားခြား ခံစားလိုက်ရတာက စိတ်ထဲမှာ အေးမြငြိမ်းချမ်းသွားတာပါပဲခင်ဗျာ။ နောက်ပြီး နံရံပေါ်ချိတ်ဆွဲထားတဲ့ ရုပ်ပုံတွေ၊ စာဇာန်းတွေ၊ အပြင်အဆင်အထားအသိုတွေကလည်း ကျွန်တော့်အတွက် အတော့်ကို စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း လောကီရေးရာ ဆောင်ရွက်မှုတွေကို စိတ်ဝင်တစား လေ့လာနေသူတစ်ဦးပါ။ ဒါကြောင့် ဦးထံမှာ ချိတ်ထားတဲ့ ပျားစွဲသော မုတ်ဆိတ်တို့လို၊ ဆီရေချိုး ဆေးရိုးမီးလှုံတို့လို၊ စိုင်ကော်လို့ ချုပေါ်ရောက်တို့လို ဓာတ်ပန်းချီလို့ခေါ်တဲ့ ရုပ်ပုံကားချပ်တွေအကြောင်း ကျွန်တော် ကောင်းကောင်း လေ့လာဖူးပါတယ်။ ဒါပေမဲ့ ဦးရဲ့အခန်းမှာ နိုင်ငံခြားကလာတဲ့ သစ်သီးဝလံ ပိုစတာကြီးလို အစားအသောက်မျိုးစုံကို စားချင်စဖွယ် ပြင်ဆင်ထားတဲ့ ပိုစတာကြီးမျိုးတွေ အတော်များများ ချိတ်ဆွဲထားတာကိုလည်း တွေ့ရပါတယ်။ အဲဒီပိုစတာကြီးတွေက ဘယ်လို ကောင်းကျိုးပြုနိုင်တယ်ဆိုတာလေး တစ်ဆိတ်ကျေးဇူးပြုပြီး ရှင်းပြပေးပါလားခင်ဗျာ"

ရှည်လျားလှသော ကျွန်တော့်မေးခွန်းအဆုံးမှာ ဦးအောင်ချမ်းသာက ကျေကျေနပ်နပ် ပြုံးနေပါသည်။ ထိုသို့ နှစ်လိုဖွယ် ပြုံးလိုက်သည့်အခါ ပုဂ္ဂိုလ်ကြီး၏မျက်နှာသည် အထူးပင် ကျက်သရေရှိလှပါသည်။

"ကောင်းပါပြီ မောင်ရင်။ ဒါဆိုရင် ဦးနဲ့ခဏလိုက်ခဲ့ပါ"

ပုဂ္ဂိုလ်ကြီးက အခန်းအချို့ကိုဖြတ်၍ အိမ်အတွင်း တစ်နေရာသို့ခေါ်သွားပါသည်။ ကျွန်တော့်ကို ခေါ်သွားသော နေရာသည် ထမင်းစားခန်းဖြစ်ကြောင်း အခန်း၏ ပြင်ဆင်ထားသိုမှုများအရ သိရပါသည်။ ထမင်းစားပွဲနောက်ရှိ နံရံပေါ်မှ ပိုစတာကားချပ်ကြီးကိုကြည့်ရင်း ကျွန်တော် အံ့သြမှင်တက်သွားပါသည်။ ပိုစတာတစ်ခုတည်းနှင့် နံရံတစ်ခုလုံး ပြည့်လုခမန်းရှိပါသည်။ မျက်စိကိုအေးမြစေလျက် စိမ်းစိမ်းစိုစိုနှင့် စားချင်စဖွယ်ရှိလှသော အသီးအနှံပေါင်းစုံသည် ထိုပိုစတာကားချပ်ကြီးထဲတွင် အပြည့်အစုံရှိနေသည်။ အဆိုပါ ပိုစတာကားချပ်မျိုးက လမ်းဘေးပိုစတာရောင်းသူများထံတွင်လည်း ကျွန်တော် မကြာမကြာ တွေ့ဖူးပါသည်။

"မယုံမရှိနဲ့ မောင်ရင်ရေ။ အဲဒီလို အသီးအနှံစားသောက်ဖွယ်ရာတွေပါတဲ့ ပိုစတာကို အခုလိုထမင်းစားခန်းမှာ ကပ်ထားတာဟာ အထိရောက်ဆုံးပဲဆိုတာ ဦးကတော့ ကိုယ်တွေ့ပဲလေ"

"ဘယ်လို ထိရောက်မှုမျိုးပါလဲခင်ဗျာ"

"တစ်နည်းအားဖြင့် ပြောရရင်တော့ ဒါဟာ ဓာတ်ပန်းချီတစ်မျိုးပဲပေါ့ မောင်ရင်။ ထမင်းစားဖို့ ဟောဒီစားပွဲမှာ ထိုင်မိတဲ့အခါတိုင်း အမြဲလိုစိတ်ချမ်းသာမှုတွေ ခံစားရစေတယ်။ အစားအသောက်နဲ့ပတ်သက်လို့ ဘယ်တော့မှစိတ်မဆင်းရဲရဘူး။ အစားအသောက်ပေါများစေတဲ့ အတိတ်နိမိတ်ကိုဆောင်တယ်။ အစားကောင်း၊ အသောက်ကောင်း စားရတယ်။ ထပ်ပြောရမယ်ဆိုရင် ဒါကို မယုံမရှိပါနဲ့မောင်ရင်။ ဦးကိုကြည့်ပါ။ ဘဝတစ်လျှောက် လက်တွေ့ခံစားရတာတွေကို ပြောပြနေတာပါ"

ထိုနေ့က မြန်မာမှုရေးရာ အတိတ်၊ နိမိတ်များအကြောင်းနှင့်ပတ်သက်၍ ဦးအောင်ချမ်းသာနှင့်ကျွန်တော် အတော်ကြာကြာ ဆက်ပြောဖြစ်ကြပါသေးသည်။ ဦးအောင်ချမ်းသာထံမှ လောကီရေးရာကိစ္စများအတွက် အဖိုးထိုက်တန်လှသော ဆောင်ရွက်မှုအတော်များများကိုလည်း မှတ်သားခဲ့ရပါသည်။ ထိုအချက်များထဲမှ အပန်းကြီးလှသော ကိစ္စလည်းမဟုတ်ဘဲ၊ တကယ်လည်း အကျိုးထူးပေးလှသော သစ်သီးဝလံပိုစတာပုံကြီး ထမင်းစားခန်းမှာ ကပ်ထားခြင်းကိုလည်း ကျွန်တော် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ဦးအောင်ချမ်းသာ ပြောကြားခဲ့သလိုပင် အစားအသောက်နှင့်ပတ်သက်၍ ကျွန်တော် ဘယ်တုန်းကမှ စိတ်မဆင်းရဲခဲ့ရပါ။ သို့အတွက် ယုံကြည်သူများ ဆောင်ရွက်ကြည့်ကြပါဟူ၍သာ ဤဆောင်းပါးဖြင့် တိုက်တွန်းရေးသားလိုက်ရပါကြောင်း ...။

ချစ်ဖွယ် (တောင်ငူ)

www.burmeseclassic.com

www.burmeseclassic.com

နိဗ္ဗာန်လမ်းပြ ဝိပဿနာတရားတော် (၁၈)

(ခန္ဓာငါးပါး–ဝေဒနက္ခန္ဓာ–၁)

■ မဟာထွန်း

ယခု ဤစာကို ရေးနေသည့်အချိန်သည် တပေါင်းလဆန်း၏ နွေဦးချိန်ခါ ဖြစ်သည်။ ထို့ကြောင့် ဤစာရေးသူတို့ အလုပ်အများဆုံးသော အချိန်ကာလ ဖြစ်သည်။

ဝါတွင်းကာလ၌ မိမိ၏ ကျောင်းမှာပင်လျှင် တရားဟောကြားပြနေ၍ ရသော်လည်း ယခုလို ပွင့်လင်းရာသီ၌ နယ်သို့လည်း ထွက်ရတတ်သည်။ ရောင်ပြန်မဂ္ဂဇင်းကြီး၏ ကျေးဇူးကြောင့်ဟု ဆိုရမည်။

ရောင်ပြန်မဂ္ဂဇင်းကြီး၌ လစဉ်ဖော်ပြပေးနေသော ဤစာရေးသူ၏ ဤဝိပဿနာ တရားစဉ်ကြီးကို ဖတ်ရှုလေ့လာရင်း မသိသည်များကို တယ်လီဖုန်းနှင့် လှမ်းမေးကြရင်းက တဖြည်းဖြည်း တရားတော်၏ သဘောသဘာဝကို နားလည်သွားသည်။

ထိုမှတစ်ဆင့် သူတို့နည်းတူ ဓမ္မမိတ်ဆွေအပေါင်းတို့ကိုလည်း တရားရစေလိုသော စေတနာ ဆန္ဒဖြင့် ဤစာရေးသူအား ပင့်ဖိတ်ကာ တရားလိုက်စားကြ၍ ဖြစ်သည်။

ဤစာရေးသူမှာ ထိုင်တရားထက် နာတရားကိုသာ အဓိကထားသည်။ တရားတော်ကို နာကြားရင်းဖြင့်ပင် နားလည်၍ သဘောပေါက်အောင် ရှိသွားအောင် ဟောကြားပေးခြင်းဖြစ်သည်။

တရားတော်ကို နာကြား၍ ပရမတ်ဆိုက်အောင် နားလည်ရရှိသွားပြီးမှ ထိုင်ခိုင်းသည်။ ထိုင်နည်းကိုလည်း ဤရောင်ပြန်မဂ္ဂဇင်းကြီး၌ လစဉ်နီးပါး ဖော်ပေးနေသည့် နည်းအတိုင်းသာ ဖြစ်သည်။ ထိုင်ချိန်ကိုလည်း နာရီဝက်မျှပေးထား၍ အလွန်မှ သက်သာလွယ်ကူသောနည်းဟု ဆိုရမည်။

လွန်ခဲ့သော ဆယ်နှစ်ကျော်က ဤစာရေးသူသည် မေတ္တာရှင် ရွှေပြည်သာနှင့် မော်လမြိုင်ကျွန်းမြို့တော် ကျွန်းတုံးကပ်ကာ ဘုရားကြီး၏ ရင်ပြင်တော်တွင် ရှေ့ထွက်ပုဂ္ဂိုလ်အဖြစ် ဤဝိပဿနာတရားတော်ကြီးကို ဟောကြားဖူးသည်။

ဖောင်းပိန်တည်းဟူသော မဟာစည်ဆရာတော်ဘုရားကြီး၏ နည်းဖြစ်သည်။ ဖောင်းပိန်နည်းကိုပင် ပရမတ်ဖြင့်နားလည်အောင် သဘောပေါက်အောင် တစ်နာရီမျှ ဟောကြားပေးခဲ့သည်။

ထိုအချိန်က မှတ်မှတ်ရရ လူနှစ်ယောက် လာလျှောက်ထားဖူးသည်။ တစ်ယောက်မှာ အသက် ၈၀ ကျော် အဘိုးအိုဖြစ်ပြီး နောက်တစ်ယောက်မှာ ရှစ်တန်းကျောင်းသားလေးဖြစ်သည်။

ဤစာရေးသူက မေးမြန်းစိစစ်၍ သူတို့ကိုယ်တိုင်သိထား၊ ရထားကြသည့် ပရမတ်တရားတော်ကိုလည်း ပြန်လည်လျှောက်ထား (ရှင်းပြသွား)ကြသည်။ ထို့ကြောင့် ဤစာရေးသူမှာ ဝမ်းမြောက်ဝမ်းသာ မဆုံးလောက်အောင်ပင် ဖြစ်ခဲ့ရသည်။

အဘိုးအို တရားလိုက်နေသည်မှာ နှစ်ပေါင်း ၃၀ ကျော်ပြီဟု ဆိုသည်။ ကုန်ခဲ့သည့် ညကမှ တရားရသည်ဟု လျှောက်ထားပြသည်။

ရှစ်တန်းကျောင်းသားလေးလည်း တရားလိုက်နေသည်မှာ သုံးနှစ်မျှ ရှိခဲ့ပြီ။ ယခုမှ တရားရသည်။ ကိုယ်ရလျှင် ကိုယ်သိသည်ဟုလည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် လျှောက်ထားကာ သူရထား နားလည်သည့်အတိုင်း ပရမတ်တရားတော်ကိုလည်း ဟောပြသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖုန်းသကာပြီး မေးမြန်းလျှောက်ထားကြသည့် ပုဂ္ဂိုလ်များမှာလည်း တချို့မှာ တရားတော်ကို ရရှိနားလည်၍ ဖြစ်ကြသလို တချို့မှာ နားမလည်၍ မေးမြန်းလျှောက်ထားကြသည်လည်းရှိသည်။

သူ့ကိုယ်သူ နားမလည်ဟုဆိုလျှင် နားလည်ရန် နီးနေပြီဟု သိနိုင်သည်။ ထိုလူများကိုလည်း တစ်ခွန်းစနှစ်ခွန်းစ ရှင်းပြလိုက်ရုံနှင့်ပင် နားလည်သွားလေသည်။ ထို့ကြောင့်လည်း ဤစာရေးသူမှာ ထိုင်တရားကိုထက် နာတရားကိုသာ အဓိကထားကာ ဟောပြောပြသပေးနေခြင်းဖြစ်သည်။

တရားထိုင်ရာ၌လည်း ဖရမတ်တရားကို ပြတ်ပြတ်သားသား ရရှိပြီးမှ ထိုင်ပြီး ထိုတရားကို ရှုမှတ်ရလေသည်။ ဆရာနည်းကျကျ ရရှိနားလည်ထားသော တရားတော်ကို ထိုင်ပြီး ရှုမှတ်သည်ဟု ဆိုရသည်။

ထို့ကြောင့် လျှပြန်တော် ဗညာရှိ ပန်းဒကာ ကိုတင်မြင့် (ဦးတင်မြင့်/ယခုကွယ်လွန်)က "အမေနှင့်သား ပြောစကား" စာအုပ်တွင် တရားတော်ကို ရပြီးမှ ထိုင်ပါဟု မိန့်ဆိုခဲ့ဖူးသည်။

ဦးတင်မြင့်ကား နယ်နယ်ရရ ပုဂ္ဂိုလ်မဟုတ်ပေ။ ပိဋကတ်သုံးပုံနှင့် သုတ္တန်ပိဋကတ်ကြီးကို အပြန်အောင်မြင်ထားသည့် ကျမ်းတတ် လျှပြန်တော်ကြီးဖြစ်သည်။ ရဟန်းတော်များ သွားလာရန် ခက်ခဲသော နေရာဒေသများကို သွားရောက်ကာ တရားဟောကြားလို၍သာ လိင်ပြန်ခဲ့သည်ဟု ပြောပြဖူးသည်။

ဟုတ်သည်။ သူကား လူဝတ်ကြောင်ဖြင့်ပင် တောကြိုတောင်ကြားတိုင်အောင် သွားလာပြီး တရားဟောခဲ့ဖူးသည်။ ပြောလောက်သည့်အထိ အောင်မြင်ခြင်းလည်းရှိသည်။

ရှင်ပါ ဝတ်ဖြူဝတ်ပြီး ရဟန်းတော်များကဲ့သို့ တောထွက်ကာ တရားကျင့်သည်။ ထို့ကြောင့် ရဲဘက်ပြေးဟုထင်၍ အဖမ်း အဆောင်း ခံခဲ့ရသည့် အကြောင်းကိုလည်း ရယ်ရွှန်းဖတ်ရွှန်း ပြောပြဖူးသည်။ စာအရေးအသားလည်း ကောင်းသည်။ ထို့ကြောင့် သာသနာတော်အတွက် တန်ဖိုးရှိသော ပုဂ္ဂိုလ်ကောင်းတစ်ယောက် ကွယ်လွန်သွားခြင်းနှင့် ပတ်သက်၍ စိတ်မကောင်းဖြစ်ရသည်။

ဗီပဿနာ တရားတော်ကို ဆရာနည်းကျကျ ပြသရာ၌ ရဟန်းပုဂ္ဂိုလ်များထက် လူပုဂ္ဂိုလ်များသာသော နေရာလည်း ရှိတတ်သည်။ ရဟန်းပုဂ္ဂိုလ်များမှာ တစ်ခန်းတစ်နားပင့်ဖိတ်မှ တရားဟော၍ရသည်။

လူပုဂ္ဂိုလ်များမှာ ရထားစီးရင်း၊ ကားစီးရင်း၊ သင်္ဘောမော်တော်စီးရင်း အချင်းချင်း တွေ့ကြုံ၍ အခိုက်အတန့်မှ ရင်းနှီးကြရုံဖြင့်ပင် တရားဟောကြား၍ရသည်။ ဦးတင်မြင့်လည်း သည်အတိုင်းပင် ပြောပြခဲ့ဖူးသည်။

ကချင်ပြည်နယ်က အဘွားအိုတစ်ယောက်အား တရားဟောကြား၍ အဘွားအိုက တရားတော်ကို နားလည်သွားပြီးနောက် ကျေးဇူးဆပ်သောအားဖြင့် သူပိုင် နစ်ထပ်တိုက်အိမ်ကြီးကို ဦးတင်မြင့်အား ပေးလှူလိုက်ကြောင်းလည်း သိရသည်။

ခန္ဓာ၏ မမြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်း အနတ္တ၊ မတင့်တယ်ခြင်း အသုဘတည်းဟူသော တရားတော်၏သဘောကို လင်းလင်းပြတ်ပြတ်ကြီး သိရှိနားလည်သွားကြသော ပုဂ္ဂိုလ်တိုင်းသည်ပင် တရားတော်၏ ကျေးဇူးတော်ကို သိကြမြဲဖြစ်သည်။

ထိုယောဂီပုဂ္ဂိုလ် ရရှိထားသော တရားတော်ကပင်ရင်းအား ပြန်လည်၍ စောင့်ရှောက်လေပြီဖြစ်သောကြောင့်လည်း အရာရာကို ရင်ဆိုင်နိုင်လေ၍ အကျိုးရှိစွာ လွတ်လွတ်ကြီး စွန့်လွှတ်ကာ တရားတော်၏ ကျေးဇူးကို ပူဇော်ရသည့်သဘောဖြစ်သည်။

ဤစာရေးသူ ဤတရားစဉ်ကြီးကို ဤရောင်ပြန်မဂ္ဂဇင်းကြီး၌ ရေးသားလာခဲ့သည်မှာ နှစ်ပေါင်း နှစ်ဆယ်နီးခဲ့ပြီ။ ဤတရားစာပေကို စူးစိုက်ဖတ်ရှုခြင်းဖြင့် တရားရရှိသွားကြသော ယောဂီပုဂ္ဂိုလ်ပေါင်းလည်း မနည်းတော့ပေ။

ထိုထိုယောဂီပုဂ္ဂိုလ်များထဲမှ တချို့သော ယောဂီပုဂ္ဂိုလ်များမှာ သူတို့နည်းတူ နိဗ္ဗာန်နှင့် ဆက်သွယ်ပြီးဖြစ်သော ဤတရားတော်ကြီးကို တစ်ပါးသူတို့အားလည်း သိစေရစေလိုလှ၍ပင် တရားစခန်း တရားပွဲတော်များ ကျင်းပလိုကြ၍လည်း လိုက်ကြွပြီး ဟောပေးခဲ့ရဖူးပြီ။

တစ်ချို့မှာ ရိပ်သာ ဓမ္မာရုံ စသည်များ မရှိကြ၍ အိမ်အချို့မှာပင် ရက်တို ရက်ရှည် လူနည်းစုမျှဖြင့်ပင် တရားစခန်းငယ်များ ကျင်းပကြသည်လည်း ရှိကြသည်။ တချို့

www.burmeseclassic.com

www.burmeseclassic.com

မှာ ရုပ်ကွက်ဓမ္မာရုံများ၌ ကျင်းပကြသည်လည်း ရှိကြသည်။

ဤစာရေးသူမှာ ဆိုခဲ့သည့်အတိုင်း ဟောတရားကို သာ အဓိကထားကာ ဟောကြားပြသပေးသော ပုဂ္ဂိုလ်ဖြစ်၍ လည်း အဆင်ပြေသည်။ အခက်အခဲမရှိပေ။ တရားတော်ကို ရရှိပြီးမှလည်း ထိုင်၍ ရှုမှတ်ကြရသည်။ ဦးစွာ ရုပ်နာမ်ခန္ဓာ ပရမတ်ကို သိထားရန်သာ အဓိကကျသည်။

ရုပ်နာမ်ခန္ဓာကို ပရမတ်ဉာဏ်နှင့် သိထားသော ယောဂီပုဂ္ဂိုလ်အဖို့ အခက်အခဲမရှိတော့ပေ။ တရားတော်ကို ထိုင်ပြီး မှတ်သားရန် အတွက်လည်း ဤတရားစဥ်၌ နှစ်လ တစ်ကြိမ်၊ သုံးလတစ်ကြိမ် ဆိုဘိသို့ပင် ထည့်ပေးထားသည်။

ရုပ်နာမ်ခန္ဓာကို ပရမတ်ဉာဏ်နှင့် သိမြင်ခြင်းသည် ရွှေကို ရရှိထားသည်နှင့် တူသည်။ တရားတော်ကို ရှုမှတ် ခြင်းသည် ပန်းထိမ်သမားက လက်ဝတ်ရတာများကို ပြုလုပ် သည်နှင့်တူသည်။ မဂ်ဖိုလ်ကိုရရှိခြင်းသည် လက်ဝတ်ရတနာ ကို ဝတ်ဆင်ခြင်းနှင့်တူသည်ဟု ဥပမာဖြင့် မှတ်သင့်လေ သည်။

× × ×

ခန္ဓာငါးပါး၌ ရှုပကန္ဓာပြီးလျှင် ဝေဒနက္ခန္ဓာကို ရောက် သည်။ ဝေဒနက္ခန္ဓာမှာ ဝေဒနာပင်ဖြစ်သည်။ ဝေဒနာကိုပင် ဝေဒနက္ခန္ဓာ ဖွဲ့ရသည်။

ကိုက်ခဲနာကျင်မှ ဝေဒနာဟု ထင်တတ်ကြသည်။ ဝေဒနာ၏ လက္ခဏာမှာ ခံစားရုံသက်သက်မျှသာဖြစ်သည်။ ဤမျှကိုပင် တရားအဖြစ် ရှုမှတ်ရသည်။

တစ်ခါက ဆရာတော်တစ်ပါး၏ ဝေဒနာရှာဖွေနည်း ကို ကြားဖူးသည်။ နာကျင်အောင်၊ ညောင်းကိုက်အောင် ပြုလုပ်ကြရသည်ဟူ၏။ ညောင်းကိုက်နာကျင်လာပြီးမှ တရား ရှုမှတ်ကြရသည်ဟု ဆိုသည်။

စင်စစ်တွင် ဝေဒနာကို ရှာဖွေရန် မလိုပေ။ ခန္ဓာ ငါးပါးတွင် ဝေဒနာပါဝင်ပြီးဖြစ်၍ ထိုင်ပြီးရှုမှတ်ရုံသာ ရှိ တော့သည်။

ဝေဒနာ၌ ပညတ်နှင့်သိသော ဝေဒနာ၊ ပရမတ်နှင့် သိသော ဝေဒနာဟု နှစ်မျိုးကို ကွဲရန်တော့ လိုသည်။ ဤ သည်လည်း အခက်အခဲမရှိပေ။ ခေါင်းကိုက်သည်၊ ခါးနာ သည်၊ ဗိုက်အောင့်သည် စသည်ဖြင့် သိနေသည်မှာ ပညတ် သိဖြစ်ပြီး ခံစားရရုံသက်သက်ဟု သိသောအသိသည် ပရမတ် အသိဖြစ်သည်။

ဤသည်မှာလည်း လွယ်ကူသည်တော့ မဟုတ်ပေ။ တရား လိုက်စားသက်နုပြီး ဉာဏ်အမြင် ဝေးနေတတ်သူများ သာ ဖြစ်ပါမှ အချိန်ပေးပြီး အချိန်ပေးပြီး ရှင်းပြရတတ်သည်။ ဥပမာ ဥပမေယျများဖြင့် တရားနာသူ ဓမ္မယောဂီများ မပျင်း အောင်၊ နားလည်လွယ်အောင် ရှင်းပြရန် လိုပေသည်။

သတ်မှတ်ထားသော တစ်ချိန်လုံး ရှင်းပြ၍မျှ နား မလည်လျှင် ပုံပြင် ပတ်သားများကို ပြောဆိုနှိုင်းယှဥ်ပြီးသော် လည်း ရှင်းပြရသည်။ တရားကိုသော်လည်း ဖြတ်ကာ၊ ရပ် ကာ အနားပေးလိုက်ရသည်။

ဤကဲ့သို့ ပြုလုပ်ခြင်းမှာ စိတ်ဉာဏ်၌ မကြည်မလင် ဖြစ်သော ယောဂီ၏ ဦးနှောက်ထဲမှ အရှုပ်ထုတ်ကို ဖယ်ရှား လိုက်ခြင်းသာဖြစ်သည်။ ထိုကဲ့သို့ ဖယ်ရှားလိုက်ပြီးနောက် ပြန်စလျှင် ပို၍ပင် နားလည်လွယ်လေသည်။

ဤနည်းကို ငယ်စဥ် စာသင်ရာ၌ စာချဆရာတော် တစ်ပါး၏ အထံမှ ရခဲ့ဖူးသည်။ ယခု တရားပြသရာ၌ အသုံး တည့်သည်။ ကျေးဇူးလည်းများသည်။

တစ်ချို့ တရားပြ၊ စာချ ဆရာများ စိတ်တိုတတ် သည်။ အော်ငေါက်တတ်သည်။ စိတ်တို၍ စိတ်မရှည်သော ကြောင့် အော်ခြင်း ငေါက်ခြင်းသည် ဘာမျှ အကျိုးမရှိပေ။ တပည့်ဖြစ်သူ ဉာဏ်အမြင် ရှုပ်ထွေးခြင်းကို သာ၍ပင် ပိုစေ လေသည်။ တရားပြ စာချဆရာများ အထူးသတိထားကြရ သည့် အချက်ကြီးပင် ဖြစ်လေသည်။

ဤလအတွက် ဤမျှသာ။

(ဆက်ရန် . . .)

မဟာထွန်း

www.burmeseclassic.com

www.burmeseclassic.com

ဆန်းဆန်းပြားပြား တိရစ္ဆာန်ဝင်စားသူများ

ပထမံဆရာကြီး ဦးအောင်သူ

ဘဝသံသရာ ကျင်လည်မှုကို လေ့လာရာမှာ ဘုရားသည်ပင် တိရစ္ဆာန်ဘဝပေါင်းများစွာကို ကျင်လည်ခဲ့ကြောင်း မှတ်သားခဲ့ရပါတယ်။ ဒါကြောင့် လူဝင်စားများအကြောင်းကို လေ့လာတဲ့အခါမှာလည်း တိရစ္ဆာန်ဘဝမှ သေလွန်တဲ့အခါ လူ့ရဲ့အမိဝမ်းမှာ ဝင်စားမှုကို တွေ့ရပါတယ်။

ဥပမာ - ခွေးကို ဓားနဲ့ခုတ်သတ်ရာမှာ ထိုအိမ်မှာပင် လူဖြစ်ဝင်စားခြင်း၊ လင်းမြွေတစ်ကောင်ကို တောထဲမှာ ရိုက်သတ်ပြီး ချက်စားရာမှာလည်း တစ္ဆေ(ပြိတ္တာ)ဘဝနဲ့ လိုက်ပါလာပြီး ၎င်းအိမ်ရှိ မိန်းမဝမ်းမှာ ဝင်စားခဲ့ခြင်း၊ မျောက်နှစ်ကောင်ကို သတ်စားရာမှာလည်း ထိုအိမ်မှာ အမွှာညီအစ်ကို ဖြစ်လာခြင်း စတဲ့ တိရစ္ဆာန်ဘဝမှ ဝင်စားမှုများကို ကြားသိရပါတယ်။

အိန္ဒိယနိုင်ငံမှ မြစ်ဖျားခံပြီး ဖြစ်ပေါ်လာသော ဟိန္ဒူ-ဂျိန်း-ဆင်နဲ့ ဗုဒ္ဓဘာသာလေးမျိုးလုံးမှာ သံသရာမှ မလွတ်သေးသော ကာလပတ်လုံး လူနှင့်တိရစ္ဆာန်ဘဝများမှာ ခေါက်တုံ့ခေါက်ပြန် ကူးခတ်သွားလာနေကြောင်းလည်း သိရပါတယ်။

လူ့ဘဝမှာပြုလုပ်မိတဲ့ မကောင်းမှုအတွက် တိရစ္ဆာန်ဘဝမှာ အပြစ်ဒဏ်ကျခံရသည် ဆိုပါတယ်။ ပြစ်ဒဏ်ကျခံပြီးဖြစ်သော်လည်း မကောင်းမှုများ ကျေပျောက်သွားတဲ့အခါ တိရစ္ဆာန်ဘဝက လူ့ဘဝကို ပြန်လည်ရောက်လာကြောင်းလည်း ရှိပါတယ်။

ခွေးဝင်စားတဲ့ မအေးချို

ဒေါက်တာစတီဗင်ဆင် လေ့လာခဲ့သူများတွင် လူဝင်စားများသာမက ခွေးဝင်စားသူလည်း ပါဝင်ခဲ့ပါတယ်။ ခွေးဝင်စားသည်ဆိုသော မအေးချိုကို ကျောက်တံခါးမြို့ရှိ ဦးသိန်းလှိုင်၊ ဒေါ်ဆင့်တို့က ၁၉၆၃ ခုနှစ်မှာ မွေးဖွားခဲ့ပါတယ်။ မအေးချို စကားပြောတတ်ခါစမှာ သူ့ရဲ့အစ်မများကို ငါဟိုဘက်အိမ် [illegible]တယ်၊ ငါ့ကို လိုက်ပို့ပေးပါ။ ငါ့နာမည်က "ဂျက်ကီ" လို့ခေါ်တယ်လို့ ပြောပါတယ်။ ဟိုဘက်အိမ်ဆိုတာကလည်း မအေးချို လက်ရှိနေတဲ့ အိမ်က မနီးမဝေးမှာရှိနေတဲ့ ဦးထွန်းလှ၊ ဒေါ်အေးသန်းတို့ရဲ့ တိုက်အိမ်ဖြစ်ပါတယ်။

မအေးချိုရဲ့မိခင် ဒေါ်ဆင့်ဟာ အမွေးစုတ်ဖွားရှိပြီး ထယ်ရီယာခွေးထီးကလေး ဖြစ်ပါတယ်။ ဦးလှနဲ့ ဒေါ်အေးသန်းတို့ဟာ သားသမီးမရှိကြသဖြင့် ခွေးကလေး ဂျက်ကီကို အလွန်ချစ်ကြပါတယ်။ ခွေးကလေးကို ကြွေပန်းကန်နဲ့ ထမင်းကျွေးပြီး ငွန်းနဲ့ စိတ်ရှည်လက်ရှည် ခွံ့ကျွေးကြပါတယ်။

ဂျက်ကီဟာ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လမှာ သေဆုံးခဲ့ပါတယ်။ ဂျက်ကီဟာ သေပြီးနောက် အနီးအနားမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှာ တစ္ဆေ(ဝိညာဉ်) ဘဝနဲ့ နေခဲ့ရပါတယ်။ တစ်လကြာတဲ့အခါ ဘုန်းကြီးကျောင်းမှ ဥပုသ်စောင့်ပြီး ပြန်လာသော ဒေါ်ဆင့် (ယခုဘဝ မိခင်ဖြစ်မည့်သူ)နဲ့အတူ အိမ်ကို လိုက်ပါလာခဲ့ပါတယ်။

မအေးချိုက အလုံးစုံကို ပြန်လည်ပြောပြခဲ့ပါတယ်။ မအေးချိုဟာ ဂျက်ကီဘဝက ဖြစ်ပျက်ခဲ့သော အကြောင်းအရာတို့ကို မှန်ကန်စွာ ပြောပြနိုင်ခဲ့ပါတယ်။

ဒေါက်တာစတီဗင်ဆင်က မအေးချိုကို အသေးစိတ်မေးတဲ့အခါ ပြောပြသည်မှာ သူမဟာ ဂျက်ကီဘဝက နေမကောင်းဖြစ်ပြီး သေခဲ့ကြောင်း၊ သူ့ကို မီးရထားလမ်းဘေးမှာ မြှုပ်ခဲ့ကြောင်း စသည်တို့ကို ပြောပြသည့်ပြင် မအေးချိုဟာ ဂျက်ကီဘဝက ခွေးထီး ဖြစ်သော်လည်း ယခုဘဝမှာ အမျိုးသမီးဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဆင်ဝင်စားမိန်းကလေး

မြန်မာနိုင်ငံတွင် သစ်ထုတ်လုပ်ရေးလုပ်ငန်း၌ အသုံးပြုနေသော ဆင်ပေါက်ကလေးတစ်ကောင်ကို သတ်ဖြတ်ပြီး ဆင်စွယ်ခိုးသော အမှုဖြစ်ခဲ့သည်။ လူဆိုးသုံးဦးက ဆင်စွယ်ကို

www.burmeseclassic.com

www.burmeseclassic.com

လိုချင်သောကြောင့် ဆင်ပေါက်တစ်ကောင်ကို သတ်ရာ၌ ဆင်ထိန်းနှင့် ပူးပေါင်းပါဝင်ခဲ့သည်။

နောက်ပိုင်းတွင် လူဆိုးသုံးဦးသည် အဝေမညီမှုဖြစ်ပြီး နောက်လိုက်ဖြစ်သူ ညီအစ်ကိုနှစ်ယောက်က ခေါင်းဆောင်ဖြစ်သူကို သတ်လိုက်ကြပါသည်။ ကျန်နှစ်ဦးနှင့် ဆင်ထိန်းသည် အမှုပေါ်သဖြင့် ထောင်ကျသွားခဲ့သည်။

ဆင်ထိန်း ထောင်ကျနေချိန်တွင် ၎င်းရဲ့ဇနီးဖြစ်သူမှာ သမီးမိန်းကလေးတစ်ယောက်ကို မွေးဖွားခဲ့သည်။ ဆင်ထိန်းဟာ ထောင်မှလွတ်လာသဖြင့် မိမိအိမ်ကို ပြန်လာသောအခါ အဆိုပါ ဆင်ထိန်းရဲ့သမီးလေးက ကောက်ကာငင်ကာ "သမီးကို ဖေဖေကြီးက သတ်တယ်"ဟု ပြောဆိုပြီး ငိုပါတော့သည်။ အတိတ်ဘဝက ဆင်ထီးဖြစ်သော်လည်း လက်ရှိဘဝမှာ လူမိန်းကလေးအဖြစ် ဝင်စားခဲ့ခြင်းဖြစ်ပါသည်။

မျောက်ဝင်စား အမြွာညီအစ်ကို

ဘုတလင်မြို့နယ် ကမ်းစပ်ရွာမှာ ထန်းတက်ပြီး အသက်မွေးကြသော ဇနီးမောင်နှံရှိခဲ့သည်။ သူတို့ဟာ မျောက်နှစ်ကောင်ကို အလှမွေးကြပါတယ်။ တစ်နေ့မှာ ယောကျ်ားဖြစ်သူဟာ အဖော်များနဲ့ ထန်းရည်မူးပြီး အလှမွေးထားတဲ့ မျောက်နှစ်ကောင်ကို ရိုက်သတ်ပြီး ချက်စားလိုက်ပါတယ်။

မိန်းမဖြစ်သူက တားမြစ်ပေမယ့် မရခဲ့ပါ။ အသတ်ခံရတဲ့ မျောက်နှစ်ကောင်ဟာ ဇနီးဖြစ်သူရဲ့ဝမ်းမှာ အမြွာညီနောင်အဖြစ် ဝင်စားခဲ့ပါတယ်။ မျောက်ဝင်စားအမြွာညီနောင်ဟာ လူဝင်စားသုတေသီ သွားရောက်လေ့လာတဲ့အချိန်မှာ သူတို့ဟာ ခုနစ်နှစ်သားအရွယ်ခန့် ရှိနေပါပြီ။

မျောက်ဝင်စားအမြွာညီနောင်ဟာ အတိတ်ဘဝက သူတို့ကို သတ်စားခဲ့တဲ့ လူ့ဘဝအဖေကို သတ်မည်ဟု မကြာခဏ ကြိမ်းမောင်းနေကြတယ်လို့ ဆိုပါတယ်။

မျောက်ဝင်စားသားနှစ်ယောက်ကို ဖခင်ဖြစ်သူက မပြောဝံ့ မဆိုဝံ့ဘဲ တိမ်းရှောင်နေရတယ်လို့ ဆိုပါတယ်။ ၎င်းတို့ဟာ ပုဆိုးကို အမြဲခြုံထားလေ့ရှိပြီး ဓာတ်ပုံအရိုက်မခံပါ။ လူတွေ့ရင် မျောက်ကဲ့သို့ စောင်၍သာ နေတတ်ကြသည်။ ၎င်းတို့ဟာ ဖိနပ်မစီးကြဘဲ ၎င်းတို့ရဲ့ ခြေသည်း၊ လက်သည်းနှင့် ခြေတံ၊ လက်တံတို့သည် မျောက်အစစ်နှင့်မခြား တူနေသည် ဆိုပါတယ်။

နွားဘဝမှ လူဖြစ်လာသူ

တောင်တန်းသာသနာပြုဆရာတော် ဦးဥတ္တမသာရရဲ့ ဇာတိဖြစ်တဲ့ ငွေတွင်းကုန်းရွာနှင့် သုံးမိုင်အကွာရှိ အင်ပင်ရွာ၌ ဆရာတော်ရဲ့ အစ်ကိုဝမ်းကွဲဖြစ်သူ ဦးဘိုနီရဲ့အိမ်တွင် အလွန်လိမ္မာသော ခိုင်းနွားကြီးတစ်ကောင် ရှိခဲ့ဖူးသည် ဆိုပါတယ်။

နွားညိုကြီးဖြစ်သောကြောင့် သူ့နာမည်ကို ညိုကြီးလို့ ခေါ်ကြပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးရဲ့ နောက်ပိုင်းမှာ ညိုကြီး သေဆုံးသွားခဲ့ပြီး အင်ပင်ရွာအနီးရှိ တောင်ကုန်းရွာမှာ လူဝင်စားဖြစ်လာသည်ဟု ဆိုကြပါတယ်။ တောင်ကုန်းရွာမှာ ဦးရွှေ+ဒေါ်တောသိန်းတို့၏ သားအဖြစ် ဝင်စားခဲ့ပြီး အမည်မှာ မောင်တောကြည် ဖြစ်ပါတယ်။

မောင်တောကြည်ဟာ ကလေးအရွယ်မှာ နွားတို့ရဲ့ အကျင့်အမူအရာများကို နှစ်သက်ကြောင်း သိရသောအခါ မိဘများက အလိုက်သိစွာ နေခဲ့ရပါတယ်။ သူ့အလိုကျ နွားကဲ့သို့ လက်တစ်ဖက်ကို ကြိုးကလေးနှင့် ချည်ပေးထားရပါတယ်။ တစ်ခါတစ်ရံ လေးဘက်ထောက်ပြီး နွားကဲ့သို့ ဝပ်နေတတ်သည်ဟု ဆိုပါတယ်။

မိဘများက သူ့အတွက် မြက်နုကလေးများကို စားဖြင့်စင်းပြီး ခွက်ငယ်မှာထည့်ကာ သူ့ရှေ့မှာ ချထားပေးရပါတယ်။ မြက်ကိုတော့ မစားဘဲ နမ်းပြီးနေတတ်ပါတယ်။ အိမ်ရှေ့လမ်းမပေါ်မှာ နွားအုပ်ကြီးများ ဖြတ်သန်းသွားသည်ကို မြင်ရင် သူသည် နွားများကဲ့သို့ တရှူးရှူးအသံထွက်ပြီး မာန်ဖီနေတယ်ဟု ဆိုပါတယ်။

စကားပြောတတ်ချိန်မှာ နွားဘဝတုန်းက သူတွေ့ကြုံခဲ့ရသော ဖြစ်ရပ်များကို ပြန်လည်ပြောပြခဲ့ပါတယ်။ သူ့နွားဘဝက ကျင်းကြီးထဲကို ကျသွားသောကြောင့် လူအများက ဝိုင်းပြီးဆယ်ပေးကြပုံကို ပြောပြပါတယ်။ အဲဒီလူများရဲ့နာမည်များကိုပါ မှန်အောင်ပြောပြခဲ့သဖြင့် အံ့သြရကြပါတယ်။

နွားဘဝတုန်းက သူ့ကိုကျောင်းခဲ့တဲ့ ဦးဘိုနီရဲ့သမီး ဒေါ်တင်ရှိန်ကိုလည်း "နင်က ငါ့ကိုရိုက်ခဲ့တာတွေကို ငါမမေ့ပါဘူးဟယ်"လို့ ပြောရာ ဒေါ်တင်ရှိန်က "နင်က နွားဆိုတော့ ရိုက်မောင်းရတဲ့အခါလည်း ရှိရတာပေါ့"ဟု ပြုံးပြီး ပြန်ပြောခဲ့ရတယ်လို့ ဆိုပါတယ်။ မယုံနိုင်စရာနဲ့ သနားစရာကောင်းလှပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

တိရစ္ဆာန်ဘဝဖြင့် အကြွေးဆပ်ရသူ

မြန်မာသက္ကရာဇ် ၁၂၇၀ ခုနှစ် ဝေအဒီ ၁၉၀၀ ခန့်က ဖြစ်ပါသည်။ တောင်တွင်းကြီးမြို့ရဲ့ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာမှာရှိသော ချောင်းဆုံရွာကြီးဟာ အိမ်ခြေ ၄၀၀ ခန့်ရှိပါသည်။ ထိုရွာမှာ ငညိုနှင့် ကံကြီးဆိုတဲ့ သူငယ်ချင်းနှစ်ယောက်ဟာ ကွမ်းထမ်းရောင်းရပြီး အသက်မွေးခဲ့ကြသည်။

တစ်နေ့မှာ ကံကြီးရဲ့အိမ်မှာ ဆန်ကုန်နေတာကြောင့် ငညိုထံမှ ဆန်တစ်စလယ်ကို ချေးယူပြီး ချက်စားရသည်။ ၎င်းနောက် မကြာမီအချိန်မှာ ကွမ်းရောင်းရာမှ ပြန်လာသော ကံကြီးဟာ လမ်းခရီးမှာ ပိုးထိသဖြင့် သေသွားခဲ့ရသည်။

ထို့နောက် ကံကြီးဟာ ငညိုရဲ့အိမ်မှာ တိုက်ကြက်ဖကြီးဖြစ်ခဲ့ရပါသည်။ ငညိုဟာ ၎င်းတိုက်ကြက်ဖကြီးနဲ့ ကြက်တိုက်ရာမှ သုံးကြိမ်တိတိ နိုင်ခဲ့ပေမယ့် လေးကြိမ်မြောက်မှာ ရှုံးနိမ့်ခဲ့ရသည်။ ငညိုဟာ စိတ်ဆိုးသဖြင့် ကြက်ရဲ့ခြေနှစ်ချောင်းကိုကိုင်ပြီး မြေကြီးနဲ့ရိုက်သတ်ပြီး မသေမရှင်ဖြစ်နေသည်ကို အိမ်အောက်မှာ ပစ်ချထားလိုက်သည်။

ထိုစဉ် ကြက်ဖကြီးကို နွားမကြီးက လာပြီးနမ်းရှုံ့ခဲ့သည်။ တိုက်ကြက်ဖကြီး သေသွားသောအခါ နွားမကြီးရဲ့ ဝမ်းထဲမှာ ဝင်စားပြီး နွားကလေးဘဝကို ကူးပြောင်းခဲ့ရပြန်ပါသည်။ နွားကလေး ကြီးလာသောအခါ ငညိုရဲ့ မိတ်ဆွေများက ဝယ်ယူပြီး သတ်စားလိုက်ကြသည်။

နွားကလေးကို သတ်ပြီး ချက်စားသောနေ့မှာပင် တောင်တွင်းကြီးမြို့မှ စာရေးကြီးလင်မယားဟာ ထိုနေရာကို ရောက်ခဲ့ကြသည်။ စာရေးကြီးရဲ့ ဇနီးဖြစ်သူက နွားကလေးကို သနားကရုဏာသက်သောကြောင့် "ငါတို့ရဲ့သားဆိုရင် မသတ်ရက်ပါဘူး" လို့ ပြောဆိုပါသည်။ ထို့နောက် စာရေးကြီးရဲ့ဇနီးထံမှာ သားယောကျ်ားလေးအဖြစ်ဝင်စားခဲ့ရာ အသက်ခုနစ်နှစ်ရှိသည့်တိုင်အောင် စကားမပြောခဲ့ပါ။

တစ်နေ့သောအခါ စာရေးကြီးက "ငါ့သား စကားပြောပါကွာ။ ဒီနေ့ လခထုတ်ရမယ်။ ငါ့သားအတွက် အဝတ်အစား ကောင်းကောင်းဝယ်ခဲ့မယ်" ဟု ပြောဆိုပြီး ရုံးကိုထွက်သွားပါသည်။ ညနေခင်းရောက်သောအခါ ရုံးမှပြန်လာပြီး "ဟောဒီ အဝတ်လှလှလေးတွေက ငါ့သားဖို့ပါပဲ။ ကဲ . . . စကားပြောပေတော့" ဟု ဆိုရာ သားငယ်က -

"ငညိုဆန်တစ်စလယ်" ဟု ပြောဆိုလိုက်ရာ ဒီလိုဆိုရင် ဆန်တစ်အိတ်ကို လှည်းပေါ်တင်ပြီး အခုပဲသွားပြီး အကြွေးဆပ်ရအောင်ဟု ပြောဆိုပါတယ်။ သားငယ်ရဲ့ ပြောစကားအတိုင်း သားအဖနှစ်ယောက် အကြွေးဆပ်သွားခဲ့ကြပါတယ်။ သို့ဖြင့် ငညိုရဲ့အိမ်ကို ရောက်သောအခါ -

ကလေးဖြစ်သူက "ဟေ့ငညို . . . ငါ့ကို မှတ်မိသေးရဲ့လား" ဟု မေးရာ ငညိုက စိတ်ဆိုးသွားသဖြင့် စာရေးကြီးက တောင်းပန်ရပါတယ်။ ကလေးမှလည်း ဖြစ်ခဲ့သမျှ အကြောင်းအရာများကို ပြန်လည်ပြောပြခဲ့ပါတယ်။

ငညိုကလည်း သူငယ်ချင်းဖြစ်သူ ကံကြီးအကြောင်းကို သိရသောအခါ စိတ်မကောင်းဖြစ်ပြီး ငိုကြွေးခဲ့ရပါတော့တယ်။

နောက်ဘဝအထိ ရန်ငြိုးထားသူ

မြန်မာရာဇဝင်၌ မွန်ဘုရင် ဓမ္မစေတီမင်းသည် သားတော်မင်းရဲကျော်စွာကို သတ်ခဲ့သောကြောင့် မင်းရဲကျော်စွာက နောက်ဘဝ၌ ပြန်လည်ဆုံတွေ့ဖို့ ဆုတောင်းခဲ့လေသည်။

ဆုတောင်းပြည့်ပြီး မင်းရဲကျော်စွာသည် မြန်မာဘုရင် တပင်ရွှေထီးဖြစ်၍လာသောအခါ ပြန်လည်သတ်ဖြတ်ခဲ့သည်။ မွန်ဘုရင် ရာဇဓိရာဇ်သည် သားတော် ဗောလောကျန်းတောကို သတ်ခဲ့သောကြောင့် ဗောလောကျန်းတောက နောက်ဘဝ၌ ပြန်လည်ဆုံတွေ့ဖို့ ဆုတောင်းခဲ့သည်။

ဆုတောင်းပြည့်ပြီး မြန်မာဘုရင်မင်းခေါင်၏သားတော် မင်းရဲကျော်စွာ ဖြစ်လာသောအခါ ဖခင်ဟောင်းကို ပြန်လည်တိုက်ခိုက်ခဲ့သည်။ မင်းရဲကျော်စွာသည် စစ်ပွဲကို အနိုင်ရသော်လည်း ဖခင်ဟောင်းကို မသတ်နိုင်ဘဲ ၎င်းသာ စစ်ပွဲမှာ ကျဆုံးခဲ့ရလေသည်။

ပထမံဆရာကြီးဦးအောင်သူ

၀၉-၂၅၁၀၂၂၃၁

ကျမ်းကိုး

ဘာသာကြီး လေးဘာသာ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တွေ့ အမေရိကား (၃)

မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်အ၀ ရှိလာခြင်း

မောင်ကောင်းမြင့်

ယုံကြည်မှုနှင့်ပတ်သက်၍ သိပ္ပံနည်းကျမကျ မဆန်းစစ်လိုသော်လည်း မိမိတွေ့ကြုံခဲ့ရသော မယုံနိုင်စရာကို အမှတ်တရရှိနေခဲ့ပါသည်။ တစ်ကြိမ်တွင် မိမိသည် ရေယုန် herpes အနာငယ်များ နှုတ်ခမ်းတွင် ပေါက်လာသည်။ စပ်ဖျင်းဖျင်းနှင့် အနေရခက်သော ဝေဒနာဖြစ်၏။ ရောဂါတို့ ထုံးစံအတိုင်း တစ်ရက်နှစ်ရက်အတွင်း အဖော်ကလေးပွားလာ၏။ အနာသက်သာစေရန် သွားတိုက်ဆေးကလေး ပွတ်ထား၍ နှုတ်ခမ်းဘေးတွင် ဖြူနေ၏။ ထိုစဉ် မိမိနှင့်ရင်းနှီးသော မိတ်ဆွေကြီး ဦးလှဝင်း(ယခုတော့ ကွယ်လွန်ရှာပါပြီ)က တွေ့သွားပြီး မေးမြန်း၍ အကျိုးအကြောင်း ပြောပြ၏။

"ကျွန်တော် ကုပေးမယ်။ ချက်ချင်း (တစ်ရက်အတွင်းပေါ့) ပျောက်ရမယ်။ ကျွန်တော် အခုမေးမယ့် မေးခွန်းကို ခင်ဗျားမရယ်နဲ့။ လေးလေးစားစားဖြေပါ"

သူက ပြောပြောဆိုဆို သောက်ရေတစ်ခွက် သွားခပ်ယူပါသည်။ ထို့နောက် ကျွန်တော့် ရှေ့တွင်ချလိုက်ပြီး

"ဒီသောက်ရေခွက်ထဲမှာရှိတာ ရေဆိုတာ ခင်ဗျားယုံရဲ့လား"ဟု မေးသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်မှာ သူပြောထား၍ မရယ်မိသော်လည်း အံ့သြမိသည်။ ကြည့်ပါဦး။ ရေကို ရေလို့ ယုံရဲ့လားတဲ့။ ကျွန်တော် ''ဟုတ်ကဲ့၊ ယုံပါတယ်''သူက ''ရေဆိုတာယုံရင် သောက်လိုက်တော့၊ ခင်ဗျား ရေယုန်ပျောက်ပြီ''

နောက်တစ်နေ့တွင် တကယ်လည်း ပျောက်သွားပါသည်။ အံ့သြဖွယ် ဖြစ်ခဲ့ပါ၏။ နှစ်အတန်ကြာခဲ့ပါပြီ။ နောက်လည်း တစ်ကြိမ်မျှ မကြုံခဲ့တော့ပါ။ ယခု ဤစာကို ရေးမည်ဟု စဉ်းစားလိုက်သောအခါ ပထမဆုံး ပေါ်လာသော ယုံကြည်မှုဆိုင်ရာ အမှတ်တရကို စဉ်းစားမိသောကြောင့် ဖြစ်ပါသည်။

လူတို့သည် ယုံကြည်မှု believes trust ပေါ်တွင် မိမိစိတ်ဆန္ဒ၊ မျှော်လင့်ချက်၊ အောင်မြင်ရေးတို့ကို တည်ဆောက်ထားကြခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ယုံကြည်မှုအပေါ် အခြေခံ၍ မျှော်လင့်ချက် hope တို့ဖြစ်လာရခြင်း ဖြစ်တော့၏။ လူ့သမိုင်းအစ ကိုးကွယ်မှုသည် လူတို့ယုံကြည်ရာ ရေမြေတောတောင်နှင့် မြင်အပ်မမြင်အပ်သော အရာတို့ကို စတင်ရာမှ ဆန္ဒအရ တောင့်တချက်၊ မျှော်လင့်ချက်တို့ကို ဖော်ထုတ်ဆုတောင်းလာကြခြင်း ဖြစ်သည်။ ယနေ့ခေတ်အထိ နှစ်ပေါင်းများစွာ ကြာခဲ့သော်လည်း ယုံကြည်ရာသည် ကိုးကွယ်ရာ၊ အားထားရာ၊ မျှော်လင့်ချက်တို့ကို ဖော်ထုတ်ဆုတောင်းရာ ဖြစ်နေဆဲပင်တည်း။ မည်သည့်ဘာသာဝင်ဖြစ်စေ၊ မည်သည့်အရပ်တွင် နေနေ၊ မည်မျှပင် ပညာတတ်စေကာမူ 'ယုံကြည်ရာ'နှင့် ကင်း၍ မရပါချေ။

နယူးယောက်ပြည်နယ်၊ နယူးတေဗင်မြို့ရှိ ယေးလ် ဟေဗင်တက္ကသိုလ် (Yale University) သည် ကမ္ဘာပေါ်တွင် ထင်ရှားလှသော တက္ကသိုလ်ကြီးဖြစ်၏။ ထိုတက္ကသိုလ်တွင် အထက်တန်းကျောင်းသားဘဝကပင် နာမည်ကြားခဲ့၍ ရောက်ဖူးလိုလှသော မိမိသည် ၂၀၁၄၊ မေ ၉ ရက်တွင် ရောက်ခဲ့သည်။ ယေးလ်တက္ကသိုလ်ကြီး အတွင်း အနှံ့ကြည့်ခွင့်၊ လည်ခွင့်ရခဲ့သည်။ ယေးလ်တက္ကသိုလ်ရှိ ကောလိပ်အသီးသီး၊ အဆောင်အသီးသီးနှင့် ကြည့်စရာများစွာကို ကြည့်ခဲ့ရ၏။ အမှတ်တရတစ်ခုမှာ တစ်ခုသော ကြေးရုပ်ကြီးရှေ့တွင် ကျောင်းသား၊ ကျောင်းသူ လေ့လာရေးအဖွဲ့ဝင်များသည် တစ်ယောက်ပြီးတစ်ယောက် ကြေးရုပ်ကြီး၏ ညာဘက်ခြေထောက် (ရှူးဖိနပ်စီးထားသဖြင့် ဖိနပ်၏ထိပ်ဦး)ကို ပွတ်နေကြသည်။ ကျွန်တော်သည် ထိုအဖွဲ့၏ ညွှန်လမ်းညွှန် အမျိုးသမီးလေးက ပြောနေသော စကားများကို နားထောင်ကြည့်မိပါသည်။

''ဒီထိုင်နေတဲ့ ကြေးရုပ်ကြီးက ၁၈၄၆–၁၈၇၁ တုန်းက ယေးလ်တက္ကသိုလ်ရဲ့ အဓိပတိ President of Yale University အဖြစ်တာဝန်ယူပြီး ပညာပို့ချပေးခဲ့တဲ့ ပါမောက္ခကြီး Theodore Dwight Woolsey ရဲ့ ရုပ်တုကြီးပါပဲ။ ဆရာကြီးဟာ ၂၅ နှစ်တိုင် ယေးလ်တက္ကသိုလ်ကြီးမှာ ဂရိစာပေပါမောက္ခနှင့် အဓိပတိအဖြစ် တာဝန်ယူခဲ့တာပါ။ ယေးလ်တက္ကသိုလ်က ဘွဲ့ရခဲ့ပြီး ဖီလာဒဲဖီးယား၊ ပရင်းစတန်း၊ လိုက်ပဇစ်၊ ဘွန်းနှင့် ဘာလင်စတဲ့ မြို့တွေမှာ ပညာသင်ရင်း၊ စာပေပို့ချရင်းနဲ့ ဆရာကြီးမွေးဖွားရာ နယူးယောက်ပြည်နယ်တွင်းက ဒီတက္ကသိုလ်မှာပဲ ပညာပို့ချရင်း နေသွားခဲ့တာပါ။ ဆရာကြီးရဲ့ ပညာဂုဏ်၊ ပညာအရှိန်အဝါကြောင့် သူ့ခြေထောက်ကိုပွတ်လျှင် ပညာဉာဏ်ပွင့်တယ်၊ ပညာကံကောင်းတယ်လို့ အစဉ်အဆက် ယုံကြည်ခဲ့တာပါ''

ဟုတ်ပါသည်။ တပည့် သားစဉ်မြေးဆက် ယုံကြည်ခဲ့ကြ၍ ဝင်ရောက်လေ့လာရင်း ပွတ်သပ်ခဲ့ကြ၍ ရှူးဖိနပ်ထိပ်သည် ပြောင်လက်နေပါသည်။ ယေးလ်တက္ကသိုလ်ကဲ့သို့ ပညာရပ်အစုံ၊ လူမျိုးဘာသာပေါင်းစုံ ပညာဆည်းပူးရာဒေသ၌ပင် ယုံကြည်မှုကား ရှိစမြဲပင်။ သိပ္ပံ၊ သိပ္ပံဟု ဟစ်နေသူတို့ သတိပြုမိကြစေချင်ပါသည်။

ကျွန်တော်တို့သည် အခြားသူကိုလည်း ယုံတတ်၏။ အခြားအတွေးအခေါ်ကိုလည်း ယုံတတ်၏။ ဤသည်မှာ သဘာဝကျသည်။ ''ဘာသာမဲ့ ဖြစ်ပါသည်''ဆိုသော သူတို့သည်ပင် ဘာသာ (ကိုးကွယ်မှု)တစ်ခုသာ မရှိမည်ဖြစ်ကောင်း ဖြစ်သော်လည်း အစဉ်အလာ ယုံကြည်ရာတစ်ခုခုတော့ ရှိနေတတ်သည်။ အထင်ရှားဆုံးမှာ ဘာသာကိုးကွယ်မှုကို အလေးဂရုအဖြစ် ဆည်းကပ်မှုမရှိဟု ဆိုကြသော ကွန်မြူနစ်ဆိုသူတို့သည်ပင် သူတို့၏ ဝါဒရေးရာ ဆရာကြီးဖြစ်သော မာခ်စ်၊ အိန်ဂျယ်၊ လီနင်၊ စတာလင် စသောသူတို့၏ ဟောပြောပို့ချချက်တို့ကို စွဲမြဲစွာ ယုံကြည်နေခြင်းကား အထင်အရှားပေတည်း။

www.burmeseclassic.com

www.burmeseclassic.com

ဤသက်ဝင်ယုံကြည်မှုတွင် အခြားသူတို့ကို ယုံကြည်ခြင်းထက် မိမိကိုယ်မိမိ ယုံကြည်ခြင်း confidence (self-confidence)ကား အရေးကြီးဆုံး ဖြစ်ပေလိမ့်မည်တည်း။

''ကျွန်မတို့ တည်ဆောက်ရမည့် ယုံကြည်ချက်က မိမိကိုယ်မိမိ ယုံကြည်ချက်ဖြစ်တယ်။ ---ကိုယ့်ရဲ့စွမ်းရည်ပေါ်မှာ ယုံကြည်ချက် မရှိကြဘူးလား။ ရှိဖို့လိုပါတယ်။ ကိုယ့်ရဲ့ဉာဏ်ရည်ပေါ်မှာ၊ နှလုံးရည်ပေါ်မှာ ယုံကြည်ချက်ရှိတဲ့ ပြည်ထောင်စုသား အားလုံးဟာ ညီလာခံမှာ ပါဝင်ဖို့ရာ စိုးရိမ်စရာ မရှိပါဘူး။ ကျွန်မကတော့ အရေးအကြီးဆုံး ယုံကြည်မှုဆိုတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ခြင်းလို့ပဲ၊ ဒီလိုပဲ သတ်မှတ်ပါတယ်''ဟူသော ယုံကြည်မှုဆိုင်ရာနှင့် ပတ်သက်၍ ၁၂-၂-၂၀၁၇ တွင် ပင်လုံမြို့၌ ကျင်းပခဲ့သော ပြည်ထောင်စုနေ့ အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းသည် ယုံကြည်မှုပေါ်တွင် သရဖူဆောင်းသည်ဟု ဆိုရပေမည်။

ကိုယ့်ကိုယ်ကိုယ်မှ မယုံကြည်လျှင် အဘယ်သို့ရပ်တည်မည်နည်း။ လောကတွင် ဖြစ်စဉ်အားလုံးကို လူတိုင်းကိုယ်စီ ဖြတ်ကျော်နိုင်ရန် ကြိုးစားနိုင်ကြသည်မှာလည်း ယုံကြည်ချက်ရှိနေသောကြောင့်ပင်တည်း။

အမေရိကန် ကံစမ်းမဲ DV ပေါက်သည်ဟု သိရတော့ အသက် ၆၅ နှစ်ရှိပါပြီ။ လွန်ခဲ့သော အနှစ် ၂၀ ကျော်က မက်ဖို့ကြိုးစားခဲ့သော အိပ်မက်ကား ယခုမှ မက်ခဲ့လေပြီ။ သတင်းစာလောက၊ မဂ္ဂဇင်းလောကတွင် အနှစ် ၂၀ မျှနေခဲ့ရသော်လည်း နိုင်ငံခြားခရီးစဉ်တွင် လုံးဝကံအကြောင်း မသင့်ခဲ့။ ''မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကြီး၏ ပါတီဝင်သားကောင်းတစ်ယောက် မဖြစ်''ဟူသော ကန့်သတ်ချက်ဖြင့် သင်တန်းများ၊ လေ့လာရေးများနှင့် ဆွေးနွေးပွဲများကို လုံးဝစာရင်းမဝင်။ နောက်ဆုံး လေယာဉ်သရုပ်ပြ ထိုင်းနိုင်ငံလေဆိပ်မှ လှည့်ပျံသန်းရုံပင် စာရင်းမပေါက်ခဲ့။ အသက် ၄၂ နှစ်၊ ၁၉၈၈ အရေးအခင်း ဖြစ်လာသောအခါ ''ဖြုတ်ချင်၍ လက်ယားနေသော တာဝန်ရှိအကြီးအကဲတို့က'' မိမိအား စေတနာဖြင့် အနားယူစေတော့သည်။

ထိုစဉ်ကတည်းက နိုးတစ်ဝက်အိပ်မက် ပျက်ပြယ်ခဲ့ပြီး လွတ်လွတ်ကျွတ်ကျွတ် ကံအကြောင်းသင့်အောင် သုံးလေးကြိမ်မျှ ဗီဇာမဲ ကံစမ်းခဲ့သော်လည်း လွဲခဲ့ရ၍ နိုင်ငံခြားဇာတာမပါဟုဘဲ ဇာတာကို ပုံချလိုက်တော့၏။ သို့နှင့် ၂၀၁၁ တွင် ကံစမ်းရင်းက DV စာရင်းကို ပါမပါပင် မကြည့်ဖြစ်တော့။ သို့သော် နှစ်တစ်ဝက်တွင်မှ သံရုံးက ဖုန်းဆက်လာ၏။ နောက်ကျစာရင်းတွင် ပါနေ၍ အမြန်ဆောင်ရွက်ရန် ဆိုလာ၏။ လိုအပ်သည်တို့ကို ဆောင်ရွက်ရင်း သိကြသော၊ တွေ့ကြရသောသူအချို့က အံ့သြကြ၏။ DV မှာ ဒီလောက် အသက်ကြီးလျှင် ခွင့်ပြုမည် မဟုတ်ဟု ဆိုကြသလို ဘာသွားလုပ်မှာလဲဟုလည်း မေးကြသည်။

မိမိအဖို့ကား အသက် ၆၅ နှစ်ပြည့်မှ ကံတစ်ပတ်လည်ပြီး သွားခွင့်ရသော အကျိုးပေးကို ယုံ၏။ မိမိကိုယ်ကိုယ်လည်း ယုံ၏။ မည်သူ၏ မျက်နှာသာပေးမှု၊ ဘက်လိုက်မှု၊ ဆရာမွေးမှု၊ တပည့်မွေးမှု၊ ပုဂ္ဂိုလ်အစွဲ အထောက်အပံ့ပေးမှု တစ်ခုခုမျှ မပါဘဲ မိမိစားရိတ်ဖြင့် သွားရခြင်းမို့ ''သွားဖြစ်အောင် သွားရမည့်ခရီး''ဟု ဆုံးဖြတ်ခဲ့သည်။ အဖော်မပါ။ (DV ၏ ခွင့်ပြုချက်မှာ မဲပေါက်သူတွင် ခင်ပွန်း၊ ဇနီးနှင့် ၂၁ နှစ်အောက် သား၊ သမီးရှိပါက တစ်ခါတည်း လိုက်ပါခွင့်ပြုသည်။ သို့မဟုတ်ပါက တစ်ဦးတည်းသွားရောက်နေထိုင်၍ ငါးနှစ်ကျော်မှသာ ၂၁ နှစ် အထက်ရှိနေသော သားသမီးကို လျှောက်ထားခေါ်ခွင့်ပြုသည်။) အပေါင်းအသင်းလည်း ခိုင်ခိုင်လုံလုံ မရှိ။ အသက်က ပင်စင်စားအရွယ်ပင် ကျော်ပြီ။

သို့သော် ကျွန်တော် ယုံကြည်သည်။

ကျွန်တော် ကျန်းမာရေးကောင်းသည်။ ကျွန်တော်သည် အင်္ဂလိပ်စာကို အသင့်အတင့် ပြောနိုင်သည်။ ပြောလျှင် နားလည်သည်။ သွားလိုသောဆန္ဒကား ပြင်းပြလှ၏။ သွားဖို့ငွေကြေး အသင့်အတင့် ဖူလုံ၏။ အလုပ်လုပ်ရမည်ဆိုလျှင် ကောင်းစွာ လုပ်နိုင်သေး၏။

ကံကောင်းပါ၏။ အခြားအသိအကျွမ်း မပါ။ မိမိတည်းမည့်နေရာ၌လည်း ကျွမ်းသူတို့နှင့် ဆက်ရာတွင် အားရလောက်သော အနေအထားမရှိ ဖြစ်နေစဉ် နယူးယောက်မှ သူတို့၏ရပ်မြေ (ကွင်းကောက်မြို့)သို့ ပြန်လာသော ကိုခင်ဇော်ဦး၊ မရီရီအေးတို့နှင့် အပြန်တွင် လိုက်ပါရန် ဖန်တီးလာ၏။ ဆက်သွယ်ပေးသူမှာ မိတ်ဆွေကြီး

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်နိုင်(ဟသ်ာတ)၏ သမီး မဗိုဗိုနိုင်ဖြစ်၏။ သူတို့ကို ကျေးဇူးတင်ရပါသည်။

နယူးယောက်သို့ ရောက်ပါပြီ။ ၇-၉-၂၀၁၂။ ကျွန်တော်၏ ကိုယ်တွေ့အမေရိကား-၁ (US ခရီးသည်)မှ စ၍ ကိုယ်တွေ့အမေရိကား-၂ (မြေးကလေးဖတ်ဖို့)၊ ကိုယ်တွေ့အမေရိကား-၃ (ရေခြားမြေခြား)နှင့် ကိုယ်တွေ့အမေရိကား-၄ (နယူးယောက်မှ နယူးယောက်သို့)အထိ စာအုပ်လေးအုပ်နှင့် ယခုတိုင် စံတော်ချိန်နေ့စဉ်၊ မြန်မာတိုင်းမ်နေ့စဉ်နှင့် အပျိုစင်မဂ္ဂဇင်းတို့တွင် ရေးသားနေသည်ဖြစ်၍ အတွေ့အကြုံ၊ အတွေးအမြင်တို့ကို ပြန်မဆိုတော့ပါ။ ယခု ပြောလိုသည်မှာ ဤမျှသော စာအုပ်များကို ရေးနိုင်သည်မှာ မိမိ၏ ယခင်က လုပ်ကိုင်ခဲ့သော ကျောင်းဆရာနှင့် စာနယ်ဇင်းသမားတစ်ယောက်၏ အတွေ့အကြုံ၊ သက်မွေးမှုဝမ်းစာ အရ ယုံကြည်မှုကိုကိုးလျက် အမေရိကားတစ်ခွင် သွားနိုင်သလောက် သွားခဲ့၊ လေ့လာခဲ့၍ ဖြစ်ပါသည်။ အံ့သြရုံ၊ ရောက်ဖူးရုံဟူသော စိတ်ထက် သူတို့နိုင်ငံ၊ သူတို့ဘဝ၊ သူတို့အတွေးအမြင်နှင့် သူတို့၏ဖာတ်ခုံကို ရှေ့မှနောက်မှ ဘေးမှ ကြည့်နိုင်အောင် ကြိုးစားခဲ့ပါသည်။

မည်သည့်တိုင်းပြည် နိုင်ငံမဆို အကောင်းချည်း သက်သက် မရှိပါ။ သုခ၊ ဒုက္ခ၊ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ ဒွန်တွဲနေပါသည်။ သို့ရာတွင် များရာသည် အဓိကဖြစ်လာ၏။ သုခများလျှင် နှစ်သက်ဖွယ်ဖြစ်၏။ ဣဋ္ဌာရုံက လွှမ်းလျှင် ကျေနပ်ဖွယ်ဖြစ်၏။ အကောင်းများသဖြင့် အဆိုးကို ဖြေသာခြင်းဖြစ်သည်။ ဘယ်အရာ၊ ဘယ်အခါ၊ ဘယ်ဘဝမှ စင်းလုံးမချောပါ။ ဤကား မိမိတွေ့ခဲ့သော အမေရိကား ၁၊၂၊၃၊၄ ၏ အနှစ်ချုပ်ဖြစ်ပါသည်။ ငတ်နေသူက စားနေရုံရသူ၊ စားနေရုံသာ ရှိသူက ပြည့်စုံသူ၊ ပြည့်စုံသူက ချမ်းသာသူ၊ ချမ်းသာသူက မိလျံနာနှင့် ဘီလျံနာတို့ကို အဆင့်ဆင့် မော့ကြည့်ခြင်းမျိုးဖြင့်သာ လောကတစ်ထွာ အကောင်းအဆိုး၊ ဆင်းရဲချမ်းသာ ဆုံးဖြတ်နေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ''နှိုင်းယှဉ်ခြင်း''ဖြင့် အနိမ့်အမြင့်၊ အတိုအရှည်၊ အပေါ့အလေး၊ အနှေးအမြန် ဆိုနေကြခြင်းဖြစ်သည်။ ဤကား သတ္တဝါတို့၏ လောကအမြင်သာတည်း။

ကျွန်တော်သည် ၂၀၁၂ မှ ၂၀၁၆ ကာလအတွင်း လေးကြိမ် အသွားအပြန် ပြုခဲ့သည်။ တစ်ယောက်တည်း ပင် နေထိုင်သွားလာခဲ့ရသည်။ အမေရိကန်ပြည်ထောင်စု၏ လူနေထိုင်မှု ပုံစံသည် ''ကိုယ့်အားကိုယ်ကိုး၍'' နေကြရသော စနစ်ဖြစ်၏။ ဘဝရှင်သန်ရေးသည် ရုန်းကန်နေခြင်းသာဖြစ်၏။ ယနေ့ မရုန်းနိုင်၊ မလှုပ်နိုင် (အလုပ်မရှိလျှင်) အခက်အခဲ၊ အကျပ်အတည်းများစွာ ချက်ချင်းဖြစ်လာနိုင်သည်။ အလုပ်သည်သာ ဘဝဖြစ်၏။ ထို့ကြောင့် ကျန်းမာရမည်၊ စိတ်ဓာတ်ခိုင်မာရမည်၊ ဝင်ငွေရှိရမည်။ ဤသုံးချက် မပြည့်စုံလျှင် ပြိုလဲသွားပေလိမ့်မည်။ ထို့ကြောင့် လူတိုင်းသည် ''ယုံကြည်မှု''လိုသည်။ မြန်မာပြည်မှာလို ဘုန်းကြီးကျောင်းမှာ မှီခိုနေ၍မရ။ အမေရိကားရှိ ဘုန်းကြီးကျောင်းဆိုသည်က အိမ်ခန်း (တချို့လုံးချင်းရှိပါသည်။ ကျောင်းသီးသန့် ရှိပါသည်)တွေသာ များသည်။ သည်တော့ တစ်ညနှစ်ညပင် တည်းဖို့ခက်၏။ အခန်းအပိုရှိခဲ့လျှင်လည်း အခန်းခပေးရမည်သာဖြစ်၏။ mortage ဆိုသော ချေးငွေအတိုးကိစ္စတွေက လူတိုင်း (သံဃာပါမကျန်)မှာရှိ၍ အခန်းခမရဘဲ မည်သူမျှ မထားနိုင်။ ကျန်းမာရေးမှာ ငွေကြေးအဓိကဖြစ်၏။ နောက် မိမိကို ဆေးရုံဆေးခန်းပို့ဖို့မှာ လူတိုင်း အချိန်ပြည့် အလုပ်လုပ်နေကြ၍ ကူနိုင်သူ အလွန်ရှားသည်။ စိတ်ဓာတ်ခိုင်မာဖို့ လိုသည်။ ခန္ဓာကြံ့ခိုင်ဖို့လိုသည်။ နွဲ့လို့မရ။ ဘယ်လိုရုန်းကန်နေကြရသည်ကို (ပြန်မပြောကြတာက များသည်။ မြန်မာပြည်မှာ အခက်အခဲ ဆိုတာတွေက အမေရိကားတွင် နေကြည့်လျှင် child play ဟု ဆိုလိမ့်မည်ထင်၏။) မသိကြ၍ လွယ်လွယ်ထင်ကြသည်။ သည်ကြားထဲ မြန်မာပြည် အလည်အပတ်ပြန်ရောက်လာသူတို့က ခမ်းနားတာ၊ ကြီးကျယ်တာ၊ လွယ်ကူတာ၊ စနစ်ကျတာတွေပြောပြီး သည်က အခက်အခဲတွေကိုသာ မြင်ကြ၍ (မရောက်ဖူးသေးသူတို့က) အလွန်အထင်ကြီးကြသည်။ သွားကြည့်၊ သိလိမ့်မည်ဟုပဲ ပြောလိုသည်။

ထို့ကြောင့် နိုင်ငံခြားသွားလိုသူ (နေလိုသူကို ဆိုပါသည်။ တစ်ရက်၊ နှစ်ရက်၊ တစ်ပတ်၊ တစ်လ ခရီးသွားသူတို့ကို မဆိုလိုပါ။) တို့အတွက် ယုံကြည်မှု၊ ကြံ့ခိုင်မှု၊ ဝင်ငွေမရှိဘဲ နေ၍မဖြစ်ကြောင်းကား ''ကိုယ်တွေ့အမေရိကား''ပါတည်း။

မောင်ကောင်းမြင့်

www.burmeseclassic.com

www.burmeseclassic.com

ပြည်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

ယူဆာပီယာပေါ်လာဒီနို

ဒီဒီဟုမ်းနှင့် ယှဉ်ပြိုင်နိုင်လောက်အောင် နာမည်ကြီးလှသူတစ်ဦးကား ယူဆာမီယာပေါ်လာဒီနို (၁၈၅၄-၁၉၁၈) ဆိုသူ အမျိုးသမီးတစ်ဦးပင် ဖြစ်သည်။

ယူဆာပီယာပေါ်လာဒီနိုသည် နှစ်ပေါင်း လေးဆယ်နီးပါးမျှ ဝိညာဉ်များနှင့် ဆက်သွယ်မှုကို ပြခဲ့သည်။ လက်တွေ့အစမ်းသပ်ခံခဲ့သည်။

မှုန်ဝါးဝါးအလင်းရောင်အောက်တွင် ပြသခြင်းဖြစ်သော်လည်း ပေါ်လာဒီနိုသည် လေ့လာကြည့်ရှုတွေ့မြင်ရသူများ အံ့သြလောက်အောင် အစွမ်းပြနိုင်ခဲ့သည်။

သီးသန့်အခန်းထဲတွင် ပေါ်လာဒီနို၏ ကိုယ်လက်အင်္ဂါများကို မလှုပ်ရှားနိုင်စေရန် ကြိုးဖြင့်တုပ်ထားသည်။ ထိုစဉ်မှာပင် လေညင်းတစ်ချက် လှုပ်ရှားတိုက်ခတ်သွားသည်။ မည်သည့်နေရာမှ တိုက်ခတ်လာသည် မသိ။ ထို့နောက် ခပ်ပြင်းပြင်း လေညင်းတစ်ချက် တိုက်လာပြန်သည်။ ပေါ်လာဒီနို၏ နဖူးပေါ်ရှိ အမာရွတ်မှ ထွက်လာဟန်ရှိသည်ဟု ထင်လိုက်ရသည်။ လေညင်းပြင်းပြင်းသည် လာရောက်လေ့လာကြည့်ရှု သူများ၏ဦးခေါင်းပေါ်မှ ကျော်ဖြတ်တိုက်ခတ်သွားသည်။

ပေါ်လာဒီနိုက ဆိုဖာကြီးကို စူးစိုက်ကြည့်လိုက်ရာ အခန်းတစ်နေရာရှိ ဆိုဖာကြီးမှာ ပေါ်လာဒီနိုအနီးရောက်လာသည်။ ထို့နောက် ဆိုဖာကြီးသည် သူ့မူရင်းနေရာသို့ တဖြည်းဖြည်းချင်း ပြန်ရွေ့သွားသည်။

ပေါ်လာဒီနိုကို မလှုပ်မရှားနိုင်ရန် ကြိုးဖြင့်တုပ်ထားစဉ်မှာပင် သီးသန့်အခန်းတွင်း၌ တစ်စုံတစ်ယောက်၏ အရိပ်သဏ္ဍာန်တစ်ခု ပေါ်လာသည်။ ယင်းတစ်စိတ်တစ်ပိုင်းပေါ်လာသည့်သဏ္ဍာန်က သုတေသနပညာရှင်များ လက်ရာများကိုပင် လိုက်လံဆုပ်ကိုင်ပြလိုက်သေးသည်။

သိပ္ပံပညာရှင်များ၊ သုတေသနပညာရှင်များနှင့် မျက်လှည့်ဆရာများပင်လျှင် ပေါ်လာဒီနို၏ အစွမ်းနှင့် ထူးခြားမှုများကို မစဉ်းစားတတ်နိုင်ကြ။ ရှင်းမပြနိုင်ခဲ့ကြချေ။

အယ်လ်ဂျီးယားစ်မြို့သူ မားသ်ဘီရောက်ဒ်

၁၉၀၅ ခုနှစ်ဝန်းကျင်တွင် အယ်လ်ဂျီးယားစ်မြို့သူ မားသ်ဘီရောက်ဒ်သည်လည်း ဝိညာဉ်လောကနှင့် ဆက်သွယ်မှုတွင် နာမည်ကျော်ကြားလှသူ မိန်းကလေးငယ်တစ်ဦးဖြစ်သည်။ သူ့ကို "အီဗားကာရီးယား"ဟုလည်း ခေါ်ကြသည်။

သူ့အကြောင်းကို စိတ်ဝိညာဉ်သုတေသနအသင်း၏ ဥက္ကဋ္ဌ ဒေါက်တာချားလ်ရစ်ချက်က ကြားသိသွားသည်။

မားသ်သည် "ဘီယင်ဘိုးအား"ဟုခေါ်သည့် ဝိညာဉ်တစ်ခု၏ ရုပ်သွင်သဏ္ဍာန်ကို ပေါ်လွင်ထင်ရှားအောင် ဖော်ပြပေးနိုင်ခြင်း ဖြစ်သည်။

ဒေါက်တာရစ်ချက်သည် မားသ်၏ သီးသန့်အခန်းထဲသို့ ရောက်ရှိနေသည်။ အခန်းထဲတွင် အခြားသူများအပြင် အိမ်ဖော်မိန်းကလေးတစ်ဦးဖြစ်သူ "အိုင်ချာ"လည်း ရှိနေသည်။

မကြာမီမှာပင် အခန်း၏ ခန်းဆီးလိုက်ကာ လှုပ်ရှားသွားသည်။ ခန်းဆီးလှုပ်ရှားသံကို ကြားနေရသည်။ ရစ်ချက်သည် အမှောင်ထဲသို့ အသေအချာစူးစိုက်ကြည့်နေသည်။ ထိုအခိုက် အရပ်မြင့်မြင့် အံဖြူရောင်ဝတ်ရုံကိုခြုံထားသည့် သဏ္ဍာန်တစ်ခု ပေါ်လာသည်။ ထိုသဏ္ဍာန်၏နောက်တွင်

www.burmeseclassic.com

www.burmeseclassic.com

မားသ်သည် ကုလားထိုင်ပေါ်တွင် ထိုင်နေသည်ကိုလည်း တွေ့မြင်နေရသည်။ သူကိုယ်သူ "ဘီယင်ဘိုးအား" ဖြစ်သည်ဟု ဆိုသည့် ရုပ်သဏ္ဌာန်သည် အခန်းထဲတွင် လမ်းလျှောက်နေသည်။ သူနှုတ်ခမ်းများကို လှုပ်ရှားလျက် စကားပြောနေသည်။ မျက်စိများမှာလည်း လှုပ်ရှားနေသည်။ သူခေါင်းတွင် သံခမောက်ကိုဆောင်ထားသည်။ သူမှတ်ဆိတ်မွေးများမှာမူ အတု ဟု ထင်ရသည်။

လာရောက်ကြည့်ရှုသူတစ်ဦးက ဘီယင်ဘိုးအား၏ ပုံကို ဓာတ်ပုံရိုက်ယူထားလိုက်သည်။

နောက်ပိုင်းတွင် မားသ်သည် "အီဗားကာရီးယား"ဟူသော နာမည်ဖြင့် ဆက်လက်ကျော်ကြားခဲ့သည်။ ဒေါက်တာရစ်ချက်၏ မိတ်ဆွေတစ်ဦးဖြစ်သူ ဂျာမနီနိုင်ငံသား ဒေါက်တာအဲလ်ဘတ်ဗွန်ရှရင်းနော့ဇင်းက ဆက်လက်လေ့လာမှုများ လုပ်ဆောင်ခဲ့သည်။

သူကို"အီဗားစီ"ဟု ခေါ်ကြသည်။ ဒေါက်တာအဲလ်ဘတ်က အီဗားစီအကြောင်း မှတ်တမ်းပြုစုထားခဲ့သည်။

ဒေါက်တာရစ်ချက်သည် အက်တိုပလမ်းဟုခေါ်သည့် ဝေါဟာရသစ်တစ်ခုကို တီထွင်ခဲ့သည်။ မူရင်းအဓိပ္ပာယ်မှာ "အိပ်မက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ပြီ"ဟူ၍ ဖြစ်သည်။

အမှန်မှာ ဝိညာဉ်လောကနှင့် ပတ်သက်၍ စိတ်တန်ခိုးရှင်တစ်ဦးက မိမိခန္ဓာကိုယ်တစ်နေရာမှ ထူးခြားသော ရုပ်သွင်များပေါ်ထွက်လာအောင် လုပ်ဆောင်ပြနိုင်ခြင်းပင် ဖြစ်သည်။

အီဗား၏အစွမ်းမှာမူ ပါးစပ်တွင်းမှ မှုတ်ထုတ်လိုက်သကဲ့သို့ ပြုလုပ်လိုက်လျှင် လူမျက်နှာပုံသဏ္ဌာန်၊ လူလက်ချောင်း၊ လူပုံသဏ္ဌာန် စသည်များ ထွက်ပေါ်လာသည်။

ဒေါက်တာရစ်ချက်နှင့် ဒေါက်တာအဲလ်ဘတ်တို့အဆိုအရ ထွက်ပေါ်လာသည့် ပုံသဏ္ဌာန်သည် အီဗား၏ စိတ်အလိုအတိုင်း ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ဆိုကြသည်။

အီဗားသည် လူတစ်ယောက်၏ ခန္ဓာကိုယ်တစ်ကိုယ်လုံးကို မဖော်ဆောင်နိုင်။ လူဦးခေါင်း၊ လူမျက်လုံး၊ ဆံပင် စသည်တို့ကိုသာ ဖော်ဆောင်ပြနိုင်ခဲ့သည်။

× × ×

နပိုလီယံ၏ ရတနာသိုက်ရှာပုံတော်

နီရဲရဲ သစ်ရွက်တစ်ရွက်က သူ့ဖိနပ်ထိပ်ဖျားတွင် တွယ်ကပ်နေသည်။ သစ်တောကြီးတစ်တောလုံး တိတ်ဆိတ်နေသည်။ လေကလည်း ငြိမ်နေသည်။ ကြွေကျနေသည့် ဝက်သစ်ချရွက်များပေါ်တွင် ဆီးနှင်းခဲဖြူဖြူများက အုပ်ဆိုင်းထားသည်။ သစ်ရွက်များမှာ ခွေလိပ်နေပြီး မြေပေါ်သို့ သက်ဆင်းလာရသည်ကို လိုလားဟန်မတူ။ အေးမြနေသော မြေပြင်ကိုလည်း မနှစ်သက်။ လေတစ်ချက်ဝှေ့လိုက်လျှင် ဝက်သစ်ချပင်ပေါ် ပြန်ရောက်လိမ့်နိုးဖြင့် မျှော်ကိုးနေကြဟန်တူလေသည်။

သူကိုယ်တိုင်လည်း ထိုနည်းအတူ ထူးထူးကဲကဲဖြစ်လာမည့် ဖြစ်ရပ်တစ်ခုကို မျှော်လင့်စောင့်စားနေဟန်ပင်ဖြစ်သည်။ ယင်းဖြစ်ရပ်ကား ကြိုတင်မမျှော်မှန်းနိုင်သည့် ဖြစ်ရပ်မျိုးဖြစ်သည်။ ယင်းဖြစ်ရပ်မျိုး ဖြစ်ပေါ်လာလျှင် အားလုံးအပြောင်းအလဲ ဖြစ်ကုန်နိုင်သည်ဟု သူယူဆထားသည်။

"အလက်ဇန္ဒားကို အပစ်အခတ်ရပ်စဲဖို့ သံတမန်များစေလွှတ်ခိုင်းမည်။ ပလက်ကော့ဗ်၏ ကော့ဆက်တွေကို ချေမှုန်းပစ်မည်။ ဆောင်းရာသီကို ရပ်ဆိုင်းပစ်လိုက်မည်။ ကြောက်မက်ဖွယ်ကောင်းလှသည့် လမ်းမကြီးတစ်လျှောက် ရွံ့နွံများထဲတွင် နစ်နေသည့် သူ့တပ်များကို မထုတ်ယူလိုက်မည်။ ဒါလောက်ဆို ပြီးပြီဟု ဆိုနိုင်လေပြီလား"

"အားလုံးပြီးပါပြီ"သူ့နောက်မှ ထွက်ပေါ်လာသည့် အသံက သူ့အတွေးများကို ရပ်တန့်သွားစေသည်။

နပိုလီယံက လှည့်ပတ်ကြည့်လိုက်သည်။

"ဘာပြီးတာလဲ။ ညာနေတာကွ၊ ညာနေတာ။ ဘာမှ မပြီးသေးဘူး။ ခုမှအစရှိသေးတာ။ ပိုလန်မှာ ငါ့တပ်ဖွဲ့တွေကို ပြန်စုရုံးရဦးမယ်"

နပိုလီယံ၏ ရှေ့မှောက်ရောက်နေသူ အရာရှိက ထပ်ပြီးရှင်းပြရန် လိုသည်ဟု တွက်ဆလိုက်သည်။

ထို့ကြောင့် ထပ်ပြောလိုက်သည်။

"အားလုံးပြီးပါပြီ။ ကုန်ပစ္စည်းတွေ သယ်လာတဲ့ရထားရေကန်နားရောက်နေပါပြီ"

"ကောင်းပြီလေ မင်းလုပ်ငန်းစနိုင်ပြီ"

www.burmeseclassic.com

www.burmeseclassic.com

ပြောရင်းပင် နပိုလီယံသည် နှင်းများကြောင့် ညွှတ်ကျိုးကျနေသည့် သစ်ခက်များကို သူ့အစိမ်းရောင် ကက်ဦးထုပ်ဖြင့် ဘေးသို့ ယမ်းဖယ်ထုတ်ရင်း ရှေ့သို့ လျှောက်လာသည်။

ရေကန်ငယ်သည် လမ်းမကြီးမှ ခဲတစ်ပစ်ခန့်အကွာတွင် ရှိသည်။ နက်မှောင်နေသည့် ရေပြင်၏ကမ်းစပ်တွင် မြက်များပေါက်နေသည်။ မြက်များမှာ မိုးဒဏ်ကို ခံထားရသည်။ နပိုလီယံသည် ရေကန်ထဲသို့ ဆင်းသွားသည်။ အေးမြလှသော ရွှံ့စေးများထဲတွင် ခြေကျင်းဝက်ခန့်အထိ နစ်နေသည်။ သို့ရာတွင် သူ့ဘာကိုမျှ ဂရုမစိုက် ဆက်၍လျှောက်နေသည်။

မာရှယ်ဘာသိုင်းယားက နပိုလီယံ၏နောက်မှ လိုက်လာသည်။ မာရှယ်ဘာသိုင်းယားက သက်ပြင်းတစ်ချက် ချလိုက်သည်။ ထို့နောက် မြေမာတစ်နေရာတွင် ရပ်လိုက်ရင်း သူ့ကိုယ်သူ အရှိန်သတ်ပြီး ထိန်းထားလိုက်သည်။ မကြာမီမှာပင် နပိုလီယံ၏နောက်သို့ ခရေသောပါးလိုက်သွားတော့သည်။

လှည်းများဘေးတွင် ဝိုင်းရပ်နေကြသည့် တပ်သားများသည် နပိုလီယံနှင့် အရာရှိများ လာသည်ကိုမြင်လျှင် လှည်းများပေါ်မှ အိတ်များကိုထမ်းယူကြသည်။ အိတ်ထဲတွင် ပါရှိသည့် ပစ္စည်းများကား အလွန်လေးလှန်တွသည်။ အိတ်များကို ထမ်းလာသူများမှ အိတ်၏အလေးအောက်တွင် ပိလျက် ပင်ပင်ပန်းပန်း ထမ်းကြရသည်။ ထမ်းလာသူများအနက်မှ တစ်ယောက်မှာ အိတ်ကိုဆက်မထမ်းနိုင်တော့ဘဲ လဲကျသွားသည်။

အိတ်ထဲမှ ရွှေခွက်ကြီးတစ်ခွက် ထွက်ကျလာပြီး နပိုလီယံ၏ ခြေထောက်နားအထိ လိမ့်ကျသွားသည်။ နပိုလီယံက ရွှေခွက်ကြီးကို ရွှံ့နွံထဲသို့ ခြေထောက်ဖြင့် ကန်ချလိုက်သည်။ ရွှေခွက်ကြီးမှာ ရွှံ့ရေအောက်တွင် နစ်မြုပ်ကွယ်ပျောက်သွားလေသည်။

"ဒါတွေကို ဘယ်သူမှ မတွေ့စေရဘူး"

နပိုလီယံက ပြောလိုက်သည်။

ဘာသိုင်းယားက ဘာမျှပြန်မပြော။ ငြိမ်နေသည်။

တစ်နာရီခန့်အတွင်းမှာပင် လုပ်ကိုင်စရာအားလုံး ပြီးစီးသွားသည်။ သူတို့အားလုံး လမ်းမကြီးပေါ်သို့ ပြန်လာကြသည်။

အညိုရောင်သိုးရေကုတ်အင်္ကျီကို ဝတ်ဆင်ထားသည့် ကလေးငယ်တစ်ဦး သစ်ပင်များအကြားတွင် ပြေးနေသည်ကို တွေ့လိုက်ကြရသည်။

"အဲဒီကလေးကို ပစ်သတ်လိုက်"နပိုလီယံ၏ လက်ထောက်အရာရှိတစ်ဦး၏ အသံဖြစ်သည်။

ကလေးငယ်သည် ချုံပုတ်များကြားတွင် ဝင်ရောက်ပျောက်ကွယ်သွားသည်။ သေနတ်သံထွက်ပေါ်လာသည်။ သို့ရာတွင် နောက်ကျသွားပေပြီ။ သစ်ရွက်များကိုသာ ကျည်ဆန်ထိမှန်သွားသည်။

မှောင်ရီပျိုးစပြုလေပြီ။ ဆောင်းရာသီဖြစ်၍ အေးစပြုနေပေပြီ။

သုတေသနပညာရှင် ယူရီဘိုရိုမိုလော့ဒ်သည် ပေါ်လတာစကော့၏ "မြင်သစ်ဘုရင် နပိုလီယံ၏ဘဝ"စာအုပ်ကို စာမျက်နှာတစ်ရွက်ချင်း လှန်ဖတ်နေသည်။

"လှူထောင်ပေါင်းများစွာ လိုက်ပါလာသည်။ တပ်ဖွဲ့ဝင်များ၊ အကျဉ်းသားများမှာ ပစ္စည်းအိတ်များကို ထမ်းလာကြရသည်။ အချို့က လက်တွန်းလှည်းများပေါ်တွင် တင်တွန်းလာကြသည်။ ထိုပစ္စည်းများမှာ မော်စကိုမြို့မှ သိမ်းယူလာသည့် ပစ္စည်းအမျိုးမျိုးတို့ဖြစ်သည်။ ယင်းပစ္စည်းများထဲတွင် ရွှေချောင်း၊ ငွေချောင်းများ၊ ကျောက်မျက်ရတနာများနှင့် ရှေးခေတ်သံချပ်အင်္ကျီများ ပါဝင်သည်"

"မော်စကိုဆိုတာ သိပ်ချမ်းသာကြွယ်ဝတဲ့မြို့ကြီး။ နပိုလီယံသယ်လာတဲ့ ပစ္စည်းတွေထဲမှာ ကျောက်မျက်ရတနာတွေ မရေမတွက်နိုင်အောင် ပါလာမယ်၊ အဲဒါတွေ ဘယ်များ ရောက်ကုန်ပါလိမ့်"

ဘိုရိုမိုလော့ဒ်က စာအုပ်ကိုဖတ်နေရင်းမှ တစ်ယောက်တည်း အတွေးဝင် စဉ်းစားနေမိသည်။

"နိုဝင်ဘာလတစ်ရက်နေ့တွင် နပိုလီယံသည် သူ့တပ်များကို ပြန်လည်စုရုံးပြီး ဆုတ်ခွာလာသည်။ နိုရိဂိုဘတ်မြို့သွားရာ လမ်းမကြီးပေါ်တွင် စုရုံးထားခြင်းဖြစ်သည်။ ထိုမြို့မှနေ၍ ရုရှားတပ်များသည် သူ့ကိုဖြတ်တိုက်နိုင်သည်ဟု နပိုလီယံက တွက်ဆထားသည်။ ရုရှားတပ်များကို ကာကွယ်တိုက်ခိုက်ရန်မှာ အရေးအကြီးဆုံးဖြစ်သည်"

ထို့ကြောင့် နပိုလီယံသည် မော်စကိုမြို့မှ သိမ်းဆည်း

www.burmeseclassic.com

www.burmeseclassic.com

သယ်ဆောင်လာသည့်ပစ္စည်း အမြောက်အမြားကို ဆမ်လ်ယိုမိုရေကန်ထဲသို့ ပစ်ချခိုင်းလိုက်ခြင်းဖြစ်လေသည်။ မလိုချင်တော့သော ပစ္စည်း။ မသယ်ဆောင်နိုင်တော့သည့် ပစ္စည်းမျိုးစုံကို ယင်းသို့ ရေကန်ထဲ ပစ်ချခိုင်းခြင်း ဖြစ်သည်။

ရုရှားစစ်ပွဲတွင် နပိုလီယံနှင့်အတူ ပါဝင်ဆင်နွှဲခဲ့သူ အာမန်ဒီကော်လိန်းကုတ်၏ ကိုယ်တွေ့မှတ်တမ်းတွင် . . .

"နပိုလီယံသည် ဗယက်ဇမာမှ နိုဝင်ဘာလ တစ်ရက်နေ့တွင် ဆုတ်ခွာသည်။ နိုဝင်ဘာလ နှစ်ရက်နေ့တွင် ဆမ်လ်ယိုမိုသို့ ရောက်ရှိကြသည်။ ဆီးနှင်းများနှင့် ပထမဆုံး ရင်ဆိုင်ကြရသည်"ဟု ဖော်ပြထားသည်။

ကော်လိန်းကုတ်က နပိုလီယံ ဆမ်လ်ယိုမိုသို့ ရောက်သည်ဟု ရေးသားခဲ့ပြီး ဝေါလ်တာစကော့က မော်စကိုမှ သယ်လာသော ရတနာပစ္စည်းများကို ဆမ်လ်ယိုမိုရေကန်ထဲ ပစ်ချခဲ့သည်ဟု ရေးသားဖော်ပြသည်။ သို့ဖြင့် သူတို့နှစ်ဦး၏ ရေးသားချက်မှာ တိုက်ဆိုင်မှုရှိနေသည်။

ထိုသို့ဆိုလျှင် ထိုရတနာပစ္စည်းများ ဆမ်လ်ယိုမိုရေကန်ထဲတွင် မပျက်မစီး ရှိနေနိုင်ဦးမည် ဖြစ်သည်။

ထိုသို့ဆိုလျှင် ဆမ်လ်ယိုမိုရေကန်သည် အဘယ်မှာ ရှိလေသနည်း။

ယူရီဘိုရိုမိုလော့ဗ်သည် ဝေါလ်တာစကော့၏ စာအုပ်ကို ဖတ်ရင်း ရှေးဟောင်းမြေပုံတစ်ပုံကို ကြည့်နေသည်။ ၁၇၇၃ ခုနှစ်က ပိုင်၊ အက်ဖ်ရှမစ်ရေးဆွဲခဲ့သည့် မြေပုံဖြစ်သည်။

သို့ရာတွင် ဗယက်ဇမာနှင့် ဆမ်လ်ယိုမိုဒေသတို့၌ ရေကန်တစ်ကန်မျှ ဖော်ပြထားခြင်း ဖြစ်သည်။

ဘိုရိုမိုလော့ဗ်သည် ဆက်လက်စူးစမ်းလေ့လာမှုများ လုပ်ဆောင်ကြည့်ရာ ဗယက်ဇမာမြို့မှ မလှမ်းမကမ်းတွင် ဆမ်လ်ယိုဗကာဟူသော မြစ်တစ်မြစ်ရှိကြောင်း သိခဲ့ရသည်။ ယင်းမြစ်ဝန်းကျင်တွင် ရွှံ့နွံအိုင်ကြီးများရှိသည်။ ယင်းရွှံ့နွံအိုင်ကြီးများ၏ အမည်များကိုလည်း ဆမ်လ်ယိုဗကာမြစ်၏အမည်ကို အစွဲပြု မှည့်ခေါ်လေ့ရှိကြောင်း သိခဲ့ရသည်။

ထိုသို့ဆိုလျှင် ဆမ်လ်ယိုမိုရေကန်ကို ရှာရန်ကား ခက်လှသေးသည်။ ရှာဖွေရေးအဖွဲ့ဖြင့် အရှာထွက်ပြီး တွေ့ခဲ့သော နပိုလီယံပစ်ချထားခဲ့သည့် ရတနာများကား မပျက်မစီး ရှိနေကြဦးမည် ဖြစ်သည်။

မော်စကိုမြို့မှ နပိုလီယံပြန်လည်ထွက်ခွာသွားစဉ်က အဖိုးတန်ရတနာများ အမြောက်အမြား ပါရှိသွားခဲ့သည်ကား အမှန်ဖြစ်သည်။ သို့ရာတွင် ကရင်းမလင်နန်းတွင်းမှ ရတနာများ မည်သည့်နေရာတွင် ထားခဲ့သည်ကို အတိအကျ သိရန်ကား ခက်ခဲလွန်းနေသည်။

ရုရှား၊ အင်္ဂလိပ်၊ ပြင်သစ် အထောက်အထားများအရ ၁၈၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် နပိုလီယံသည် မော်စကိုမှ သယ်ယူလာသော ပစ္စည်းများကို ဆမ်လ်ယိုမိုရေကန်ထဲသို့ ပစ်ချခဲ့သည်ဟူသော အချက်မှာလည်း ခိုင်မာလှသည်။

ဆမ်လ်ယိုမိုရေကန် တည်ရှိရာကို ရှာရန်သာလိုလေတော့သည်။

× × ×

ဆိုဗီယက်တပ်မတော် အင်ဂျင်နီယာတပ်ဖွဲ့မှ ဒုတိယဗိုလ်ချုပ်ကြီး အလက်ဇန္ဒားဂိုးလ်ဒိုးဗစ်ချ်နှင့် တပ်မတော်အရာရှိများသည် သတင်းစာဆရာများနှင့် တွေ့ဆုံနေသည်။

သတင်းစာဆရာများက နပိုလီယံ၏ ရတနာများအကြောင်း ပြောပြကြသည်။ တပ်မတော်အရာရှိများမှာ အံ့သြစရာသတင်းထူးကို ကြားရသဖြင့် သူတို့မျက်နှာပေါ်တွင် ပြုံးရောင်သန်းနေသည်။

ဗိုလ်ချုပ်ကြီးက မြေပုံများကို ကြည့်နေသည်။

"ကျွန်တော်က တိုင်လိုရုရှား၊ ဘီရီဇီးနားမှာ မွေးဖွားခဲ့တာပါ။ ကျွန်တော်တို့ ကျေးရွာအနီးကနေပြီး နပိုလီယံဟာ မြစ်ကိုဖြတ်ကူးသွားခဲ့တာပါ။ ကျေးရွာက ကျွန်တော်အပါအဝင် ကလေးငယ် တော်တော်များများဟာ ရှေးဟောင်းလက်နက်တွေ၊ ဓားတွေ၊ မြင်းခွာမောင်းတွေ မြစ်ကမ်းတစ်လျှောက်မှာ တွေ့ခဲ့ဖူးပါတယ်။ ဒီတော့ ခင်ဗျားတို့ ပြောကြားချက်တွေဟာလည်း ဖြစ်နိုင်ပါတယ်"

ရှာပုံတော်ခရီးအစ

သုတေသနပညာရှင်များနှင့် ဆိုဗီယက်တပ်မတော်မှ အရာရှိများ လိုက်ပါလျက် ခရီးထွက်ခဲ့ကြရာ ဆမ်လ်ယိုမိုသို့

www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိခဲ့ကြတော့သည်။ စမိုလင့် အဝေးပြေးလမ်းမကြီး တစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် သစ်တောထဲသို့ ဝင်လိုက်ကြသည်။

လော်ရီကားပေါ်မှ အားလုံး ဆင်းကြပြီး ချုံနွယ်ပိတ်ပေါင်းများကို ဖယ်ရှားလျက် တိုးဝင်သွားကြသည်။ မကြာမီမှာပင် ရေကန်တစ်ကန်ကို "ဘွားခနဲ" တွေ့လိုက်ကြရလေသည်။ ရေကန်ဝန်းကျင်တွင် သစ်ပင်များကျဲနေသဖြင့် ရေကန်၏ ရေပြင်ကို ကောင်းစွာမြင်နေရသည်။ ရေကန်၏ အကျယ်မှာ ပေ ၁၅၀၀ ခန့်ရှိသည်။ ရေကန်ရေပြင်တွင် မြက်ပင်၊ ကျူပင်များ လွှမ်းနေသည်။ ရေကန်စပ်သို့ တိုးလျှောက်ကြည့်ကြရာ ရွှံ့ကျွံမည်စိုးသဖြင့် သတိထားလျှောက်ကြည့်ရသည်။ ရေကန်ဟုဆိုရသော်လည်း အမှန်တွင် ရွှံ့နွံအိုင်ကြီးသာဖြစ်သည်။ မြေပျော့ပျော့ကမ်းစပ်မှာပင် သတိထားနင်းနေရသည်။

ရေငုပ်ဝတ်စုံဖြင့် ငုပ်ပြီး ရေကန်ရေပြင်အောက်လှည့်ကြည့်သူက ကြည့်သည်။ ရေမှာ အလွန်အေးလှသည်။ ရေကန်ကို ပတ်ကြည့်ကြစဉ် ရွှံ့နွံစပ်တစ်နေရာတွင် ရေပြင်ထက်သို့ ပေါ်နေသည့် သစ်သားနံရံတစ်ခုကို တွေ့ကြရသည်။ ရေညှိ၊ ရေမှော်များ ဖုံးနေပီး ရေကန်အလယ်တွင် တည်ဆောက်ထားသည့် အိမ်ဟောင်းတစ်လုံးဟုပင် ထင်လိုက်ရသည်။

အမှန်တွင် သစ်သားများဖြင့် ရေကာတာတစ်ခုသဖွယ် တည်ဆောက်ပြီး အတွင်းမှရေကို ခန်းသည်အထိ စုပ်ယူထားရာ နေရာဖြစ်သည်။

သုတေသနပညာရှင်များသည် ရေကန်စပ်မှာပင် ဝိုင်းဖွဲ့ပြီး ဆွေးနွေးကြသည်။

အဝေးပြေးလမ်းမကြီးအနီးတွင်ရှိသည့် ရေကန်တွင်းသို့ ရတနာပစ္စည်းများ ပစ်ချရန်အတွက် နပိုလီယံအဖို့ အချိန်အနည်းငယ်သာရမည်ဖြစ်သည်။ ပစ္စည်းများကို ရေကန်အလယ်သို့ ယူသွားရန် လှေရှိရမည်။ ဖောင်များဖွဲ့ရမည်။ ထိုသို့ လုပ်ဆောင်ရန် အချိန်မရရှိရာ နပိုလီယံသည် ပစ္စည်းများကို ရေကန်စပ်မှာပင် ပစ်ချရမည်ဖြစ်သည်။

သို့ရာတွင် မျက်မှောက် ရေကန်စပ်နေရာနှင့် ၁၈၁၂ ခုနှစ်က ရေကန်စပ်နေရာတို့မှာ မတူကြတော့။ ထို့ကြောင့် ရေကန်စပ်အဟောင်းရှိရာနေရာကို ရှာဖွေကြရမည်။ ရေကန်စပ်အဟောင်းတွေ့လျှင် မြေအောက်သတ္တုပစ္စည်းရှာဖွေရေးကိရိယာဖြင့် ရှာဖွေလိုက်လျှင် သေချာပေါက်တွေ့နိုင်မည်ဖြစ်သည်။

ရေများပင်လာနိုင်လျှင် ဘေးမှ ရေကာတာတည်ဆောက်ပြီး ရေများကို စုပ်ထုတ်ပစ်လိုက်မည်။

အကယ်၍ ရတနာများကို ကမ်းစပ်မှာပင် ပစ်ချခဲ့သည်ဆိုလျှင် မည်သည့်အကြောင်းကြောင့် ရေကန်အလယ်တွင် ရေကာတာပေါင် တည်ဆောက်ရှာဖွေခဲ့ကြသနည်း။ ထိုနည်းဖြင့် ရတနာများကို ရှာဖွေခဲ့သူကို သိရှိရန် လိုအပ်လာပေပြီ။

အဘိုးကပ်ဇမာ၏ ဆိုစကား

သုတေသနပညာရှင်များသည် ကျေးရွာတွင်းသို့ ပြန်ခဲ့ကြသည်။ ရတနာများအကြောင်း သိနိုင်မည့်သူကို စုံစမ်းကြည့်ကြသည်။ ကျေးရွာသားများက အဘိုးကပ်ဇမာကို ညွှန်ပြကြသည်။

အဘိုးကပ်ဇမာ၏ အမည်မှာ ကပ်ဇမာလာဗော့ဗ်ဖြစ်သည်။

နပိုလီယံ၏ ရတနာများနှင့် ပတ်သက်၍ သိ၊ မသိ အဘိုးကပ်ဇမာအား မေးမြန်းကြည့်ကြသည်။ အဘိုးကပ်ဇမာသည် ရေကန်အကြောင်း ကောင်းကောင်းသိသူဖြစ်သည်။ သိလိုသမျှ ပြောပြနိုင်မည်ဟု ဆိုကြသည်။

အဘိုးကပ်ဇမာက ရေကန်၏ ကမ်းစပ်ဟောင်းကို ပြပေးရန် သဘောတူသည်။ သုတေသနပညာရှင်များသည် အဘိုးကပ်ဇမာနှင့်အတူ ရေကန်စပ်ကို ပတ်ကြည့်ကြသည်။ မောလျှင်ထိုင်ပြီး နားလိုက်ကြသည်။

အဘိုးကပ်ဇမာ၏ အဆိုအရ ရတနာများကို ရှာဖွေကြသူများမှာ များလှပြီ ဖြစ်သည်။

ရေကန်အလယ်မှ သစ်သား ရေကာတာပေါင်ကြီး အကြောင်းကိုလည်း အဘိုးကပ်ဇမာက ပြောပြသည်။ လွန်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

သည့် နှစ်ပေါင်း ၈၀ ခန့်က မြေပိုင်ရှင်ကြီးတစ်ဦးဖြစ်သူ ရှာဂါရော့ဗ်သည် ယင်းရေကာတာပေါင်ကို တည်ဆောက်ခဲ့ခြင်း ဖြစ်ပေသည်။ ရေများကို စုပ်ထုတ်ပြီး မြေသားပေါ်လာသည့်အခါ ရှာဖွေလိုသမျှ ရှာခဲ့ကြသည်။ တစ်နေရာမတွေ့လျှင် အခြားတစ်နေရာသို့ ပြောင်းရှာကြသည်။ သို့ရာတွင် ဘာမျှမတွေ့ခဲ့ဟု အဘိုးကပ်ဇမာက ဆိုလေသည်။

ရေကန်ထဲတွင် ရတနာများ အမှန်တကယ်ပင် ရှိသည်။ အဘိုးကပ်ဇမာငယ်စဉ်က ကလေးဘဝက ထိုရတနာများအကြောင်းကို သူ့ဘိုးဘေးကြီးတစ်ဦးက ပြောပြခဲ့ဖူးသည်။ သူ့ဘိုးဘေးကြီးမှာ အသက် ၁၁၃ နှစ်အရွယ်တွင်မှ ကွယ်လွန်သွားခဲ့သည်ဟု ဆိုလေသည်။

ထို့ပြင် အဘိုးကပ်ဇမာ၏ အဆိုအရ ပြင်သစ်များသည် ရတနာများပါရှိသည့် အိတ်များကို ရေခဲပြင်တွင် တွင်းများတူးပြီး ပစ်ချခဲ့ကြသည်ဟု ဆိုလေသည်။

အဘိုးကပ်ဇမာ၏ စကားကြောင့် သုတေသနပညာရှင်များမှာ အခက်ကြုံကြရပြန်သည်။

ရေခဲပြင် သို့မဟုတ် ရေပြင်

မြေပိုင်ရှင်ကြီး ရှာဂါရော့ဗ်သည် ရေကန်အလယ်တွင် ရတနာများရှာဖွေခြင်းမှာ သူ့တွင် ခိုင်လုံသည့် အကြောင်းရင်း ရှိရမည်။

ထို့ပြင် ၁၈၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့က ယင်းရေကန်၏ရေပြင် ရေခဲခြင်း ရှိ၊ မရှိ လေ့လာရန် လိုအပ်လာသည်။

သုတေသနပညာရှင်များသည် မော်စကိုမြို့သို့ ပြန်ရောက်ကြသည့်အခါ အထောက်အထားအကိုးအကားများ ရှာဖွေလေ့လာကြရတော့သည်။ စာရေးဆရာကြီး လက်ဗ်လီယိုတော်စတွိုင်း၏ “စစ်နှင့်ငြိမ်းချမ်းရေး” စာအုပ်ကို လေ့လာကြသည်။

ထိုအချိန်က စက်တင်ဘာလတွင် ထူးခြားနွေးထွေးနေသည်။ နေသာသည်။ အောက်တိုဘာလမှာ ကောင်းကင်ကြည်လင်ပြီး ခြောက်သွေ့နေကြောင်း သိကြရသည်။ နိုဝင်ဘာလတွင် မိုးစရွာပြီး အအေးပိုလာသည်။

သို့ရာတွင် ထိုအချိန် နိုဝင်ဘာလ ၂ ရက်နေ့က ဆမ်လ်ယိုမို၏ အပူချိန်ကို သိရှိရန်ကားမလွယ်။

ရုရှားသမိုင်းပညာရှင်များက ထိုအချိန်တွင် “အနည်းငယ်အေးလာပြီ” ဟု ရေးသားကြသည်။ ပြင်သစ်တို့အဆိုအရမူ “ဆိုးဆိုးရွားရွား အပြင်းအထန်အေးနေပြီ” ဟု ဆိုလေသည်။

ဗိုလ်ချုပ်ဘော့ဂ်ဒါနိုဗစ်ချ်၏ ရေးသားဖော်ပြထားသည့် မှတ်တမ်းတွင်မူ “ပြင်သစ်တပ်များ ဗာလက်ဇမာသို့ ဆုတ်ခွာကြချိန်တွင် ညအပူချိန်မှာ ရေခဲအမှတ်အောက် လေးဒီဂရီမှ ငါးဒီဂရီသို့ ကျဆင်းနေသည်ဟုဆိုသည်။ အောက်တိုဘာလ ၂၇ ရက်၊ ၂၈ ရက်နေ့များတွင် အပူချိန်မှာ ရေခဲအမှတ် လေးဒီဂရီထိ ရောက်ရှိနေသည်ဟု ဖော်ပြထားသည်။

ပြင်သစ်ဗိုလ်ချုပ်ကြီးတစ်ဦး၏ နေ့စဉ်မှတ်တမ်းတွင်မူ အောက်တိုဘာ ၃၁ ရက်နေ့တွင် နပိုလီယံသည် သားမွေးဦးထုပ်ကို ဆောင်းထားသည်။ အစိမ်းရောင်သားမွေးအင်္ကျီကို ဝတ်ဆင်ထားသည်။ ရာသီဥတုအေးပြီး ခြောက်သွေ့နေသည်ဟု ဖော်ပြထားသည်။

နိုဝင်ဘာလ ၂ ရက်နေ့ည ဆမ်လ်ယိုမို၏ အပူချိန်ကို အတိအကျတွေ့ရှိခြင်းကား မရှိ။ သို့ရာတွင် အောက်တိုဘာလ ၂၈ ရက်နေ့တွင် အပူချိန်မှာ ရေခဲအမှတ်အောက် လေးဒီဂရီအထိ ရှိနေခဲ့လျှင် နိုဝင်ဘာလ ၁၀ ရက်ခန့်တွင် အပူချိန်မှာ ရေခဲအမှတ်အောက် ၁၆ ဒီဂရီထက်ပင် ပိုနိုင်လေသည်။

ထို့ကြောင့် အဘိုးကပ်ဇမာ၏ ဆိုစကားမှာ မှန်သည်ဟု ယူဆနိုင်သည်။ ရေကန်ထဲသို့ ပစ္စည်းများ ပစ်ချနိုင်ရန် ပြင်သစ်များသည် ရေခဲများကို တူးဖောက်ပြီးမှ ပစ်ချရမည် ဖြစ်လေသည်။

လှတိုး(စိတ်ပညာ)

www.burmeseclassic.com

www.burmeseclassic.com

အံ့ဖွယ်ထူးဆန်း

ဆေးစွမ်းကောင်းများ

မျိုးသန်းထွန်းကို(ရေစကြို)

ဒူးရင်းသီး၏ ဆေးဖက်ဝင်အစွမ်းထက်မှုများ

ဒူးရင်းပင်သည် ပင်ကြီးမျိုးတွင် ပါဝင်၍ အမြင့်ပေအားဖြင့် ပေ ၃၀ အထိရှည်၏။ ငါးနှစ်သား၊ ခြောက်နှစ်သား အရွယ်သို့ရောက်လျှင် စတင်ပွင့်လေ့၊ သီးလေ့ရှိပါသည်။

မိုးများ၍ စွတ်စိုနေသော ရာသီဥတုတို့ကို နှစ်သက်၏။ အထက်မြန်မာပြည် မိုးခေါင်ရေရှား ရပ်ဝန်းဒေသများတွင် ပေါက်ရောက်လေ့မရှိပေ။ စိုက်ပျိုး၍လည်း မဖြစ်ထွန်းနိုင်ပေ။ အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းပြီး မြန်မာပြည် ဒေသအသီးသီးသို့ တင်ပို့ရောင်းချကြပေသည်။ ဒူးရင်းသီး၏ အနံ့မှာ ပြင်းလှသဖြင့် အချို့ မနှစ်သက်ကြသော်လည်း နှစ်သက်သူများကမူ ဈေးကောင်းပေး၍ မက်မက်စက်စက် စားသောက်တတ်ကြပေသည်။ များသောအားဖြင့် ဒူးရင်းသီး၏ အနံ့၊ အရသာကို ကြိုက်နှစ်သက်ကြသူတို့အနေဖြင့် မုန့်များ ပြုလုပ်ရာတွင် ဒူးရင်းသီးကိုပါထည့်၍ ပြုလုပ်လေ့ရှိကြသည်။ ဥပမာအားဖြင့် ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ မုန့်ဖက်ထုပ်၊ ဖာလူဒါ၊ ရေခဲမုန့်၊ ဒိန်ချဥ်၊ ဖျော်ရည်၊ ဒူးရင်းကိတ်၊ ဒူးရင်းနို့ စသည်ဖြင့် အမျိုးမျိုး စီမံပြုလုပ်ကာ မက်မက်စက်စက် စားသုံးလေ့ရှိကြသည်။

ဒူးရင်းသီးနှင့် စပ်လျဥ်း၍ မြန်မာ့ဆေးကျမ်းများ အလိုအားဖြင့် ဒူးရင်းသီးမှည့်သည် ချိုဆိမ့်သော အရသာရှိ၏။ ပူ၏။ သွေးကိုတက်ကြွစေ၏။ ဝမ်းမီးကို တောက်စေ၏။ အစာကို ကြေကျက်စေ၏။ လေထိုးခြင်း၊ လေအောင့်ခြင်း၊ လေနာခြင်း ဝေဒနာတို့ကို သက်သာပျောက်ကင်းစေ၏။ ဆီးပူခြင်း၊ ဆီးအောင့်ခြင်း၊ ဆီးကျင်ခြင်း စသော ဝေဒနာများကို ပယ်ပျောက်စေနိုင်၏။

အချို့သောပုဂ္ဂိုလ်များက ဒူးရင်းသီးတွင် အပူများသည့်အတွက် များစွာမစားကြပေ။ ဒူးရင်းသီးကို စားပြီးပါက ဒူး ရင်းခွက်ထဲသို့ ရေထည့်ကာ ထိုရေအား တစ်ဝသောက်ပေးကြ၏။ ရေနိုင်နိုင်ချိုးပေးကြ၏။ ဖြေဆေးအဖြစ် မင်းကွတ်သီးကို စားပေးခြင်းဖြင့် အပူကို ငြိမ်းအေးစေ၏။ ငှက်ပျောသီးမှည့် စားပေးခြင်းဖြင့်လည်း အပူကို ငြိမ်းစေ၏။

သဘာဝဓမ္မအလင်းပြကျမ်း၌ ဒူးရင်းသီးသည် ချိုဆိမ့်သောအရသာရှိပြီး ပူ၏။ အဆီသြဇာများ၏။ ထို့ကြောင့် ဆီးနည်း၏။ လေသက်စေ၏။ သွေးကိုတက်စေ၏ဟု ဖော်ပြထားပေသည်။ ဒူးရင်းသီးသည် အပူဓာတ်လွန်ကဲသော အစာဖြစ်သဖြင့် အချို့က အပူနာများ ဖြစ်မည်စိုးရကား များများမစားဝံ့ကြပေ။ သို့သော် ဖြေဆေးရှိသည့်အတွက် စိုးရိမ်ကြောင့်ကြဖွယ်မရှိပါ။

ဒူးရင်းသီးကို စားသုံးပေးခြင်းအားဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများမှာ အားကိုဖြစ်စေ၏။ နှုတ်ကိုမြိန်စေ၏။ ဆီး၊ ဝမ်း၊ သွေး၊ လေတို့ကို မှန်ကန်စေပြီး လေထိုး၊ လေအောင့်၊ လေနာရောဂါများကို ပျောက်ကင်းစေနိုင်ပါသည်။ ဒူးရင်းယို၊ ဒူးရင်းဖျော်ရည်၊ ဒူးရင်းသီးဖြင့် ပြုလုပ်ထားသော မုန့်များကို စားသုံးပေးခြင်းဖြင့်လည်း ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေနိုင်ပါသည်။

ကျောက်ဖရုံသီး၏ ဆေးဖက်ဝင်အစွမ်းထက်မှုများ

ကျောက်ဖရုံသီးသည် စားသောက်ဖွယ် သီးနှံတစ်မျိုးဖြစ်သည်သာမက လွန်စွာမှ ဆေးဖက်ဝင် အစွမ်းထက်မှု

www.burmeseclassic.com

www.burmeseclassic.com

သည်။

ကျောက်ဖရုံသီးကို အိမ်ရှင်မများအနေဖြင့် ဟင်းခါးချက်၍လည်းကောင်း ဟင်းလျာချက်၍လည်းကောင်း စားသောက်တတ်ကြသလို ကျောက်ဖရုံယိုထိုး၍လည်း သုံးဆောင်တတ်ကြသေးသည်။ ထို့အပြင် မိုးကြိုးလွှဲသည်ဟု ယူဆကာ တချို့သောအိမ်များ၌ ကျောက်ဖရုံသီးအား ဆိုင်းဖြင့် ချိတ်ဆွဲထားလေ့ရှိကြသည်။ တာရှည်အထားခံသော အသီးလည်းဖြစ်သည်။ မိုးကြိုးစက်ကွင်းမိ၍ မေ့မျောနေသူဆိုလျှင် ကျောက်ဖရုံသီးအား အတုံးကလေးများ တုံးတစ်၍ အုံပေးလေ့ရှိကြသည်။ တစ်ဖန် အပုပ်နံ့ကို ထိန်းထားနိုင်စွမ်းရှိသည်ဟု ယူဆလျက် အသုဘရုပ်အလောင်းကို ရက်အတန်ငယ်ထားလိုပါက ကျောက်ဖရုံသီးအား ရုပ်အလောင်းအနီး၌ ထားလေ့ရှိကြသည်။

ကျောက်ဖရုံနှင့် စပ်လျဉ်း၍ အရိုး၊ အပွင့်၊ အသီး၊ အစေ့၊ အမြစ်တို့သည် လွန်စွာမှ အသုံးဝင်၏။ အထူးသဖြင့် အသီးကို ပို၍ အသုံးပြုလေ့ရှိကြသည်။ မြန်မာ့ဆေးကျမ်းများ အလိုအရ ကျောက်ဖရုံသီးသည် ချို၍ အနည်းငယ်ခန့်သော အရသာရှိ၏။ အားကိုတိုးပွားစေ၏။ သည်းခြေကိုနိုင်၏။ မှည့်သောအသီးသည် ဝမ်းမီးကိုတောက်စေ၏။ ဆီးအောင့်ခြင်း၊ ဆီးချုပ်ခြင်း၊ ကျောက်ကပ်တွင် ကျောက်တည်ခြင်း၊ ခံတွင်းပျက်ခြင်း၊ သွေးလေဖောက်ပြန်ခြင်း အစရှိသည်တို့ကို ပျောက်ကင်းစေ၏။

ကျောက်ဖရုံသီးအစိမ်းသည် အေး၏။ အမှည့်သည် အနည်းငယ်အေး၏။ ဒေါသသုံးပါးကို ကျေပျက်စေ၏။ အာဟာရကိုဖြစ်စေ၏။ ကာမသုခကို ဖြည့်ဆည်းပေး၏။ ဝမ်းကို ပျော့ပျော့ကလေးသွားစေ၏။ သွေးထွက်လွန်က တိတ်စေ၏။ ပြဒါးအဆိပ်ဖြေဆေးအတွက် ပေးရန်သင့်၏။

ကျောက်ဖရုံသီးသည် ချောင်းဆိုးသွေးပါခြင်းနှင့် ကိုယ်ခန္ဓာအတွင်း အင်္ဂါအစိတ်အပိုင်းများမှ သွေးထွက်ခြင်း၊ သွေးအန်ခြင်း၊ သွေးကျခြင်းတို့ကို ပျောက်ကင်းစေ၏။ အဆုတ်ရောဂါကြောင့် အားအင်ကုန်ခန်းခြင်းအတွက် အာဟာရဖြစ်စေ၏။ ကျောက်ဖရုံသီး၌ အချိုမျိုး အခါးမျိုးတို့ ရှိကြပေရာ အချိုမျိုးထဲမှ ထွန်းပြီးခါးသော အသီးမျိုးလည်း ရှိသေး၏။ အင်္ဂရတ်ဆရာများအနေဖြင့် ၎င်းအခါးသီး၏ အဆန်ဖြင့် ဆေးဒန်းကို ဖမ်းလေ့ရှိကြ၏။ ကျောက်ဖရုံအခါးသီးသည် ရှီးရှီးကျောက်ဖရုံထက် အဆုတ်ရောဂါများတွင် ပိုမိုအစွမ်းထက် ပျောက်ကင်းသည်ဟု အဆိုရှိပေသည်။

ကျောက်ဖရုံသီး၏ အရိုးနှင့် စပ်လျဉ်း၍ ယောအတွင်းဝန်ဦးဖိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်း၌ ကြေခဲ၏။ ချို၏။ စဉ်းငယ်ငန်၏။ နှုတ်ကိုမြိန်စေတတ်၏။ လေသလိပ်တို့ကို နိုင်၏။ ဆီးချုပ်သောအနာ၊ ဆီးကျောက်တည်သောအနာတို့ကို နိုင်၏ဟူ၍ ဖော်ပြထားပေသည်။

(၁) ကာလဝမ်းရောဂါ ဖြစ်နေသလား

ကာလဝမ်းရောဂါ ဖြစ်ပွားနေပါက ကျောက်ဖရုံပွင့် ၃ မူးသားကိုကြိတ်၍ စားပေးပါက သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၂) သန်ကောင်၊ တုတ်ကောင်တွေ ထနေလျှင်

ကျောက်ဖရုံစေ့ ငါးမတ်သားကိုကြိတ်ပြီး သောက်ပါ။ နူးညံ့သော ဝမ်းနုတ်ဆေးကို သောက်ပေးပါက ဝမ်းတွင်းရှိ ပိုးများ ကျဆင်းသွားပါလိမ့်မည်။

(၃) ချောင်းဆိုး၊ ရင်ကျပ်၊ ပန်းနာရောဂါထနေလျှင်

ကျောက်ဖရုံမြစ်ကို ရေနွေးနှင့် သောက်ပေးပါက ချောင်းဆိုး၊ ရင်ကျပ်၊ ပန်းနာရောဂါများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၄) ဆီးအောင့်ခြင်း၊ ဆီးအိမ်ရောင်ခြင်း၊ ဆီးကျောက်တည်ခြင်းတို့အတွက်

ကျောက်ဖရုံသီး သတ္တုရည် သုံးကျပ်သားတွင် ရှိန်းခိုနှင့် ဂုံပြားဆား အနည်းငယ်ထည့်၍ သောက်ပေးပါက သက်သာပျောက်ကင်းသွားပါလိမ့်မည်။ (ကျောက်ဖရုံသီးသတ္တုရည် ၁၀ ကျပ်သားတွင် ထောပတ် တစ်ကျပ်သား၊ နွယ်ချိုမှုန့် တစ်ကျပ်သားတို့ကို အိုးတစ်လုံးတွင်ထည့်ကာ မီးမျှင်းမျှင်းဖြင့် ချက်ပါ။ ၁ ကျပ်သားခန့်ကျန်လျှင် ဖိုပေါ်မှချ၍ သုံးခွက်စာ ပြုတ်ကာ သောက်ပေးပါက ဝက်ရူးပြန်ရောဂါ ပျောက်ကင်းစေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၅) လေနာရောဂါထနေလျှင်

ကျောက်ဖရုံသီးသတ္တုရည် တစ်ကျပ်သားတွင် ကုံကုမံ တစ်ရွေးသား၊ သကြားတို့ကို ရေဖျော်လျက် သုံးခွက်စာပြုတ်ကာ တိုက်ကျွေးပါက လေနာရောဂါ သက်သာပျောက်ကင်းစေပါသည်။

မင်းကွတ်သီး၏ ဆေးဖက်ဝင်အစွမ်းထက်မှုများ

မင်းကွတ်ပင်သည် ပူအိုက်စွတ်စိုနေသော ရာသီဥတုကိုနှစ်သက်ပြီး ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံတို့တွင် ရှင်သန်ပေါက်ရောက်လေ့ရှိပါသည်။ မင်းကွတ်ပင်၏ မူလအစသည် မာလာယုကျွန်းဆွယ်မှဖြစ်ပြီး နေရာအနှံ့ပျံ့နှံ့ကာ ရှေးယခင်ကပင် အရှေ့တောင်အာရှနိုင်ငံများ၌ မင်းကွတ်သီးကို စားသုံးကြသည်။ ထို့မျှမက တိုင်းရင်းဆေးဝါးအဖြစ်လည်း အသုံးပြုကြပေသည်။

မင်းကွတ်သီးကို အာရှတွင် "သစ်သီးတို့၏မိဖုရား"ဟူ၍လည်းကောင်း၊ ပြင်သစ်တွင် "ဘုရားသခင်၏အာဟာရ"ဟူ၍လည်းကောင်း တင်စားခေါ်ဝေါ်ကြသည်။

မင်းကွတ်သီးတွင် ကစီဓာတ်၊ အမျှင်ဓာတ်၊ ဗိုက်တာမင်၊ သတ္တုရည်ဓာတ်၊ စစ်ထရစ်အက်စစ်၊ ပေါ်လီဖီနော၊ အက်စစ်တစ်အက်တစ်၊ ဟိုက်ဒရိုစစ်ထရစ်အက်စစ်များကြွယ်ဝစွာ ပါသည့်အတွက်ကြောင့် ဖက်တစ်အက်စစ်ကိုနှိမ်နင်းနိုင်ပြီး ကိုလက်စထရောပမာဏကို လျော့ကျစေကြောင်း သိရသည်။

မင်းကွတ်သီးကို ရင်ပူခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ ခန္ဓာကိုယ်အနှံ့ အပူဖုများထွက်ပေါ်ခြင်း၊ အပူနာများပေါက်ခြင်း၊ မီးယပ်အဖြူဆင်းခြင်း၊ မီးယပ်သွေးဆင်းလွန်ခြင်း စသည့် အပူဓာတ်လွန်ကဲမှုကြောင့်ဖြစ်တတ်သော ဝေဒနာများအတွက် အပူငြိမ်းသည်းခြေဆေးအဖြစ် မှီဝဲစားသုံးနိုင်ကြောင်း သိရသည်။

ထို့ပြင် မူးဝေခြင်း၊ မောပန်းနွမ်းနယ်ခြင်းတို့ကို ပြေပျောက်စေကာ ခန္ဓာကိုယ်အတွင်း ရေဓာတ်ဆုံးရှုံးခြင်းကိုလည်း အကာအကွယ်ပေးပေသည်။ ထို့မျှသာမက ရောင်ရမ်းမှုအမျိုးမျိုးကို တွန်းလှန်နိုင်၏။ အယ်လ်ဇိုင်းမားရောဂါ၊ စိတ်ကစဉ့်ကလျားရောဂါ၊ ခေါင်းတစ်ခြမ်းကိုက်ခြင်းတို့ကို ကာကွယ်ပေး၏။

မင်းကွတ်သီးသည် အဝလွန်သူများနှင့် ကိုယ်အလေးချိန် လျှော့ချလိုသူများ စားသုံးရန်သင့်လျော်ပါသည်။ မင်းကွတ်သီးတွင် အစာချေစနစ်ကို ကောင်းမွန်စေခြင်း၊ ဝမ်းချုပ်ခြင်းတို့ကို ကာကွယ်နိုင်၏။ အိုမင်းမှုကို တားဆီးနိုင်၏။ ကင်ဆာရောဂါကိုလည်း သက်သာစေ၏။ ထို့ပြင် ကိုယ်ခံစွမ်းအားကိုတိုးတက်ကောင်းမွန်စေပြီး မှိုရောဂါများ ကူးစက်ခြင်းမှကာကွယ်ပေးကာ အထူးသဖြင့် အဆုတ်နာ၊ တီဘီရောဂါများမှ ဘတ်တီးရီးယားပိုးမွှားများ ပြန့်ပွားလာမှုကို တားဆီးကာကွယ်ပေးကြောင်း သိရှိရပါသည်။

မင်းကွတ်သီးသည် ဓာတ်မတည့်သူများကို မဖြစ်စေဘဲ ကိုယ်အင်္ဂါအဖွဲ့အစည်းများအတွက် ကောင်းမွန်သည့်အာနိသင်ရှိသောကြောင့် နေ့စဉ်ဖြည့်စွက်စာအဖြစ် စားသုံးသင့်ကြောင်း အမေရိကန်နှင့် ကနေဒါနိုင်ငံတို့တွင် အနှစ် ၂၀ ကျော်ကြာ ဆေးပညာအတွေ့အကြုံရှိသော သမားတော်တစ်ဦးက အတည်ပြုထားပေသည်။ ဆီးချိုရောဂါ၊ သွေးအားနည်းရောဂါ၊ သွေးတိုးခြင်း၊ သွားနှင့်သွားဖုံးရောဂါတို့အတွက်လည်း ကောင်းကျိုးကို ဖြစ်စေပါသည်။

မင်းကွတ်သီး၏ အရည်သည် သွေးလွှတ်ကြောပိတ်ဆို့ခြင်း၊ သွေးတိုးခြင်းနှင့် သွေးခဲပိတ်ခြင်းအပါအဝင် နှလုံးသွေးကြောများ မာကျောကျစ်လျစ်ခြင်း စသော နှလုံးသွေးကြောဆိုင်ရာ ရောဂါဝေဒနာအမျိုးမျိုးတို့အတွက် အသုံးဝင်ပါသည်။ မင်းကွတ်သီးအခွံနှင့် တန်နင်း (Tannis)နှင့် ဇန်သုန်း (Xanthones) ဟုခေါ်သော ဓာတုဓာတ်ပေါင်းများပါရှိကြောင်း သိရသည်။ မင်းကွတ်သီးအခွံသည် အရေပြားနှင့်ဆိုင်သော ရောဂါများဖြစ်သည့် မုက္ခရုနာ၊ နင်းခူ စသည့် အနာများ၊ အနီအစက်အပြောက်ကလေးများ၊ မိတ်ထွက်ခြင်းနှင့် အင်ပျဉ်ရောဂါတို့အတွက် လိမ်းဆေးအဖြစ်လည်းကောင်း၊ အနာမယဉ်းစေရန် ပိုးသတ်ဆေးအဖြစ်လည်းကောင်း၊ သဘာဝအလျောက် သွေးကြောပိတ်ဆို့မှုများအား ဟန့်တားနိုင်စွမ်းရှိကြောင်းနှင့် အသက်ကြီးသူများအတွက် အဖြစ်များသောအရိုးအဆက် ယိုယွင်းရောင်ရမ်းခြင်းများအတွက်လည်း အသုံးဝင်ပေသည်။

မင်းကွတ်သီး အခွံပြုတ်ရည်ကို သောက်သုံးပေးခြင်း

www.burmeseclassic.com

www.burmeseclassic.com

အားဖြင့် အမျိုးသမီးများတွင် အဖြစ်များသော ဆီးမကြာခဏသွားခြင်း၊ ဆီးပူညောင်ကျခြင်း၊ ဆီးကျောက်တည်ခြင်းနှင့် ကာလသားရောဂါများကို အစွမ်းထက် သက်သာပျောက်ကင်းစေပါသည်။ ထို့အပြင် ကွဲရှနာများအတွက် သွေးတိတ်စေရန်လည်းကောင်း၊ မျက်စိအတွင်းတိမ်နှင့် ရေတိမ်ဖြစ်ခြင်းတို့အတွက်လည်းကောင်း အသုံးဝင်ပေသည်။

သတိပြုရန်မှာ မင်းကွတ်သီးကို နို့ရည်၊ သကြားတို့နှင့် တွဲဖက်၍ မစားကောင်းပါ။ ဒူးရင်းသီးကို စားပြီးနောက် မင်းကွတ်သီးကို စားပေးပါက အပူအအေးကို မျှတစေပါသည်။

မင်းကွတ်သီး၏ အစွမ်းအာနိသင်ကား ထက်မြက်လှပါသည်။ မုက္ခရု၊ နင်းခူ စသည့်အနာများ၊ မိတ်ထွက်ခြင်းနှင့် အင်ပျဉ်ဝေဒနာများအတွက် လိမ်းဆေးအဖြစ် ဖော်စပ်အသုံးပြုနိုင်ပါသည်။

(၁) အသားအရေပျက်စီးနေလျှင်

ခြေဖနောင့်များ ကွဲနေလျှင်၊

ခြေသလုံးသားတို့ ပပ်ကြားအက်နေလျှင်

မင်းကွတ်သီးကို အဆီထုတ်၍ လိမ်းကျံပေးပါက အသားအရေပျက်စီးခြင်း၊ ခြေဖနောင့်များကွဲခြင်း၊ ခြေသလုံးသားတို့ ပပ်ကြားအက်ခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၂) မိတ်၊ အင်ပျဉ်ကဲ့သို့ အရေပြားပေါ်၌ အဖုအပိမ့်အနီကွက်များထလျှင်

အပူလောင်လျှင်၊

အရေပြားထိခိုက်ဒဏ်ရာရလျှင်

မင်းကွတ်သီး၏ အနှစ်သားဖြင့် လိမ်းကျံပေးပါက မိတ်၊ အင်ပျဉ်ကဲ့သို့ အရေပြားပေါ်၌ အဖုအပိန့် အနီကွက်များထခြင်း၊ အပူလောင်ခြင်း၊ အရေပြားထိခိုက်ဒဏ်ရာရခြင်းတို့ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၃) ဝမ်းလျှော ဝမ်းကိုက်ဖြစ်နေလျှင်

မင်းကွတ်သီးအခွံကို အခြောက်လှန်း၍ အမှုန့်ကြိတ်ပါ။ ထို့နောက် တစ်ညသိပ်ရေစိမ်၍ သောက်သုံးပေးခြင်းအားဖြင့် ဝမ်းလျှော၊ ဝမ်းကိုက်ခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၄) ဆီးရောဂါဖြစ်နေသလား

မင်းကွတ်သီးအခွံကို ပါးပါးလှီး၍ နေအခြောက်လှန်းကာ လက်ဖက်ခြောက်ကဲ့သို့ ရေနွေး၌ ခပ်သောက်ခြင်းအားဖြင့် ဆီးရောဂါဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

ငှက်ပျောသီး၏ ဆေးဖက်ဝင်အစွမ်းထက်မှုများ

ငှက်ပျောသီးသည် ဆယ့်နှစ်လရာသီ အခါမရွေး ရရှိနိုင်သော သစ်သီးအမျိုးအစားဖြစ်ပေသည်။ အခြားအခြားသော အသီးများနှင့် နှိုင်းစာပါက ငှက်ပျောသီး၌ ဖွံ့ဖြိုးစေတတ်သောဓာတ်တို့ အများဆုံး ပါဝင်နေသည်ကို လေ့လာတွေ့ရှိရပေသည်။

သို့သော်လည်း သာမန်အားဖြင့် ငှက်ပျောသီးမှာ အဟိုတန်ဓာတ် နည်းပါးနေသည်ဟု သိကြသည်။ အဘယ်ကြောင့်ဆိုသော် သစ်သီးများထဲတွင် စပျစ်သီးသည် များစွာ ဂုဏ်သတ္တိရှိခြင်း၊ ထို့အတူ သံပရာသီး၊ လိမ္မော်သီး၊ မက်မွန်သီးနှင့် နာနတ်သီး စသည်များမှာလည်း ငှက်ပျောသီးနှင့်တူသော ဂုဏ်သတ္တိ အနည်းငယ်စီ ရှိကြသောကြောင့် ဖြစ်သည်။ စင်စစ်အားဖြင့် ငှက်ပျောသီးသည် အခြားသော အသီးများထက် ဂုဏ်သတ္တိများ ထူးခြားစွာ ပါဝင်နေပေသည်။

"အစာလည်းဆေး၊ ဆေးလည်းအစာ" ဆိုသကဲ့သို့ အဆာလည်းပြေ၊ ခန္ဓာကိုယ်အတွက်လည်း အကျိုးအာနိသင်များစွာ ပေးနိုင်သည့် ငှက်ပျောသီး၌ အမိုင်နိုအက်ဆစ်၊ ပိုတက်စီယမ်၊ မဂ္ဂနီဆီယမ်ဓာတ်များစွာ ပါဝင်သည့်အပြင် ဗီတာမင်အေ၊ ဗီတာမင်ဘီ၊ ဗီတာမင်စီနှင့် သံဓာတ်စသည့် ခန္ဓာကိုယ်အကျိုးပြုသည့် ဓာတ်များစွာ ပါဝင်လျက်ရှိသည်။

ငှက်ပျောသီး၌ ပါဝင်နေသော အမိုင်နိုအက်ဆစ်သည် စိတ်ဖိစီးမှုကို သက်သာလျော့ပါးစေပြီး လူကို လန်းဆန်းစေနိုင်သည်။ အသားအရေနှင့် ဆံကေသာတို့လည်း များစွာအကျိုးပြုနိုင်ပေသည်။ ပိုတက်စီယမ်ကမူ သွေးတိုးကို လျော့ချပေးပြီး ဦးနှောက်တွင်းသို့ အောက်စီဂျင်များ ပိုမို စီးဝင်လာအောင် စွမ်းဆောင်ပေးနိုင်သည့်အတွက် ဦးစား

www.burmeseclassic.com

www.burmeseclassic.com

ဥာဏ် ပိုမိုကောင်းမွန်စေနိုင်ပေသည်။ မဂ္ဂနီစီယမ်ပါဝင်သည့်အတွက်ကြောင့်လည်း အဆီတို့ကို လောင်ကျွမ်းစေပြီး နှလုံးရောဂါကို ကာကွယ်ပေးနိုင်စွမ်းရှိပေသည်။ ထို့အပြင် စိတ်ကျရောဂါ မဖြစ်ပွားရလေအောင် ကာကွယ်တားဆီးပေးထားပြီး ကိုယ်လက်စထရောပမာဏကို ထိန်းညှိပေးထားပေသည်။ ခန္ဓာကိုယ်ကြီးထွားစေသော သံဓာတ်က ရောဂါကို ခုခံတိုက်ဖျက်ပေးပြီး အလွယ်တကူ မောပမ်းနွမ်းနယ်ခြင်း၊ သွေးအားနည်းခြင်းတို့မှ ကာကွယ်ပေးနိုင်သည်။

ငှက်ပျောသီးတွင် ပါဝင်သည့် ဗီတာမင်အေ၊ ဗီတာမင်ဘီနှင့် ဗီတာမင်စီတို့သည် အာရုံကြောအားနည်းခြင်း၊ အသားအရေခြောက်သွေ့ခြင်းတို့ မဖြစ်ရလေအောင် စွမ်းဆောင်ပေးနိုင်သည်။ အထူးသဖြင့် ဗီတာမင်စီဓာတ်သည် အနာကျက်မှုကို မြန်ဆန်စေပြီး သွားဖုံး၊ အရိုးနှင့်သွားတို့အား ပြုပြင်ထိန်းသိမ်းပေးနိုင်စွမ်း ရှိပေသည်။

လက်ရှိမြန်မာနိုင်ငံ၌ စိုက်ပျိုးဖြစ်ထွန်းနေကြသော ငှက်ပျောမျိုးမှာ ဖီးကြမ်း၊ ရခိုင်၊ ထောပတ်၊ သီးမွှေး၊ တောင်ရှူး၊ ငှက်ပျောချဉ်၊ ဆင်စွယ်၊ ငှက်ပွဲ၊ နံ့သာပု၊ သူငယ်စာ၊ ဆင်အံ၊ ရွှေငှက်ပျော၊ ငမောင်စိမ်း၊ ဝက်မလွတ်၊ ကျွဲချို၊ မယ်တော်လက်ညှိုး၊ ရွှေနီ၊ ရွှေစိမ်းမျိုး စသဖြင့် ဖြစ်ကြလေသည်။

ငှက်ပျောသီးကို စားသုံးပေးခြင်းကြောင့် မျက်စိစွမ်းဆောင်ရည် ယိုယွင်းဆုတ်ယုတ်မှု အန္တရာယ်ကို လျော့နည်းစေပါသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ပျို့အန်ချင်စိတ်ကိုလည်း တားဆီးပေးနိုင်သည်။ လေသင်တုန်းဖြတ်ခြင်း၊ ခြေထောက်ကြွက်တက်ခြင်း စသော အန္တရာယ်များမှလည်း အကာအကွယ်ပေးနိုင်သည်။ ငှက်ပျောသီးဖြင့် အရက်နာကျဝေဒနာကို ကုသနိုင်ပြီး ဆေးလိပ်ဖြတ်သည့် နေရာတွင်လည်း အထောက်အကူပေးနိုင်ကြောင်း သိရှိရပါသည်။ ထို့ပြင် ဆံကေသာ နူးညံ့ပျော့ပြောင်းစေခြင်း၊ ဆံပင်နှစ်ခွဖြစ်ခြင်းတို့မှ ကာကွယ်ပေးပြီး ဝက်ခြံပျောက်စေခြင်း စသည့် အကျိုးကျေးဇူးများကြောင့် အလှကုန်ပစ္စည်းများတွင်လည်း ငှက်ပျောသီးကို ထည့်သွင်းအသုံးပြု ထုတ်လုပ်လာကြောင်း သိရှိရသည်။

ငှက်ပျောသီးသည် စွမ်းအားတိုးစေသော အကောင်းဆုံးအစားအစာဟု ဆိုရလျှင် မမှားပေ။ အဆီမပါသည့်အပြင် အစာကိုလည်း အလွယ်တကူ ချေဖျက်နိုင်သည့်အတွက် ကလေးရော လူကြီးပါ စားသောက်သင့်ပေသည်။ အဆီကျစေလိုသည့် ရည်ရွယ်ချက်ရှိသူများအနေဖြင့် အစာစားပြီးတိုင်း မှီဝဲသုံးဆောင်သင့်သည်ဟု သိရှိရပေသည်။

(၁) ပိုးမွှားအကိုက်ခံရလျှင်

ပိုးမွှားအကိုက်ခံရသည့်အတွက် ယားယံနေပါက ငှက်ပျောသီးမှည့်ကို စားပေးပါ။ ယားယံမှုဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။ ထို့အပြင် အဖုအပိမ့်များထွက်ပြီး ယားယံနေပါက ငှက်ပျောခွံဖြင့် ပွတ်သက်ပေးပါက သက်သာစေနိုင်ပါသည်။

(၂) အစာအိမ်ဝေဒနာ ခံစားနေရလျှင်

ငှက်ပျောသီးဖျော်ရည်ထဲသို့ ပျားရည်အနည်းငယ် ထည့်ပြီး သောက်သုံးပေးပါက အစာအိမ်ရောဂါဝေဒနာ သက်သာစေနိုင်ပါသည်။

(၃) အမျိုးသမီးများ အဖြူဆင်းလျှင်

ငှက်ပျောသီးမှည့် ကောင်းကောင်းတစ်လုံးကို အခွံနွာ၍ ထောပတ် ခြောက်ပဲသားနှင့် နေ့စဉ်နံနက်တိုင်း စားပေးပါ။ ထို့အတူ ညပိုင်းတွင်လည်း စားပေးပါ။ နံနက်နှင့် ညအချိန်မှ အချိန်မှန်မှန် (တစ်ပတ်မှ နှစ်ပတ်အထိဆက်၍) စားပေးပါက အမျိုးသမီးများ၌ဖြစ်တတ်သော အဖြူဆင်းရောဂါ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၄) ပန်းနာရင်ကျပ် ဖြစ်ခဲ့သော်

ဖီးကြမ်းငှက်ပျောသီးမှည့်တစ်လုံးအား အခွံမနွာဘဲ ဓားဖြင့် အရှည်လိုက်ခွဲပါ။ ထိုခွဲထားသော ငှက်ပျောသီးထဲသို့ ငရုတ်ကောင်းမှုန့် နှစ်ပဲသားခန့်ထည့်ပြီး အခွံကို ပြန်အုပ်လိုက်ပါ။ ထို့နောက် အဆိုပါ ငှက်ပျောသီးကို ငှက်ပျောရွက်နှင့် ပတ်လျက် ချည်ငင်ကြိုးနှင့်ချည်ပြီး နှစ်နာရီ၊ သုံးနာရီခန့် ထားပါ။ ထို့နောက် အဆိုပါငှက်ပျောသီးကို မီးဖြိုက်ပါ။ ငှက်ပျောရွက်များ မီးလောင်သွားပါလိမ့်မည်။ အေးသောအခါ အဆိုပါ ငှက်ပျောသီးကို အခွံခွာ၍စားပါ။ နေ့စဉ် နံနက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com

တွင် ရေတ်ဖျောင်းမှုန့်ထည့်၍ ညနေမှာ မီးဖြိုက်စားပါ။ ၁၅ ရက်မှ ရက် ၂၀ အတွင်း ပန်းနာရင်ကျပ်ဝေဒနာ သိသိသာသာ ပျောက်ကင်းသွားပါလိမ့်မည်။

(၅) အူ (သို့မဟုတ်) ဝမ်းဗိုက်မှာ အနာဖြစ်လျှင်

အစာမစားမီ ၁၅ မိနစ်ခန့်အလိုတွင် ငှက်ပျောသီး တစ်လုံးနှင့် ထောပတ်ကောင်းကောင်းတစ်ဇွန်းမျှ စားပေးပါ။ (ငရုတ်သီး၊ မဆလာ၊ အချဉ်နှင့် အကြော်အလှော်များကို ရှောင်ကြဉ်ရပါမည်။) သုံးပတ်ခန့် မပျက်မကွက် စားသုံးပေးသွားပါက အနာများပင် မခွဲမစိတ်ရဘဲ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၆) သက်တံ၊ ကိန္နရာထွက်နေလျှင်

ရခိုင်ငှက်ပျောသီးမှည့်မှည့်ကို အဖုအကျိတ် (သက်တံ ကိန္နရာအနာ)ပေါ်တွင် အုံပြီး ပတ်တီးပါးပါးစည်းထားပါ။ (ထိုဆေးနည်းကို အသုံးပြုစဉ်ကာလအတွင်း ရခိုင်ငှက်ပျောသီးကို မစားပါနှင့်) ဝေဒနာ သက်သာလျော့ပါးသွားပါလိမ့်မည်။

(၇) နှာခေါင်းသွေးလျှံလျှင်

ငှက်ပျောပင်ကို ဓားနှင့်ခုတ်ပိုင်းပါ။ ရလာသော သစ္စာရည်ကို နှာခေါင်းပေါက်ဝဌတော့လျက် ရှူပေးပါ။ နှာခေါင်းသွေးလျှံခြင်း ရပ်တန့်သွားပါလိမ့်မည်။

(၈) ဆံပင်တွေကျွတ်နေလျှင်

ငှက်ပျောပင်တစ်ပင်(အပင်ပျိုဖြစ်ရမည်)၏ အရင်းနားကို တုတ်ဖြင့် ထိုးဖောက်ပါ။ ကျလာသော အရည်ကိုခံယူ၍ ပျားရည်နှင့် သမအောင်မွှေလျက် ဆံပင်များအပေါ် ဦးရေပြားအပေါ် လိမ်းကျံပေးပါက ဆံပင်များ မကျွတ်တော့သည့်အပြင် နက်မှောင်သန်စွမ်းလာပါလိမ့်မည်။

(၉) ချောင်းတွေ မတရားဆိုးနေသလား၊ မျက်စိအမြင်တွေ မှုန်မွဲနေသလား၊ ဆီးခဏခဏသွားနေသလား

ငှက်ပျောသီးကို ဖျော်ရည်ပြုလုပ်၍ သောက်ပါ။ ချောင်းဆိုးရောဂါအတွက် အကောင်းဆုံးသော ဆေးဖြစ်ပါသည်။

ထိုဆေးကို ဖော်စပ်ပုံမှာ ငှက်ပျောသီးမှည့်ကို အစိတ်စိတ်အမြွှာမြွှာ အတုံးအသေးကလေးများပြုလုပ်ပြီး သကြားထည့်ပါ။ အဖုံးကို လုံအောင်ပိတ်၍ရသော အိုးတစ်လုံးအတွင်းသို့ထည့်ပါ။ အဖုံးကိုလုံအောင်ပိတ်၍ ထားပါ။ ထို့နောက် မီးဖိုပေါ်သို့ ကျယ်ပြန့်သော အိုးကြီးတစ်လုံးကိုတင်၍ ရေထည့်ပါ။ ထိုရေထည့်ထားသော အိုးကြီးထဲသို့ ငှက်ပျောသီးထည့်ထားသော အိုးကိုထည့်ပါ။ အိုးကြီးထဲမှ ရေများဆူပွက်လာသောအခါ မီးဖိုပေါ်မှ အောက်သို့ချထားပါ။ ငှက်ပျောသီးတုံးကလေးများကို ဆယ်ယူ၍ အအေးခံပြီး ဇွန်းဖြင့် မွှေလျက်ချကာ ဖျော်ရည်ပြုလုပ်ပါ။

အဆိုပါ ငှက်ပျောသီးဖျော်ရည်သည် ချောင်းမတရားဆိုးနေခြင်းကို ရပ်တန့်စေ၏။ မျက်စိအမြင်တို့လည်း ကြည်လင်လာစေသည့်အပြင် ဆီးခဏခဏသွားခြင်းကိုလည်း သက်သာပျောက်ကင်းစေပါသည်။

(၁၀) ဝမ်းသိပ်ချုပ်နေသလား

ငှက်ပျောသီးမှည့် နှစ်လုံးကိုယူပြီး အဆိုပါ ငှက်ပျောသီးထဲသို့ ထန်းလျက်၊ ဆား(သို့မဟုတ်) နို့ချဉ်ရော၍ ထည့်စားပါ။ နှစ်ရက်ခန့်ကြာလျှင် ဝမ်းမှန်မှန်သွားပါလိမ့်မည်။

(၁၁) ပန်းနာရောဂါဖြစ်နေလျှင်

အနည်းငယ်မှည့်သော ငှက်ပျောသီးကို အခွံခွာ၍ ဓားဖြင့် အချိုင့်ကလေးပြုလုပ်ပါ။ ထိုအချိုင့်ထဲသို့ ဆားနှင့် ငရုတ်ကောင်းမှုန့် သင့်ရုံထည့်ပြီး တစ်ညဥ့်လုံး လရောင်အောက်၌ထားပါ။ နံနက်မိုးလင်းသော် ထိုငှက်ပျောသီးများကို ကြော်၍လည်းကောင်း၊ မီးနှင့်ဖုတ်၍လည်းကောင်း စားပေးပါ။ ပန်းနာရောဂါများအတွက် အကောင်းဆုံးဆေးဖြစ်ပါသည်။

(၁၂) ႏသားဝါရောဂါ ဖြစ်နေလျှင်

အခွံနွှာပြီးသား ငှက်ပျောသီးတစ်လုံးကို အပေါ်မှာ ထုံးရေခွက်ဖျန်းပေးပါ။ တစ်ညဥ့်လုံး နှင်းပေါက်များကျရောက်ထားပြီး နံနက်မိုးလင်းသောအခါ စားပေးပါ။ နေ့စဉ် ထိုသို့

www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်စားပေးသွားပါက (တစ်ပတ်မှ သုံးပတ်အတွင်း) အသားဝါရောဂါများ ကင်းရှင်းသွားပါလိမ့်မည်။

(၁၃) မီးယပ်ဝေဒနာ ဖြစ်နေသလား

နေ့စဉ် နံနက်၊ ညဥ့် ငှက်ပျောသီးတစ်လုံးကို ထောပတ် ငါးပဲသားနှင့် စားပေးပါ။ ငါးရက်၊ ခြောက်ရက်ကြာ ဆက်တိုက်စားပေးပါက မီးယပ်ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၁၄) ယောနိမှ သွေးများဆင်းနေလျှင်

အမျိုးသမီးများ ယောနိမှ သွေးများဆင်းနေလျှင် ငှက်ပျောသီးမှည့် ရသာရည်ကို သောက်ပေးပါ။ သွေးဆင်းခြင်းများ ရပ်တန့်သွားပါလိမ့်မည်။

(၁၅) မီးလောင်နာဖြစ်ခဲ့လျှင်

မီးလောင်နာဖြစ်နေသော အရေပြားပေါ်သို့ ငှက်ပျောသီးအတွင်းသားများကိုချေ၍ အဝတ်နှင့်ထုပ်ပြီး ဖယောင်းချက်ကဲ့သို့ ပြုလုပ်ကာ ကပ်ပေးပါ။ အေးမြသွားပြီး မီးလောင်နာများ ပျောက်ကင်းသွားပါလိမ့်မည်။

(၁၆) ဆီးလွန်ဝေဒနာဖြစ်ခဲ့လျှင်

အမျိုးသမီးများ မေထုန်မှုကို များစွာပြုလုပ်ဆောင်ရွက်ခြင်း (သို့မဟုတ်) အခြားသောအကြောင်းများကြောင့် ဆီးမကြာခဏ အကြိမ်ကြိမ်သွားနေပါက ငှက်ပျောသီးမှည့် တစ်လုံး၊ မင်ကိုကာ အမှုန့် တစ်ပဲသား၊ ရှဉ့်မတက်ဥအမှုန့် နှစ်ပဲသားတို့ကို ရောစပ်ပြီး နွားနို့နှင့်သောက်ပေးပါ။ နှစ်ရက်ခန့်ကြာလျှင် ဆီးလွန်ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၁၇) ဂနိုကျနေလျှင်

ငှက်ပျောသီးအစိမ်းကို ပါးပါးလှီး၍ နေပူတွင်လှန်းပေးပါ။ ကောင်းစွာခြောက်သွေ့သောအခါ အမှုန့်ပြုလုပ်ပြီး သကာရည်(ထန်းလျက်)ထည့်၍ စားပါ။ စားပြီးလျှင် ဒိန်ချဉ်သောက်ပါ။ နှစ်ပတ်ခန့်ကြာသောအခါ များစွာသက်သာလာပါလိမ့်မည်။ အကယ်၍ ငှက်ပျောသီးနှင့်အတူ ဂျုံမှုန့်နှင့် ပြုလုပ်ထားသော မုန့်များကို စားပေးပါက ဂနိုကျဆင်းမှုများ ပျောက်ကင်းသွားပါလိမ့်မည်။

(၁၈) အမြုံရောဂါ မဖြစ်ရအောင်

ငှက်ပျောပင်အရင်း၌ ကြွေကျသည့် နူးညံ့သော အသီးနုကလေးများကိုယူ၍ ထိုငှက်ပျောသီးနုအရေအတွက်နှင့် အမျှ ဖွားဖက်စေ့ကိုကြိတ်ပါ။ မြုံနေသော မိန်းမများ လစဉ်ဓမ္မတာသွေးလာပြီးနောက် စားပေးပါက နှစ်လအတွင်း၌ ကိုယ်ဝန်ပဋိသန္ဓေ တည်စေနိုင်ပါသည်။

(၁၉) အစာအိမ်ပူလောင်နေသလား၊ ဆီးပူလောင်နေသလား၊ အဆုတ်ပူလောင်နေသလား

ငှက်ပျောသီးမှည့်ကို ပုံမှန်စားသောက်ပေးပါက အစာအိမ်ပူလောင်ခြင်း၊ ဆီးပူလောင်ခြင်း၊ အဆုတ်ပူလောင်ခြင်းတို့ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၂၀) ဆီးတွေ သိပ်လွန်နေခဲ့လျှင်

ဆီးများ ပုံမှန်မဟုတ်တဲ့ အလွန်အမင်း သွားနေခဲ့ပါက ဆီးလွန်နာဖြစ်နေသည်မှာ သေချာပါပြီ။

ထိုသို့ ဆီးလွန်နာဖြစ်နေပြီဆိုပါက ငှက်ပျောသီးအမှည့်၊ ဆီးဖြူသီးသတ္တုရည်၊ ပျားရည်နှင့် သကြားတို့ကို ရောစပ်သုံးဆောင်ပေးပါက ရောဂါဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

မျိုးသန်းထွန်းကို(ရေစကြို)



www.burmeseclassic.com

www.burmeseclassic.com

၁၂ လရာသီ စာတ်စာ

ဝါဆို–ဝါခေါင်

သမားတော်ကြီးဒေါက်တာသက်ဆွေ (ရွှေဆောင်တင်ဆွေ)

ဒီတစ်ပတ်ဓာတ်စာ ရှောင်ရန်၊ ဆောင်ရန်များ (ပထမပတ်)

july ဝါဆိုလသို့ရောက်တိုင်း ကဗျာဆရာမောင်ဆွေမွန်၏ ကဗျာလေးကို သတိရမိပါသည်။ ''ဝါဆိုလထုံးမပျက်၊ ပုန်းညက်ပန်းစာလှိုင်လှိုင်၊ ဒါနလည်း သူပြိုင်ငါပြိုင်၊ သီလလည်း သူနဲ့ငါနွဲ့၊ ပဋ္ဌင်းခံရှင်ပြုပွဲကို၊ နွဲ့ကြလို့ပဲ''ဟု စပ်ဆိုထားပေသည်။ ဝါဆိုလ၏ ရာသီပန်းကား ပုန်းညက်ပန်းများလှိုင်လှိုင်ပွင့်သော လဖြစ်သဖြင့် ဘုရားပန်းများ မြိုင်မြိုင်ဆိုင်ဆိုင် လှူဒါန်းကြပြီး ပဋ္ဌင်းခံရှင်ပြုပွဲများလည်း ခြိမ့်ခြိမ့်သဲသဲ ဆင်နွဲ့ကြသောလ ဖြစ်ပါသည်။

ဤလဤရာသီ **စားသုံးရမည့် ဓာတ်စာအာဟာရတွေ**ကတော့ တည င်းသီး၊ ဥသျှစ်သီး၊ ဥသျှစ်ရွက်၊ ဒူးရင်းသီး၊ ဒန့်သလွန်ရွက်၊ ကုက္ကိုရွက်၊ ရှောက်ရွက်၊ မိုးနံ့ရွက်၊ ရဲယိုရွက်၊ ဥနဲ့ရွက်၊ မြင်းခွာရွက်၊ လဲ့လူရွက်၊ ကြိတ်မှန်ရွက်၊ ပိုးစာရွက်၊ ထနောင်းရွက်၊ ကြာဟင်းရွက်၊ ကြက်ဆူရိုးနီရွက်၊ သက်ရင်း ကြီးရွက်၊ ကြောင်ပန်းရွက်၊ ဖျောက်ဆိပ်ရွက်၊ မရားကြီးရွက်၊ ဂုံခါးရွက်၊ ခွေးတောက်ရွက်၊ တမာရွက်၊ သဘော်ရွက်၊ ကြောင်လျှာရွက်၊ ပင်စိမ်းရွက်၊ ဇီရာရွက်၊ နံနံပင်၊ စပါးလင်၊ မဆလာ၊ ဂျင်း (ချင်း)၊ မိုးမျှော်ငရုတ်၊ ငရုတ်သီးရှည်၊ ငရုတ်ပု၊ လသာငရုတ်၊ ကုလားအော်ငရုတ်သီးရှည်များ၊ ဆိတ်သား၊ သိုးသား၊ ယုန်သား၊ နွားသား၊ ဂျီသား၊ ခိုသား၊ ခါသား၊ ချိုးသား၊ ကြက်သား၊ ဆိတ်သားစမူဆာ၊ ဆိတ်သားပလာတာ၊ ဆိတ်သားကီးမား၊ ကြက်သားဖြင့် ပြုလုပ်သော မုန့်များ စသည်တို့ ဖြစ်ပါသည်။

ရှောင်ကြဉ်ရမည့် အစားအစာအာဟာရများကတော့ ဝက်သား၊ ဘဲသား၊ ရေကြက်သား၊ ရေစွလီသား၊ ရေဘဲသား၊ ဖျိုင်းသား၊ ပုစွန်တုပ်၊ ပုစွန်ဆိတ်၊ ဝမ်းဘဲဥ၊ ကြက်ဥ၊ ဖွတ်ဥ၊ လိပ်ဥ၊ ငါးဥအမျိုးမျိုး၊ ကိုင်းဥ၊ အင်ဥ၊ မြေဥ၊ မျောက်ဥ၊ မှိုဥ၊ ကန်စွန်းဥ၊ အာတာလွတ်ဥ၊ ပဲမြစ်၊ ထန်းမြစ်၊ အာလူး၊ ပြောင်းဖူး၊ နွားနို့၊ ကျွဲနို့၊ မြင်းနို့၊ ဆိတ်နို့၊ အုန်းနို့၊ ထောပတ်၊ ဘူးသီး၊ ဖရဲသီး၊ ကျောက်ဖရုံသီး၊ ရွှေဖရုံသီး၊ သခွားသီး၊ ရုံးပတီသီး၊ ကျီးအာသီး၊ ပဲပုပ်သီး၊ အုန်းသီးနု၊ ငှက်ပျောသီး၊ သရက်သီးစိမ်း၊ သရက်သီးမှည့်၊

www.burmeseclassic.com

www.burmeseclassic.com

မရမ်းသီးစိမ်း၊ မရမ်းသီးမှည့်၊ မာလကာသီး၊ သြဇာသီး၊ တလည်းသီး၊ စောင်းလျားသီး၊ ခရမ်းချိုသီး၊ ခရမ်းချဉ်သီး၊ ခရမ်းကစော့သီး၊ ဆီးသီး၊ ဖန်ခါးသီး၊ ဂွေးသီး၊ နှင်းသီး၊ ခဝဲသီး၊ သဖန်းသီး၊ ဆီးဖြူသီး၊ မန်ကျည်းသီးစိမ်း၊ မန်ကျည်းသီးမှည့်၊ သခွားမွှေးသီး၊ ကြံစုသီး၊ သီးသီးအစိမ်း၊ သီးသီးအမှည့်၊ ကြက်ဟင်းခါးသီး၊ ကင်းပုံသီး၊ သစ်ဆိမ့်သီး၊ ကုန်းကန်စွန်းရွက်၊ ရေကန်စွန်းရွက်၊ မန်ကျည်းရွက်၊ သနပ်ရွက်၊ သဖန်းရွက်၊ ညံ့ရွက်၊ မဲဇလီရွက်၊ ဆီးဖြူရွက်၊ ပီလောရွက်၊ လယ်ပတူရွက်၊ ပြည်ပန်းညိုရွက် စသည်တို့ကို စားသုံးခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်ပေသည်။

ဒီတစ်ပတ်ဓာတ်စာ ရှောင်ရန်၊ ဆောင်ရန်များ (ဒုတိယပတ်)

ဝါဆိုလတွင် မုတ်သုန်လေများ တိုက်ခတ်၍ မုတ်သုံမိုးရွာသွန်းဖြိုးသော ကာလဖြစ်သည်။ တောင်သူဦးကြီးများ ထွန်ရေးငင် စိုက်ပျိုးသောလဖြစ်သည်။ မြစ်၊ ချောင်း၊ အင်းအိုင်များ ရေပြည့်လျှံကာ သစ်ပင်ပန်းမာန်များ စိမ်းလန်းစိုပြည် သာယာလှပသော လလည်း ဖြစ်သည်။

စားသုံးကြရမည့် အာဟာရကတော့ ခွေးတောက်ရွက်၊ တမာရွက်၊ ဂုံခါးရွက်၊ ကြောင်လျှာရွက်၊ သဘော်ရွက်၊ ပင်စိမ်းရွက်၊ ဇီရာရွက်၊ နံနံပင်၊ မဆလာ၊ ချင်း၊ ငရုတ်သီးမျိုးစုံ၊ ငရုတ်ကောင်း၊ မိသလင်ဥ၊ နနွင်းစိမ်း၊ ကြာဟင်းဖူး၊ ဂုံမင်း၊ ဆိတ်ဖူး၊ သရက်ကင်းဥ၊ ပတဲကော၊ ဂန့်အိပ်၊ ပျဉ်းတော်သိမ်ရွက်၊ မလွှသီး၊ မလွှပွင့်၊ ကြက်သွန်ဖြူ၊ မာလာဖူး၊ တောက်တာဖူး၊ မျှစ်၊ ခံတက်ချဉ်၊ ဟင်းဂလာချဉ်၊ စောင်ချမ်းချဉ်၊ ပဲကြီး၊ ကုလားပဲ၊ ပဲနောက်၊ ပဲစင်းငုံ၊ ချင်းသုပ်၊ ချင်းယို၊ ဥသျှစ်ကင်းယို၊ ဒူးရင်းယို၊ ဇာတိပ္ပိုလ်သီးယို၊ တညင်းသီး အုန်းနို့ဆမ်း၊ ဆိတ်သားစမူဆာ၊ ဆိတ်သားပလာတာ၊ ကြက်သား၊ နွားသား၊ ဆိတ်သား၊ သိုးသား၊ ယုန်သား၊ ချိုးသား၊ ခါသား၊ ခိုသား၊ စာကလေးသား၊ ဖွတ်သား၊ ပုတတ်သား၊ ကျီသား၊ သမင်သား၊ ရှောက်ရွက်၊ ဥသျှစ်ရွက်၊ ကုက္ကိုရွက်၊ မိုးနံ့ရွက်၊ ရဲယိုရွက်၊ မြင်းခွာရွက် စသည်တို့ ဖြစ်ပါသည်။

ရှောင်ကြဉ်သင့်သည့် အစားအစာများကတော့ ဝက်သား၊ ဘဲသား၊ ရေကြက်သား၊ ရေစစ္စလီသား၊ ဗျိုင်းသား၊ ပုစွန်တုပ်၊ ပုစွန်ဆိတ်၊ ငါးသိုင်း၊ ငါးကြင်း၊ ငါးပတ်၊ ငါးဖန်း မ၊ ငါးမွေ့ထိုး၊ ငါးပြေမ၊ ငါးကျည်း၊ ငါးရှူ၊ ငါးရံ့၊ ငါးဥများ၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ၊ ဖွတ်ဥ၊ လိပ်ဥ၊ မှိုဥ၊ မျောက်ဥ၊ ကိုင်းဥ၊ အင်ဥ၊ ပိန်းဥ၊ ကန်စွန်းဥ၊ အာတာလွတ်ဥ၊ ပဲမြစ်၊ ထန်းမြစ်၊ အာလူး၊ ပြောင်းဖူး၊ နွားနို့၊ ကျွဲနို့၊ ဆိတ်နို့၊ မြင်းနို့၊ အုန်းနို့၊ ထောပတ်၊ ဘူးသီး၊ ဖရဲသီး၊ ကျောက်ဖရုံသီး၊ ရွှေဖရုံသီး၊ သခွားသီး၊ ရုံပတီသီး၊ ကျီးအာသီး၊ ပုံလုံသီး၊ အုန်းသီး၊ ငှက်ပျောသီး၊ သရက်သီးစိမ်း၊ သရက်သီးမှည့်၊ မရမ်းသီးစိမ်း၊ မရမ်းသီးမှည့်၊ ပိန္နဲသီးကင်း၊ ပိန္နဲသီးမှည့်၊ သပြေသီး၊ မင်းကွတ်သီး၊ စပျစ်သီး၊ ပန်းသီး၊ သစ်တော်သီး၊ နာနတ်သီး၊ သီဟိုဠ်သီး၊ ကနစိုသီး၊ လိမ္မော်သီး၊ ရှောက်သီး၊ သံပရာသီး၊ ကျွဲကောသီး၊ ရှောက်ချိုသီး၊ စောင်းလျားသီး၊ ခရမ်းချိုသီး၊ ခရမ်းချဉ်သီး၊ ခရမ်းကစော့သီး၊ ဆီးသီး၊ ဖန်ခါးသီး၊ ဂွေးသီး၊ နှင်းသီး၊ သဖန်းသီး၊ ခဝဲသီး၊ ဆီးဖြူသီး၊ မန်ကျည်းသီးစိမ်း၊ မန်ကျည်းသီးမှည့်၊ သခွားမွှေးသီး၊ ကြက်ဆူသီး စသည်တို့ ဖြစ်ပါသည်။

ဒီတစ်ပတ်ဓာတ်စာ ရှောင်ရန်၊ ဆောင်ရန်များ (တတိယပတ်)

အစာလည်း ဆေး၊ ဆေးလည်းအစာ ဆင်ခြင်စားသုံးပါ။

ဝါဆိုလကို မြန်မာမှုအရ ကရကဋ်ရာသီ ခေါ်သည်။ ဤလစန်းပြည့်နက္ခတ်မှာ ပြုဗ္ဗာသာဠ်ဖြစ်သည်။ ယှဉ်သောတာရာမှာ ဗျိုင်းတာရာဖြစ်ပြီး ရာသီရုပ်ကား ပုစွန်လုံးရုပ်ဖြစ်သည်။ ရာသီပွဲတော်ကား ပဉ္စင်းခံ၊ ရှင်ပြုပွဲတော်များ ကျင်းပကြပါသည်။

ရာသီစာအနေဖြင့် **စားသုံးကြရမည်မှာ** ဥသျှစ်သီး၊ ဥသျှစ်ရွက်၊ မိုးနံ့ရွက်၊ ရဲယိုရွက်၊ ဥနဲ့ရွက်၊ မြင်းခွာရွက်၊ လဲ့လူရွက်၊ ကြိတ်မှန်ရွက်၊ ပိုးစာရွက်၊ ထနောင်းရွက်၊ ကြာဟင်းရွက်၊ ကြက်ဆူရိုးနီရွက်၊ သက်ရင်းကြီးရွက်၊ ကြောင်ပန်းရွက်၊ ဖျောက်ဆိပ်ရွက်၊ မုရားကြီးရွက်၊ ဂုံခါးရွက်၊ ခွေးတောက်ရွက်၊ တမာရွက်၊ သဘော်ရွက်၊ ကြောင်လျှာရွက်၊ ပင်စိမ်းရွက်၊ ဇီရာရွက်၊ နံနံပင်၊ စပါးလင်၊ မဆလာ၊ ချင်း၊ ငရုတ်သီးမျိုး စုံ၊ ငရုတ်ကောင်း၊ မိသလင်ဥ၊ နနွင်းစိမ်း၊ ကြာဟင်းဖူး၊ ဂုံမင်း၊ ဆိတ်ဖူး၊ သရက်ကင်းဥ၊ ပတဲကော၊ ဂန့်အိပ်၊ ပျဉ်းတော်သိမ်ရွက်၊ မလွှသီး၊ မလွှပွင့်၊ ကြက်သွန်ဖြူ၊ မာလာဖူး၊ တောက်တာဖူး၊ မျှစ်၊ ခံတက်ချဉ်၊ ဟင်း

www.burmeseclassic.com

www.burmeseclassic.com

ဂလာချဉ်၊ စောင်ချမ်းချဉ်၊ ပဲကြီး၊ ကုလားပဲ၊ ပဲနောက်၊ ပဲစင်းငုံ၊ ဆိတ်သား၊ သိုးသား၊ နွားသား၊ ကြက်သား၊ ချိုးသား၊ ခိုသား၊ ခါသား၊ ဖွတ်သား၊ ပုတတ်သားတို့ ဖြစ်ပါသည်။

ရှောင်ကြဉ်ရမည့်အစားအစာတွေကတော့ ပုစွန်တုပ်၊ ပုစွန်ဆိတ်၊ ငါးဥများ၊ ကြက်ဥ၊ ဘဲဥ၊ ဖွတ်ဥ၊ လိပ်ဥ၊ မြွေဥ၊ အင်ဥ၊ ကိုင်းဥ၊ မျောက်ဥ၊ မှိုဥ၊ ကန်စွန်းဥ၊ အာတာလွတ်ဥ၊ ပဲမြစ်၊ ထန်းမြစ်၊ အာလူး၊ ပြောင်းဖူး၊ နွားနို့၊ ကျွဲ နို့၊ ဆိတ်နို့၊ မြင်းနို့၊ အုန်းနို့၊ ထောပတ်၊ ဝက်သား၊ ဝမ်းဘဲသား၊ ဗျိုင်းသား၊ ရေကြက်သား၊ ရေစစ္စလီသား၊ ဘူးသီး၊ ဖရဲသီး၊ ကျောက်ဖရုံသီး၊ ကျောက်ဖရုံရွက်၊ ရွှေဖရုံသီး၊ ရွှေဖရုံရွက်၊ သခွားသီး၊ ရုံးပတီသီး၊ ပုံလုံသီး၊ ကျီးအာသီး၊ အုန်းသီးနု၊ ငှက်ပျောသီး၊ သရက်သီးစိမ်း၊ သရက်သီးမှည့်၊ မရမ်းသီးစိမ်း၊ မရမ်းသီးမှည့်၊ ပိန္နဲသီးကင်း၊ ပိန္နဲသီးမှည့်၊ သပြေသီး၊ စပျစ်သီး၊ မင်းကွတ်သီး၊ ပန်းသီး၊ သစ်တော်သီး၊ နာနတ်သီး၊ သီဟိုဠ်သီး၊ ကနစိုသီး၊ လိမ္မော်သီး၊ ရှောက်သီး၊ သံပရာသီး၊ ကျွဲကောသီး၊ ရှောက်ချိုသီး၊ သဘော်သီးမှည့်၊ သဘော်သီးစိမ်း၊ မာလကာသီး၊ ဩဇာသီး၊ သလဲသီး၊ စောင်းလျားသီး၊ ခရမ်းချဉ်သီး၊ ခရမ်းချိုသီး၊ ခရမ်းကစော့သီး၊ ဆီးသီး၊ ဖန်ခါးသီး၊ ဝွေးသီး၊ နှင်းသီး၊ သဖန်းသီး၊ ခဝဲသီး၊ မျိုးပျက်ခရမ်းသီး၊ မန်ကျည်းသီးစိမ်း၊ မန်ကျည်းသီးမှည့်၊ ဆီးဖြူသီး၊ သခွားမွှေးသီး၊ ကြံစုသီး၊ သီးသီးအစိမ်း၊ သီးသီး အမှည့်၊ သစ်ဆိမ့်သီး၊ ကြက်ဟင်းခါးသီး၊ ကင်းပုံသီး၊ သဖွတ် ခါးသီး စသည်တို့ဖြစ်ပါသည်။

ဒီတစ်ပတ်ဓာတ်စာ ရှောင်ရန်၊ ဆောင်ရန်များ (စတုတ္ထပတ်)

ဝါဆိုလသည် ထူးခြားမြင့်မြတ်သောလ ဖြစ်သဖြင့် ''လမြတ်ဝါဆို''ဟု တင်စားခဲ့ကြပေသည်။ သန္ဓေ– တောထွက်–ဓမ္မစကြာ၊ တစ်ချက်ပြာဋိဆိုသည်နှင့်အညီ ဝါဆိုလပြည့်နေ့တွင် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ ထူးခြားသော ဖြစ်ရပ်ကြီးလေးခု ဗုဒ္ဓသာသနာတော်သမိုင်းတွင် ထင်ရှားသော မှတ်တမ်းကြီးများ ရှိခဲ့ပေသည်။

ထူးခြားမြင့်မြတ်သော ဤလဤရာသီတွင် **စားသုံးကြရမည့်အစားအစာ** အာဟာရများကတော့ ပျဉ်းတော်သိမ်ရွက်၊ ကြက်သွန်ဖြူ၊ မလွှပွင့်၊ မလွှသီး၊ မာလာဖူး၊ တောက်တာဖူး၊ မျှစ်၊ ခံတက်ချဉ်၊ ဟင်းဂလာချဉ်၊ စောင်ချမ်းချဉ်၊ ကြံစုသီး၊ ပဲကြီး၊ ကုလားပဲ၊ ပဲနောက်၊ ပဲစင်းငုံ၊ ပဲလွန်း၊ ပဲကတ္တီပါ၊ စွန်တာနီပဲ၊ ချင်းသုပ်၊ ချင်းယို၊ ဥသျှစ်ကင်းယို၊ ဒူးရင်းယို၊ ဇာတိပ္ဖိုလ်သီး၊ တညင်းသီးအုန်းနို့ဆမ်း၊ ဆိတ်သား ပလာတာ၊ ဆိတ်သားစမူဆာ၊ ဆိတ်သားဖြင့် ပြုလုပ်ထားသော မုန့်အမျိုးမျိုး၊ နွားသားဖြင့် ပြုလုပ်ထားသော မုန့်အမျိုးမျိုး၊ ကြက်သားဖြင့် ပြုလုပ်ထားသော မုန့်အမျိုးမျိုး၊ ဆိတ်သား၊ သိုးသား၊ သမင်သား၊ ဂျီသား၊ ဒရယ်သား၊ ဖွတ်သား၊ စာကလေးသား၊ ချိုးသား၊ ခိုသား၊ ကြက်သား၊ ယုန်သား စသည်တို့ကို စားသုံးခြင်းဖြင့် ကျန်းမာရေး အထောက်အကူ ပေးမည်ဖြစ်ပေသည်။

ရှောင်ကြဉ်ရမည့် အစားအစာတွေကတော့ ဝက်သား၊ ဝမ်းဘဲသား၊ ရေကြက်သား၊ ဗျိုင်းသား၊ ရေစစ္စလီသား၊ ရေဝမ်းဘဲသား၊ ငှက်ဝန်ပိုသား၊ ငှက်ကျားသား၊ ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ ငါးပတ်၊ ငါးဖန်းမ၊ ငါးသလဲထိုး၊ ငါးစင်ရိုင်း၊ ငါးခုံးမ၊ ငါးမြွေထိုး၊ ပုစွန်ဆိတ်၊ ပုစွန်တုပ်၊ ငါးဥများ၊ ဘဲဥ၊ ကြက်ဥ၊ မှိုဥ၊ ငုံးဥ၊ ဗျိုင်းဥ၊ လိပ်ဥ၊ ဖွတ်ဥ၊ ကိုင်းဥ၊ အင်ဥ၊ ပိန်းဥ၊ မျောက်ဥ၊ ကန်စွန်းဥ၊ ပဲမြစ်၊ ထန်းမြစ်၊ အာလူး၊ ပြောင်းဖူး၊ နွားနို့၊ ကျွဲနို့၊ ဆိတ်နို့၊ မြင်းနို့၊ အုန်းနို့၊ ထောပတ်၊ ဘူးသီး၊ ဘူးရွက်၊ ကျောက်ဖရုံရွက်၊ ကျောက်ဖရုံသီး၊ ရွှေဖရုံရွက်၊ ရွှေဖရုံသီး၊ ဖရဲသီး၊ သခွားသီး၊ ရုံးပတီသီး၊ ကျီးအာသီး၊ ပုံလုံသီး၊ အုန်းသီးနု၊ ငှက်ပျောသီး၊ သရက်သီးစိမ်း၊ သရက် သီးမှည့်၊ မရမ်းသီးစိမ်း၊ မရမ်းသီးမှည့်၊ ပိန္နဲသီးကင်း၊ ပိန္နဲသီးမှည့်၊ သပြေသီး၊ မင်းကွတ်သီး၊ စပျစ်သီး၊ ပန်းသီး၊ သစ်တော်သီး၊ နာနတ်သီး၊ သီဟိုဠ်သီး၊ ကနစိုသီး၊ လိမ္မော်သီး၊ ရှောက်သီး၊ သံပရာသီး၊ ကျွဲကောသီး၊ ရှောက်ချိုသီး၊ သဘော်သီးစိမ်း၊ သဘော်သီးမှည့်၊ မာလကာသီး၊ ဩဇာသီး၊ တလည်းသီး၊ စောင်းလျားသီး၊ ခရမ်းချဉ်သီး၊ ခရမ်းချိုသီး၊ ခရမ်းကစော့သီး၊ ဆီးသီး၊ မျိုးပျက်ခရမ်းသီး၊ မန်ကျည်းသီးစိမ်း၊ မန်ကျည်းသီးမှည့်၊ ဆီးဖြူသီး၊ သခွားမွှေးသီး၊ ကြံစုသီး၊ ဆီးသီးစိမ်း၊ ဆီးသီးမှည့်၊ သစ်ဆိမ့်သီး၊ ကြက်ဟင်းခါးသီး၊ ကင်းပုံသီး စသည်တို့ကို မစားသင့်ပါ။

သမားတော်ကြီးဒေါက်တာသက်ဆွေ (ရွှေဆောင်တွင်ဆွေ)

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဖွင့်ရက်

နန္ဒာမိုးကြယ်

- တစ်ပေါက်,နှစ်ပေါက် တဖြောက်ဖြောက်
  မိုးဦးရာသီရောက်။

- လန်းရှင်ညွှန့်ညော က် ရွက်သစ်ဆင်
  ဖူးပုရစ်ဝေလွင်၊
  လယ်သားမြေပြင် ထယ်တွန်ထိုး
  ကောက်ပင် တစ်ရေးနိုး။

- ဉာဏ်ရည်တိုးမြင့် ဖြိုးဝင့်ကာ
  တတ်သိအလိမ္မာ၊
  ကျောင်းတော်ရှိရာ သွားရောက်လို့
  ကျောင်းအပ်ကြပါစို့။

- ရေးလို့ဖတ်လို့ တွက်ချက်မည်
  ထူးချွန်စေဖို့ရည်၊
  ပညာဟူသည် မြတ်ရွှေအိုး
  ဘယ်သူမှ မခိုး။

- တိုင်းကျိုးပြည်ကျိုး သယ်ပိုးရန်
  ရည်မှန်း ဇွဲစိတ်သန်၊
  ကျောင်းမှန်မှန်တက် စာတွေကျက်
  ထူးချွန်ထက်မြက်ရ . . . မယ်လေး။ ။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရောင်ခြယ်ခြင်းအစ

ခင်ပုပ်နှင့် ကျီးက

ကျော်ဇောဟိန်း(နံ့သာ)

ရှေးသရောအခါက ကျီးဖြူလေးနှင့် ခင်ပုပ်ငှက်တို့ဟာ အလွန်ခင်မင်ကြသော သူငယ်ချင်းငှက်များ ဖြစ်ကြလေတယ်။ တစ်နေ့သောအခါ ကျီးဖြူလေးက ခင်ပုပ်ကို ပြောတယ်။

"ကျွန်တော်တို့ ဒီအတိုင်း အဖြူရောင်သက်သက်နဲ့ နေရတာ မလှပါဘူး အစ်ကိုကြီးခင်ပုပ်ရာ။ ဆေးရောင်တွေ ရှာဖွေပြီး တစ်ယောက်တစ်လှည့်စီ လှပအောင် ဆေးရောင်ခြယ်ကြရင် မကောင်းဘူးလား အစ်ကိုကြီး ခင်ပုပ်ရာ"

ဟု မေးတဲ့အခါ ခင်ပုပ်ငှက်က

"အေး ... ကောင်းသားပဲ။ မင်း ဆေးရောင်တွေက ဘယ်ကရမှာလဲ"

ကျီးဖြူလေးက –

"ဆေးရောင်အတွက်ကတော့ မပူပါနဲ့။ မင်သီးလို့ခေါ်တဲ့ အသီးလေးတွေကို ယူလာပြီး ရေနဲ့စိမ်လိုက်ရင် နက်ပြာရောင်ဖြစ်တယ်။ အနီရောင်သီးနေတဲ့အထဲ အသားများပါ နီနေတဲ့ အသီးကို ရေနဲ့ဖျော်ပြီး အနီရောင် ဆိုးမယ်။ အခြားအရောင်တွေလည်း ဒီလိုပဲ ရှာဖွေရမှာပေါ့ အစ်ကိုကြီးခင်ပုပ်ရာ"

ခင်ပုပ်ငှက်က –

"အေး ... ကောင်းသားပဲ"

ဆို၍ ကျီးဖြူလေးနှင့် ခင်ပုပ်ငှက်တို့သည် အရောင်များရအောင် ရှာဖွေကြလေသည်။ အရောင်များကို ရှာဖွေပြီး ဖော်စပ်ကြလေသည်။

ဆေးရောင်များ ဖော်စပ်ပြီးသောအခါ ကျီးဖြူလေက အစ်ကိုကြီး ခင်ပုပ်ငှက်ကို အရင်ဆုံး ဆေးရောင်ခြယ်ထားပေးလေသည်။ ကျောရိုးပိုင်းက နက်ပြာရောင်နှင့် အညိုရောင်၊ အောက်ပိုင်းက အဖြူရောင်၊ လည်ပင်းက မည်းနက်သောရောင်၊ ထိုအရောင်များထဲမှ အဖြူရောင်အပေါက်အပေါက်ကလေးများ အစက်ချ။ နောက် ဆေးခြယ်မှု ပြီးဆုံးသွားလေသည်။ ကျီးဖြူလေးက –

"အစ်ကိုကြီးခင်ပုပ်၊ ကျွန်တော့်ကို လှလှပပဖြစ်အောင် ဆေးခြယ်ပေးနော်"

ခင်ပုပ်ငှက်ကလည်း ကျီးဖြူလေးကို ဆေးရောင်ခြယ်ပေးနေသည်။ ခင်ပုပ်ငှက်သည် နှုတ်သီးအနည်းငယ်ကောက်နေသောကြောင့် သူထင်သလို ဆေးရောင်များ ခြယ်ပေး၍တွင် ခရီးမပေါက်ဘဲ အချိန်သည် လွန်

www.burmeseclassic.com

www.burmeseclassic.com

စွာ ကြာသွားလေသည်။ ထိုနောက် စိတ်မရှည်ဘဲ မင်းရောင်ကို ကျီးဖြူ လေးပေါ်သို့ အကုန်လုံး လောင်းချ လေတော့သည်။

ကျီးဖြူလေးပေါ်သို့ အနက် ရောင်မင်များ လောင်းချလိုက်သော ကြောင့် ကျီးဖြူလေးသည် ဖြူနေရာမှ အားလုံး အနက်ရောင်ဖြစ်သွားပြီး အနက်ရောင်မင်အိုး၏ အရည်များ ကြောင့် ကျီးဖြူလေးမှာ မွန်းသွားကာ

"အစ်ကိုကြီးခင်ပုပ် ဘယ်လို လုပ်လိုက်တာလဲဗျာ"

ကျီးဖြူလေးသည် ခင်ပုပ်အပေါ် ဒေါကန်ပြီး သစ်ပင်တစ်ပင်ပေါ်သို့ ပျံ တက်၍ ဟိုခုန်ပျံ သည်ခုန်ပျံဖြင့် ဂနာ မငြိမ်ဖြစ်ကာ ကျီးဖြူလေးက ခင်ပုပ် ငှက်ကို -

"ကျွန်တော့်မှာရှိနေတဲ့ မူရင်း အဖြူရောင်မှာ လုမလာဘဲ အနက် ရောင်လုံးလုံးဖြစ်သွားပြီ။ အဲဒါ ဘယ် လို လုပ်မလဲ"

ခင်ပုပ်ငှက်က -

"ငါလည်း ဆေးရောင်ခြယ်ပေး ရင်း ခြယ်ပေးရင်းနဲ့ ငါ့နှုတ်သီးက ယူရ ခက်နေလို့ ကြာတော့ စိတ်မရှည်ဘဲ အခုလိုလုပ်မိတာ ခွင့်လွှတ်ပါကွာ"

"ကျွန်တော့်ကို အနက်ရောင် ဖြစ်အောင်လုပ်ပေးတဲ့ အစ်ကိုကြီးခင် ပုပ်ကို ဘယ်တော့မှမကျေဘူး"

ဟု ပြောကာ ကျီးဖြူလေးမှ ကျီး နက်ကလေးဖြစ်သွား၍ တအာအာ အော်ရင်း အခြားတစ်နေရာသို့ ထွက် သွားလေတော့သည်။

တစ်နေ့သောအခါ ငှက်အပေါင်း တို့လည်း စည်းဝေးတိုင်ပင်ကြလေ သည်။ ဥဒေါင်းငှက်က -

"ငါတို့လည်း အခြားသတ္တဝါ တွေလို သင့်တော်တဲ့ ငှက်တစ်ဦးဦးကို ရွေးချယ်ပြီး မင်းမြှောက်ရမယ်။ မင်းမဲ့ တိုင်းပြည်ဆိုတာ မရှိကောင်းဘူး။ အခြေနှစ်ချောင်းရှိတဲ့ လူသားတွေမှာ လည်း လူမင်းဆိုတာရှိတယ်။ အခြေ လေးချောင်းရှိတဲ့ သတ္တဝါထဲမှာလည်း ခြင်္သေ့ကို မင်းမြှောက်ထားကြတယ်။ ရေသတ္တဝါထဲမှာလည်း ငါးကြီး အာ နန္ဒာကို မင်းမြှောက်တယ်။ ငါတို့ ငှက် သတ္တဝါတွေထဲမှာလည်း ဘယ်သူ့ကို မင်းမြှောက်တင်ရမယ်ဆိုတာ စဉ်းစား ကြပါဦး"

အစည်းအဝေးပွဲကို တက်ရောက် လာတဲ့ ငှက်အားလုံးဟာ တစ်ကောင် နှင့်တစ်ကောင် ကြည့်ပြီး အကဲခတ် ကြည့်ရှုကြပြီး နောက်ဆုံးမှာတော့ အားလုံး သဘောတူညီချက်အရ ခင် ပုပ်ငှက်ကို မင်းအဖြစ် တင်မြှောက်ဖို့ အဆိုပြုပါတယ်။ ခင်ပုပ်ငှက်က -

"အစည်းအဝေးထုံးစံအတိုင်း ကန့်ကွက်သူများ ရှိပါသေးသလား ခင်ဗျာ"

မေးတဲ့အချိန် နှစ်ကြိမ်မြောက် မှာ ကျီးကန်းက -

"ကန့်ကွက်ပါတယ်"

ဥဒေါင်းငှက်က -

"ကျီးကန်း ဘာကြောင့်ကန့် ကွက်ပါသလဲ ဖြေရှင်းချက်ပေးပါ"

ကျီးကန်းက -

"အခု ငှက်အပေါင်းတို့ တင် မြှောက်မယ့် မင်းလောင်း ခင်ပုပ်ငှက် ကို ပထမဆုံးအနေနဲ့ ရုပ်အင်္ဂါကို ကြည့်ပါ။ သူဟာ အမျက်ဒေါသ မထွက်ခင်မှာတောင် မျက်နှာထား ဘယ်လောက်ခက်ထန်နေသလဲ . . .။ တကယ်လို့များ မင်းဆိုတဲ့ ရာဇာမာန် နဲ့များ ဒေါသထွက်မယ်ဆိုရင် ကြောက် စရာ ဘယ်လောက်ကောင်းမလဲ။ နောက်ပြီး သတ္တဝါငှက်တွေအပေါ် လည်း စိတ်ရှည်ပြီး ကြင်နာတတ်တဲ့ သူ မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော် တို့ ကျီးအပေါင်းက ခင်ပုပ်ငှက်ကို မင်းမြှောက်ခြင်းမှ ကန့်ကွက်ပါတယ် ခင်ဗျား"

ဟု ပြောပြီး ကျီးကန်းသည် ထ ပြန်သွားလေသည်။ ခင်ပုပ်ငှက်က မင်းဖြစ်ခါနီးမှ ကျီးကန်း၏ ကန့်ကွက် မှုကြောင့် အခုလို ငှက်မင်းမဖြစ်ရတာ ကျီးကန်းတွေကြောင့်ဆိုပြီး ကျီးကန်း များနောက်သို့ ထိုးဆိတ်ရန် ပျံ၍လိုက် သွားလေတော့သည်။ ကျန်ရစ်ခဲ့သော ငှက်အပေါင်းက အဆင်းတင့်တယ်ပြီး သိက္ခာရှိတဲ့ ရွှေဟင်္သာငှက်ကို မင်း အဖြစ် တင်မြှောက်လိုက်လေတော့ သတည်း။

ထိုအချိန်မှစ၍ ခင်ပုပ်နှင့် ကျီး သည် ကမ္ဘာ့ရန်အစဖြစ်ကာ ကျီးနှင့် ခင်ပုပ်တို့သည် တွေ့လျှင် အမြဲတမ်း ထိုးဆိတ်နေလေသည်။ ကျီးကန်းများ က အုပ်စုများသောကြောင့် ခင်ပုပ် ငှက်က နေ့ဘက်များတွင် ရှောင်နေ တတ်လေသည်။ သစ်ခေါင်းများ ထူ ထပ်သော သစ်ရွက်များကြား၌ ပုန်း အောင်း၍ နေလေ့ရှိပြီး ညအခါများ၌ သာ ထွက်လာပြီး အစာရှာဖွေခြင်းနှင့် ကျီးကန်းများကို ပြန်လည်တိုက်ခိုက် ခြင်း ပြုလုပ်လေတော့သတည်း။

ကျော်ဇောဟိန်း(နံ့သာ)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ကျောက်ဆောင်ပေါ်က အထီးကျန် သရဲမလေး

■ မင်းဟိန်းထိဝ်

နွေလ တစ်ဝက်ကျိုးခဲ့ပြီ။ သင်္ကြန်လွန်၍ ကဆုန်လထဲသို့ပင် ဝင်ရောက်လာခဲ့ပြီ။ ထို့ကြောင့် မိုးနံ့သင်းလာပြီဖြစ်၍ တောတန်း၊ တောင်စွယ်များ အရောင်အဆင်းပြောင်းပြီး ရွက်ဟောင်းများခြွေကာ ရွက်သစ်ဝေလျက် တစ်မျိုးတစ်မည် လှပ၍နေသည်။

ဤအချိန်ကိုသာ ပွင့်လင်းရာသီဟု သတ်မှတ်ရန် သင့်မည်ဟု ထင်သည်။ အများအားဖြင့် သစ်ပင်၊ ဝါးပင်များ ရွက်နုစုံသည်မှာလည်း ကဆုန်လရာသီပင်ဖြစ်သည်။ အဖူးအပွင့်၊ အကင်း၊ အသီးများသည်လည်း ရွက်နုနှင့် တစ်ဆက်တည်းသာ ပါလာတတ်သည်။

ထို့နောက် ငှက်ကလေးများ ယဉ်ပါး၍ ဥခြင်း၊ ပေါက်ခြင်း၊ အပျံသင်ခြင်းကို ပြုကြသည်မှာလည်း ဤကဆုန်လနှင့် နယုန်စသော ရာသီလများမှာသာဖြစ်သည်။ ထို့ကြောင့် ယခုအခါသည် တောတောင်များ ပွင့်လန်းပြီး သာယာသော အချိန်ပင် ဖြစ်လေသည်။

မောင်အေးချမ်းသည် ဗိုလ်တဲရှေ့လမ်းမတွင်လျှောက်ရင်း ပတ်ဝန်းကျင်တောတောင်၏ အလှအပ ရှုမျှော်ခင်းများကို ကြည့်ရှုခံစားနေမိသည်။ ရခိုင်ရိုးမကြီးကို တစ်မျှော်တစ်ခေါ် ကြည့်သည်။

အရှေ့၊ အနောက်၊ တောင်၊ မြောက် ဝဲယာ အနိမ့်အမြင့်မညီသော တောတန်း၊ ရိုးတန်းကြီးများမှာပင် ပင်လယ်ဒီလှိုင်းကြီးများသဖွယ် ကြည့်မဆုံး မျှော်မဆုံးအောင်ပင် ရှိနေလေသည်။ ဆေးပန်းချီတို့ ရေးသရွေ့ မမီနိုင်ကြဟု ဆိုသည်မှာ ဤမြင်ကွင်း ရိုးမကြီးတို့၏ ရှုမျှော်ခင်းများသာလျှင် ဖြစ်ဖွယ်ရှိသည်။

ကြည့်လေရာရာ သာယာဘိသည်။ ရိုးတံနီ သစ်အုပ်ထဲ၌ ငှက်ကလေးတစ်သိုက် တီတီတာတာ ကျီကြားထိုးလျက် စွက်စွက်ညံနေကြသည်။ သားပေါက်များကို အပျံသင်နေကြခြင်းဖြစ်၏။ တချို့ ဟိုဘက်တောင်၊ သည်ဘက်တောင်များသို့ ကူးသန်းပျံသွားနေကြသည်။

ချေဟောက်သံ၊ ဆတ်တစ်သံများကိုမူ ရံခါသာ ကြားရတတ်သည်။ ချေ၊ ဆတ်၊ တောဝက် စသော သားကောင်များမှာ မြေပြန့်ဝန်းကျင် တောနှ၊ ဖုန်းဆိုးတောများမှာသာ ကျင်လည်ကြသည်ကများ၏။ ယခုလို ရခိုင်ရိုးမတောနက်ကြီးထဲ၌ မြေပြန့်ဖုန်းဆိုးတောများကဲ့သို့ အစာမပေါသောကြောင့်ပင် အနေနည်းကြခြင်း ဖြစ်မည်ထင်သည်။ ထို့ကြောင့် ရိုးမတောနက်ထဲ၌ ချေ၊ ဆတ်၊ တောဝက် စသည့်သားကောင်များကိုမူ ရံခါမျှသာ တွေ့ရတတ်သည်။

ဟင်းကောင်၊ ဟင်းမျိုးဟု စီးစီးပိုးပိုး တောကျိုးသွားလောက်အောင် နာမ်နိမ်သည့်သဘောဖြင့် တင်စားကာ ခေါ်လေ့ရှိကြသော ရိုးကျားကြီးများကိုမူ မကြာခဏဆိုသလိုပင် တွေ့ရတတ်သည်။

သို့သော်လည်း တောစောင့်နတ်များမကြိုက်၊ စည်းပေါက်လောက်အောင်လည်း မပြုမူလျှင် ရိုးကျားကြီးများကိုလည်း ကြောက်ရန်မလိုပေ။ သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွား ဆိုသကဲ့သို့သာ ရှိသည်။ အမှတ်တမဲ့ လူများကို ရန်သတ္တရ ပြုလေ့လည်း မရှိပေ။

မောင်အေးချမ်းသည် ရခိုင်ရိုးမ မင်းဘူး-အမ်းလမ်း၌ အလုပ်သမားခေါင်းဆောင်အဖြစ်ဖြင့် ကျင်လည်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com

သည်မှာ နှစ်နှစ်နီးပါး ရှိခဲ့ပြီ။ ရိုးမလမ်းဘေး ကြက်ရေစမ်းစခန်းအနီး၌ ချေကိုသာ တစ်ခါမျှ တွေ့ဖူးသေးသည်။ ရိုးပေါက် သရွက်ချောင်းကြီးထဲသို့ ငါးဖမ်းဆင်းကြရင်း ဆတ်ကို သုံးလေးကြိမ် တွေ့ဖူးသည်။ တောဝက်များကိုမူ တစ်ခါမျှပင် မတွေ့ဖူးသေးပေ။

ရိုးကျားကြီးများကိုမူ အကြိမ်များစွာ တွေ့ခဲ့ဖူးပြီ။ သို့သော်လည်း တောစည်းကမ်းများကို ချိုးဖောက်ခြင်း တစ်ကြိမ် တစ်ခါမျှ မရှိ၍ထင်၏။ ဆိုခဲ့သည့်အတိုင်း ရန်သတ္တရုပ်ပြခြင်းကို မခံဖူးပေ။

ယခုလည်း မောင်အေးချမ်း ဗိုလ်တဲကြီးတွင် တစ်ယောက်တည်း နေသည်။ ကျောက်တစ်လွှာခင်းပြီးနောက် ကတ္တရာပုံးများ ရောက်မလာသေး၍ နေရပ်ကို အခိုက်အတန့်မျှ အလုပ်သမားများ ပြန်သွားကြသည်။

ရံခါ ရိုးကျားကြီးများ ဗိုလ်တဲနားသို့ ရောက်လာတတ်သည်ကို မိုးလင်းမှ ခြေရာကိုမြင်၍ သိရသည်။ ရံခါ ညဦးပိုင်း၌ မောင်အေးချမ်း အိပ်ရာမဝင်မီ ခပ်လှမ်းလှမ်းဆီက ရိုးကျားကြီး ဖြတ်သွားတတ်သည်ကိုလည်း လရောင်ရှိလျှင် မြင်ရတတ်သည်။

ကျားများ လူမနေသော တဲ/အိမ်များထဲသို့ ဝင်အိပ်တတ်သည်ဟု မောင်အေးချမ်း ကြားဖူးသည်။ ထို့ကြောင့် ဗိုလ်တဲထဲ၌ တစ်ယောက်တည်း နေသော်လည်း မောင်အေးချမ်း ညမီးဖိုခြင်း၊ တုံးခေါက်ပြီး အသံပေးခြင်းများကို တစ်နေ့ သုံးလေးကြိမ်မျှ လုပ်ထားသည်။

မောင်အေးချမ်းတို့ ဗိုလ်တဲကြီး၏ အောက်ဘက် ရေစမ်းနားတွင် အခိုင်အခံ့ တဲအိမ်ကြီး ဆောက်လုပ်ပြီးနေကြသော မိသားတစ်စုတော့ရှိသည်။ သူတို့မှာ အလုပ်သမားများ မဟုတ်ကြပေ။ မောင်အေးချမ်းသို့ သည်စခန်းသို့ မရောက်မီ ရှေ့အဖို့ကပင် ရှိနေကြသော မိသားစုသာ ဖြစ်သည်။

မောင်အေးချမ်းတို့ လမ်းလုပ်သားများနှင့် ခပ်ကင်းကင်းနေကြသောကြောင့် သူတို့ ဘယ်အရပ်က ဘာစီးပွားရေး လုပ်ကိုင်သည်ဟူ၍ပင် မသိပေ။ သူတို့မှာ မိသားစုသုံးယောက် ရှိသည်။ ဦးကျင်အောင်၊ ဒေါ်ခင်မြသူ၊ သမီးအပျိုဖြန်းလေးမနန်းမြင့်သူ စသည်ဖြင့်။

မောင်အေးချမ်းတို့ အလုပ်သမားများ အမ်း/မင်းဘူး တစ်ဖက်ဖက်သို့ ဈေးကားသွား၍ သူတို့မိသားစုထဲက ဈေးလိုက်လျှင် ဆုံကြသည်။ ခရီးကြုံလမ်းကြုံ စကားတစ်ခွန်းတလေ ပြောဖြစ်ကြသည်။ ထိုမျှသာ။

သူတို့မိသားစုကို မောင်အေးချမ်းတို့ စိတ်ဝင်စားကြသည်မှာ ဦးကျင်အောင်သည် အသက် ၆၀ ကျော် အရွယ်ရှိပြီး ဒေါ်ခင်မြသူသည် အသက် သုံးဆယ်ကျော်လေးမျှသာ ရှိသည်။ တစ်ယောက်နှင့်တစ်ယောက် အသက်ထက်ဝက်ချီးမျှအထိ ကွာသည်ကိုပင် ဖြစ်သည်။

လူငယ်တို့သဘာဝ အိမ်ထောင်ဘက် မညီမျှလျှင် ယောကျ်ားက ကြီးသည်ဖြစ်စေ မိန်းမကပင် ကြီးသည်ဖြစ်စေ ကိုယ်နှင့်မဆိုင်သော်လည်း မကျေမနပ် ဖြစ်တတ်ကြသည်။

သို့သော် သူတို့လင်မယားမှာ ဒေါ်ခင်မြသူသည် ကိုယ်လုံးပြည့်ပြည့် မျက်နှာဝိုင်းဝိုင်းနှင့် မိန်းမဆိုက်ကျကျ ချောသော်လည်း သိပ်ပြီးမထန်ပေ။ သွားလာလှုပ်ရှားရာတွင် အနည်းငယ်ချည့်သည့် သဘောမျိုးဖြစ်သည်။ အမြင်အာရုံလည်း ကြည်ပုံမရပေ။

သမီးအပျိုဖြန်းမလေး နန်းမြင့်သူသည်လည်း မိခင်ကဲ့သို့ပင် ရုပ်ချောသည်။ ယခုအချိန်ကပင် အမျိုးသမီးတစ်ယောက်၌ ရှိသင့်သော ချစ်စရာလေး ပြည့်စုံလာနေပြီဖြစ်သည်။

ဖခင်ဖြစ်သူ ဦးကျင်အောင်မှာလည်း အသက် ၆၀ ကျော် အရွယ်ဖြစ်သည့်တိုင်အောင် အသားဖြူဖြူ အရပ်မြင့်မြင့်ဖြင့် လူသန်ကြီးတစ်ယောက်ဖြစ်သည်။ ကျန်းမာရေးကိုလည်း လိုက်စားပုံရသည်။

မနက်စောစော လမ်းလျှောက်တိုင်း ကိုယ်လက်လှုပ်ရှားကာ လေ့ကျင့်ခန်းများ ပြုလုပ်သည်ကို တွေ့ရသည်။ ရံခါ နှစ်လုံးပြူးလွယ်ပြီး ခြောက်လုံးကိုထုတ်ကိုင်ကာ ဗိုလ်ဆန်ဆန် လျှောက်သွားနေသည်ကိုလည်း တွေ့ရသည်။ သစ်ပင်များကို လက်တည့်စမ်းရင်း တဒိုင်းဒိုင်းဖြင့်လည်းပစ်နေတတ်သည်။ မျက်နှာကြောတင်းတင်းကြီးဖြင့် တဖောက်ကန်နိုင်မည့် သဘောရှိသည်။

မောင်အေးချမ်းက သူတို့မိသားစုအကြောင်းကို စဉ်းစားနေချိန်မှာပင် နန်းမြင့်သူကို ဖျတ်ခနဲ မြင်လိုက်ရပြီး ဗိုလ်တဲကြီးနောက်ဘက်သို့ ကွယ်သွားသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် နန်းမြင့်သူသည် တစ်စုံတစ်ခု အကြောင်းရှိ၍ပင် လာလေသလားဟု ထင်၍

www.burmeseclassic.com

www.burmeseclassic.com

မောင်အေးချမ်း စောင့်ကြည့်နေသည်။

နန်းမြင့်သူ ပေါ်မလာပေ။

နန်းမြင့်သူသည် ယခင်ကလည်း မောင်အေးချမ်းနှင့် ရင်းရင်းနှီးနှီး စကားပြောဆိုဖူးခြင်းမရှိ၍ပင် သူ့တစ်စုံတစ်ခု ကိစ္စရှိသည်ကို မပြောရဲဘဲ ပြန်သွားလေသလားဟု ယူဆရသည်။

မောင်အေးချမ်း ဗိုလ်တဲကြီးသို့ ပြန်ဝင်လာခဲ့သည်။ စားပွဲမှာထိုင်ပြီး မှတ်တမ်းစာအုပ်ကြီးကိုဖွင့်ကာ ကတ္တရာပုံးများ ရောက်လာလျှင် ဆက်လုပ်ရမည့် လုပ်ငန်းစဉ်များကို ကြည့်နေသည်။ မိုးကျရန် နီးနေပြီဖြစ်၍ ကတ္တရာပုံးများ ရောက်လာလျှင် ချက်ချင်းပင် အလုပ်ဝင်နိုင်ရန် ပြင်ဆင်ထားရပေမည်။

ထိုအခိုက်မှာပင် နန်းမြင့်သူသည် ဗိုလ်တဲကြီးရှေ့သို့ ရောက်လာပြီး တံခါးဝက မောင်အေးချမ်းအား တစ်ချက်ကြည့်ကာ ဗိုလ်တဲကြီး၏ ရှေ့တွင်ရှိသော တန်းလျားမှာ ထိုင်သည်။

နန်းမြင့်သူတို့တဲအိမ်ကြီးက တစ်ယောက်မျှ မောင်အေးချမ်းတို့ ဗိုလ်တဲကြီးသို့ လာဖူးခြင်းမရှိပေ။ ဈေးလိုက်လိုလျှင်လည်း အခြေအနေကို ကြည့်ပြီးသော ဈေးကားကြီး ထွက်ခါနီးတွင် တက်လိုက်လေ့ရှိသည်။

ထိုသို့သဘောရှိ၍ ယခု နန်းမြင့်သူလာခြင်းမှာ တစ်စုံတစ်ခု ထူးခြားနေသလို မောင်အေးချမ်း ထင်နေမိသည်။ မောင်အေးချမ်းကို ကြည့်လိုက်၊ ကွယ်သွားလိုက်နှင့်လည်း နှစ်ကြိမ်ရှိပြီ။ ထို့ကြောင့် မောင်အေးချမ်း လှမ်းမေးကြည့်လိုက်၏။

"နန်းမြင့်သူ ကိစ္စများရှိသလား"

"ဟုတ်ကဲ့"ဟု ဆိုကာ နန်းမြင့်သူ အထဲသို့ ဝင်လာသည်။ မောင်အေးချမ်း ရှေ့က ဝါးကုလားထိုင်မှာ ထိုင်သည်။ ထို့နောက် မောင်အေးချမ်းအား တစ်ချက်ကြည့်ပြီး မျက်လွှာချနေသည်။

"ဘာများလဲ နန်းမြင့်သူ"

နန်းမြင့်သူ တစ်အောင့်မျှ ငြိမ်နေ၏။ ထို့နောက် သူလာရင်းကိစ္စကို ဘွင်းဘွင်းကြီးပင် ဖွင့်ပြောလေသည်။

"ကိုအေးချမ်း နန်းမြင့်ကို ယူရမယ်"

"ဘာ..."

နန်းမြင့်သူက အမှတ်မထင် ပြောလိုက်၍ မောင်အေးချမ်း အံ့သြသွား၏။ နန်းမြင့်သူကိုလည်း အထူးအဆန်းဖြစ်ကာ ကြည့်သည်။ နန်းမြင့်သူကမူ မျက်လွှာချ၍နေသည်။

"ဘာဖြစ်လို့တုံး"

ဟု မောင်အေးချမ်းက မေးလိုက်သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့။ ချစ်တယ်လို့ပဲ ထားလိုက်ပါ"

"ဟောဗျာ..."

မောင်အေးချမ်း ရယ်မိမလို ဖြစ်သွားသည်။ မောင်အေးချမ်း နန်းမြင့်သူ ပြောသော စကားကို နားမလည်နိုင်ဖြစ်နေသည်။ ဤကလေးမ အဘယ်ကြောင့် ဤစကားကို ပြောတာပါလိမ့်။

နန်းမြင့်သူ ပြောသည်ကို မိန်းကလေးတစ်ယောက်က တကယ်မေတ္တာစစ် မေတ္တာမှန်နှင့် ပြောသောစကားဟု မောင်အေးချမ်း မယုံကြည်မိပေ။ အကြောင်းတစ်ခုခုကြောင့် ပင် ပြောလေသလား။ သို့တည်းမဟုတ် စိတ်ကစားတတ်သော အရွယ်ကြောင့်ပင် စိတ်မှာထင်သည်ကို လွှတ်ခနဲ ပြောလိုက်လေသလားဟုလည်း ထင်မိသည်။ နားလည်ရခက်သည်။

နန်းမြင့်သူကမူ သူ့စကားနှင့်သူ ရှက်နေ၍လော မသိ။ မျက်လွှာချ၍သာ နေလေသည်။ သူ့မျက်နှာကို ကြည့်ရသည်မှာလည်း ချစ်သွေးလေး ရှိသလောက်သာရှိပြီး အခြားအကြောင်း တစ်ခုခုလည်း ရှိနိုင်သည်ဟု ယူဆရသည်။

"နန်းမြင့်သူ ငါ့ကို ဘာကြောင့် ချစ်ရေးဆိုတာလဲ။ အဲဒါ ငါသိချင်တယ်၊ ပြောနိုင်ရင် ပြောပြပါလား"

"ချစ်လို့ပါဆိုမှ။ အဲလိုသာမဟုတ်ရင် မိန်းကလေးတစ်ယောက်က အပြန် ချစ်ရေးဆိုတာ ရှိလို့လား။ နန်းမြင့် ဒါပဲ ပြောတတ်တယ်"

"ငါ နန်းမြင့်သူကို တစ်ခါမျှ ရည်းစားစကား မပြောဖူးဘူးလေ"

"ဒါကြောင့် အခု နန်းမြင့်က အပြန်ပြောတာပေါ့"

မောင်အေးချမ်း သက်မတစ်ချက်ကို ချလိုက်၏။ ရယ်ချင်စိတ်ကိုလည်း ထိန်းထားရသည်။ ထို့နောက် ဆက်မေးလိုက်သည်။

"နန်းမြင့်သူက ကိုယ့်ကို အပြန်ချစ်ရေးဆိုတယ်ဆိုတော့ ဘယ်အချိန်ကပင် ချစ်နေတာလဲ။ အခုချစ်မိလို့ အခုချစ်ဆိုတာတော့ ဖြစ်နိုင်ပါ့ဘူး"

"ကိုအေးချမ်းကြီး မနက်စောစော သူငယ်ချင်းတွေနဲ့ လမ်းလျှောက်ပြေးနေတုန်း၊ ပြီးတော့ ဘောလီဘောပုတ်နေတုန်းတွေမှာ နန်းမြင့် ထရံပေါက်ကနေ

www.burmeseclassic.com

www.burmeseclassic.com

ဒိုးဒိုးကြည့်တယ်။ အဲဒီတုန်းကပင် ချစ်နေတာ"

မောင်အေးချမ်း အသံထွက်အောင် တစ်ချက်ရယ်လိုက်ပြီး -

"နန်းမြင့်သူရာ…နှင့်အသက်က အခုမှ ဆယ်ကျော်သက်ကလေး ရှိသေးတာ။ ရည်းစားထားဖို့တောင် မသင့်သေးပါဘူး။ အဲတာ ကိုယ့်ကိုယူပါဆိုတာ ဖြစ်နိုင်ပါ့မလား"

"ဘာလို့မဖြစ်နိုင်ရမှာလဲ။ အခု နန်းမြင့် အပျိုဖြစ်နေတာ ခြောက်လတောင် ပြည့်တော့မယ်။ အသက်လည်း ၁၄ နှစ် ပြည့်တော့မယ်လေ"

"အေးလေ။ ဒါပေမဲ့ ဒီအရွယ်လေးက ရည်းစားထားတယ်၊ လင်ယူတယ်ဆိုတာ ရှိလို့လား"

"ဘာလို့ မရှိရမှာလဲ။ တချို့ကောင်မလေးတွေဆို လေးတန်းကျောင်းသူအရွယ်ပင် ရည်းစားထားကြတာပဲ။ နန်းမြင့် ကျောင်းတက်တုန်းက ငါးတန်းရောက်တာနဲ့တောင် ရည်းစားစာ ပေးကြသေးတာပဲ။ နန်းမြင့် ဂရုမစိုက်ခဲ့ပါဘူး။ အဲဒီတုန်းက အသက်လည်း ၁၁ နှစ်ပဲ ရှိသေးတယ်လေ"

"အခု နန်းမြင့်သူ ကျောင်းမနေတော့ဘူးလား"

"မနေတော့ပါဘူး…။ နန်းမြင့် ကျောင်းထွက်နေတာ သုံးနှစ်တောင် ကျော်ခဲ့ပြီပဲ"

မောင်အေးချမ်း ခေါင်းညိတ်လိုက်၏။ ထို့နောက် ပြောသည်။

"မဖြစ်နိုင်ပါဘူး နန်းမြင့်သူရာ။ တော်ကြာ နှင့်အမေ သိသွားလို့ ပြောနေလိမ့်မယ်"

"အမေက ယူနိုင်းတာ"

"ဘာ…"

အလွန်အမင်းပင် မောင်အေးချမ်း အံ့ဩသွားရလေ၏။ မထင်မှတ်သော စကားကို ကြားလိုက်ရပြန်သည်။ ထို့နောက် တစ်အောင့်ကြာအောင်လည်း ငေးသွားသည်။ နန်းမြင့်သူပြောသော စကားကို လျှော့တွက်ရန် မသင့်ဟု ထင်သည်။ လေးလေးနက်နက် ထားရမလို ဖြစ်သည်။ အကြောင်းထူးတစ်ခုခု ရှိလောက်သည်။

ထို့ကြောင့် အကြောင်းကို မသိရသေးမီ မောင်အေးချမ်းက ခါးခါးသီးသီး ငြင်းပယ်လိုက်လျှင် တစ်စုံတစ်ခု ဖြစ်ကောင်းဖြစ်သွားနိုင်သည်။ မိန်းကလေးတို့၏သဘောကို နားလည်ရခက်သည်။

မောင်အေးချမ်းက ခါးခါးသီးသီး ငြင်းပယ်လိုက်၍ နန်းမြင့်က ပြဿနာရှာလျှင် အရှင်းရခက်ပေလိမ့်မည်။ မိန်းကလေးဖြစ်လျက် နန်းမြင့်သူက စွန့်စားပြီး အပြန်ချစ်ရေးဆိုခြင်း၊ သူမိခင်ကိုယ်တိုင် အရွယ်ပင် ကောင်းစွာမရောက်သေးဟုဆိုရမည့် သူ့သမီးလေးကို အပြန်ချစ်ရေးဆိုပြီး မောင်အေးချမ်းအား ယူနိုင်းလိုက်ခြင်းများမှာ ထူးသောအကြောင်းတစ်ခု ရှိလောက်သည်။

ထို့ကြောင့်…မောင်အေးချမ်း အချိန်ယူပြီး အရင်းအမြစ်ကို သိရအောင် နန်းမြင့်သူအားမေးမှ ဖြစ်ပေလိမ့်မည်။ နန်းမြင့်သူက အကြောင်းရင်းကို ပြောပြသည်အထိလည်း ပါးနပ်လိမ္မာစွာဖြင့် မေးရပေလိမ့်မည်။

"နန်းမြင့်က ကိုယ့်ကိုချစ်လို့၊ အမေကလည်း ကိုယ့်ကိုယူနိုင်းလို့ ဆိုရုံနဲ့တော့ မပြည့်စုံလောက်ဘူး နန်းမြင့်၊ နန်းမြင့်က အခုလို ချစ်ရေးဆိုလာတာနဲ့ပတ်သက်ပြီး အကြောင်းရင်း တစ်ခုခုတော့ ရှိဦးမယ်လို့ ကိုယ်ယုံကြည်နေတယ်။ အဲဒါကို နန်းမြင့်ပြောပြ။ နန်းမြင့်က ပြောပြပြီးမှ ကိုယ်အဖြေပေးနိုင်မယ်"

နန်းမြင့်သူ ကြမ်းပြင်ကို စိုက်ကြည့်နေ၏။ ထို့နောက် သက်မချ၏။ ထို့နောက် နန်းမြင့်သူ ငိုလေ၏။

မောင်အေးချမ်း နန်းမြင့်သူကို စိုက်ကြည့်နေသည်။ နန်းမြင့်သူ ငိုသည်ကို တွေ့ရသောကြောင့် ထူးသော အကြောင်းတစ်ခု ရှိနေသည်ကို မြင်သာလာ၏။ နားမလည်နိုင်သေးသော်လည်း နန်းမြင့်သူ ငိုနေသောကြောင့် ခံစားချက်သည် ကြီးနိုင်သည်။

နန်းမြင့်သူ့ရှိုက်ရင်းက မောင်အေးချမ်းအား ပြောသည်။

"မပြောပါရစေနဲ့လား အစ်ကိုရယ်။ နန်းမြင့်ကို ယူလိုက်ပါလား။ နန်းမြင့်နဲ့အစ်ကို ယူလိုက်ကြပြီးနောက် မပြောလည်း အလိုလို သိလာရမှာပဲလေ"

မောင်အေးချမ်း ဘာမျှမပြောပေ။ နန်းမြင့်သူ မျက်တောင်လေးပင့်ပြီး မောင်အေးချမ်းအားကြည့်သည်။ ထို့နောက် ပြောသည်။

"အစ်ကို့မှာ ဘဝအဖော်မွန်များ ရွေးထားတာ ရှိနေလို့လား။ နန်းမြင့် ရုပ်ဆိုးလို့ မကြိုက်တာများလားဟင်"

မောင်အေးချမ်း ပြုံး၏။

"ပြောလေ အစ်ကို"

"မဟုတ်ဘူး နန်းမြင့်။ ကိုမေးတာ

www.burmeseclassic.com

www.burmeseclassic.com

ကိုပဲ နန်းမြင့် ဖြေဦးလေ။ ပြီးတော့မှ ကိုပြန်ပြောမှာပေါ့"

"မပြောပြချင်လို့ပေါ့ အစ်ကိုရယ်"

"မပြောချင်တဲ့ အကြောင်းများ ရှိနေလို့လား နန်းမြင့်"

နန်းမြင့်သူ ခေါင်းညိတ်၏။ ထို့နောက်ပြောသည်။

"မပြောချင်ဆုံး စကားတစ်ခုကို ပြောရမယ်ဆိုတော့ နန်းမြင့် အရမ်းဝမ်းနည်းတာပဲ။ ဒါပေမဲ့ အစ်ကိုက သိချင်တယ်ဆိုတော့လည်း ပြောရတော့မှာပေါ့။ ပြောပြပြီးရင် . . အစ်ကို နန်းမြင့်ကို တကယ်ယူမယ် မဟုတ်လား"

"နန်းမြင့် ပြောပြပြီးရင် ကိုအဖြေပေးမယ်လို့ ပြောပြီးပြီပဲ"

နန်းမြင့်သူ ဆတ်ခနဲ ခေါင်းညိတ်၏။

"အစ်ကို နန်းမြင့် မျက်ရည်တွေကို သုတ်ပေး"

မောင်အေးချမ်းသည် စို့ဝိုင်းနေသော နန်းမြင့်သူ၏ မျက်ရည်များကို ဖွဖွတို့ကာ သုတ်ပေးလိုက်၏။ ထို့နောက် နန်းမြင့်သူက မျက်နှာလေးမော့ကာ တိုးပေးသဖြင့် မောင်အေးချမ်းက အလိုက်သိစွာ နဖူးပြင်နုနုလေးကို မွှေးလိုက်၏။ နန်းမြင့်သူ၏ကိုယ်လေး သိမ့်သိမ့်တုန်သွား၏။

"နန်းမြင့် မပြောချင်ဆုံးစကားတွေကို ပြောပြပါ့မယ် ကိုကိုရယ်။ နန်းမြင့်တို့ ဘဝဖြစ်စဉ်တွေက စလို့ပေါ့။ ကိုယ့်ကိုလည်း နန်းမြင့် တကယ်ချစ်နေမိတာ ကြာပါပြီ။ ဒါကြောင့် ကိုကိုဟာ နန်းမြင့်ဘဝမှာ စချင်မိတဲ့ ချစ်ဦးသူတစ်ယောက်ပေါ့။ ကိုဟာ ဖြူဖြူတောင့်တောင့်၊ မိန်းမကျမယ့် ရုပ်ကလေးပါ။ ဒါကြောင့် နန်းမြင့်လည်း ချစ်နေမိပြီး ကို ဘယ်ကိုသွားသွား ဘာလုပ်လုပ် ခိုးကြည့်နေမိတာ ကြာပါပြီ"

ဟုဆိုကာ နန်းမြင့်သူ မောင်အေးချမ်း၏ လက်ဖျားကလေးများကို ဆုပ်၏။

☆ ☆ ☆

အဖေ ဦးကျော်မြင့်အောင်က မကွေးသား ဖြစ်၏။ အမေဒေါ်ခင်မြသူက မန္တလေးသူဖြစ်သည်။ ဆင်းရဲသည်။ ခေတ်ပညာ ခြောက်တန်းမျှ သင်ဖူးသည်။ မန္တလေး၊ မဟာမြတ်မုနိဘုရားကြီးမှာ ပန်းရောင်းပြီး သမီးအမိတို့၏ ဝမ်းရေးကို ဖြေရှင်းရသည်။

အဖေက ရုပ်ချောသည်၊ ယောက်ျားပီသပြီး ခံ့သည်။ အင်ဂျင်နီယာ နောက်ဆုံးနှစ်ကျောင်းသား ဖြစ်သည်။

မေမေက ဆိုခဲ့သည့်အတိုင်း ခေတ်ပညာ ခြောက်တန်းမျှသာရှိသည့် တစ်ဦးတည်းသော မုဆိုးမသမီးလေး (ပန်းသည်မလေးဖြစ်သည်။ သို့သော် အမေလည်း အချောအလှ တစ်ယောက်သာဖြစ်သည်။ မိန်းကလေးတစ်ယောက်၌ ရှိသင့်သော ရုပ်ရည်နှင့် အသားအရောင်ကြွေသမွတ္တိများ ပြည့်စုံသည်။

ထို့ကြောင့် အရွယ်ရောက်စကပင် ချေးမ၊ ယောက်မ၊ ခယ်မတော်ချင်ကြသူများ မှိုလိုပေါက်လာခဲ့သည်။ စာလိုက်ပေးသူ၊ ရည်းစားစကား လိုက်ပြောသူ အောင်သွယ်နှင့် ဆက်သွယ်ကြသူများ စသည်ဖြင့် တစ်ယောက်ပြီးတစ်ယောက် ရှိလာခဲ့သည်။

ထို့ကြောင့် တစ်နေ့သောအခါတွင် ညအိပ်ရာမဝင်မီ ဘုရားရှိခိုးပြီး၍ အမေက အဘွားအား ကန်တော့ရာ အဘွားက ဆုပေးသည်မှာ -

"ငါ့သမီးလေးဟာ ရုပ်ချောတယ်။ နေတတ်ထိုင်တတ်ရင် အဆင့်မြင့်မြင့်နဲ့ လင်ကောင်းရနိုင်တယ်။ ဒါကြောင့် . . . ရည်းစားထား မစောနဲ့။ လင်ယူလည်း မစောနဲ့ . . .။ ကိုယ်ယူမယ့် လူကိုသာ အတည်ပေါက် ရည်းစားထားပြီး လင်ကောင်းသားကောင်း ရပါနိုင်သူလေး ဖြစ်ပါစေသမီး"

အမေ သာဓုခေါ်၏။ ထို့နောက် မျက်ရည်စို့၏။ အဘွားဆုပေးသည်ကို သဘောကျကြည်နူး၍လား၊ အဘယ်ကြောင့်မှန်းကို အမေကိုယ်တိုင် နားမလည်အောင်ဖြစ်၏။

စင်စစ်တွင် မျက်ရည်ကျသည်ကို မင်္ဂလာဟု ယူမှတ်ခြင်းမရှိကြပေ။ ထို့ကြောင့် အိမ်ထောင် နောင်ရေးနှင့်ပတ်သက်သော မိခင်ဖြစ်သူ၏ ဆုံးမဆုပေးခြင်းကို မျက်ရည်ကျမိခြင်းဖြင့် မှားလေသလားဟု နောက်ပိုင်းတွင် အမေယူဆပြီး သံသယလည်း ဖြစ်ခဲ့မိသည်။

ထိုအချိန်က အမေ၏အသက် ၁၅ နှစ်ပြည့်ရုံမျှသာ ရှိသေးဟုဆိုသည်။ ထိုအချိန်ကပင် ဖွံ့ဖြိုးပြီး အလုကြွယ်သော အမေသည် တစ်သွေးတစ်မွေးကြီးဖြစ်နေပြီဖြစ်ကြောင်း ပြောပြသည်။

ထိုနှစ်နွေရာသီ ကျောင်းပိတ်ရက်တွင် အဖေနှင့် သူငယ်ချင်းတစ်စုတို့ ဘုရားဖူးထွက်လာကြသည်။ မန္တလေး မဟာမြတ်မုနိ ဘုရားကြီးကို ဝင်ဖူးရင်း အမေနှင့် ဆုံမိကြသည်။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com

မန္တလေးတစ်ခွင်နှင့် စစ်ကိုင်းတောင်ရိုး ဘုရားပုထိုးများကို လည်ပတ်ဖူးရင်း အပြန်တွင် မဟာမြတ်မုနိ ဘုရားကြီးကို ပြန်ဝင်ဖူးကာ အဖေက အမေ့အား ချစ်ရေးဆိုပြန်သည်။

ပြန်ချစ်မိသော်လည်း အမေ ချက်ချင်း တုံ့ခွန်းမဆိုပေ။ မိခင်ကြီးအား ဖွင့်ပြောတိုင်ပင်ပြီးမှ –

“ချစ်ပါသည်။ သို့သော်လည်း လူငယ်တို့အချင်းချင်းမျှဖြင့် ဘဝရေးရေး ပြီးမြောက်နိုင်ဖွယ်မရှိသောကြောင့် သက်ဆိုင်ရာအုပ်ထိန်းသူ လူကြီးများနှင့် ပြောဆိုကြောင်းလမ်းစေလိုကြောင်း” စသည်ဖြင့် –

ထိုအခါ အဖေသည် မကွေးသို့ ပြန်သွားပြီး တစ်လအတွင်းမှာပင် လူကြီးအချို့နှင့် လာတောင်းသည်။ သို့သော်လည်း အဖေ၏ မိဘနှစ်ယောက်တို့ ပါမလာကြပေ။ စည်းစိမ်ဂုဏ်မောက်သော အဖေ၏ မိဘနှစ်ယောက်တို့က အမေ့အကြောင်းကို စုံစမ်း၍ မုဆိုးမသမီး ပန်းသည်မလေးဟု သိရသောကြောင့် သဘောတူလက်ခံခြင်း မရှိကြပေ။

သို့သော်လည်း အဖေသည် အချစ်ရေးကိုသာ ဦးစားပေးမိသောကြောင့် ဦးလေး၊ အဒေါ်တို့အား အပူကပ်ကာ လာတောင်းခြင်း ဖြစ်သည်။

ထို့နောက် အမေနှင့် လက်ထပ်ပြီး မန္တလေးမှာပင် နေကြသည်။ အဖေလည်း ကျောင်းဆက်မတက်ဖြစ်တော့ပေ။ မိဘနှင့်လည်း အဆက်အသွယ် ပြတ်သွားခဲ့ရသည်။

ကျောင်းမပြီးခင်မှာ မိန်းမယူရကောင်းလား။ မိဘစကားနားမထောင်ဘဲ ပန်းသည်မကိုသာ ယူရကောင်းလား စသည်ဖြင့် အမေ့ကိုလည်း သူတို့သားပန်းကောင်းအညွန့်ကျိုး ဖြစ်ရခြင်း၏ အဓိက လက်သည်အဖြစ် ရှုမြင်ကာနာကြည်းကြသည်ဟု သိရသည်။

အဖေလည်း တစ်နေ့ကြာ မိဘများ ကြည်လင်လာကြနိုး မျှော်ကိုးရင်း သူသင်ကြားခဲ့ဖူးသော အင်ဂျင်နီယာလုပ်ငန်းနှင့် နီးနွယ်သည့် လုပ်ငန်းခွင်တစ်ခုတွင် အလုပ်ဝင်လုပ်သည်။ အမေက မူလအတိုင်း ပန်းဆက်ရောင်းသည်။ စုမိဆောင်းမိသည်ဟု မဆိုလောက်သော်လည်း မိသားစု စားလောက်ရုံမျှတော့ အဆင်ပြေသည်။

အိမ်ထောင်သက် သုံးနှစ်တွင် နန်းမြင့်သူကို မွေးကြသည်။ မန္တလေး အမရပူရ နန်းတော်ရာ စံပြရပ်ကွက်မှာ မွေးဖွားသူလေးဖြစ်ပြီး အဖေဦးကျော်မြင့်အောင်၊ အမေဒေါ်ခင်မြသူ စသည်တို့မှ တစ်လုံးစီယူကာ နန်းမြင့်သူဟု အမည်ပေးကြသည်။

နောက်သုံးနှစ်အကြာတွင် မောင်လေးနန်းမြင့်အောင်ကို မွေးဖွားကြသည်။ ထို့နောက် အမေ သွေးနုနုနှင့်ပင် မိန်းမတို့၏ သွေးသားကိစ္စကြောင့် ထင်၏။ ချည့်နဲ့သွားလေသည်။ သိပ်ပြီး အမြင်အာရုံလည်း မကြည်လင်ဖြစ်သွားသည်။ ထိုနှစ်မှာပင် အဘွား(အမေ၏မိခင်)ကြီးလည်း ဆုံးပါးသွားသည်။

ထိုအခါ ကလေးနှစ်ယောက်၊ အမေ၏ဆေးဖိုး စသည်ဖြင့် အိမ်သုံးစရိတ်များ တစ်ရစ်ရစ်တက်လာသောကြောင့် အဖေတစ်ယောက်တည်း၏လုပ်စာဖြင့် မလုံလောက်တော့ပေ။ စားရေးသောက်ရေးမှစ၍ ချို့ငဲ့လာလေသည်။

ထို့ကြောင့်...မတတ်သာသည့် အဆုံး အဖေသည် သူ့မိဘများနှင့် ဆက်သွယ်ကြည့်သည်။ လက်ရှိကြုံတွေ့နေရသော အခက်အခဲများကိုလည်း ရှင်းပြသည်။ သို့သော်လည်း အတော်ကြာသည်အထိ စကားပြန်မရပေ။ ဆက်သွယ်သည့်နေ့မှ သုံးလကြာသောအခါ “မကွေးကိုပြောင်းလာကြ” ဟု လူကြုံနှင့် စကားပါးလိုက်သည်။

ထို့ကြောင့် နန်းမြင့်တို့ မိသားစု မန္တလေးမှ မကွေးကို ပြောင်းသွားကြသည်။ အဘိုးနှင့် အဘွားတို့က လှမ်းခေါ်သော်လည်း နန်းမြင့်တို့မိသားစုကို ပြောလောက်သော စီးပွားဥစ္စာ စသည်ကို ခွဲမပေးသလို အိမ်ပေါ်မှာလည်း မထားဘဲ ကန်သာရပ်မှာသာထားသည်။ အထိုက်အလျောက် အိမ်သုံးစရိတ်မျှ ထောက်ပံ့ပေးသည်။ အဖေက ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ဝင်လုပ်သည်။

နန်းမြင့်တို့အိမ်သို့ တစ်ကြိမ်တစ်ခါမျှ အဘိုးနှင့် အဘွားတို့ လာခြင်းမရှိကြပေ။ အဘိုးနှင့် အဘွား မလာကြသလို အဖေ၏ မွေးချင်းများလည်း တစ်ယောက်မျှ လာလည်ခြင်းမရှိကြပေ။ အဖေသာ တစ်ခါတလေ မောင်လေးကို ပွေ့ချီပြီး အဘိုး၊ အဘွားတို့အိမ်ကိုသွားသည်။

တစ်နေ့တွင် အဖေမှာ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ခေါင်းကိုထိခိုက်ဒဏ်ရာရလာ၍ ဆေးရုံတက်ရသည်။ ရက်အတော်ကြာအောင် ဆေးကုသခဲ့

www.burmeseclassic.com

www.burmeseclassic.com

သော်လည်း အမြင်ဓာတ်များသာပျောက်ပြီး အမေ၏ခေါင်း မကြည်လင်တော့ပေ။ ထို့နောက် အမေ လေဖြတ်သွားသည်။

ထို့ကြောင့် နန်းမြင့်တို့မိသားစုလေးမှာ စားရေးသောက်ရေး အခက်တွေ့ကြရလေသည်။ အဘိုးနှင့်အဘွားကိုကလည်း ငွေကြေးမထောက်ပံ့တော့ဘဲ အဖေ့အမွေအဖြစ် ဆိုင်ခန်းတစ်ခန်းသာ ပေးကြသည်။

ဆိုင်ခန်းပေးသော်လည်း အရင်းအနှီးငွေကြေး ထုတ်မပေးသောကြောင့် အမေ့မှာ ဆိုင်ကြီးများမှတစ်ဆင့် ယူပြီးသာ ရောင်းချရသည်။ ထို့ကြောင့်... အမြတ်ဝင်ငွေ နည်းသလို အမေမလုပ်ဖူးသောအလုပ်၊ အမေ၏ အမြင်အာရုံ မကြည်လင်မှု၊ ချည့်နဲ့နေခြင်း စသော အားနည်းချက်များစွာ ရှိနေသောကြောင့် အမေ၏ ဆေးဖိုးနှင့် မိသားစုစားဝတ်နေရေး စသည်များကို ဖြေရှင်းနိုင်ခြင်း မရှိပေ။ နောက်ဆုံးတွင် ဆိုင်ခန်းကို ပေါင်နှံရသောအဆင့်သို့ ရောက်သွားရသည်။

အမေ့မှာလည်း သက်သာခြင်းမရှိဘဲ တဖြည်းဖြည်း ပိုပိုလာရာမှ တစ်နှစ်ကျော်အကြာတွင် အမေ ဆုံးပါးသွားလေသည်။ ဆိုင်ခန်းသည်လည်း အပေါင်ငွေ ရှစ်သောင်းကျော် တက်သွားလေသည်။ အမေ မတတ်သာတော့။ သည်ဆိုင်ခန်းမှာ ယောက္ခမအမွေဖြစ်ပြီး သားသမီးတို့၏ နောင်ရေးကိုငဲ့သောကြောင့် အပြီးတိုင် ရောင်းချရန်လည်း မဝံ့ရဲတော့။

ရှေ့ခရီး အဘယ်သို့ လျှောက်လှမ်းရမည်ကို နားမလည်နိုင်ဖြစ်ကာ အဘိုးနှင့်အဘွားတို့ဆီကိုသွား၍ ဖွင့်ဟတိုင်ပင်ပြီး အကူအညီတောင်းရလေသည်။ ထိုအခါ အဘိုးနှင့် အဘွားတို့က -

"အငယ်ကောင်ကို ထားခဲ့။ ကျန်တာ နင့်ဟာနင် ဖန်တီး"

ဟု ပြောလွှတ်လိုက်ကြ၏။

ထို့ကြောင့် အမေ ဘာမျှမတတ်နိုင်တော့။ တငိုငို တရှိုက်ရှိုက်ဖြင့် စဉ်းစားရင်း မတတ်သာသည့်အဆုံး မောင်လေးကို အဘိုးအဘွားတို့အိမ်သို့ ပို့ထားခဲ့ပြီး မင်းဘူးဘက်ကူးကာ သားအမိနှစ်ယောက် အလုပ်ရှာရန် ထွက်လာကြသည်။

ထိုအချိန်က နန်းမြင့် ခြောက်တန်းကျောင်းသူ ဖြစ်သည်။ ခြောက်တန်းကို ဖြေသာဖြေဆိုခဲ့ပြီး အောင်လက်မှတ်ကိုပင် စောင့်မယူနိုင်ခဲ့ပေ။

ထိုအချိန်က မင်းဘူး-အမ်းလမ်းကြီး ဖွင့်လှစ်စမျှသာ ရှိသေးသည်။ ကျောက်တူး၊ ကျောက်ခင်း၊ မြုံးခင်း၊ ကတ္တရာလောင်း စသော အလုပ်များ ပေါသည်။

သို့သော်လည်း အလုပ်ကြမ်းကို မလုပ်ဖူးသလို၊ ကျန်းမာရေးလည်း မကောင်းသော အမေ့ကို မည်သည့်လုပ်ငန်းအဖွဲ့ကမျှ လက်မခံကြပေ။ နန်းမြင့်လည်း ကျောက်တောင်းကြီးများကို မမနိုင်သဖြင့် အလုပ်မရတော့။ နောက်ဆုံးတွင် လက်လုပ်မုန့်လေး (ကောက်ညှင်းထုပ် စသည်)များကို လုပ်ပြီး အလုပ်သမားများအား ရောင်းချရင်းဖြင့် သားအမိတို့ အသက်မွေးကြရသည်။

အလုပ်သမားများ စခန်းပြောင်းလျှင် နန်းမြင့်တို့သားအမိလည်း လိုက်ပြောင်းကြသည်။ ဤနည်းဤပုံဖြင့်ပင် တစ်စခန်းပြီးတစ်စခန်း လိုက်ပြောင်းရင်းဖြင့် နန်းမြင့်တို့သားအမိ ရခိုင်ရိုးမကြီးထဲသို့ ရောက်လာကြရသည်။

ထို့နောက် မိုးရာသီသို့ ရောက်လာသောအခါ မင်းဘူး-အမ်းလမ်းမကြီးမှာ လမ်းသစ်ကြီးတို့သဘော မြေပြိုဖယ်၊ လမ်းရှင်း စသော လမ်းစောင့်နေ့စားအလုပ်သမား အနည်းငယ်မျှကိုသာ ထားမည်ဖြစ်ပြီး ကျောက်ထု၊ ကျောက်ခင်း၊ ကတ္တရာလောင်း စသော ပုတ်ဖြတ်လုပ်ငန်းများအားလုံး ရပ်ဆိုင်းမည်ဖြစ်၍ သင်္ကြန်လွန်ပြီးနောက် မကြာမီပင် ပုတ်ဖြတ်အလုပ်သမားများကို နေရပ်သို့ ပြန်လွှတ်သည်။

ထိုအခါ လမ်းစောင့်(နေ့စား) အလုပ်သမား စခန်းတစ်ခုတွင် နှစ်ယောက်၊ သုံးယောက် စသည်ဖြင့်သာ ရှိကြတော့မည်ဖြစ်၍ လက်လုပ်မုန့်ကလေးများကို လုပ်ရောင်းပြီး အသက်မွေးနေကြသော နန်းမြင့်တို့သားအမိမှာ များစွာ အခက်တွေ့ကြရလေသည်။ အစကပင် တစ်နေ့လုပ်(လက်လုပ်မုန့်ရောင်း) တစ်နေ့စား အဖြစ်မျိုးကြောင့် ငွေကြေးလည်း မစုမိကြပေ။ မကွေးသို့ ပြန်လျှင်လည်း နေစရာ အိမ်မရှိ။ ယခင်နေခဲ့သည်မှာလည်း အိမ်ငှား။ အဘိုးနှင့် အဘွားတို့ကလည်း အိမ်နေလက်ခံလိမ့်မည်ဟု မထင်တော့။

ထို့ကြောင့် သမီးနှင့်အမိ ကြံရာမတတ်သည့်အဆုံး အကြိမ်ကြိမ် ထိုင်ငိုကြရသည်။ ထိုအခါ ဦးကျင်အောင်

www.burmeseclassic.com

www.burmeseclassic.com

အမည်ရှိ လူကြီးတစ်ယောက်က -

"ငါ့မှာတော့ ပန်းစိုက်တဲ့လုပ်ငန်းလေးရှိတယ်။ နင်တို့သားအမိ ပေါင်းနုတ်မြက်သင် လုပ်ချင်ရင် လာလုပ်ကြ"

ပြောသည်။ ထို့ကြောင့် သမီးနှင့်အမိမှာ အသက်ရှူချောင်သည့်သဘောဖြင့် ဦးကျင်အောင်ကိုပင် ကယ်တင်ရှင်ကြီးအဖြစ် ခွဲမှတ်ပြီး သူ၏ တဲအိမ်ကြီးကိုသာ ပြောင်းလိုက်သွားကြရသည်။

ဦးကျင်အောင်သည်ကား နယ်နယ်ရရ မဟုတ်ပေ။ ယခုအခါ ရခိုင်ရိုးမကြီးထဲမှာ ပန်းစိုက်နေသည်ဟု ဆိုသော်လည်း ရန်ကုန်၊ မန္တလေး၊ လားရှိုး စသော မြို့ကြီးများမှာ အိမ်ထောင်နှင့် စီးပွားရေးများ ရှိသည်ဟု (နောက်သိလာရသည်။)

သမီးနှင့် အမေတို့ကို ပန်းခင်းမှာ မြက်နုတ်၊ ပေါင်းသင် အလုပ်လုပ်ရန် ခေါ်သည်ဟုဆိုသော်လည်း ပန်းခင်းသည် ပြောလောက်အောင် ကျယ်ကျယ်ဝန်းဝန်းမရှိပေ။ ထို့ကြောင့် အလုပ်လည်း မည်မည်ရရမလိုတော့။

ဤပန်းခင်းလေးကို အရောင်ပြကာ နောက်ကွယ်၌ ဘိန်း၊ ဆေးခြောက် စသော မူးယစ်ဆေးဝါးများ စိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးနေခြင်းသာဖြစ်လေသည်။ ထိုမူးယစ်ဆေးဝါး စိုက်ခင်းများသို့လည်း သမီးနှင့် အမိတို့အား ပေါင်းနုတ်မြက်သင် ခိုင်းခြင်းမရှိဘဲ တောင်ပေါ် ချင်းတိုင်းရင်းသားများနှင့်သာ လျှို့ဝှက်လုပ်ကိုင်ပြီး ဖြန့်ဖြူးနေလေသည်။

ဦးကျင်အောင်လည်း သည်ရခိုင်ရိုးမကြီးထဲ၌ အမှန်တကယ် လိုအပ်၍ မူးယစ်လုပ်ငန်းကို ဦးစီးပြီးလုပ်ကိုင်နေခြင်း မဟုတ်ပေ။ လူယုံ လက်ထောက်တစ်ယောက်ယောက်ကို လွှဲထားရုံဖြင့်ပင် အဆင်ပြေနိုင်သည်။ သို့သော်လည်း သူ့မှာ ရန်ကုန်၊ မန္တလေး စသော သူ၏ မူလနေရာများတွင် ကြီးလေးသော ပြစ်မှုများ ရှိနေသောကြောင့် ထိုမှုခင်းများကို တိမ်းရှောင်လို၍ လာနေခြင်းဖြစ်သည်။ စာရိတ္တ အလွန်ကြမ်းသည်။ တဏှာကြောက်ကန်းနိုင်ပြီး စိတ်ထင်ရာကို တဇွတ်ထိုးလုပ်တတ်သည်။

သမီးနှင့် အမေတို့အား ပန်းခင်းအလုပ်လုပ်ရန်ဟု ပြောပြီး ခေါ်ခြင်းမှာလည်း စင်စစ်တွင် အမေ့အား အငယ်အနှောင်းနေရာကထားပြီး ခြေတော်တင်လို၍သာဖြစ်ကြောင်းကို တဖြည်းဖြည်း သိလာခဲ့ရသည်။

အမေ့မှာ ဒုက္ခိတမတစ်ယောက်ဟု ဆိုရမလို ဖြစ်နေသော်လည်း သိသိသာသာကြီးဟု မဆိုလောက်ပေ...။ အတက်၊ အဆင်း၊ အလေးအပင် စသည်ကိစ္စများမှာသာ မဆိုစလောက် ချည့်နဲ့တတ်ပြီး သတိထားလျှင်ပင် မသိသာလောက်ပေ။

မျက်စိအမြင်မကြည်ဟု ဆိုရာ၌လည်း သာမန်နေသောအခါ သိပ်ပြီး မသိသာဘဲ အာရုံစိုက်ပြီး ကြည့်ချိန်မှာသာ မဆိုစလောက် မျက်ခုံးကျုံ့သွားတတ်ခြင်းမျှသာ ဖြစ်သည်။

အသက်အရွယ်က သုံးဆယ်ကျော်ရုံ လုတုန်းပတုန်းသာ ဖြစ်သည်။

ထို့ကြောင့် အလုပ်စေခိုင်းလို၍ မဟုတ်ဘဲ အမေ့ကို အငယ်အနှောင်းနေရာထားလို၍ ခေါ်ခြင်းသာဖြစ်သည်။

အမေ့အနေဖြင့်လည်း ပင်ကိုအစွမ်းအစ နည်းသူဖြစ်လေရာ မသန်စွမ်းသူအဖြစ်သို့လည်း ရောက်နေရသဖြင့် အဖေအရွယ်မျှရှိသော ဦးကျင်အောင်၏သန္တာကို ငြင်းပယ်ခြင်းငှာ မစွမ်းသာတော့။ အငယ်အနှောင်းအဖြစ်သို့ လုံးလုံးချောချောကြီး ရောက်သွားရလေသည်။

အမေသည်ကား...ဆင်းရဲသူ မဆိုးမသမီးအဖြစ်ဖြင့် ကြီးပြင်းလာခဲ့ရသော်လည်း လျှပ်ပေါ်လော်လီခြင်းကင်းသည်။ ဘာသာရေးကို လိုက်စားသူဖြစ်၍ ဘုရားရှိခိုးခြင်း၊ ဂုဏ်တော်ပွားခြင်း၊ တရားဘာဝနာ ရှုမှတ်ခြင်း၊ ငါးပါးသီလစောင့်ထိန်းခြင်းများ မပြတ်ရှိသည်။

သည်လိုကဲ့သို့...သီလ၊ သမာဓိ ပညာ စသည်များကို လိုက်စားကျင့်ကြံနေသော အမျိုးသမီးကောင်း တစ်ယောက်အဖြစ်မှ အငယ်အနှောင်းဘဝကို ရောက်သွားရသဖြင့် အလွန်အမင်း အရှက်ရပြီး နာကြည်းရလေသည်။ ထိုရက်များအတွင်း၌ သမီးနှင့် အမိတို့မှာ ငို၍မဆုံးလောက်အောင်ပင် ဖြစ်ခဲ့ကြရလေသည်။

(ဆက်ရန်)

မင်းဟိန်းထိုက်

www.burmeseclassic.com

www.burmeseclassic.com

ထူးထူးခြားခြား ဖြစ်ရပ်များ

နဝမအကြိမ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ နောက်ဆုံးဘုရင်ခံဟောင်းတက်ရောက်

(၄-၁-၁၉၅၆)

မြန်မာပြည်နောက်ဆုံးဘုရင်ခံ
ဆာဟူးဘတ်ရန့်စ်

ပြည်ထောင်စု မြန်မာနိုင်ငံ၏ နဝမမြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ ဗြိတိသျှအစိုးရလက်ထက် နောက်ဆုံး ဘုရင်ခံအဖြစ် အမှုထမ်းခဲ့သူ ညှိသည်တော် ဆာဟူးဘတ် ရန့်စ်နှင့် ဇနီးတို့လည်း တက်ရောက်ခဲ့ကြသည်ဟုဆိုပါသည်။

ဆာဟူးဘတ်ရန့်စ်နှင့်ဇနီးတို့သည် ဒီဇင်ဘာလ ၃၁ ရက်နေ့၊ နံနက်(၄) နာရီ (၄၅) မိနစ်တွင် ဘီအိုင်အေ လေယာဉ်ဖြင့် ရန်ကုန်မြို့ မင်္ဂလာဒုံလေဆိပ်သို့ ရောက်ရှိခဲ့ကြခြင်းဖြစ်၏။

ဇန်နဝါရီလ (၄)ရက်နေ့၊ နံနက်(၄)နာရီ၊ မိနစ်(၂၀)အချိန်တွင် လွတ်လပ်ရေးနေ့ အခမ်းအနားကို ကျင်းပပြုလုပ်ရာ၌ တပ်မတော်ကြည်း၊ ရေ၊ လေ တပ်မတော်သားများက သမ္မတကြီးဒေါက်တာဘဦး အား ချီတက်အလေးပြုခဲ့ကြသည်။ ဇန်နဝါရီ(၁၁)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ သတင်းဖော်ပြချက်အရ မြန်မာနိုင်ငံ ဘုရင်ခံဟောင်း ဆာဟူးဘတ်ရန့်စ်နှင့် ဇနီးတို့သည် ဇန်နဝါရီလ (၇)ရက်နေ့တွင် ယူဘီအေ အထူးလေယာဉ်ဖြင့်ဟဲဟိုးမြို့မှ တစ်ဆင့် တောင်ကြီးမြို့သို့ လည်းကောင်း၊ နောက်တစ်နေ့တွင် အင်းလေးဒေသသို့လည်းကောင်း၊ သွားရောက်ခဲ့ကြသည်ဆို၏။ ထို့နောက် အထူးလေယာဉ်ဖြင့် ပြင်ဦးလွင်မြို့ မန္တလေးမြို့များသို့လည်းကောင်း ဆက်လက် သွားရောက်ခဲ့ကြသည်။ ဇန်နဝါရီလ (၁၆)ရက်နေ့ ညနေပိုင်းတွင် ဘုရင်ခံဟောင်းအား ဗြိတိသျှသံရုံး အတွင်းဝန်က ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းညှိခံခဲ့၏။ ဆာဟူးဘတ်ရန့်စ်နှင့် ဇနီးတို့သည် မြန်မာနိုင်ငံသို့ ရက်သတ္တသုံးပတ်ကျော် နေထိုင်ခဲ့ကြပြီး၊ ဇန်နဝါရီလ (၂၅)ရက်နေ့တွင် ဗြိတိသျှနိုင်ငံသို့ ပြန်လည် ထွက်ခွာသွားသည်။ ဆာဟူးဘတ်ရန့်စ်သည် နိုင်ငံတော်အစိုးရက ပေးအပ်သည့် အဂ္ဂမဟာသရေစည်သူဘွဲ့ကို လက်ခံရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

မောင်မြင့်မောင်း (ဗိုလ်ကလေး)

မုဆိုးမသဲသောထိုကာလသို့

www.burmeseclassic.com

www.burmeseclassic.com

မုဆိုးမသိသော ထိုကုသိုလ်

(မုဆိုး ဂမ္ဘီရ ဝတ္ထု)

မောင်မြင့်မား(ဗိုလ်ကလေး)

သစ်ရွက်ကြို သစ်ရွက်ကြားမှ ဝင်ရောက်လာသော နေရောင်ခြည်က မြေပြင်ပေါ်ကို ပြောက်တိပြောက်ကျား ကျရောက်နေသည်။ လေကလည်း တစ်ချက်ကလေးမျှ မတိုက်။ နေလည်း အတော်စောင်းလှပြီ။ ထွေးအောင်တစ်ကိုယ်လုံး ချွေးများက ရွှဲနစ်နေသည်။ ချေ(ဂျီ)ဟောက်သံတို့၊ ဆတ်တစ်သံတို့၊ ရှဉ့်ဘေးကျားအကောင်ကလေးများ၏ "ကတောက် ကတောက်" အသံတို့ကို ကြားလိုက်ရတိုင်း ထွေးအောင် တုန်တုန်သွားသည်။

ထင်းခွေဓားမကြီးကိုတော့ အသေအချာ ဆုပ်ကိုင်ထားသည်။ ခွေထားသော ထင်းများကလည်း ဘယ်ဆီမှာ ကျခဲ့မှန်းမသိတော့။ တောတွင်း လူသွားလမ်းကလေးများကို မြင်လိုက်တိုင်း ဟုတ်နိုး ဟုတ်နိုးနှင့် လျှောက်လာခဲ့သည်မှာ ဘယ်ရောက်၍ ဘယ်ရောက်မှန်းပင် မသိတော့။

ထွေးအောင်က ထနောင်းကုန်းရွာသားဆိုပေမယ့် ရွာနှင့်နီးသော သစ်တောကြိုးဝိုင်းထဲကို တစ်ခါမျှ ရောက်ဖူးသူ မဟုတ်။ ထွေးအောင်က ရိုးသည်၊ အေးသည်။ မိဘညီအစ်ကိုမောင်နှမများနှင့် တောင်ယာအလုပ်သာ လုပ်ကိုင်စားနေသူ ဖြစ်သည်။ မှိုင်းညို့ညို့ တောတန်းနှင့် မြူခိုးတွေဝေနေသော တောင်တန်းကြီးကို အဝေးကသာ မြင်ဖူးသူဖြစ်သည်။

တောင်ယာ ခေတ္တနားချိန်တွင် အဖော်ကောင်းသောကြောင့် ထင်းခွေရန် လူအေးတို့အုပ်စုနှင့် တောတွင်းကို လိုက်လာခဲ့ခြင်း ဖြစ်သည်။ အခုတော့ တစ်ခေါက်လာ တစ်ခေါက်ဆိုသလို ထင်းခွေရင်း တကွဲတပြားစီဖြစ်ကာ ထွေးအောင် တောတွင်းတွင် မျက်စိလည်နေခြင်း ဖြစ်သည်။

တတ်သရွေ့ မှတ်သရွေ့ ဘုရားစာများကိုရွတ်သည်။ တောတွင်းလူသွားလမ်းကလေးများကိုတွေ့၍ လျှောက်သာလျှောက်နေရသော်လည်း ခုထက်ထိတော့ ရွာကိုမရောက်နိုင်သေး။

"ဝေါင်း . . . ဝေါင်း"

ထွေးအောင် တုန်သွားသည်။ သတ္တဝါတစ်ကောင်ကောင်၏ အသံပဲဆိုတာတော့ သိသည်။ ဘာကောင်မှန်းတော့မသိ။ အသံပဲ ကြားရသည်။ အကောင်ကို မမြင်ရသေး။ ထွေးအောင်၏ နားထင်မှ ချွေးများ စီးကျနေသည်။ ဝဲယာပတ်ဝန်းကျင်ကိုကြည့်ရင်း ထင်းခွေဓားမကြီးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်၍ တစ်လှမ်းချင်း လျှောက်လာခဲ့သည်။

"ဖြောက် . . . ဖြောက်"

ဟူသော နောက်ဘက်မှ အသံကြောင့် ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ တောကြက်တစ်ကောင် ဖြတ်ပြေးသွားခြင်း ဖြစ်သည်။

"ဘူး . . . ဘူး . . . ဘူး"

အသံက အပေါ်ကလာသောအသံဖြစ်သည်။ ထွေးအောင်က အထိတ်တလန့်ဖြင့် အပေါ်ကို မော့ကြည့်လိုက်သည်။ သစ်ပင်ကြီးပေါ်က ကြက်ကြီးတစ်ကောင်အရွယ်မျှရှိသော ငှက်ကြီးတစ်ကောင်က အော်နေခြင်းဖြစ်သည်။ တောတွင်းကို တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသော ထွေးအောင်အတွက် အားလုံးသည် ထူးဆန်းအံ့ဩဖွယ်ရာများသာဖြစ်သည်။ အဖော်ကောင်း၍ လိုက်မိတာ မှားလေခြင်းဟု သူနောင်တရသည်။

သန်းသတ်ချုံ၊ ခေါင်ပဲချုံ၊ စွန်လက်သည်းချုံများ ထူထပ်နေသော တောကိုတိုးရင်း တစ်စုံတစ်ယောက်က သူ့အသံကို ကြားပါက ကယ်လိုကယ်ငြား -

"ဟေး" ဟု သူအော်လိုက်သည်။ သူ့အသံကြောင့် ပဲ့တင်ထပ်လာသော

www.burmeseclassic.com

www.burmeseclassic.com

အသံနှင့်အတူ ကျေးငှက်သာရကာများ မျောက်များ၊ ရှဉ့်များ၏ အထိတ်တလန့် ထွက်ပြေးသွားသံများကို ကြားရပြီးနောက် တစ်ဖန်ပြန်၍ ငြိမ်သက်သွားပြန်သည်။

တစ်နေရာအရောက်တွင် စွန်လက်သည်းချုံကြီးတစ်ခုကို တိုးကာထွက်လိုက်ရင်း ပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ ဆိတ်တစ်ကောင် အရွယ်သာသာမျှရှိသော သတ္တဝါတစ်ကောင်က သစ်ပင်တစ်ပင်အောက်တွင် ရပ်ကာ ထွေးအောင်ဆီသို့ ခေါင်းလှည့်၍ ကြည့်နေသည်။ ချေ(ဂျီ)လား၊ ဆတ်လား၊ ဒရယ်လား ထွေးအောင် ဘာကောင်မှန်း မသိ။ သူ့ကို ပြန်ကြည့်နေသောကြောင့် အန္တရာယ်ပြုမည့် သတ္တဝါလားဟု တွေးကာ ထင်းခုတ်ဓားကို ခပ်တင်းတင်းဆုပ်ကိုင်၍ ထွေးအောင်က ပြန်ကြည့်နေလိုက်သည်။ ဘာမျှမထူးခြား။ ထွေးအောင်ကို စိုက်ကြည့်နေဆဲ။

ထွေးအောင်က တစ်လှမ်းချင်း လှမ်းကာ ရှေ့ကိုတိုးသွားလိုက်သည်။ ထိုသတ္တဝါကောင်က မလှုပ်။ ထွေးအောင်ကို အထူးအဆန်းသဖွယ် ကြည့်နေဆဲ။

ထွေးအောင်က တရွေ့ရွေ့ တိုးသွားရင်း ငါးကိုက် အကွာလောက်အရောက်တွင် လက်ထဲက ထင်းခုတ်ဓားနှင့် လှမ်း၍ပေါက်ထည့်လိုက်သည်။ ဓားက သတ္တဝါကောင်ကို တည့်တည့်သွားထိသည်။ အကွာအဝေးက နီးသောကြောင့် ဓားအသွားနှင့်ထိပါက စိုက်ဝင်သွားနိုင်၍ အသွားနှင့် မထိပါကလည်း "ဘုတ်"ခနဲအသံသာ ကြားရမည်ဖြစ်သော်လည်း ဘာသံမျှမကြားရဘဲ ဓားက မြေပေါ်ကိုသာ ကျသွားသည်။ ထိုအခါကျမှ သတ္တဝါကောင်က လှစ်ခနဲ ထွက်ပြေးသွားတော့သည်။

ထွေးအောင်က ဓားကို ပြေးကောက်၍ သတ္တဝါကောင်နောက်ကို အပြေးလိုက်သွားတော့သည်။ သတ္တဝါကောင်က ချုံများကို ကွေ့ပတ်ပြေးနေရင်း ချုံတစ်ချုံအကွယ်မှ အထွက်တွင်-

"ဟာ..."

ထွေးအောင် မျက်လုံးပြူးသွားသည်။ ရှေ့ကပြေးနေသော သတ္တဝါမဟုတ်တော့ဘဲ မိန်းကလေးတစ်ယောက်အသွင် ပြောင်းသွားသောကြောင့် ဖြစ်သည်။ ထွေးအောင် နောက်ကနေလိုက်နေရင်း ခြေလှမ်းများက တုံ့ခနဲရပ်သွားသည်။ မိန်းကလေးက ဆက်ပြေးနေဆဲ ထွေးအောင်က အံ့သြလျက်မပြေးသော်လည်း ကယောင်ကတမ်းနှင့် လျှောက်နေရာမှ လှမ်းကြည့်လိုက်သောအခါ တစ်နေရာအရောက်တွင် ချောက်လိုလို၊ တွင်းလိုလို နေရာသို့ ခုန်ဆင်းလိုက်ကာ ပျောက်သွားသည်။

ထွေးအောင်က တစ်လှမ်းချင်း လျှောက်သွားရင်း မိန်းကလေး ခုန်ဆင်းသွားသောနေရာကို ကြည့်လိုက်သောအခါ ရေတွင်းဟောင်းတစ်ခု ဖြစ်နေသည်ကို တွေ့လိုက်သည်။ ရေတွင်းပေါင်က တစ်တောင်ခန့်မြင့်ကာ အုတ်များက ကျိုးပဲ့ပျက်စီးနေသည်။ ထွေးအောင်က ရေတွင်းထဲကို ငုံ့ကြည့်လိုက်သည်။ ၁၀ ကိုက်အနက်လောက်တွင် ရေကိုမြင်နေရသည်။ ရေပြင်ကတော့ ငြိမ်သက်လျက်။

ထွေးအောင် ကတုန်ကယင်နှင့် ရေတွင်းဘေးတွင် ထိုင်ချလိုက်တော့သည်။

•••

စောဂျိမ်းက တောင်ဝှေးသီးပင် အကွယ်မှ ဒသမ ၅၀၀ နှစ်လုံးပြူး ရိုင်ဖယ်ကြီးကို အသင့်ပြင်ကာ စောင့်နေသည်။ စောဂျိမ်းက ငြိမ်နေသော သားကောင်ကို မတာရားမပစ်ချင်။ တောထဲကို ဝင်လာပြီးကတည်းက ဒရယ်နှစ်ကောင် အစာစားနေသည်ကို ရိပ်ခနဲ မြင်လိုက်ရသောကြောင့် ကျော်စိုးကို တစ်ဖက်မှ ခြောက်ထုတ်ရန် အချက်ပြလိုက်သည်။

ကျော်စိုးကလည်း ပစ်ချင်နေသည်။ ကြခတ်ဝါးရုံများက ကျပ်ပိနေသောကြောင့် လှုတိုးရန်မလွယ်။ ဝါးရုံတိုးနေစဉ်ပင် ဒရယ်နှစ်ကောင်က ပြေးလောက်ပြီ။ ထို့ကြောင့် စောဂျိမ်းက ဝါးရုံကိုပတ်၍ ကျော်ထွက်လိုက်ကာ ပြေးလမ်းဖြစ်သော တောင်ဝှေးသီးပင် အကွယ်မှ စောင့်နေခြင်းဖြစ်သည်။

"ဝေါ...ဝရော"

အရှေ့ဘက်မှ အနောက်ဘက်သို့ ပြေးလာနေခြင်းဖြစ်သည်။ စောဂျိမ်းက တောင်ဝှေးသီးပင်၏ ဖုထွက်နေသော အထစ်တစ်ခုပေါ်တွင် သေနတ်ပြောင်းကိုတင်ကာ အကျအန ချိန်ထားခြင်းဖြစ်သည်။

"ဖောင်း..."

"ဖောင်း..."

ပထမတစ်ချက်ကပင်လျှင် ပစ်

www.burmeseclassic.com

www.burmeseclassic.com

မုတ်က သေချာသွားပြီဖြစ်သည်။ ရေကူ ပြေးနေသော ဒရယ်ကောင်က လက်နှစ်ချောင်း ကွေးကျသွားကာ အရှိန်နှင့် ကျွမ်းပစ်သွား၍ သစ်ရွက်ခြောက်များပေါ်တွင် တရွတ်တိုက်၍ ပါသွားသည်။ နောက်မှလိုက်လာသော အကောင်က ဝဲဘက်ချုံတောထဲကိုဝင်ကာ ပျောက်သွားသည်။ စောဂျိမ်းက ဒရယ်ကောင်အနားသို့ ရောက်ချိန်တွင် ဒရယ်က အကြောဆွဲကာ ငြိမ်သက်သွားသည်။

ခဏအကြာတွင် ကျော်စိုးက အပြေးအလွှား ရောက်လာသည်။

"စောဂျိမ်း . . အံကိုက်ပဲမဟုတ်လား"

"အေးကွ၊ အထီးကြီး၊ ဝဖီးနေတာပဲ"

"သယ်သွားမှ ဖြစ်မယ်ထင်တယ်နော် စောဂျိမ်း"

"အေးလေ၊ သေနတ်သံကြောင့် ဒီနားပတ်ဝန်းကျင်က အကောင်တွေ ပြေးကုန်ရောပေါ့။ ဒူးခေါက်ခွက်အကြောတွေဖောက်ပြီး ထုံးစံအတိုင်း ရှေ့နောက်ဝါးလုံးလျှိုထမ်းကြတာပေါ့ကွာ"

ဒရယ်ကို နှစ်ယောက်သား ထမ်းလာရင်း ချွေးဒီးဒီးကျနေပြီ ဖြစ်သည်။ နားလိုက်၊ လျှောက်လိုက် လုပ်လာကြသည်မှာ တစ်နာရီကျော်လောက် ကြာသည်အထိ တောကောင် တစ်မြီးမှ မတွေ့ကြသေး။ သေနတ်သံကြောင့် တောလန့်၍ တောကောင်များ ပြေးကုန်ကြသောကြောင့် ဖြစ်သည်။

"ကျော်စိုး၊ ခဏနားကြရအောင်ကွာ။ ရေငတ်လာပြီ"

သစ်စေးပင်ကြီးတစ်ပင်၏ အရိပ်အောက်တွင် ခဏနားကြကာ ရေဘူးကိုယ်စီထုတ်၍ မော့လိုက်ကြသည်။ ကျော်စိုးက တစ်စုံတစ်ခုကို သတိရလိုက်၍ ကျောပိုးအိတ်ထဲက စစ်သုံးရေဘူးတစ်ခုထုတ်ကာ -

"ရော့ . . . စောဂျိမ်း၊ ရမ်နဲ့ ရေနဲ့ ရောပြီးသား မော့လိုက်ရုံပဲ"

"ဟေ . . . တယ်ဟုတ်ပါလား။ ပါလာတာတောင် ငါမသိဘူး"

"မနေ့က စောဂျိမ်း တောပစ်ထွက်ဖို့ လာမချိန်းခင်မှာ သစ်ထုတ်လုပ်ရေးက တောအုပ်ကြီးကိုစိုးဝင်း လာပေးသွားတာ။ ကျွန်တော်ပြောဖို့မေ့သွားလို့"

"အတော်ပဲကွ။ ငါ့ဆီမှာ ဖက်သန်းသီးသုပ်နဲ့ တောဝက်သားဟင်းပါတယ်။ မြိုးကြတာပေါ့ကွာ"

"ကျွန်တော့်ဆီမှာလည်း ဆတ်သားခြောက်ဖုတ်နဲ့ ငါးခူကြော်တွေ ပါသေးတယ်"

"ပိုမြိုင်တာပေါ့ကွာ"

စောဂျိမ်းနှင့် စောကျော်စိုးတို့နှစ်ယောက် ရေဘူးကို တစ်ယောက်တစ်လှည့် မော့ကြရင်း တောဝက်သားဟင်း၊ ဖက်သန်းသီးသုပ်၊ ဆတ်သားခြောက်ဖုတ်၊ ငါးခူကြော်တို့နှင့် သစ်စေးပင်ကြီးအောက်တွင် ဇိမ်တွေ့နေကြသည်။ ကျော်စိုးက ငါးခူကြော်တစ်ပိုင်းကို ဝါးကာ စောဂျိမ်းထံမှ ရေဘူးကိုယူ၍ မော့လိုက်ချိန်တွင် ခပ်လှမ်းလှမ်းချုံစပ်မှ သတ္တဝါတစ်ကောင်ကို လှမ်းမြင်လိုက်ရသည်။

ကျော်စိုးက နှုတ်ခမ်းတွင် တေ့ထားသော ရေဘူးကို အသာပြန်ချလိုက်သည်။ ချေ(ဂျီ)တစ်ကောင်ဖြစ်သည်။ ကျော်စိုးတို့ဘက်သို့ စိုက်ကြည့်နေသည်။ ကိုက် ၂၀ ခန့်လောက်သာ ဝေးသည်။ ကြားတွင် တစ်တောင်၊ တစ်တောင်ကျော်ခန့်လောက်သာရှိသည်။ ချုံပုတ်ကလေးများသာရှိသည်။ ကျော်စိုးက စောဂျိမ်းကို လက်ကုတ်၍ မေးငေါ့ပြလိုက်သည်။ စောဂျိမ်း မျက်လုံးများ ပြူးကျယ်သွားသည်။

"ချေ(ဂျီ)ပေါက်ကလေးကွ။ တို့ကို ကြောင်ကြည့်နေတာကွ။ သေနတ်က မင်းနဲ့ နီးတယ်။ ဆော်လိုက်ပါလား"

"စိတ်ချ စောဂျိမ်း"

စောဂျိမ်းက ငြိမ်၍ ကြည့်နေသည်။ ကျော်စိုးက ကိုယ်ကို မလှုပ်ပဲ လက်ကသေနတ်ကိုစမ်းကာ တဖြည်းဖြည်း ဆွဲယူလိုက်သည်။ ချေ(ဂျီ)ပေါက်ကလည်း စောဂျိမ်းတို့ဘက်သို့ ငြိမ်၍ ကြည့်နေဆဲ။

ကျော်စိုးက သေနတ်ကို မကာ ထိုင်လျက်ကပင် ချေ(ဂျီ)ပေါက်ဆီသို့ ထိုးချိန်လိုက်သည်။ ချေ(ဂျီ)က စောဂျိမ်းတို့ဘက်သို့ လှည့်နေရာမှ ခေါင်းပြန်လှည့်သွားချိန်တွင် -

"ဖောင်း . . ."

ချေ(ဂျီ)က ရှေ့တည့်တည့်ကို ပြေးထွက်သွားသည်။

"ဖောင်း . . ."

"ကျော်စိုး ဘယ်လိုဖြစ်တာလဲ"

"စောဂျိမ်း ထိသွားတယ်လေ။ လာ . . . လိုက်ကြရအောင်"

ကျော်စိုးက ပြောလည်းပြော၊ ပြေးလည်းပြေးထွက်သွားသည်။ စောဂျိမ်းက ကျော်စိုးနောက်က ပြေးလိုက်သွားသည်။ ချေက အန္တရာယ်တွေသော

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ပြေးနေသော ခြေလှမ်းမျိုး မဟုတ်။ ကျည်ထိသွားသောကြောင့်လည်း ပြေးနေသောပုံမျိုး မဟုတ်။ အေးအေးဆေးဆေး ပြေးနေခြင်းဖြစ်သည်။

ကျော်စိုးလက်အကြောင်းကို စောဂိုမ်းသိသည်။ ကိုက် ၂၀ လောက် အကွာအဝေးက ပြေးနေသော တောကောင်လောက်က ပစ်မလွဲဖြစ်သည်။ ယခုပစ်မှတ်က ငြိမ်နေသော ပစ်မှတ်ဖြစ်သည်။ လွဲစရာအကြောင်းမရှိ။

သို့သော် ချေက ရှေ့ကနေပြေးနေဆဲ။ ပြေးနေစဉ် ပစ်ရအောင်ကလည်း ချေက တစ်ဖြောင့်တည်းပြေးနေခြင်း မဟုတ်။ ပြီးတစ်ခါ ကြားတွင် ပစ်မှတ်လွဲချော်စေနိုင်သော ချုံပုတ်များ၊ သစ်ပင်ပေါက်များက ရှိနေသေးသည်။

စောဂိုမ်းက ကျော်စိုးလက်ကို သိ၍ ချေက ထိပြီး သွေးရှူးသွေးတန်းနှင့် ပြေးနေသည်ထင်၍ နောက်ကလိုက်နေသော်လည်း ချေက ပြေးနေဆဲ။ လူတစ်ရပ်ခန့်မရှိသော ချုံပုတ်တစ်ခုကို ကွယ်၍ ထွက်လာသော ချေက -

"ဟာ..."

"ဟင်..."

စောဂိုမ်းရော ကျော်စိုးပါ ဒရောသောပါး ပြေးလိုက်လာရင်း တုံ့ခနဲဖြစ်သွားကြသည်။ မြင်ကွင်းက တစ်ချိုးပြောင်းသွားခြင်းဖြစ်သည်။ ချေပြေးရာနောက်သို့လိုက်၍ တစိုက်မတ်မတ်ကြည့်နေရင်း ချေက ချုံကွယ်သွား၍ ပြန်ထွက်လာသောအခါ မိန်းကလေးတစ်ယောက် ထွက်လာနေခြင်း ဖြစ်သည်။

ထိုမိန်းကလေးက ရှေ့ကို ဆက်ပြေးနေဆဲ။ စောဂိုမ်းရော ကျော်စိုးပါ တုံ့ခနဲရပ်သွားရာက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ နောက်က ဆက်လိုက်သွားသည်။ ထိုအခါ မိန်းကလေးက ရှေ့က ပြေးနေရာမှ တစ်နေရာ အရောက်တွင် ချောက်လိုလို တွင်းလိုလိုနေရာသို့ ခုန်ချကာ ပျောက်ကွယ်သွားတော့သည်။

စောဂိုမ်းရော ကျော်စိုးပါ "ဟယ်" ခနဲ ဖြစ်သွားကြသည်။ တဖြည်းဖြည်း လျှောက်လာရင်း ထိုမိန်းကလေးခုန်ချသွားသော နေရာကို ကြည့်လိုက်သောအခါ ချုံနွယ်များပေါက်နေသော ရေတွင်းဟောင်းတစ်ခု ဖြစ်နေသည်။

ရေတွင်းပေါင်က တစ်တောင်လောက်အမြင့်ရှိသည်။ အုတ်ချပ်များက ပေါက်ပြကျိုးပဲ့နေသည်။

ထိုမိန်းကလေး ခုန်ချသွားသော ရေတွင်းထဲသို့ စောဂိုမ်းရော ကျော်စိုးပါ စိုးရိမ်တကြီး ငုံ့ကြည့်လိုက်ကြသည်။ အောက်မှာတော့ ရေပြင်ကို မြင်နေရသည်။ ထူးခြားမှုရော လှုပ်ရှားမှုရော ဘာမျှမတွေ့ရ။ ရေပြင်ကတော့ ငြိမ်ငြိမ်သက်သက်ပင်။

•••

"ကိုခွေးပု...ဇာတ်လမ်းကတော့ အဲဒါပဲဗျ။ ကျုပ်တို့ ကျော်စိုးတို့က အမဲပစ်လာတာ ကြာပြီဗျ။ မြန်မာပြည်တစ်လွှား တောတွေအစုံရောက်ဖူးတယ်။ ကျုပ်ဆိုရင် ဆယ့်လေးငါးနှစ်သားလောက်ကတည်းက မုဆိုးလုပ်လာတာ။ တောခြောက်တာတို့ တောမှောက်တာတို့ တောမှားတာတို့က ရိုးနေပြီ။ ရိုးလောက်အောင်လည်း အတွေ့အကြုံ ထူးထူးဆန်းဆန်းတွေ ခဏခဏ ကြုံဖူးတယ်။ ကျုပ်က မကြောက်တတ်ဘူးဗျ။ မကြောက်တတ်လို့လည်း ကိုခွေးပုကို ဒီဇာတ်လမ်းအကြောင်း အစအဆုံး ပြောပြနိုင်တာပေါ့။ နောက်တစ်ခုက ကျုပ်အတွေ့အကြုံက ကျုပ်တစ်ယောက်တည်းတွေ့တာ မဟုတ်ဘူး။ ကျုပ်ညီလို၊ တပည့်လို ချစ်တဲ့ ဟောဒီ ကျော်စိုးပါ ပါသေးတယ်"

ရွာမှာ သူကြီးဆိုပေမယ့် အသက် ၄၀ ကျော်လောက်သာ ရှိသေးသည့် ကိုခွေးပုက ခေါင်းညိတ်သည်။

"သူငယ်ချင်းစောဂိုမ်း။ ဒီလိုကွ။ ငါလည်း သူကြီးလုပ်လာတော့ ရှေ့မီနောက်မီ လူကြီးတွေရဲ့ ပြောတာကို ကြားဖူးတာပေါ့ကွာ။ ဂျပန်ခေတ်မှာ ဂျပန်တွေ မြန်မာပြည်ကို ရောက်လာတော့ ဂျပန်တွေရဲ့ ရက်စက်ယုတ်မာမှု၊ လူမဆန်မှုတွေကြောင့် ထိုရွာနဲ့တစ်ဆက်တည်း ထနောင်းနဲ့ မြေနီ သုံးရွာဟာ ဂျပန်တွေရဲ့ရန်ကို ရှောင်ရင်း ရိုးမတောကြီးထဲကို ဝင်လာခဲ့ကြတယ်။ တောထဲရောက်တော့ သူ့အစုနဲ့သူ့ အုပ်စု ကလေးတွေစုပြီး နေကြတာပေါ့ကွာ။ အဲဒီအချိန်မှာ ငါက အခုဒီရွာကို မရောက်သေးဘူး။ မတ္တရာဘက်ကို ရောက်နေတယ်။ ဆက်ရရင် မြေနီရွာက မိသားစုတစ်စုဟာ အဲဒီတောထဲမှာ ရှောင်တိမ်းနေကြရင်း သူတို့နေရာကို တောဝက်အုပ်တစ်အုပ် ဝင်လာတော့ ပြေးမိပြေးရာ ပြေးကြရင်း တကွဲတပြားစီ ဖြစ်ကုန်ကြတယ်"

"အဲဒီမိသားစုထဲက ၁၅ နှစ် ၁၆

www.burmeseclassic.com

www.burmeseclassic.com

နှစ်အရွယ် ကလေးမလေးတစ်ယောက်ဟာ တောဝက်လိုက်လို့ပြေးရင်း ချုံတစ်ခုထဲကိုဝင်ပြီး အပုန်းမှာ ချုံတွေပတ်လည်ဝိုင်းနေတဲ့ ရေတွင်းဟောင်းတစ်ခုထဲကို လိမ့်ကျသွားတယ်။ တောဝက်တွေရှင်းသွားမှ ပျောက်နေတဲ့ ကလေးမလေးကို လိုက်ရှာကြတော့ ရေတွင်းပျက်ထဲလိမ့်ကျပြီး သေနေတဲ့ ကလေးမလေးအလောင်းကို တွေ့ကြရတယ်။ တောထဲမှာ ဖြစ်သလို သင်္ဂြိုဟ်လိုက်ရတယ်ပေါ့ကွာ။ ဂျပန်တပ်တွေ ဆုတ်သွားမှပဲ သူတို့လည်း ရွာကိုပြန်လာခဲ့ရတယ်ပေါ့"

"တောလည်း ထင်းခုတ်၊ အမဲပစ်သွားတဲ့ လူတော်တော်များများဟာ အဲဒီရေတွင်းပျက်နားရောက်ရင် မင်းကြုံလိုက်ရသလိုမျိုး ကြုံတတ်ကြတယ်လို့ ငါ့ကို လာလာပြောကြတယ်။ ကလေးမလေးက ၁၅ နှစ်၊ ၁၆ နှစ်အရွယ်လောက်ပဲ ရှိတယ်လို့ ပြောကြတယ်။ ထနောင်းကုန်းရွာသား ထွေးအောင်ဆိုတာ ငါ့တူအရင်းကွ။ ဒီကောင်လည်း ထင်းခွေသွားရင်း မျက်စိလည်ပြီး အဲဒီရေတွင်းပျက်နားရောက်တော့ အဲဒီလိုမျိုး ကြုံခဲ့ဖူးတယ်လို့ပြောတယ်"

"ကျုပ်လည်း အံ့သြနေတာဗျ။ ကျုပ်တို့မှဆိုးဆိုတာ တောခြောက်တာတို့၊ တောမှောက်တာတို့၊ တောများတာတို့ဆိုတာ ခဏခဏ ကြုံဖူးတယ်။ ရိုးနေပြီ။ အခုဟာက အတော်ထူးဆန်းနေလို့ပါဗျာ"

"အဲဒါ မင်းတို့ကြုံတဲ့ တောခြောက်တာတို့၊ တောမှောက်တာတို့နဲ့ မဆိုင်ဘူးထင်တယ်ကွ။ ငါသိသလောက်ပြောရရင် အဲဒီရေတွင်းပျက်ထဲကျပြီး ကွယ်လွန်သွားတဲ့ မိန်းကလေးဟာ မကျွတ်မလွတ်တဲ့ဘဝကို ရောက်နေတယ်လို့ ငါထင်တယ်။ အဲဒီဘဝက လွတ်ချင်ကျွတ်ချင်လို့ လူတွေကို အသိပေး အယောင်ပြလုပ်နေတယ်လို့ ငါတွေးမိတယ်။ သူနဲ့ သက်ဆိုင်တဲ့ မိဘတွေ ဆွေမျိုးတွေလည်း ဒီရွာမှာ မရှိကြတော့ အဆင်ပြေတဲ့ တစ်ရက်ကျရင်တော့ ဘုန်းကြီးပင့်ပြီး သူ့အတွက် အမျှပေးဝေပြီး ကောင်းမှုကလေးလုပ်ပေးဖို့ ငါစိတ်ကူးထားပါတယ်"

"အဲဒီလိုလုပ်ပေးရင် ဘာဖြစ်သွားမလဲ"

"စောကျိမ်း...မင်းကွာ ဗုဒ္ဓဘာသာမဟုတ်တော့ ဒါတွေမသိဘူးပေါ့ကွာ။ အဲဒီလို အမျှပေးဝေလို့ ကြားတဲ့နေရာမှာ သူရှိနေရင် သာဓုခေါ်ပြီး သူလွတ်ရာကျွတ်ရာကို ရောက်သွားနိုင်တာပေါ့"

"အဲဒီလိုလား"

"အေးပေါ့"

"ဒါဆို တို့ နောက်တောထဲသွားရင် အဲဒီလိုမျိုး မကြုံရတော့ဘူးပေါ့ ဟုတ်လား"

"အေး...အဲဒီလိုပြောလို့ ရတာပေါ့"

"ဒါဆို အဲဒီလိုလုပ်ပေးတဲ့ မင်းအတွက်က"

"ကုသိုလ်ရတာပေါ့ကွာ"

"ကောင်းပါလေ့၊ ကောင်းပါလေ့"

မောင်မြင့်မား(ဗိုလ်ကလေး)

ပဋ္ဌာန်းရွှေကျမ်းရတနာဒီပံ
ရွှေအလင်းတိုင်

ပဋ္ဌာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်လျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဋ္ဌာန်းရွှေကျမ်း ရတနာဒီပံ ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

ဤသို့ ပေါ်ထွက်ရအောင်လည်း ပဋ္ဌာန်းရွှေကျမ်းကျင့်စဉ်ကို အဓိဋ္ဌာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂမ္ဘီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ လူကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

---- ဆက်သွယ်ရန် ----

ရှောင်ပြန်မဂ္ဂဇင်းတိုက်

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အပြည့်ခံကွက်လပ်

မြမြလှိုင်

ဦးထွန်းမောင် အထက်တန်းပြဆရာ၊ ဒေါ်မေမြင့် အထက်တန်းပြဆရာမ။ အဲဒါ ကျုပ်တို့လင်မယားနှစ်ယောက်ရဲ့ ဂုဏ်ထူးဝိသေသတွေပဲ။ အခုတော့ အငြိမ်းစားတွေ ဖြစ်နေပြီလေ။ ကျုပ်တို့မောင်နှံက ဌာနဆိုင်ရာကရတဲ့ မြေကွက်လေးပေါ်မှာ ပျဉ်ထောင်အိမ်လေးတစ်လုံးဆောက်ပြီး အားတဲ့အချိန် အညောင်းပြေ သီးနှံစိုက်ခင်းထဲဆင်း၊ တရားဘာဝနာပွားများပြီး လူ့ဘဝရဲ့ ပြီးဆုံးမယ့်အချိန်ကို စောင့်နေကြရပြီ။

ဟိုတုန်းကတော့ အင်္ဂလိပ်စာမှာ သဒ္ဒါအပြအကောင်းဆုံးလို့ သတ်မှတ်ခံခဲ့ရတဲ့ဆရာပေ့ါ။ မိန်းမကလည်း မြန်မာစာသင်ရာမှာ ကဗျာနဲ့စကားပြေ၊ စာစီစာကုံးအကြောင်းကို ပြောပြရင် တစ်ခန်းလုံး အပ်ကျသံတောင်ကြားရအောင် စိတ်ဝင်စားဖွယ် စီကာပတ်ကုံး သင်ပြနိုင်ခဲ့တဲ့သူ။ ရပ်ကွက်တစ်ခုမှာ အိမ်ခန်းတစ်ခန်းငှားပြီး ဘဝတစ်ခုကို နှစ်ယောက်သား စခဲ့ကြတာပေ့ါ။ ကျုပ်ကလည်း တစ်ကောင်ကြွက်၊ သူကလည်း မိဘမရှိတော့တဲ့ တစ်ဦးတည်းသော သမီး။ နယ်ကို အထက်တန်းပြဆရာအဖြစ်နဲ့ပြောင်းရပြီး သူ့ကိုစတွေ့ဖူးစာဆုံခဲ့ရာက ရန်ကုန်ကိုပြောင်းလာတော့လည်း လင်မယားနှစ်ယောက်စလုံး တစ်ကျောင်းတည်း ရောက်အောင် အတော်ကြိုးစားယူခဲ့ရလို့ မြို့လယ်ကောင်နဲ့ ခပ်ဝေးဝေးနယ်မြေတစ်ခုရဲ့ ကျောင်းမှာရခဲ့တယ်။ ကျောင်းနဲ့ မနီးမဝေးမှာပဲ အိမ်ငှားပြီး နှစ်ယောက်သား ဘဝကို ရုန်းကန်ခဲ့ကြတယ်လေ။

အခုတော့ အငြိမ်းစားဘဝမှာ မြေကွက်တစ်ခုနဲ့ အိမ်လေးတစ်လုံးပိုင်ပြီး စိတ်အနည်ထိုင်ကာ အေးချမ်းစပြုနေပြီ။ ကျုပ်တို့မှာ သားသမီးက သုံးယောက်ရှိတယ်။ အကြီးကောင်က ပညာတော်လို့ ဆရာဝန်လိုင်းရတာနဲ့ ကြိုးစားပြီး မရှိရှိတဲ့ အထဲက ဆရာဝန်ဖြစ်အောင် သင်ပေးလိုက်တော့ ဆရာဝန်ဖြစ်၊ နယ်တွေပြောင်းရ၊ နောက် မြို့နယ်ဆရာဝန်ကြီးဘဝမှာ သူနဲ့ အတန်းတူတဲ့ ဆရာဝန်မနဲ့ မေတ္တာမျှလို့ အိမ်ထောင်ဖက်အဖြစ် ရောက်နေပြီ။

အလတ်မကတော့ ရူပဗေဒနဲ့ ဘွဲ့ရပြီးတာနဲ့ စီးပွားရေးသမားနဲ့ အိမ်ထောင်ကျ၊ နိုင်ငံခြားနဲ့ မြန်မာနိုင်ငံကို ကုန်စည်ကူးသန်းရောင်းဝယ်မှုပြုလို့ ဟိုကိုသွားလိုက်၊ ဒီမြန်မာနိုင်ငံကို ပြန်လိုက်နဲ့၊ ခုနစ်မိုင်ခွဲမှာလည်း အိမ်နဲ့ခြံနဲ့။

အင်း…အငယ်ကောင်ကျတော့ အခြေအနေကတစ်မျိုး။ ကျုပ်မိန်းမက နှစ်မစေ့မီ ဆေးပင်စင်ယူ၊ ကျုပ်က သက်ပြည့်ပင်စင်ယူတဲ့အချိန်မှာ ဒီကောင် ဆယ်တန်းမအောင်သေးဘူး။ မိန်းမနဲ့ကျုပ်က အသက်ခုနစ်နှစ်လောက်ကွာပေမယ့် ဝန်ထမ်းလောကထဲမှာ နှစ်ပေါင်းများစွာ မြှုပ်နှံခဲ့တော့ အသက်ကလည်းကြီးလာ၊ ကျောင်းစာတွေထဲမှာ ကျုပ်တို့မပျော်နိုင်တော့ဘူး။ ဒီတော့ အငယ်ကောင်ကို အကြီးကောင်ကြီးလောက် ပညာရေးမှာ အားမစိုက်နိုင်ခဲ့ဘူး။ ဆယ်တန်းမှာ နှစ်ခါကျတာနဲ့ သူလည်း အလုပ်ဝင်လိုက်တော့တယ်။

သူ့အလုပ်က ဆောက်လုပ်ရေးမှာ ဝန်ထမ်းပေ့ါ။ အလုပ်ထဲဝင်ပြီးမကြာဘူး။ မိန်းမရတာပဲ။ မိန်းကလေးကလည်း ပညာအရည်အချင်းက ရေးတတ် ဖတ်တတ်ရုံလေး။ ကလေးသားသမီး မရခင်ကတော့ သူ့ပါ နေ့စားနဲ့ဝင်လုပ်နေတယ်။ ခုတော့ သားသမီးက နှစ်ယောက်လောက်ရပြီ။ ကျုပ်သားအငယ်ကောင်ကလည်း ရန်ကုန်မှာမနေရဘဲ နယ်တွေကို တာဝန်နဲ့ နိုင်းသမျှသွားနေရတော့ မိန်းမနဲ့ကလေးတွေက ဒီမှာကျန်ရစ်ကြတယ်။ ရသမျှလစာနဲ့ ချွေးမရဲ့ အသုပ်စုံရောင်းတာနဲ့ ခြိုးခြံချွေတာပြီး စားကြရတာပေ့ါလေ။ တစ်ခါတစ်ခါကျတော့လည်း သင်းတို့ မပြေ

www.burmeseclassic.com

www.burmeseclassic.com

လည်မှုနဲ့ ခြစ်ကုပ်ရုန်းကန်နေရတဲ့ဘဝကို မြင်ရတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်နိုင်ခင် အိမ်ထောင်ပြုတာလားလို့ ကရုဏာဒေါသဖြစ်ပြီး အမေလုပ်တဲ့သူက အပြစ်တင်စကားဆိုမိတယ်။ အဲဒီလိုပြောလိုက်ရင် ကျုပ်တို့ရှေ့ကို မလာတော့ဘူး။ မလာတာကြာတော့လည်း မအေကြီးက မနေနိုင်ဘူးလေ။ မြေးတွေအတွက် မုန့်ပဲသရေစာ လက်ဆောင်နဲ့ သွားလိုက်ရတယ်။

ကျုပ်တို့ရဲ့ အငြိမ်းစားလစာအပြင် သားကြီးက လူကြုံနဲ့ တစ်ခါတစ်ရံ ငွေသုံးလေးထောင်မျှ ပို့ပေးတတ်သလို သမီးကလည်း တစ်ခါတလေ ရန်ကုန်ပြန်ရောက်ရင် မိဘအတွက် အဝတ်အစား၊ ဆေး၊ နို့မှုန့်၊ သကြားနဲ့ ငွေလေးထောင်ငါးထောင်လောက် ပေးသွားတာ။ အဲဒါတွေရတဲ့အထဲက မအေကြီးက သူ့သား အငယ်ကောင်ကို ရှိသမျှ ကွက်လပ်တွေအတွက် သွားသွားဖြည့်ရတယ်။

"အဖေနှင့် အမေ

သားရှိသေစွာ စာရေးအကြောင်းကြားလိုက်ပါတယ်။ ဒီလ ၂၀ ရက်နေ့ကို သားတို့ ပြန်လာမယ်။ သင်းသင်းစိုးရဲ့ မိဘများဆီမှာပဲ တည်းတော့မယ်။ အဖေ့မြေးနှစ်ယောက်နဲ့ အငယ်မလေး အပါအဝင် ရှင်ပြုနားသကို ၂၅ ရက်နေ့မှာ လုပ်မယ်။ မနက် ၁၀ နာရီမှာ နားထွင်း၊ သင်္ကန်းစည်း၊ ဆွမ်းကျွေး ရေစက်ချမယ်၊ သားတို့ဌာနက ဌာနဆိုင်ရာလူကြီးတွေပါ ဖိတ်မယ်။ အဖေတို့က စောစောလေးလာပါ။ ရေစက်ချမိအောင်ပေါ့။ လူကြီးတွေနဲ့လည်း တွေ့ရတာပေါ့။ ရန်ကုန်ရောက်ရင် သားလည်း တစ်ခေါက်လောက်တော့ လာဦးမယ်။ နောက်ရက်တွေက အလှူကိစ္စနဲ့ဆိုတော့ လာနိုင်မယ်မထင်ဘူး။ အလှူပြီးရင် သားတို့နှစ်ယောက်စလုံး နိုင်ငံခြားကို သွားရမယ်။ သုံးလလောက်ကြာမယ်။ အဲဒီကိစ္စတွေကလည်း လိုက်လုပ်နေရမှာဆိုတော့ အဖေတို့နဲ့ တွေ့ချိန်သိပ်ရမှာမဟုတ်လို့ အလှူနေ့ကို ဆက်ဆက်လာခဲ့ကြဖို့ သားကြိုတင်အကြောင်းကြားတာပါ။ ကားမအားလို့ မလွှတ်ပေးနိုင်ရင်လည်း အငှားကားနဲ့ လာခဲ့ပါ။ အသွားအပြန် သားတာဝန်ယူပါ့မယ်။ ညီမလေးကိုလည်း စာရေးထားတယ်။ သူမြန်မာနိုင်ငံမှာ ပြန်ရောက်တဲ့အချိန်နဲ့ ကိုက်ရင်တော့ လာနိုင်မှာပေါ့။ အဲဒီမှာ မိသားစုအားလုံး ဆုံပြီး ပျော်ပျော်ပါးပါးပေါ့ အဖေ။

ရိုသေစွာဖြင့်

ထက်ဝင်္ဂစိုး

ဒါက ကျုပ်သားကြီးဆီက လွန်ခဲ့တဲ့အပတ်က လာတဲ့စာ။ နောက်နှစ်ရက်လောက်ဆို အလှူပွဲက ရောက်တော့မယ်။ ရန်ကုန်ရောက်ပြီး နောက်တစ်ရက် အိမ်ကို ခဏလာသွားတယ်။ သူ့မိန်းမတော့ မပါဘူး။ အလှူကိစ္စအတွက် ရှင်လောင်းဝတ်စုံချုပ်ဖို့ အမြန်လုပ်နေလို့ မအားဘူး။ ဖိတ်စာတွေ ရိုက်ပြီး ဝေဖို့ကလည်း ရှိသေးတယ်လေ။ ခမ်းနားကြီးကျယ်စွာနဲ့ ကျင်းပမယ့် အလှူအတွက် သားကြီးမှာ ဗိတိဖြစ်နေပုံရတယ်။

မိဘနှစ်ပါးကိုလည်း လာခဲ့ဖို့ အထပ်ထပ်မှာပြီး တစ်နာရီကြာကြာလောက်တောင် အချိန်မပေးနိုင်ရှာဘဲ ပြန်သွားရတယ်။

သူ့ညီမ စီးပွားရေးအမြင်ကျယ်ပုံကိုတော့ ရှန်းရှန်းဝေသွားပြီး ယောက်မ သင်းသင်းစိုးက သဘောကျချီးကျူးပုံကို ပြောပြသွားတော့ ကျုပ်လည်း သမီးတို့မိသားစုအတွက် ဗိတိဖြစ်ရပြန်တယ်။

"ကိုကိုကြီးက သိပ်ဟန်ကျတာ။ နိုင်ငံခြားက ပြန်လာပြီးရင် ရန်ကုန်မှာပဲ တာဝန်ကျမှာ။ မမသင်းက ခွဲစိတ်အထူးကုဆိုတော့ သိပ်ကောင်းပေါ့။ အလှူနေ့ကျရင် ဖေဖေကော မေမေပါ လာခဲ့ပါ။ သမီးကလည်း နှစ်ရက်လောက်ပဲ နေနိုင်မယ်။ ဘန်ကောက်ကို ပြန်ရဦးမှာ။ ကုမ္ပဏီကပို့လိုက်တဲ့ပစ္စည်းအတွက် သွားရဦးမှာ။ ဟိုမှာက ရက်ချိန်းလုပ်ခဲ့ပြီးပြီ။ ပြန်မသွားလို့ မဖြစ်ဘူးလေ။ အလှူနေ့မှပဲ ဖေဖေတို့နဲ့ အချိန်ကြာကြာတွေ့ရမှာ အခုလည်း ဒီကအပြန် လေယာဉ်ရုံးကို လက်မှတ်ကိစ္စအတွက် သွားရမှာ"

ကားသစ်လှလှ၊ စိန်တွေ၊ ရွှေ တွေ ပြိုးပြိုးပြက်ပြက် လက်လက်ရောင်ထနေပြီး လှလည်းလှ၊ ဝလည်းဝနေတဲ့ ကျုပ်သမီးက အဖေနဲ့ အမေ လာဖို့အတွက် စကားကို ရှန်းရှန်းဝေ သွားတာပဲ။ မအေဖြစ်တဲ့သူကတော့ သားကြီးကလည်း ခပ်အေးအေး၊ သမီး လာတော့လည်း ခပ်အေးအေး၊ ပြော သမျှကို နားထောင်နေတယ်။ ဒါပေ ကျုပ်မိန်းမရဲ့ မျက်လုံးအစုံမှာ ပုဗ္ဗ

www.burmeseclassic.com

www.burmeseclassic.com

တစ်ပုဒ်ရှိနေတယ်။ နှစ်ပေါင်းများစွာ ရောယှိယှွင်း သေမင်းနဲ့ စစ်ခင်းခါနီး နေပြီအထိ ပေါင်းလာခဲ့တာပဲ ကျူပ်မိန်းမရဲ့အကြည့်ကို ကျူပ်သိတာပေါ့။ သားကြီးနဲ့ သမီးတို့ ကိစ္စအတွက် သူ့အရေးပေးစဉ်းစားရမှာပဲ။ ဘာပဲဖြစ်ဖြစ် အလှူကိုသွားရင် သားကြီးနဲ့ သမီးကိုတော့ အေးအေးဆေး ဆေးမတွေ့ရတောင် စကားတော့ ပြောရမှာပဲ။ ဌာနက အကြီးအကဲတွေကအစ အပေါင်းအသင်း၊ လူကြီးလူကောင်းတွေနဲ့ ကျူပ်သားက သူ့မိဘတွေနဲ့ မိတ်ဆက်ပေးချင်မှာပေါ့။ သွားသင့်ပါတယ်။ သားကြီးကလည်း သူ့အိမ်က ကားလာမကြိုနိုင် ကားတားပြီးလာခဲ့ဖို့ရယ်၊ သူက အသွားအပြန်စရိတ် တာဝန်ယူပါ့မယ်လို့ ပြောခဲ့သားပဲ။ သွားရမှာပေါ့လေ။

“သားလည်း ခွင့်သုံးရက်လောက် ယူခဲ့တယ်အဖေ။ သားတို့ဌာနစိတ်အဖွဲ့ကို အထက်က ဆုကြေးပေးလို့ သားလည်း ရခဲ့တယ်။ အဲဒါ အိမ်မှာ ဘုန်းကြီးငါးပါးလောက် သားဆွမ်းကျွေးချင်တယ်။ နေ့ဆွမ်းပေါ့ အဖေရယ်။ အဖေတို့ချွေးမကလည်း မိဘလည်းမရှိတော့ အဖေတို့ကိုပဲ အမျှထားရမှာတဲ့”

ဪ . . . ဆုံမှဆုံတတ်ပလေ၊ ကြုံမှကြုံတတ်ပလေ . . ။ သားအငယ်ကောင်ကလည်း သူ့ချွေးနဲ့စာ၊ ဆုကြေးရတာလေးနဲ့ သံဃာတော်ကို ဆွမ်းကပ်ချင်တဲ့ရက်က သားကြီးရဲ့အလှူနဲ့ တိုက်နေတယ်။ အချိန်ကလည်းတိုက်၊ နေ့ဆွမ်းဆိုတော့ ဘယ်လိုမှ အချိန်လုလို့မရနဲ့ သားကြီးရဲ့အလှူမှာက ဧည့်သည်များမယ်၊ လူကြီးလူကောင်း ဌာနဆိုင်ရာက လူကြီးတွေနဲ့လည်း သားကြီးကတွေ့စေချင်တယ်။ ချွေးမဘက်က မိဘအသိုင်းအဝိုင်းက ပြည့်စုံထည်ဝါသူတွေကများတော့ ဖအေနဲ့ မအေကို သားကြီးက ပွဲထုတ်ချင်မှာပဲ။ အဲဒီမှာ သမီးတို့မိသားစုကိုလည်း ဆုံရမှာ တွေ့ရမှာ။

“ဒီတော့ အဖေရယ်၊ အဖေတို့အိမ်မှာ ဆွမ်းခံကြွတဲ့ ကိုယ်တော်ရဲ့ကျောင်းက သံဃာသုံးပါးကိုပင့်ပေးပါ။ သင်္ကန်းတစ်စုံဝယ်ကပ်ပြီး ဝတ္ထုငွေကို တစ်ပါးတစ်ရာလောက်ကပ်ပြီး ဆွမ်းကပ်ချင်တယ်။ သားချွေးနဲ့စာထဲက အဖေနဲ့ အမေကိုလည်း ကန်တော့ချင်တယ်။ သားတို့ရဲ့ အိမ်ထောင်သက်မှာ မင်္ဂလာဆွမ်းကျွေးကလွဲလို့ ကုသိုလ်ကောင်းမှုကို မပြုရသေးဘူးလေ၊ ရတောင့်ရခဲဖြစ်လို့ သားကုသိုလ်ပြုချင်တယ်”

ရင်ထဲက လှိုက်လှိုက်လှဲလှဲ ပြောလာတဲ့ ကျူပ်သားလေးရဲ့ စကားပေါ့။

“ခက်တာပဲ သားရယ်။ မင်းရဲ့အစ်ကိုကြီးရဲ့ အလှူနဲ့ကလည်း ရက်ကော၊ အချိန်ကော တိုက်နေတယ်”

“ဟုတ်ပါတယ် အမေ၊ ဒါပေမဲ့ သားကလည်း ခွင့်သုံးရက်ထဲရပြီး ပြန်ရမှာ”

“အဲဒါမှ ဆုံးဖြတ်ရခက်တာပဲရှင်”

“အမေရယ် . . . သိပ်ပြီးစိတ်ညစ်ခံစဉ်းစားမနေပါနဲ့။ အစ်ကိုကြီးတို့ မမတို့က သိပ်လာစေချင်တာ မဟုတ်လား။ အဲဒီအလှူကိုပဲသွားပါ။ သားကိုသာ အဖေက ဘုန်းကြီးပင့်ပေးပါ။ သားအဆင်ပြေအောင် လုပ်လိုက်ပါ့မယ်”

ဘုန်းကြီးပင့်ပေးရမှာပေါ့။ သူ့မှာကလည်း နယ်မှာ တာဝန်ထမ်းဆောင်နေရတော့ ရတဲ့အချိန်လေးကို သူလုပြီး ကုသိုလ်ပြုရတာ။ ရောက်တာနဲ့ အစ်ကိုတွေ၊ အစ်မတွေအကြောင်း တဖွဖွမေးလို့ အခြေအနေကို ပြောပြရတယ်။ သူ နားလည်ရှာပါတယ်။ ကျူပ်လည်း ဘုန်းကြီးပင့်စရာရှိတာကိုပင့်၊ သားငယ်က သင်္ကန်းဝယ်ဖို့ ပိုက်ဆံပေးတာနဲ့ သံဃာတော်တွေအတွက် သင်္ကန်းထွက်ဝယ်လိုက်တယ်။ ချွေးမနဲ့ သားက မြေးနှစ်ယောက်ကို သူတို့အဘွားဆီ ခဏထားပြီး ဈေးသွားဝယ်ကြတယ်။ ကျူပ်လည်း ကျူပ်အတွေးနဲ့ ကျူပ်အစီအစဉ်နဲ့ပေါ့။

“အဖေတို့ ဘယ်အချိန်သွားကြမှာလဲဟင်”

“အဖေ့အစီအစဉ်နဲ့ အဖေတို့စီစဉ်ထားတာပါ။ သားအမေလည်း သိတယ်”

“တော်ကြာ နောက်ကျနေလို့ အစ်ကိုကြီးနဲ့ မမတို့က မျှော်နေဦးမယ်”

“ရပါတယ် သားရယ်။ ဘုန်းကြီးက ၁၀ နာရီခွဲဆို ကြွမယ်။ အားလုံးအဆင်သင့်ဖြစ်ပြီလား။ ဟင်းတွေကော ဘာဟင်းတွေချက်သလဲ”

“ကြက်သား၊ ဝက်သားနဲ့ ငါးကြော်နှပ်ရယ်၊ သီးစုံချဉ်ရည်ဟင်း၊ ငါးပိတို့စရာ အဖေ။ ဘုန်းကြီးက သုံးပါးဆိုပေမယ့် ပိုပိုမိုမိုလေး ချက်ထားလိုက်တယ်”

“အေး . . . ကောင်းတာပေါ့ကွာ”

ပြင်ဆင်ထားတဲ့ ဆွမ်းပွဲလေးကို

www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်တယ်။ စားပွဲခုံဝိုင်းလေးမှာ အညာရပ်က ချည်ကြမ်းစားပွဲခင်းထားပြီး ရိုတဲ့ပန်းကန်ခပ်သစ်သစ်လေးတွေနဲ့ ဆွမ်းပွဲပြင်ထားတယ်။ ခပ်ကျဉ်းကျဉ်း အိမ်ခန်းလေးမှာ ဖျာနှစ်ချပ်ပေါ် လွှာချင်းစောင်လေးနှစ်ထည်က တရားနာဖို့ ခင်းထားသလို ကြွေရည်သုတ် ဗန်းလေးထဲမှာ စာအိတ်နဲ့ ဝတ္ထုငွေလေးတွေ စီရီစွာ ပြင်ထားတယ်။

"သားရေ . . . ဘုန်းကြီးတွေကြွလာပြီ"

ခပ်လှမ်းလှမ်းက ဘုန်းကြီးကြွလာတာကိုမြင်ရလို့ ကျုပ်က လှမ်းပြောလိုက်တယ်။ ကျုပ်မိန်းမကိုလည်း တရားနာဖို့ ခေါ်လိုက်ရတယ်။ ကျုပ်ရတဲ့ မြေကွက်ထဲမှာ အိမ်သေးသေးလေးတစ်လုံးဆောက်ပြီး အငယ်ကောင်မိသားစုကို ကျုပ်နေစေတယ်။

"အဖေ . . . ဘုန်းကြီးက ငါးပါးတောင်"

"အေးလေ၊ ငါ့သားနဲ့ အဖေတို့ ရေစက်ဆုံအောင် အဖေလည်း အလှူပေါင်းလုပ်တာပါ။ သံဃာတော်ငါးပါးအတွက် အချိုမုန့်ရယ်၊ လက်ဖက်ရည်ရယ်၊ ဝတ္ထုငွေရယ်၊ သင်္ကန်းငါးစုံရယ်ကို အဖေက ဒါနပြုတာပေါ့။ ဒါမှ ရေစက်ချတော့ အဖေတို့သားအဖ ကုသိုလ်အတူတူပြုတာကို အမျှဝေ သာဓုခေါ်ရတာပေါ့ သားရယ်"

စကားဖြတ်လိုက်ပြီး ကြွလာတဲ့ သံဃာတော်တွေကို ခြေသုတ်ပုဆိုးဖြင့် ခြေဖဝါးတို့ သန့်ရှင်းပေးလိုက်ပြီး တရားနာဖို့ အိမ်ဦးခန်းကို ကြွစေတယ်။

"အဖေ . . . အစ်ကိုကြီးတို့ဆီသွားဖို့ နောက်ကျတော့မှာပဲ"

"အဖေတို့ မသွားတော့ဘူးသား။ သားကြီးတို့အလှူက အစထဲက ပြည့်စုံတဲ့အလှူ။ အဖေတို့မသွားလည်း ခဏပဲ မျှော်ရတာကလွဲလို့ ဘယ်လိုမှ လစ်ဟာမှုရှိမှာ မဟုတ်ဘူး။ တစ်ဖက်မိဘ အစုံအလင်ရှိသေးတယ်။ သူတို့မောင်နှမ လာတွေ့ကြဦးမှာ။ ငါ့သားလေးအလှူမှာ သမီးကလည်း မိဘမရှိတော့ဘူး။ အဖေတို့သာ သားတို့ကို ဥပေက္ခာပြုလိုက်ရင် လစ်ဟာသွားမယ့် သားတို့အလှူအတွက် အဖေနဲ့အမေက ကွက်လပ်ဖြည့်ပေးရတာပဲ။ ငါ့သားလေးရဲ့ ချွေးနဲ့စာနဲ့ပြုတဲ့ အလှူဒါနလေး ဖြစ်မြောက်သွားအောင် အဖေက ပါရမီဖြည့်ပေးတာပေါ့ သွားရယ်"

ရေစက်ချနေတဲ့ ကျုပ်သားရဲ့ မျက်နှာကို လှမ်းကြည့်ပြီး ကျုပ်ရင်ထဲကစကားတွေကို ပြောပြလိုက်တယ်။

"အဖေ . . ."

ကျုပ်သားရဲ့ရင်ထဲက နင့်နင့်နဲ့နဲ့ ထွက်လာခဲ့တဲ့ စကားသံပေါ့။ သားရဲ့ မျက်ဝန်းအစုံမှာလည်း မျက်ရည်ကြည် စို့လာတယ်။ မိဘရဲ့မေတ္တာဆိုတဲ့ ခံစားမှုကို ကျုပ်သား နားလည်သွားပြီ။

မြမြလှိုင်

အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်

အဆောင်တတ်လုံး

ဘော် + ဘင် + ပြဒါးသွတ်

ဤလေးပါးတို့သည် မူလဓာတ်ပေါင်း ပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြားလာဘ်လာဘ ပေါကြွယ်လှပြီး လှတိုင်းလိုအပ်သော ဝိယ-လာဘ-ခေ-ပညာ စသည်တို့အတွက် သေချာစီမံ၍ ကောင်းသောအချိန်၊ ကောင်းသောနက္ခတ်နှင့် ကြံ့ကြိုက်ချိန်၊ သမထကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်းစည်း သိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်တတ်လုံးကို ပါရမီတတ်ခံရှိသူများထံ သတင်းကောင်း ပါးလိုက်ပါသည်။

အဆိုပါ ပြဒါးရှင်တတ်လုံးကို ဆောင်ထားခြင်းအားဖြင့် . . .

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ဝိယ+ခေ၊ လာဘ၊ ပညာရေး စသည်တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက် စသော နှောင့်ယှက်မှုကို ကာကွယ်နိုင်ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သွားရာတွင် ဆောင်ထားခြင်းဖြင့် ဘေးရန်အသွယ်သွယ် ကင်းပြီး လိုရာခရီးကို ရောက်နိုင်ခြင်း။

၅။ တမေးပွဲဖြေဆို လူတွေ့စစ်ဆေး စသောကိစ္စများအောင်နိုင်ခြင်း စသော ကောင်းကျိုးမင်္ဂလာ အပြာပြာနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလိုရှိပါက . . .

နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီထိ

ရောင်ပြန်မဂ္ဂဇင်းတိုက်

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁

www.burmeseclassic.com

www.burmeseclassic.com

ထူးထူးခြားခြား ဖြစ်ရပ်များ

ရန်ကုန်တိရစ္ဆာန် ဥယျာဉ် ပြန်လည်ဖွင့်လှစ်ခြင်း

(၁-၁-၁၉၄၃)

မြန်မာနိုင်ငံသို့ စစ်မီး ကူးလာချိန်မှစ၍ စတင်ပိတ်ထားရသည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် ဂျပန် အစိုးရက ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ၁၉၀၆ ခုနှစ်၊ ဇန်နဝါရီလတွင် ဗိတိုရိယဘုရင်မကြီး၏ နန်းစံ(၂၅) နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဝေလမင်းသားနှင့် ကြင်ယာတော်တို့က လာရောက်ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က Victoria Memorial Park and Zoological Garden ဟု အမည်ပေးခဲ့၏။ ပြသသည့် တိရစ္ဆာန်များထဲတွင် သီပေါမင်း၏ ဆင်ဖြူတော် လည်းပါရှိပြီး ၁၉၁၀ ပြည့်နှစ်အထိ သက်ရှိထင်ရှားခဲ့ပါသည်။

တိရစ္ဆာန်ဥယျာဉ်၏ ကုန်ကျစရိတ်မှ (၁၉၄၀-၄၁) ခုနှစ် စာရင်းအရ ၁၉၈၆ ကျပ်၊ ၉ ပဲ၊ ၄ ပိုင် ဖြစ်၏။ ဂျပန်ခေတ်တွင် တိရစ္ဆာန်ဥယျာဉ် ကမောက်ကမ ဖြစ်ခဲ့ရ၏။

ဘီအိုင်အေနှင့်အတူပါသော ယိုးဒယား စစ်သားများက ကြံ့ကြီးကို ပစ်သတ်ခဲ့ပြီး အချို့ကို သတ်ဖြတ် စားသောက်ခဲ့ကြသည်။ လူတို့အား အန္တရာယ်ပြုနိုင်သော တိရစ္ဆာန်အချို့ကိုလည်း သတ်ဖြတ်ခဲ့ကြ၏။ သို့ဖြစ်၍ တိရစ္ဆာန် ချစ်ခင်မြတ်နိုး သူများက ထိန်းသိမ်း စောင့်ရှောက်ထားခဲ့ကြသည်။

ဆင်ကြီးနှစ်ကောင်ကို ဘေးလွတ်ရာ ရန်ကုန်တစ်ဖက်ကမ်း အေးရွာသို့ ပို့ထားကြ၏။ ကျား၊ ခြင်္သေ့နှင့် ဝက်ဝံ အပါအဝင် တိရစ္ဆာန် (၂၈)ကောင်ကိုမူ ဥယျာဉ်အစောင့် အဗဒူခါလစ်က ဟင်္သာတ ဘက်မှ ဦးဘသိန်းဆိုသူထံ ပို့ထားသည်။

ဂျပန်အစိုးရ လက်ထက်တွင်မှ တိရစ္ဆာန်များကို ဟင်္သာတမှ ရန်ကုန်သို့ ပို့ကာ ဦးဘသိန်းနှင့် ပစ္စတာပတ်ဇက် တို့က အုပ်ချုပ်ခဲ့ကြ၏။ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလက ရန်ကုန်တိရစ္ဆာန်ဥယျာဉ် သက်တမ်းမှာ နှစ် (၁၀၀) တိတိပြည့်မြောက်ခဲ့ပြီး ဖြစ်ပါသည်။ ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

တစ်သိန်းထဲက တစ်ယောက်

ချိုရာပါထက်

"လူတစ်သိန်းသေ၍ သုဂတိဘဝသို့ တစ်သောင်းမရောက်"ဟု မြတ်စွာဘုရားက ဟောကြားခဲ့ပါသည်။ လူတစ်သိန်း သေဆုံးခဲ့သော် လူ့ပြည်နတ်ပြည် ဗြဟ္မာပြည်ဟူသော သုဂတိဘုံများသို့ တစ်ယောက်ရောက်ရန်ပင် ခဲယဉ်းလှပြီး အများစုမှာ အပါယ်လေးဘုံသို့ ရောက်ကြရလေသည်။

သို့သော် ကျွန်မ၏ ပတ်ဝန်းကျင်၌ လူဝင်စားများကို မကြာခဏ တွေ့နေရပြန်ရာ သူတို့သည် လူ့ပြည်သို့ ပြန်ရောက်ရန် လုံလောက်သော ကုသိုလ်ကောင်းမှုများကို ယခင်ဘဝက ပြုလုပ်ခဲ့သဖြင့် ယခုဘဝ၌ ပြန်၍ လူဝင်စားဖြစ်လာရခြင်းဖြစ်သည်ဟု ယူဆရပေသည်။

ပထမတစ်ယောက်က ကျွန်မ၏ ဖခင် ဦးမောင်ကြီး ဖြစ်သည်။ ဦးမောင်ကြီးသည် အသက် ၆၂ နှစ် အရွယ်၌ ဆီးချိုရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ နယ်မှာ တာဝန်ကျနေသော သမီးကြီးအိမ်သို့လိုက်နေရင်း ကွယ်လွန်သွားသဖြင့် နယ်သုသာန်မှာပင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည်။

ဦးမောင်ကြီးသည် ကွယ်လွန်သွားပြီး မကြာမီ သူ၏ ဒုတိယသမီးထံ၌ ပြန်ဝင်စားလေသည်။ ဒုတိယသမီး မြှုပ်ဖြူက ထိုကလေးကို ကိုယ်ဝန်ဆောင်နေစဉ် သူမကိုးကွယ်သော ဆရာတော်ထံရောက်၍ မေးလျှောက်ရာ ဆရာတော်က -

"ဒကာမကြီးအဖေ ဒကာမကြီးဆီမှာ ပြန်ဝင်စားလိမ့်မယ်။ မိန်းမကို စိတ်စွဲပြီး သေသွားတဲ့အတွက် မိန်းကလေးဘဝနဲ့ ပြန်လာမယ်။ သူ့မွေးနေ့အတိုင်း ပြန်လာမယ်"ဟု မိန့်ကြားလေသည်။ ဆရာတော်ဟောသော စကားမှာ ကွက်တိမှန်လေသည်။ ထိုကလေးသည် မိန်းကလေးဖြစ်ပြီး ဗုဒ္ဓဟူးသမီး ဖြစ်လေသည်။

ထိုကလေး စကားပြောတတ်ခါ ၃-၄ နှစ်အရွယ်၌ သူ့အမေက ကလေးကိုခေါ်ပြီး နိုင်ငံခြားရုပ်ရှင်ကား သွားကြည့်သည်။ ရုပ်ရှင်မှပြန်လာသောအခါ သူ့အဘွား(သူ့အမေ၏အမေ) (ယခင်ဘဝ သူ့မိန်းမ)ကို ပြောလေသည်။

"ဘွားဘွား‥ သမီး အရင်က လေယာဉ်ပျံပြင်တတ်တယ်"

အဘွားဖြစ်သူ ဒေါ်မြိုင် အံ့သြသွားသည်။

"ဟုတ်လား ဘယ်တုန်းကလဲ"

ဟု မေးရာ -

"သူငယ်ငယ်က"ဟု ပြောပြီး သူ့ဦးလေး(သူ့အမေ၏ မောင်ငယ်) (ယခင်ဘဝက သူ့သားငယ်)ကို လက်ညှိုးထိုးပြလေသည်။

ဒေါ်မြိုင်က ထိုအကြောင်းကို သူ့သမီးအလတ်အား ပြန်ပြောပြရင်း "သူဒီတစ်ယောက်ပဲ မှတ်မိ တယ်ထင်တယ်"ဟု ဆို၏။

ဦးမောင်ကြီးသည် ယခင်ဘဝက လေယာဉ်စက်ပြင် ဆရာတစ်ဦးဖြစ်ပြီး မင်္ဂလာဒုံလေယာဉ်ကွင်း၌ အလုပ်လုပ်သည်။ နိုင်ငံခြားကားထဲမှ လေယာဉ်များကိုမြင်ပြီး အတိတ်ဘဝကို ပြန်မှတ်မိသွားပုံရသည်။ သူလေယာဉ်ကွင်းတွင် အလုပ်လုပ်စဉ် ပညာထူးချွန်သော ဝန်ထမ်းသားသမီးများကို အလုပ်ဌာနမှ ဆုချီးမြှင့်ရာ သူ့သားငယ် တက်ရောက်ဆုယူဖူးလေသည်။ ထို့ကြောင့် လေယာဉ်နှင့်တွဲလျက် သူ့သားငယ်ကိုသာ မှတ်မိခြင်း ဖြစ်နိုင်သည်။

ဦးမောင်ကြီးသည် ဇနီးဖြစ်သူ ဒေါ်မြိုင်နှင့် သားသမီး ကိုးယောက်ရခဲ့ရာ သူမှတ်မိသောသားက အငယ်ဆုံးကလေး၏ အထက်နို့သွာကောင် ဖြစ်သည်။ ကျောင်းပိတ်ရက် အိမ်တွင် ဒေါ်မြိုင်၏မြေးများ စုဆုံနေခိုက် ထိုလူဝင်စားကလေးမလေးက သူမ၏ တစ်ဝမ်းကွဲ အစ်ကို၊ အစ်မများကို ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ငါ့မှာ အရင်က မိန်းမကြီးရှိတယ်"

"ဟုတ်လား။ ဘယ်မှာလဲ"

ဟု သူမ၏အစ်ကိုဝမ်းကွဲက မေးရာ အိမ်ရှေ့ခန်းဆက်တီခုံပေါ်တွင် ထိုင်နေသော ဒေါ်မြိုင်ကို လက်ညှိုးထိုးပြပြီး "ဟိုမှာ"ဟု ပြောလေသည်။ ကလေးအချင်းချင်းပြောနေသော စကားများကို အခန်းတံခါးဝရှိ ဆက်တီခုံပေါ်တွင် ထိုင်နေသော ဒေါ်မြိုင် အတိုင်းသားကြားနေရသည်။

တစ်ခါသော် အဖော်ကောင်းကြုံသဖြင့် သူ့သားငယ်က ကြို့ပင်ကောက်မြို့ရှိ နတ်လေချွန်ထံ ရောက်သွားလေသည်။ ဆွေမျိုးထဲမှ အသက် ၂၄ နှစ်အရွယ်ရှိ မိန်းမပျိုလေးတစ်ယောက် ကွယ်လွန်သွားသဖြင့် မိန်းမပျိုမိသားစုက နတ်လေချွန် သွားမေးလို၍ သူ့သားငယ်ကို အဖော်ခေါ်သွားခြင်း ဖြစ်သည်။

မိန်းမပျိုလေးအကြောင်း မေးပြီးသော် သူ့သားငယ်က ဦးမောင်ကြီးအကြောင်း ဆက်မေးသည်။ သေသောနေ့ရက်၊ လနှင့် မြှုပ်နှံသော သင်္ချိုင်းကို ပြောပြရသည်။ နတ်လေချွန်ကို မေးရာ "မရှိတော့ဘူး ဝင်စားသွားပြီ"ဟု ပြောသည်။

"ဘယ်သူ့ဆီမှာ ဝင်စားတာလဲ။ သားလား၊ သမီးလား"

ဟု ဆက်မေးရာ "သမီး၊ သမီး" ဟု ပြောသည်။ "နာမည်ပြောပါ"ဟု မေးမြန်းရာ "ဖြူဖြူ ဖြူဖြူ"ဟု ပြောသည်။ စကားအားလုံးကို လေချွန်သံဖြင့် ပြောခြင်းဖြစ်သည်။

မကြာခင်က ဦးမောင်ကြီး၏ သားလတ်မိန်းမမှာ ကလေးတစ်ယောက်မွေးပြီး ဒုတိယသမီးဖြူဖြူကလည်း ကလေးမွေးပြန်ရာ ဘယ်သူ့ဆီမှာ ဝင်စားတာလဲ ကွဲပြားစေရန် ထပ်မံမေးခြင်းဖြစ်သည်။ နှစ်ယောက်စလုံး မိန်းကလေးများချည်း မွေးသည်။

ဦးမောင်ကြီး သေဆုံးသည်က ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလကဖြစ်ပြီး ထိုကလေးမကို ၁၉၉၂ ခုနှစ်၊ ဇူလိုင်လတွင် မွေးခြင်းဖြစ်ရာ ထိုလူဝင်စားကလေးမသည် ယခုအခါ အသက် ၂၅ နှစ်အရွယ်ရောက်နေပြီဖြစ်သည်။ ဓာတုဗေဒအဓိကဖြင့် ဘွဲ့ရပြီး သူမအလုပ်အကိုင်နှင့်သူမ အေးအေးချမ်းချမ်း ရပ်တည်နေသည်။ ယခင်ဘဝ သေဆုံးချိန်နှင့် ယခုဘဝ မွေးဖွားချိန် ကြားသုံးနှစ်ကျော်အတောအတွင်း ဦးမောင်ကြီး ဘယ်ဘဝသို့ ရောက်နေသည်ကို ဘယ်သူမှ မသိနိုင်ပေ။

□□□

ဦးမောင်ကြီးသည် ယခင်ဘဝက အသောက်အစား အပျော်အပါး ကင်းလေသည်။ ကြက်တိုက်ခြင်း၊ မြင်းလောင်းခြင်း၊ ဖဲရိုက်ခြင်း၊ အရက်သောက်ခြင်း မရှိပေ။ ဆေးလိပ်လည်း မသောက်၊ ကွမ်းလည်းမစားပေ။ အရက်သောက်ထားသော မိတ်ဆွေသူငယ်ချင်းများကိုလည်း အိမ်သို့ အလာမခံပေ။ တံခါးဖွင့်မပေးဘဲ ပြန်လွှတ်သူဖြစ်သည်။ ရန်ကုန်မြို့ပေါ်ရှိ ဘုရားပေါင်းစုံသို့ လှည့်ပတ်ပြီး ဘုရားတင်ခွဲလျှင် ကိုးရက်နှုန်းဘုရားကိုးဆူပြည့်အောင် ပုတီးစိပ်သူဖြစ်သည်။ ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ ကမ္ဘာအေး၊ မယ်လမုကျိုက်ဝိုင်း စသည်ဖြင့် ဘုရားပေါင်းစုံအောင် လှည့်ပတ်ပြီး ပုတီးစိပ်သည်။ ညနေ ၄း၃၀ နာရီ အလုပ်မှ ပြန်ရောက်သည်နှင့် ခဏတစ်ဖြုတ်နားပြီး ရေချိုးကာ ထမင်းစားလေသည်။ ညနေ ၆း၀၀ နာရီ အိမ်မှ ထွက်သွားရာ ည ၉း၀၀ နာရီကျော်မှ ပြန်ရောက်လေသည်။

ဦးမောင်ကြီးသည် စိတ်ထားကောင်းမွန်ကာ ဆင်းရဲနွမ်းပါးသူများအပေါ် သနားတတ်လေသည်။ တစ်နေ့တွင် အိမ်ရှေ့ဝရန်တာ၌ ပက်လက်ကုလားထိုင်နှင့် ထိုင်နေစဉ် ပုဆိုးအကွဲနှင့် ထဘီအပြဲဝတ်ထားသော အိုးတိုက်ဖွဲပြာသည်လင်မယားကိုမြင်ရာ ကလေးတစ်ယောက်ကို ခေါ်ခိုင်းပြီး အိုးတိုက်ဖွဲပြာ ဝယ်လေသည်။ ထို့နောက် ပုဆိုးခပ်လတ်လတ်တစ်ထည်နှင့် ထဘီတစ်ထည်ကို အလကားပေးလိုက်သည်။ ထိုသို့ သူတစ်ပါးအပေါ် ရက်ရက်ရောရော ပေးကမ်းသော်လည်း သူ့မှာရှိသော ပုဆိုးအရေအတွက်မှာ ၁၀ ထည်ပင် မပြည့်ပေ။

တစ်ခါကလည်း သူ့မိန်းမရွာသို့ သွားစဉ် ရွာအဝင်လမ်း၌ လမ်းမကောင်း၍ ရွှံ့နွံရှိန်းရသောအခါ ဖိနပ်တစ်ဖက် ရွှံ့ထဲ၌ နစ်သွားသည်။ ဘယ်လိုမှ ပြန်ဆွဲနုတ်၍ မရပေ။ ထိုအခါ ကျန်ဖိနပ်တစ်ဖက်ကိုပါ ထိုအနား၌ ချတ်ထားခဲ့ပြီး ခြေချည်းဗလာ ပြန်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြန်ရောက်လျှင် "ဖိနပ် ဘယ်မှာ ကျန်ခဲ့သလဲ" ဟု မိန်းမကမေးရာ "ရွှံ့ထဲ နစ်နေလို့ ထားရစ်ခဲ့တယ်" ဟု ဖြေသည်။

"ရွှံ့ထဲနစ်တာ နှစ်ဖက်စလုံးလား" ဟု မိန်းမက ဆက်မေးရာ "တစ်ဖက်ပဲ နစ်တာ။ ကျန်တဲ့တစ်ဖက်က တမင် ထားပစ်ခဲ့တယ်။ ကောက်ရတဲ့သူ တစ်ရန်လုံး စီးနိုင်အောင်လို့" ဟု ပြော၏။

နောက်တစ်ခေါက် ရွာမှအပြန် ရထားစီး၍ ပြန်လာရာ ရထားအတက် ၌ ဖိနပ်တစ်ဖက် ကျွတ်ကျန်ရစ်ခဲ့ရာ ကျန်သော ဖိနပ်တစ်ဖက်ကိုပါ ချွတ်ချ ထားခဲ့လေသည်။

တစ်ခါက မိုးတွင်းအပြင်သွားရာ ဂျာကင်အင်္ကျီဝတ်သွားပြီး အပြန်၌ ဂျာကင်အင်္ကျီ ပြန်ပါမလာတော့ပေ။ မိန်းမက မေးသောအခါ "သူများပေးခဲ့ တယ်" ဟု ပြော၏။ အနွေးထည်မပါ၍ မိုးရွာသောအခါ ကုပ်ချောင်းချောင်းလုပ် နေသော သူငယ်ချင်းကို ပေးခဲ့ခြင်းဖြစ် လေသည်။ ဦးမောင်ကြီးက ထိုကဲ့သို့ သော လူစားဖြစ်သည်။

□□□

ဆင်းရဲနွမ်းပါးသူ၊ နေထိုင်မကောင်း သူ၊ ခြေလက်အင်္ဂါမစုံသူ၊ မိမိထက် အင်အားနည်းသူများအပေါ် သနားညှာ တာ စာနာထောက်ထားတတ်သည်။ ခြေလက်အင်္ဂါမစုံသူများ မျက်မမြင်များ ကို အကျိုးအကန်းဟူ၍ ရင့်ရင့်သီးသီး မပြောစေရန် သားသမီးများကို ဆုံးမ ထားသည်။ သူငယ်ချင်းများက သူ့ရှေ့၌ ပြောသွားလျှင် အိတ်ထဲပါသော ပိုက်ဆံကို ထုတ်ပေးထားခဲ့သည်။ ပြီးလျှင် ဘယ် တော့မှ သူပြန်မတောင်းပေ။ လက်ကျန် ရက် အိမ်မှာ ပိုက်ဆံပြတ်လျှင် "ဘယ် သူ့ဆီမှာ သွားတောင်း၊ ငါဘယ်လောက် ချေးထားတယ်" ဟူသော စကားထွက် လာတတ်သည်။ သူ့မိန်းမ သွားတောင်း လျှင် ချေးထားသော ငွေ၏ ၁၀ ပုံတစ် ပုံ၊ ငါးပုံတစ်ပုံခန့်သာ ရလေသည်။ အလီ လီခွဲ၍ရသဖြင့် သူ့မိန်းမက စိတ်မရှည် တော့ဘဲ သွားမတောင်းတော့ရာ ကြွေး ဆုံးဖြစ်သွားလေသည်။

ထမင်းစားလျှင် မစားခင် ထမင်း ဆုပ်သုံးဆုပ်လုပ်ပြီး ပန်းကန်ထိပ်၌ တင်ထားလေသည်။

"အဲဒါ ဘာလုပ်တာလဲ"

ဟု သူ့မိန်းမကမေးရာ -

"ဘုရားကို ဦးချတာ"

ဟု ပြော၏။ ထမင်းစားနေစဉ် ထိုထမင်းဆုပ်များကို လုံးဝယူမစားပေ။ ထမင်းစားပြီးသောအခါ ထိုထမင်းဆုပ် သုံးဆုပ်ကို အဆုပ်လေးများ ပြုလုပ်ပြီး လျှင် အိမ်နောက်ဖေးမှ အိမ်သာခေါင် မိုးပေါ်သို့ ပစ်တင်လေသည်။ ထိုကဲ့သို့ ပစ်တင်လျှင် ကျီးကန်းများက သူ၏ ထမင်းဆုပ်လေးများကို လာ၍စားလေ သည်။ တစ်ခါတစ်ရံ ထမင်းဆုပ်လေး များသည် အိမ်သာခေါင်မိုးပေါ်သို့ မကျ ရောက်ဘဲ လေထဲမှာပင် ကျီးကန်းများက နှုတ်သီးဖြင့် ထိုးသုတ်သွားလေသည်။ ကျီးကန်းများမလာလျှင် ဦးမောင်ကြီးက "အအ…အအ" ဟု ကျီးကန်းသံလုပ် ခေါ်လျှင် ကျီးကန်း လေးငါးကောင် ရောက်လာလေသည်။

ဦးမောင်ကြီး၏ အိမ်သည် နှစ် ထပ်သစ်သားအိမ်ဖြစ်ပြီး ဦးမောင်ကြီး မိသားစုက အိမ်အပေါ်ထပ်၌ နေ၍ အောက်ထပ်၌ သူ၏ညီမမိသားစု နေ သည်။ သူ၏ အိမ်အနောက်ဘက်ရှိ ကုန်းမြင့်ပေါ်တွင် ဘုန်းကြီးကျောင်းတစ် ကျောင်းရှိပြီး ထိုဘုန်းကြီးကျောင်းဝင်း ထဲတွင် သီးပင်စားပင်ပေါင်းများစွာရှိရာ ထိုသစ်ပင်များပေါ်၌ ကျီးကန်းများ အသိုက်ဖွဲ့နေကြသဖြင့် ဦးမောင်ကြီး ထမင်းစားပြီး ကျီးစာကျွေးတိုင်း ကျီး ကန်းများကို အလွယ်တကူခေါ်၍ရခြင်း ဖြစ်သည်။

ထိုကဲ့သို့သော ကုသိုလ်ကောင်း မှုများက ဦးမောင်ကြီးကို လူ့ဘဝ ပြန် ရောက်စေရန် တွန်းအားပေးလိုက်သည် ဟု ဆိုရပေမည်။

ယခင်ဘဝ သေဆုံးချိန်နှင့် ယခု ဘဝ မွေးဖွားချိန်အကြား သုံးနှစ်ကျော် ကာလအတွင်း ဦးမောင်ကြီး ဘယ်ဘုံ ဘယ်ဘဝသို့ ရောက်နေသည်ကို ဘုရား မှတစ်ပါး တခြား မည်သူမျှ မသိနိုင် လေပြီ။

ချိုပါရာထက်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သံသယစောဒက

ရန်ကုန်မြင့်ဆွေ

ဗြိတိသျှ အင်္ဂလိပ်နယ်ချဲ့အစိုးရက မြန်မာပြည်ကို သိမ်းပိုက်အုပ်ချုပ်နေသော အချိန်ကာလ ဖြစ်သည်။

၁၇၉၅ ခုနှစ် နှစ်ကုန်ပိုင်းခန့်တွင် ရှမ်းပြည်မှာ ဖြစ်ပျက်ခဲ့သော မယုံနိုင်စရာ ထူးဆန်းအံ့သြဖွယ်ကောင်းသည့် ထိတ်လန့်စရာ ဖြစ်ရပ်တစ်ခု ဖြစ်ပါသည်။

ရှမ်းပြည် ပင်းတယမြို့အနောက်ဘက် မိုင်နှစ်ဆယ်ကျော်၌ရှိသော ကွမ်ကျိုင်းရွာထိပ်တွင် ခြံကြီးတစ်ခြံရှိသည်။ ထိုခြံကြီးအား အလယ်၌ စော်ဘွားများ၏ ဟော်နန်းကြီးသဖွယ် ထည်ဝါခံ့ညားစွာ ဆောက်လုပ်ထားသော ကျွန်းအိမ်ကြီးတစ်အိမ် ရှိသည်။

ကျွန်းအိမ်ကြီး၏ ပိုင်ရှင်မှာ ရှမ်းပြည်နယ်တစ်ဝန်းလုံးမှာ ထင်ပေါ်ကျော်ကြားသော သူဌေးကြီးဦးစိုင်းဝဏ္ဏဖြစ်သည်။ ခြံကြီး၏ အကျယ်အဝန်းမှာလည်း ဧကငါးဆယ်ကျော် ကျယ်ဝန်းသည်။

ဦးစိုင်းဝဏ္ဏ၏ အိမ်ခြံကြီးအတွင်းသို့ ပြင်ပလူများ ဝင်ထွက်သွားလာခြင်း မရှိသလို ဦးစိုင်းဝဏ္ဏကလည်း ပတ်ဝန်းကျင်အပြင်လောကနှင့် အရောတဝင်နေထိုင်ခြင်း မရှိသဖြင့် ခြံကြီးမှာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ဦးစိုင်းဝဏ္ဏသည် အေးဆေးတည်ငြိမ်စွာ နေတတ်ပြီး စကားအပြောအဆို အလွန်နည်းပါးသူ လူပျိုကြီးတစ်ယောက် ဖြစ်သည်။ ရွာသူရွာသားများက သူဌေးကြီးဆိုသော အရှိန်အဝါကြောင့် ဦးစိုင်းဝဏ္ဏအား ချစ်ကြောက်ရိုသေကြသည်။ ဦးစိုင်းဝဏ္ဏကလည်း ရွာ၏ သာရေးနာရေးကိစ္စအဝဝအား လိုအပ်လျှင် လိုအပ်သလို ငွေအားဖြင့် ကူညီခဲ့သည်။

ဦးစိုင်းဝဏ္ဏမှာ သနားကြင်နာတတ်သောစိတ် အပြည့်အဝရှိသည်။ အထူးသဖြင့် ကိုယ်ချင်းစာနာတတ်သော စိတ်ထား ရှိနေခြင်းပင်ဖြစ်သည်။ ရွာက လူတွေအားလုံးကလည်း ဦးစိုင်းဝဏ္ဏ၏ စိတ်နေသဘောထားများကို သိရှိထားကြသည်။

ဦးစိုင်းဝဏ္ဏ၏ရှေ့မှောက်၌ အလုပ်သမားတစ်ဦးဦးဖြစ်စေ၊ ရွာသူရွာသားပဲဖြစ်ဖြစ် လူတစ်ဦးတစ်ယောက်များ ထိခိုက်ဒဏ်ရာရသည်ကို မြင်လိုက်ရလျှင် ဦးစိုင်းဝဏ္ဏသည် ကိုယ်တိုင်ခံစားနာကျင်လိုက်ရသလို ကိုယ်ချင်းစာနာတတ်ပုံများကို လူတော်တော်များများက တွေ့မြင်ခဲ့ရဖူးသည်။

ဘိုးစဉ်ဘောင်ဆက် ချမ်းသာကြွယ်ဝလာသော မျိုးဆက်က ပေါက်ဖွားလာသူ ဦးစိုင်းဝဏ္ဏသည် သူပိုင်ဆိုင်သော လက်ဖက်ခြံ၊ လိမ္မော်ခြံများနှင့် စီးပွားရေးလုပ်ငန်းများအား လူယုံတော်ကြီး ဦးဒီပကို ဦးစီးလုပ်ကိုင်ရန် လွှဲအပ်ထားလိုက်သည်။ ဦးဒီပမှာ ဦးစိုင်းဝဏ္ဏ၏မိဘများ လက်ထက်ကပင် လူယုံတော်ဘဏ္ဍာစိုးကြီးအဖြစ် တာဝန်ယူလာခဲ့သောကြောင့် ဦးစိုင်းဝဏ္ဏက အစစအရာရာ ဦးဒီပကို အားကိုးသမှုပြုနေရသည်။ ဦးစိုင်းဝဏ္ဏ၏ ဝေယျာဝစ္စနှင့် အိမ်တွင်းရေး၊ စီးပွားရေး အားလုံးကို အလုပ်သမားများနှင့် ဟာကွက်မရှိဘဲ အကွက်စေ့အောင် ဦးဒီပက ဦးစီးဦးဆောင် လုပ်ကိုင်ပေးနိုင်ခဲ့သည်။

ဂုဏ်သရေရှိ သူဌေးကြီးတစ်ဦးဖြစ်၍သာ ဦးစိုင်းဝဏ္ဏဟု ခေါ်ဆိုရသော်လည်း အသက်က သုံးဆယ့်ငါးနှစ်သာ ရှိသေးသည်။ အသားကဖြူဖြူ၊ ရုပ်ရည်ကချောချော၊ အရပ်အမောင်းကောင်းကောင်း ယောက်ျားပီသသော ဥပမိရုပ်ရှိသည်။ ရှမ်းစော်ဘွားများလို အမြဲတမ်းဝတ်စားဆင်ယင် နေထိုင်တတ်သည်။

ဦးစိုင်းဝဏ္ဏသည် အချိန်တိုင်းလိုလို တွေတွေဝေဝေနေတတ်ပြီး စိတ်ကူးယဉ်ကြောမှာ နစ်မျောနေတတ်၏။ ဦးစိုင်းဝဏ္ဏသည် တစ်ခုခုကို ကြောက်လန့်နေသောစိတ် အမြဲကိန်းအောင်းနေသည်။ ဦးစိုင်းဝဏ္ဏ ကြောက်လန့်နေသော အကြောင်းအရာကို လူယုံတော်ကြီး ဦးဒီပတစ်ဦးတည်းသာ သိရှိထားသည်။ ထိုအကြောင်းကိုလည်း လျှို့ဝှက်ထားကြသည်။ ဖခင်အား လွမ်းဆွေးနေရခြင်းကြောင့်လည်း မဟုတ်ပေ။ ဖခင်

www.burmeseclassic.com

www.burmeseclassic.com

အား လွှမ်းသွေးရသည့် သောကကို မြေ ချရပါသည်။ ဖခင်၏ပီညာဉ်ကို ကြောက် လန့်နေ၍လားဆိုပြန်တော့လည်း မဟုတ် ပေ။

ဦးစိုင်းဝဏ္ဏတစ်ယောက် အမြဲ တမ်း ငေးငေးငိုင်ငိုင်နှင့် တစ်ခုခုကို ထိတ်လန့်ကြောက်ရွံ့နေခြင်းသည် ဖခင် ဖြစ်သူ ဦးစိုင်းအိုက်ခမ်း သေဆုံးသွား သည့် နောက်ပိုင်းအချိန်ကာလမှစ၍ ဖြစ်ခဲ့ရခြင်းဖြစ်သည်။

❖ ❖ ❖

ရှမ်းပြည်နယ်၊ ကွမ်ကျိုင်းရွာ၏ ဆောင်တွင်းရာသီမှာ ရေများပင် အေးခဲ ပြုလာ၏။ အအေးလွန်ကဲသောကြောင့် ဦးစိုင်းအိုက်ခမ်းမှာ ခံစားနေရသော နလုံး ရောဂါသည် ပြင်းပြင်းထန်ထန် ဖြစ်လာ သည်။ အသက်ရှုကျပ်လာ၏။ သား ဖြစ်သူ စိုင်းဝဏ္ဏက ဖခင်အမြဲသောက် သုံးနေသော ဆေးများကို တယုတယ တိုက်ကျွေးနေစဉ် ဦးစိုင်းအိုက်ခမ်းမှာ ရုတ်တရက် နလုံးခုန်ရပ်ပြီး အသက် ဆုံးရှုံးရလေသည်။

စိုင်းဝဏ္ဏမှာ ဖခင်အတွက် ပူဆွေး သောကရောက်နေ၏။ ဦးစိုင်းအိုက်ခမ်း ရှာပနကိုလည်း လူယုံတော်ကြီး ဦးဒီပ ကပဲ စီစဉ်ဆောင်ရွက်နေရသည်။ ဦးစိုင်း အိုက်ခမ်း၏ ရုပ်အလောင်းအား ခေါင်း မသွင်းသေးဘဲ အိမ်ကြီး၏အပြင်ဘက် ၌ အလောင်းစင်ပြင်၍ ထားလေသည်။

ထူးဆန်းသည်မှာ ဦးစိုင်းအိုက်ခမ်း ၏ ရုပ်အလောင်းသည် ငါးရက်ကြာထား သော်လည်း ပုပ်ပွခြင်း၊ ဖူးရောင်လာ ခြင်း၊ အရောင်အဆင်းပြောင်းလဲလာ ခြင်း လုံးဝမရှိဘဲ အိပ်ပျော်နေသကဲ့သို့ အကောင်းပကတိရှိနေခြင်းကို လူအများ က အံ့ဩနေကြသည်။

"ဦးစိုင်းအိုက်ခမ်းက သူတော် ကောင်းကြီးပါ။ အလှုအတန်းလည်း အလွန်ရက်ရောတာ"

"ဟုတ်တယ်လေ။ အလှုဒါနလုပ် ရုံတင် ဘယ်ကမလဲ။ သီလလည်း နေ့ တိုင်းဆောက်တည်တယ်။ ပုရွက်ဆိတ် တို့၊ ခြင်တို့တောင် မသတ်တဲ့သူဗျ"

"သရဏဂုံဆောက်တည်ပြီး နေ့ တိုင်းတရားထိုင်တာ ကျုပ်အသိပဲဗျ"

"အေးလေ···ဒါကြောင့်လည်း ဦးစိုင်းအိုက်ခမ်းသေတော့ သေပန်းပွင့် တာပေါ့ဗျာ။ ကြည့်လေ၊ သူ့အလောင်း ကို။ မပုပ်မပွ အနံ့မထွက်ဘဲ အိပ်နေတဲ့ အတိုင်းပဲ"

နာရေးသို့လာကြသော ဧည့်သည် များသည် ဦးစိုင်းအိုက်ခမ်း၏ ရုပ် ကလာပ်ကိုကြည့်၍ အမျိုးမျိုး ထင် ကြေးပေး ဝေဖန်ပြောဆိုနေကြသည်။

အကောင်းပကတိဖြစ်နေသော ဦးစိုင်းအိုက်ခမ်း၏ ရုပ်အလောင်းကို ငါး ရက်မြောက်သောနေ့တွင် ခေါင်းသွင်း လိုက်သည်။ ဦးစိုင်းအိုက်ခမ်းတို့၏ ဘိုး စဉ်ဘောင်ဆက် သင်္ဂြိုဟ်ခဲ့ကြသည့် ခြံ ကြီး၏နောက်ဘက် ကုန်းမြင့်ပေါ်မှာပဲ မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြသည်။ ဦးစိုင်း အိုက်ခမ်းကို သင်္ဂြိုဟ်ပြီး ညသန်းခေါင် ကျော်အချိန်မှာ အသံနက်ကြီးဖြင့် အော် သံကို စိုင်းဝဏ္ဏ ကြားလိုက်ရသည်။

"ဖွင့်ပေးကြပါ"

"ကယ်ကြပါ။ ကယ်ကြပါဦး"

"လာကြပါဦး။ ဖွင့်ပေးကြပါ"

ဆိုတဲ့ ကြောက်ကန်ကန်၍ အော် နေသော အသံကို စိုင်းဝဏ္ဏ အိပ်ရာ ထဲကနေ နားစွင့်နားများ ကြားလိုက်ရ သည်။ အော်သံများကို ကြားလျှင်ကြား ချင်း အိပ်ရာက လူးလဲထလိုက်ပြီး အော်သံကြားရာကို နားစိုက်ထောင် လိုက်သည်။

"ဖွင့်ပေးကြပါ"

"အသက်ရှုလို့ မရတော့ဘူး။ ကယ်ကြပါ"

"သေတော့မယ်၊ လာကြပါဦး"

အော်သံများကို သဲသဲကွဲကွဲ ကြား လိုက်ရသော စိုင်းဝဏ္ဏသည် ဖခင်၏ အော်သံများလားဟု သံသယဝင်မိ၏။ ကြားနေရသည့် အသံများသည် ဖခင် အား မြေမြှုပ်သင်္ဂြိုဟ်ထားသော နေရာ မှ ထွက်ပေါ်လာသည့်အသံဖြစ်၍ ဖခင် အတွက် စိုးရိမ်ပူပန်မိသောစိတ်များ ပေါ်ပေါက်လာသည်။ ထိုစဉ်မှာပင် အော် သံ ထပ်ပေါ်လာ၏။

"သားရေ··အဖေ့ကိုကယ်ပါဦး"

ဆိုသော အော်သံကို ကြားလျှင် ကြားချင်း စိုင်းဝဏ္ဏသည် ဦးဒီပ အိမ် ဆောင်သို့ လျင်မြန်စွာ ထွက်သွားလေ သည်။

❖ ❖ ❖

စိုင်းဝဏ္ဏသည် အော်သံများကြား ရသည့်အကြောင်းကို ဦးဒီပအား ပြောပြ လိုက်သည်။

"မဖြစ်နိုင်ပါဘူး သခင်လေးရယ်"

"ဪ···အဘကလည်းဗျာ။ ကျုပ်က အဘကို လိမ်နေရမှာလား။ ကျုပ်နားနဲ့ ဆက်ဆက်ကြားလိုက်ရ တာဗျ။ ကယ်ပါ၊ ကယ်ကြပါနဲ့ အော်နေ တာ။ တစ်ခုထူးတာက သားရေ·· အဖေ့ကို လာကယ်ပါဦးဆိုတဲ့ အော်သံ ပဲဗျ"

www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်ရဲ့လား သခင်လေးရယ်”

“ဟာ…ဟုတ်တာပေါ့ဗျာ အဲဒီလို အော်သံကြားတော့ အဖေများလားလို့ ကျုပ်စိတ်ထဲမှာ ထင်မိတယ်”

“သခင်လေး အဖေက ဆုံးသွားလို့ မြေမြှုပ်ပြီး သင်္ဂြိုဟ်လိုက်ပြီပဲ”

“ဒါကြောင့် ပြောတာပေါ့ အဖေ့ကို မြှုပ်ထားတဲ့နေရာက အော်နေတာဆိုတော့ အဖေများ မသေသေးဘဲ ထအော်နေတာများလား”

“မဖြစ်နိုင်ပါဘူး သခင်လေးရယ်။ သခင်ကြီးအလောင်းကို ငါးရက်တိုင်တိုင် အလောင်းစင်မှာ ပြင်ထားတာပဲလေ”

“အေးဗျာ၊ ကျုပ်လည်း အစဉ်းစားရခက်တယ်။ အဖေ့အော်သံကို ကျုပ်နားနဲ့ အသေအချာ ကြားလိုက်ရတာဆိုတော့ အဖေ့အတွက် ကျုပ် စိုးရိမ်တယ်ဗျာ”

“ဒါဆိုလည်း သခင်လေး သံသယကင်းသွားအောင် သခင်ကြီးရဲ့မြေပုံကို သွားဖော်ကြည့်လိုက်ရင် မကောင်းဘူးလား”

“ကောင်းတယ် အဘ။ ဒါမှ သံသယကင်းပြီး အဖြစ်မှန်ကို ကျုပ်တို့ သိရမှာ”

ဦးဒီပနှင့် စိုင်းဝဏ္ဏတို့ တိုင်ပင်ပြောဆိုပြီး ဦးစိုင်းအိုက်ခမ်းအလောင်း မြှုပ်နှံထားသော မြေပုံရှိရာသို့ ပေါက်တူး၊ ဂေါ်ပြား၊ တူးရှင်းများနှင့်အတူ အောက်လင်းမီးကိုပါ ဆွဲယူ၍ ထွက်သွားကြလေသည်။

❖ ❖ ❖

အောက်လင်းမီး၏ အလင်းရောင်အောက်တွင် ဦးစိုင်းအိုက်ခမ်း ရုပ်အလောင်း မြှုပ်နှံထားသော မြေပုံကို ဦးဒီပနှင့် စိုင်းဝဏ္ဏတို့ ပေါက်တူး ဂေါ်ပြားတို့ဖြင့် တူးဖော်နေကြသည်။ အချိန်အတန်ကြာ တူးဖော်ပြီးနောက် ဦးဒီပသည် မြေကျင်းထဲက မြေကြီးများကို ဂေါ်ပြားဖြင့် ယက်တင်လိုက်စဉ် ခေါင်းတလားကြီးပေါ်လာသည်ကို စိုင်းဝဏ္ဏက တွေ့သွား၏။

“အဘ ခေါင်းကြီးပေါ်လာပြီ။ ကျုပ်ခေါင်းအဖုံးကို လှန်ကော်လိုက်မယ်”

စိုင်းဝဏ္ဏက ပြောပြောဆိုဆို ခေါင်းအဖုံးကို တူးရှင်းဖြင့် ကော်ဖွင့်လိုက်သည်။ ခေါင်းအတွင်း၌ ဦးစိုင်းအိုက်ခမ်း၏ ရုပ်အလောင်းမှာ ခြေကားရား၊ လက်ကားရားဖြင့် မျက်လုံးနှစ်လုံးသည် အပြင်သို့ ပြူးထွက်နေသည်။ ပါးစပ်ကြီးကလည်း ဟလျက် လျှာက အပြင်ကို ထွက်နေပြီး ရုပ်ပျက်ဆင်းပျက် သေဆုံးနေတဲ့ပုံကို ထိတ်လန့်စွာ မြင်လိုက်ကြရသည်။ လက်နှစ်ဖက်လုံးကလည်း ကောက်ကွေးနေ၏။ လက်ချောင်းလက်သည်းခွံများ လန်ထွက်ပြီး သွေးများ ရဲရဲနီနေ၏။

စိုင်းဝဏ္ဏနှင့် ဦးဒီပတို့သည်… ကြောက်လန့်စရာကောင်းအောင် ပုံပျက်နေသော ဦးစိုင်းအိုက်ခမ်း၏ အလောင်းကောင်ကြီးကို စိတ်မချမ်းမြေ့စွာဖြင့် စူးစမ်းကြည့်နေကြသည်။ ခေါင်းအတွင်းအဖုံးမှာ အလှကပ်ထားသော ကတ္တီပါအဖြူစများတွင် လက်သည်းဖြင့် ကုတ်ခြစ်ထား၍ စုတ်ပြဲပြီး သွေးများ ပေကျံနေ၏။

“ကြည့်ပါဦး အဘရယ်။ ကျုပ်အဖေ အခုလို မရှုမလှ အသေဆိုးနဲ့ သေရတာ ဘယ်လောက်ရင်နာဖို့ကောင်းသလဲ”

“တရားနဲ့သာ ဖြေပါ သခင်လေးရယ်”

“ကျုပ် ဘယ်လိုလုပ် ဖြေနိုင်မှာလဲ။ အဖေ့ကို မသေသေးဘဲ အရှင်လတ်လတ် မြေမြှုပ်မိတာ ကျုပ်တို့အမှားပဲ”

“ဒီလိုလုပ်တာတော့ ဘယ်ဟုတ်ပါ့မလဲ။ မသေမှန်းသိရင်တော့ ဘယ်မြေမြှုပ်ကြမှာလဲ။ အခုဟာက သခင်ကြီး တကယ်သေတယ် ထင်ပြီး မြေမြှုပ်လိုက်ကြတာပါ”

“ကျုပ် ဘယ်သူ့ကိုမှ အပြစ်မပြောပါဘူးဗျာ။ အဖေ့ အဖြစ်ကိုကြည့်ပြီး သနားလွန်းလို့ပါ။ အဖေ အော်နေတုန်း အချိန်မီ ကျုပ်တို့ လာဖော်လိုက်ရင် အဖေသေမှာ မဟုတ်ဘူးဗျ။ ကျုပ်တို့ နောက်ကျသွားတယ်”

“ဒါကြောင့်လည်း မဟုတ်ပါဘူး သခင်လေးရယ်။ အဘတို့လည်း အချိန်မဆွဲဘဲ ညတွင်းချင်း သွားဖော်ကြတာပဲလေ။ သခင်ကြီးကိုက ဒီလိုသေရမယ့်ကံ ပါလာလို့နေမှာပါ”

“အဘပဲ စဉ်းစားကြည့်ပါဦး…။ အဖေက မသေခင် မြေဖို့ထားတဲ့ အခေါင်းထဲမှာ အကြောက်အကန် ရုန်းကန်ရင်း အသက်ရှူလို့မရဘဲ သေရတာလေ။ အဖေ မသေခင်က ကုတ်ခြစ်ထားတဲ့ လက်သည်းရာတွေဟာ ခေါင်းအဖုံးမှာ သွေးတွေ ပေကျံနေတာကိုပဲ ကြည့်လိုက်ပါဦး။ အဖေ အသက်မထွက်မချင်း ကြောက်ကြောက်လန့်လန့်နဲ့ ငယ်သံပါအောင် အော်ဟစ်ပြီး ဘယ်လောက် ခံရခက်လိုက်

www.burmeseclassic.com

www.burmeseclassic.com

မလဲ။ အဖေ့ဖြစ်ပုံမျိုး ကျုပ်သာဖြစ်ရရင်တော့ စဉ်းတောင် မစဉ်းစားဝံ့ဘူး။ ဒီလိုအဖြစ်မျိုးကိုတော့ ကျုပ် သေရမှာ ထက်တောင် ကြောက်ပါတယ်ဗျာ"

"ကဲ . . .ပြီးပြီးတာတွေလည်း ထားလိုက်ပါတော့လေ။ သခင်လေး ဒီကိစ္စကို ဘယ်သူမှမသိခင် သခင်ကြီးရဲ့ အလောင်းကို မြေပြန်ဖို့ထားလိုက်ကြရအောင်"

ဦးဒီပသည် ပြောပြောဆိုဆို ကျင်းထဲသို့ မြေကြီးများ ကော်၍ဖို့လိုက်လေသည်။

❖ ❖ ❖

ဦးဒီပနှင့် စိုင်းဝဏ္ဏတို့သည် ဦးစိုင်းအိုက်ခမ်း၏ ဖြစ်စဉ်ကို မည်သူ့ကိုမျှ အသိမပေးဘဲ ဖုံးကွယ်ထားလိုက်ကြသည်။ ဖခင်သေဆုံးပုံအား မြင်တွေ့လိုက်ရပြီးသည့်နေ့မှစ၍ စိုင်းဝဏ္ဏသည် တဆွေးဆွေးတမြည့်မြည့် တငေးငေး တငိုင်ငိုင်ဖြင့် ဖခင်အတွက် ယူကျုံးမရ ဖြစ်ခဲ့ရသည်။ ဦးဒီပက ဘယ်လိုပင် နှစ်သိမ့်အားပေးစကားတွေ ပြောသော်လည်း စိုင်းဝဏ္ဏသည် ဖခင်ကဲ့သို့ မရှုမလှ အသေဆိုးမျိုးဖြင့် သူသေရမှာကို တွေးတွေးပြီး ကြောက်လန့်နေကြောင်း ဦးဒီပအား ပြောပြလေသည်။

"အဘရယ် . . . အဖေဟာ ငါးရက်လုံးလုံး မျောနေတာကို ဘယ်သူမှမသိကြတာ အံ့ဩပါတယ်။ မျောနေတာကိုလည်း သေတယ်ထင်ပြီး အရှင်လတ်လတ် မြေမြှုပ်ခဲ့ကြတယ်။ ခေါင်းထဲက အဖေဟာ သတိရလာတဲ့အချိန်မှာ ဘယ်လောက်များ တုန်လှုပ်ချောက်ချားနေမလဲဆိုတာ ကျုပ်ကိုယ်ချင်းစာမိပါတယ်။

မြေကြီးအောက်က အခေါင်းထဲမှာ ကျပ်ကျပ်တည်းတည်းနဲ့ မရှုမလှ သေရတဲ့ အဖေ့ရဲ့အဖြစ်မျိုး ကျုပ်ခံစားကြည့်မိတယ်။ မခံမရပ်နိုင်အောင် မွန်းကျပ်တဲ့ အသေမျိုးပါပဲ။ ဒီလိုသေရမှာကို ကျုပ်တော့ သိပ်ကြောက်နေမိတယ်။ ကျုပ်များ ဒီလိုသေရမယ်လို့ ကြိုသိရရင်တော့ ကျုပ်ကိုကျုပ် အခုထဲက သတ်သေလိုက်မယ်။ အဖေဖြစ်သလို ကျုပ်အဖြစ်မခံနိုင်ဘူး။ အသေဆိုးနဲ့ သေရတဲ့ အဖေ့ကို သနားမိပါတယ်။ ကျုပ်တို့ ဆွေစဉ်မျိုးဆက်ထဲမှာ ဒီလိုမျိုးသေခဲ့ရတာ ဘယ်နယောက်များ ရှိနေပြီလဲမသိဘူး။ ဒီလိုသေနည်းမျိုးနဲ့ မသေရအောင် ကျုပ် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားချင်တယ်။ အဲဒီအတွက် အဘ ကူညီပေးပါဗျာ"

စိုင်းဝဏ္ဏက ဦးဒီပကို အကူအညီတောင်းခံခဲ့သည်။ ဦးစိုင်းအိုက်ခမ်းလို အဖြစ်မျိုး မဖြစ်ရလေအောင် ဦးဒီပနှင့် စိုင်းဝဏ္ဏတို့နှစ်ယောက်သည် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန်အတွက် တိုင်ပင်ဆွေးနွေး၍ အစီအစဉ်များ ဆွဲနေကြလေသည်။

❖ ❖ ❖

ဦးစိုင်းဝဏ္ဏနှင့် ဦးဒီပတို့သည် ခေါင်းကြီးတစ်လုံးကို ပြုလုပ်နေကြသည်။ ထိုခေါင်းအတွင်း၌ ပလာရာနှင့် သံနှတ်တို့ကို အလွယ်တကူ ဖြုတ်နိုင်တပ်နိုင်အောင် ချိတ်ကပ်ထားလိုက်သည်။ ရဲတင်းတစ်လက်ကိုလည်း ထည့်ထားပြန်၏။ ယခုလို လုပ်ထားခြင်းသည် ခေါင်းအဖုံးကိုပိတ်၍ မြေမြှုပ်ခဲ့သော်မသေဘဲ အသက်ရှင်နေမယ်ဆိုလျှင် ခေါင်းအတွင်း၌ တပ်ဆင်ထားတဲ့ လက်နက်ပစ္စည်းများအား အလွယ်တကူ ဖြုတ်ပြီး အသုံးချနိုင်ရန်အတွက် ဖြစ်သည်။ ခေါင်းဘေးမှာ ပေါက်ပြားတစ်လက်နှင့် တူးရွင်းတစ်ချောင်းကိုပါ ထည့်ထားပြန်သည်။ ခေါင်းဘေးပတ်လည်နှင့် ခေါင်းဖုံးပေါ်မှာ လေဝင်ပေါက်ကလေးများ ဖောက်လုပ်ထား၏။ ခေါင်းထဲသို့ ဦးစိုင်းဝဏ္ဏကိုယ်တိုင် ဝင်အိပ်ကြည့်သည်။ ခေါင်းအဖုံးကိုပါ ပိတ်ကြည့်သည်။ ခေါင်းထဲက ရဲဒင်း၊ နှိုး ပေါက်ပြား၊ တူးရွင်းများကို အလွယ်တကူ ဖြုတ်တပ်ကြည့်သည်။ အားလုံးအဆင်ပြေ၏။

ထိုကဲ့သို့ ပြုလုပ်ထားခြင်းကိုပင် အားမရ စိတ်မချသေး၍ ဦးစိုင်းဝဏ္ဏက သူကိုယ်တိုင် ခေါင်းထဲဝင်ပြီး မြေမြှုပ်စမ်းသပ်ကြည့်ချင်သေး၏။ ခေါင်းထဲမှာ ထည့်ထားသော ပစ္စည်းကိရိယာများကို အသုံးချပြီး ခေါင်းထဲကနေ မြေပေါ်ကို ထွက်နိုင်မထွက်နိုင် တကယ့်လက်တွေ့ စမ်းသပ်လိုကြောင်း ဦးဒီပကို ပြောပြလေသည်။

"ကျုပ်တို့ လုပ်ရမယ့် အစီအစဉ်အဘကို ပြောပြမယ်။ သေသေချာချာ နားထောင်နော်။ မြေအောက်ခေါင်းထဲ ရောက်နေတဲ့ ကျုပ်နဲ့ မြေပေါ်က အဘနဲ့ ဆက်သွယ်ဖို့ ကြိုးတစ်ချောင်းကို ကျုပ်လက်မှာ အစတစ်ဖက်ချည်ထားမယ်။ ကျန်တဲ့အစတစ်စကိုတော့ အဘလက်မှာ ချည်ထားမယ်။ ကျုပ် ခေါင်းထဲမှာ ဒုက္ခရောက်ခဲ့ရင် အဲဒီကြိုးကို ဆွဲယမ်းလှုပ်လိုက်မယ်။ အဘလက်မှာ ချည်ထားတဲ့ကြိုး တုန်ခါပြီး ဆွဲနေတယ်ဆိုရင်တော့ အဘက ခေါင်းထဲရောက်နေတဲ့ ကျုပ်ကို အမြန်ဆုံးတူးပြီး ခေါင်း

www.burmeseclassic.com

www.burmeseclassic.com

ကိုသာ ဖော်နိုင်အောင် လုပ်ပါ။ ဒါဆိုရင် ကျုပ်လည်း မြေပေါ် ပြန်ရောက်ပြီး အသက်ချမ်းသာရာ ရမှာပေါ့"

ဦးဒီပနှင့် စိုင်းဝဏ္ဏတို့သည် အစီအစဉ်များအား အသေးစိတ် တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

❖ ❖ ❖

လပြည့်နေ့ ညသန်းခေါင်အချိန်တွင် ကျွန်းအိမ်ကြီး၏ မြောက်ဘက် မလှမ်းမကမ်းတစ်နေရာ၌ စိုင်းဝဏ္ဏနှင့် ဦးဒီပတို့သည် မြေကျင်းတစ်ကျင်းကို တူးဖော်လိုက်သည်။ ကြိုတင်စီမံပြုလုပ်ထားသော ခေါင်းကြီးကို တူးထားသည့် ကျင်းထဲသို့ ချလိုက်သည်။ စိုင်းဝဏ္ဏက ကျင်းထဲရှိ ခေါင်းအတွင်းသို့ ဝင်အိပ်လိုက်၏။ ဦးဒီပက ခေါင်းအဖုံးအုပ်ပြီး သံများရိုက်ပိတ်လိုက်သည်။ ထို့နောက် ဦးဒီပသည် ကျင်းပေါ်တက်၍ မြေကြီးများကို ဖို့လိုက်လေသည်။

မြေအောက်ခေါင်းထဲမှာ ရှိနေသော စိုင်းဝဏ္ဏသည် ခေါင်းဘေးမှာ ချိတ်ကပ်ထားသည့် ရဲဒင်းကို ဖြုတ်ယူပြီး ခေါင်းဘေးပျဉ်ကို ရဲဒင်းဖြင့် ပေါက်ခွဲလိုက်သည်။ သို့သော်လည်း လွှဲအားကမရှိ ဖြစ်နေ၏။ လှဲကလည်း ပက်လက်အနေအထား ဖြစ်သည်။ လူတစ်ကိုယ်စာသာ ကျယ်သဖြင့် အားနှင့်လွှဲ၍ မရသောကြောင့် ခပ်ဖြည်းဖြည်းသာ ခုတ်နေရ၏။ အချိန်ကြာမှ ခေါင်းပျဉ်ကွဲသွားသည်။ ဝမ်းသာအားရ ပျဉ်ချပ်ကို လက်နှင့်တွန်းလိုက်ရာ ပျဉ်ကွဲကြောင်းက မြေများ ဒလဟော ဝင်လာလေသည်။ စိုင်းဝဏ္ဏသည် ဝင်လာသော မြေကြီးတွေကို လက်နှင့်တားပိတ်လျက် ကြောက်စိတ်များ ပေါ်လာသည်။ ချွေးသီးချွေးပေါက်များ ကျလာ၏။ ကြောက်ကြောက်လန့်လန့်နှင့် ပေါက်ပြားကို ဖြုတ်ယူပြီး ခေါင်းအဖုံးကို တွန်းတင်သော်လည်း တွန်း၍မရသောကြောင့် ပေါက်ပြားကို အားဖြင့် ဆောင့်တွန်းလိုက်သည်။ ခေါင်းအဖုံးက မပွင့်ဘဲ ခေါင်းပျဉ်ကွဲသွားလေသည်။ ထိုအကွဲမှ မြေမှုန်များ မျက်နှာနှင့်ကိုယ်ပေါ်သို့ ကျလာ၏။

ကြောက်လန့်မှုများ အထွတ်အထိပ်သို့ရောက်နေသော စိုင်းဝဏ္ဏသည် ခေါင်းထဲက ထွက်နိုင်ရန် ကြိုးစားသော်လည်း မြေတွေက ဖိထားသောကြောင့် ထွက်ရန် ဘယ်လိုမှ ကြိုးစား၍ မရတော့ပေ။ ထွက်၍မရသည့်အဆုံး၌ လက်မှာချည်ထားသော ကြိုးကို သတိရပြီး ကြောက်အားလန့်အားဖြင့် အားကုန် ဆောင့်ဆွဲလိုက်လေသည်။

မြေကျင်းပေါ်မှာ ရှိနေသော ဦးဒီပ၏လက်၌ ချည်ထားသည့်ကြိုးသည် တုန်လှုပ်ခါယမ်းသွားသည်။ ဦးဒီပလည်း သူ့သခင်လေး ခေါင်းထဲမှာ အခက်အခဲဖြစ်နေပြီဆိုတာ သိလိုက်ရသဖြင့် ဦးဒီပသည် ဂေါ်ပြားကို လျင်မြန်စွာ ကောက်ကိုင်ပြီး ဖို့ထားသော မြေကြီးများအား သွက်လက်စွာ ဖယ်ထုတ်၏။ မောမောပန်းပန်းဖြင့် မနားတမ်း မြေကြီးတွေကို တူးဖော်လိုက်သဖြင့် ခဏအကြာမှာပင် မြေအောက်က ခေါင်းကြီးပေါ်လာ၏။

ခေါင်းအဖုံးကို အထဲက စိုင်းဝဏ္ဏသည် အားဖြင့် တွန်းဖွင့်လိုက်စဉ် ဦးဒီပကလည်း တူးရင်းနှင့် ထိုးအကော် ပြိုင်တူဖြစ်သွားသောကြောင့် ခေါင်းအဖုံးမှာ အလွယ်တကူပွင့်သွားလေသည်။ ခေါင်းထဲက စိုင်းဝဏ္ဏလည်း ကြောက်ကြောက်လန့်လန့်ဖြင့် လူးလဲထလိုက်သည်။

"အဘရေ..ဒီနည်းနဲ့ မဖြစ်သေးဘူး။ ဒီနည်းက ခေါင်းထဲမှာ အသက်ရှုကျပ်ပြီး သေရမယ့်ကိန်းပဲ"

လို့ စိုင်းဝဏ္ဏကပြောပြီး မြေအောက် ခေါင်းထဲမှာ သူတွေ့ကြုံခဲ့ရသော အဖြစ်အပျက်များအား ဦးဒီပကို ပြန်ပြောပြလေသည်။

❖ ❖ ❖

စိုင်းဝဏ္ဏသည် သူ၏ စမ်းသပ်ချက်များ မအောင်မြင်သဖြင့် ဖခင်ဦးစိုင်းအိုက်ခမ်း သေသလိုမျိုး မသေရလေအောင် မည်ကဲ့သို့နည်းဖြင့် သင်္ဂြိုဟ်ရမည်ကိုသာ အမြဲတမ်း အကြံထုတ်စဉ်းစားနေသည်။ သူသာ အမှန်တကယ်သေသွားလျှင် မည်သို့မျှ ပြဿနာမပေါ်နိုင်။ အကယ်၍များ သူ၏ဖခင်လိုအဖြစ်မျိုး မျောနေတာကို သေတယ်ထင်ပြီး မြေမြှုပ်သင်္ဂြိုဟ်ခံရလျှင် မရှူမလှ အသေဆိုးမျိုးဖြင့် သေရမည်ကို တွေးတွေးပြီး အလွန်ကြောက်လန့်နေသည်။

ထို့ကြောင့်လည်း သူ့ကို အသက်မသေဘဲ သေပြီလို့ထင်ပြီး မြေမြှုပ်သင်္ဂြိုဟ်ခဲ့လျှင် သူဘယ်လိုများ ခေါင်းထဲကလွတ်အောင် ထွက်နိုင်မည်လဲဆိုသည့် အဖြေကို အချိန်တိုင်း တွေးတောကြံဆနေ၏။

တစ်နေ့သောအခါမှာ ဦးဒီပကို ခေါ်ပြီး စိုင်းဝဏ္ဏက သူစဉ်းစားထားသော အကြံအစည်အား ပြောပြလေသည်။

"အဘ ကျုပ်တို့ ဆွေစဉ်မျိုးဆက်တွေ သင်္ဂြိုဟ်မြှုပ်နှံခဲ့ကြတဲ့ ခြံကြီးထဲ

www.burmeseclassic.com

www.burmeseclassic.com

က ကုန်းမြင့်သချိုင်းမှာ ဂူဗိမာန်ကြီး တစ်လုံးကို တည်ဆောက်ရမယ်။ အဲဒီ ဂူကြီးကို ခေါင်းတစ်လုံးသာ ထည့်ထားနိုင်တဲ့ အုတ်ဂူမျိုးမဟုတ်ဘဲ ဆယ်ပေပတ်လည် အကျယ်ရှိတဲ့ ဂူဗိမာန်ကြီး လုပ်မယ်။ အမြင့်က ဆယ်ပေမြင့်ရမယ်။ အုတ်ဂူအထက်နားလောက်မှာ လေဝင်လေထွက်ပေါက်များကို အလှဆင်ပန်းတွေ ဖောက်ထားမယ်။ နောက်ပြီး အုတ်ဂူကြီးကို မြေကြီးထဲမှာ မြှုပ်မထားဘဲ မြေပေါ်မှာ တည်ဆောက်ထားမယ်။ အုတ်ဂူအလယ်ကောင်မှာ အလောင်းစင်တစ်ခု ဆောက်ထားမယ်။ အလောင်းကိုခေါင်းမသွင်းဘဲ အလောင်းစင်ပေါ်မှာ တင်ထားမယ်။ အုတ်ဂူပတ်လည်ကို အလုံပိတ်ထားပေမယ့် လူဝင်နိုင်ထွက်နိုင်တဲ့ တံခါးတစ်ခုလည်း ပါရမယ်။ တံခါးက အထဲရော အပြင်ပါ ဖွင့်နိုင်ပိတ်နိုင်တဲ့ တံခါးမျိုး လုပ်ထားရမယ်။ အုတ်ဂူနံရံတွေမှာ နံရံကပ် ဗီရိုတွေလုပ်ပြီး အထဲမှာ စည်သွတ်ဘူးများ၊ ဖျော်ရည်များ၊ နှစ်ရှည်လများ ထားလို့ရတဲ့ စားသောက်ဖွယ်ရာတွေ ထည့်ထားမယ်။ တကယ်လို့များ အကြောင်းတစ်ခုခုကြောင့် ဂူဗိမာန်ကြီးကို ဖွင့်မရဘူးဆိုရင် ဂူထဲကနေ ဂူနံရံတွေကို ဖြိုဖျက်လို့ရအောင် ပေါက်ချွန်း၊ ပေါက်တူး၊ တူတွေအပြင် လိုအပ်တဲ့ ဖောက်ထွင်းဖျက်ဆီးဖို့ ပစ္စည်းတွေကိုပါ အပြည့်အစုံ ထည့်ထားပေးရမယ်။ အဲဒီအပြင် အပြင်းဆုံး အဆိပ်ပုလင်းကိုလည်း အလောင်းစင်ခေါင်းရင်းဘက်မှာ တင်ထားရမယ်။ အားလုံးပြည့်စုံပြီဆိုမှ ကျုပ်သေခဲ့ပြီဆိုရင် အဲဒီ ဂူဗိမာန်ကြီးထဲမှာ ကျုပ်အလောင်းကိုခေါင်းမသွင်းဘဲ အလောင်းစင်ပေါ်တင်ပြီး သင်္ဂြိုဟ်ပေးပါ"

လို့ ဦးဒီပကို စိုင်းဝဏ္ဏက ထပ်တလဲလဲ ပြောကြားလေသည်။ သူ ယခုလို စီစဉ်ရခြင်းမှာ အကယ်၍ သူ တကယ်မသေဘဲ သေပြီထင်ပြီး ဂူဗိမာန်ထဲမှာ ထည့်သွင်းသင်္ဂြိုဟ်ခံခဲ့ရလျှင် သူ သတိရလာတဲ့အချိန်မှာ ဖောက်ထွင်းပစ္စည်းတွေကို အသုံးပြုပြီး ဂူနံရံကို ဖောက်ထွက်မည်ဖြစ်ကြောင်း၊ ဗိုက်ဆာလာလျှင်စားဖို့ နံရံကပ်ဗီရိုမှာ ရိက္ခာများ အပြည့်ရှိနေ၍ အစာငတ်ပြီး သေရမှာ မစိုးရိမ်ရကြောင်း၊ အချိန်ရှိတိုင်း ဂူထဲကနေ အပြင်ကလူတွေ ကြားအောင် အသံကုန် အော်ဟစ်အကူအညီတောင်းမည်ဖြစ်ကြောင်း တစ်နေ့တစ်ရက် တစ်ချိန်ချိန်မှာ အပြင်ကလူတွေ ကြားလိမ့်မည်ထင်ကြောင်း၊ နောက်ဆုံး ဘာမှလုပ်၍မရတော့ဘူးဆိုလျှင် အလောင်းစင်ပေါ်မှာ အသင့်ပြင်ထားတဲ့ အပြင်းစား အဆိပ်ပုလင်းကို ဖွင့်သောက်လိုက်မည်ဖြစ်ကြောင်း၊ စက္ကန့်ပိုင်းအတွင်းမှာပင် အသက်ထွက်သွားနိုင်သဖြင့် ပိတ်လှောင်ခံရသည့်ဒုက္ခကို ကြာရှည်မခံစားရတော့ကြောင်း စသည်များကို ဦးဒီပအား ရှင်းလင်းပြောပြလေသည်။

ဂူဗိမာန်ကြီးကိုလည်း အစီအစဉ်များအတိုင်း တည်ဆောက်ပေးပါရန် ဦးဒီပအား တာဝန်ပေး စေခိုင်းလိုက်သည်။ ဦးဒီပကလည်း ပန်းရန်ဆရာနှင့် လက်သမားတွေခေါ်ပြီး ဂူဗိမာန်ကြီးအား အမြန်ဆုံး တည်ဆောက်ပေးလိုက်၏။

ဂူဗိမာန်ကြီးအတွင်းမှာလည်း စိုင်းဝဏ္ဏထားခိုင်းသည့်ပစ္စည်းများကို အပြည့်အစုံ ထည့်ထားပေးသည်။ အားလုံး ပြီးသောအခါ စိုင်းဝဏ္ဏကိုယ်တိုင် ဂူကြီးကို သေသေချာချာ စစ်ဆေးကြည့်၏။ ဂူထဲသို့ဝင်ပြီး အစီအစဉ်အတိုင်း လုပ်ထားခြင်း ရှိမရှိကို လေ့လာပြန်၏။ ဦးဒီပကလည်း စိုင်းဝဏ္ဏပြောထားသည့် ပုံစံအတိုင်း အတိအကျ လုပ်ထားပေး၍ စိုင်းဝဏ္ဏ အလွန်ကျေနပ်သွား၏။

"ကျေးဇူးတင်ပါတယ် အဘရယ်။ ကျုပ်အတွက်တော့ ဒီတစ်သက်မှာ မြေမြှုပ်သင်္ဂြိုဟ်ခံရမယ့် စိုးရိမ်ကြောက်လန့်မှုကြီးတစ်ခု ပျောက်ကွယ်သွားပါပြီ။ ကျုပ်ဖြစ်ချင်တာတွေ လုပ်ချင်တာတွေကို အဘက ကူညီလုပ်ပေးလို့ အဘကိုလည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ပါတယ်"

ဦးဒီပအား စိုင်းဝဏ္ဏက ဝမ်းပန်းတသာ ကျေးဇူးတင်စကား ပြောလိုက်လေသည်။

❖ ❖ ❖

ဂူဗိမာန်ကြီး တည်ဆောက်ပြီး၍ ရက်ပေါင်း ၉၀ ပြည့်သောအခါ စိုင်းဝဏ္ဏသည် လိမ္မော်ခြံထဲသို့ လျှောက်ကြည့်လေသည်။ ခြံဘေးတစ်နေရာ အရောက်၌ မြွေကိုက်ခံရသည်။ စိုင်းဝဏ္ဏမှာ မြွေဆိပ်တက်ပြီး နေရာမှာပင် လဲကျသေဆုံးသွားလေသည်။

ဦးဒီပသည် စိုင်းဝဏ္ဏ၏အဖြစ်များကို ကြည့်ပြီး မလုပ်ကောင်းတာကို လုပ်မိ၍လား၊ တိုက်ဆိုင်မှုများလားဆိုသည့် အတွေးများနှင့် ဝေခွဲ၍မရ ဖြစ်နေ၏။ သခင်လေး စိုင်းဝဏ္ဏအတွက် ဂူဗိမာန်ကြီးကို ကြိုတင်ဆောက်ထားလို့များ ယခုကဲ့သို့ မမျှော်လင့်ဘဲ သေရတာများလားဟု တွေးထင်နေသည်။

မည်ကဲ့သို့ပင်ဖြစ်စေကာမူ သခင်

www.burmeseclassic.com

www.burmeseclassic.com

လေးမှာထားခဲ့သည့်အတိုင်း တိတိကျကျ ဆောင်ရွက်ပေးရန် ဦးဒီပက ဆုံးဖြတ်လိုက်လေသည်။ သခင်လေး၏ ဈာပနကိစ္စရပ်များကို ဦးဒီပက ဦးစီးဦးဆောင်ပြု၍ သခင်လေးချမှတ်ခဲ့သော အစီအစဉ်အတိုင်း သခင်လေး၏ ရုပ်အလောင်းကို ဂူဗိမာန်ကြီးအတွင်း၌ ရှိသော အလောင်းစင်ပေါ်တင်၍ ဂူကြီးကို အလုံပိတ်သင်္ဂြိုဟ် လိုက်လေသည်။

စိုင်းဝဏ္ဏကို သင်္ဂြိုဟ်ပြီးနောက် တစ်ရက်ည သန်းခေါင်ကျော်အချိန်မှာ

"အဘရေ. . . ကျုပ်မသေသေးဘူးဗျ။ ကျုပ်ကို တံခါးလာဖွင့်ပေးပါဦး"

"အဘရေ. . . ကျုပ်မသေသေးဘူးဗျ။ ကျုပ်ကို တံခါးလာဖွင့်ပေးပါဦး"

အသံနက်ကြီးဖြင့် အော်လိုက်သော စိုင်းဝဏ္ဏ၏အသံအား ဦးဒီပ အိပ်ရာထဲက ကြားလိုက်ရသည်။ ဒုန်းဒုန်းဒိုင်းဒိုင်း ထုသံရိုက်သံများကိုလည်း အော်သံကြီးနှင့် မရှေးမနှောင်းမှာ ကြားရပြန်၏။ ဦးဒီပလည်း အိပ်ရာက လူးလဲထပြီး လက်နှိပ်ဓာတ်မီးရှာနေစဉ်မှာပင် မိုးသံလေသံတွေ ဆူညံလာပြီး လေကြီးမိုးကြီး ကျလာလေသည်။

မိုးကောင်းကင်၌ လျှပ်စစ်လက်လိုက်သော အလင်းတန်း၏ အလင်းရောင်များသည် ခြံကြီးတစ်ခြံလုံးကို လင်းလက်သွားသည်။ မိုးခြိမ်းသံတွေကလည်း တဒိန်းဒိန်းနှင့် ကျယ်လောင်စွာ မြည်ဟည်းနေသည်။ သစ်ပင်ကြီးတစ်ပင်ကို မိုးကြိုးပစ်ချလိုက်ရာ သစ်ပင်ကြီးမှာ ထက်ခြမ်းကွဲသွား၏။

မိုးခြိမ်းသံများနှင့် မိုးကြိုးပစ်သံတို့သည် ကြောက်လန့်စရာကောင်းအောင် ဆူညံနေသည်။ မိုးကလည်း သဲကြီးမဲကြီး ရွာချနေ၏။ ဦးဒီပသည် မိုးကာအင်္ကျီကို အမြန်ဝတ်ပြီး လက်နှိပ်ဓာတ်မီး တစ်လက်နှင့် ဂူဗိမာန်ကြီးရှိရာသို့ အပြေးထွက်သွားသည်။

သဲသဲမဲမဲ ရွာချနေသော မိုးရေများအောက်တွင် အပြေးသွားနေသည့် ဦးဒီပသည် ဂူဗိမာန်ကြီးကို လျှပ်စီးရောင်များကြားမှ လင်းတစ်ခါ ပေါ်တစ်လှည့် လှမ်းမြင်လိုက်ရသည်။ ဂူကြီးသည် တည်တည်ငြိမ်ငြိမ် မရှိဘဲ ဘယ်ညာလှုပ်ယမ်းတုန်ခါနေသည်ကို တွေ့မြင်လိုက်ရသည်။

ဦးဒီပလည်း စဉ်းစားနေချိန်မရဘဲ အမောတကောဖြင့် မိုးသံလေသံ လျှပ်ရောင်တွေကြားထဲက ဂူကြီးဆီသို့ အပြေးအလွှားသွားနေစဉ် လမ်းတစ်ဝက်အရောက်၌ မြေကြီးသည် တုန်ခါလာသဖြင့် ဦးဒီပ ဝမ်းလျားထိုး လဲကျသွား၏။ ပြန်ထရန် ကြိုးစားသော်လည်း မြေကြီးတုန်ခါနေ၍ ထလို့မရ ဖြစ်နေ၏။ ငလျင်လှုပ်နေကြောင်းကို သိလိုက်ရသည်။

ဦးဒီပသည် ဝမ်းလျားမှောက်နေရာကပင် ဂူဗိမာန်ကြီးကို လှမ်းကြည့်လိုက်သည်။ ဂူကြီးမှာ မြေကြီးထဲသို့ တစ်ဝက်ကျော်ကျော် ကျွံဝင်နေသည်ကို လျှပ်ရောင်ဖြင့် အထင်းသား မြင်တွေ့လိုက်ရသည်။

"အဘရေ. . .ကယ်ပါဦး။ တံခါးဖွင့်ပေးကြပါ။ ကျုပ် မသေဘူးဗျ"

ဂူဗိမာန်ထဲက သခင်လေး စိုင်းဝဏ္ဏ၏ ငယ်သံပါအောင် အော်နေသော အသံအား ဦးဒီပ ထပ်ကာထပ်ကာ ကြားနေရသည်။ သခင်လေးကို သွားရောက်ကယ်တင်ရန် ကုန်းထသော်လည်း ကြမ်းကြမ်းတမ်းတမ်း လှုပ်နေသော ငလျင်ကြောင့် မထနိုင်ဘဲ ဝမ်းလျားမှောက်လျက်ကပင် ဂူဗိမာန်ကြီးကို လှမ်းကြည့်နေရသည်။ ဦးဒီပကြည့်နေစဉ်မှာပင် ဂူကြီးသည် မြေကြီးထဲသို့ သုံးပုံနှစ်ပုံကျော် မြုပ်ဝင်သွား၏။

တဖြည်းဖြည်းနှင့် ဂူဗိမာန်ကြီးသည် မြေကြီးအောက်သို့ ဝင်သွားလေသည်။ ဂူကြီး မြေအောက်သို့ ရောက်သွားပုံမှာ မြေပြိုကျသွားရာမှ ဂူကြီးပါသွားသလိုမျိုး ဖြစ်နေသည်။ ဦးဒီပသည် ဝမ်းလျားမှောက်နေရာက ကုန်းထလိုက်စဉ် ဦးခေါင်းပေါ်ကို သစ်ကိုင်းတစ်ကိုင်း ကျိုးကျသဖြင့် သတိလစ်သွားလေသည်။

ဦးဒီပ သတိပြန်ရ၍ ထကြည့်လိုက်ချိန်မှာ ဆွေစဉ်မျိုးဆက် သင်္ဂြိုဟ်ခဲ့ကြသည့် ကုန်းမြင့်သင်္ချိုင်းမှာ မြေအောက်ကို ပြိုကျပြီး ချိုင့်ဝှမ်းကြီး ဖြစ်နေသည်ကို တအံ့တဩ မြင်လိုက်ရသည်။ မြေပြိုကျသွားသော ချိုင့်ဝှမ်းကြီးကို ဦးဒီပ သွားရောက်ကြည့်သည်။ သခင်လေး စိုင်းဝဏ္ဏအား ထည့်သွင်းသင်္ဂြိုဟ်ထားသော ဂူဗိမာန်ကြီးသည် မြေအောက်ကို စုံးစုံးမြုပ် ရောက်ရှိနေကြောင်း သိလိုက်ရလေသည်။

သခင်လေးစိုင်းဝဏ္ဏသည် အသက်ရှင်လျက် ဂူဗိမာန်ကြီးနှင့်အတူ မြေမြှုပ်ခံလိုက်ရလေသလား။ သို့မဟုတ် အသက်ကင်းမဲ့လျက် ဂူဗိမာန်ကြီးနှင့်အတူ မြေအောက်သို့ ရောက်ရှိသွားလေသလား ဆိုသည့် အတွေးများသည် မှုန်ဝါးဝါးဖြင့် လက်မှိုင်ချ၍ စဉ်းစားမရအောင် ဖြစ်နေရလေသတည်း။

ရန်ကုန်မြင့်ဆွေ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

သစ်တရွေ

ဝင်းသောင်(ရမည်းသင်း)

"ဟယ်…အန်တီမွှေးနဲ့ မကြည်အေးတို့ပဲ။ တွေ့ရတာ ဝမ်းသာလိုက်တာ။ မတွေ့တာကြာပြီနော်"

"လူခေါ်ခေါင်းလောင်းသံကြား၍ ဧည့်ခန်းတွင် အသင့်ရှိနေသော မဒေါင်းသည် တံခါးမကြီးကို ဖွင့်ကြည့်လိုက်ရာ ရှေးက မိတ်ဟောင်းဆွေဟောင်း အိမ်နီးချင်းကောင်းများကို တွေ့ရသဖြင့် တံခါးဖွင့်ရင်း အားရဝမ်းသာ နှုတ်ဆက်လိုက်ပြီး ဖိတ်ခေါ်လိုက်ပါတယ်။

"မတွေ့ကြတာကြာဆို အန်တီတို့က မဒေါင်းတို့ ဘယ်ပြောင်းသွားလဲဆိုတာမသိဘဲ အဆက်အသွယ်ပြတ်သွားတာကွဲ့။ ခုတောင် သုခိတာလမ်းမှာနေတဲ့ ဦးလေးဦးအောင်ငြိမ်းနဲ့တွေ့ပြီး မေးကြည့်တော့ ခရိုင်ရဲတပ်ဖွဲ့မှူးအဆင့်တက်ပြီး ရေဝတီတိုင်းကို ပြောင်းသွားတာသိရပြီး အခု ရန်ကုန်တိုင်းကို ပြန်ပြောင်းလာတာ တစ်ပတ်လောက်ရှိပြီလို့ ပြောတာနဲ့ အန်တီတို့သားအမိ လာတွေ့တာ။ ဒါနဲ့ ကိုကောင်းရော နေကောင်းလား။ တို့ဘောက်ထော်မှာမွေးတဲ့ သားလေးရော အတော်ကြီးရောပေါ့နော်"

"ကိုကောင်းက သူ့မွေးနေ့ စနေနေ့တိုင်း အထူးတာဝန်မရှိရင် ရွှေတိဂုံဘုရားကိုသွားပြီး ပုတီးစိပ်ပါတယ်။ သားကတော့ သိမ်ဖြူကွင်းသွားပြီး ဘောလုံးကန်ပါတယ်။ ကိုကောင်းပြန်လာတော့မှာပါ အန်တီ"

"ဟယ်…တို့ဘောက်ထော်သားလေး ကိုဖေစိုးက ဘောလုံးတောင်ကစားတဲ့အရွယ် ရောက်နေပြီလား။ ဒါနဲ့ သူ့နာမည်အရှည်က ဘာတဲ့ မဒေါင်း"

"ဖေစိုးဝင်းတဲ့ အန်တီ။ ဆယ်တန်းကျောင်းသား လူပျိုကြီးဖားဖား ဖြစ်နေပြီ အန်တီ"

"တို့များနဲ့ မဒေါင်းတို့ သုခိတာလမ်းမှာ နေကြစဉ်တုန်းကတော့ ကိုကိုကြီး၊ ကိုကိုလေးတို့က ကိုဖေစိုးကို သိပ်ချစ်ကြတာ။ ကိုကောင်းနဲ့ မဒေါင်းတို့ ပြောင်းသွားတော့ ကိုကိုကြီး၊ ကိုကိုလေးတို့မောင်နှမတွေ ကိုဖေစိုးအကြောင်း အမြဲပြောနေကြတယ်လေ။ ဒါကြောင့် အန်တီကတောင် သားတို့၊ သမီးတို့ရေ မင်းတို့မောင်နှမတွေကသာ ကိုဖေစိုးအကြောင်း တဖွဖွ ပြောနေကြတာ။ ကိုဖေစိုးကတော့ မင်းတို့မောင်နှမကို မေ့နေလောက်ပြီလို့ ပြောမိသေးတယ်"

"မဒေါင်းတို့ကလည်း ဝန်ထမ်းမိသားစုတွေဆိုတော့ တာဝန်ကျတဲ့အရပ် ပြောင်းနေရတော့ မရောက်ဖြစ်ပေမဲ့ အန်တီတို့မိသားစုတွေကို အမြဲသတိရပါတယ်။ အန်ကယ်ရဲ့ နာရေးသတင်းစာမှာတွေ့တော့ မဒေါင်းတို့က ရေဝတီမှာမဟုတ်တော့ဘူး။ မကွေးတိုင်းကို တိုင်းဦးစီးမှူးတာဝန်နဲ့ ပြောင်းသွားရလို့ အတော်ကို အလှမ်းဝေးသွားခဲ့တယ်။ မဒေါင်းတို့ မလာနိုင်ပေမဲ့ ကိုကိုကြီးနဲ့ မကြည်အေးတို့ဆီ ဖုန်းဆက်ပြီး ဝမ်းနည်းကြောင်း ပြောလိုက်ပါသေးတယ် အန်တီ"

"သူတို့ပြောပါတယ် မဒေါင်း"

"ဒါနဲ့ ကိုကိုကြီးနဲ့ ကိုကိုလေးတို့ သင်္ဘောလိုက်နေကြတယ်လို့ ဘောက်ထော်မှာနေတဲ့ မဒေါင်းမောင်လေးက ပြောပြလို့ သိရပါတယ်။ အဆင်ပြေတယ် မဟုတ်လား။ ကျောင်းပြီးတဲ့အထိ တက်ဖြစ်ကြတယ်မဟုတ်လား အန်တီ"

"အားလုံး ကျောင်းပြီးတဲ့အထိ တက်ဖြစ်ကြပါတယ်။ သားနှစ်ယောက်လုံးက သင်္ဘောအရာရှိတွေ ဖြစ်နေကြပါပြီ။ ဟောဒီ သမီးကတော့ ရန်ကင်း အလက(-)မှာ အလယ်တန်းပြ ဆရာမပေါ့"

"အိမ်ထောင်ကျကုန်ကြပြီလား အန်တီ"

"အိမ်ထောင်စကား စလို့မရသေးဘူး မဒေါင်းရေ။ စလိုက်တာနဲ့ တစ်ယောက်တစ်ပြန်လက်ညှိုးထိုးပြီး အန်တို့နားက လစ်ပြေးကြရော။ ကိုကိုကြီးတို့

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ပြုဖို့ပြောတာ အသက်ငယ်တုံး။ ကျန်းမာတုန်း သဘော်စီးမယ်။ အသက် ၄၀) ပြည့်ရင် ဆက်မစီးတော့ဘဲ သူရှာဖွေထားသမျှ အားလုံး အန်တီ့ကိုပေးခဲ့ပြီး သူက သေတစ်ပန်သက်တစ်ဆုံး ဘုန်းကြီးဝတ်မယ်တဲ့"

"ကိုကိုလေးကျပြန်တော့လည်း သူ့ကို အိမ်ထောင်ပြုပါ။ မိန်းမယူပါ တစာစာနဲ့ မတိုက်တွန်းပါနဲ့ မေမေတဲ့။ သူ့မှာ သူ့တွက်ကိန်းနဲ့သူ ရှိသတဲ့။ အသက်နဲ့ရင်းပြီး ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်မှာ ရှာထားတဲ့ငွေကို မိခင်ကလွဲပြီး ဘယ်မိန်းမကိုမှ မအပ်နိုင်ဘူးတဲ့။ သူများသားသမီးယူထားရင် ဝင်ငွေအပ်ရမယ့်တာဝန်ရှိမှာပဲ။ ယူထားတဲ့မိန်းမက သစ္စာရှိ တော်ရဲ့။ တာနောယကဓာတ်ထဲက မယားကိုချစ်လွန်းလို့ ရွှေကြုတ်ထဲထည့် အာခံတွင်းမှာငုံထားတဲ့ကြားက ဝိဇ္ဇာထီးနဲ့ ဖောက်ပြားတဲ့ သူယောင်မယ်လို မိန်းမစား မိန်းမယုတ်နဲ့တွေ့ရင် မခက်လားတဲ့ မဒေါင်းရယ်"

"ကိုကိုလေးတို့က စာတွေဖတ်အသိဉာဏ်တွေရင့်သန်တော့ ပြောတတ်လိုက်တာ အန်တီရယ်။ သူပြောတဲ့ သူယောင်မယ်လို မိန်းမတွေလည်း တကယ်ပဲ အများကြီးမှ အများကြီးရှိတယ် အန်တီ"

"ဟောဒီ သမီးကျပြန်တော့လည်း ရေ့ကားကြီးနှစ်စီးကို နောက်ကားက ကျော်တက်ရင် မကောင်းဘူးတဲ့။ အများသူငါ ပြောစရာဖြစ်လိမ့်မယ်တဲ့။ ကြီးစဉ်ငယ်လိုက်မှ တရားမယ်တဲ့။ ရေ့ကားကြီးနှစ်စီး ရှင်းသွားမှ သူ့ရေ့ဆက်ခရီးထွက်မှာမို့ သူ့အတွက် ဖြည်းဖြည်းဆေးဆေးမှ စဉ်းစားပါ မေမေတဲ့"

"ကောင်းတာပေါ့ အန်တီရယ်။ မုဆိုးမ အမေကြီးအတွက် အားကိုးအားထားစရာ အင်အားအပြည့်ရှိတာပေါ့။ အန်တီ ဘာမှပူစရာမလိုတော့ဘူး"

"တစ်ခါတလေ မဒေါင်းပြောသလိုလည်း ကောင်းတာပဲလို့ တွေးမိသလို မိသားစုဘဝလေးတွေ မရှိကြဘဲ အထီးကျန်ဖြစ်မှာကိုလည်း စိုးရိမ်မိတယ်။ ယောက်ျားလေးတွေအတွက် မထောင်းသာပေမဲ့ ဟောဒီသမီးအတွက်တော့ ပူမိတယ်။ ဆွေတစ်ရာ မောင်တစ်ကျိပ်ရှိပေမယ့် လင်မရှိတဲ့မိန်းမ မတင့်တယ်ဘူးဆိုတဲ့ ရှေးစကားလိုပေါ့ မဒေါင်းရယ်။ အန်တီကတော့ သင့်တင့်တဲ့ လက်တွဲဖော်လေးများတွေ့ရင် သမီးကို အိမ်ထောင်ပြုပေးလိုက်ချင်တယ်"

"ဟိုးဆရာ . . . ဟိုး။ ကျွန်မတို့ကတော့ ဝမ်းဆလံ၊ တူးဆလံပဲ"

"ဟား . . ဟား . . . ဟား"

မကြည်အေး၏ အကွက်ကျကျတုံ့ပြန်ပြောလိုက်သည်ကို သဘောကျသဖြင့် အားလုံး ရယ်လိုက်မိသည်။

"စကားတွေပြောတာလည်း ပြောတာပေါ့။ စားလိုက်သောက်လိုက်ကြဦး"

မဒေါင်းညီမ မချိုမြသည် ယွန်းလင်ပန်းနဲ့ သယ်လာသော မန္တလေးမုန့်တီ၊ မန္တလေးပဲကြော် ပူပူနွေးနွေးနဲ့ လက်ဖက်ရည်ချိုဆိမ့်များကို ချပေးကာ ဧည့်သည်များကို ဧည့်ဝတ်ပြုလိုက်သည်။

"အန်တီမွေးရေ . . ကိုကောင်းက သူ့ဒေသက အစားအစာဆို အလွန်ကြိုက်တာ။ ညဉ့်ကတည်းက နံနက်စောစောကို မန္တလေးမုန့်တီနဲ့ မန္တလေးပဲကြော်စားမယ်လို့မှာထားတာမို့ အသင့်ပြင်ဆင်ထားတာ။ မုန့်ဝယ်ရင်တောင် သူပြတဲ့ဆိုင်ကမှ ဝယ်ရတယ်။ အဲဒီဆိုင်က မန္တလေးမုန့်တီနဲ့ မန္တလေးပဲကြော်တွေကမှ အစစ်တဲ့။ မဒေါင်းတို့က စစ်တာတွေ၊ မစစ်တာတွေ မသိပါဘူး။ စားကောင်းရင် စားလိုက်တာပဲ။ အားမနာဘဲ သုံးဆောင်ပါ။ တစ်အိမ်လုံးအတွက် အသင့်ရှိပါတယ်။ လာခဲ့ရောက်ခဲဘိခြင်း အန်တီရယ်။ နားနားနေနေ နေ့လယ်စာပါ စားသောက်ပြီးမှ ပြန်ရမယ်နော် အန်တီ"

"သြော် . . . အန်တီမွေးနဲ့ မကြည်အေးတို့ပဲ ခဏနော် . . . ခဏ"

ဘုရားက ပြန်ရောက်လာသော ကိုကောင်း ဧည့်ခန်းတွင် ရောက်နေသော ဧည့်သည်များကို မြင်သဖြင့် မဆိုင်းမတွ နှုတ်ဆက်လိုက်ပါတယ်။ ပြီးတော့ လက်တွင်းက ကျောက်စိမ်းပုတီးကို ဘုရားကျောင်းဆောင်တွင်ထား၍ ဧည့်သည်များနှင့်အတူ ဆက်တီတွင် ဝင်ထိုင်လိုက်ပါတယ်။

□□□

"အန်တီမွေး၊ မကြည်အေးတို့ မတွေ့တာကြာပြီနော်။ နေကောင်းကြလား"

"ကောင်းပါတယ် ကိုကောင်း"

"ကိုကိုကြီးနဲ့ ကိုကိုလေးတို့ . . အလုပ်အခြေအနေကော"

"ညီအစ်ကို နှစ်ယောက်စလုံး သင်္ဘောလိုက်နေကြပါတယ်"

"နှစ်ယောက်လုံး သင်္ဘောတက်နေကြပြီဆိုတော့ အတော်အဆင်ပြေ

www.burmeseclassic.com

www.burmeseclassic.com

တာပဲ။ ဒါနဲ့ မောင်နမတွေ ကျောင်းပြီး ကုန်ပြီမဟုတ်လား အန်တီ"

"အားလုံး ကျောင်းပြီးကုန်ကြပါပြီ။ သမီးက ရန်ကင်း အလက(--)မှာ အလယ်တန်းပြဆရာမ လုပ်နေပါတယ်"

"ကြားရသိရတာ ဝမ်းသာစရာတွေပါပဲ။ အန်ကယ်ဆုံးခါစက အန်တီမွေးအတွက် စိုးရိမ်စိတ် ဖြစ်မိသေးတယ်။ ဒါပေမဲ့ သားတွေသမီးတွေက ကျွန်တော်တို့နဲ့ တစ်လမ်းတည်းနေခဲ့ဖူးလို့ လိမ္မာရေးချားရှိကြတယ်ဆိုတာ သိထားတော့ စိုးရိမ်စိတ် ပျောက်သွားပါတယ်။ အန်တီတစ်ယောက် ကျွန်တော်နဲ့ မဒေါင်းတို့ မှန်းထားသလို သားကောင်း၊ သမီးကောင်းတွေရဲ့ မိခင်အဖြစ် မြင်တွေ့ရလို့ ဝမ်းသာလှပါတယ်"

"ကျေးဇူးတင်ပါတယ် ကိုကောင်းရယ်"

"ဒါနဲ့ အန်တီနဲ့တွေ့တုန်း ပြောရဦးမယ်"

"ပြောလေ ကိုကောင်း"

"တခြားမဟုတ်ပါဘူး။ ကျွန်တော့်ညီမ ဆရာမ မကြည်အေးအတွက် အန်တီဘာမှမပူပါနဲ့။ ကျွန်တော့်လုပ်ဖော်ကိုင်ဖက် အရာရှိတစ်ယောက်ရှိတယ်။ သူ့အမည်က လှအောင်တဲ့။ မဆိုစလောက် ကပ်စေးနဲတယ်။ ဘယ်လောက်ကပ်စေးနဲသလဲဆို သူ့ဝမ်းသူ့တောင် မသဒ္ဓါဘူး။ ဥပမာ တစ်ခါတစ်ရံ မုန့်ဟင်းခါးဝယ်စားတယ် ဆိုပါတော့ ပလိန်းပဲစားတယ်"

"ပလိန်းဆိုတာ . . . ဘာလဲ ကိုကောင်းရဲ့"

"ဒီလိုပါ . . . အန်တီ။ အကြော်မထည့်၊ ဘဲဥမထည့်၊ ငါးဖယ်ကြော်မထည့်၊ အီကြာကွေးမထည့်ဘဲ မုန့်ဟင်းခါးသက်သက် ပြင်ပေးတဲ့ မုန့်ဟင်းခါးကို ပြောတာပါ"

"သြော် . . . ဒီလိုကိုး"

"ဒါတင်မကသေးဘူး အန်တီ။ မုန့်ဟင်းခါးဆိုင်နဲ့ ကပ်လျက်မှာ အအေးပုလင်းမျိုးစုံရောင်းတဲ့ဆိုင်လည်းရှိတော့ မုန့်ဟင်းခါးစားပြီး စပ်သွားတဲ့အခါ . . . အောရင့်(ချ်)၊ ကရင်ဆိုဒါ၊ ဗင်တို၊ လိုက်ချီးပုလင်းတွေလည်း အသင့်ဝယ်သောက်စရာ ရှိတယ်။ ဒါမှမဟုတ် ကမ္ဘလာ၊ သံပုရာ၊ နာနတ်၊ ကျောက်ကျောစတဲ့ အသီးဖျော်ရည်စုံလည်း ရှိတယ် အန်တီ။ အဲဒီ သောက်စရာတွေထဲက တစ်ခုခုဝယ်သောက်မယ်ထင်လားဟင်။

မသောက်ဘူးဗျို့ မသောက်ဘူး။ မုန့်ဟင်းခါးဆိုင်နဲ့ လေးငါးဆိုင်ခြားတဲ့ ဈေးအထွက်ပေါက်နားက လက်တွန်းလှည်းနဲ့ တွန်းရောင်းတဲ့ ရေခဲခြစ်ဝယ်ပြီး တပြွတ်ပြွတ်စုပ်စားတယ် အန်တီ"

"ဟယ် . . . ညီမကြိုက်သွားပြီ။ ညီမကိုပြောပေးပါလား အစ်ကိုကောင်း"

"မရဘူး၊ မရဘူး။ ဆရာမကြီး မကြည်အေး နောက်ကျသွားပြီ။ မင်္ဂလာတောင်ညွန့်မှာကတည်းက မချို့မြတို့က ဘွတ်ကင်လုပ်ထားပြီးသား"

"ဟား . . . ဟား . . . ဟား"

ပွဲကျပြီးရင် ကျသွားသလားမသိ။ ကိုကောင်းနဲ့ မဒေါင်းတို့ ညစ်ခန်းအတွင်း ရယ်မောသံများလွှမ်းကာ ဆူညံသွားသည်။

ooo

"ဒါနဲ့ အန်တီမွေး ကျွန်တော့်ကို ပြောစရာရှိတယ်ဆို"

"ဟုတ်ပါတယ် . . . ကိုကောင်း။ အဖြစ်က အန်တီတို့အတွက်ကတော့ အဆန်းပဲ။ လမ်းထဲက တစ်ယောက်ယောက်ကို ပြောမယ်ကြံတော့လည်း နှုတ်မလုံပေါက်ထွက်သွားရင် တိုက်ကလေးက လုတော့လုပါရဲ့ ဒါပေမဲ့ သရဲခြောက်တယ်ဆိုတာမျိုး ပြောကြမှာစိုးရိမ်တယ်။ ဒါကြောင့် ဘယ်သူ့မှ မမေးဘဲ ကိုကောင်းဆီ လာမေးတာပါ။ အန်တီက ကိုကောင်းရေးတဲ့ ဂမ္ဘီရဝတ္ထုတွေဖတ်ဖူးတော့ အန်တီတို့ကြုံနေတဲ့ ပြဿနာ ကိုကောင်းတော့ ရှင်းနိုင်လိမ့်မယ်။ ဒါမှမဟုတ် အကြံတစ်ခုခုတော့ ပေးနိုင်မယ် ထင်လို့ လာခဲ့ကြတာပဲ ကိုကောင်း"

"ဟုတ်ကဲ့၊ အန်တီတို့ကြုံတွေ့နေရတဲ့ပြဿနာကို ကျွန်တော်သိပါရစေ"

"ဒီလို ကိုကောင်းရဲ့။ အန်တီတို့ အိမ်ဟောင်းနေရာလေးမှာ သားသမီးသုံးယောက်အတွက် ရည်ရွယ်ပြီး သုံးထပ်ခွဲတိုက်သစ်လေးတစ်လုံး ဆောက်ခဲ့ပါတယ်။ တိုက်ဆောက်တဲ့ အင်ဂျင်နီယာက အန်တီရဲ့တူ ကိုကိုဝင်းလေ . . .။ ကိုကောင်း သိတယ်မို့လား"

"သြော် . . . ဟုတ်ကဲ့၊ သိပါတယ်"

"ကိုကိုဝင်းက အန်တီရဲ့တူအရင်းဆိုတော့ သူ့ညီတွေနဲ့ ညီမအတွက် အပျံစား ဒီဇိုင်းဆွဲပြီး ခေတ်မီတိုက်လေးတစ်လုံး ဆောက်ပေးခဲ့တယ်။ တိုက်လေးက အတော်လည်းလှပပြီး

www.burmeseclassic.com

www.burmeseclassic.com

သုံးစွဲအလှဆင်ထားတဲ့ ပစ္စည်းတွေကလည်း အကောင်းစားတွေသာသုံးပြီး မွမ်းမံခြယ်သထားတော့ အိမ်ရှေ့က ဖြတ်သွားတဲ့သူတိုင်း တိုက်လေးကို သမင်လည်ပြန် ကြည့်ကြည့်ပြီးသွားကြတယ်။

တိုက်လေး ဆောက်ပြီးတော့ အပေါ်ဆုံးထပ် လေသာဆောင်မှာ သမီးက စာရေးစာဖတ် လုပ်တဲ့အတွက် အတက်အဆင်းရှိတယ်။ နောက်ပြီး နွေကျောင်းပိတ်ရက်တွေမှာ ကျူရှင်မပြတော့ဘဲ ခြောက်တန်း၊ ခုနစ်တန်း၊ ရှစ်တန်း ကလေးတွေကို ပိုင်းကျူရှင်ပြတယ်။ တိုက်လေးမပြီးခင်တော့ တပည့်တစ်ယောက်ရဲ့အိမ်မှာ ပိုင်းကျူရှင်ဖွင့်ပါတယ်။ အခု တိုက်ပြီးပြီမို့ ဒီနွေကျောင်းပိတ်ကစပြီး တိုက်သစ်လေးမှာ ပိုင်းကျူရှင်တွေ သင်မယ်တဲ့"

"သူပြတဲ့အတန်းက တချို့တပည့်မလေးတွေနဲ့ တပည့်လေးတွေက စာမေးပွဲရက်အတွင်းမှာဖြစ်ဖြစ်၊ နီးရင်ဖြစ်ဖြစ် တစ်ယောက်စ နှစ်ယောက်စ လာပြီးစာမေးတတ်တယ်။ တစ်နေ့မှာ သမီးရဲ့တပည့်မလေးတစ်ယောက် အပေါ်ဆုံးထပ်မှာ စာသင်ရင်း အန်တီရှိတဲ့ အောက်မှာ လက်ဖက်သုပ်နဲ့ ရေနွေးကြမ်း လာယူတယ်"

"အဘွား အလယ်ထပ်မှာ လူရှိလားဟင်"

"မရှိပါဘူး သမီးရယ်"

"သမီးဆင်းလာတော့ အိပ်ခန်းထဲမှာ တောက်တောက်နဲ့ ရိုက်နေတဲ့အသံကြားတယ်"

"သမီးတို့ဆရာမ ထုရိုက်နေတာဖြစ်မှာပေါ့"

"မဟုတ်ဘူးအဘွား။ ဆရာမက သမီးနဲ့ မိုးမိုးကို စာသင်နေပါတယ်။ သမီးဆင်းလာတော့လည်း ဆရာမနဲ့ မိုးမိုး အပေါ်ဆုံးထပ်မှာပဲ စာသင်နေပါတယ် အဘွား"

"ကိုကောင်းရေ··အဲဒီကလေးက ခြောက်တန်းကျောင်းသူလေးကွဲ့။ စကားကို လည်လည်ဝယ်ဝယ် ပြောတတ်ဆိုတတ်တဲ့ကလေးမို့ သူ့အမှန်အတိုင်း ပြောနေတယ်ဆိုတာ အန်တီ သဘောပေါက်ပါတယ်။ ဘာလို့လဲဆို ညဥ့်လယ်လောက်ဆို အဲဒီအသံကို အန်တီတို့သားအမိလည်း ကြားဖူးတယ်။ တစ်ခါတစ်ရံ ခြေသံလိုလို လမ်းလျှောက်တဲ့အသံမျိုး ကြားရတဲ့အပြင် ညည်းညူသံ၊ ရှိုက်သံမျိုးလည်း ကြားဖူးတယ်။ ညဥ့်ဘက်တွေမှာ ရံဖန်ရံခါ ကြားနေရက ခုတော့ နေ့ခင်းကြောင်တောင်ကြီးမှာတောင် ကြားနေရတော့ ဘာရယ်ညာရယ် အကောင်အထည် မမြင်တွေ့ရပေမဲ့ ကျောမလုံသလိုခံစားမိတယ်။ အန်တီတော့ သိပ်စိတ်ညစ်တာပဲကွယ်။ သားသမီးတွေ ရှာဖွေစုဆောင်းထားတဲ့ ငွေလေးတွေနဲ့ ဆောက်ထားတဲ့ တိုက်လေးမှာမှ စိတ်စနိုးစနောင့်ဖြစ်စရာ၊ စိတ်မချမ်းသာစရာ ကြုံရလေခြင်း ဆိုပြီး ဝမ်းလည်းနည်းမိတယ်"

အန်တီမွေးသည် ဒီပြဿနာအတွက် အတော်ပင် ဝမ်းနည်းနေပုံရပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ တိုက်သစ်လေးမှာ လုံးဝမမျှော်လင့်ထားတဲ့ ပြဿနာရှိနေတာကြောင့် ဖြစ်ပါတယ်။

အဲ . . . တစ်ခုစဉ်းစားမိတာက သမီးနဲ့ သားတို့ဖေဖေ မဆုံးမီ ဇနီးမယားနဲ့ သမီးသားကို စိတ်စွဲလမ်းပြီး မကျွတ်မလွတ်ဖြစ်လေသလားလို့ ထင်မိတာကြောင့်လည်း စိတ်မကောင်းတာဖြစ်နိုင်တယ်။ ကိုကိုကြီး၊ ကိုကိုလေးနဲ့ မကြည်အေးတို့ဖခင်သည် အန်တီမွေးထက် ၁၀ နှစ်ခန့်ကြီးသူ ဖြစ်သည်။ တိုင်းအဆင့်အရာရှိတစ်ဦးဖြစ်ကာ သက်ပြည့်အငြိမ်းစားယူပြီးတော့လည်း ဇနီးမယားအတွက် ခင်ပွန်းကောင်း၊ သမီးသားအတွက် ဖခင်ကောင်းအဖြစ် ရပ်တည်သွားခဲ့ကာ မိုးကုတ်တရားရိပ်သာတွင် တရားဝင်နေသူဖြစ်သည်။ အကယ်၍ သူကွယ်လွန်ရင်တောင် ဘယ်သူမျှ ဝမ်းမနည်းကြဖို့ မကြာခဏ မှာကြားတတ်သူ ဖြစ်သည်။ ထို့အပြင် သူ့အတွက် ကျန်ရစ်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေဖို့ နေ့ချင်းပြီး သင်္ဂြိုဟ်ရန် ကြိုတင်မှာကြားထားသူ ဖြစ်သည်။

"ဒီလောက်လည်း စိတ်မကောင်းမဖြစ်ပါနဲ့ အန်တီ။ ပြဿနာဆိုတာ လူတိုင်းနဲ့ မကင်းပါဘူး။ ပြဿနာရှိရင် ထွက်ပေါက်ဆိုတာလည်း ရှိတတ်ပါတယ်။ ဒီနေ့ စနေနေ့ဆိုပေမယ့် ကျွန်တော် မအားဘူး။ နက်ဖြန် တနင်္ဂနွေနေ့ အန်တီတို့တိုက်သစ်လေးဆီ ကျွန်တော် အရောက်လာခဲ့မယ်"

"ဝမ်းသာလိုက်တာ ကိုကောင်းရယ်။ တစ်အိမ်သားလုံး ခေါ်လာခဲ့၊ အန်တီ ထမင်းချက်ထားမယ်"

□□□

www.burmeseclassic.com

www.burmeseclassic.com

ကိုကောင်းနဲ့ မဒေါင်းတို့ရောက်တော့ အန်တီမွေးနဲ့ မကြည်အေးတို့ သားအမိ ထမင်းပွဲပြင်ပြီး အသင့်စောင့်နေကြပြီ ဖြစ်ပါတယ်။

"အန်တီရေ . . . တိုက်လေးက သိပ်လှတာပဲ။ ကျွန်တော်တို့ တစ်ထပ်ပြီးတစ်ထပ် တစ်ခန်းဝင်တစ်ခန်းထွက် တက် ကြည့်လိုက်ဦးမယ်"

ကိုကောင်းတို့အဖွဲ့ တစ်ခန်းဝင် တစ်ခန်းထွက် ချိုးခန်း၊ ရေအိမ်မကျန် အခန်းတိုင်း ဝင်ကြည့်ဖြစ်ကြတယ်။ အားလုံးမှတ်ချက်က အင်ဂျင်နီယာကို ကိုဝင်းက သိပ်တော်တာပဲ။ တိုက်လေးကလှသလောက် သပ်ရပ်သေချာပြီး စနစ်တကျရှိတယ်ဟူ၍ ဖြစ်ပါသည်။

အလယ်ထပ်ကြည့်နေစဉ် ဝရန်တာကိုထွက်၍ ကိုကောင်းနဲ့မဒေါင်း မျက်နှာချင်းဆိုင်ခြံဘက်ကို လှမ်းကြည့်ရင်း သူတို့ငယ်ဘဝကအကြောင်း သတိရကြသည်။ တခြား မဟုတ်ပါ။ အဲသည်ခြံကြီးသည် မဒေါင်းအဘိုးအဘွားများ ပိုင်ဆိုင်ရသောခြံဖြစ်၍ မဒေါင်းတို့ငယ်စဉ်က မိဘများနှင့်အတူ သည်ခြံကြီးထဲတွင် နေထိုင်ခဲ့ကြပြီး ကိုကောင်းနဲ့ မဒေါင်းတို့ လက်ထပ်မင်္ဂလာ အခမ်းအနားကိုလည်း သည်ခြံထဲက အိမ်ကြီးမှာ ကျင်းပခဲ့တယ်လေ။

"ဟူး . . . ဟူး . . . တောက် . . . တောက် . . . ဖျန်း"

ကိုကောင်းတို့အားလုံး အလယ်ထပ် ဝရန်တာမှာ ရှိနေစဉ် ကြားလိုက်ရသောအသံဖြစ်၍ ကြက်သီးမွေးညင်း ထသွားမိကြသည်။

"မေမေရေ . . . အစ်ကိုကောင်းနဲ့ မမဒေါင်းရယ်၊ သမီးရယ် ဝရန်တာမှာ ရှိနေတုန်း တောက် . . . တောက် . . . ဖျန်းဆိုတဲ့ အသံ အလယ်ထပ်အခန်းထဲက ကြားလို့ သမီးတို့အားလုံး ကြားကြားချင်း ဝင်ကြည့်တာ ဘာမှမတွေ့ဘူး"

"ဟုတ်ပါတယ် အန်တီမွေး။ ကျွန်တော်တို့ အလယ်ထပ်ဝရန်တာကနေ မဒေါင်းတို့အဘိုးခြံကို လှမ်းကြည့်နေတုန်း အလယ်ထပ်အိပ်ခန်းထဲက အသံကို ကြားမိတာပါ"

"အဲဒါ . . . အဲဒါကြောင့် အန်တီ စိတ်ညစ်တယ်လို့ ပြောတာပေါ့ . . . ကိုကောင်းရယ်"

"ဖြစ်လာမှ ဘာမှစိတ်မညစ်ပါနဲ့ အန်တီရယ်။ ကျွန်တော့်အထင်ပြောရရင် ဒါမျိုးတွေဟာ ဂမ္ဘီရဖြစ်စဉ်တွေပဲ။ ပြဿနာတိုင်းမှာ ထွက်ပေါက်ဆိုတာ ရှိစမြဲလို့ ဆရာတော်၊ သမားတော်တွေ ပြောခဲ့တဲ့စကားလည်း ရှိသားပဲ။ ကျွန်တော် ဖြေရှင်းကြည့်ပါ့မယ်"

"လုပ်စမ်းပါ ကိုကောင်းရယ်။ ဒါနဲ့ ကိုကောင်းမှာ နည်းလမ်းကောင်းများ ရှိသလားဟင်"

"ကျွန်တော် လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က တစ်ထပ်ခွဲ တိုက်လေးတစ်လုံး ကျွန်တော် တာဝန်ထမ်းဆောင်တဲ့ မြို့နယ်မှာ ဆောက်ဖူးတယ်။ အဲဒီတိုက်လေး ဆောက်ဆဲကာလမှာ ကျွန်တော့် မိတ်ဆွေ ဘကြီးတစ်ယောက် မကြာခဏ လာပြီးတော့ ချေးပြုပေးတယ်။ သူပေးတဲ့ အကြံဉာဏ်တော့ လေကားခွင် ဘယ်လိုထားပြီး ဘယ်လိုဆင်းရတယ်။ လေကားဆန် ဘယ်နဆန်လုပ်ရမယ်။ လေကားကို မီးဖိုဘက် တိုက်ရိုက်မဆင်းရဘူး။ တိုက်ရိုက်ဆင်းရင် ခိုက်မယ်။ ထုပ်လျှောက်ဒိုင်းမြား ဘယ်လိုထားရမယ်၊ ရေတံလျှောက် ဘယ်လိုထားရမယ်ဆိုတာမျိုးတွေပေါ့။

ဒါတွေက ရှေးလူကြီးသူမတွေ ပြောတဲ့၊ မှာခဲ့တဲ့ စကားတွေမို့ ပစ်ပယ်ဖို့ မကောင်းဘူး။ လိုက်နာနိုင်ရင်တော့ ကောင်းတာပေါ့ အန်တီရယ်။

တစ်နေ့မှာ . . . ကျွန်တော့်အိမ် ဘကြီးရောက်လာတော့ သူနဲ့ကျွန်တော် မြန်မာပြည်မှာပေါက်ပြီး လူသိများ လူသုံးများတဲ့ သစ်တွေအကြောင်း ပြောဖြစ်ကြတယ်။ ဥပမာ - ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ပိတောက်၊ တောင်သလဲ၊ သရက်၊ ပိန္နဲ၊ မာလကာ၊ မအူ၊ ထိန်၊ ပျဉ်းမ၊ အင်၊ ထင်းရှူး၊ တမလန်း စတဲ့ သစ်အမျိုးအစား အမျိုးမျိုးအပြား မို့ ပြောမဆုံးပေါင် တောသုံးတောင် လို့ဆိုတဲ့ စကားရှိပါတယ်တဲ့။

အဲဒီတောတွေ တောင်တွေမှာ ပေါက်တဲ့ သစ်တွေအပြင် အိမ်ခြံမြေတွေမှာပေါက်တဲ့ ဆီး၊ မန်ကျည်း၊ ကောရော်၊ ဇီးယန်း၊ တမာ၊ သစ်မွှေး၊ သစ်မင်း၊ ကုက္ကို စတဲ့ဟာတွေလည်း ရှိသေးတယ်တဲ့။ အဲဒီလောက်ပေါတဲ့ သစ်တွေထဲမှာ လူတွေအတွက် အသုံးမဝင်တဲ့ သစ်ပင်သစ်သားဆိုတာ မရှိဘူးတဲ့။ အစားထိုး အသုံးပြုလို့ရတာချည်းပဲတဲ့။ သစ်မှန်ရင် ကျွန်း၊ ပျဉ်းကတိုးလောက် မကောင်းလည်း ယာယီအစားထိုး သုံးလို့တော့ ရတာပဲတဲ့။ သရက်သားဆိုတာ ပွ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းဆောင်းမို့ မကောင်းဘူးဆိုပေမယ့် ဆင်းရဲသားများအတွက် ခုံဘိနပ်ခုတ်စီးလို့တော့ ရတယ်တဲ့။ အဲ...အဲ တစ်ခုတော့ရှိတယ်။ သစ်တစ္ဆေဆိုတာတော့ မကောင်းဘူးတဲ့။ လူတွေကို အချိန်အခါမရွေး စိတ်ညစ်ညူးအောင် ခြောက်လှန့်တတ်သတဲ့ အန်တီ။

ဒါနဲ့ သစ်တစ္ဆေဆိုတာ ဘယ်သစ်မျိုးလဲ မေးကြည့်တော့ ကျွန်းသစ်မှာပဲဖြစ်ဖြစ်၊ ပျဉ်းကတိုးမှာပဲဖြစ်ဖြစ် ဘယ်သစ်မျိုးမှာမဆို တစ္ဆေမှီတွယ်နေတဲ့ သစ်ကို သစ်တစ္ဆေလို့ ခေါ်သတဲ့။ အဲဒီ သစ်မျိုးကို အိမ်မှာသုံးမိရင် သစ်တစ္ဆေ ခြောက်တော့တာပဲတဲ့။ သစ်တစ္ဆေ မှီတွယ်လို့မရတဲ့ သစ်တွေက ကေရာစ်ပင် ရင်းအပင်ကရတဲ့သစ်၊ သစ်မင်းပင် ရင်းအပင်ကရတဲ့ သစ်တွေမှာ သစ်တစ္ဆေ မှီခိုလို့မရဘူးတဲ့။ သစ်တစ်မျိုးမျိုးမှာ သစ်တစ္ဆေ မှီတွယ်နေသလား၊ သန့်ရဲ့လားဆိုတာ ကြိုတင်ပြီး မသိနိုင်ဘူးတဲ့။ ဒါကြောင့် အဆောက်အဦဆောက်ပြီးမှ တစ်တစ်...ဂျစ်ဂျစ်...တောက်တောက်ဆိုတဲ့ အသံမြည်လာမှ သိကြလို့ အဆောက်အဦပဲ ဖျက်ရမလား ဘာလား မကြံတတ်မစည်တတ်ဖြစ်ပြီး အလွန်စိတ်ညစ်ကြသတဲ့။

အဲဒီအဖြစ်အပျက်မျိုး ဘကြီးကိုယ်တိုင် တွေ့ဖူးတယ်တဲ့။ အဲဒီအချိန်က ဘကြီးက ငယ်သေးတော့ ဘာအတွေ့အကြုံမှမရှိလို့ ယောက္ခမကြီးကို မေးတော့ တစ်တစ်...ဂျစ်ဂျစ်... ဂျောက်ဂျောက်ဆိုတဲ့ သံစုံမြည်ပြီး ခိုအုပ်လန့်ပျံသလိုလို အသံတွေ၊ ကြက်တစ်ကောင်နဲ့တစ်ကောင် ဖျန်းခနဲ ထခွပ်လိုက်တဲ့အသံတွေလိုလို ကြားမယ်ဆိုရင် သစ်တစ္ဆေခြောက်တာတဲ့။ သစ်မင်း သစ်သားကို သွားကြားထိုး တုတ်တံလေးတွေလို ချွန်ပြီး မြည်သံပေး ခြောက်လှန့်တဲ့ နေရာမှာရှိတဲ့ တိုင်၊ နံရံ၊ ခါးပန်း၊ အကာတွေမှာ သံရာပေးပြီး ရိုက်သွင်းလိုက်။ နောက်ဆို ဘာသံမှ မကြားတော့ဘူးလို့ ပြောပြပြီး ကျွန်တော် အိမ်ဆောက်နေမှန်းသိလို့ လိုရမည်ရ သုံးဖို့ဆိုပြီး ဟောဒီ သစ်မင်းသစ်သားကို ချွန်ထားတဲ့ သစ်ချောင်းလေးတွေ ပေးထားတာ။ ကျွန်တော့်အိမ်က ဘာပြဿနာမှမကြုံတော့ မသုံးဖြစ်ဘူး။ အဲဒါ အန်တီတို့ တိုက်အလယ်ခန်းအိပ်ခန်းနဲ့ သံသယရှိတဲ့ နေရာတွေမှာ ကျွန်တော် သံရာပေးပြီး ရိုက်သွင်းပေးခဲ့မယ်။ ကျွန်တော်တို့ပြန်သွားပြီးမှ အသံတွေ ထပ်ကြားသေးရင်လည်း ထပ်ရိုက်ထည့်ဖို့ ကျန်တာလေးတွေ အန်တီသိမ်းထားပေါ့"

အန်တီမွေးနဲ့ မကြည်အေးတို့ ကျွေးသော ထမင်းကို ကောင်းကောင်းစား၍ အခြေအနေစောင့်ကြည့်ရန် မှာကြားခဲ့ပြီး ကျွန်တော်တို့ ပြန်ခဲ့ကြသည်။

□□□

တစ်လခန့်အကြာ ကိုကိုကြီးနှင့် အန်တီမွေးတို့ တစ်နိုင်တစ်ပိုင် အထုပ်အပိုးကိုယ်စီဆွဲကာ ရွှင်လန်းတက်ကြွစွာဖြင့် ကိုကောင်းတို့အိမ်သို့ ရောက်လာကြသည်။

"ဟော့...ကိုကိုကြီး၊ ဘယ်နေ့က ပြန်ရောက်လဲ"

"မနေ့ကပြန်ရောက်တယ် အစ်ကို[ကောင်း]ကောင်း"

"အထုပ်တွေက ဘာထုပ်တွေလဲ"

"ဟောဒါက...အစ်ကိုကောင်း အတွက် ညဏ်ပူဇော်ခ ဘလက်(ခ)လေဘယ်(လ်)နဲ့ ဘလူးလေဘယ်(လ်) ဒါက မမဒေါင်းအတွက် ဝမ်းဆက်၊ မုန့်ပုံးကတော့ အားလုံးစားဖို့ပေါ့"

"ကိုကောင်းသစ်မင်းက တကယ်စွမ်းတာပဲ။ အန်တီကိုယ်တိုင် အလယ်ထပ်အိပ်ခန်းမှာ သမီးနဲ့အတူအိပ်ပြီး စမ်းသပ်စောင့်ကြည့် ဘာသံကြားမလဲ သတိထားနားထောင်နေတာ ဘာသံမှ ကို မကြားတော့ဘူး။ သိပ်ကျေးဇူးတင်တာပဲ ကိုကောင်းရယ်"

"ကျွန်တော့်အစွမ်း ဘာမှမပါပါဘူး အန်တီ။ မိတ်ဆွေ ဘကြီးက ကျွန်တော်လိုရင်သုံးဖို့ ပေးထားတဲ့ သစ်မင်းအချောင်းလေးတွေကို တကယ်လိုနေတဲ့ အန်တီ့ကို လက်ဆင့်ကမ်း ပေးလိုက်ရုံသက်သက်ပါ"

(ဂမ္ဘီရဖြစ်စဉ် အမျိုးမျိုး လူ့နယ်ပယ်တွင် သဏ္ဍာန်အမျိုးမျိုးနှင့် ဖြစ်တည်ပူးကပ်ရှိနေတတ်ကြသည်။ သူ[…] နည်းသူ့ဟန်နှင့် ဖြေရှင်းကြမည်ဆိုလျှင် အပန်းမကြီးလှဘဲ ကိစ္စများ လွယ်လွယ်ကူကူ ပြီးမြောက်နိုင်ပါသည်။)

ဝင်းသော်(ရမည်းသင်း)

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးဒေါက်တာမင်းသိန်း ပညာအမွေခံ

ဆရာမကြီးဒေါက်တာစောယုနွယ်၏ တပည့်များ

ဆရာကြီးဒေါက်တာမင်းသိန်း၏ ကော်သ ပန်းဥယျာဉ်ကြီးတွင် ရနံ့သင်းသော ပန်းကလေးများရှိခဲ့ပါ၏။ ဥယျာဉ်မှူးကြီး မရှိသည့်နောက်တွင် ပျိုးပင်အသစ်ကလေးများအား ဆရာမဒေါက်တာစောယုနွယ်နှင့် ကော်သ ဆရာများက ပြုစုပျိုးထောင်ပေးခဲ့ရာ ယခုအခါတွင် ရနံ့သင်းသော ပန်းပွင့်ကလေးများ ထပ်မံပေါ်ထွက်လာပြီဖြစ်၏။ ထိုပန်းကလေးများသည် ယခင် ပန်းကလေးများကဲ့သို့ပင် ပွင့်သောပန်းများမွှေး၍ မွှေးသော ပန်းများ လှပနေကြပြီ၊ ထိုပန်းကလေးများ၏ သင်းပျံ့သော ရနံ့ကို စိတ်ချလက်ချ ခံစားနိုင်စေရန်၊ ၎င်း ပန်းကလေးများ၏ နေရာများကို ရောင်ပြန်မဂ္ဂဇင်းမှ ဖော်ပြလိုက်ပါသည်။

၁။	ဆရာလိုင်ဘွားဦး	♦ ဆိုင်အမှတ်-၅၊ ကျိုက္ကဆံစေတီတော်၊ အနောက်ဘက်မုခ်(ယကွှညီနောင်အနီး) ဖုန်း-၀၉-၄၃၀၅၇၄၅၅
၂။	ဆရာမြတ်သူကောင်း	♦ အခန်း(၆)၊တိုက်(၂၈၃)၊ ရပ်ကွက်(၂)၊ ရန်အောင်လမ်း၊ ရန်ကင်းမြို့နယ်။ ဖုန်း-၀၉-၅၁၅၃၄၅၇
၃။	ဆရာမမျိုးသိင်္ဂီ	♦ အမှတ်-၃၃/က၊ ဒုတိယထပ်၊ နွယ်နီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉ ၄၄၈၀၁၃၄၃၇၊
၄။	ဆရာသာထူးစံ	♦ သုဓမ္မာ၊သုနန္ဒာလမ်းဆုံအနီး၊အမှတ်(၃)လမ်းမကြီး၊သုနန္ဒာမှတ်တိုင်၊မ/ဥက္ကလာပ၊ ရန်ကုန်။ ဖုန်း-၀၉ ၂၅၀ ၃၆၀၄၇၆
၅။	ဆရာမခင်စုစုသော်	♦ ရေးဘုတာ မီးရထားဝင်းရေးမြို့နယ်၊ မွန်ပြည်နယ်။ ဖုန်း-၀၉-၂၆၅၄၆၉၅၂၉၊ ၀၉ ၃၁၃၃၁၂၉၅
၆။	ဆရာမနှင်းဦးရွှေရည်	♦ အမှတ်-၄၉၊ ကန်သာယာလမ်း၊ရပ်ကွက်ကြီး(၁)၊၁၂-ရပ်ကွက်၊လှိုင်သာယာ။ ဖုန်း-၀၉ ၃၁၃၀၁၇၈၇
၇။	ဆရာမရွှေယမုံဦး	♦ မီးရထားကြီးကြပ်ရေးတိုက်(၂)၊အခန်း(၁၂)၊အနောက်ကြို့ကုန်း၊ရန်ကုန်-အင်းစိန်လမ်းမကြီး။ ဖုန်း-၀၉ ၃၁၀၇၂၆၆၅
၈။	ဆရာထက်အောင်ရှိန်း	♦ အမှတ်(၃၇)၊ခြောက်ထပ်ကြီးဘုရား၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၅၃၅၁၅
၉။	ဆရာမချောဆွေဇင်သင်း	♦ အိမ်နံပါတ်-၉၇၉၊ ဗေယျာမြိုင်လမ်း၊ ၅၇-ရပ်ကွက်၊ တောင်ဒဂုံ။ ဖုန်း-၀၉-၅၀၀၆၂၆၂
၁၀။	ဆရာDr.ထွန်းအောင်ရဲလင်း	♦ ဥပါတသန္တိစေတီတော်၊ တောင်ဘက်မုခ်။ ဖုန်း-၀၉-၄၂၈၃၂၅၆၅၈
၁၁။	ဆရာကျော်ဇင်သွေး	♦(C)ဘလောက်၊ (၁၄)လမ်းထိပ်၊ ယုဇနဥယျာဉ်မြို့တော်။ ဖုန်း-၀၉-၉၇၃၃၂၅၇၆၁
၁၂။	ဆရာကျော်စစ်သွေး	♦ တိုက်-၂၂၊ အခန်-၂၁၊ တော်ဝင်အိမ်ရာ-၄၁-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း
၁၃။	ဆရာမသင်းနုစံ	♦ ခ/၇-လမ်း၊ အမှတ်-၂၁၈၊ မြို့သစ်၊ အင်းစိန်။ ဖုန်း-၀၉-၈၅၇၄၀၇၆၂၃၊၀၉-၇၈၈၀၀၂၉၀၉
၁၄။	ဆရာမစောလဲ့နွယ်	♦ အမှတ်-၂၅၊ ဗေယျာသုခလမ်း၊ စမ်းချောင်းမုန့်လက်ဆောင်းတောင်ရပ်ကွက်၊ ဖုန်း-၀၉-၄၂၁၀၆၈၈၆၈
၁၅။	ဆရာမအေးခန့်မွန်	♦ အိမ်အမှတ်-၁၂၊ လုံးချင်း၊ ပုဇွန်တောင်၊ မီးရထားအိမ်ယာဝင်း၊ ပုဇွန်တောင်ဘူတာအနီး၊ ဖုန်း- ၀၉ ၃၁၀၄၀၅၆၂၊၀၉-၇၈၀၀၃၀၉၅၇

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဘူတောင် ဘုန်းကြီးကျောင်း

နေထွဋ်နောင်

(စာတိသိမ်း)

(၁၅)

ဝေပုလ္လသဘော်ကြီးက အရှိန်ဖြင့် သောင်ခုံကို ဆောင့်လိုက်ချိန်တွင် ခရီးသည်များ၏ ဆူညံစွာ အော်ဟစ်လိုက်သံများကလည်း တစ်ပြိုင်နက်ထဲလို ထွက်ပေါ်လာခဲ့ပါသည်။ လူတို့၏ သဘောအရ တစ်ဦးစအော်လျှင် အလိုလို လိုက်ပြီး အော်ဟစ်ချင်ကြသူတွေကလည်း မနည်းလှသောကြောင့်လားတော့မသိ။ သဘော်တစ်စီးလုံး ဆူညံပြီး ကမ္ဘာပျက်လုမတတ် ပွက်လောရိုက်နေပါလေတော့သည်။

သောင်ခုံကို အရှိန်နှင့် ဆောင့်မိလိုက်ခြင်းကြောင့်လည်း ခရီးဆောင်အိတ်များတင်သည့်စင်များပေါ်မှ အထုပ်အပိုးများကလည်း လွင့်စဉ်ပြုတ်ကျလာပြီး အောက်ထပ်ရှိ ကုန်ပစ္စည်းပုံကြီးများက အလဲလဲအပြိုပြိုပင်။ ကြောက်ကြောက်လန့်လန့်နှင့် ရေထဲခုန်ချသွားသော ခရီးသည် နှစ်ယောက်၊ သုံးယောက်လည်း ရှိပါသေးသည်။ သဘော်ကြီးနစ်မြုပ်သွားလျှင် စုပ်အားဖြင့် သူတို့ပါ ပါသွားမည်ကို စိုးရိမ်နေကြသူများလည်း ဖြစ်သည်။

သို့သော် သဘော်ကြီးဝင်ဆောင့်လိုက်မိသည့် နေရာက ကျောက်ဆောင်ကျောက်စွယ်တစ်ခုမဟုတ်ဘဲ သဲသောင်ပြင်တစ်ခုသာ ဖြစ်ပါသည်။ ထို့ကြောင့်လည်း သံမဏိဝမ်းခေါင်းကြမ်းပြင်က ပေါက်ထွက်သွားနိုင်ခြင်းမရှိဘဲ သဘော်ကြီးသာ ရေလယ်သဲသောင်ခုံပေါ် တက်သွားရခြင်းပင်။ ထို့ကြောင့်လည်း . . . သဘော်ဦးပိုင်းက ကုန်းပေါ်ပေါ်နေသော သဲခုံပေါ်ရောက်နေပြီး နောက်ဘက်ပိုင်းကတော့ သောင်ပြင်စပ် ရေတိမ်ပိုင်းတွင် ကျန်ရှိနေပါသည်။

သဘော်က ထိုအနေအထားအတိုင်း တည်ရှိနေပြီး ဘယ်ဘက်ခြမ်းသို့ ခပ်စွေစွေအနေအထား စောင်းနေပါသည်။ ဘယ်ဖက်ခြမ်းက သောင်ခုံပေါ် ပိုပြီးတင်နေသောကြောင့်ပင်။ ခရီးသည်အားလုံး လက်တလော အသက်သေစရာမရှိကြောင်း တွေ့လိုက်ရမှ မိမိတို့အထုပ်အပိုးများ ပြန်ကောက်ကြသူများက ကောက်ကြ၊ အခြေအနေကို ဝေဖန်ပြောဆိုကြနှင့် အလုပ်များနေကြပြန်ပါသည်။ သဘော်သားများကလည်း အောက်ထပ်ရှိ ကုန်ပစ္စည်းများကို ပြန်စီဖို့ လုပ်သူကလုပ်၊ အချို့ကလည်း ရေထဲခုန်ချသွားသူများ ကြိုးပစ်ပေးပြီး ပြန်လည်ဆယ်ယူဖို့ လုပ်နေရင်း အလုပ်များနေပါတော့သည်။

ကြောက်လန့်တုန်လှုပ်နေရာမှ သတိပြန်ဝင်လာသော မအေးကြည်တစ်ယောက် ဦးပဥ္စင်းလေးကိုကြည့်လိုက်တော့ အေးဆေးတည်ငြိမ်စွာ တရားစာရွတ်ဆိုနေရာမှ တစ်ဖန် မျက်လုံးပွင့်လာပြီး သူမကိုကြည့်ပြီး ပြုံးပြလာပါသည်။ သဘော်ကြီး သောင်ပြင်ကိုဝင်ဆောင့်မိစဉ် အကိုင်အတွယ် တစ်စုံတစ်ရာကို ကိုင်မထားဘဲ တည်ငြိမ်စွာ ထိုင်တော်မူနေနိုင်သော ဦးပဥ္စင်းလေးကို သူမ အံ့သြမိပါသည်။

"ရုပ်ကို စိတ်က ထိန်းချုပ်တာလေ ဒကာမလေးရဲ့။ သာမန်ထက်ပိုတဲ့ ထိန်းချုပ်မှုမျိုးနဲ့ ထိန်းချုပ်နိုင်စွမ်းဆိုတာလည်း လောကမှာ ရှိနေပါသေးတယ်။ ဘုရားရှင်မပွင့်မီ ရှေးပဝေသဏီထဲက ဈာန်ရရသေ့ကြီးတွေဟာ မြေလျှိုးမိုးပျံနိုင်စွမ်းရှိတယ်ဆိုတာ ကြားဖူးတယ်မဟုတ်လား"

"ဦး . . . ဦးပဥ္စင်းက"

"ဦးပဥ္စင်းလည်း အင်းအိုင်၊ ခါးလှည့် လက်ဖွဲ့ပညာတွေ၊ အဂ္ဂိရတ်ပညာရပ်တွေကို လိုက်စားခဲ့တယ်။ သံသရာကနေ အပြီးမထွက်နိုင်သေးခင်မှာ လောကီဈာန်အဘိညာဉ်အချို့ အတွက် ကျင့်စဉ်နဲ့ ပညာရပ်တွေကို လိုက်စားခဲ့

www.burmeseclassic.com

www.burmeseclassic.com

တာလေ"

"တ-တပည့်တော်က သင်္ဘောကြီးမှောက်ပြီထင်နေတာ"

မအေးကြည်က သင်္ဘောကြီး မှောက်ရမယ့်ဘေးကို သောင်ပေါ်ထိုး တင်ပေးလိုက်ခြင်းဖြင့် ဦးဘိစိတ္တက ကယ်တင်လိုက်ခြင်းလားဟု ဆက်တွေး နေမိပါသည်။ နောက်ဆုံးတွင်တော့ မေး ...စိတ်ကို သူမထိန်းချုပ်ထားလိုက် ပါသည်။

"သူခံနိုင်တာထက်ပြင်းတဲ့ လေ ပြင်းတိုက်ရင်တော့ သင်္ဘောဆိုတာ တစ်ခုခုဖြစ်မှာပဲ ဒကာမလေး။ အဲဒီ အထဲမှာ အကောင်းဆုံးတစ်ခုခုကိုပဲ ဖြစ်စေချင်ပါတယ်လေ...။ လောကီ သဘောအရ အရာအရာက လုံးဝမဖြစ် စေဘဲ တားဆီးဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဖြစ်ပျက်နေရမှာက ဓမ္မတာပါ။ ဖြစ်နေ ဆဲဆိုတာရယ်၊ မပျက်နိုင်သေးဘူးဆို တာရယ် ဒီကာလစပ်ကြားမှာ ရှင်သန် နေရတာပါ။ နောက်ဆုံးတစ်နေ့မှာတော့ သင်္ခါရတရားကိုပဲ ဦးတည်နေကြတာပါ။ သေရာကနေ ပြန်ရှင်လာဖို့ဆိုတာ မဖြစ် နိုင်တဲ့ လောကီသဘောပါ။ ဒီတော့ အလေးအနက်ကွာခြားမှုဆိုတာ တကယ် အရေးပါပါတယ်။ အသက်အန္တရာယ် မထိခိုက်ဘဲ ခြေထောက်ကျိုးသွားတယ် ဆိုတာလောက်ပဲ ဖြစ်ရင်တော့ ပြန် ကောင်းလာနိုင်သေးတာပေါ့လေ"

ဦးပဍ္ဍင်းသည် သူမမေးခွန်းကို သွယ်ဝိုက်ပြီး ဝန်ခံနေသည်လား၊ သို့ မဟုတ် သူမကို လောကီသဘောတရား ရှင်းပြနေခြင်းလားဆိုသည်ကို မအေး ကြည်တစ်ယောက် မသဲကွဲတော့ပါ။ စောစောက သင်္ဘောမြုပ်မည်ကိုကြောက် ပြီး ထအော်ခဲ့မိသည့် သူမကိုသူမလည်း ပြန်ရှက်ရွံ့လာနေမိသလိုပင်။ လက်ရှိ အခြေအနေအရ စိုးရိမ်နေရဆဲ ဖြစ် သည့်တိုင် သူမ ကိုယ်သူမ ရယ်လည်း ရယ်ချင်နေမိသည်။

"တင်ပါ့ဘုရား။ တပည့်တော် အောက်ထပ်ဆင်းပြီး အခြေအနေ စနည်းနာလိုက်ပါဦးမယ်ဘုရား"

"ကောင်းပါပြီ ဒကာမလေးရယ်။ သေချာဂရုစိုက်သွားပါကွယ်"

အောက်ထပ်တွင်တော့ သင်္ဘော က ဦးပိုင်းနှင့် ဘယ်ဘက်တစ်ခြမ်းလုံး နီးပါး သောင်ခုံပေါ် ရောက်နေသည်။ လူအများကလည်း မိုးမပက်သော ထို ဘယ်ဘက်အခြမ်းတွင်သာ လာစုနေ ကြပါသည်။ မအေးကြည်က သိချင်စိတ် ကြောင့် အလုပ်များနေသော သင်္ဘော သားတစ်ဦးကို အားမနာနိုင်တော့ဘဲ ဝင်မေးကြည့်လိုက်မိသည်။ အရွယ် ငယ်ငယ်ချစ်စဖွယ်မိန်း ကလေးတစ်ဦး ကမေးလာတော့လည်း ထိုသူက ဂရု တစိုက် ဖြေကြားလာပါသည်။

"စိတ်မပူပါနဲ့ နမကြီးရယ်။ နောက် သုံးနာရီလောက်ဆို ရေတော် တော်တက်လာတော့မယ်။ အဲဒီကျရင် အစ်ကိုကြီးတို့ သင်္ဘောပန်ကာတွေ နောက်ပြန်ခုတ်ပြီး သင်္ဘောကြီးကို သောင်ပေါ်ကနေ ဆွဲချလိုက်ရင် အဆင် ပြေသွားမှာပါကွယ်၊ ဟုတ်ပြီလား"

သူ့စကားအရ လတ်တလော သူမတို့အန္တရာယ်အတွက်တော့ သိပ်ပြီး စိတ်ပူနေရန် မလိုသလိုပင်။ သို့ရာတွင် ရွာကျော့ချင်မှု ထေရ်ကြီးဦးပညာအတွက် တော့ သူမ စိတ်ပူပန်နေမိပါသည်။ သူမ အပေါ်ထပ်ပြန်တက်လာတော့ ဦးဘိစိတ္တ က မျက်လွှာချထားပြီး တစ်စုံတစ်ရာ ကို အလေးအနက် အာရုံပြုနေကြောင်း တွေ့လိုက်ရရာ...မအေးကြည်တစ် ယောက် စိုးရိမ်စိတ်များက ပိုပြီးဖိစီး လာနေမိသည်။

အချိန်သုံးနာရီခန့် သောင်တင် နေခဲ့သော မီးသင်္ဘောကြီး ဇေပုလ္လသည် မူလခရီးစဉ်ထက် များစွာနောက်ကျပြီး ညသန်းခေါင်ယံအချိန်လောက်တွင်မှ မြောင်းမြဆိပ်ကမ်းသို့ ဆိုက်ကပ်နိုင်ခဲ့ ပါသည်။ ဆိပ်ကမ်းအလုပ်သမားအချို့ နှင့် ဈေးသည်အတော်များများ ပြန်သွား ကြပြီဖြစ်ရာ ရန်ကုန်သို့ မဖြစ်မနေသွား ရမည့် ခရီးသည်အချို့သာ ရှိနေကြပြီး သင်္ဘောဆိပ်မှာ လူသူအတော်လေး ရှင်းနေပါသည်။

ညဦးကတည်းက သည်းထန်ခဲ့ သော မိုးကတော့ တဖျောက်ဖျောက် သာ ဆက်လက်ကျဆင်းနေပြီး လေ လည်း ပြန်လည်ငြိမ်သက်နေလေပြီ။ စိတ်ပူနေသော မအေးကြည်က ဆိုက် ကားတစ်စီးကိုငှားပြီး ကျောင်းသို့သာ တန်းသွားခဲ့ပါသည်။ ဦးဘိစိတ္တကတော့ မျက်နှာသိပ်မကောင်းလှပါ။ ဒါကိုတော့ ကျောင်းသို့ အမြန်ရောက်ချင်နေသော စိတ်စောနေသော မအေးကြည်က သတိမပြုမိဘဲ ခဏနေလျှင် ဖခင်ဘုန်း တော်ကြီး ဦးပညာနှင့် တွေ့ရမည့်အရေး ကိုသာ ဝမ်းသာနေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းရှိရာ သဲမြေကုန်းမြင့်လေးသို့ ဆိုက်ကားက တရွေ့ရွေ့ တက်လာပြီးနောက် ကျောင်းကို စမြင်လိုက်ရချိန်တွင်တော့ မအေးကြည်တစ်ယောက် ဘာကိုမှ နားမလည်တော့ပါ။ ကျောင်းကြီးပေါ်တွင် အောက်လင်းဓာတ်မီးများဖြင့် ဝင်းထိန်နေပြီး လူသူလည်း အတော်စည်ကားနေသောကြောင့်ပင်။ ဦးပဉ္စင်းလေးထံမှ သက်ပြင်းချသံ ယဲ့ယဲ့ကိုလည်း သူမ ကြားလိုက်ရသည်။ စိတ်ပူနေသော မအေးကြည်က ကျန်တာတွေကို ဂရုမပြုနိုင်အားတော့ဘဲ ဆိုက်ကားပေါ်မှဆင်းသည်နှင့် ကျောင်းကြီးပေါ်သို့ အပြေးတက်လာခဲ့မိပါသည်။

ကျောင်းကြီးပေါ်တွင်တော့ သူကြီးဦးဘဟန် ပယောဂကုဆရာကြီး ဦးဖိုးမှိန်နှင့်အတူ ရွာသားအချို့က လက်နှိပ်ဓာတ်မီးများကိုယ်စီဖြင့် စုရုံးပြီး စကားပြောနေကြကြောင်း သူမတွေ့လိုက်ရပါသည်။

"ဟော...သမီးမအေးကြည်လာလား။ သမီးရောက်လာတာ အခါနည်းနည်းတော့ နောင်းသွားခဲ့ပြီကွယ်"

"ရှင်...ဘာတွေဖြစ်နေကြတာလဲ အဘဦးဖိုးမှိန်ရယ်။ သမီးလန့်လိုက်တာရှင်"

"စောစောလေးကပဲ သမီးအဘဆရာတော်ဦးပညာ ပျံလွန်တော်မူသွားပြီ သမီးရယ်"

"ရှင်...မဖြစ်နိုင်တာဘဲ အဘမှိန်ရယ်။ ဟိုရက်ကပဲ အဘ ကျန်းကျန်းမာမာကြီးပါ။ ခြေထောက်မကောင်းတာ၊ မျက်စိမှုန်တာကလွဲလို့ အဘက ကျန်းမာပါတယ်ရှင်။ အဘရေ...အဘ၊ သမီးပြန်လာပြီလေ"

လူတွေက သူမကိုတစ်လှည့် ဦးပညာအခန်းကိုတစ်လှည့် ကြည့်နေကြလေရာ သူမက သတိပြုမိသွားပြီး ဖခင်သီတင်းသုံးရာအခန်းထဲသို့ ပြေးဝင်သွားခဲ့ပါသည်။ အနောက်မှ ကပ်ပါလာသော ဦးပဉ္စင်းလေးကလည်း သူမနောက်မှ အခန်းထဲသို့ လိုက်လျှောက်သွားနေစဉ် ဘုရားခန်းတွင် မီးနီမှိန်ကြီး တင်ပျဉ်ခွေချိတ်ထိုင်နေသော ဘုန်းကြီးတစ်ပါးကို လှမ်းတွေ့လိုက်ရပါသည်။ ထိုဘုန်းကြီးက သူ့ကို မသင်္ကာနေသော သံသယမျက်လုံးဖြင့် လှမ်းကြည့်နေပါသည်။ သူ့အာရုံမှ မြင်ဖူးနေသော သူယောင်ဘုန်းကြီး ဦးဇာဂရဖြစ်မှန်း ဦးဘိစိတ္တ သိနေသည်။ မသိမမြင်ချင်ယောင်ဆောင်ပြီးသာ မအေးကြည်နောက်မှ ကပ်လိုက်သွားခဲ့လိုက်ပါသည်။

မအေးကြည်ကတော့ လည်ပင်းလိမ်ပြီး တစ်ကိုယ်လုံး ကွေးကောက်ပျံလွန်တော်မူနေသော ဖခင်ဦးပညာသာမိကို ငေးကြည့်နေပြီးမှ ရင်အလုံးစုံ ကြေကွဲတော့မလောက် ခံစားနေရပါသည်။ သူမ ကြေကွဲပူဆွေးခြင်းများအပြင် မယုံကြည်နိုင်ခြင်းများဖြင့် ရင်အလုံးစုံကို ဆို့နင့်နေလေပြီ။

"အမလေးအဘရဲ့၊ သမီးပြန်လာပြီလေ။ သမီးကို ထကြည့်ပါဦးလား အဘရဲ့၊ အဘကို သမီးပြောပါတယ် အဘရယ်။ ဒီကျောင်းမှာ ကျောင်းလာမထိုင်ပါနဲ့လို့။ အခုတော့ အဘရယ်၊ အဟင့်ဟင့်..."

"စိတ်ထိန်းပါ သမီးရယ်။ စိတ်ကို ထိန်းပါကွယ်"

အခန်းဝမှ ဦးဖိုးမှိန်နှင့် သူကြီးတို့ လှမ်းဝင်လာကြပြီး သူမကို နှစ်သိမ့်ရန်ကြိုးစားနေရင်း ကျောင်းထိုင်ရန်တိုက်တွန်းခဲ့သော သူကြီးလည်း မျက်စိမျက်နှာ မကောင်းလှပါ။ ဦးပညာအလောင်းကလည်း ဘယ်လိုမှ မြင်ရက်စရာမရှိ။ မအေးကြည်ကတော့ ငိုယိုနေရင်း လဲကျသွားခဲ့ရာ နဘေးမှ ဦးပဉ္စင်းလေးက သူမကို အချိန်မီလေး ဆွဲယူပွေ့ဖက်ထား လိုက်ရပါသည်။ ဦးပဉ္စင်းလေးရင်ထဲရောက်သွားချိန်တွင်တော့ သူမက အသိတရား ကင်းလွတ်သွားခဲ့ပြီး သတိလစ်သွားခဲ့ရပါသည်။

❑

(၁၆)

မူလက ဘုန်းကြီးပျံပွဲပြီးသည်အထိသာ နေပေးရန် ကြံရွယ်ထားခဲ့သော ဦးပဉ္စင်းလေးဦးဘိစိတ္တက မအေးကြည်၊ သူကြီးနှင့် ဦးဖိုးမှိန်တို့ လျှောက်ထားတောင်းပန်မှုကြောင့် ခေတ္တဆက်လက် သီတင်းသုံးနေထိုင်နေခဲ့ပါသည်။ ကျောင်းကြီးတွင်တော့ သူယောင်ဘုန်းကြီး ဦးဇာဂရကို တစ်ချိန်လုံးလိုလို သူမြင်တွေ့နေရသော်လည်း တစ်ဦးနှင့်တစ်ဦး တိုက်ရိုက်ထိတွေ့ခြင်းမျိုး မရှိကြဘဲ အထူးသတိထားပြီး နေထိုင်နေကြရခြင်းပင်။

ထိုအခြေအနေမျိုးမှာ ကျီးဘုတ်ရှိသေ ဘုတ်ကျီးရှိသေ အခြေအနေမျိုးလည်း ဖြစ်နိုင်သလိုလို တိုက်ပွဲမဝင်မီ

www.burmeseclassic.com

www.burmeseclassic.com

အကဲခတ်အားမွေးနေခြင်းလည်း ဖြစ်နိုင်ပါသည်။ နှစ်ဖက်စလုံးက အထူးသတိထားနေရပြီး အပြန်အလှန်ယုံကြည်ရန်ခက်ခဲနေသော အခြေအနေမျိုးလည်းဖြစ်နေပါသည်။ တစ်ခုသော ညတစ်ညတွင် အခန်းအပြင်ဘက်မှ ဦးဇာဂရ၏ သိသိသာသာ လှုပ်ရှားမှုများကို အခန်းတွင်းမှ ဦးပဥ္စင်းလေး ကြားနေရပါသည်။

သူတားထားသော လုံခြုံရေးစည်းများကို ချိုးဖောက်ပြီး ဝင်ရောက်လာနိုင်ခဲ့ပါက သူ့အတွက် အခြေအနေသိပ်မကောင်းနိုင်ပါ။ မကြာခင်တွင်တော့ သူ့အခြေအနေသိရပေတော့မည်။ လိုအပ်သော အင်းအိုင်ခါးလှည့်၊ လက်ဖွဲ့များက အဆင်သင့်ရှိနေပါသည်။ ဦးဇာဂရကို တားနိုင်၊ မတားနိုင်ဆိုတာကိုတော့ ဦးပဥ္စင်းလေးက အာရုံခံစားနေဆဲပင်။ ယခုတော့ သူ့စိတ်ကို သက်သောင့်သက်သာစွာပင် အနားပေးထားလိုက်ပါတော့သည်။

"ကိုယ်တော်လေး မအိပ်သေးရင် ဘုရားခန်းထဲကို ခဏကြွပါဦး ဘုရား"

အခန်းအပြင်မှ ခေါက်တုံ့ခေါက်ပြန်လျှောက်နေသော ဦးဇာဂရထံမှ အသံက ညဥ့်သန်းခေါင်ယံ တိတ်ဆိတ်ခြင်းကို ထွင်းဖောက်ပြီး ဝင်ရောက်လာခဲ့ပါသည်။

"တင်ပါ့ဘုရား၊ တပည့်တော် လာခဲ့ပါ့မယ်"

အချိန်က သန်းခေါင်ယံအချိန်ဖြစ်သည်သာမက ကျောင်းရှိကိုရင်နှစ်ပါးနှင့် ကျောင်းသားလေးတစ်ယောက်ကလည်း အခြားကျောင်းများသို့ ပြောင်းရွှေ့ချထားလိုက်ပြီမို့ ဦးဘိစိတ္တတစ်ပါးတည်းသာ ရှိနေပါသည်။ သူတစ်ခုခုဖြစ်ခဲ့လျှင်တော့ အရင်လိုပင် ပြတင်းပေါက်မှ ခုန်ချပြီး သွားအကြောင်းကြားပေးမည့်သူပင် ကင်းမဲ့နေသော အခြေအနေနှင့် အချိန်အခါ။

ဦးဘိစိတ္တ ဘုရားခန်းထဲရောက်သွားတော့ ဦးဇာဂရက သူ့ကို အသင့်စောင့်နေပါသည်။ သူ့အမူအရာကလည်း အေးအေးဆေးဆေးရှိနေသလို မျက်နှာသွင်ပြင်ကလည်း ပြုံးပြုံးရွှင်ရွှင်ရှိနေသည်မို့ တိုက်ပွဲတစ်ခုစတင်လာမည်ဟု ထင်စရာမရှိသော အချိန်ပင်။ ဦးပဥ္စင်းလေးက ဘုရားဝတ်ပြုလိုက်ပြီးနောက် သူ့ထက် ဝါကြီးသော ဦးဇာဂရကိုလည်း ဝတ်ပြု အရိုအသေပေးလိုက်ပါသည်။

"အိမ်း . . . ရပါတယ် ကိုယ်တော်လေးရယ်။ လွတ်လွတ်လပ်လပ်နေပါ။ ကျုပ်က တယ်ကိန်းကြီးခန်းကြီး မနိုင်ပါဘူးကွယ်။ တစ်ခုတော့ရှိတယ်။ အရင်ကိုယ်တော်တုန်းကတော့ ကျုပ်ဆီ ခွင့်မတောင်းဘဲ ကျုပ်ကျောင်းမှာ ကျောင်းထိုင်လာလုပ်တော့ ကျုပ်လည်း စိတ်ဆိုးပြီးလုပ်လိုက်မိတာ ကွေးကောက်တောင်သွားပါရောလား . . . ဟားဟား"

"တင်ပါ့ဘုရား။ တပည့်တော်လည်း ပြန်ကြွမှာပါ။ ဒီမှာ အမြဲကျောင်းထိုင်ဖို့ မရည်ရွယ်ပါဘူးဘုရား"

"ထိုင်ပါ ကိုယ်တော်လေးရဲ့။ ကျုပ်နဲ့ ကိုယ်တော်လေးနဲ့က လိုင်းတူတယ်လေ။ မနေ့ကတောင် ကိုယ်တော်လေး အဂ္ဂိရတ်ထိုးနေတာ ကျုပ်ထိုင်ကြည့်နေမိသေးတယ်။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို လူစုံတော့ ပညာပိုစုံတာပေါ့ဗျာ။ အပြန်အလှန် ပညာဖလှယ်ရင်း ပေါက်မြောက်သည်အထိ ရှေ့ဆက်တူတူသွားကြတာပေါ့လေ"

"တင်ပါ့ အရှင်ဘုရားရဲ့ တတ်ဟာ ပြီးပြည့်စုံလုနီးပါး ဖြစ်နေပြီလို့ တပည့်တော် ထင်ပါတယ်။ အခုလို မမျှော်လင့်ဘဲ အရှင်ဘုရားက . . ."

"ဟုတ်တယ်။ ကျုပ်လည်း ကျုပ်ခန္ဓာကြီးရဲ့ တည်မြဲမှုအခြေအနေကို သိပ်အရေးစိုက်မနေဘဲ ပေါ့ဆပြီး သတိမထားလိုက်တာ။ ဓာတ်ကလည်း ပေါက်ခါနီးရောက်ခါနီးကြီးမှာ အခုလို ဖြစ်သွားခဲ့ရတယ်လေ"

"ဒီသခါရတရားကိုတော့ မငြင်းဆန်နိုင်ကြတာဆိုတော့လည်းလေ . . . တပည့်တော်လည်း တစ်နေ့ ဘုန်းကြီးတို့ နောက်ကို လိုက်လာရမှာပါဘုရား"

"အင်း . . . ကိုယ်တော်လေးလည်း ဒီလောက်ဝါနဲ့ ဒီလို အဆင့်ကိုတောင် ရောက်နေတာပါပဲလေ။ ကျုပ်လိုမျိုး မဖြစ်နိုင်ပါဘူး။ အင်း . . . ကျုပ် တစ်ခုတော့ ပြန်တောင်းပန်ရဦးမယ်၊ ကိုယ်တော်လေးသဘော်ပေါ်ကနေ ကျုပ်ကို လှမ်းတောင်းပန်တော့ ကျုပ်အထင်လွဲခဲ့မိတယ်။ ဦးမြမောင် ကျုပ်ကို မထီမဲ့မြင်ပြုပြီး ကျုပ်ကျောင်းမှာ ကျောင်းလာထိုင်ရုံမကဘဲ ကိုယ်တော်လေးနဲ့ပေါင်းပြီး ကျုပ်ကို ဖယ်ရှားဖို့ ကြံစည်နေတယ်လို့ ကျုပ်ထင်နေမိတာကို တောင်းပန်ပါတယ် ကိုယ်တော်လေးရယ်"

www.burmeseclassic.com

"ရပါတယ် ဘုရား။ ဖြစ်ပြီးတာတွေအတွက် တပည့်တော် သင်ပုန်းချေထားခဲ့ပါပြီ"

"လေးစားစရာ သဘောထားပါ ကိုယ်တော်လေး။ အခုတော့ ကျုပ် အမြင်သစ်တစ်ခု ရလာပါပြီ။ ကိုယ်တော်လေးနဲ့ ကျုပ်နဲ့ ပေါင်းပြီး အဂ္ဂိရတ်ပညာကို ရှေ့ဆက်အတူလုပ်ကြမယ်။ လိုနေတဲ့ တစ်ဆင့်ကိုဖြတ်ပြီး ဝိဇ္ဇာနယ်ပယ်ကို အတူတကွ ခရီးနှင်ကြမယ်။ ဘယ့်နှယ်ရှိစ . . . ကိုယ်တော်လေး၊ မကောင်းပေဘူးလား"

"တင်ပါ့ဘုရား ကောင်းလှပါတယ်"

"ကဲ . . . ဒါဖြင့်လည်း အချိန်ရှိခိုက် လုံ့လစိုက်လို့ ကျုပ်ရဲ့ အဂ္ဂိရတ်တဲနန်းကို ကြွကြစို့ ကိုယ်တော်လေး"

ဦးဘိစိတ္တက တက်ကြွရွှင်မြူးနေသော ဦးဇာဂရနောက်မှ လိုက်လာခဲ့မိပါတော့သည်။ ဆရာတော်ဦးဇာဂရ၏ အခြေအနေအတွက် သူ စိတ်မကောင်းဖြစ်မိသလို မည်သို့ ကူညီပေးရမည်မှန်းပင် မတွေးတတ်နိုင်အောင်ပင်။

❑

(၁၇)

ထိုသို့ဖြင့် ဦးပဥ္ဇင်းက ကျောင်းတွင် ခေတ္တသီတင်းသုံးနေထိုင်ဖြစ်ခဲ့ပါသည်။ ဦးပဥ္ဇင်းလေး ဘိစိတ္တထံသို့ မအေးကြည်တစ်ယောက် နေ့တိုင်း ဆွမ်းချိုင့်လာပို့ခြင်းကတော့ မပျက်မကွက်ပင်။ ယနေ့မနက်လည်း မအေးကြည်က ကျောင်းသို့ အချိန်မှန် ဆွမ်းချိုင့်ဆွဲပြီး ရောက်လာခဲ့ပြန်ပါသည်။ ပြုံးပြုံးနှုတ်ဆက်နေသော ဦးပဥ္ဇင်းလေးကိုကြည့်ပြီး မအေးကြည်တစ်ယောက် အမောအပန်းများပင် ပြေသွားခဲ့ရသလို ကြည်နူးစိတ် ပီတိကလေးကလည်း ပေါက်ဖွားနေမိပါသည်။

"လာလေ . . . ဒကာမလေး။ နေ့တိုင်းကြီး လာမပို့ပါနဲ့လား ပင်ပန်းလှပါတယ်ကွယ်။ အခုက ဦးပဥ္ဇင်းဆီကို သူကြီးနဲ့ ဦးဖိုးမိုန်တို့တင်မကဘဲ မြို့ထဲက သူဌေးတွေဆီကလည်း ဆွမ်းချိုင့်တွေ လာပို့နေကြတော့ ဦးပဥ္ဇင်းမှာ တစ်ပါးတည်း ဘယ်လိုမှတောင် ကုန်အောင် ဘုဉ်းမပေးနိုင်တော့ဘူး။ ကျီးတွေ၊ ခွေးတွေကို အစာကျွေးပြီး ပြန်ဒါနတောင် ပြုနေရတယ် ဒကာမလေး အသိပဲလေ"

"သူဌေးတွေဖြစ်ဖြစ်၊ ဘယ်သူတွေပဲလာပြီး ဆွမ်းချိုင့်ပို့ပါစေ ဦးပဥ္ဇင်းရယ်။ တပည့်တော်ရဲ့ ဆွမ်းကလေးကိုလည်း ဦးပဥ္ဇင်း ဘုဉ်းပေးတာလေးတော့ လိုချင်လို့ပါဘုရား။ အမြဲလာပို့ပါရစေ ဦးပဥ္ဇင်းရယ်။ တပည့်တော်ကို ခွင့်ပြုပါ"

"ဟုတ်ပါပြီလေ။ အလှူဆိုတာကတော့ တားဆီးပိတ်ပင်စရာတော့ မဟုတ်ပါဘူး။ သို့ပေသော်လည်း စိတ်ထဲမှာ အမြဲ လုပ်ကိုလုပ်ရမယ်လို့တော့ ဝန်တုပ်ဝန်ပိုးကြီးအနေနဲ့တော့ မထားပါနဲ့ကွယ်။ ဦးပဥ္ဇင်းမှာ ဆွမ်းကွမ်းအဆင်ပြေတယ်လေ၊ ဟုတ်ပြီလား"

"တင်ပါ့ဘုရား တပည့်တော် ဆွမ်းဟင်းတွေက . . ."

"အရမ်းဘုဉ်းပေးလို့ မြိန်ပါတယ်။ ရသတဏှာ မဖြစ်လာအောင်တောင် ထိန်းနေတယ်လေ ဒကာမလေးရဲ့။ ဦးပဥ္ဇင်း ဒီလိုပဲ ညွှန်းလိုက်ချင်ပါတော့တယ်"

မအေးကြည်က ဦးပဥ္ဇင်းလေးမျက်နှာကို မော့ဖူးလိုက်ရင်း ဦးပဥ္ဇင်းလေး စကားသံနှင့်အတူ ပီတိဝေဖြာနေမိပါသည်။ ယခုတော့ သူမဘဝတွင် ဦးပဥ္ဇင်းလေးက မရှိမဖြစ် ကိုးကွယ်ရာနှင့် အရာရာဟုပင် ဆိုရတော့မလိုပင်။ ဖခင်ကြီးဦးပညာကိုယ်စားနှင့် အစ်ကိုတစ်ယောက်ရထားသည်ဟုလည်း ဆိုနိုင်သလို တိုးထက်ပိုလာနေမိသော သဒ္ဒါတရားကိုလည်း သူမ တိတ်တခိုးတွေးတွေးနေမိပြန်သည်။

ဦးပဥ္ဇင်းလေး ဘိစိတ္တကိုယ်တိုင်သည်လည်း ထိုသို့သော နေ့ရက်များကို သာယာလာမိနေခြင်းအတွက် စိတ်ထဲတွင် မလုံမလဲ ဖြစ်လာနေမိသည်။ သူကြိုးစားဖုံးကွယ်ထားသော စည်းတစ်ဖက်သည်သာ ကျိုးပေါက်သွားခဲ့ပါလျှင် အမှန်တော့ သူသည် အရိယာသံဃာမဖြစ်သေးပါ။ သူလိုက်စားနေသည့် ဝိဇ္ဇာမိုရ်လိုင်းများမှာလည်း နောင်ပွင့်လတ္တံ့သော ဘုရားရှင်မေတ္တေယျထံတွင် ဖူးမြော်တရားနာယူပြီးမှ နိဗ္ဗာန်သို့ ရည်ရွယ်ပြီး ကျွတ်တန်းဝင်ရန် ရည်စူးသည့် အကျင့်အကြံပညာရပ်မျိုးသာ ဖြစ်သည်။ ကိလေသာတဏှာရာဂစသော လောကီစိတ်သဘောတို့ကို အပြီးသတ် ကုန်စင်အောင် ပယ်ရှားနိုင်သေးခြင်း မရှိသေးပါ။

ယခုလည်း မအေးကြည် ဆွမ်း

www.burmeseclassic.com

www.burmeseclassic.com

ချိုင့်လာပို့ပေးကြသော အိမ်အသီးသီးမှ ဆွမ်းများကို ပန်းကန်ခွက်ယောက်များတွင် ထည့်ပြီး သူ့အတွက် ဆွမ်းပွဲပြင်နေရပါသည်။ ဦးဘိစိတ္တက ရင်ထဲတွင်ရှိနေသာ ကြည်နူးစိတ်ကလေးကို ကြိုးစားပယ်ဖျောက်ရင်း သက်ပြင်းလေးသဲ့သဲ့ကို မသိမသာချလိုက်မိပါတော့သည်။

"ဦးပဥ္စင်းကို တပည့်တော် တစ်ခုမေးချင်မိတယ်"

"မေးပါ ဒကာမလေးရယ်"

"ဟိုလေ . . . တပည့်တော်နဲ့ ဦးပဥ္စင်းတို့ ရွှေမုဋ္ဌောဘုရားမှာ ဆုံတာရယ်၊ သဘော်မှာ တစ်ဖန်ပြန်ဆုံကြတာတွေရယ်က မတော်တဆပဲလား၊ ရေစက်ကြောင့်လားဆိုတာ တပည့်တော် သိချင်နေမိတာ"

"ကံပြုသမျှတိုင်းဟာ တိုက်ဆိုင်မှုမဟုတ်ရင်တောင် တိုက်ဆိုင်မှုတိုင်းဟာတော့ ကံကြမ္မာရဲ့ တစ်ဖန်ပြန်ပေါ်လာစေတဲ့ အတိတ်အကြောင်းတရားပစ္စာန်းဆက်တစ်ခုလို့ ဦးပဥ္စင်း ထင်နေပါတယ် ဒကာမလေးရယ်"

ဦးပဥ္စင်းလေး၏ စကားအဆုံးတွင်တော့ မအေးကြည်က အတိတ်အကျိုးတရားလေးတွေကို ရည်မှန်းပြီး ဝမ်းသာပီတိဖုံးနေသော စိတ်ကလေးနှင့် တွေးကြည့်နေမိလျက် ရှိနေပြန်ပါသည်။

❑

(၁၈)

သူကြီးဦးဘဟန်၏ နေအိမ်တွင် ညနေချမ်း စကားဝိုင်းလေးအဖြစ် ဦးဖိုးမှိန်နှင့် သူကြီးတို့ စကားပြောနေစဉ်မှာပင် ဦးပဥ္စင်းလေးဘိစိတ္တက ရုတ်တရက်ကြွရောက်လာခဲ့ပါသည်။ ယခုအချိန်မကြွစဖူး ကြွလာသော ဦးပဥ္စင်းလေးကို သူတို့နှစ်ဦးသား တအံ့တသြ ကြည့်နေပြီးမှ ဘုရားစင်ရှေ့တွင် နေရာထိုင်ခင်းပေးပြီး ဝတ်ဖြည့်လိုက်ကြပါသည်။

"ရေနွေးနဲ့ ကွမ်းယာ ဘုန်းပေးပါဘုရား။ ညနေခင်း အလည်မကြွစဖူး ဆိုတော့ တပည့်တော်တို့ အံ့ဩောင်သြနေမိတယ်"

"ဟုတ်ပါတယ် ဒကာကြီးတို့။ အခုပဲ ဦးပဥ္စင်း ရန်ကုန်ကို ပြန်ကြွတော့မလို့ပါ"

"ဟို...ဟို...တပည့်တော်တို့က ဦးပဥ္စင်းကို ဒီမှာပဲ သီတင်းသုံးကျောင်းထိုင်စေချင်တာပါဘုရား။ ဒါပေမဲ့ ဦးပဥ္စင်းလို ပညာနဲ့တော့ ဒီနေရာက သိပ်မထိုက်တန်လှတာတော့လည်း သိပါတယ်ဘုရား"

"နေရာဒေသကတော့ အရေးမကြီးပါဘူး ဒကာကြီးတို့။ ခက်တာက ကျောင်းမှာက ဦးဇာဂရနဲ့ကျုပ်က အခုဆိုရင် အဂ္ဂိရတ်ထိုးဖော်ထိုးဖက်တွေလည်း ဖြစ်နေကြတယ်။ အခုထိတော့ ဦးပဥ္စင်းကို သူ့ရဲ့လုပ်ဖော်ကိုင်ဖက်အဖြစ်သဘောထားပြီး ကြည်ဖြူနေပါတယ်။ ဒါကို ဒကာကြီးဦးဖိုးမှိန်ကိုယ်တိုင်လည်း ကြုံဖူးနေတော့ ဦးပဥ္စင်း အထူးပြောပြနေဖို့ မလိုဘူးထင်ပါတယ်။ ခက်တာက သူနဲ့ ဦးပဥ္စင်းက ဘဝချင်းက ခြားနေတော့လည်း သူ့စိတ်ကို အမြဲယုံကြည်နေဖို့က မဖြစ်နိုင်ပြန်ဘူး။ သူ့ရဲ့ နာမ်ဝိညာဉ်ဟာ အမြဲ သာယာနေလိမ့်မယ်လို့တော့ အပြတ်ပြောလို့ မရပြန်ဘူး"

"ဒီတော့ အရှင်ဘုရား ဘယ်လိုများ အကြံပေး မိန့်ကြားချင်ပါသလဲဘုရား"

"အခြား ဘယ်ရဟန်းပုဂ္ဂိုလ်မျိုးကိုမှ ပင့်ဖိတ်ပြီး ကျောင်းမထိုင်စေချင်ပါဘူး။ ကျောင်းကိုလည်း . . . အသစ်မဆောက်ဘဲ ထားပါ။ ပြန်လည်းမပြုပြင်ပါနဲ့။ ကျောင်းဝင်းထဲကိုလည်း ဘယ်သူမှမသွားဘာ စည်းတစ်ခုလို ထားပေးပါ။ ရွာကျောင်းအတွက်ကိုတော့ အခြားတစ်နေရာမှာပဲ သီးသန့်ဆောက်လုပ်ပြီး သံဃာတော်တွေကို သီတင်းသုံးဖို့ ပင့်ဖိတ်ကြပါလို့ပဲ ဦးပဥ္စင်းမှာခဲ့ပါရစေ ဒကာကြီးတို့။ အခုတော့ ဦးပဥ္စင်း ရန်ကုန်ကို ကြွလိုက်ဦးမယ်။ အစထဲက ဦးပဥ္စင်းက အမြဲလိုလို ခရီးသည်ရဟန်းတစ်ပါးပါလေ။ ဟောဒီစာကလေး တစ်စောင်ကို ဒကာမလေး မအေးကြည်အတွက် ရေးထားပါတယ်။ မအေးကြည်လက်ထဲကို အရောက်ပေးပေးပါ။ ဆွမ်းကွမ်းလှူဒါန်းခဲ့တာတွေအတွက်လည်း ဒကာကြီးတို့ကို သာဓုခေါ်ပါတယ်"

"တင်ပါ့ဘုရား။ တပည့်တော်တို့ မှတ်သားလိုက်နာပါ့မယ်"

ယခုအခြေအနေတွင်တော့ ဦးဘဟန်တစ်ယောက် နောက်ထပ်ခေါင်းမမာဝံ့တော့ပြီလည်း ဖြစ်ပါသည်၊

❑

(၁၉)

နောက်တစ်နေ့ မနက်စောစော ဦးဖိုးမှိန်တစ်ယောက် မအေးကြည်တဲ

www.burmeseclassic.com

www.burmeseclassic.com

ရောက်လာခဲ့ပြီး ဦးပဥ္စင်းလေး ညက ပြန်ကြွသွားပြီဖြစ်ကြောင်း ပြောပြလိုက်တော့ မအေးကြည်တစ်ယောက် ဘယ်လိုမှ မယုံနိုင်ခဲ့ပါ။ ဟင်းအိုးမွှေနေသော သံယောက်မသည်ပင်လျှင် လွတ်ကျသွားခဲ့ရသည်အထိပင်။ သူမချက်ပြုတ်နေသောဟင်းကလေးကလည်း ဦးပဥ္စင်းလေးအတွက် ရည်ရွယ်ပြီး ချက်ပြုတ်နေသော ဆွမ်းဟင်းကလေးတစ်မယ်ပင်ဖြစ်သည်။

"ပြန်းစားကြီးပါလား အဘမိုန်ရယ်။ သမီးကိုတောင် အသိပေးမသွားဘူး"

"အင်း...ဘယ်လိုပြောရမလဲ သမီးရယ်။ ဦးပဥ္စင်းလေးက သမီးကြောင့်သာ ဒီကျောင်းကြီးမှာ နေနေတာလေ။ အခုလို ခွဲခွာဖို့ကျတော့ နှုတ်ဆက်ရမှာ မဝံ့ရှာတာဘဲ ဖြစ်မှာပါကွယ်"

"ဟုတ်...ဟုတ်မှာပါ အဘမိုန်ရယ်။ သမီး နားလည်ပါတယ်ရှင်"

"ကဲ..အဘသွားပြီ သမီးရေ"

မအေးကြည်က ဖခင်ကြီး ပျံလွန်သည့်နေ့တွင် အစားရလာသော အစ်ကိုရဟန်းတစ်ပါးဖြစ်သော ဦးပဥ္စင်းလေးကို ရည်မှန်းသတိရလာပြီး မျက်ရည်များပင် ဝဲလာနေပါသည်။ ယခုတော့ သူမက အဘမိုန်ပေးသွားခဲ့သော ဦးပဥ္စင်းလေးထံမှ စာကို ဖွင့်ပြီးဖောက်ဖတ်ရန် ပြင်နေပါသည်။ သူမလက်များကတော့ တဆတ်ဆတ် တုန်ခါနေခဲ့လေပြီ။

သို့...နှမငယ်...

ကျန်းမာချမ်းသာပြီး အစစအရာရာ ဘေးအန္တရာယ်ကင်းပါစေလို့ နှမလေး မအေးကြည်ကို ဦးပဥ္စင်းမေတ္တာပို့သလိုက်ပါတယ်။ စာရေးချိန်မှာ နှမလေးက ဝမ်းနည်းနေလိမ့်မယ်လို့ ဦးပဥ္စင်းသိနေပါတယ်။ ဒါပေမဲ့ ဒါဟာ လောကီဘဝတွေရဲ့ အကြောင်းတရားတွေထဲက တစ်ခုပါကွယ်။ တွေ့ခုံလာသမျှတွေဟာလည်း မမြဲတဲ့ သင်္ခါရလောကကြီးရဲ့ ဓမ္မတာတရား တစ်ခုပါကွယ်။

ဒီနေ့ ဆုံတွေ့ခဲ့သမျှဟာ မနေ့ဆိုတဲ့အတိတ်ရဲ့ အကျိုးဆက်လို့သာ ဆိုပါရင်တော့ မနက်ဖြန်ဆိုတာမှာလည်း ဒီနေ့ရဲ့ အကြောင်းတရားဟာ ပတ်သက်ဆက်နွယ်နေဦးမယ်ထင်ပါတယ်။ ဒီတော့ ကံကြမ္မာရဲ့ အကျိုးဆက်ဆိုတာကို အံ့သြနေဖို့မရှိပါဘူး နှမရယ်။

ရှေးရှေး အတိတ်ခရီးပဲဆိုဆို၊ ပစ္စုပ္ပန်ခရီးပဲဖြစ်ဖြစ် ဝေးကွာခြင်း၊ နီးစပ်ခြင်းတွေရဲ့ အနာဂတ်တစ်နေ့ဆိုတာမှာ ပြန်ဆုံတွေ့နိုင်ဖို့ကတော့ စိတ်ဆန္ဒကို အခြေခံတဲ့ ရေစက်နဲ့...ဒီရေစက်အကြောင်းတရားဆုံတဲ့နေ့ကိုပဲ ရည်ညွှန်းလိုက်ချင်ပါတော့တယ် နှမရယ်။

"ရွာအဝင်"

လှည်းလမ်းကြောင်းအလွန်
နွံအိုင်ကိုကကျော်ပြီးအခါ
ရွာကိုတွေ့ပါအံ့
ဒါကိုမေ့ပြီးလာတဲ့
သံသရာနွံထဲမှာ
မင်းလက်ကိုဆွဲကာ
ပါလာပေမဲ့ (ခင်ရယ်)
တကယ်ဆို
ငါဟာတစ်ယောက်တည်း။
ဝဲလမ်းကြောင်းကျော်
လေထန်ကိုဆန်ပြီးလျှင်
အပူအပင်ကိုမဲ့ပါတဲ့
မင်္ဂလာအငွေ့သောင်ကမ်းဝင်
နာမ်ရုပ်တွင် အဆုံးသတ်
ကိလေသာတံခါးဖျက်လို့
အခြားတစ်ဖက်မှာတော့
ပါလာတာမရှိလည်း(ခင်ရယ်)
တကယ်ပါ ရွာအဝင်ဆိုသတဲ့
အတူဆုံခဲ့ဖူးသမျှသော
ဒါန၊ သီလ၊ ဘာဝနာတို့ကို
အကြောင်းပြု၍
ကံကြမ္မာတနေ့က...။

အစ်ကိုရဟန်း ဘိစိတ္တ

"ဟုတ်ပါတယ် နှမရဲ့အစ်ကိုတော် ဦးပဥ္စင်းရယ်။ ကံကြမ္မာမကုန်သေးတာမို့ နှမတို့ ပြန်ဆုံတွေ့နိုင်ကြမှာပါ။ အဲဒီ တစ်နေ့ကိုပဲ သံသရာရက်ထဲမှာ နှမမျှော်ရှာရင်း စောင့်နေမှာပါရှင်"

သတိရခြင်းများစွာဖြင့် ရင်နှင့်အမျှ ခံစားနေရခြင်းကြောင့် ဖြစ်ပေါ်လာနေသော မျက်ရည်ဝဲနေခြင်းများက စာကိုကြည့်နေသော အမြင်အာရုံတို့ကို ဝေဝါးသွားစေခဲ့ပါသည်။ သို့ရာတွင် သူမရင်အတွင်းမှ ဖြစ်ပေါ်နေသော စိတ်၏ဆန္ဒကိုတော့ မည်သို့မျှ ဝေဝါးသွားစေလိမ့်မည် မဟုတ်ပါ။

နေထွဋ်နောင်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ထာဝရအိမ်ဖော်

■ ပီတာမြဦး

ကျွန်ုပ်သည် အကျဉ်းထောင် တာဝန်ခံအရာရှိ(ထောင်ပိုင်)တို့ မလွဲမသွေ ဆောင်ရွက်ရမည့် အကျဉ်းသားလူသစ်ကြည့်ရန် ထောင်ကျရုံးခန်းသို့ လျှောက်ဝင်လာခဲ့သည်။ ရုံးခန်းစားပွဲပေါ်တွင် အကျဉ်းသားလူသစ်များ၏ ကိုယ်ရေးရာဇဝင်ကို ရေးသွင်းထားသော ထောင်ပုံစံ(၃၂) ခေါ် အကျဉ်းသား မှတ်ပုံတင်စာအုပ်တို့က အသင့်စောင့်ကြိုနေသည်။

ကျွန်ုပ်က ထောင်ကျရုံးထောင်မှူးက ဦးဆောင်မေး၍ အကျဉ်းသားတစ်ဦးချင်း၏ ဖြေဆိုချက်များ စာအုပ်ကြီးနှင့် ကိုက်၊ မကိုက် စစ်ဆေးနေရင်း တစ်ဖက်ကလည်း အကျဉ်းသား၏ ဥပဓိရုပ်လက္ခဏာ… အကဲခတ်ကာ လူကောင်း၊ လူဆိုး လေ့လာ…စနေရသည်။

လူသစ်အရေအတွက်မှာ ယခင်အပတ်ကထက် အနည်းငယ် လျော့နည်းနေသော်လည်း အကျဉ်းသားတို့၏ ကိုယ်ရေးရာဇဝင် အမှုဖြစ်စဉ်တို့မှာ တစ်ခါလာ မည်းပြာပုဆိုး ဆိုသလို ခိုးဆိုးနှိုက်၊ လုယက်၊ လူသတ်၊ မုဒိမ်း စသည်ဖြင့် အပ်ကြောင်းထပ်နေသော ဓာတ်ပြားဟောင်းကြီးသဖွယ် ရိုးအီ၍ပင် နေပါလေသည်။

တာဝ… …မြန်း နေရသော်… …စ်စဉ်များကို နားရှိ၍သာ ကြားနေရသော်လည်း ထောင်လုပ်သက် ရင့်လာသည်နှင့်အမျှ ကြာလေ စိတ်ဝင်စားမှု လျော့နည်းလာသလို ခံစားရကာ ပျင်းစရာပင် ကောင်းလှပါသေးတော့။

သို့တစေ တစ်ခါတစ်ရံ၌ မမျှော်လင့် မထင်မှတ်ထားသော အမှုဖြစ်စဉ်တချို့ကို ရုတ်တရက် ကြားလိုက်ရသောအခါ မှင်တက်မိသလို တအံ့တသြဖြစ်ခဲ့ရသော အမှုဆန်းများလည်း ကြားရတတ်ပါသေးသည်။ ထိုအထဲတွင် အကျဉ်းသားကျော်ဝေယျာလင်း၏ အမှုမှာ အထူးပင် အံ့အားသင့်စေခဲ့လေသည်။

"ထောင်နံပါတ်"

"၇၇၇၈-စီ"

"နာမည်"

"ကျော်ဝေယျာလင်း"

"အဖေနာမည်"

"ဦးကျော်မောင်"

"အသက်"

"၂၆ နှစ်"

"လူမျိုး"

"ဗမာ"

"ဘာသာ"

"ဗုဒ္ဓဘာသာ"

"အိမ်ထောင်ရှိလား"

"မရှိ"

"အလုပ်အကိုင်"

"အိမ်ဖော်"

ကျွန်ုပ်က ရှေ့ကဦးဆောင်မေးနေသော ထောင်မှူးအား လက်မြှောက်ပြလိုက်ကာ -

"ဘယ်လိုကွယ့်…ပြန်ဖြေပါဦး။ အလုပ်အကိုင်က ဘာတဲ့လဲ"

ကျွန်ုပ်က ကျော်ဝေယျာလင်း ဆိုသူအား မေးလိုက်သည်။

"အိမ်ဖော်ပါခင်ဗျား"

"ဟေ…"

ထောင်ပုံစံ(၃၂)စာအုပ်၏ အလုပ်အကိုင်စာတိုင်တွင် အိမ်ဖော်ဟု ရေးထားသည်ကို မြင်ရပါလျက် အကျဉ်းသား၏ နှုတ်မှ ဖြေလိုက်ချိန်တွင်လည်း ကျွန်ုပ် အံ့အားသင့်နေမိသေးသည်။

"နေပါဦးကွယ့်။ အိမ်ဖော်ဆိုတာ ထမင်းဟင်းချက်၊ အိုးတိုက်ပန်းကန်ဆေး၊ အဝတ်လျှော်၊ ရေခပ် စတဲ့ အောက်ခြေသိမ်းရတဲ့ အိမ်မှုကိစ္စတွေ လုပ်ရတာမျိုး မဟုတ်လား"

"မှန်ပါတယ်ခင်ဗျား"

"ပြီးတော့ ဒါက အားနွဲ့တဲ့ မိန်းမသားတွေပဲ အိမ်မှာနေရင်း ပေါ့ပေါ့ပါးပါး လုပ်ရတဲ့ အလုပ်မဟုတ်လားကွယ့်"

"ဟုတ်ပါတယ်"

"ခုတော့ မောင်ရင်က ပညာအရည်အချင်းကြည့်တော့လည်း ဆယ်တန်းအောင်၊ အသက်ကလည်း ၂၆ နှစ်၊ လူကလည်း ကျန်းမာသန်စွမ်းနေပါ

www.burmeseclassic.com

www.burmeseclassic.com

လျက်နဲ့ ဒီလို မိန်းမသားတွေနဲ့ပဲ သင့်တော်တဲ့ အလုပ်ကို ယောကျ်ားတန်မဲ့ ဘာလို့လုပ်ရတာလဲကွယ့်"

ကျွန်ုပ်၏ အပြစ်တင်လေသံပါသယောင်ရှိသော မေးခွန်းကြောင့် ကျော်ဇေယျာလင်းက ရုတ်တရက် ပြန်မဖြေနိုင်သေးဘဲ သက်ပြင်းတစ်ချက် ရှိုက်ထုတ်လိုက်သည်ကို တွေ့ရ၏။ ပြီးမှ မျက်တောင်တဖျတ်ဖျတ်ခတ်ကာ ရီဝေသော မျက်လုံးများဖြင့် -

"ဟုတ်ကဲ့၊ အမှန်တော့ ကျွန်တော် အိမ်ဖော်ဖြစ်လာတာက အမေ့ကြောင့် ဆိုရမှာပါခင်ဗျား"

"ဟော..."

ကျွန်ုပ် ဒုတိယမွှ အံ့ဩသွားမိသည်။

"နေပါဦး၊ မင်းအိမ်ဖော်လုပ်တာနဲ့ မင်းအမေနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ"

"ဒါက ဒီလိုပါခင်ဗျား။ ကျွန်တော့် မူလအလုပ်အကိုင်က ယောကျ်ားသူနာပြု(Male Nurse) ဖြစ်ပါတယ်။ ကျန်းမာရေးလက်ထောက် လက်မှတ်ရပြီးသားပါ။ နယ်ဘက် ပြည်သူ့ဆေးရုံတွေမှာ ဆယ့်ငါးနှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီးမှ အငြိမ်းစားယူပြီး အပြင်ပုဂ္ဂလိကဆေးရုံတွေမှာ ဆက်လုပ်နေခဲ့တာပါ"

"အင်း..."

"ကျွန်တော် ကိုးနှစ်သားအရွယ်မှာ အဖေဆုံးပါတယ်။ အမေက ပညာမတတ်တော့ အိမ်တကာလှည့် အဝတ်လျှော်ပြီး ကျွန်တော့်ကို ကျောင်းဆက်ထားခဲ့ပါတယ်။ အဲဒီမှာ ပိုက်ဆံအတော်အသင့်ချမ်းသာတဲ့ မုဆိုးမသားအမိက အမေ့ကို သနားပြီး သူတို့အိမ်မှာ ခေါ်ထားပါတယ်။ အမေက အဲဒီ သားအမိရဲ့အိမ်မှာ အိမ်သားတစ်ယောက်လိုနေပြီး အိမ်မှုကိစ္စတွေ လုပ်ပေးပါတယ်။ ကျွန်တော့်ကိုတော့ မြို့ကျောင်းပို့ပြီး ကျောင်းအိပ်ကျောင်းစား ထားပါတယ်။ အဲဒီအချိန်က...ကျွန်တော် အလယ်တန်းကျောင်းသား ဖြစ်နေတော့ တစ်လတစ်လ ကျွန်တော့်အတွက် ကုန်ကျစရိတ်က အမေ့လုပ်ခလစာနဲ့ အလျှင်မမီဘူး ဖြစ်လာတယ်။ ဒါကြောင့် အမေက မုဆိုးမသားအမိ အိမ်အပြင် တခြားနှစ်အိမ်သုံးအိမ်မှာပါ အပိုဝင်ငွေရအောင် အချိန်ပိုင်း ဝင်လုပ်ရရှာပါတယ်"

"အင်း..."

"ကျွန်တော် ကျောင်းပိတ်ရက်တွေမှာတော့...အမေအလုပ်လုပ်တဲ့ မုဆိုးမဒေါ်ကြည်ရဲ့အိမ်မှာ ခဏလာနေရတယ်။ ဒေါ်ကြည်မှာ ကျွန်တော့်ထက် နှစ်နှစ်လောက်ငယ်တဲ့ သမီးတစ်ယောက် ရှိတယ်။ တင်တင်ကြည်တဲ့။ ငါးတန်းကျောင်းသူပါ။ ဒေါ်ကြည်ကတော့ သဘောထားပြည့်ပြီး အမေ့အပေါ် အိမ်သားတစ်ယောက်လို ဆက်ဆံတယ်။ တင်တင်ကြည်ကတော့ ငယ်သေးလို့ထင်ပါရဲ့။ အမေ့ကို အိမ်ဖော်လို မြင်နေပုံပဲ။ ကျွန်တော့်ကိုလည်း မြို့ကျောင်းမှာနေနေပေမယ့် အိမ်ဖော်ရဲ့သားဆိုတဲ့ အစွဲနဲ့ ဆက်ဆံရေး ခပ်တန်းတန်းပါပဲ"

"ဒါနဲ့ မောင်ရင် အိမ်ဖော်ဖြစ်လာပုံပြောပါဦး"

"ကျွန်တော် ဆယ်တန်းကို (ခ) စာရင်းနဲ့ အောင်တဲ့နှစ်မှာ အမေ့ကျန်းမာရေး ချူချာစပြုနေပါပြီ။ ဒါကြောင့် ကျွန်တော် ဝါသနာပါတဲ့ သူနာပြုသင်တန်း တက်ခဲ့တယ်။ သင်တန်းပြီးတော့ အနယ်နယ်အရပ်ရပ်က ပြည်သူ့ဆေးရုံတွေမှာ လှည့်လည်ပြီး တာဝန်ထမ်းဆောင်ရတယ်။ အမေကတော့ ကျွန်တော်နဲ့ လိုက်မနေဘဲ သူနေနေကျ ရွာကအိမ်တွေမှာပဲ ဆက်အလုပ်လုပ်နေခဲ့တယ်။ ကျွန်တော် ပြည်သူ့ဆေးရုံက ပင်စင်ယူပြီး ပုဂ္ဂလိက ဆေးခန်းတစ်ခုမှာ စဝင်တဲ့နှစ်မှာ အမေ လူကြီးရောဂါနဲ့ အိပ်ရာထဲလဲပါတယ်။ အမေက သူ့ရောဂါထက် ဒေါ်ကြည်တို့အိမ်ကအလုပ်ကို ပိုပြီးသံ ယောဇဉ်ကြီးတယ်။ သူမရှိတော့ရင် ဒေါ်ကြည်တို့သားအမိ အဆင်မပြေဖြစ်မှာစိုးတယ်။ ဒါကြောင့် အမေက ကျွန်တော့်ကို ကတိတစ်ခုတောင်းတယ်။ သူမရှိတော့ရင် ဒေါ်ကြည်တို့အိမ်နဲ့ သူအချိန်ပိုင်းလုပ်နေတဲ့ အိမ်တွေမှာ အိမ်မှုကိစ္စတွေ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးဖို့ပါပဲ။ ကျွန်တော်က အမေစိတ်ချမ်းသာအောင်ဆိုပြီးတော့သာ ကတိပေးလိုက်ပေမယ့် အမေဆုံးပြီးတဲ့နောက် တကယ်တမ်း လက်တွေ့ဝင်လုပ်ကြည့်တော့မှ တော်တော်ခက်ခဲတဲ့အလုပ်မှန်း သိရတော့တယ်ခင်ဗျား"

"ဟုတ်လား၊ ဘယ်လိုခက်ခဲတာများလဲကွယ်"

"အမှန်တော့ ဒီအလုပ်က ကြည့်တော့သာ အိမ်ထဲတင်လုပ်ရလို့ ပေါ့ပေါ့ပါးပါးထင်ကြတယ်။ လက်တွေ့လုပ်ကြည့်တော့မှ ညညဆို တစ်ကိုယ်လုံးကိုက်ခဲပြီး အိပ်မပျော်နိုင်လောက်အောင် နာကျင်ခံစားရတာ သိတော့တယ်။ ဘာဖြစ်လို့လဲဆိုတော့ အိမ်ထဲမှာတင် ခေါက်တုံ့ခေါက်ပြန်လျှောက်နေရတဲ့ အခေါက်ပေါင်း နည်းမှမနည်းဘဲ။ သေချာတိုင်းတာပြီး ဆွဲဆန့်ကြည့်လိုက်ရင် ခရီးမိုင်အတော်ရှည်မှာဗျာ။ ဒေါ်ကြည်တို့အိမ်

www.burmeseclassic.com

www.burmeseclassic.com

က တစ်ထပ်တိုက်ပုလေးမို့လို့ တော်သေးတယ်။ ရွာလယ်က ပွဲစားကြီးဦးမြိုင်တို့လို နှစ်ထပ်ပျဉ်ထောင် အိမ်ကြီးမျိုးဆို မလွယ်ဘူး။ အလုပ်လုပ်ရတာထက် အိမ်ပေါ် တက်လိုက်၊ ဆင်းလိုက်လုပ်ရတာနဲ့တင် ဖတ်ဖတ်ကိုမောရောဗျ"

"ဪ . . ."

"ပြီးတော့ လူတစ်ကိုယ် အကြိုက်တစ်မျိုးဆိုသလို ဟင်းချက်ကျွေးရတာကလည်း အတော်လက်ဝင်သဗျ။ တချို့က အပေါ့ကြိုက်ပေမယ့် တချို့က ငန်ငန်လေးမှဗျ။ တချို့က ချိုတိုတိုလေးကြိုက်ပေမယ့် တချို့က ချဉ်ပြုံးပြုံးလေးမှတဲ့။ ကျွန်တော် နယ်ဆေးရုံတွေမှာ တာဝန်ကျတုန်းက လူပျိုလူလွတ်ဖြစ်သလို တစ်ယောက်တည်း ချက်စားခဲ့ရတာဆိုတော့ ဒီအိမ်တွေမှာ လုပ်ရတော့မှပဲ ရသာကိုးပါးတည့်အောင် အတော်ကို လေ့လာသင်ယူခဲ့ရတယ်ခင်ဗျား"

"အင်း . . . ဒါဆို ပုဂ္ဂလိကဆေးရုံမှာ ယောက်ျားသူနာပြု မလုပ်တော့ဘူးပေါ့နော်"

"ဟုတ်ကဲ့၊ အမေ့ကိုယ်စား အိမ်တွေမှာ အိမ်မှုကိစ္စတွေ ဝင်လုပ်ပေးနေရတာဆိုတော့ ပုဂ္ဂလိကဆေးခန်းက ထွက်လိုက်ရပြန်ပါတယ်။ ဒါပေမဲ့ လက်တွေမှာတော့ ကျွန်တော်က သူနာပြုတစ်ပိုင်း၊ အိမ်ဖော်တစ်ပိုင်း ဖြစ်နေခဲ့ပါသေး တယ်ခင်ဗျား"

"ဟုတ်လား၊ ဒါနဲ့ အခု ဘယ်လိုရိက်မှုဖြစ်ပြီး ထောင်ကျလာရတာလဲ"

"အဲဒါက အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးထွန်းကျော်အိမ်မှာ သူနာပြုလုပ်မိရာက စခဲ့တာပါပဲ။ ဆရာကြီးမှာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတယ်။ နှစ်ယောက်စလုံး အိမ်ထောင်ကျပြီး မြို့ပေါ်မှာ အိမ်ခွဲနေကြတယ်။ ဆရာကြီးကတော့ ရွာကအိမ်မှာ တပည့်တစ်ယောက်နဲ့ ကျန်ခဲ့တယ်။ ဆရာကြီးအငြိမ်းစားယူပြီး နှစ်နှစ်လောက်အကြာမှာ အအေးပတ်ပြီး ကိုယ်တစ်ခြမ်း လေဖြန်းသွားတယ်။ ပထမတော့ သမီးတစ်လှည့်၊ ချွေးမတစ်လှည့် လာပြုစုကြသေးတယ်။ ဒါပေမဲ့ နာတာရှည်ရောဂါဆိုတော့ လူ့သဘာဝအတိုင်း ရေရှည်အနွံအတာ မခံနိုင်ကြဘူးလေ။ အကြောင်းအမျိုးမျိုးပြပြီး ပျက်ကွက်လာကြတယ်။ ဒီတော့ အတူနေတဲ့ တပည့်ကပဲ ဒိုင်ခံပြုစုရတော့တာပေါ့။ တကယ်တော့ နာတာရှည် လူမမာတစ်ယောက်ကို ပြုစုရတာက ထင်သလောက် မလွယ်ဘူးဗျ။ ကြာတော့ သူ့တပည့်ခမျာပါ ဒဏ်မခံနိုင်တော့ဘူးပေါ့။ အဲဒီမှာ ရပ်ကွက်က လူကြီးသူမတွေက ကျွန်တော့်ကို အကူအညီတောင်းလာကြတယ်။ ကျွန်တော်လည်း မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ဆရာကြီးအိမ်သွားပြီး ဆေးဝါးကုသ ပြုစုပေးတယ်။ အဲဒီကစပြီး အိမ်ရာမှာ စိတ်ဓာတ်ကျပြီး လဲနေတဲ့ ဆရာကြီးဟာ တစ်နေ့တခြား ကျန်းမာရေး တိုးတက်လာခဲ့တယ်။ တစ်ခါတလေ ညနေပိုင်း ဘီးတပ်ကုလားထိုင်နဲ့တောင် လေညင်းခံ ထွက်လာနိုင်တယ်။ လမ်းလျှောက်လေ့ကျင့်ခန်းတွေ ကြိုးစားပြီး လုပ်နိုင်လာခဲ့တယ်။ အဲဒီမှာ ဆရာကြီးက သူ့ဘဝကို ရင်ဖွင့်လာတယ်။ တစ်ချိန်က တပည့်တပန်းတွေနဲ့ တရှန်းရှန်းစည်ကားခဲ့တဲ့ သူ့အိမ်ကြီးမှာတော့ သားသမီးတောင် တစ်ယောက်မှ မရှိတော့အောင် ခြောက်သွေ့ဆိတ်သုဉ်းပြီး အထီးကျန်ဘဝ ရောက်ခဲ့ရပုံတွေပေါ့ခင်ဗျား"

"အင်း . . . သံဝေဂရစရာတွေပေါ့ကွယ်"

"အဲလို ကျွန်တော်နဲ့ ညနေတိုင်းလိုလို လေညင်းထွက်ခံရင်းက အမြဲအိမ်ထဲပိတ်လှောင်ခံနေရတဲ့ ဆရာကြီးဘဝက စိတ်ထွက်ပေါက်ရသလိုဖြစ်ပြီး လွတ်လပ်ပျော်ရွှင်လာပါတယ်။ စကားတွေလည်း အရင်ကထက် ပိုပြောလာပါတယ်။ ဒါပေမဲ့လည်း ကံခေချင်တော့ နဂိုက နှလုံးသွေးကြောကျဉ်း ရောဂါရှိတဲ့အပြင် အသက်ကလည်း ရှစ်ဆယ်ကျော်လာတော့ သူ့နှလုံးသားဟာ ပျော်ရွှင်မှုဒဏ်ကို မခံနိုင်ဘဲ ရုတ်တရက် တိုက်ခိုက်ခံလိုက်ရလို့ မမျှော်လင့်ဘဲ ကွယ်လွန်ခဲ့ပါတော့တယ်"

"ဖြစ်ရလေကွယ်"

"ရပ်ရွာလူကြီးတွေက သူ့တပည့်ကို မြို့ပေါ်လွှတ်ပြီး သူ့သားသမီးတွေဆီ ချက်ချင်းလွှတ်ပြီး အကြောင်းကြားခဲ့ရပေမယ့် နောက်တစ်နေ့ညနေအထိ ဘယ်သူမှ ရောက်မလာခဲ့သေးပါဘူး။ ဒါကြောင့်မို့ ကျွန်တော်ကပဲ အသုဘရှင်အဖြစ် ဦးစီးပြီး သက်ပျောက်ဆွမ်းကျွေးတာကအစ နာရေးကိစ္စမှန်သမျှ ဆောင်ရွက်ပေးခဲ့ရပါတယ်။ သုံးရက်မြောက်တဲ့နေ့လယ် အသုဘချခါနီး သံဃာတွေပင့်ပြီး ရပ်ကလာပ်ကို သရဏဂုံတင်နေတဲ့အချိန်ကျမှ ဆရာကြီးရဲ့ သားနဲ့သမီး ဖြုန်းခနဲရောက်လာပါတော့တယ်။ ရောက်ရောက်ချင်းပဲ သံဃာတော်တွေရှေ့မှာ သီလယူနေတဲ့ ကျွန်တော့်ကို အတင်းကုပ်ဆွဲပြီး အိမ်ပေါ်ကနေ မောင်းချပါတော့တယ်ခင်ဗျား"

"ဟေ . . . ဟုတ်လား၊ ဘယ်လိုလူတွေလဲ၊ ရိုင်းလှချည်လားကွယ်"

"ပြီးတော့ သူတို့ပြောလိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com

စကားတွေကလည်း ရင့်သီးလိုက်တာဗျာ။ ဘာတဲ့ သူများအိမ်မှာ ယောကျ်ားတန်မဲ့နဲ့ အိမ်ဖော်လုပ်နေတဲ့ကောင်ကများ ရာရာစစ ငါ့အဖေရဲ့ အသုဘရှင်လာလုပ်ရတယ်လို့ကွာတဲ့။ ထောင်ပိုင်ကြီးတို့ပဲ စဉ်းစားကြည့်ပါ။ အသုဘရှင်ဆိုတာ ကျွန်တော် လုပ်ချင်လို့ လုပ်နေတာမှ မဟုတ်တာ။ သားသမီးတွေ အချိန်မီရောက်မလာလို့ သေတဲ့အထိ အထီးကျန်ဖြစ်နေတဲ့ ဆရာကြီးရဲ့ ဘဝကို သနားကရုဏာသက်ပြီး စေတနာ သံယောဇဉ်စိတ်နဲ့ လုပ်ခဲ့ရတာပါ။ ဒါကို အသုဘချခါနီးမှ ရောက်လာတဲ့အပြင် ကျွန်တော့်အလုပ်အကိုင်ကိုပါ စော်ကားခံလိုက်ရလို့ ရင်ထဲက ယောကျ်ားမာနကိုပါ ထိခိုက်လာပါတော့တယ်။ ကျွန်တော်လည်း လူပုံအလယ်မှ ကုပ်ဆွဲပြီး မောင်းချခံရတာဆိုတော့ ရှက်လည်းရှက်၊ ဒေါသလည်းထွက်လို့ စိတ်မထိန်းနိုင်တော့ဘဲ တွေ့ရာတုတ်တစ်ချောင်းနဲ့ ကောက်ရိုက်မိပါတယ်။ ဒဏ်ရာက အတော်ပြင်းသွားတယ် ထင်ပါရဲ့။ ခေါင်းပေါ်ကသွေးတွေ ဖြာခနဲ စီးကျလာပြီး ဆေးရုံရောက်တော့ ခုနစ်ချက်ချုပ်လိုက်ရတယ်။ အဲဒီအမှုနဲ့ ကျွန်တော် ထောင်နှစ်နှစ် ကျတာပါခင်ဗျား"

"ဪ . . . အေးအေး၊ ဒါနဲ့ မောင်ရင် ထောင်ထဲမှာ ဘယ်လိုအလုပ်မျိုးလုပ်ဖို့ စိတ်ကူးထားလဲကွယ်"

"ဒါကတော့ ထောင်ပိုင်ကြီးတို့ သင့်တော်လို့ တာဝန်ပေးတဲ့အလုပ်ကို လုပ်ရမှာပေါ့ခင်ဗျာ"

နောက်တစ်ပတ် ထောင်ကျလူသစ်များအား အလုပ်လေဘာ ချသောနေ့တွင် ကျော်ဇေယျာလင်းအား မကြာမီ လွတ်မြောက်တော့မည့် အကျဉ်းသားဖိုကြီးမှ စားဖိုမှူးနေရာတွင် တာဝန်ချထားပေးလိုက်သည်။ ယောကျ်ားတစ်ယောက်ဖြစ်ပါလျက် အိမ်ရှင်မအလုပ်ကို အချိန်အတန်ကြာ ဆောင်ရွက်ခဲ့ရသော ကျော်ဇေယျာလင်းအတွက် ထိုအလုပ်မှာ အသင့်တော်ဆုံးဖြစ်မည်ထင်၍ဖြစ်၏။

"ဆရာ့ကို ထူးထူးဆန်းဆန်းတစ်ခု သတင်းပို့ရဦးမယ်"

ထိုနေ့မှ ခြောက်လခန့်ကြာသော အခါ တစ်နေ့ညနေ ထောင်ပိတ်ချိန်ဝယ် ထောင်မှူးကြီးဦးစိုးလှိုင်က သတင်းပို့လာလေသည်။

"ဘယ်လို ထူးထူးဆန်းဆန်းလဲ ကိုစိုးလှိုင်"

ဦးစိုးလှိုင်က ပြုံးတုံ့တုံ့အမူအရာဖြင့် -

"ဒီညနေစောင်းမှ ထောင်ဝင်စာမှာ အင်္ကျီအဖြူလက်ရှည်၊ ထဘီအနီရောင်နဲ့ သူနာပြုဝတ်စုံနဲ့ အမျိုးသမီးတစ်ယောက် တန်းစီးဝင်လာတာ တွေ့လိုက်ရတယ်။ ဒီလို သူနာပြုဝတ်စုံနဲ့ ထောင်ဝင်စာလာတာမျိုး အရင်က မတွေ့ဖူးတော့ စိတ်ထဲ နည်းနည်းထူးဆန်းနေသလို ဖြစ်မိတယ်။ ဒါနဲ့ ဒီမိန်းကလေး ဘယ်သူ့ကိုများ လာတွေ့တာများလဲလို့ ထောင်ဝင်စာခန်းထဲ ဝင်ကြည့်လိုက်တော့ . . . ဟိုတစ်လောက ယောကျ်ားအိမ်ဖော်လုပ်ခဲ့လို့ ဆရာ အကျဉ်းသားဖိုကြီးမှာ စားဖိုမှူးတာဝန်ချထားခဲ့တဲ့ ကျော်ဇေယျာလင်း ဖြစ်နေတာကိုးဆရာ။ ဒါနဲ့ အဲဒီနပ်စ်မလေးနာမည်ကို စာရင်းထဲ စစ်ကြည့်လိုက်တော့ တင်တင်ကြည်တဲ့ဆရာ"

"ဪ . . . အင်း . . . တင်တင်ကြည်ဆိုရင်တော့ ကျော်ဇေယျာလင်း အိမ်ဖော်လုပ်ခဲ့တဲ့အိမ်က ဒေါ်ကြည့်သမီး ဖြစ်လိမ့်မယ်ဗျ။ ဒါနဲ့ တင်တင်ကြည်က ဘာတွေ လာပြောသွားသတဲ့လဲ"

"တင်တင်ကြည် ရန်ကုန်မှာ သူနာပြုတစ်နှစ်သင်တန်း လာတက်နေတဲ့အကြောင်းနဲ့ ကျော်ဇေယျာလင်းထောင်ကလွတ်ရင် သူတို့အိမ်မှာ အရင်ကလို အိမ်မှုကိစ္စတွေ လာလုပ်ပေးဖို့အကြောင်းတွေ ပြောသွားတယ်တဲ့ ဆရာ"

ကျွန်ုပ်က ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်ကာ -

"အင်း . . . ကြည့်ရတာ မကြာခင်မှာ ခပ်ဆန်းဆန်း မင်္ဂလာသတင်းတစ်ပုဒ်တော့ ကြားရတော့မယ်ထင်ပါရဲ့ဗျာ"

ကျွန်ုပ်၏ ကြိုတင်ခန့်မှန်းခဲ့သော အတိတ်နိမိတ်ကား မလွဲပါပေ။

ထို့နောက်ပိုင်းတွင် တင်တင်ကြည် မကြာခဏဆိုသလို သင်တန်းတက်ရင်း ထောင်ဝင်စာလာတွေ့သည်ကို တွေ့ရှိရပြီး သူနာပြုသင်တန်းဆင်းချိန်နှင့် ကျော်ဇေယျာလင်း ထောင်လွတ်ချိန်တို့ တိုက်ဆိုင်နေပေရာ ထိုနေ့တွင် သူတို့စုံတွဲ အတူတကွ ပြန်သွားကြသည်ကို လှမ်းမြင်လိုက်ရလေသည်။

များမကြာမီမှာပင် သူတို့နှစ်ယောက် ရွာဦးကျောင်းတွင် မင်္ဂလာဆွမ်းကျွေး၍ လက်ထပ်လိုက်ကြကာ ကျော်ဇေယျာလင်းမှာ ထိုနေ့မှစ၍ တခြားမည်သည့်အိမ်တွင်မှ အလုပ်မလုပ်တော့ဘဲ တင်တင်ကြည်ထံတွင်သာ ထာဝရအိမ်ဖော် ဖြစ်သွားကြောင်း သိလိုက်ရပါတော့သတည်း။

ပီတာမြဦး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မနုဿလောကမှာပင်

၊အချစ်သားစာပေဝတ္ထု၊

ဒိန်ကြိုင်ငွန်မောင်

www.burmeseclassic.com

www.burmeseclassic.com

လှိုင်းလုံးလွန်လေလျှင်

မနသဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

(ဇာတ်သိမ်းပိုင်း)

"ပြေးကြဟေ့"

ကယ်နီ၏အိမ်သို့ ဒုန်းစိုင်းပြေးလာသူ ဂျက်က လှမ်း၍ အော်ဟစ်လိုက်ခြင်း ဖြစ်၏။ သူတို့ မောင်နှံ၏ မိတ်ဆွေအရင်းအချာ ဆာမိုဝင်လူမျိုး ကယ်ရီသည် ဝါးတဲဘန်ဂလိုတစ်ခုတွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိသူဖြစ်၏။ သားသမီးလေးယောက်ရှိပြီး အားလုံး ရှစ်နှစ်အောက် ကလေးတွေ ဖြစ်ကြ၏။ သူသည် ဂျက်၏ လုပ်ငန်းများ၌ လက်သမားအလုပ်နှင့် ရှင်းအလုပ်ဖန်တီးပေးခြင်း အလုပ်များကို ဆောင်ရွက်ပေးနေသူ ဖြစ်၏။ အင်္ဂလိပ်စကား ကောင်းကောင်းမပြောတတ်သူ ကယ်ရီနှင့် ဆာမိုဝင် စကားအနည်းငယ်သာ ပြောဆိုတတ်သော ဂျက်တို့ အလုပ်အားချိန် အပန်းဖြေလမ်းလျှောက်ပြီး စကားစမြည် ပြောဆိုကြလျှင် တသောသော ရယ်မောနေရသည်က များ၏။ "ဒါဟာ ကျုပ်တို့ရဲ့ အလာပသလာပ စကားတွေပဲဗျ"ဟု ဂျက်က ရယ်ရွှန်းဖတ်ရွှန်း ပြောပြလေ့ရှိ၏။

ယခုတော့ ဆူနာမီဘေးအန္တရာယ်ကို သတိမပြုမိခဲ့သူ ကယ်နီသည် ကွန်တစ်လက်ကို ပခုံးထက်တွင် တင်လျက် ကလေးငယ်နှစ်ယောက်နှင့်အတူ ကမ်းခြေသောင်ယံတွင် တင်ပြီး ကျန်ရစ်ခဲ့သည့် ငါးတွေကို လိုက်လံကောက်ယူလျက်ရှိ၏။ သံကုန်အော်ဟစ်ပြီး သူရှိရာသို့ ဒုန်းစိုင်းပြေးလာသူ ဂျက်ကို နားမလည်ဟန် မျက်နှာပေးဖြင့် ငေးကြည့်နေ၏။ ဂျက် သမုဒ္ဒရာဘက်ဆီသို့ လက်ညှိုးညွှန်ပြရင်း "ဟေး . . . ဟိုမှာကြည့်လိုက်"ဟု သံကုန်အော်ဟစ်၏။ သူသည် ကယ်နီ၏ ခြောက်နှစ်အရွယ် သားငယ်မိုက်ကယ်ကို ညာလက်ဖြင့်လည်းကောင်း၊ ကျန်ကလေးငယ်တစ်ယောက်ကို ဘယ်လက်ဖြင့်လည်းကောင်း ဆွဲခနဲကောက်ယူပွေ့ချီပြီး ကုန်းမြင့်ဘက်ဆီသို့ လှည့်၍ ပြေးလေတော့၏။

ကယ်နီသည် သမုဒ္ဒရာဘက် မိုးကုပ်စက်ဝိုင်းဆီသို့ လှည့်ပြီး လှမ်းမျှော်ကာ ငေးကြည့်နေမိ၏။ ထို့နောက် သူလည်း ဖြစ်စဉ်အမှန်ကို ရိပ်မိသွားပြီး နောက်ပြန်လှည့်၍ ပြေးလေတော့၏။ သို့ရာတွင် နောက်ကျသွားပါပြီ။ ခုနစ်မီတာ ၂၄.၅ (နှစ်ဆယ့်လေး ဒသမ ငါးပေ) အမြင့်ရှိသော အုတ်တံတိုင်းလို လှိုင်းလုံးကြီးက သူ့ကို ဝါးမျိုပစ်လိုက်ပြီ ဖြစ်၏။

တောင်ဂါပြတ်ရွှေ့ကြီး

ဆမိုဝါ အနောက်တောင်ဘက် ကီလိုမီတာ ၁၅၀ ခန့်အကွာ သမုဒ္ဒရာရေနက်ပိုင်း ကြမ်းပြင်၌ တောင်ဂါအမည်ရှိ ပြတ်ရွှေ့နေရာကြီးတစ်ခုရှိ၏။ ယင်းနေရာသည် ငလျင်အပြင်းအထန်ဆုံး လှုပ်နိုင်စွမ်းရှိသော ကမ္ဘာ့နေရာများအနက် တစ်ခုအပါအဝင်ဖြစ်၏။ တောင်ဂါပြတ်ရွှေ့ နေရာ၌ ငလျင်လှုပ်ခဲ့လျှင် ဆူနာမီရေလှိုင်းကြီးသည် ယူပိုလုတောင်ဘက် ကမ်းခြေဆီသို့ ၁၂ မိနစ်အတွင်း ရောက်ရှိလာနိုင်၏။ ဤအကြောင်းအချက်နှင့် ပတ်သက်၍ လွန်ခဲ့သည့် နှစ်အတန်ကြာကာလတုန်းက ဘူမိဗေဒပညာရှင်တွေက အသိပေးထုတ်ပြန် ကြေညာခဲ့ကြဖူး၏။

ယူပိုလုကျွန်းတွင် ကျဉ်းမြောင်းသော ကမ်းခြေများ၏ အနောက်ဘက်၌ ကျော်တက်ရန်ခက်ခဲလှသည့် ချောက်ကမ်းပါးကြီးများ ခံနေလေရာ ဆူနာမီရေ လှိုင်းမျိုးနှင့် ရင်ဆိုင်ရလျှင် ဒေသခံတွေအဖို့ အသက်ဘေးမှ လွတ်မြောက်နိုင်ရန် လမ်းစမမြင်။ ဆမိုဝါအစိုးရသည် ဆူနာမီငလျင်နှင့် ပတ်သက်၍ ရေဒီယိုနှင့်ရုပ်မြင်သံကြားတို့မှ ပုံမှန်ထုတ်လွှင့်ပေးမှုများ ရှိခဲ့သော်လည်း "ငလျင်လှုပ်ပြီဆိုလျှင် ကုန်းမြေမြင့် အထက်ပိုင်းဘက်ဆီသို့ အမြန်ဆုံး တက်ရောက်နေထိုင်ကြပါ" ဟူသော ပညာပေးမှုမျိုး လောက်သာဖြစ်၏။ ၁၉၆၀ ပြည့်နှစ်တုန်းက ဆမိုဝါကျွန်း၏ အရှေ့ဘက်ခြမ်းသည် ဆူနာမီ အသေးစားလေးတစ်ခုနှင့် ကြုံခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com

ဖူး၏။ သို့ရာတွင် ပြင်းပြင်းထန်ထန် မဟုတ်သဖြင့် ဆမိုဝါကျွန်းသားအများစုတို့က မေ့မေ့ပျောက်ပျောက် နေထိုင်ခဲ့ကြ၏။ ထိုအကြောင်းကိုလည်း ဂျက်တို့ဇနီးမောင်နှံကို မည်သူမျှ မပြောပြခဲ့ကြ။

ဗေဒါပျံ အံကိုခဲ၍

၂၀၀၉ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်နေ့တွင် တောင်ဂါပြတ်ရွှေ့ကြီးနေရာ၌ ရစ်(ခ်)တာစကေး ၈.၇ (ရှစ်ဒသမခုနစ်) အဆင့်ရှိသော ငလျင်ကြီးနှစ်ခု ရှေ့ဆင့် နောက်ဆင့် လှုပ်ခဲ့ကြ၏။ သို့ဖြင့် အင်အားကြီးမားပြင်းထန်လှသော ရေဘလှိုင်းလုံးကြီးတွေက ကျွန်းစဉ်တန်းတစ်လျှောက်ကို အားပါးတရ ဝါးမျိုကြလေတော့သည်။

ယူပိုလုကျွန်း တောင်ဘက်ကမ်းခြေသို့ ပထမဦးဆုံး ဝင်ရောက်လာသည့် လှိုင်းဦးဘီလူးက ဂျက်၏ ခါးအမြင့်လောက်ရှိပြီး သဲစိုပြင်တွင် ပြေးလွှားနေသော သူ၏ တံခါက်ကွေးကို အရှိန်ဖြင့် ဝင်၍စောင့်၏။ ဟပ်ထိုးလဲကျမတတ် ယိုင်သွားသော်လည်း သူ့ချိုင်းကြားများတွင် ညှပ်ထားသော ကလေးငယ်နှစ်ယောက် လွတ်မကျသွားအောင် ဖျစ်ညှစ်ပြီး ထိန်းထားလိုက်၏။ ထိုလှိုင်းဦးဘီလူး၏ နောက်မှ ကီလိုမီတာ များစွာမြင့်မားသော တံတိုင်းကြီးသဏ္ဍာန် လှိုင်းခေါင်းဖြူတွေက တစ်နာရီလျှင် ကီလိုမီတာ ၅၅၀ အမြန်နှုန်းဖြင့် လိုက်ပါလာကြလေပြီ။

၂၀၀၄ ခုနှစ်တုန်းက အင်ဒိုနီးရှားတွင် ဖြစ်ပေါ်ခဲ့သော ဆူနာမီငလျင်နှင့်ပတ်သက်သည့် အကြောင်းအချက်များကို ဂျက်သည် ရုပ်မြင်သံကြားမှ တစ်ဆင့် သိရှိ မှတ်သားခဲ့ရဖူး၏။ အသက်ရှင် ကျန်ရစ်ခဲ့သူများက မိမိတို့သည် ပင်လယ်ရေလှိုင်းနှင့်အတူ အလိုက်သင့်အလျားသင့် လိုက်ပါကူးခပ်ခဲ့၍သာ လွတ်မြောက်ခဲ့ရကြောင်း ပြောပြခဲ့ကြဖူး၏။ ယင်းကို ကြားဖူးနားဝ ရှိခဲ့သူ ဂျက်သည် လှိုင်းစီးသန်ရေထဲသို့ ဒိုင်ဗင်ထိုး၍ ဝင်လိုက်၏။

"ခန္ဓာကိုယ်ကိုဖော့ထားပြီး ဘုတ်ပြားပမာ လှိုင်းစီးလိုက်ပါနိုင်ရန် လှိုင်းလုံး၏ရှေ့၌သာ နေပါ"ဟူ၍လည်း သူ့ကိုယ်သူ မပြတ်သတိပေးနေ၏။ အမြှုပ်တဖွေးဖွေးထနေသော လှိုင်းလုံးကြီးက ဂျက်ကို မီတာ ၁၀၀ အကျယ် ကမ်းခြေလမ်းမကြီးပေါ်မှ ဖြတ်ကျော်သယ်ဆောင်သွားခဲ့ပြီး လမ်း၏တစ်ဖက်တွင်ရှိသော ငှက်ပျောခင်းထဲသို့ ပစ်သွင်းလိုက်၏။ သူ့ခန္ဓာကိုယ်သည် ရေမျော သစ်တုံးငယ်လေးပမာ လူးလိမ့်ပါသွားခဲ့ရ၏။ ငှက်ပျောပင်များ၏ ပင်စည်များ၊ အရွက်များဖြင့် ပွတ်တိုက်ဆွဲယူသွားခြင်းကို ဆက်တိုက်ခံသွားရ၏။ သူ့ဘယ်ဘက် ချိုင်းကြားတွင် ညှပ်ထားသော ကလေးငယ်ကား လွတ်ထွက်သွားခဲ့ရလေပြီ။ ရေလှိုင်းတွေ၏ အော်သံကြီးက နားကွဲမတတ်အောင် ကျယ်လောင်၏။ လူတွေကလည်း ငယ်သံပါအောင် အော်ဟစ်လျက်ရှိကြ၏။ သစ်ပင်တွေက တဖြောင်းဖြောင်း မြည်ဟီးပြီး ကျိုးကျနေကြ၏။ သို့ရာတွင် လှိုင်းလုံးကြီးထဲ၌ တစ်လိမ့်ခေါက်ကွေး မျောပါနေရသူ ဂျက်ခမျာ ထိုအသံတွေကို ဘာမျှ မကြားနိုင်ရှာ။ တောင်ကုန်းဘေးနံရံဆီသို့ ရောက်တော့မှ ရှေ့မတိုးနိုင်ဘဲ ရပ်သွားရလေ၏။ ဂျက်သည် ရေမျက်နှာပြင်အောက်၌ ရှိနေဆဲပင်။ ငှက်ပျောရွက်တွေ၊ အမြစ်တွေ၊ ကျောက်ဆောင်အတက်တွေနှင့် ငြိနေသော သူ့ခြေထောက်တွေက ရုန်းထွက်၍မရ။ သူ့ဦးခေါင်း အထက်မှ ရေမျက်နှာပြင်ကိုကျော်၍ မော်ကြည့်မိသောအခါ မျက်နှာကျက်နှင့်တူသည့် မိုးကောင်းကင်ကြီးကိုလည်းကောင်း၊ စိမ်းလန်းသော တောင်ကမ်းပါးယံတို့ကိုလည်းကောင်း ဖောက်ထွင်းမြင်နေရ၏။ သို့ရာတွင် သူ့ခြေထောက်တွေက ရုန်းထွက်၍ မရသေး။ သူ့ညာဘက်ချိုင်းကြားတွင် ညှပ်ထားသော ကလေးငယ်ကား ရှိနေဆဲ။

ဂျက်နှင့်ကပ်လျက်တွင် ရေမျက်နှာပြင်အထက်သို့ ထိုးထွက်နေသော ကျောက်ဆောင်တစ်ခု ရှိ၏။ သူသည် ချက်ချင်းပင် ဆုံးဖြတ်ချက်တစ်ရပ်ကို ချလိုက်၏။ သူ့ချိုင်းကြားမှ ကလေးငယ်ကို ထိုကျောက်ဆောင်ပေါ်တွင် တင်ထားလိုက်နိုင်မည်ဆိုလျှင် ထိုကလေးငယ် အသက်ရှင် ကျန်ရစ်နိုင်လိမ့်မည်ဟု သူမျှော်လင့်မိ၏။

"ကလေးရယ် ...မင်း ကံကောင်းပါစေကွယ်။ ငါ့အတွက်ကတော့ ..."

သို့ကလို စိတ်ထဲမှ ရေရွတ်ရင်း ဂျက်သည် ကလေးငယ်ကို သူ့ရင်ခွင်ပေါ်သို့ ဆွဲတင်ပြီး ရေမျက်နှာပြင် အထက်သို့ တွန်းတင်ထားလိုက်၏။ ထို့နောက် အင်အားကုန် စိုက်ထုတ်ပြီး ကလေးငယ်ကို ကျောက်ဆောင်ပေါ်သို့ တွန်းတင်ထားလိုက်၏။ ကလေးငယ် သူ့လက်ထဲမှ ကျောက်ဆောင်ပေါ်သို့ ရောက်သွားချိန်၌ ဂျက်သည်

www.burmeseclassic.com

www.burmeseclassic.com

ရေအောက်သို့ ဖင်ထိုင်ကျသွားခဲ့ရပြန်၏။ သူ့ခြေထောက်တွေက သစ်မြစ်တွေနှင့် ငြိနေဆဲ။

"ငါ ဒီအတိုင်းတော့ အသေမခံနိုင်သေးဘူး" သူက တွေးလိုက်မိခြင်းဖြစ်၏။ သူ့အဆုတ်ထဲတွင် လေမရှိတော့သဖြင့် ဂျက်သည် ပင်လယ်ဆားငန်ရေကို စတင်မျိုချလိုက်မိ၏။

နှင်လားဟဲ့ သေမင်း

ဘန်ဂလို၌ ဂျက်နှင့် ခွဲခွာခဲ့သူ ဇနီးကာရိုးလ်သည်လည်း စတင်ပြေးလွှားသည့် မီတာ ၁၀၀ အတွင်းမှာပင် အလွန်ကြောက်မက်ဖွယ် ကောင်းလှသည့် အိပ်မက်ဆိုးကြီးတစ်ခုကို မြင်မက်သလို ကြုံတွေ့ခံစားလိုက်ရ၏။ သူမသည် ဘန်ဂလို အနောက်ဘက် ကားလမ်းကြောင်းအတိုင်း အမြင့်ပိုင်းဆီသို့ ပြေးတက်ခဲ့ခြင်းဖြစ်၏။ သို့ရာတွင် ယမန်နေ့ ညနေပိုင်းက ပီဇွီစီပိုက်လုံးအပြတ်တစ်ခုကို မတော်တဆ တက်နင်းမိပြီး ချော်လဲကျသဖြင့် နံရိုးသုံးချောင်း အက်သွားသည့် ဒဏ်ကြောင့် ကောင်းကောင်းမပြေးနိုင်တော့။ အသက်ပြင်းပြင်း ရှူလိုက်သည့်အခါတိုင်း နံရိုးကြား၌ အောင့်ပြီး နာကျင်သည်မှာ သတိလစ်သွားတော့မတတ်ပင်ဖြစ်၏။

ကားလမ်းကြောင်း၏ မီတာ ၆၀ အရောက်၌ ချောက်ကမ်းပါးယံက ဆီး၍ခံနေသဖြင့် သည်တောင်ကို မယ်မကျော်နိုင်တော့ဟု အားလျှော့ရမလိုဖြစ်သွားခဲ့ရ၏။ လှိုင်းလုံးကြီးက မိုးခြိမ်းသံလို မြည်ဟီးပြီး သူမ၏နောက်မှ ဒုန်းစိုင်းလိုက်လာလျက်ရှိ၏။ ရေမှုန်ရေမွှားများပင် သူမကို လာရောက်ထိမှန်နေပြီ ဖြစ်၏။ သူမ၏ရင်ထဲတွင် တဒုန်းဒုန်း ခုန်လျက်ရှိ၏။ "ဂျက်တစ်ယောက် ဘယ်မှာလဲကွယ်" ယခုအချိန်မျိုး၌ မိမိ၏အနားတွင် ဂျက်ရှိနေလျှင် မည်မျှကောင်းမည်နည်း။ သို့ရာတွင် ဂျက်သည်ကား သူမ၏နောက်နားတွင် မရှိ။ ဘယ်ရောက်နေမှန်းပင် မသိ။ "ကျန်သေးသမျှ အားဆောင်ကြည့်လိုက်ဦးမှ" သို့ကလို အားတင်းပြီး သူမသည် ကမ်းပါးယံမှ သစ်မြစ်နှင့်နွယ်ပင်တို့ကို ဆွဲကိုင်ပြီး တောင်ကမ်းပါးယံပေါ်သို့ ကြိုးစားတက်လိုက်မိ၏။ ရည်မှန်းသည့် နေရာသို့ ကာရိုးလ်ရောက်သွားခဲ့ရပါပြီ။

သည့်နောက်တွင်တော့ ရေလှိုင်းသံကြီးက ဆိုင်းမဆင့် ဗုံမဆင့် ရုတ်တရက် ရပ်ဆိုင်းသွားခဲ့၏။ ကာရိုးလ်သည် သမုဒ္ဒရာဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်မိရာ လှိုင်းလုံးကြီးတွေကို လုံးဝ မမြင်ရတော့။ သို့ရာတွင် လမ်းများ၊ ဘန်ဂလို အဆောက်အအုံများနှင့် သစ်ပင်တွေ အားလုံးကတော့ အနိစ္စသဘောဖြင့် ကိစ္စချောသွားခဲ့ကြရလေပြီ။ စိမ်းပြာရောင် သမုဒ္ဒရာရေပြင်ကြီးက ပြန်၍ တည်ငြိမ်နေပြီး ကြည်ပြာရောင် ကောင်းကင်ကလည်း မြူတိမ်ကင်းစင်တောက်ပလျက်။ သူမ၏ထိပ်ဘက်ဆီသို့ မော်ကြည့်လိုက်သောအခါ တလက်လက် တောက်ပနေသည့် အရာတစ်ခုကို ရုတ်တရက် မြင်တွေ့လိုက်ရ၏။ သေသေချာချာ ကြည့်လိုက်မိတော့ . . . ထိုအရာသည် သမုဒ္ဒရာရေနက်ပိုင်းတွင် ကျက်စားသည့် ငါးတစ်ကောင်ဖြစ်ကြောင်း တွေ့ရှိရ၏။ ဤချောက်ကမ်းပါးယံကို ဆူနာမီရေလှိုင်းကြီးက အင်္ဂလိပ်စာလုံး ဗွီ (V) ပုံသဏ္ဌာန် နှစ်ဖက်ညှပ်၍ ရိုက်ခတ်သွားခဲ့ခြင်း ဖြစ်ကြောင်း ထင်ရှားပါသည်။ သို့ရာတွင် ကာရိုးလ်ကို လုံးဝ မထိခိုက်ခဲ့။ သူမ၏ခြေထောက်များပင် ရေမစိုခဲ့ရပေ။

"ဂျက်" သူမသည် သံကုန်ဟစ်၍ အော်လိုက်မိခြင်း ဖြစ်၏။ ထိုစဉ် သူရပ်နေသော ချောက်ကမ်းပါးယံ အနောက်ဘက်ရှိ ကုန်းမြင့်ကလေး၏ အောက်ခြေဘက်ဆီမှ လူအော်သံလို အသံမျိုးကို ခပ်သဲ့သဲ့ ကြားလိုက်မိရ၏။ ပြန်ဆုတ်ခွာသွားပြီဖြစ်သော ရေလှိုင်းတို့က ဂျက်တစ်ကိုယ်လုံးကို ငှက်ပျောဖက်တွေဖြင့် ရစ်ပတ်ပြီး အီဂျစ်မှ ရှေးဟောင်း မာမီရုပ်အလောင်းကြီးလို ပုံစံမျိုးဖြင့် ကုန်းမြင့်ကလေး၏အောက်ခြေဘက်၌ ထားပစ်ခဲ့ကြ၏။ သူ့တစ်ကိုယ်လုံး ဒဏ်ရာတွေနှင့် သွေးခြင်းခြင်းနီလျက် ဝတ်ဆင်ထားခဲ့သော ရှပ်အင်္ကျီသည်လည်း မရှိတော့။ သို့ရာတွင် သူသည် အသက်ရှင်လျက် ရှိနေသေး၏။ သူနှင့်ကပ်လျက် ကျောက်ဆောင်ထိပ်ပေါ်၌ကား သူကယ်တင်ခဲ့သော ခြောက်နှစ်သားလေး မိုက်ကယ်က ထိုင်နေ၏။ မည်သည့်ဒဏ်ရာမျိုးမျှ မရရှိခဲ့။

"ဘာတွေဖြစ်ခဲ့ပါလိမ့်"ဟု ဇဝေဇဝါ ဖြစ်နေပုံရသော မျက်နှာပေးမျိုးဖြင့် ငေးကြည့်နေ၏။

ဆူနာမီပေးခဲ့သည့် အမွေ

နောက်ထပ်နာရီ အနည်းငယ်အကြာ၌ ဂျက်နှင့် ကာရိုးလ်တို့သည် တစ်ခုတည်းသာ ကျန်ရစ်ခဲ့သော သူတို့၏ ဘန်ဂလို အဆောက်အအုံကို ဆေးရုံအဖြစ် ပြောင်းလဲလိုက်ကြရ၏။

www.burmeseclassic.com

www.burmeseclassic.com

မိန်းမချောလေးတစ်ယောက်က ဘန်ဂလို၏ ထောင့်တစ်နေရာတွင် ထိုင်ရင်း ရင်သွေးငယ်၏ အလောင်းကို တယုတယ ပိုက်ထွေးကာ ငိုကြွေးလျက်ရှိ၏။ အခြား အသက်ရှင်ကျန်ရစ်ခဲ့သူတွေခမျာလည်း ကျိုးပဲ့ဒဏ်ရာရရှိခဲ့ကြသောကြောင့် သွေးအလူးလူးဒယီးဒယိုင်ဖြင့် ဝင်လိုက်ထွက်လိုက်ပြုနေကြ၏။

"သမုဒ္ဒရာထဲမှာ ဘယ်သူရှိသေးသလဲဟေ့"

ကျောက်ဆောင်ထိပ် တစ်ခုပေါ်တွင် ရပ်နေသူက လှမ်းအော်၍ မေးလိုက်ခြင်း ဖြစ်၏။ လူတွေက ကမ်းခြေဖက်ဆီသို့ ပြေး၍ကြည့်ကြ၏။ ရေထဲတွင် တစ်စုံတစ်ရာကို တွေ့မြင်ကြလျှင် အချင်းချင်း လက်ခုပ်တီးပြီး အချက်ပေး၍ ညွှန်ပြကြ၏။ ပင်လယ်အော်တစ်နေရာတွင် သစ်တုံးတစ်တုံးကို ဖက်တွယ်လျက်ရှိသည့် မိန်းမရွယ်တစ်ဦးကို တွေ့မြင်ကြရသဖြင့် ဆယ်ယူရန် ပြေးဆင်းသွားကြ၏။ သဲသောင်တစ်နေရာတွင် နှစ်နှစ်သားအရွယ် ကလေးငယ်တစ်ယောက်၏ ရုပ်အလောင်းကိုပါ တွေ့မြင်ကြရ၏။ ဂျက်တို့၏ ထမင်းချက် အမျိုးသမီးလေးမှာ သွပ်ပြားထိမှန်ခဲ့ရသဖြင့် လည်ပင်းပြတ်ပြီး သေဆုံးလျက်ရှိ၏။

ဆူနာမီသည် ဆမိုဝါ၌ လူ ၁၄၃ ဦးတို့၏အသက် ဇီဝိန်ကို ခြွေသွားခဲ့ရာ ထိုအထဲတွင် ဂျက်တို့၏အလုပ်သမားလေးဦးလည်း ပါသွားခဲ့၏။ (ထိုအချိန်က သူတို့၏ ဘန်ဂလိုများ၌ တည်းခိုနေသူ ဧည့်သည်များ မရှိခဲ့ချေ။) တည်းခိုဂေဟာစု၏ တစ်ဖက်တစ်ချက်စီ၌ ရှိနေကြသော ဆမိုဝင် မိသားစုများနေထိုင်ရာ ရိုးရာဖာလီအိမ်များလည်း ၁၀ အိမ်ထက်မနည်း ပျက်စီးသွားခဲ့ရ၏။ အခင်းဖြစ်ပြီး နှစ်ရက်အကြာ၌ ကယ်နီ၏ရုပ်အလောင်းကို ကီလိုမီတာအတော်ဝေးကွာသော အရှေ့ဘက်ကမ်းခြေ သောင်ခုံပေါ်၌ တွေ့ရှိကြရ၏။ ကယ်နီ၏ဖနီး တူလီနှင့် သားသမီးနှစ်ယောက်တို့ အသက်ရှင်လွတ်မြောက်ခဲ့ကြသည်။ ဂျက်၏ ဘယ်ဘက်ချိုင်းကြားထဲမှ လွတ်ထွက်သွားခဲ့သော ကလေးငယ်ကိုမူကား ဘယ်တော့မှ ပြန်မတွေ့ကြရတော့ချေ။ ဆူနာမီကပ်ဆိုးကြီး ဆိုက်ရောက်ပြီးနောက် ရာနှင့်ချီသော ဆမိုဝင်တို့သည် ထိုကျွန်းကို စွန့်ခွာသွားခဲ့ကြ၏။ ကယ်နီ၏ကျန်ရစ်သူ မိသားစုက နယူးဇီလန်ကျွန်းသို့ ပြောင်းရွှေ့သွားခဲ့ကြလေသည်။

သူတို့မောင်နှံ၏ စေတနာ

နောက်ရက်များ၌ ဂျက်နှင့် ကာရိုးလ်တို့ ဖနီးမောင်နှံသည် အသက်ရှင်ကျန်ရစ်သူများကို လိုက်လံအကူအညီပေးကြ၏။ သူ၏ဗင်ကား ပျက်စီးသွားပြီဖြစ်၍ ဂျက်သည် ကားတစ်စီးငှားရမ်းပြီး သောက်ရေ၊ အဝတ်အထည်နှင့် တာပေါ်လင်စများကို တင်ဆောင်ကာ အမြင့်ပိုင်းတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြသူများကို လိုက်လံထောက်ပံ့ ဝေငှပေး၏။

ဒေသထုတ် ဆမိုဝါအော့ဗ်ဇာဗား (samoa observer) သတင်းစာကြီးက ဂျက်နှင့်ပတ်သက်၍ "ကလေးသူငယ်ကို သူရဲကောင်းဆန်ဆန် စွန့်စားကယ်တင်ခဲ့သူ" ဟု ခေါင်းစဉ်တပ်ကာ တခမ်းတနား ဖော်ပြခဲ့၏။ ဂျက်ကမူ သူ့ကိုယ်သူ သူရဲကောင်းတစ်ဦးအဖြစ် မခံစား၊ မထင်မှတ်မိခဲ့ချေ။ သူ့ဒူးခေါင်း နှစ်ဖက်စလုံး ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိခဲ့ရာ ခွဲစိတ်မှု ခံယူကောင်း ခံယူရလိမ့်မည် ဖြစ်၏။ ထို့ပြင် ကုသ၍မရတော့သော အရှိုးရာများ၊ ပွန်းပဲ့ဒဏ်ရာများ၊ အမာရွတ်များကမူ သူရဲကောင်း အမှတ်တံဆိပ်များအဖြစ် ခန္ဓာကိုယ်တွင် ကျန်ရစ်ခဲ့၏။ အဆိုးရွားဆုံးသည်ကား ရင်ခေါင်းအောင့်ပြီး ချောင်းဆိုးသည့် ဝေဒနာပင် ဖြစ်၏။ (ယင်းသည်ကား ဘက်တီးရီးယားပိုးတို့ ပြည့်လျှမ်းနေသော ရွှံ့ရေများ လည်ချောင်းထဲ ဝင်သွားခဲ့ခြင်းကြောင့် နမိုးနီးယားဆန်ဆန် ဖြစ်ပွားသည့် ဆူနာမီအဆုတ်ရောဂါဖြစ်ကြောင်း နောင်အခါမှ စစ်ဆေးသိရှိခဲ့ရ၏။)

ညဆိုလျှင် ဂျက်သည် အိပ်မက်ဆိုးကြီးများ၏ နှိပ်စက်မှုဒဏ်ကို အလူးအလဲခံနေရ၏။ လှိုင်းလုံးကြီးတွေက သူ့ကို လိုက်လံဝါးမျိုနေကြပုံ၊ သူ့ဘယ်ဘက် ချိုင်းအောက်တွင် ညှပ်ထားသော ကလေးငယ် လွတ်ထွက်သွားရပုံ၊ ကယ်နီကိုလှိုင်းလုံးကြီးက ဆွဲချသွားပုံတို့ကို ထိတ်လန့်စဖွယ် ပြန်လည်မြင်မက်ပြီး လန့်နိုးလာတတ်၏။ နေ့လယ်ဘက်တွင် သည်အကြောင်းတွေကို ပြန်လည်တွေးတော သတိရပြန်တော့လည်း သူ့မျက်ရည်ဝိုင်းရပြန်၏။

ကာရိုးလ်ခမျာလည်း အိပ်မပျော်၊ စားမဝင် ဖြစ်ရသည့်အပြင် ဆောက်တည်ရာမရ ဖြစ်နေ၏။ ဆူနာမီအကြောင်း ပြန်ပြောင်း ပြောရလေတိုင်း သူမသည် ငိုကြွေးမိရရှာ၏။

www.burmeseclassic.com

www.burmeseclassic.com

ပေါလောမျောနေသော လူသေရုပ်အလောင်းများကို သူမ၏ အာရုံထဲမှ ဖျောက်ဖျက်၍ မရနိုင်ခဲ့။

လုပ်ငန်းဆိုင်ရာ ပစ္စည်းများအတွက် အာမခံ မထားခဲ့ကြသောကြောင့် ဘာတစ်ခုမျှ လျော်ကြေးပြန်မရခဲ့ကြ။ သူတို့ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော အဝတ်အစားမှတစ်ပါး ဘာမျှ မကျန်ရစ်ခဲ့။ သို့ရာတွင် သူတို့သည် မိသားစုသဖွယ် ချစ်ခင်တွယ်တာနေမိသူ ဆမိုဝင်တို့ကို ကူညီထောက်ပံ့ပေးနိုင်ရန်အတွက် ယခုကဲ့သို့ မသေမပျောက် ကျန်ရစ်ခဲ့ခြင်း ဖြစ်မည်ဟု လေးလေးနက်နက် ယုံကြည်ခံယူမိခဲ့ကြ၏။

"လှိုင်းလုံးကြီးတွေက ချေဖျက်လို့ မရနိုင်တဲ့ ကိုယ် ရည်ကိုယ်သွေးမျိုးပဲ ကျွန်မတို့ဆီမှာ ရှိချင်တယ်" ကာရိုးလ်က ပြောခဲ့ခြင်းဖြစ်၏။ သူတို့သည် အမေရိကန်ဘဏ်၌ စုဆောင်းထားရှိခဲ့သော နောက်ဆုံးလက်ကျန်ငွေများကို ထုတ်ယူလိုက်ကြ၏။ ထို့ပြင် ကာရိုးလ်၏ လုပ်သက်ဆုနှင့် အငြိမ်းစားထောက်ပံ့ကြေးများကိုလည်း အပြီးအပြတ် ထုတ်ယူခဲ့ကြ၏။ ထိုငွေများဖြင့် "မြောက်ပိုင်းဒေသ သစ်တောထွက် အရင်းအမြစ်များ" အမည်ရှိ ကုမ္ပဏီအသစ်တစ်ခု၌ ရင်းနှီးမြှုပ်နှံလိုက်ကြ၏။ ဖီဂျီကျွန်းမှ သစ်လုံးကြီးများကို ဝယ်ယူပြီး သစ်စက်ဖြင့် ခွဲကြ၏။ ကုမ္ပဏီ၏ စီမံကိန်းအရ အချို့ကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချပြီး ကျန်သစ်များကို ဆမိုဝါကျွန်း အပါအဝင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ဈေးနှုန်းအလွန်သက်သာစွာဖြင့် ရောင်းချပေး၏။ သူတို့သည် ထိုရငွေများဖြင့် ဖီဂျီရန်ပုံငွေတစ်ရပ်ကို တည်ထောင်ပြီး ယင်းဝင်ငွေ၏ ရာခိုင်နှုန်းတစ်ရပ်ကို ကျောင်းများနှင့် လမ်းများဖွံ့ဖြိုးရေးအတွက် ထောက်ပံ့လှူဒါန်း၏။

ယခုအခါ သူတို့မောင်နှံသည် ဆမိုဝါကျွန်း၊ အပီယာမြို့၌ အသိတစ်ယောက်၏နေအိမ်တွင် နေထိုင်လျက်ရှိပြီး ကူညီကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပျက် လုပ်ဆောင်လျက်ရှိကြ၏။

"အမေရိကမှာ အင်မတန်လှပတဲ့ ဗိတိုရိယအိမ်ကြီး မျိုးကို ဆောက်လုပ် ပိုင်ဆိုင်နေထိုင်ခဲ့ကြတဲ့ ကျွန်မတို့မောင်နှံဟာ မြုန်းခနဲ ဘာမှမကျန်တော့၊ မပိုင်ဆိုင်တော့ တဲ့ ဘဝမျိုးကို ရောက်သွားခဲ့ရတယ်။ ဒါပေမဲ့ ကိစ္စမရှိပါဘူးလေ။ ဆမိုဝင်တွေအပေါ် ပြုစုပျိုးထောင်ထားခဲ့တဲ့ ကျွန်မတို့ရဲ့ မေတ္တာတရားကတော့ ဆက်ပြီး ရှင်သန်ကြီးထွားနေပါတယ်။ ကျွန်မတို့မှာ ဘာမှမရှိတော့ပါဘူး။ ဒါပေမဲ့ အရာခပ်သိမ်း ပြီးပြည့်စုံနေပါတယ်" ကာရိုးလ် က သူမ၏ခံစားချက်ကို ပြောပြခဲ့ခြင်းဖြစ်၏။

"ကိုင်း ... မစွတာဝင်းရေ၊ ခင်ဗျားက စာရေးဆရာဆိုတော့ သေကံမရောက် သက်မပျောက်ဖြစ်ခဲ့ရတဲ့ ကျွန်တော်တို့ ဇနီးမောင်နှံရဲ့ ဘဝဖြစ်စဉ်ကို မြန်မာဘာသာနဲ့ စာတစ်ပုဒ် လောက်တော့ ဖြစ်အောင်ရေးစမ်းပါဗျာ" ဂျက်က ရန်ကုန်အမျိုးသား ပြတိုက်မှ မထွက်ခွာမီ ကျွန်တော့်ကို တိုက်တွန်းခဲ့ခြင်း ဖြစ်၏။

မနသကျော်ဝင်း(အမျိုးသားစာပေဆုရ)

ပဋ္ဌာန်းရွှေကျမ်းရတနာဒီပံ
ရွှေအလင်းတိုင်

ပဋ္ဌာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်လျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဋ္ဌာန်းရွှေကျမ်း ရတနာဒီပံ ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

ဤသို့ ပေါ်ထွက်ရအောင်လည်း ပဋ္ဌာန်းရွှေကျမ်းကျင့်စဉ်ကို အခိတ္တာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂမ္ဘီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ လူကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

— ဆက်သွယ်ရန် —

ရောင်ပြန်မဂ္ဂဇင်းတိုက်

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁

www.burmeseclassic.com

www.burmeseclassic.com



သမီးနှဒီ

မြဝတီ

အခန်း(၁)

စွန့်စားလိုသူတစ်ဦး ,

မန္တလေးမှ ပျံသန်းလာသော ယူဘီအေ လေယာဉ်ပျံသည် မင်္ဂလာဒုံလေယာဉ်ကွင်းသို့ ညနေ ၃ နာရီလောက်
ဆိုက်ရောက်လာလျှင်ပင် စောင့်ကြိုနေသူများသည် လေယာဉ်အနီးသို့ သူ့ထက်ငါ ပြေးလွှားရောက်လာကြ၏။
ကိုထင်ကျော်တစ်ယောက်မှာလည်း အခြားသူများကဲ့သို့ပင် လေယာဉ်ပေါ်မှ ဆင်းလာမည့်သူများကို အာရုံစူးစိုက်
ကြည့်နေလိုက်မိသည်။ ကြည့်ရုံတင်လည်း အားမရလှပေ။ ဘယ်သို့သောလူများ ဖြစ်မည်နည်းဟူသော သိလိုသောစိတ်က
ပြင်းထန်နေမိသည်။ ဟုတ်ပေသည်။ ခပ်စောစောက စိတ်မဝင်စားခဲ့ပေမယ့် ယခုတော့မှ တွေ့ချင် မြင်ချင်လာပေသည်။

www.burmeseclassic.com

www.burmeseclassic.com

အောင်သက်မြိုင်။

ကိုထင်ကျော်၏ နှုတ်မှလည်း တိုးတိုးကလေး လေသံထွက်မိသည်။ ဟုတ်ပေသည်။ ကိုထင်ကျော်၏ ဖခင်ကြီး ပါမောက္ခ ဦးထွန်းမြတ်ကျော်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ရှေးဟောင်းသုတေသန ယဉ်ကျေးမှု အရာရှိဟောင်း ပင်စင်အငြိမ်းစား ပါမောက္ခတစ်ဦးဖြစ်လျက် မကြာခဏ ဆိုသလို မကျန်းမမာ ဖြစ်ခဲ့၏။ ဤသို့ မကျန်းမမာ ဖြစ်ခဲ့သည့်ကြားမှပင် ရပ်ဝေးသို့ မကြာခဏ ခရီးထွက်ခဲ့ရာတွင် အနီးအနားတွင် ပြုစုဖို့ရာ အမြဲတမ်း သူနာပြုဆရာတစ်ဦး လိုလာခဲ့လေသည်။

တစ်ဖန် ဦးထွန်းမြတ်ကျော်အား ပြုစုရခြင်းမှာလည်း ဦးထွန်းမြတ်ကျော်၏ ရောဂါကို ဆန်းစစ်လျက် ဆေးထိုးပေးခြင်း၊ သောက်ဆေးများပေးခြင်းဖြင့် အားလပ်စွာ နေထိုင်နိုင်ပေ၏။ ပထမ ခေါ်ယူသော လျှောက်လွှာများတွင်ကား လက်ထောက်ကျန်းမာရေး အဆင့်လောက်ရလျှင် တော်လောက်ပြီဟု ဆုံးဖြတ်ထားခဲ့သော်လည်း ထိုကဲ့သို့ လျှောက်လွှာများထဲမှ လက်ထောက်ကျန်းမာရေးမှူး အောင်ပြီးသားဒေါက်တာ နှစ်ဦးအထိ ပါရှိနေခဲ့ခြင်းဖြစ်၏။ လျှောက်လွှာခေါ်ယူရာတွင်လျှင် ပရော်ဖက်ဆာကြီး ဦးထွန်းမြတ်ကျော် ခရီးထွက် သုတေသနပြုရာတွင် လခတိုးပေးပြီး ခရီးစားရိတ်များ ရရှိမည်ဖြစ်ကြောင်းလည်း ပါရှိခဲ့၏။

"ဖေဖေ ထင်တာက အနည်းဆုံး သူနာပြုအတတ်နဲ့ ဆေးဝါးပေးနိုင် ဆေးထိုးနိုင်တဲ့ လက်ထောက်ဆရာ တစ်ယောက်လောက်ရရင် တော်ပြီလို့ အောက်မေ့ထားခဲ့တာ အခုတော့ အောင်သက်မြိုင်လို ငယ်ရွယ်နုနယ်တဲ့ ဆရာဝန်တစ်ယောက်ကိုယ်တိုင်က လျှောက်ထားခဲ့တော့ သိပ်ဝမ်းသာစရာကောင်းတာပဲ၊ ဒါတင်မကဘူး မင်းရဲ့ သားရော ဇနီးပါ အဖော်ရတာပေါ့ကွယ်"

ဤသို့ ပါမောက္ခကြီးက ပြောခဲ့၏။ အမှန်ကတော့ ကိုထင်ကျော်တွင် မယားကြီး ဆုံးသွားပြီးသည့်နောက်တွင် ဖခင်ကြီး အလိုဆန္ဒအရ အရေးပိုင်ဟောင်း ဦးဘိုးဦး၏ သမီးကလေး စံပယ်ဆိုသူနှင့် မလွဲမကင်းသာပဲ လက်ထပ်ခဲ့ရ၏။ အမှန်ကတော့ ငွေကြေး ပြည့်စုံ၍ လုပ်ငန်းအားဖြင့် တိုးတက်နေသော စံပယ်လို ဆိုရှယ်ဆန်ဆန် အလှမယ်ကလေးတစ်ဦးကလည်း ကိုထင်ကျော်အား လက်ထပ်နိုင်ခဲ့သည်မှာလည်း အဆန်းတော့ဖြင့် မဟုတ်ပါချေ။

စံပယ်သည် ငယ်ရွယ်နုနယ်သလို အင်မတန်လှပ၍ မင်းစိုးရာဇာနှင့် အထက်တန်းလွှာပိုင်းတွင် ကျော်ကြားသူကလေး ဖြစ်၏။ အမှန်ကတော့လည်း အင်္ဂလိပ် ဗမာကပြား သွေးရောထားသူကလေးလည်းဖြစ်၍ အရပ်သွယ်ကာ တစ်မျိုးတစ်ဘာသာ ကြည့်ကောင်း၏။ ပခုံးချိတ် ရင်ဟိုက် ဂါဝန်ကို အမြဲနှစ်သက်ပြီး ဝင်းဝါလေသော ရွှေဝါနုနုရင်သားကို ဖော်ထားမှုလည်း ကျေနပ်နှစ်သက်သူ ဖြစ်၏။

သူမ၏ အမည်ရင်းကလေးမှာ မေရီအိုဝင်း ဖြစ်၏။ သူမ၏ ဖခင် ဘိလပ်သို့ ပညာသင်သွားစဉ်က အောက်စဖို့ကောလိပ်မှာပင် ကျောင်းသူတစ်ဦးနှင့် တွေ့ဆုံချစ်ကြိုက်ပြီး လန်ဒန်မှာပင် လက်ထပ်ခဲ့ခြင်းဖြစ်၍ အစစအရာရာ အနောက်နိုင်ငံဆန်ဆန် နေထိုင်ခဲ့ခြင်းဖြစ်၏။ စံပယ်မှာ အရေးပိုင်ကြီး ဦးဘိုးဦး၏ဇနီး အင်္ဂလန်သူ မေရီမွန်း၏ သမီးကလေးဖြစ်၍ မေရီမွန်းမှာ သမီးကလေး ငယ်ငယ်ရွယ်ရွယ် ကပင် ကွယ်လွန်သွားခဲ့ပြီးသည်မှာ ကြာပြီဖြစ်၏။ သမီးကလေး မေရီမှာ ဖခင်လက်ပေါ်မှာ ကြီးပြင်းခဲ့ရသူပီပီ ပိုမိုကာ နွဲ့ဆိုး ဆိုးခဲ့၏။ သည်ဟာ မကသေး၊ ကွန်းဗင့်ကျောင်းထွက်သူကလေးဖြစ်ခြင်းကြောင့်လည်း အပြောအဆိုက ခေတ်ဆန်နေချင်တိုင်း ဆန်နေပေတော့သည်။

ကိုထင်ကျော်မှာ ဖခင်ကြီး၏ ရှေးဟောင်းပစ္စည်း ရောင်းဝယ်ရေး ကုမ္ပဏီထောင်ကာ ကြီးပွားလာရာတွင် ဖခင်ကြီး၏ အစစအရာရာ လွှဲအပ်ထားသော မန်နေဂျာတစ်ဦး ဖြစ်သကဲ့သို့ သူကိုယ်တိုင်ကလည်း ဘီအေ အီကော်နောမစ် ဂုဏ်ထူးဖြင့် အောင်

www.burmeseclassic.com

www.burmeseclassic.com

ထားသူ ဖြစ်လေသဖြင့် စီးပွားရေးလုပ်ငန်းကို ပိုမိုကာ နိုင်နင်းခြင်းလည်း ဖြစ်၏။ သို့မို့ကြောင့်လည်း မေရီကို လက်မထပ်ခင်ကပင် သူက စီးပွားရေးမျက်စိဖြင့်ကြည့်ကာ သိပ်ပြီး သဘောကျလှသည်တော့ မဟုတ်။ မေရီမှာ စံပယ်ဟူ၍ မြန်မာအနုပညာ ဆန်ဆန် အမည်ပြောင်းထားလင့်ကစား စံပယ်လို တည်ငြိမ်ပြီး မွှေးနေခြင်း ဖြူစင်နေခြင်း မဟုတ်ပါပေ။

သူမသည် ယောကျ်ားကလေး မိတ်ဆွေများနှင့် ကပွဲသွား၏။ အသုံးအဖြုန်းလည်း အင်မတန်ကြီးပါ၏။ အမှန်တကယ်တော့လည်း စံပယ်သည် ဘီအေထင်ကျော်အား သိပ်ပြီး မနှစ်သက်လှသော်လည်း အသုံးအဖြုန်း ဝါသနာကြီး၏။ အစားအသောက် ဝါသနာကြီး၏။ ရုပ်ရှင်ပွဲကို မကြာခဏ သွားချင်၏။ ကပွဲကိုလည်း သွားချင်၏။ ကားကောင်းကောင်းကိုလည်း စီးချင်၏။ ဤသို့ကြောင့်ပင် ငွေကြေးပြည့်စုံသော ကိုထင်ကျော်အား သူမက လက်ထပ်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

အသွင်မတူ အိမ်သုံမဖြစ်ဟူသော စကားပုံသည် ကိုထင်ကျော်အဖို့ ပို၍မှန်ကန်လှ၏။ သို့စေကာမူ အသွင်မတူဘဲနှင့်လည်း စံပယ်နှင့် အိမ်ထောင်ပြုခဲ့ရ၏။ ခပ်စောစောက မချစ်ခဲ့သော်လည်း ညားပြီးသောအခါတွင် ချစ်ကြရ၏။ မည်သည့်အိမ်ထောင်ဘက်မဆို ညားပြီး၍ ချစ်ကြသော အိမ်ထောင်သည်များလည်း အများအပြားရှိကြရာ ကိုထင်ကျော်တို့အဖို့မှာ မညားခင်ကလည်း သိပ်ပြီး မချစ်ကြ။ ညားပြီးသောအခါမှာလည်း တစ်ဦးနှင့်တစ်ဦး ယုယုယယ ချစ်ကြသည်ဟူ၍ မရှိကြ။

သို့စေကာမူ လင်မယားဟူသော ဘဝသည် ပူးပေါင်းဖက်စပ်ထားသော အိမ်ထောင်ရေးသုခ ခရီးသွားမိတ်ဆွေများမို့ တစ်ဦးနှင့်တစ်ဦး ကြင်နာမှုကလေးနှင့် တစ်ဦးအပေါ်တစ်ဦး အလိုလိုက်တတ်သော အပြုအမူကလေးများကတော့ ရှိရမည် မဟုတ်လား။

မေရီကတော့ ဤသို့မဟုတ်ပါချေ။ ငွေကြေးချမ်းသာသော လင်ယောကျ်ားတစ်ဦး ရထားသဖြင့် သူမအဖို့မှာ ပို၍ကပွဲများ သွားနိုင်သည်။ အကောင်းဆုံး နိုင်လွန်၊ ပိုးဖဲ၊ ကတ္တီပါတွေကို ဝယ်နိုင်ပြီးတော့ သုံးနိုင် ဖြုန်းနိုင်ကာ လင်ယောကျ်ား နိုးပြီးသော်လည်း သူမက နေမြင့်သည့်အထိလည်း အအိပ်ကြီးသူ ဖြစ်သည်။ အဘယ်မှာလျှင် ယုယဖို့ရာ အချိန်ရှိပါတော့မည်နည်း။

မန္တလေး ယူဘီအေလေယာဉ်သည် ကွင်းအလယ်သို့ဖြတ်၍ ဆင်းမလာမီကပင် ကိုထင်ကျော်မှာ အထက်ပါအတိုင်း တွေးနေမိခြင်းလည်းဖြစ်၏။ သို့တစေ ကိုထင်ကျော်နှင့် စံပယ်(ခေါ်)မေရီတို့ နှစ်ဦး သဘောတူထားခဲ့သော အချက်တစ်ချက်ကတော့ဖြင့် ရှိပါသည်။ ထိုအချက်မှာမူ ကိုထင်ကျော်၏ ဖ ြကြီး ဦးထွန်းမြတ်ကျော်က လက်ထောက်ကျန်းမာရေး ဆရာဝန်ကလေးတစ်ဦးအား ခေါ်ယူခဲ့ကြသည်ကိုတော့ လုံးဝသဘောတူခဲ့ကြသည် မဟုတ်ပေ။ ဤသို့သဘောမတူခဲ့ကြသောအဖြစ်ကလည်း ဦးထွန်းမြတ်ကျော်၏ အစီအစဉ်တစ်ခုက ရှိနေခြင်းပင်ဖြစ်၏။ ထိုအစီအစဉ်မှာကား အကယ်၍ လက်ထောက်ကျန်းမာရေးမှူးကလေး ရောက်လာခဲ့ပါမူ အချိန်အခါကောင်းသောအခါတွင် ဝေးလံသော ခရီးသို့သွား၍ ရှေးဟောင်းပစ္စည်းများ ထုတ်ဖော်ရေးပင် ဖြစ်ပါချေသည်။

ဤသို့ကြောင့်လည်း ဆရာအောင်သက်မြိုင် ဆိုသူအား ကိုထင်ကျော်က ရောက်လာမည်ကို မနှစ်သက်ခဲ့ခြင်းတည်း။ ပို၍မနှစ်သက်ရသည်မှာလည်း ထိုကဲ့သို့ ငယ်ငယ်ရွယ်ရွယ်နှင့် လူငယ်တစ်ဦးက အိမ်သို့ ရောက်လာမည်ကို မနှစ်သက်ခြင်း ဖြစ်၏။ မှန်ပေသည်။ လူငယ်တစ်ဦးနှင့် မိမိ၏ မယားချောကလေး ငယ်ငယ်ရွယ်ရွယ်တို့ နီးစပ်သွားမည်ကိုလည်း မလိုလားနိုင်ခြင်းဖြစ်၏။

ယခုမှတော့ ဘာများပြုပြင်၍ ရပါဦးမည်နည်း။ အလုပ်လည်း ခန့်ပြီးသည်။ လာမည့်သူကလည်း လာတော့မည်။ ယခုပင် ယူဘီအေလေယာဉ်

www.burmeseclassic.com

www.burmeseclassic.com

သည် အောင်သက်မြိုင်ဆိုသော ကဗျာဆန်ဆန် အမည်ရှိသော လက်ထောက်ကျန်းမာရေးမှူးဆရာကလေးအား တင်ဆောင်ကာ ကွင်းလယ်သို့ ဆင်းလာခဲ့ပြီး သတ်မှတ်ထားခဲ့သောနေရာတွင် ရပ်ခဲ့ပြီ မဟုတ်ပါလေလား။

လေယာဉ်ပေါ်မှ အသင့်ဆင်းနိုင်စေရန်အတွက် လှေကားများကို တံခါးပေါက်ဆီသို့ တပ်ပြီးသည်နှင့် လေယာဉ်တံခါးကို လေယာဉ်မယ်တစ်ဦးက ဖွင့်ပေးလိုက်ခဲ့၏။ ဤသို့ လေယာဉ်တံခါးဖွင့်ပေးလိုက်သည်နှင့် တစ်ပြိုင်တည်း ကြိုဆိုသူများလည်း အနီးသို့တိုးကပ်သွားကြ၏။ ကိုထင်ကျော်လည်း စီးကရက်တစ်လိပ်ကို သောက်ရာကပင် လေယာဉ်ပေါ်မှ ဆင်းလာသူများကို စိတ်ပါဝင်စားလှခြင်း မရှိလှဘဲ ကြည့်လိုက်မိ၏။

လေယာဉ်ပေါ်မှ ဆင်းလာကြသောသူများမှာ ပထမဆုံး ဘုန်းတော်ကြီးများနှင့် ပြည်နယ်ကလူများသာ အများဆုံး ဖြစ်နေ၏။ လာရောက်ကြိုသူများလည်း သူ့ဧည့်သည်နှင့်သူ ဆိုသလို ကြိုဆိုသွားကြရာ နောက်ဆုံး အမျိုးသမီးချောကလေးတစ်ဦးသာ လေယာဉ်ပေါ်မှ နောက်ဆုံးဆင်းလာသည်ကို တွေ့ရ၏။

ဆင်းသွားကြသော လေယာဉ်ခရီးသည်များကို သက်ဆိုင်သူများက ကြိုဆိုခေါ်ငင်သွားသဖြင့် အောင်သက်မြိုင်လို ဆရာဝန်နှင့်တူသော လူတစ်ယောက်ကို ရှာမတွေ့ဘဲ ဖြစ်နေသဖြင့် အင်မတန်မှ အံ့သြနေမိ၏။ အောင်သက်မြိုင်၏ သံကြိုးစာထဲတွင် ယူဘီအေလေယာဉ်ဖြင့် ယနေ့ဆက်ဆက် ပါလာမည်ဟုပင် ရိုက်လိုက်သည်ဖြစ်ရာ အခြားအကြောင်းတစ်ခုခုကြောင့်သာလျှင် ရုတ်တရက် မလိုက်နိုင်ခြင်းသာ ဖြစ်ရပေမည်ဟု ကိုထင်ကျော်က တွေးလိုက်မိ၏။

လာ၍ကြိုသူများလည်း ရှင်းတန်သလောက် ရှင်းသွားခဲ့ပေပြီ။ နောက်ဆုံးမတော့ လေယာဉ်အလုပ်သမားများနှင့် ကိုထင်ကျော်သာလျှင် ကျန်ခဲ့သည်။ ကိုထင်ကျော်သည်လည်း အောင်သက်မြိုင်တစ်ယောက် မပါတော့ဟူသော ဆုံးဖြတ်ချက်ကို ချလိုက်ပြီးလျှင် ပြန်လှည့်လာခဲ့၏။ ဤသို့ ပြန်လှည့်လာကာမှပင်လျှင် ခပ်စောစောက လေယာဉ်ပေါ်မှ နောက်ဆုံးဆင်းလာသည့် အမျိုးသမီးချောသည် တစ်စုံတစ်ယောက်ကို ဟိုဟိုဒီဒီ လှည့်ကာ ရှာဖွေနေရင်းက ကိုထင်ကျော်ဘက်သို့ လှည့်ကြည့်လိုက်၏။ ကိုထင်ကျော်ကလည်း သူမအား ပြုံး၍ကြည့်လိုက်မိသည်။

အမှန်ကတော့ ကိုထင်ကျော်က ဖော်ရွေသောအပြုံးဖြင့် ပြုံးလိုက်ခြင်းသာဖြစ်၏။ သို့မို့ကြောင့်လည်း အမျိုးသမီးချောက ရဲတင်းသွားဟန်ဖြင့် ကိုထင်ကျော် လာနေသည်ကို ရပ်၍စောင့်နေ၏။ ကိုထင်ကျော်မှာ မိန်းမပျိုက သူ့အား တစ်ခုခု အကူအညီတောင်းတော့မည်ကို သိရှိလာ၍ ယဉ်ကျေးသော မြို့ကြီးသားပီပီ အနီးသို့ ခပ်သွက်သွက် ကပ်သွားမိခဲ့လေသည်။

"ကျွန်တော် ဘာများအကူအညီပေးရမလဲခင်ဗျား၊ အားမနာပါနဲ့"

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မကို လူတစ်ယောက် လာပြီးကြိုနေမယ်ဆိုလို့ပါ၊ ဒီတော့..."

"ဟုတ်ကဲ့၊ ပြောပါဦး၊ ဘယ်သူ့ကိုများလဲဗျာ"

ကိုထင်ကျော်က စိတ်ဝင်စားလာဟန်ဖြင့် မေးလိုက်၏။

"ယဉ်ကျေးမှု သုတေသနအရာရှိယောင်း ဦးထွန်းမြတ်ကျော် ဆိုတာပါ"

"ဗျာ..."

ကိုထင်ကျော်က သူ့နားကိုသူ မယုံသကဲ့သို့ ထပ်၍မေးလိုက်မိလေသည်။

"ယဉ်ကျေးမှု သုတေသနအရာရှိ ပေါင်း ဦးထွန်းမြတ်ကျော် ဆိုတာပါရှင်၊ ရှင်...နားတော့ မလေးတန်ပါဘူး"

"ဗျာ...အဲ အဲ...ကျွန်တော်နားတော့မလေးပါဘူး၊ ဒါပေမဲ့ တော်တော်အံ့သြနေမိတာပါပဲ၊ နေပါဦးခင်ဗျာ၊ ခင်ဗျားက အောင်သက်မြိုင် ဆိုတဲ့လူနဲ့ သိသလား၊ သူကတစ်ဆင့် မှာလိုက်လို့လား"

ကိုထင်ကျော်က အတော်ပင် ယုံကြည်နိုင်စရာ မရှိလေသဖြင့် ထပ်

www.burmeseclassic.com

www.burmeseclassic.com

ထပ်၍ မေးနေမိ၏။

"ဘယ်လိုမှ တစ်ဆင့်မှာတာ မဟုတ်ပါဘူး၊ ကျွန်မအမည်ကိုက အောင်သက်မြိုင်လို့ ခေါ်ပါတယ်ရှင့်၊ ရှင်က သုတေသနအရာရှိ ဦးထွန်းမြတ်ကျော်က လွှတ်လိုက်တဲ့လူထင်ပါရဲ့"

ထိုအခါမှပင်လျှင် ကိုထင်ကျော်မှာ အောင်သက်မြိုင်ခေါ်သည့် မိန်းမပျိုကိုကြည့်၍ အတော်ကလေး အံ့အားသင့်လျက် ခေါင်းညိတ်လိုက်မိလေသည်။

"ကျွန်တော် ထင်တာက ခင်ဗျားကို အောင်သက်မြိုင်လို့ မထင်ဘူး၊ အောင်သက်မြိုင် ဆိုတာက ယောကျ်ားတစ်ဦးရဲ့ အမည်ပဲလို့ ထင်တာကိုး၊ လာမှာကလည်း အောင်သက်မြိုင်ဟာ ယောကျ်ားလေးတစ်ဦးပဲလို့ ကျွန်တော်က ထင်ခဲ့တယ်။ ပြီးတော့ ခင်ဗျားရဲ့ လျှောက်လွှာမှာကလည်း ကျွန်တော် ဆိုတဲ့ အသုံးအနှုန်းကို ရေးထားတာကိုး၊ အဲဒီတော့ ယောကျ်ားလေးတစ်ဦးပဲလို့ ထင်ခဲ့ပါတယ်"

"အဲဒါ ကျွန်မအပြစ်ပဲရှင့်၊ လျှောက်တုန်းက ကျွန်မလက်ရေးနဲ့ လျှောက်တာမဟုတ်ဘူး၊ မောင်လေးကရေးတဲ့လျှောက်လွှာနဲ့ ကျွန်မက လက်မှတ်ထိုးပေးလိုက်တာကိုး၊ ပြီးတော့ ခေါ်ယူတုန်းကလည်း အမျိုးသမီးဖြစ်ဖြစ်၊ အမျိုးသားဖြစ်ဖြစ် လျှောက်ထားနိုင်တယ်ဆိုတော့ အရေးမကြီးဘူး ထင်ပြီးတော့ လက်မှတ်ထိုးပေးလိုက်တာပါ"

"အင်း…အောင်သက်မြိုင်ဆိုပြီး ယောကျ်ားအမည်ယူထားတော့ ကြိုဆိုရာမှာ မှားခဲ့တာပေါ့၊ အောင်သက်မြိုင်၊ ကျွန်တော့်အဖို့တော့ မိန်းကလေးတစ်ယောက်ဟာ ဒီလို စွန့်စားပြီး ထွက်လာတာ တော်တော်အံ့ဩစရာကောင်းနေတာပါပဲ"

"ကျွန်မလာတာ ကျေနပ်ရဲ့လားရှင်"

"မကျေနပ်ရော ဘယ့်နှယ်လုပ်မလဲ အောင်သက်မြိုင်၊ ကျွန်တော့်အဖေက ခင်ဗျားကို ခန့်လည်းပြီးပြီမဟုတ်လား"

"ကျွန်မကို အတိုကောက် သက်သက်လို့ပဲ ခေါ်ပါရှင်၊ အောင်သက်မြိုင်လို့ ခေါ်နေရတာ ပင်ပန်းလှပါတယ်"

"ကျွန်တော်က မြိုင်လို့ပဲ ခေါ်ပါရစေ၊ မြိုင်ဆိုတာ အဓိပ္ပာယ်လည်းကောင်း၊ ခေါ်လို့လည်း အင်မတန်ကောင်းပါတယ်ဗျာ"

"သဘောပါပဲရှင်၊ ဒါထက်"

"ဟုတ်ပါရဲ့၊ ကျွန်တော့်အမည်တောင် အခုထိ မပြောရသေးပါကလား၊ ထင်ကျော်လို့ ခေါ်ပါတယ် မြိုင်"

"ကျေးဇူးတင်ပါတယ်ရှင်"

အောင်သက်မြိုင်က ပြောလိုက်ပြီးသည့်အချိန်တွင် ကိုထင်ကျော်က အလိုက်သိစွာ မြိုင်၏သားရေသေတ္တာ ဆီသို့ လက်လှမ်းရင်းက 'ဒီသေတ္တာ ကျွန်တော့်ပေးပါ မြိုင်' ဟု ပြောလိုက်၏။

"နေပါစေရှင်၊ အထဲမှာ ထဘီတွေလည်း ပါပါတယ်၊ ငရဲအကြီးမခံပါရစေနဲ့"

"အို…ဒါ မြိုင်နဲ့ ဘာဆိုင်တာမှတ်လို့၊ ကျွန်တော်က ကူညီတဲ့ဟာပဲ၊ ပေးပါ မြိုင်"

ကိုထင်ကျော်က မြိုင်၏လက်ထဲမှ သားရေသေတ္တာကို ဆွဲယူလိုက်လေသောကြောင့် မြိုင်က ပေးလိုက်ရလေသည်။ လေယာဉ်ရုံးထဲမှ ကာစတန်အရာရှိများနှင့် ရဲအရာရှိများက သူတို့နှစ်ဦးအား ကြည့်နေကြသည်။ ထုံးစံအတိုင်းပင် ရှာဖွေစစ်ဆေးပြီးနောက်ဝယ် ကိုထင်ကျော်က အသင့်ရပ်ထားလေသော သူ၏ ဖောက်ဆောလ် မီးခိုးရောင်ကားကလေးဆီသို့ ခေါ်လာခဲ့၏။

မြိုင်မှာ မြို့တော်ရန်ကုန်သို့ ယခုတစ်ကြိမ် ပြန်လည်ရောက်ရှိလာရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်နေရလေသည်။ ဟုတ်ပေသည်။ ပထမအကြိမ်မှာ ဆေးကျောင်းတက်ခဲ့စဉ်ကဖြစ်၏။

အောင်သက်မြိုင်သည် လက်ထောက်ကျန်းမာရေးမှူးဘဝဖြင့် ကျေးရွာဆေးပေးခန်းကလေးများ၌ တစ်ယောက်တည်း စွန့်စားစား

www.burmeseclassic.com

www.burmeseclassic.com

အလုပ်လုပ်ခဲ့ရသောသူလည်း ဖြစ်၏။ ယခုတော့ အလုပ်မှထွက်ပြီး လခကောင်းသော ရန်ကုန်သူဌေးတိုက်တွင် လာ၍အလုပ်လုပ်ခဲ့ခြင်းမှာလည်း ရည်ရွယ်ချက်ကလေးများ ရှိသည်။ အခြားသူများ မသိသေးသော လျှို့ဝှက်ချက်ကလေးများမှာ အောင်သက်မြိုင်တွင် ရှိနေခဲ့ရလေသည်။ ထိုလျှို့ဝှက်ချက်လည်း စွန့်စွန့်စားစား ခရီးသွားလာလိုခြင်းပင်တည်း။

မြိုင်၏ အသက်သည် ၂၆ နှစ်ကျော်၍ အပျိုကြီးတစ်ဦး ဖြစ်နေသည်ဟု ဆိုလင့်ကစား မျက်နှာကလေးမှာ အသက် ၂၀ ခန့်အရွယ်ကလေးသာ ခန့်မှန်းနိုင်မည်ဖြစ်၏။ မှန်၏။ မြိုင်၏ နုပျိုလန်းဆန်းသော မျက်နှာကလေးမှာ နှင်းပွင့်ကလေးများနှယ် ဖြူဝင်းစင်ကြယ်လှ၏။ ပြည့်ဖြိုးတောင့်တင်း၍ အချိုးအဆစ် ပြေပြစ်လေသော မျက်နှာကလေးမှာကား သူ့ကိုယ်လုံးနှင့် သူ့အရပ်တွင် န္တဲ့န္တဲ့ပျောင်းပျောင်း ရှိလှ၏။

မြိုင်၏ ဆင်ယင်ထုံးဖွဲ့မှုသည် အင်မတန် ရိုးသားလှသည်။ ဖွာ၍ဖြန့်ထားသော ထုံးနည်းလည်း မဟုတ်ပါ။ ဘယ်ညာနှစ်ဖက် သွယ်ဝိုက်တတ်၍ ဂြိုဟ်တုထုံး ထုံးခြင်းလည်း မဟုတ်။ သူမ၏ ထုံးနည်းကလေးမှာ အဆန်းတွင် တကင်းလွတ်သည်ဟုလည်း မဆိုသာပါချေ။ ရိုးရိုးတစ်ပတ်လျှို ထုံးဖွဲ့၍ ကတ္တီပါနှင်းဆီဖြူပွင့်ကလေးကိုသာ ပန်ထားသဖြင့် ကြည့်ကောင်းလှပါ၏။ မှန်သားလို ညက်ချောလှသည့် နဖူးပြင်နုနုဝယ် ဆံယဉ်စကလေး ချထားသဖြင့်တော့ ပို၍ယဉ်၏။ လှ၏။ ပြီးတော့ ကုတ်အင်္ကျီအပါးစား အညိုရောင်ကလေး ဝတ်ထားသဖြင့်သာ ဆန်းနေသယောင် တွေ့ရလျက် ထဘီအနီတွင် အစိမ်းနုနု ပန်းပွင့်သေးသေးကလေး ဖော်ထားပြီး ခြေမျက်စိအထိ ထဘီနားရောက်နေရာ ယဉ်ကျေးလှသော ရွှေညာသူကလေး တစ်ဦးအဖြစ် ပီသလှပါသည်ဟုသာ ကိုထင်ကျော်၏ ဦးနှောက် နှလုံးဝယ် ထင်မြင်မိ၏။

သို့တစေ မြိုင်ရောက်လာခြင်းအတွက်လည်း အရွယ်နုနယ်သော မိမိ၏ ဇနီးချော မေရီသည် အဘယ်သို့များ သဘောထားလာမည်ကို မသိအောင် ဖြစ်နေ၏။ မည်သို့ဖြစ်စေ၊ တစ်အိမ်လုံးတွင် ဗိုလ်ဆွဲချင်သော မေရီနှင့် မြိုင်တို့သည် ခြောက်လတစ်နှစ်အထိ ကြာရှည်စွာ နေမှနေနိုင်ပါမည်လော။ သည်ဟာတင်မကသေး မိန်းမပျိုတစ်ယောက် အိမ်တွင်းရောက်လာခြင်းသည် ပြဿနာတစ်ခုခုတော့ ပေါ်လာတတ်သည် မဟုတ်ပါလား။

ကိုထင်ကျော်သည် ဘယ်လက်ဖြင့် စတီယာရင်ကိုထိန်းလျက် ညာလက်ဖြင့် ကုတ်အင်္ကျီအောက်အိတ်တွင်းမှ ငွေရောင်စီးကရက်ဘူးကို ထုတ်လိုက်ပြီး စီးကရက်တစ်လိပ် ထုတ်ကာ 'မြိုင် စီးကရက်' ဟု လှမ်းပေးလိုက်၏။ တစ်ဖန် ဘယ်လက်ဖြင့် ထိန်းကာ မောင်းနေရာကပင် အော်တိုမစ်တစ် သံမဏိမီးခြစ်ကလေး ခြစ်၍ ပေးလိုက်ရင်း သူကိုယ်တိုင်လည်း ညှိသောက်လိုက်၏။ နောက်ကြည့်မှန်ရိပ်ထဲတွင် အောင်သက်မြိုင်၏ ပြုံးပန်းပွင့်နေသော မျက်နှာကလေးကို ကြည့်နှူးစရာ တွေ့မြင်ရလေသည်။

ရွာမဘူတာကလေးနှင့် အင်းစိန်မြို့သွား အောင်မင်္ဂလာလမ်းကြားတွင် ကိုယ့်ဝင်းကိုယ့်ခြံနှင့် နေထိုင်ကြလေသော အိမ်မြင့်ကြီးများကို တွေ့လာရလေသည်။ ယင်းနောက်တွင် လမ်းကြားတစ်ခုသို့ ဝင်ရောက်လာခဲ့ပြီးလျှင် လမ်းမကြီးတစ်လမ်းသို့ဖြတ်၍ တိုက်ခံ ကျွန်းအိမ်ကြီး ဆောက်လုပ်ထားလေသော ခြံကြီးအတွင်းသို့ ဝင်ရောက်ခဲ့လေသည်။

ထိုနေရာမှကြည့်လျှင် တောင်ကုန်းအနိမ့်အမြင့်များနှင့် သရက်ပင်အုပ်များကို တွေ့ရမည်ဖြစ်လေသည်။ ရှုခင်းကောင်းလှသည်။ ခြံဝတွင် ရပ်ထားလေသော ဆိုင်းဘုတ်ကလေး ဖြစ်သည်။ ဆိုင်းဘုတ်ထဲမှ အမည်မှာ စိတ်ဝင်စားစရာကောင်းလှသော လှပသည့် အမည်ကလေးပင် ဖြစ်ပါလေသည်။

"သစ္စာမြိုင်"

www.burmeseclassic.com

www.burmeseclassic.com

အမည်ကလေး ယဉ်သလောက် ခြံကြီးနှင့် အိမ်မှာ မဆိုးလှ။ ပန်းရုံကလေးများကလည်း စုံသည်။ ပထမဆုံး မြင်ရသည့် စကားဝါပန်းရုံများနှင့် စံပယ်၊ နှင်းဆီများ ဖြစ်၏။ ဒေလီယာ ပန်းများနှင့် လှပသော ဆယ့်နှစ်ရာသီ ပန်းရုံများကိုလည်း တွေ့ရလေသည်။

ကားပေါ်မှ ဆင်းလာသောအခါတွင် မြိုင်သည် သူမ၏ သားရေသေတ္တာကလေးအား ဆွဲယူဆင်းခဲ့၏။

"မလေးမေ...သေတ္တာယူပြီးတော့ မြိုင့်အခန်းထဲကို ပို့ပေးပါဗျာ"

ကိုထင်ကျော်က မလေးမေဆိုသော အသက် ၃၀ ကျော်ခန့် အမျိုးသမီးတစ်ဦး လှေကားပေါက်ဝတွင် ရပ်၍ ကြိုနေသည်ကို ပြောလိုက်ခြင်း ဖြစ်လေသည်။

ဤအခိုက်မှာပင် အသက် ၅ နှစ်ကျော် ၆ နှစ်ခန့် ရှိလေသော ရှပ်အဖြူလက်တို ဘောင်းဘီအပြာအတိုနှင့် သားရေပျော့ ရှူးဖိနပ်အနီကလေး ဝတ်ထားသော ကလေးတစ်ဦးသည် 'ဒယ်ဒီ...ဒယ်ဒီ' ဟူ၍ ခေါ်ရင်း ထပြေးလာသည်။

"မြိုင်...ဟောဒါ ကျွန်တော့်ရဲ့ သားသားလေ"

ကိုထင်ကျော်သည် ကလေးအနီးရောက်သည်နှင့် တစ်ပြိုင်နက်တည်းမှာပင် ချိုင်းကြားမှနေပြီး မ၍ အပေါ်သို့ မြှောက်လိုက်၏။ ပြီးတော့ ပါးအိုဖြူ ဝင်းဝင်းကလေးအား နမ်းလိုက်သည်။

"ကိုထင်ကျော် သားလေးက ချစ်စရာလေးပါ"

"ကျွန်တော့်ဒယ်ဒီက အပေါ်ထပ်မှာလေ၊ သွားကြစို့"

ကိုထင်ကျော်သည် ကလေးပွေ့ချီထားရာကပင် အိမ်ထဲသို့ ဝင်ခဲ့လေသည်။ ထိုအခိုက် အသက် ၁၆ နှစ်ခန့်ရှိသော ကရင်ဗမာကပြား အမျိုးသမီးကလေးတစ်ဦးသည် အောက်ထပ်ကြမ်းပြင်ကို တံမြက်စည်းလှည်းလျက် ရှိနေသည်။

"ရွှေပုံ...မေရီ ဘယ်သွားလဲ"

ကိုထင်ကျော်က မေးလိုက်သောကြောင့် အိမ်ဖော် ရွှေပုံ ဆိုသည့် ဆံရစ်ဝိုင်းနှင့် အိမ်ဖော်ကလေးမကလေးမှာ မော့ကြည့်ရာက...

"သူ့သူငယ်ချင်းတွေနဲ့ ထွက်သွားတာပဲ၊ ဩ်...မွေးနေ့ပါတီဆိုလား အစ်ကိုကြီးရဲ့"

"ဟုတ်တယ်...ဟုတ်တယ်၊ အစ်ကိုတို့ တစ်အိမ်လုံး ဖိတ်ထားတာပဲ မေ့နေလိုက်တာ"

ဤသို့ပြောရာက အပေါ်ထပ်သို့ တက်လာခဲ့လေသည်။ ထိုအခိုက်မှာပင် ရွှေပုံသည် ရုတ်တရက်...

"အစ်ကိုကြီး ဘဘကြီး မရှိဘူး၊ သူ့အလုပ်တိုက်ကို ထွက်သွားခဲ့တာ တော်တော်ကြာပြီ အစ်ကိုကြီး"

ဟု ပြောလိုက်လေသည်။

"အို...မလေးမေက စောစောက ဘာပြုလို့ မပြောပါလိမ့်"

ကိုထင်ကျော်က ဤသို့ပြောရင်း တက်လက်စ လှေကားကို ဆက်၍ တက်သွားလျက်...

"ကျွန်တော့်ကို ဖေဖေက ဒီမှာ မတွေ့ရင် တိုက်ကို လိုက်ခဲ့ဖို့ ခေါ်ထားတယ် မြိုင်"

ဟု ပြောလိုက်၏။

အပေါ်ထပ်သို့ရောက်လျှင် မြိုင်နေထိုင်ရမည့်အခန်းလို့ ပြရင်းက...

"ကဲ...ကျွန်တော်တို့ အလုပ်တိုက်ကို လိုက်သွားရအောင် မြိုင်"

ဟု ပြောလိုက်၏။

မြိုင်သည် သူမ နေထိုင်ရမည့် အခန်းကို ကြည့်ရင်းက အတော်ကလေးသဘောကျသွားပြီး 'ဒီလိုဆို တစ်ခါတည်း သွားတာပေါ့' ဟု ပြောလိုက်၏။ မြိုင်က ပြောလိုက်လေသောကြောင့် ကိုထင်ကျော်လည်း ခေါင်းညိတ်ပြီး အပြင်သို့ ပြန်၍ထွက်လာခဲ့လေသည်။ ကလေးကို ရွှေပုံလက်ထဲသို့ ပြန်၍ထည့်လိုက်သည်။

အိမ်အောက်ရောက်သောအခါတွင် ကား ကိုထင်ကျော်က မြိုင်ကို ကားတံခါးဖွင့်ပေးလိုက်၏။ မြိုင်က ကိုယ်ကလေးညွတ်၍ ဝင်ပြီးသောအခါတွင် ကား ကိုထင်ကျော်က စက်ခန်းတံခါးဖွင့်လိုက်ပြီး အတွင်းသို့ဝင်ကာ စက်နှိုး၍ ထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com

အိမ်ဖော်များဖြစ်သော မလေးမေ၊ ရွှေပုံနှင့် ယောကျ်ားကြီးတစ်ဦးကို့ အချင်းချင်း လက်တို့ကာ ခေါင်းညိတ်ကာ ပြောဆိုလျက် ရှိနေကြလေသည်။

× × ×

ယဉ်ကျေးမှုသုတေသန အရာရှိဟောင်း ဦးထွန်းမြတ်ကျော်၏ အလုပ်တိုက်မှာ ပန်းဆိုးတန်းလမ်းတွင် ရှိ၏။ အလုပ်တိုက်ရှေ့သို့ ကားရပ်ပြီးလျှင် အပေါ်ထပ်သို့ တက်ခဲ့ရစဉ် မြိုင်၏ ရင်များသည် လေဟုန်စီးနေသကဲ့သို့ ရှိ၏။ မှန်သောအဖြစ်ပါတည်း။ မြိုင့်အဖို့ ဧရာမလူကြီးတစ်ဦးနှင့် တွေ့ဆုံရတော့မည် မဟုတ်ပါလား။

မြိုင်နှင့် တွေ့ဆုံရမည့်သူမှာ နှယ်နှယ်ရရလည်း မဟုတ်ပါချေ။ မျက်နှာကို မမြင်ခဲ့ဖူးသော်လည်း သတင်းများတော့ ကြားဖူးခဲ့သည်မှာ ကြာပေပြီ။ ဦးထွန်းမြတ်ကျော်ဟူသော သုတေသန အရာရှိဟောင်းမှာ ထူးဆန်းသော အရာဝတ္ထုများကို စုဆောင်းခြင်းနှင့် ရှေးဟောင်းပစ္စည်းများကိုလည်း ရောင်းဝယ်ခြင်းပြု၍ မကြာခဏလည်း သူတွေ့ရှိ စမ်းသပ်ခဲ့သော အရာဝတ္ထုများနှင့် ပတ်သက်ပြီး တော့ကာ သတင်းစာဆရာများအား ရှင်းလင်းပြောပြခြင်း၊ တက္ကသိုလ်တွင် ဟောပြောပွဲများတွင် ဟောပြောခြင်းများပြုသည်ကို သတင်းစာများတွင် မကြာခဏ ပါရှိလာတတ်လေသည်။

မကြာမီပင် ဒုတိယအထပ်တွင် ဖွင့်လှစ်ထားလေ့သော ဦးထွန်းမြတ်ကျော်၏ အခန်းတွင်း ကိုထင်ကျော်နှင့်အတူ ရောက်ရှိလာရလေ၏။ အသက် ၅၀ ကျော် လူတစ်ဦးမှာ ၄ ပေခန့် ရှည်လျားလှသော စားပွဲရှည်တွင် ခေါင်းငုံ့လျက် အရာဝတ္ထုတစ်ခုကို မှန်ဘီလူးဖြင့် ကြည့်လျက်ရှိနေသည်ကို မြိုင်က တွေ့ရ၏။ ဤပုဂ္ဂိုလ်ကြီးသည် ဦးထွန်းမြတ်ကျော် ဆိုသော ပုဂ္ဂိုလ်ကြီး ဖြစ်ပေမည်ဟု မြိုင်က တွေးလိုက်မိ၏။ မြိုင်တွေးလိုက်သကဲ့သို့လည်း မမှားလှ။ မြိုင်တစ်ယောက် ဦးထွန်းမြတ်ကျော်၏ စားပွဲရှေ့သို့ ကိုထင်ကျော်နှင့်အတူတွဲကာ ရောက်သွားသောအခါတွင် ဦးထွန်းမြတ်ကျော်က ခေါင်းမော့၍...

"ဟော...သားတို့တောင် ပြန်လာပါလား၊ အောင်သက်မြိုင် ဆိုတာ"

"ဟုတ်ပါတယ် ဖေဖေ"

ကိုထင်ကျော်က မြိုင့်ထံသို့ ညာဘက်လက်ဖြင့် ပြလျက် ပြောလိုက်သည်။ ဦးထွန်းမြတ်ကျော်မှာ ပထမတော့ တော်တော်ပင် အံ့သြသွားဟန်ကိုပြ၏။ ပြီးမှပင် မြိုင့်ကို အားရကျေနပ်စရာကောင်းအောင်ပင် ပြုံး၍ ကြည့်လိုက်ကာ...

"သြော်...အောင်သက်မြိုင် ဆိုတာ ကလေးမကိုး၊ ဦးက ယောကျ်ားဆရာကလေးတစ်ဦး အောက်မေ့နေတာကွဲ၊ အင်း..ဒီလိုဆိုတော့ ကလေးမ တော်တော်သတ္တိကောင်းပါလားကွဲ"

"ဦးမင်းရဲ့ ကိစ္စအဝဝကို ဆောင်ရွက်ပေးနိုင်မယ်ထင်ပြီး လျှောက်ခဲ့တာပါပဲ၊ အမှန်တော့ ကျွန်မအမည်ကလည်း ယောကျ်ားကလေးတစ်ဦး အမည်နဲ့ အင်မတန်တူနေတော့ အထင်လွဲစရာဖြစ်ပါတယ် ဦးရယ်..."

"အင်းလေ၊ ဦးအလုပ်ကလည်း တစ်ခါ တစ်ခါ ဘေးရန်မကင်းတတ်တဲ့နေရာတွေကို သွားရတယ် မဟုတ်လားကွယ်၊ ဒီလို ဘေးရန်မကင်းတဲ့ နေရာတွေကို သွားရတဲ့အခါမှာ မိန်းကလေးလို နုနုနယ်နယ်နဲ့ အရွယ်ကလေးများဟာ သင့်တော်ပါ့မလား ဆိုတာ စဉ်းစားမိတော့ ယောကျ်ားလေးမှပဲ သင့်တော်မယ်ဆိုပြီး ရွေးတာကိုး၊ အင်း..ဖြစ်ချင်တော့လည်း မိန်းကလေးပဲ ရွေးမိရက်သား ဖြစ်နေတယ်၊ ဒါပေမဲ့ ကလေးမရဲ့ မျက်နှာကြည့်ရတာလည်း ဦးအဖို့ ကျေနပ်စရာတွေ အများကြီး တွေ့ရပါတယ်ကွယ်၊ ထိုင်ပါ..ထိုင်ပါ"

(ရှေ့လ ဆက်ရန်)

မြဝဇီ

www.burmeseclassic.com

www.burmeseclassic.com

တစ္ဆေစီးတဲ့ လပြည့်ည

ဓာတ်ပုံမောင်မောင်အေး

မရောက်သည်မှာ ကြာပြီဖြစ်သော ရောင်ပြန်မဂ္ဂဇင်းတိုက်သို့ ၂-၂-၂၀၁၈ နေ့က ရောက်ရှိသွားပါသည်။ မရောက်ဖြစ်သည့် အကြောင်းမှာ အသက်ကလေးကလည်း နည်းနည်းရလာတော့ ယခင်ကလို သွက်လက်ချက်ချာမှု မရှိတော့ဘဲ ထိုင်းမှိုင်းလာ၍။ ထိုင်းမှိုင်းခြင်းကြောင့် စာရေးခြင်းတွေလည်း ယခင်ကလို စိတ်သွားတိုင်း ကိုယ်မပါတော့ချေ။ တစ်လတစ်ပုဒ်ပင် အတော်ကြိုးစားရေးရ၏။ ထို့ကြောင့် ရောင်ပြန်တိုက်သို့ မသွားနိုင်တော့ချေ။ လက်ကတုန်သဖြင့် ရေးရတာ အဆင်မပြေ။

တစ်လတစ်ပုဒ်ပင် အနိုင်နိုင်ကြိုးစားရသော စာမူများမှ ရောင်ပြန်မဂ္ဂဇင်းကြီးနှင့် ဆီလျော်သော ထူးခြားဆန်းကြယ်သည့် လူဝင်စားမလေးတစ်ဦး၏ ဖြစ်ရပ်မှန်စာမူကို ပေးပို့ရန်အတွက် ၂-၂-၂၀၁၈ နေ့ကမှ တစ်ကျော့ပြန်ရောက်ရှိခဲ့ရခြင်း ဖြစ်ပါသည်။

ရောင်ပြန်တိုက်သို့ မရောက်သည်မှာ သုံးနှစ်ထက်မနည်းတော့သဖြင့် ငါ့ကိုသိသူမရှိလေချေဟု တွေးထား၏။ ကျွန်တော်၏ အထင်အတွေးတို့ မမှန်ပါချေ။ အဘယ်ကြောင့်ဆိုသော် တိုက်ထဲရောက်လျှင်ပင် ထုတ်လုပ်မှုအယ်ဒီတာဖြစ်သူ ဆရာသန့်က နွေးထွေးပျူငှာစွာ ကြိုဆိုညှိခံသောကြောင့် "သြော် . . . ဆရာသန့်(ဆန်းမင်း) ငါ့ကိုမှတ်မိနေတာပဲ"ဟု ပီတိဖြစ်မိ၏။ ရောင်ပြန်မဂ္ဂဇင်းစာအုပ် လက်ဆောင်တွေလည်း ပေး၏။ ဝမ်းသာပီတိဖြစ်ရခြင်းများနှင့်အတူ ရောင်ပြန်မဂ္ဂဇင်းအတွက် စာမူတွေလည်း ဆက်ရေးတော့မည်ဟု အားသစ်တွေဝင်လာပါသည်။ ဓာတ်ပုံမောင်မောင်အေး အသက်ကလေး နည်းနည်းရလာပြီ ဆိုခြင်းမှာ သက်ကြီးစာပေပညာရှင်များ ကန်တော့ခံအဖြစ် မြို့တော်ခန်းမသို့ သုံးကြိမ်မြောက် ရောက်ရှိခဲ့ပြီးသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်သည် ယခင်က ဤရောင်ပြန်မဂ္ဂဇင်းကြီးတွင် "ကိုယ်တွေ့တစ္ဆေများ"ခေါင်းစဉ်ဖြင့် အမှတ်စဉ်-၅ အထိ ရေးသားခဲ့ဖူး၏။ ကိုယ်တွေ့တစ္ဆေများဟု ဆိုရာတွင် တစ်ဆင့်ကြားမဟုတ်ဘဲ ကျွန်တော်ကိုယ်တိုင် မျက်မြင်ကြုံတွေ့ခဲ့ရသောဖြစ်ရပ်များကို ရေးသားခြင်း ဖြစ်ပါသည်။ ကိုယ်တွေ့ဟုဆိုရာတွင် သာမန်ခြောက်လှန့်ခြင်းမျိုး မဟုတ်ပါ။ တစ္ဆေနှင့် ဘတစ်ပြန်၊ ကျားတစ်ပြန် နပန်းလုံးခဲ့ရသည်အထိ ကြုံဖူးပါသည်။ ကြောက်တတ်သူဆိုလျှင် ထိုနေရာတွင် လန့်၍သေနိုင်၏။ ကျွန်တော်က တစ္ဆေသရဲ ကြောက်သူမဟုတ်၍ နပန်းလုံးခဲ့ခြင်း ဖြစ်ပါသည်။

မယုံကြည်သူများအနေဖြင့် ယခုလို အဖက်ဖက်က ဆန်းသစ်တိုးတက်နေသော ခေတ်ကြီးမှာ ဒီတစ္ဆေသရဲဆိုတဲ့ဟာတွေ မရှိတော့ပါဘူးကွာဟူ၍ ဆိုသူတွေလည်းရှိ၏။ တို့က လက်တွေ့မဟုတ်ရင် ဧဆာရီးပဲ ဆိုသူတွေလည်းရှိ၏။ ကျွန်တော်ဆိုသော ဓာတ်ပုံမောင်မောင်အေးသည် ဗုဒ္ဓစာပေများဖြစ်သည့် ဓမ္မပဒ၊ ဝိမာနဝတ္ထုပါဠိတော်၊ ပေတဝတ္ထုပါဠိတော်၊ ငါးရာ့ငါးဆယ်ဇာတ်တော်များ၊ မိလိန္ဒပဉှာ၊ မဟာဗုဒ္ဓဝင်စာပေများကို လက်လှမ်းမီသမျှ ဝယ်ယူစုဆောင်း၍ ဖတ်ရှုလေ့လာခြင်း၊ လူသူမနီးသော တောတောင်များသာမက၊ ပင်လယ်ပြင်ရှိ ကျွန်းကြီးများပါမကျန် ဓာတ်သတ္တုသယံဇာတများကို လေ့လာရှာဖွေရသည့် (ဘ. ဓ. ရ) ဝန်ထမ်းဘဝဖြင့် နှစ်ပေါင်း ၃၇ နှစ် ကျင်လည်ခဲ့ရသူဖြစ်ပေရာ စာတွေ့အသိရော၊ ဘဝပေးအတွေ့အကြုံပါ ပေါင်းစပ်၍ ယုံကြည်သူဖြစ်ပါသည်။

ယခု ဖော်ပြမည့် "တစ္ဆေစီးတဲ့လပြည့်ည" ဖြစ်ရပ်သည် ကျွန်တော်ဝန်ထမ်းဘဝ ဘောက်ဆိုက်သယံဇာတ လေ့လာရှာဖွေရေး ဆောင်ရွက်စဉ်က တွေ့ကြုံခဲ့ရသော ဖြစ်ရပ်ကို တင်ပြခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၎င်းတွင် ဘောက်ဆိုက် Bauxite သယံဇာတ၏ အသုံးဝင်မှုကို ဗဟုသုတအဖြစ် တင်ပြပါမည်။ ယနေ့အလွန်တိုးတက်နေသော နည်းပညာခေတ်ကြီးတွင် ဘောက်ဆိုက်သယံဇာတသည် သူမပါလျှင် မပြီးသောနေရာတွင်ရှိ၏။ အပူခံပစ္စည်းများ ပြုလုပ်ရာတွင် ဘောက်ဆိုက်မပါ၍မရပေ။ ရေပန်းစားနေသော ရေသန့်လုပ်ငန်းများ၊ စက္ကူလုပ်ငန်း၊ ကော်ပတ်လုပ်ငန်း၊ ဓာတုဗေဒလုပ်ငန်း၊ ရေနံသန့်စင်သောလုပ်ငန်း၊ သကြားသန့်စင်သောလုပ်ငန်း၊ အလူမီနီယံပါသည့် အထူးဘိလပ်မြေလုပ်ငန်း၊ ရေဓီယိုတယ်လီဗီးရှင်းဆိုင်ရာ အီလက်ထရောနစ် ပစ္စည်းများပြုလုပ်ရာ၌လည်းကောင်း၊ ပေါ့ပါးခိုင်ခံ့ သံချေးမတက်သော လျှပ်ကူးပစ္စည်း၊ ဝေလယာဉ် တည်ဆောက်ရေး သတ္တုစပ်ပစ္စည်းများ ပြုလုပ်ရာတွင်လည်းကောင်း စသည်ဖြင့် နေရာများစွာတွင် အသုံးပြုရသည့် သယံဇာတဖြစ်၏။

ကျွန်တော်တို့ ဘောက်ဆိုက်သယံဇာတ လေ့လာရှာဖွေရေး ဆောင်ရွက်ရသော ဘူမိဗေဒအဖွဲ့သည် ပြင်ဦးလွင်မြို့ (ယခင်မေမြို့) နှင့် ၂၄ မိုင်ခန့်ကွာဝေးသော ဒုဋ္ဌဝတီမြစ်အနီးမှ တောတွင်းတစ်နေရာတွင် ရောက်ရှိစခန်းချ၍ ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်နေရခြင်းဖြစ်၏။ ဘူမိဗေဒစခန်း၏အနီးတွင် သပြေရေဟု အမည်ရှိသော ချောင်းငယ်လေးရှိသောကြောင့် စခန်းကို သပြေရေဘူမိဗေဒစခန်းဟု အမည်ပေးလိုက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘောက်ဆိုက် သယံဇာတလေ့လာရှာဖွေခြင်းလုပ်ငန်းကို ဘူမိဗေဒပညာရှင်များ ဖြစ်ကြသော အဘထင်ကျော်၊ ဗစ်တာလှဝင်၊ အမ်ဇော်ထူး၊ ကိုခင်မောင်လေးတို့က ဆောင်ရွက်ကြသလို၊ ကွန်တိုမြေပုံတိုင်းတာ ရေးဆွဲရေးအတွက် ကျွန်တော်နှင့် အဖွဲ့ဝင်နှစ်ဦးတို့က ရေးဆွဲထုတ်လုပ်ရပါသည်။ ကျွန်တော်တို့ မြေတိုင်းအဖွဲ့နှင့် ဘူမိဗေဒပညာရှင်တို့အဖွဲ့အတွက် တောခုတ်တောရှင်းလုပ်ရန် အလုပ်သမားများကို စခန်းနှင့် သုံးမိုင်ခန့်ဝေးသည့် ပြင်သာမြို့ရွာမှ ခေါ်ယူထားရပါသည်။ အလုပ်သမားများသည် နေ့စဉ်ရွာသို့ မပြန်ဘဲ အလုပ်နားရက် တနင်္ဂနွေလိုနေ့မျိုးမှ ရွာသို့ပြန်လေ့ရှိပါသည်။ တနင်္လာနေ့မနက် အလုပ်ဆင်းချိန်အမီရောက်အောင် ပြန်လာကြ၏။

မေလ၏ တစ်ခုသော တနင်္ဂနွေနေ့နှင့် ကဆုန်လပြည့်နေ့သည် ဆက်နေသောကြောင့် အင်္ဂါနေ့မနက်တွင်မှ ပြန်ရောက်လာကြပါသည်။ ပြန်ရောက်လာကြသောသူများထဲတွင် ကျွန်တော်၏မြေတိုင်းအဖွဲ့မှ အရေးကြီးသူတစ်ဦး မပါလာပါ။ မြေတိုင်းကိရိယာဖြစ်သော သီအိုဒိုလိုက်တိုင်းတာရသောနေရာတွင် Stadia Rod ကို ကိုင်ရသူအလုပ်သမားသည် စနစ်တကျ ကိုင်နိုင်စေရန် သင်ပေးထားရသူဖြစ်၏။ အခြားအလုပ်သမားများနှင့် မဖြစ်ပါ။

ထိုအလုပ်သမား၏ အမည်သည် နန္ဒ ဖြစ်ပါသည်။ ရောက်လာသော အလုပ်သမားများကို နန္ဒ ဘာကြောင့် အလုပ်မဆင်းသလဲဟုမေးရာ သရဲစီးသလိုလို၊ တစ္ဆေစီးသလိုလို မရေမရာဖြေကြပါသည်။ သရဲပူးသည်၊ တစ္ဆေပူးသည်ဟုသာ ကြားဖူး၍ တစ္ဆေစီးသည်ဟု တစ်ခါမျှမကြားဖူးသောကြောင့် ကျွန်တော်လည်း ဘာပြောရမည်ပင် မသိတော့သလို ထိုနေ့အဖို့ နန္ဒ မလာသဖြင့် မြေတိုင်းလုပ်ငန်း မလုပ်နိုင်တော့ချေ။

ထိုနေ့ညနေ ၅ နာရီခန့်ရောက်မှ နန္ဒတစ်ယောက် ငေးငေးငိုင်ငိုင်ဖြင့် စခန်းသို့ ရောက်လာပါသည်။ ယခင်နေ့များကလို သွက်လက်ချက်ချာမှု မရှိတော့ဘဲ ကြောင်တောင်တောင် ဖြစ်နေပါသည်။ အလုပ်သမားများကလည်း တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြ၏။ နန္ဒလည်း ဘယ်ကစပြီး ဖြေရမည်မသိသလို ဖြစ်နေသောကြောင့် ကျွန်တော်ကပင် –

ညောင်ပင်အောက်မှ ဖြတ်ရချိန်တွင် နန္ဒတစ်ကိုယ်လုံး ချမ်းတုန်သွားသလို ခံစားလိုက်ရပြီး မိမိခြံအတွင်းဝင်ရန် ခြေလှမ်းတစ်ဖက်ချလိုက်စဉ် တစ်စုံတစ်ဦးက ကျောကိုပုတ်လိုက်သောကြောင့် လှည့်ကြည့်လိုက်၏။

"ဟော့ . . . ဟော့ . . . မင်းတို့တစ်ယောက်တစ်ပေါက်မေးနေကြတော့ ဘယ်ကစရမလဲလို့ တွေဝေနေပြီ။ မင်းတို့ ခဏနေကြဦးကွ" ဟုဆိုရင်း ကျွန်တော်သောက်နေသော မိုးကုတ်လီရှော မီးတောက်အရက်တစ်ခွက်ကို ချေသားခြောက်မီးဖုတ် အမြည်းနှင့် ပေးလိုက်ပြီး သောက်ခိုင်း၏။ လီရှောမီးတောက်တစ်ခွက် ဝင်သွားမှ တက်ကြွဖျတ်လတ်လာကာ သူ၏ဖြစ်ရပ်ကို ပြောပြပါတော့သည်။ ဤတွင် သူပြောသောစကားတွင် ဒေသသုံး ရှမ်းစကားပါဝင်နေသဖြင့် စာဖတ်သူများ သဘောမပေါက်မည်စိုး၍ ကျွန်တော်က လိုတိုရှင်း စကားပြေဖြင့် ဖော်ပြအပ်ပါကြောင်း။

ပြင်သာမြို့ရွာ၏ အနေအထားကို ဖော်ပြရသော် (ပုံကြမ်းတွင်လည်း မြင်နိုင်ပါသည်။) ရွာ၏အရှေ့ဘက်တွင် ဘုန်းတော်ကြီးကျောင်းရှိ၍ ကျောင်းဝိုင်းထဲတွင် အ.မ.က ရှိသည်။ ဘုန်းကြီးကျောင်းဝိုင်း ရှေ့ဘက်တွင် ဥပုသ်ဇရပ်ရှိသည်။ ရွာ၏မြောက်ဘက်တွင် စေတီပျက်တစ်ဆူရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

မြောက်ဘက်တစ်မိုင်ခန့်တွင် Atove Sea Level ပင်လယ်ပြင်အထက် အမြင့်ပေ ၃၅၀၀ ခန့်ရှိသော ဒုတ္တာတောင်ရှိသည်။ ရွာလယ်တည့်တည့် အရှေ့အနောက် တန်းနေသော လမ်းမတွင် ဗောဓိညောင်ပင်ကြီးသုံးပင် အကွာအဝေးညီတန်း၍ပေါက်နေသည်။ ကြီးမားသော တောစိုးသစ်ပင်ကြီးများဖြစ်၏။ ဤဇာတ်လမ်းမှ တစ္ဆေဟုထင်ရသောပုဂ္ဂိုလ်သည် ဤဗောဓိညောင်ပင်တစ်ပင်မှ ပုဂ္ဂိုလ်ဟု ယူဆရသည်။

နန္ဒ၏အိမ်သို့ ပြန်ရသောလမ်းသည် အနောက်ဘက်ဆုံးရှိ တောစိုးညောင်ပင်ကြီးအောက်မှ ဖြတ်သန်းရသည်ဖြစ်ရာ ညောင်ပင်အောက်မှဖြတ်ရချိန်တွင် နန္ဒတစ်ကိုယ်လုံး ချမ်းတုန်သွားသလို ခံစားလိုက်ရပြီး မိမိခြံအတွင်းဝင်ရန် ခြေလှမ်းတစ်ဖက်ချလိုက်စဉ် တစ်စုံတစ်ဦးက ကျောကိုပုတ်လိုက်သောကြောင့် လှည့်ကြည့်လိုက်၏။

မြင်ရသည်က သျှောင်တစောင်းနှင့် အဘိုးအိုတစ်ဦးဖြစ်၏။ နန္ဒလည်း လန့်ဖျပ်၍ ခြံတွင်းပြေးဝင်မည်အပြုလက်ကိုဖမ်းဆွဲ၍ ကုပ်ပေါ်ခွတက်လိုက်၏။ မြန်လိုက်သည်မှာ မျောက်တစ်ကောင်အလားထင်ရသည်။ လည်ကုပ်ပေါ်ခွထိုင်ရင်း နန္ဒနားရွက်နှစ်ဖက်ကို မြင်းဇက်ကြိုး ကိုင်သလိုဆွဲလှည့်ပြီး ညောင်ပင်ကြီးဘက် သွားခိုင်း၏။

နန္ဒလည်း ကြောက်လွန်း၍ အိမ်မှလူများအော်ခေါ်ရန် ကြိုးစားသော်လည်း အသံထွက်မလာချေ။ သို့ဖြင့် အဘိုးအိုခိုင်းရာ သွားရ၏။ ညောင်ပင်မှပုဂ္ဂိုလ်ဟုထင်သဖြင့် ညောင်ပင်အောက်ရောက်လျှင် ရပ်လိုက်သဖြင့် အဘိုးအိုက ရှေ့ဆက်သွားရန် နန္ဒထိပ်ကိုခေါက်သဖြင့် ခရီးဆက်ခဲ့ရာ ရွာလယ်ညောင်ပင်၊ ထိုမှ ရွာထိပ်ညောင်ပင်အထိ။ ရွာထိပ်ညောင်ပင် နားရောက်လျှင် နားရွက်ဆွဲလှည့်၍ မြောက်ဘက်သို့ကွေ့ရ၏။ ဥပုသ်ဇရပ်နားရောက်လျှင် နားရွက်ဆွဲ၍ အနောက်ဘက် သွားခိုင်း၏။

ကဆုန်လပြည့်ည၏ လမင်းကြီးက ထိန်ထိန်သာလျက်ရှိသည်မှာ အပ်ကျသည်ကိုပင် မြင်ရလောက်၏။ အဘိုးအိုကို ကုပ်ပေါ်တွင်ပိုး၍ ရွာလယ်လမ်းမပေါ်မှာ သွားနေသော နန္ဒကို ဘယ်ခွေးတစ်ကောင်ကမျှ မဟောင်ဘဲ အမြီးကုပ်၍ကြည့်နေကြ၏။ လူသူဟူ၍လည်း တစ်ယောက်မျှ မတွေ့သလို ယုတ်စွအဆုံး ကွာလယ်ဆောင်မှ အပြန်နောက်ကျသော ကာလသားလူပျိုသော်မျှ မတွေ့ရပေ။

ရွာအလယ် တောင်မြောက်လမ်းသွယ်သို့ရောက်သော် မြောက်ဘက်သွားခိုင်းသဖြင့် ဆက်လျှောက်ရပြန်၏။ လူနေအိမ်ခြေများလွန်ကာ ရွာအပြင်စေတီတော်ပျက်နားအထိရောက်လာ၏။ စေတီတော်နားရောက်လျှင် ရပ်ခိုင်း၍ရပ်ရ၏။ ဤနေရာတွင် ဆင်းမည်လားဟုတွေး၏။ သို့သော် နန္ဒထင်သလို မဟုတ်ချေ။ နန္ဒကုတ်ပေါ်မှနေ၍ စေတီတော်အား ရှိခိုးပြီး နောက်ကြောင်းပြန်ရန် နားရွက်ဆွဲလှည့်သဖြင့် ပြန်ခဲ့ရ၏။

ရွာလယ်လမ်းကွေ့နားရှိ အစိုးခမ်းပုအိမ်မှ ခွေးရိုင်းလုံးသည် အလွန်ဆိုးသောခွေး ဖြစ်၏။ သို့သော် နန္ဒနှင့် အဘိုးအိုကိုမြင်သော် ဟောင်ဖို့ဝေးစွ အမြီးကုပ်၍နေ၏။

ရွာလယ်လမ်းဆုံမှ အနောက်ဘက်သို့ကွေ့ခဲ့ပြီး ဆရာကြီးဦးစိန္တာအိမ်ရှေ့ လမ်းခွဲရောက်သော် အနောက်ဆုံးညောင်ပင်ကြီးရှိရာသို့ ကွေ့ခိုင်း၏။ အချိန်တွေ မည်မျှရှိသည်ကိုပင် မသိတော့ချေ။ ညောင်ပင်ကြီးနားရောက်ချိန်တွင် ရွာဦးကျောင်းမှ အုန်းမောင်းခေါက်သံ ထွက်ပေါ်လာ၏။ ထိုစဉ်မှာပင် နန္ဒ၏ကုပ်ပေါ် ခွစီးထားသောပုဂ္ဂိုလ်သည် ခုန်ဆင်းသွားကာ ညောင်ပင်ကြီးနားတွင် ပျောက်ကွယ်သွား၏။ နန္ဒလည်း မိမိအိမ်သို့ မာရသွန်စံချိန်ဖြင့် ပြေးခဲ့ရပါသတည်း။

ကျွန်တော့်ဖြစ်ရပ်ကတော့ အဲဒါပါပဲ ဆရာမောင်မောင်အေးရယ်ဟု မရပ်မနားပြောပြသွားသော နန္ဒအား နောက်ထပ် လီရှောတစ်ခွက်နှင့် ချေသားခြောက်မီးဖုတ်ချိုးမြှင့်ရင်း "တစ္ဆေစီးတဲ့ လပြည့်ည" နန္ဒကိုယ်တွေ့ဖြစ်ရပ်အား တင်ပြအပ်ပါကြောင်း။

ပြင်သာမြို့ရွာသို့ရောက်လျှင် မအေး၏ယောက်ျား နန္ဒဟု မေးကြည့်နိုင်ပါသည်။ ဘောက်ဆိုက်သယံဇာတနှင့် ပတ်သက်သော အချက်အလက်များ အကူအညီပေးပါသော အငြိမ်းစားဘူမိဗေဒ အရာရှိဦးဇော်ဝင်းမြင့်အား အထူးကျေးဇူးတင်ရှိပါကြောင်း။

ဓာတ်ပုံမောင်မောင်အေး
၀၉-၄၅၀၀၂၆၄၅၄

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းစံမျက်ရည်

မေလတ်ဟာန်

"ဟာ . . . ရွှေဝါရာ နေစမ်းပါဟာ"

တံခါးဖွင့်ဖွင့်ချင်း ခြေထောက်နားကို တိုးဝင်လာသည့် ရွှေဝါကို ခပ်ဆတ်ဆတ်အော်ရင်း ခြေထောက်က အလိုလို တွန်းလိုက်မိတဲ့အချိန်မှာ တံခါးလာဖွင့်ပေးတဲ့ မေမေက . . .

"ရွှေသမီး . . ဘာဖြစ်လာသလဲ သငီ:: ရွှေဝါက ကြိုနေကျအတိုင်း ကြိုတာပဲသမီးရယ်"

မေမေ့စကားအဆုံးမှာ သတိတစ်ချက် လွတ်သွားပြီဆိုတာ သိလိုက်ပြီး . . .

"ဘာမှ မဟုတ်ပါဘူး မေမေရယ်။ တက္ကစီသမားကို စိတ်တိုလာတာပါ။ ဒီလောက်ပူတာကို အဲကွန်း မဖွင့်ဘဲ မောင်းလာတာ"

ကိုယ့်ရဲ့မုသားစကားနဲ့ တစ်စပ်တည်းမှာ မေမေက ပြောလိုက်ပါသည်။

"အဲဒါကြောင့် ပြောတာပေါ့။ သမီးကား ပြန်ဝယ်သင့်တယ်လို့။ အခုလို ဘတ်(စ်)ကားစီးလိုက်၊ တက္ကစီစီးလိုက်နဲ့ သမီးပင်ပန်းတာရော၊ မေမေလည်း သမီးနောက်ကျရင် စိတ်ပူနေရတာရော သက်သာတာပေါ့ သမီးရယ်"

"ဟုတ် . . . မေမေ၊ ခဏနားပြီး ထမင်းစားမယ်နော်"

ဟုပြောပြီး အခန်းတွင်းဝင်ခဲ့ပါသည်။

မေမေ ဝင်မလာမှန်းသိပေမယ့် တံခါးကို ဖြည်းဖြည်းစေ့ရင်း ခုတင်ဘေးစားပွဲပေါ်က မိသားစုဓာတ်ပုံလေး

www.burmeseclassic.com

www.burmeseclassic.com

ကို လှမ်းကြည့်မိလိုက်သည့်အခါ ... ပါးပြင်ပေါ်သို့ မျက်ရည်တွေက အလိုလို စီးကျလာမိပြီး၊ အဖေနဲ့ သမီး တစ်လှည့်စီ မောင်းခဲ့ကြသည့် ကားလေးက ဓာတ်ပုံထဲမှာ နေရာယူထားပါသည်။ ရွှေသမီးတို့ မိသားစုထဲမှ အဖေထွက်သွားကတည်းက သည် ကားလေးကို သံယောဇဉ်ဖြတ်ပြီး ရောင်းပစ်ခဲ့သည်။ အဖေ့ကိုသတိရရင်း၊ စိတ်တွေလေလွင့်ရင်း မောင်းမိမည်ကို ကိုယ့်ကိုယ်ကို သိပါသည်။ ကားမောင်းသင်တန်းတက်တုန်းက အဖေပြောခဲ့သည်။

“ဒီကားက ဒရိုင်ဘာနှစ်ယောက်ရှိမှ မောင်းလို့ရတာ။ သမီးမောင်းရင် အဖေဘေးက ရှိမယ်။ အဖေမောင်းရင် သမီးဘေးက ရှိရမယ်”

အခုတော့ သမီးတစ်ယောက်တည်းနဲ့ ဘယ်မောင်းလို့ ဖြစ်နိုင်ပါတော့မလဲ။

အိပ်ရာပေါ်လှဲချရင်း စားပွဲပေါ်က ဓာတ်ပုံလေးလှမ်း ယူလိုက်မိသည့်အခါ အဖေက ရွှေသမီးကို ပြုံးပြနေပါသည်။ ဘွဲ့ဝတ်စုံနှင့် ရွှေသမီးကလည်း အဖေနှင့်အပြိုင် ပြုံးနေပေမယ့် ထုံးစံအတိုင်း မေမေကတော့ ခပ်တည်တည်ပါပဲ။ စည်းကမ်းကြီးတဲ့၊ ဣန္ဒြေကြီးတဲ့ ဖေဖေရဲ့ ကျက်သရေရှိတဲ့ မျက်နှာကိုကြည့်ရင်း သက်ပြင်းမှုင်မှုင်ချလိုက်မိပါသည်။ မေမေလည်း ရွှေသမီးထက် မလျော့တဲ့ခံစားမှု ရှိပေမည်။ အမေတစ်ခု၊ သမီးတစ်ခုပေမို့ အမေ့စိတ်ထဲ ဘယ်နည်းနဲ့မှ ထိခိုက်ခံစားမှုတွေ ထပ်မဖြစ်ဖို့ မေမေ့ရှေ့မှာ ရွှေသမီးဟာ လွတ်လပ်ပေါ့ပါး ပျော်ရွှင်နေဟန် ပြရပါသည်။ ညစဉ် အိပ်ရာဝင် အဖေ့ကိုမှန်းလို့ ဦးချကန်တော့ရင်း အဖေ့ရဲ့ကျေးဇူးတွေကို သတိရမိတဲ့ညတိုင်းမှာတော့ ရွှေသမီးရဲ့ မျက်ရည်တွေ အများရှေ့မှာ မတွေ့နိုင်တဲ့ အကျဉ်းစံမျက်ရည်တွေနဲ့ ညတိုင်း အိပ်ရာဝင်ခဲ့ရသည်မှာ အချိန်အတော်ကြာခဲ့ပါပြီ။

မျက်နှာကြက်ကိုကြည့်ရင်း နေ့လည်က ကျောင်းသားတစ်စု မကြားတကြားပြောသွားသည့်စကားကို သွားသတိရလိုက်မိတယ်။

“မျက်နှာလေး လှသလောက် ကျောက်ရုပ်အတိုင်းပဲ။ နည်းနည်းလေးပြုံးရင်တောင် တော်တော်လှမှာ”တဲ့။

‘ရွှေသရဖီ’ဆိုသည့် မင်းတို့၏ ဆရာမ ကျူတာပေါက်စ အမေနှင့် သူ့ရဲ့အသိုင်းအဝိုင်းကြားမှာ ဟန်ဆောင်အပြုံးတွေနဲ့ နေရလွန်းလို့ သူတို့နဲ့ လွတ်ကင်းရာနေရာမှာ စိတ်ထဲရှိသည့်အတိုင်း နေခွင့်ရလိုပါတယ်။

ထိုစဉ် ... ဖုန်းမြည်သံကြောင့် အတွေးတွေရပ်ပြီး ဖုန်းကောက်ကိုင်လိုက်ပါတယ်။

“ရွှေသရဖီ မလာသေးဘူးလား”

တစ်ဦးတည်းသော အရင်းနှီးဆုံး သူငယ်ချင်း မေလေးရဲ့ အမေးဖြစ်ပါသည်။

“အေး ... သူငယ်ချင်း၊ ငါ မလာတော့ဘူး။ အိမ်ပြန်ရောက်နေပြီ”

“ငါက ဆိုင်တောင်ရောက်နေပြီ၊ လာခဲ့ပါဟာ”

မေလေးက ထပ်ဆင့်ပြောလိုက်ပါသည်။

“ဆောရီးပဲ သူငယ်ချင်းရာ၊ ငါ့အဖို့ အဆင်မပြေလို့ပါ”

“ဘာလဲ နင် ဟို Face book ထဲက ဟိုအကောင့်ကို သွားဝင်ပြီး ကြည့်ပြန်ပြီလား”

မေလေးရဲ့ အမေးကို ပြန်မဖြေသည်မှာ ဝန်ခံရာကျပေသည်။

“အေးလေ၊ ဒါဆိုလည်း မနက်ဖြန်မှ တွေ့ကြတာပေါ့”

“ကျေးဇူးပါပဲ မေလေးရာ၊ တို့တွေ မနက်ဖြန်မှ တွေ့မယ်နော်”

ကန်ပေါင်မှာ ရခိုင်မုန့်တီ သွားစားမည်ဟု ကိုယ်ကချိန်းပြီး မသွားဖြစ်ခဲ့ပါ။ မေလေး နားလည်ပေးမည်ကိုလည်း သေချာသိပါသည်။ မေလေးကို ကျေးဇူးတင်စကားပြောပြီးတော့ လက်ထဲကဓာတ်ပုံကို ပြန်ကြည့်ရင်း မိသားစုထမင်းဝိုင်းမှာ အဖေပြောခဲ့သည်ကို မှတ်မိပါသေးသည်။

“ရွှေသမီးကို ကျေးဇူးတင်ပါတယ်”တဲ့။

ရွှေသမီးဘွဲ့ယူသည့်နေ့၊ ဆိုင်တစ်ဆိုင်မှာ မိသားစုရဲ့ နောက်ဆုံးညစာအဖြစ် ရှိခဲ့တာကိုလည်း ရင်ထဲမှာအမြဲ အမှတ်ရနေပါသည်။

“အဖေ့ကို သမီးနားလည်ပါတယ်”

လို့ ပြောသည့်အခါ ရွှေသမီးလက်ကိုဆုပ်ရင်း –

“သမီးကို ကျေးဇူးတင်ပါတယ်”

လို့ ဖေဖေ မျက်ရည်အဝဲသားနဲ့ ပြောခဲ့တဲ့အချိန်မှာ ရွှေသမီး ရင်ထဲမှာလည်း ဗလောင်ဆူနေပါသည်။

တားမရသည့် အဖေ၊ သမီးကို လူတစ်လုံး၊ သူတစ်လုံးဖြစ်အောင် ပြု

www.burmeseclassic.com

www.burmeseclassic.com

စုပျိုးထောင်ခဲ့တဲ့ အဖေ၊ မိသားစုကို အချမ်းသာဆုံးမဟုတ်တောင် လူတန်းစေ့ဖြစ်အောင် ကြိုးစားခဲ့တဲ့ အဖေ။ ကိုယ့်ထက် အသက်ရှစ်နှစ်လောက်ကြီးတဲ့သူကို မမရဲ့ မောင်လေးဆိုပြီး ငယ်ငယ်ရွယ်ရွယ် စိတ်ကစားမိပြီး လက်ထပ်ခဲ့တဲ့ အဖေ။

စည်းကမ်းကြီးပြီး အလိုမလိုက်တတ်သည့် အမေနှင့် သဘောထားတွေ အမြဲကွဲလွဲခဲ့ရတဲ့ အဖေ။ အမေရဲ့ ဥပေက္ခာနဲ့ ဒဏ်ခတ်မှုတွေကို မခံစားနိုင်တော့ပါသော အဖေ။ သူ့ကို လွတ်လပ်ခွင့်ပေးပါ တောင်းဆိုလာသော အဖေ။

ဘဝသစ်မှာ အဖေ ပျော်ရွှင်နေမယ်ဆိုတာသိပေမယ့် ရွှေသမီး အဖေနဲ့ထပ်တူ မပျော်နိုင်ပါ။ သုံးယောက်ပေါင်းတစ်ဘဝလို့ ငယ်ငယ်က ရွှေသမီး ထင်ခဲ့ပေမယ့် အဖေနဲ့ အမေ ကွဲပြားမှုတွေ၊ နားလည်မှုကင်းပြီး အေးစက်တဲ့ ဆက်ဆံမှုတွေကြားမှာ သမီးရဲ့အိပ်မက်တွေ အဆုံးသတ်ခဲ့ပါပြီ အဖေ။ သမီး အားလုံးကို နားလည်ပါတယ်လို့ ပြောခဲ့ပြီး ဘယ်သူမှ မမြင်ခဲ့တဲ့ သမီးရဲ့ မျက်ရည်တွေ၊ ပျောက်ဆုံးသွားတဲ့ သမီးရဲ့အပြုံးအစစ်တွေနဲ့ အဖေ့ကို ကျေးဇူးဆပ်ခဲ့တာပါ အဖေ။ ရွှေသမီးတို့ဆီ ဘယ်တော့မှ ပြန်လာမှာမဟုတ်ဘူးဆိုတဲ့ မေမေ့ရဲ့စကားအတိုင်း အဖေပြန်မလာခဲ့ပေမဲ့ အဖေ ဘာတွေလုပ်နေလဲ၊ ဘာတွေခံစားနေရမလဲဆိုတာကို အဖေ့ရဲ့ဖေ့စ်ဘုတ်အကောင့်ပေါ် ဝင်ဝင်ကြည့်တတ်တဲ့ ရွှေသမီး၊ ရွှေသမီး၏ အခန်းထဲမှာ အမြဲရှိနေသည့် ဘွဲ့ယူသည့်နေ့က မိသားစုဓာတ်ပုံနဲ့တူသည့် မိသားစုဘွဲ့ယူသည့် ပုံတစ်ပုံ ဒီနေ့ အဖေ့အကောင့်မှာ တက်လာတာတွေ့ရသည်။ ရွှေသမီး စိတ်တွေထိန်းမရပါ။ အဖေ့ဓာတ်ပုံထဲမှာ အဖေက ပြုံးနေပြီး မေမေ့နေရာမှာ အဖေ့ရဲ့နောက်ဇနီး၊ ရွှေသမီးနေရာမှာ ဇနီးကပါတဲ့ သမီး။ အားလုံးပြုံးနေကြတယ်။ ရွှေသမီး ဘယ်လိုကြောင့် သည်လိုပျော်ရွှင်ဖွယ်ရာ မိသားစုကို ပိုင်ဆိုင်ခွင့်မရခဲ့ပါလိမ့်။ မေးခွန်းတွေမေးရင်း နာလိုခံခက်မှုတွေနှင့် အိမ်ကို ပြန်ရောက်ခဲ့သည့် ကျူတာပေါက်စ တစ်ယောက်အဖြစ် ရင့်ကျက်မှုတွေ ကိုယ့်ကိုယ်ကို ရှိပြီထင်ခဲ့မိတယ်။ ကာလကြာခဲ့ပြီဖြစ်ပေမယ့်၊ ဒီမျှခံစားနေရပေမယ့် ကလေးငယ် နားမလည်ခင်အရွယ် မိဘတွေ ကွဲကွာမှုတွေမှာ သားသမီးတွေ ကြေကွဲမှုသက်ရောက်စေတဲ့ ခံစားမှုကို ကိုယ်ချင်းစာမိပေတယ်။

"ရွှေသမီးရေ ... ထမင်းစားစို့လေ"

ဆိုတဲ့ မေမေ့အသံကိုကြားလိုက်မှ အတွေးတွေကိုသိမ်း၊ မျက်ရည်တွေထိန်းရင်း အပြုံးတွေနဲ့ မေမေ့ကို စကားတွေ ဖောင်ဖွဲ့ရပေဦးမယ်။

ညအိပ်ချိန်မှာ 'အကျဉ်းစံမျက်ရည်'တွေနဲ့ နောက်နေ့သစ်များအတွက် အားမွေးရပါဦးမယ်ပေါ့။

မေလတ်ဟန်

အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်
အဆောင်ဓာတ်လုံး
ဘော် + ဘင် + ပြဒါးသွတ်

ဤလေးပါးတို့သည် မူလဓာတ်ပေါင်းပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြားလာဘ်လာဘ ပေါ်ကြွယ်လှပြီး လူတိုင်းလိုအပ်သော ပီယ-လာဘ-ဓန-ပညာ စသည်တို့အတွက် သေချာစိမ်၍ ကောင်းသောအချိန်၊ ကောင်းသောနက္ခတ်နှင့် ကြုံကြိုက်ချိန်၊ သမထကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်းစည်း သိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ်လုံးကို ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်း ပါးလိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆောင်ထားခြင်းအားဖြင့် . . .

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်၊

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ပီယ+ဓန၊ လာဘ၊ ပညာရေး စသည်တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက် စသော နှောင့်ယှက်မှုကို ကာကွယ်နိုင်ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သွားရာတွင် ဆောင်ထားခြင်းဖြင့် ဘေးရန်အသွယ်သွယ် ကင်းပြီး လိုရာခရီးကို ရောက်နိုင်ခြင်း။

၅။ စာမေးပွဲဖြေဆို၊ လူတွေ့စစ်ဆေး စသောကိစ္စများအောင်နိုင်ခြင်း စသော ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလိုရှိပါက . . .

နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီထိ

ရောင်ပြန်မဂ္ဂဇင်းတိုက်

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁

www.burmeseclassic.com

www.burmeseclassic.com

မောရစ်ကောလစ် နှင့် ဂမ္ဘီရ

■ လှမိုး(ပညာရေး)

ကျွန်တော်သည် ကြောက်ရွံ့စိတ် ဘယ်လိုမှ မရှိ။ အိပ်ချင်စိတ်ကသာ လွှမ်းမိုးနေသည်။ အိပ်ခန်းပြင်ဘက်မှ ထုသံ၊ ခေါက်သံတွေကို နားထောင်နေလိုက်သည်။ ထိုအသံများသည် နားနှင့် ကြားနေရသည်မဟုတ်ဘဲ စိတ်ထဲတွင် သိနေခြင်းကဲ့သို့ ခံစားနေရသည်။ အိမ်ကြီးတစ်ခုလုံး တစ်စုံတစ်ရာသော အင်အားကြီးတစ်ခုကြောင့် တုန်လှုပ်နေပုံရ၏။ အိမ်ခေါင်မိုးပေါ်တွင် ကျား၊ ခြသေ့် စသည့် ခြေဖော့နင်းထားသော တိရစ္ဆာန်များ လမ်းလျှောက်နေသည့်အသံများကို ကြားနေရ သည်။

ထိုအသံများကို ကြားနေရသော်လည်း အိပ်ရာထဲမှ မထနိုင်။ နိုးတစ်ဝက်၊ အိပ်တစ်ဝက် အခြေမှ အိပ်ပျော်ခြင်းသို့ ရောက်သွားသည်။ ဤသို့ ဖြစ်နေသည်မှာ ငါးမိနစ်ခန့်သာ ရှိမည်ထင်သည်။ ကျွန်တော်၏ ဧည့်သည် ဘယ်(လ်)ဂျီယံ အမျိုးသားသည် အိမ်၏ တစ်ဖက်ခန်းတွင် အိပ်နေရာမှ ဓာတ်မီးကိုဖွင့်လိုက်ပြီး အထူးတုန်လှုပ်ချောက်ချားသောအသံဖြင့် "အမယ်လေး…ခင်ဗျား ဘာမှမဖြစ်ဘဲကိုး။ တော်သေးပါရဲ့ဗျာ။ ကြောက်စရာကောင်းလိုက်တာ။ ဒီကောင်ကြီးက ခင်ဗျားအိပ်ခန်းထဲကို ဝင်သွားခဲ့တာဗျာ။ ခင်ဗျားကိုများ လည်ပင်းညှစ်ပြီး သတ်လိုက်ပြီလို့ ထင်မိတယ်။ ရှေ့ထိုးဖိနပ်စီးတဲ့ လူတစ်ယောက် လမ်းလျှောက်သံလည်း ကြားရတယ်။ နောက်ဖေးလှေကားက လူတစ်ယောက် တက်လာပြီး ကျွန်တော့်ခုတင်ကို ဆွဲလှုပ်တယ်"

ဧည့်သည်မှာ အထူး ထိတ်လန့်နေပုံရသော်လည်း ကျွန်တော့်မှာ ဘာကြောင့်မှန်းမသိ တည်ငြိမ်လျက်ရှိနေပါသည်။

ကမ္ဘာကျော် စာရေးဆရာကြီးနှင့် မြန်မာပြည်အရေးပိုင်ဟောင်း မောရစ်ကောလစ်သည် သူ၏ အရောင်းရအတွင် ကျယ်ဆုံးနှင့် အကြိမ်ကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့ရသည့် (Into Hidden Burma) "ဖုံးကွယ်နေသော မြန်မာပြည်အတွင်းသို့" အမည်ရှိသော စာအုပ်အခန်း ၁၆ "တောင်ပေါ်မှ တစ္ဆေခြောက်သည့်အိမ်ကြီး" ဟူသော အခန်းတွင် မြိတ်မြို့ရှိ ယခင်အရေးပိုင်များနေထိုင်သည့် အိမ်ကြီးအကြောင်း ရေးသားဖော်ပြခဲ့သည်။ (ယင်းစာအုပ်ကို ဦးခင်မောင်ကြီးက "ဗြိတိသျှသံဖနောင့်အောက်မှ မြန်မာပြည်" ဟူသောအမည်ဖြင့် ဘာသာပြန်ဆိုခဲ့ပြီး ဖြစ်သည်။) အထက်ဖော်ပြပါ စာပိုဒ်သည် ယင်းစာအုပ်မှ ဆီလျော်အောင် ဘာသာပြန်ဖော်ပြခြင်းဖြစ်သည်။

ကျွန်တော်သည် မောရစ်ကောလစ်ကို မမီလိုက်ပါ။ မြန်မာပြည် အရေးပိုင်ဘဝမှ သူအငြိမ်းစားယူသွား၍ စာရေးဆရာလောကသို့ ခြေစုံပစ်၍ ဝင်ရောက်သွားသောအချိန်တွင် ကျွန်တော့်မှာ လူမမည်ဘဝသာ ဖြစ်သည်။

သူသည် စာပေလောကသို့ အလွန်နောက်ကျမှ ဝင်ရောက်လာခဲ့သူ ဖြစ်သော်လည်း စာရေးအား အလွန်ကောင်းသူဖြစ်သည်။ သူအုပ်ချုပ်ရေးဘက်တွင် ဝင်ရောက်အမှုထမ်းခဲ့စဉ်က အတွေ့အကြုံ ဗဟုသုတတွေ များစွာကြွယ်နေပြီဖြစ်၏။ ဤအချက်သည်ပင်လျှင် စာရေးဆရာလောကသို့ ဝင်

www.burmeseclassic.com

www.burmeseclassic.com

ရောက်ခဲ့သည့်နေ့မှ ၁၉၇၂ ခု သူကွယ်လွန်ခဲ့သည့်နေ့အထိ စာအုပ်ပေါင်း ၃၀ ကျော် ရေးသားထုတ်ဝေနိုင်ခဲ့သည်မှာ အံ့သြဖွယ်ဖြစ်၏။ သူ့စာအုပ်များအနက် အချို့စာအုပ်များမှာ ဂန္ထဝင်မြောက်စာအုပ်များဖြစ်ကြပြီး ယနေ့ထိ အကြိမ်ကြိမ် ရိုက်နှိပ်ထုတ်ဝေနေခဲ့ရ၏။

ကျွန်တော်သည် မစ္စတာမောရစ်ကောလစ်၏ (Trials in Burma) စာအုပ် မြန်မာဘာသာပြန် "မြန်မာပြည်တွင် စစ်ဆေးခဲ့ရသော အမှုအခင်းများ"ကို မူလတန်းကျောင်းသားဘဝက ဖတ်ခဲ့ရခြင်းဖြစ်သည်။ ၁၉၃၈ ခုနှစ်ခန့်က ဆရာမကြီး ဒေါ်အမာ ဘာသာပြန်ဆို ထုတ်ဝေခဲ့ခြင်းဖြစ်၏။ ကျွန်တော်သည် ထိုစာအုပ်ကို အကြိမ်ကြိမ် ဖတ်ခဲ့ရသည်။ အမှန်စင်စစ် ထိုစာအုပ်ထုတ်ဝေသော ကာလသည် ကျွန်တော်တို့ သမိုင်းအဖို့ ထူးခြားသောကာလဖြစ်ပြီး ကျွန်တော်တို့ မြန်မာနိုင်ငံသမိုင်းအဖို့ သမိုင်းမှတ်တိုင်သစ်များ တစ်တိုင်ပြီးတစ်တိုင် ထူထောင်နေစဉ်ကာလဖြစ်၏။ ကျွန်တော့်မှာ စာစုံစဖတ်သည့် အချိန်ဖြစ်နေသဖြင့် ယင်းစာအုပ်ကို ယနေ့ထိ တသသဖြစ်ခဲ့ရသည်။

ဒုတိယကမ္ဘာစစ်ကြီး၏ မီးလျှံများ မြန်မာပြည်သို့ ကူးစက်လာခဲ့သောအခါတွင် ဆရာမကြီး ဘာသာပြန်သော ဆရာကြီး မောရစ်ကောလစ်၏ (Sandamala) စန္ဒမာလာကို ဖတ်ရှုခဲ့ရသောအခါ မောရစ်ကောလစ်ကို အထူးလေးစားတသသ ဖြစ်ခဲ့ရပြန်သည်။

၁၉၅၅ ခုနှစ် ကျွန်တော် ပညာရေးလောကသို့ ဝင်ရောက်ခဲ့သောအခါတွင်မူ မောရစ်ကောလစ် ရေးသားခဲ့သည့် မူရင်းစာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ဖတ်မိခဲ့သည်။ ထိုစဉ်က ဆူးလေဘုရားလမ်းရှိ "စမတ်အင်မူကာဒမ်"စာအုပ်ဆိုင်ကြီးမှ မောရစ်ကောလစ် ရေးသားခဲ့သမျှ စာအုပ်များကို စာတိုက်မှ ပို့ပေးခဲ့သည်။ မောရစ်ကောလစ်သည် စာပေလောကသို့ အသက် ၅၀ ကျော်ခန့်မှ ဝင်ရောက်ခဲ့သော်လည်း စာဖတ်အားကောင်းသူ၊ အတွေ့အကြုံများသူ၊ ဗဟုသုတစုံသူဖြစ်သဖြင့် စာစုံ၊ အကြောင်းအရာစုံ ရေးသားနိုင်သူဖြစ်၏။ မောရစ်ကောလစ်ကို ၁၈၈၉ ခုတွင် မွေးဖွားခဲ့ပြီး အောက်(စ)ဖို့ဒ်တက္ကသိုလ်မှ သမိုင်းဘာသာရပ်တွင် ပထမအဆင့် ဂုဏ်ထူးဖြင့် ဝိဇ္ဇာဘွဲ့ ရရှိခဲ့ပြီး အိန္ဒိယပြည်သူ့ဝန်ထမ်း(အိုင်စီအက်)(စ)အဖြစ် မြန်မာပြည်သို့ ရောက်လာခဲ့သည်။ အိုင်စီအက်(စ) ဆိုသည်မှာ ဗြိတိသျှတို့ အုပ်ချုပ်ရေးလောကတွင် ထိပ်တန်းရာထူးဖြစ်၏။ ပညာချွန်သူ ယူတော်များသာ ဝင်ခွင့်ရသည့် ရာထူးမျိုးဖြစ်သည်။ ထိုစဉ်က အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် ဗြိတိသျှဆအလိုကျ အုပ်ချုပ်ပေးကြရသည်။ အငြိမ်းစားယူခဲ့လျှင် အမှုထမ်းကောင်း ဘွဲ့ထူးကြီးဆာဘွဲ့ စသည့် ဂုဏ်ထူးတွေ ချီးမြှင့်ခြင်းခံကြရသည်။

သို့သော် အိုင်စီအက်(စ) မောရစ်ကောလစ်မှာ အထက်ဖော်ပြပါ အတန်းစားတွင်မပါ။ ဗြိတိသျှ ထိပ်တန်းအရာရှိကြီးများက မောရစ်ကောလစ်ကို မြန်မာလူမျိုးများကို သံယောဇဉ်ရှိသူ၊ မြန်မာ့ကျေးလက်နေ လူထုနှင့် လက်ပွန်းတတီးနေထိုင်သူ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများကို လေးစားသူ၊ မြန်မာ့ကိုးကွယ်ယုံကြည်မှုနှင့် ဂမ္ဘီရပညာရပ်တွေကို လေ့လာလိုက်စားသူ၊ မြန်မာအလိုတော်ရိပ် ယူဆ

အသက် ၈၀ အရွယ် မောရစ်ကောလစ်

www.burmeseclassic.com

www.burmeseclassic.com

သည်။ သူ့အယူအဆ၊ သူ့အတွေ့အကြုံများကို အလျဉ်းသင့်သလောက် အင်္ဂလန်နိုင်ငံရှိ သူ့မိတ်ဆွေများကို ပြောပြလေ့ရှိသည်။ စာတို၊ စာရှည်ရေး၍ တင်ပြလေ့ရှိသည်။ အမှန်အားဖြင့် မစ္စတာကောလစ်၏ အတွေ့အကြုံများအရ ရရှိသော အတွေးအခေါ်များသည် ရှေ့သို့ နှစ်ပေါင်းများစွာကျော် ရောက်နေလေသည်။ မြန်မာပြည်တွင် ဗြိတိသျှနယ်ချဲ့သမားတို့၏ ရွှေခေတ်သည် ကုန်ဆုံးတော့မည်ကို ၁၉၃၀ ခန့်ကပင် ကြိုတင်မြင်ထားသည်။

မြန်မာများနှင့် အိန္ဒိယနိုင်ငံသားများအပေါ် ဗြိတိသျှအရာရှိအချို့ သဘောထားကို ဗြိတိသျှပြည်သူလူထု သိစေလိုသည်။ လက်အောက်ခံ ပြည်သူလူထုကို ဗြိတိသျှဗျူရိုကရက်တို့က အပေါ်စီးမှ ကြည့်တတ်ပုံကို မောရစ်ကောလစ်က မလိုလား။ ဗြိတိသျှနယ်ချဲ့သမားသည် သူ၏ခေတ်နောက်ကျသော အမြင်ကို မပြောင်းလျှင် ဗြိတိသျှအင်ပါယာကြီး တစ်စစီ ပဲ့ထွက်ရတော့မည်ကို ကြိုတင်ဟောကိန်းထုတ်ခဲ့သူလည်း ဖြစ်၏။ သို့ဖြစ်၍ မောရစ်ကောလစ်အား ဗြိတိသျှအုပ်ချုပ်ရေးဘက်ဆိုင်ရာ အရာရှိကြီးများသည် သူ့ကိုမလိုလားအပ်သူ၊ လူ့ခွစာဟု သတ်မှတ်သည်။ ထိုစဉ်က ဤကဲ့သို့ အရာရှိများကို ဝေးလံသည့် "မဲဇာ"ဒေသများသို့ ပို့လေ့ရှိသည်။ ဗြိတိသျှအစိုးရသည် မောရစ်ကောလစ်ကို လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ရခိုင်တိုင်း၊ တနင်္သာရီတိုင်းရှိ ချောင်ကျသော ဒေသများသို့ ပို့ထားခဲ့သည်။

မစ္စတာ ကောလစ်အဖို့ ဤကဲ့သို့ ချောင်ကျသော ကျောက်ဖြူနှင့် မြန်မာပြည်၏ တောင်ဘက်အစွန်း မြိတ်ခရိုင်သို့ အရေးပိုင်အဖြစ် ပို့ခဲ့၏။ မစ္စတာကောလစ်အဖို့ "စိုင်ကော်၍ ချုပေါ်ရောက်သည်"ဟု ဆိုရမည်။ ထိုဒေသများတွင် မောရစ်ကောလစ်သည် ဂမ္ဘီရပညာတွေကို လေ့လာသည်။ မြန်မာ့ကိုးကွယ်မှုနှင့် ရှေးဟောင်းယဉ်ကျေးမှုတွေကို မနေမနားရှာစမ်းသည်။ ဗေဒင်ပညာရှင်တွေ၊ အဂ္ဂိရတ်ပညာရှင်တွေ၊ ရှေးဟောင်းသမိုင်းသုတေသီတွေနှင့် တွေ့ဆုံဆွေးနွေးသည်။ ပရလောက အတွေ့အကြုံတွေ ရလိုက်သည်။ ထိုအတွေ့အကြုံများသည် သူ့အား စာရေးဆရာကြီးအဖြစ် ရောက်စေခဲ့ တော့သည်။

ကျွန်တော်သည် မောရစ်ကောလစ်၏ ငယ်စဉ်က အမှတ်တရများကို ရေးသားထားခဲ့သည့် (၁) The Journey Outward (၂) In to Hidden Burma နှင့် (၃) Trials Burma စာအုပ်များကို ၁၉၅၅ ခုနှစ်ခန့်က ဖတ်ရှုခဲ့သည်။ ထိုစဉ်က ဖတ်ရှုခဲ့ရစဉ်ကမူ အမြင်တစ်မျိုးနှင့် ဖတ်ရှုခဲ့ရခြင်းဖြစ်သည်။ တတိယအရွယ် ရောက်လာ၍ ထိုစာအုပ်များကို ပြန်ဖတ်ရသောအခါတွင် အမြင်တစ်မျိုး ဖြစ်လာသည်။

ကျွန်တော်တို့ စာဖတ်စအရွယ်က စွဲလမ်းတသဖြစ်ခဲ့ရသော ဝတ္ထုကြီးများကို အသက်အရွယ် ကြီးရင့်လာသောအခါ ပြန်ဖတ်ခဲ့ဖူးသည်။ အချို့ ဝတ္ထုကြီးများ၊ စာအုပ်များသည် ငယ်စဉ်က စွဲလမ်းတသခဲ့ရသလောက် မဟုတ်တော့ပြီ။ အချို့ဝတ္ထုကြီးများမှာမူ ငယ်စဉ်က စွဲလမ်းသလို စွဲလမ်းခဲ့ရသည်။ သို့သော် အမြင်တစ်မျိုး ပြောင်းလွဲသွားသည်။ အထက်ဖော်ပြပါ မောရစ်ကောလစ်၏ မြန်မာပြည်အကြောင်း ရေးထားသည့် သူ့အတ္ထုပ္ပတ္တိ အစိတ်အပိုင်းများသည် ထိုစဉ်က ဗြိတိသျှလက်အောက်ခံ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသာမက မြန်မာတို့၏ အင်းအိုင်၊ ခလှည့်၊ ဂါထာမန္တရားအတတ်ပညာနှင့် သိုက်တဘောင်တို့အကြောင်းကိုပါ ထင်ဟပ်နေသည်ကို ကျွန်တော်တို့ ဖတ်ရှုခဲ့ရသည်။

မောရစ်ကောလစ်သည် ၁၉၁၂ ခုနှစ်တွင် မြန်မာပြည်သို့ အိုင်စီအက်(စ) အုပ်ချုပ်ရေးအရာရှိအဖြစ် ရောက်လာခဲ့သည်။ ဗြိတိသျှတို့၏ အသားအရောင်ခွဲခြားမှု၊ မြန်မာအမျိုးသားတို့၏ ဇာတိမာန်ကို မထီလေးစားပြုမှု၊ အရာရှိဆိုးတို့၏ ဘက်လိုက်မှုတို့ကို စက်ဆုပ်သည်။ ထို့ကြောင့် သူကျောင်းနေဖက် မစ္စတာဂျော်ဖရီထံ ပေးပို့သော စာများတွင် "ဗြိတိသျှအစိုးရ၏ ကိုလိုနီများအပေါ်တွင် ထားရှိသော ဖိနှိပ်ချုပ်ချယ်မှု သဘောထားကို မပြင်လျှင် ဗြိတိသျှအင်ပါယာကြီးသည် တစ်စစီ ပြိုကွဲသွားခဲ့ရမည်"ဟု ဟောကိန်းထုတ်ရေးသားခဲ့၏။ မစ္စတာဂျော်ဖရီသည် နောင်အခါတွင် မစ္စတာ မောရစ်ကောလစ်၏ စာအုပ်များကို ထုတ်ဝေသူ ဖြစ်လာခဲ့သည်။

မစ္စတာ မောရစ်ကောလစ်သည် သူ့မိခင်ထံ ရေးခဲ့

www.burmeseclassic.com

www.burmeseclassic.com

သည့် စာများတွင်လည်း အထက်ဖော်ပြပါ ဗြိတိသျှတို့၏ ကိုလိုနီယန္တရားကြီးအကြောင်းများကို ရံဖန်ရံခါ ဖော်ပြရေးသားထားခဲ့သည်။ ကျွန်တော်တို့ မြန်မာစာဖတ်ပရိသတ်သည် သူ့စာအုပ်များနှင့် မစိမ်းပေ။ သူ့စာအုပ်အများအပြားကို မြန်မာဘာသာ ပြန်ဆိုပြီးဖြစ်၏။ သူ့စာအုပ် အများအပြားမှာလည်း မြန်မာ့ရေမြေတွင် သန္ဓေတည်သည့် စာအုပ်များဖြစ် သဖြင့် မြန်မာတို့၏ လောကီပညာ၊ ဂန္ဓာရီပညာရပ်တွေ အကြောင်း သူကိုယ်တိုင် တွေ့ရသည့် ပရလောကအတွေ့ အကြုံများကို ဖော်ပြထားသည်။

အနောက်တိုင်း စာဖတ်ပရိသတ်သည် ဂမ္ဘီရပညာ၊ ဂန္ဓာရီပညာဟုဆိုလျှင် အိန္ဒိယ၊ တိဗက်ပြည်၊ အီဂျစ်ပြည်တို့ကိုသာ ပြေးမြင်ကြသည်။ ကျွန်တော်တို့ မြန်မာပြည်ကိုမူ သတိမရကြ။ မြန်မာပြည်၏ ဂန္ဓာရီပညာနှင့် ဂမ္ဘီရပညာကို စိမ်းနေသည်။ သို့သော် မောရစ်ကောလစ်၏ စာအုပ်များတွင် သူကိုယ်တွေ့ ဖော်ပြချက်များကြောင့် မြန်မာ့လျှို့ဝှက်နက်နဲသည့် ပညာရပ်တွေအကြောင်း တစေ့တစောင်း ကမ္ဘာ့စာဖတ်ပရိတ်သတ်ကြီးသည် သိခွင့်ရခဲ့သည်ဟု ထင်သည်။

မစ္စတာမောရစ်ကောလစ် အိန္ဒိယပြည်ဥာဉ်ခံ ဝန်ထမ်းအဖြစ် မြန်မာပြည်သို့ ထွက်ခွာသွားရတော့မည့်အချိန်၌ အင်္ဂလန်ပြည်တွင် မနောသုတေသနအသင်းကြီးသည် လျှမ်းလျှမ်းတောက် ကျော်ကြားနေသည့်အချိန် ဖြစ်၏။ မနောသုတေသနအသင်းကြီးကို ၁၈၈၂ ဇန်နဝါရီလ ၆ ရက်နေ့တွင် ဆာဝီလီယန်ဘာရေးနှင့် ပါမောက္ခဆစ်ဝစ်တို့ ခေါင်းဆောင်သော ပညာရှင်များ ပါဝင်သည့် မနောသုတေသနအသင်းကြီးကို စနစ်တကျ ဖွဲ့စည်းရန် စည်းဝေးခဲ့ကြလေသည်။ ဤကဲ့သို့ စည်းဝေးခဲ့ကြခြင်းသည် မနောသုတေသနအသင်းကြီး ပေါ်ပေါက်လာရန် လမ်းစပေါ်လာခြင်းဖြစ်သည်။ အသင်းကြီးမှာ အထူးထင်ရှားလာပြီး ကမ္ဘာပေါ်တွင် ဦးနောက်အသက်မြက်ဆုံး ပုဂ္ဂိုလ်ကြီးများဖြစ်ကြသည့် ကဗျာဆရာကြီး ယိတ်(စ)၊ သိပ္ပံဆရာကြီးများဖြစ်ကြသော အဒေါ်(ဝ)ဟက်(စ)လေ၊ ရူပဗေဒပညာရှင် ဆာဝီလီယန်က ရုတ်(စ) နက္ခတ္တဗေဒပညာရှင် ဆာဂျိမ်း၊ စိတ်ပညာရှင် ဖရွိုက်နှင့် ယွန်း စသည် ပါဝင်ခဲ့၏။

မစ္စတာ မောရစ်ကောလစ်မှာ ကဗျာဝါသနာပါသူဖြစ်သည်။ ကျောင်းသားဘဝကပင် ကဗျာဆရာ အသိုင်းအဝိုင်းနှင့် နီးစပ်သည်။ ကဗျာဆရာကြီး ယိတ်(စ)ကို လေးစားသူဖြစ်သဖြင့် မနောသုတေသီအသင်းကြီးကို စိတ်ဝင်စားလာခဲ့သည်။ ထိုအချိန်တွင် ကွယ်လွန်သူတို့၏ ဝိညာဉ်နှင့် ဆက်သွယ်နိုင်သည်ဟူသော အယူအဆကို အင်္ဂလန်နိုင်ငံနှင့် ဥရောပတိုက်နိုင်ငံများတွင် ပညာရှင်အများအပြား လက်ခံလာသည့် အချိန်လည်းဖြစ်၏။ စုံထောက်ကြီး ရှားလော့ဟုမ်း၏ ဖခင်ကြီးဟု ထင်ရှားသည့် စာရေးဆရာကြီး ဒေါက်တာ ကိုနင်ဒွိုင်းကိုယ်တိုင် စိတ်ဝိညာဉ်ဝါဒသမိုင်း (History of spirityalism) စာအုပ်ကြီးကို ရေးသားထုတ်ဝေနေသဖြင့် ဝိညာဉ်ဝါဒနှင့် ပရလောကသားတို့အကြောင်း ပညာတတ်လူငယ်လောကတွင် ထူးထူးခြားခြား စိတ်ဝင်စားသူတွေ ပေါ်လာခဲ့ကြသည်။

သီအိုဆိုဖီအသင်းကြီးမှာလည်း လျှမ်းလျှမ်းတောက် အောင်မြင်လာသည့်အချိန်ဖြစ်၏။ အသင်းတော်ကြီးမှ ထုတ်ဝေသော မဂ္ဂဇင်းများ၊ စာစောင်များကို မောရစ်ကောလစ်သည် ထာဝစဉ် လေ့လာဖတ်ရှုလာခဲ့သည်။ အထူးသဖြင့် အသင်းတော်ကြီး၏ အတွင်းရေးမှူးဖြစ်သူ မဒမ်ဗလာဗာစကီ၏ (Secret Doctrine) ဂမ္ဘီရဓမ္မကျမ်းကြီးမှာ အင်္ဂလန်နိုင်ငံ ပညာရှင်လောကတွင် ထင်ရှားနေသည့် အချိန်ဖြစ်သည်။ မနောသုတေသနအသင်းအပေါ်နှင့် ပရလောကအပေါ် စိတ်ဝင်စားလာသော မစ္စတာ မောရစ်ကောလစ်သည် အထက်ဖော်ပြပါ ဂမ္ဘီရဓမ္မကျမ်းကြီးကို အသေးစိတ် လေ့လာခဲ့သည်။ ဤကဲ့သို့ သူ ဂမ္ဘီရဓမ္မကျမ်းကြီးကို လေ့လာခဲ့သည့်အကြောင်းကို သူ၏ နာမည်ကျော် (Into Hidden Burma) စာအုပ် အခန်း (၁) တွင် ဖော်ပြထားခဲ့သည်။

အထက်ဖော်ပြပါ ဂမ္ဘီရ ဓမ္မကျမ်းကြီးကို မဒမ်ဗလာစကီသည် ၁၈၈၈ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့၏။ ယင်းစာအုပ်ကြီးကို ရေးသားပြုစုချိန်တွင် မဒမ်ဗလာဗာစကီမှာ ကျန်းမာရေး ချွတ်ယွင်းနေသည့်အချိန်ဖြစ်၏။ သို့သော်လည်း ဆရာအရှင်သူမြတ်တို့၏ လမ်းညွှန်မှုနှင့် ရေးသားနိုင်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤကျမ်းကြီးတွင် ပါဝင်သော ဂန္ဓာရီပညာအကြောင်း ဖော်ပြထားသည့် အချက်အလက်များသည် ရေးယခင်ကဆို လျှင် ဆရာနှင့်တပည့် နှစ်ဦးတို့သာ သိခွင့်ရှိသော လက်ထပ် သင်တရားများဖြစ်၏။ အရှေ့တိုင်း၏ လျှို့ဝှက်နက်နဲသော ကျမ်းကြီးတို့မှ ၁၄ ဂါထာကို လူအများ သိရှိနားလည်နိုင်စေ ရန် ဂန္ဓာရီပညာရှုထောင့်၊ သိပ္ပံပညာရှုထောင့်၊ ရေးဟောင်း တိမ်မြုပ်နေသော ဘာသာရေးရှုထောင့်အသီးသီးမှ စုပေါင်း တင်ပြထားသော ကျမ်းဖြစ်ပြီး မဒမ်ဗလာဗာစတီ ရေးသား ပြုစုချိန်တွင် အကြားအမြင်အားဖြင့် ၎င်းလက်ကို ဓာတ်စီး၍ ရေးသားခဲ့ခြင်းဖြစ်သည်ဟု ဆိုကြသည်။

ဤကျမ်းကြီးကို သိပ္ပံပညာရှင်များ၊ ဂမ္ဘီရပညာရှင်များ ကိုယ်တိုင် ချီးကျူးဝေဖရန်ခဲ့ရသည့် ကျမ်းကြီးဖြစ်၏။ နီဗယ် ဆုရှင် အိုင်စတိန်းကိုယ်တိုင်ကပင် "ဒီကျမ်းဟာ အလွန်ထူး ခြားတဲ့ကျမ်းဖြစ်ပါတယ်။ ခေတ်သစ်ရူပဗေဒနှင့် ဒီကျမ်းအဖို့ ထူးထူးခြားခြား ကိုက်ညီနေတယ်"လို့ ထုတ်ဖော်ပြောပြခဲ့သည့် လျှို့ဝှက်နက်နဲသည့် ဂမ္ဘီရကျမ်းကြီးဖြစ်သည်။ ဤကျမ်းကြီး ကို မစ္စတာမောရစ်ကောလစ်သည် လေ့လာခဲ့သဖြင့် သူသည် အရှေ့တိုင်းဂမ္ဘီရပညာကို အထူးစိတ်ဝင်စားခဲ့သူဖြစ်ကြောင်း ထင်ရှားလာသည်။

သူ၏ အထက်ဖော်ပြပါ (Into Hidden Burma) စာအုပ်တွင်ပင် မြန်မာပြည်သို့ ပထမကမ္ဘာစစ်ကြီးအပြီး၌ ဒုတိယအကြိမ် လီစက်စတာရှိုင်ယားသင်္ဘောဖြင့် ပြန်လာခဲ့ ၏။ သင်္ဘောပေါ်တွင် မြန်မာပြည်သို့ သွားနေကျဖြစ်သော ကုန်သည်များနှင့် အစိုးရအရာရှိခရီးသည်များ၊ စစ်ဘက်အရာ ရှိများ လိုက်ပါလာခဲ့ကြ၏။ မစ္စတာ မောရစ်ကောလစ်နှင့် တစ်ခန်းတည်း ခရီးသွားဘက်မှာ သီပေါစော်ဘွားကြီး၏သား တော် ကျမိုင်းစပ်အုံကြာ ဖြစ်သည်။ မောရစ်ကောလစ်သည် ကျမိုင်းစပ်အုံကြာနှင့် ခင်မင်ရင်းနှီးခဲ့ရခြင်းသည် သူ့အဖို့ အရှေ့ တိုင်း၏ ဂမ္ဘီရပညာ၊ ဂန္ဓာရီပညာရပ်တွေကို လေ့လာဖို့ နီးစပ် လာခြင်းဖြစ်သည်ဟု ဆိုရပေမည်။

ကျမိုင်းစပ်အုံကြာ၏ ဖခင်စော်ဘွားကြီး စပ်ချယ်မှာ အင်္ဂလန်ပြည်တွင် ပညာသင်ကြားခဲ့သူဖြစ်၏။ သားဖြစ်သူ စပ်အုံကြာကို အင်္ဂလန်နိုင်ငံရှိ နာမည်ကျော် ရပ်ဘီကျောင်း နှင့် အောက်စ်ဖို့ဒ်သို့ လွှတ်၍ ပညာသင်ကြားစေခဲ့သည်။ မောရစ်ကောလစ်နှင့် စပ်အုံကြာသည် သင်္ဘောပေါ်တွင် အထူးခင်မင်ရင်းနှီးသွားကြပြီး မြန်မာပြည်အကြောင်းနှင့် အရှေ့တိုင်း၏ နက်နဲလျှို့ဝှက်သော ဂန္ဓာရီပညာရပ်တွေ အကြောင်းကို ဆွေးနွေးခဲ့ကြ၏။

ဘုံဘေမြို့သို့ သင်္ဘောဆိုက်မိလျှင် ကျမိုင်းကလေး စပ်အုံကြာနှင့်မောရစ်ကောလစ်တို့သည် ကမ်းပေါ်သို့တက်၍ စောအုံကြာ၏ မိတ်ဆွေ အိန္ဒိယအမျိုးသား၊ သီအိုဆိုဖီအသင်း အမှုဆောင်တစ်ဦး၏ အိမ်တွင် ခေတ္တနေထိုင်ခဲ့ကြ၏။ ဤကဲ့ သို့ နေထိုင်စဉ် အိန္ဒိယအမျိုးသား သီအိုဆိုဖီအသင်းအမှု ဆောင်နှင့် မောရစ်ကောလစ်တို့သည် အရှေ့တိုင်း၏ ဂန္ဓာရီ ပညာရပ်အကြောင်းကို နေ့စဉ် ဆွေးနွေးခဲ့ကြသည်။ မစ္စစ် တာမောရစ်ကောလစ်သည် အရှေ့တိုင်း၏ အင်းအိုင်ခါးလှည့် ပညာရပ်တွေ၊ နက္ခတ်ဗေဒင်ပညာတွေကို သက်ဝင်ယုံကြည် လာသည်။ သီအိုဆိုဖီအသင်း၏ နက်နဲသော သဘောတရား အပေါ် ကိုင်းညွတ်လာခဲ့ပုံရ၏။

အမှန်အားဖြင့် မောရစ်ကောလစ်သည် ၁၉၁၂ ခု နှစ်တွင် ပထမအကြိမ် မြန်မာပြည်သို့ အိုင်စီအက် အုပ်ချုပ် ရေးအရာရှိအဖြစ် ရောက်ရှိလာခဲ့စဉ်ကပင် ဗေဒင်ပညာကို အထူးယုံကြည်ခဲ့သည်။ စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင် အရေး ပိုင်အဖြစ် အမှုထမ်းနေစဉ် အင်းဝမြို့ဟောင်းသို့ကူး၍ သိုက် ဆရာတစ်ဦးနှင့်အတူ သိုက်စာအရ သိုက်တူးသည်ကို သွား ရောက်ကြည့်ရှုလေ့လာခဲ့သည်။

ဆက်လက်ဖော်ပြပါမည်။

လှမိုး(ပညာရေး)

ကျမ်းကိုး

(၁) The Joureny outward By M. Collic

(၂) The Journey up

(၃) Into Hidden Burma

(၄) Trials in Burma

www.burmeseclassic.com

www.burmeseclassic.com

ချိုပါသား အောက်ကြီး အမှု

ရွှေဘိုဘာမထီခင်အောင်

မနေ့ညက ဓားခုတ်မှု ဖြစ်ပြန်ပြီ။

လေဘာတီ မမြရင်အငြိမ့်ပွဲမှာ ဖြစ်သည်။

ရွှေဘိုခရိုင်အတွင်းမှာ လေဘာတီမမြရင် အငြိမ့်ပွဲခင်းလေးတိုင်း ဓားခုတ်မှု၊ ဓားထိုးမှု ဖြစ်လေ့ဖြစ်ထ ရှိနေ၍ လေဘာတီမမြရင် အငြိမ့်ပွဲခင်းခွင့် ပါမစ်ထုတ်မပေးသင့်ကြောင်းကို တိုက်ပိုင်ကြီး(အိုင်ပီ) မစ္စတာတင်နားထံသို့ ကျွန်ုပ်ကန့်ကွက်စာတစ်စောင် တင်ခဲ့သေးသည်။ သို့သော် မအောင်မြင်ခဲ့။

"လေဘာတီမမြရင် အငြိမ့်ပွဲမှာ ဓားခုတ်မှု၊ ဓားထိုးမှု၊ လူသတ်မှုမဖြစ်ပွားရအောင် ပုလိပ်အဖွဲ့ကို ပိုပြီးချထား မင်းကိုယ်တိုင် ပွဲခင်းမှာ ကြီးကြပ်ရမည်" ဟု မစ္စတာတင်နား က အမိန့်ချ၏။

ကျွန်ုပ်သည် အမှုလိုက် ရာဇဝတ်အုပ်သာဖြစ် ကျွန်ုပ်ထက် ရာထူးကြီးသူက တာဝန်ပေးတော့လည်း မငြ သာပါဘဲ ပုလိပ်များစွာထဲမှ ဖျတ်လတ်ရဲရင့်သော လက်ရွေ စင် ၁၄ ဦးကို ရွေးချယ်၍ ပွဲခင်းတာဝန်ကို သီးခြားပေး တော့သည်။

လေဘာတီအငြိမ့်ပွဲခင်းမည့်ညမှာ ၂၅-၁-၁၉၃၀

ဖေဖေ ဦးဖေခင် (သူရဲကောင်းဘွဲ့၊ အငြိမ်းစားရဲဝန်၊ D.S.P၊ ရွှေဘို)၊ မေမေ ဒေါ်သန်းမေ

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ ရွှေဘိုဘာမထီခင်အောင်

ဖြစ်သော်လည်း ၂၃ ရက် ညနေကတည်းက အရန်သင့် စီစဉ်ပြီးချက်ကို စေ့စပ်သေချာမှ ကြိုက်တက်သော မျက်နှာဖြူ အင်္ဂလိပ်လူမျိုး မစ္စတာတင်းနားထံသို့ တင်ပြပေးထားရ၏။

ပွဲခင်းကပြမည့် တည်နေရာမှာ ရွှေဘိုမြို့ အနောက် ဈေးရပ်ကွက်၊ ရွှေချက်သိုဘုရား(အလောင်းဘုရား ဦးအောင်ဇေယျ၏ ချက်သိုရာ) အနီးမှာ ဖြစ်သည်။

လေဘာတီမြရင် အငြိမ့်ကလေတိုင်း ဓားထိုးပွဲ၊ ဓားခုတ်ပွဲ ဖြစ်စမြဲမို့ လေဘာတီမြရင်အား ဓားမြရင်ဟုလည်း ကျွန်ုပ်တို့ ရွှေဘိုက သမုတ်ထားသည်။ လေဘာတီမြရင်နှင့် ဓားသည် မိတ်ဆက်သလိုဖြစ်နေ၍ ကျွန်ုပ် ရင်လေးလှသည်မှာ အမှန်။

၂၅-၁-၃၀ ည ၉ နာရီကျော်ကျော်၌ အငြိမ့်ပွဲစ၏။ အပျိုတော်ထွက်အပြီး တစ်နာရီမျှအကြာဝယ် လေဘာတီမြရင် ထွက်၍ ကပြအသုံးတော်ခံတော့သည်။ ကျွန်ုပ်သည် ပွဲကြိုက်သူ ဖြစ်သည်။ သီချင်းသီဆိုမှု၊ ပတ္တလားတီးမှု၊ တယောထိုးမှုနှင့် ပီယာနိုတီးမှုတ်မှုကို ဝါသနာပါသလို တီးတတ်ဆိုတတ်၏။ ထို့ကြောင့် လေဘာတီမြရင်၏ အလှအကကို မြတ်နိုးနေသည်မှာ ကြာပြီ။

ဝါသနာပါ၍လည်း ထိုညက အငြိမ့်စင်နှင့် အနီးဆုံးနေရာ၌ ပက်လက်ကုလားထိုင် သုံးလုံး ချထားစေပြီး ပွဲခင်းသို့ ပုလိပ် ၁၄ ယောက်ကို တာဝန်ချထားပေးပြီးသည့်နောက် ကျွန်ုပ်၏ဇနီး မသန်းမေ၊ သမီး မခင်သောင်းတို့နှင့်အတူ ထိုင်၍ ကြည့်ကြသည်။

အနီးသို့ကြည့်၍ မိနစ် ၂၀ မျှကြာကာလ ပုလိပ်တစ်ယောက်က ကျွန်ုပ်ထံ လာရောက်တိုင်ကြားသည်။

"ရာဇဝတ်အုပ်မင်းဗျား . . . စောင်ခြုံကြီးနဲ့ မသင်္ကာစရာ တောသားငါးယောက်တွေ့ထားပါတယ်ခင်ဗျ"

ကျွန်ုပ်သည် ချက်ချင်းထ၍ လိုက်သွား၏။

ပွဲခင်းတွင်း၌ စောင်ခြုံနှင့်လာရောက်၍ ပွဲကြည့်လျှင် ထိုခေတ်က သတိကြပ်ကြပ်ထားရချေသည်။ ဓားတွေ၊ မိုန်းတွေကို ဖက်ပြီး ယူလာတတ်၏။ ပြီး ရန်ငြိုးရန်စ ရှိသူနှင့် တွေ့ကြသည့်အခါ ဦးအောင်ခုတ်၍ လွတ်အောင်ပြေးတတ်ကြလေ့ရှိ၏။

ကျွန်ုပ်သည် စောင်ခြုံ တောသား ငါးဦးကို တပည့်ပုလိပ်များအား ရှာစေရာ သုံးဦးထံမှ ဓက်ကြီးတောင်ဓားတစ်လက်စီ တွေ့သဖြင့် ထိုသုံးဦးကို ဌာနသို့ ကြိုးနှင့်တုပ်၍ ခေါ်သွားပြီး ချုပ်ထားစေသည်။

ကျွန်ုပ်သည် ပွဲခင်းသို့ တစ်ပတ်လှည့်လည်၍ စစ်ဆေးပြီးနောက် အငြိမ့်စင်နှင့် မနီးမဝေး ထောင့်တစ်နေရာမှ လေဘာတီ၏ ပညာသားပါပါ ကသား ကဟန်ကို လက်ပိုက်၍ ကြည့်နေစဉ် ည၌ ၁၂ နာရီထိုးခါနီး၌ ပွဲခင်း၏ အစွန်အဖျားတွင် ထားရှိသော ရွှေဘိုအနီးတစ်ဝိုက်ရှိ ချီပါရွာ၊ တစ်ခါနမ်းရွာ၊ ဥယျာဉ်တော်ရွာ စသည် စသည် ရွာစဉ်တွေမှာ ပွဲကြိုက်သူ တောသူတောင်သားတို့၏ လှည်းများဖြုတ်ထားရာမှ . . .

"ကယ်တော်မူပါ . . . ကယ်တော်မူပါ . . ."ဟု ငယ်သံပါအောင်ထိ ဟစ်အော်လိုက်သံကို ကြားရလျှင် ကြားရချင်း ကျွန်ုပ်သည် ခြောက်လုံးပြူးအိတ်ထဲမှ ခြောက်လုံးပြူးကို ထုတ်ကာ အခင်းဖြစ်ပွားရာသို့ အမြန်ဆုံး ပြေးရတော့၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟိတ်…လက်မြှောက်လိုက်စမ်း"

လဲကျနေသူ၏ အပေါ်စီးမှမိုး၍ အားပါးတရ ခုတ်နေသည့် သျှောင်တစ်စောင်းနှင့် အသားမည်းကြုတ်ကြုတ်၊ ဒေါင်ကောင်းကောင်း တောသားအား ခြောက်လုံးပြူးနှင့် ချိန်ထားလိုက်သည်။ ဓားသမားသည် ခြောက်လုံးပြူးကို ဘာမထီချေ။

"ဓားချလိုက်"

"မချဘူး။ ခုတ်သပေါ့"

ကျွန်ုပ်ကို လှမ်း၍ခုတ်ရန် သူ့ညာလက်ထဲမှ ငှက်ကြီးတောင်ဓားကြီးကို လွှဲလိုက်စဉ်တွင် ညာဘက်လက်ထဲက ၄၅ ပွိုင့်ကို ခြောက်လုံးပြူးထိပ်ဝမှ ကျည်တစ်ပွင့်သည် ဆောင်၍ ထွက်သွားပြီး ဓားသမား၏ ညာဘက်ပခုံး ထုတ်ချင်းပေါက်သွားတော့သည်။

ထိုညက ပွဲပျက်ရသည်။

လေဘာတီမမြရင်လည်း ရွှေဘိုမှ ချက်ချင်းထွက်ခွာ၍သွားရရှာတော့သည်။

ဓားနှင့်ခုတ်သူမှာ ကျွန်ုပ်၏ သေနတ်စာ မိသွားလင့်စကား မသေချေ။ မသေရခြင်းမှာ မသေနိုင်သည့်နေရာကို ရွေး၍ ပစ်လိုက်ခြင်းကြောင့်ပင် ဖြစ်သည်။

တစ်ဖန် ဓားသမားသည် လွန်စွာ ထွားကျိုင်းသန်မာ အားကောင်းလှသူဖြစ်၍ကြောင့်လည်း ခံနိုင်ရည်ရှိခြင်းဖြစ်ပေသည်။ သူ့အမည်မှာ "ငဒက်ကြီး"ဖြစ်သည်။

ငဒက်ကြီးက ခုတ်လှဲလိုက်သည့် ဆိပ်ခွန်သား ငချစ်ပိုသည်လည်း မသေချေ။ သို့သော် လက်တစ်ဖက် ဖြတ်ပစ်လိုက်ရသည်။

ထိုရာဇဝတ်မှုကို ကျွန်ုပ်ပဲ စစ်ရ၏။ ရွှေဘိုခရိုင်တွင် ဓားခုတ်ပွဲ၊ လူသတ်ပွဲ ဖြစ်လေတိုင်း အမှုဖြစ်ရခြင်းဇာစ်မြစ်ကို စစ်ကြည့်လိုက်လျှင် မဖြစ်သင့်ပါဘဲလျက်ကျ ဖြစ်ပွားရကြောင်းတွေ တွေ့ရ၏။ ဒေါသမထိန်းသိမ်းနိုင်၍ ဖြစ်ရခြင်းက များလှသည်။

ကြည့်လေ…ထမင်းပွဲတွင် ငရုတ်သီးထောင်းဟင်းခွက် ချမပေး၍ ယောက္ခမကို ဓားနှင့် ထခုတ်သတ်ပစ်လိုက်မှု၊ ညီအရင်းက အစ်ကိုကို "ခင်ဖျားခယ်မ ကျုပ်ယူမယ်"ဟု သရော်လိုက်သည်နှင့် ညီအရင်းကို မိုန်းစာကျွေးပစ်လိုက်သည်။

ထို့အတူ ကတွတ်ပေါက်ကို ခေတ္တပိတ်ထားမိရုံနှင့် ခေါင်းပြတ်အောင် ဖြတ်သတ်ပစ်လိုက်မှုကို ကျူးလွန်လေ့ရှိ၏။

ယခု ဓားပွဲသည် နှမကို မယူလို့တဲ့လေ။

နှမရင်းကလည်း သူချစ်သူကို အသေခုတ်နိုင်သတဲ့။

"ဘာဖြစ်လို့ ဆိပ်ခွန်သားကို ဓားနဲ့ခုတ်ရတာလဲ"

"ကျုပ်နှမ စက်ကြည်နဲ့ ချစ်ပိုကြိုက်နေကြတယ်၊ အဲဒါ ချစ်ပိုက ကျုပ်နှမကို မယူဘူး"

"ဒီတော့"

"ဒီတော့ ကျုပ်နှမက ချစ်ပိုကို ဓားနဲ့ခုတ်သတ်နိုင်တယ်"

"အင်း…ကောင်းကွာ"

မှတ်ချက်။ ။ ဤဓားခုတ်မှုပြီးသည့် နောက်ပိုင်းတွင် လက်တစ်ဖက်ပြတ် ချစ်ပိုသည် ချိုပါသူ မစက်ကြည်ကို တကယ်ယူ၍ ပေါင်းဖက်နေကြကြောင်း ကျွန်ုပ် သိရ၏။ ကိုဒက်ကြီးခမျာတော့ ထောင်နန်းစံနေရချေသည်။

"ကမြင်းမ သူပဲ အသတ်ခိုင်းလို့ သတ်ပေးရသေး။ မသေလို့ ကျန်နေတဲ့ အကောင်ကို ခုတော့ သူပေါင်းနေပြီ"

"တောက်…ငါ့ကို သက်သက်ဒုက္ခပေးတာ"

လူပျိုကြီး ကိုဒက်ကြီးက စကားထစ်အထစ်အနှင့် ပွင့်အန်ရှာသည်။

ဟုတ်တော့ ဟုတ်ပေသား။ သူ့ခမျာ မသေမပျောက်ပေမည့် သူ့ညာလက်တစ်ဖက်သည် ကျွန်ုပ်၏ သေနတ်ဒဏ်ချက်ကြောင့် မသန်တော့ချေ။

တကယ်တော့ ရာဇဝတ်ကြောင်းဟူသည် မကောင်းကြောင်းလုပ်သူသည်လည်း တစ်မျိုးမျိုးနှင့် ခံရတတ်ပါကြောင်းကို ကိုဒက်ကြီးအား တရားချထား၍ သူသိပါလေပြီ။

ဝန်ခံချက် ။ ။ ၁၉၃၀ ခုနှစ်က စာရေးသူ၏ ဖခင်ဖြစ်သူ ဦးဖေခင်(ရဲဝန်ထောက်အငြိမ်းစား) အင်္ဂလိပ်လို ရေးမှတ်ထားခဲ့သော နေ့စဉ်မှတ်တမ်း မြောက်မြားစွာထဲမှ ရာဇဝတ်မှုတစ်ခုကို ဆီလျော်အောင် ရေးသား၍ ဖော်ပြလိုက်ရပါသည်။

ရွှေဘိုဘာမထီခင်အောင်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် လူထုပညာရေးမှူး

(ယခင်လမှ အဆက်)

သူတော်စင် မင်းအောင်

ဧည့်ခန်းထဲမှာ ပါလာတဲ့ပစ္စည်းများ ချထားပြီး မီးရထားဘူတာကိုသွားရန် စုံစမ်းရသည်။ လေယာဉ်ကွင်းအမှုထမ်းများက ဂျစ်ကားနဲ့သွားပါဆိုပြီး ကူညီကြပါသည်။ ဘူတာရုံပိုင်ကြီးရုံးခန်းကိုသွားပြီး ''မြင်းခြံရထားက ဘယ်အချိန်မှာ စီးရမှာလဲခင်ဗျာ''မေးတော့ ''သာစည်က နေ့လယ် ၁ နာရီမှာထွက်လာမယ်။ မိတ္ထီလာကို ၁ နာရီ ၄၅ မိနစ်မှာ ရောက်မယ်။ ၂ နာရီမှာ မြင်းခြံကို ဆက်ထွက်မယ်''ဟု ရုံပိုင်ကြီးက ပြောပြသည်။

အထက်တန်းတွဲ မရှိပါ။ စာတိုက်တွဲမှာစီးနိုင်ရန် ရုံပိုင်ကြီးက စီစဉ်ပေးသဖြင့် မြင်းခြံရထားစာတိုက်တွဲမှာစီးပြီး ခရီးဆက်ရသည်။

ရထားလမ်းဘေး ဝဲယာတွင် တမာပင်ကြီးများ၊ မန်ကျည်းပင်များ၊ ထနောင်းပင်များ အစီအရီပေါက်နေသည်မှာ ကြည့်ကောင်းလှပေသည်။ အဝေးမှာတော့ ထန်းတောများ ပေါ်လှသည်။ မလှိုင်ဘူတာမှာ ရထားစက်ခေါင်း ရေဖြည့်သည့်အတွက် နာရီဝက်ခန့်ကြာမည်ဟုပြောသည်။ ဘူတာထဲမှ လက်ဖက်ရည်ဆိုင်က နွားနို့တစ်ခွက်ဝယ်ပြီး ကိုယ့်ကိုင်းဖန်ခွက်ထဲ ထည့်ယူကာ ရထားတွဲပေါ်မှာပဲ ပြန်ထိုင်ပြီးသောက်သည်။ နွားနို့ကစစ်တော့ အီနေသည်။ နွားနို့တစ်ခွက်ကို တစ်မတ်ပဲ ပေးရသည်။ ကိုင်းဖန်ခွက်ပြည့်လုနီးပါး ရသည်။

ကြက်သားကြော်၊ အမဲကြော်၊ ဆီထမင်းသည်များသည် ရထားတွဲဘေး လာရောင်းကြသည်။ ''ကြက်ရင်အုပ်သားတစ်တွဲ ဘယ်လောက်လဲမေးတော့'' တစ်ကျပ်တဲ့။ ''တစ်ခုပေးပါ''ဝယ်ပြီးစားသည်။ ကြက်သားကြော်က မွှေးပြီး အသားက နူးအိနေသည်။ ကြက်သားကြော် ဝါးလိုက်၊ နွားနို့သောက်လိုက်ဖြင့် ဗိုက်တင်းသွားသည်။

စာတိုက်တွဲက ဝန်ထမ်း စာတိုက်ဗိုလ်ခေါ်သလား မသိ။ သူ့ကိုလည်း ကြက်သားကြော်တစ်ခု ဝယ်ပေးတော့ ''နေပါစေ ဆရာစားပါ''တဲ့။ ''စားပါဗျာ၊ အားမနာပါနဲ့။ မိတ်ဖြစ်ဆွေဖြစ်ပေါ့။ ခင်ဗျားကျေးဇူးကြောင့် ကျွန်တော် သက်သောင့် သက်သာ စီးလာရတာ''

''ကျွန်တော့်ကို မိတ္ထီလာရုံပိုင်ကြီးက အသေအချာမှာလိုက်ပါတယ်။ ဆရာက အစိုးရအရာရှိတဲ့။ လိုတာ ကူညီလိုက်ပါတဲ့''သူကပြောတော့ ''အေးဗျာ၊ ကျေးဇူးပဲ''သူ့ကိုပဲ မြင်းခြံအကြောင်း သိချင်တာတွေမေးရင်း စကားပြောရင်းဖြင့် ညနေ ၆ နာရီမှာ မြင်းခြံဘူတာသို့ ရထားဆိုက်လာလေသည်။

ကျွန်တော်နှင့်အတူ တာဝန်တွဲကျတဲ့ နတ်တလင်းသား ဦးစိုးလှိုင်က ဘူတာမှာ လာကြိုနေသည်။ သူစီစဉ်ထားတဲ့မြင်းလှည်းစီးပြီး တည်းခိုမည့်အိမ်သို့ သွားသည်။ တည်းခိုရမည့် ကြီးကြီးဒေါ်ခင်မေသည် သူငယ်ချင်း မောင်မောင်၏ ကြီးတော်ဖြစ်သည်။ မောင်မောင်က စာကြိုပြီးရေးထားသဖြင့် အဆင်ပြေစွာ တည်းခိုရလေသည်။

ကိုရွှေမိုးရယ် အငြိုးနဲ့လား

ကျွန်တော်တို့ ကျောင်းသားအရွယ်တွင် မြန်မာပြည် ပထဝီဘာသာသင်ကြားစဉ်က မြန်မာပြည်မြေပုံထဲမှာ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့ဆုံရာ ဒေသကိုအလယ်ဗဟိုပြုပြီး ဘဲဥပုံသဏ္ဌာန် ရှည်မျောမျော အဝန်းအမှတ်အသားပြထားသည်။ ထိုအမှတ်အသားနေရာသည် မိုးခေါင်ရေရှားရပ်ဝန်းဒေသ၊ ဆူးပင်နှင့်ချုံပုတ်ပင်များသာ ပေါက်သည်ဟု သင်ကြားရတာကို မှတ်မိနေသည်။ မြင်းခြံသည် ထိုအမှတ်အသား၏ အလယ်တွင်တည်ရှိသည်။ ထို့ကြောင့် ရန်ကုန်တို့၊ ပဲခူးတို့မှာကဲ့သို့ မိုးများများသဲသဲ ရွာလိမ့်မည်ဟုမထင်။ ထီးလည်းမယူ၊ ဦးထုပ်လည်းမဆောင်းတတ်သဖြင့် မရှိ။ ခြေလျင်လျှောက်လာခဲ့သည်။ ထိုအချိန်မှာ မမျှော်လင့်ဘဲ မိုးက သဲသဲမဲမဲ ရွာချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

နီးရာအိမ်တစ်အိမ်ထဲ ပြေးဝင်ပြီး မိုးခိုခွင့်တောင်းသည်။ အိမ်ရှင်အဒေါ်ကြီးက ''ထိုင်ပါ ထိုင်ပါ၊ ညှိုသည်နဲ့တူတယ်။ ဘယ်အရပ်ကလဲ''ဟုမေးပါသည်။

''ကျွန်တော်အိမ်က ထွက်လာတုန်းက နေကအတော်ပူနေတာပါ။ မိုးရွာမယ်မထင်မိလို့ ထီးလည်းမယူခဲ့တာပါ ခင်ဗျာ။ ကျွန်တော်က လူထုပညာရေးမှူးပါ။ ဒီမှာတာဝန်ကျလို့ ပြောင်းလာတာ မကြာသေးပါဘူးခင်ဗျာ''

ကျွန်တော်က ပြောပြတော့ အဒေါ်က ''လူထုပညာရေးမှူးဆိုတာ အရာရှိလား၊ အဒေါ်တို့ မကြားဖူးသေးပါဘူး''ဟု မေးပြန်သည်။

''အရာရှိတော့ မဟုတ်ပါဘူးခင်ဗျာ။ အစိုးရရဲ့ဌာနသစ်တစ်ခုက ဝန်ထမ်းဆိုပါတော့။ လူထုပညာဆိုတာ ကျွန်တော်တို့နိုင်ငံမှာ တောလက်ကျေးရွာတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ကျေးလက်သန့်ရှင်းရေးတွေ ဆောင်ရွက်ပေးရတဲ့အလုပ်ဖြစ်ပါတယ်။ မြင်းခြံမြို့မှာ ဒီလုပ်ငန်းတွေ စတင်အကောင်အထည်ဖော်ပြီးလုပ်ဖို့ အစိုးရက တာဝန်ချထားပေးတာ ကျွန်တော် ပထမဆုံးပါပဲ။ ကျွန်တော်လည်း ရောက်ခါစရှိသေးတော့ လုပ်ငန်းအကောင်အထည်မဖော်နိုင်သေးပါဘူးခင်ဗျ။ ဒါကြောင့် လူထုပညာဆိုတဲ့အမည်ကို လူသိနည်းနေသေးတာ ဖြစ်ပါတယ်''

အိမ်ရှင်အဒေါ်မေးတာကို အတိုချုံးပြီးရှင်းပြရပါသည်။

''အခု ဆရာလေးက ဘယ်သွားမှာလဲ။ မိုးကတော်တော်နဲ့စဲမယ့်မိုး မဟုတ်ဘူး။ အားမနာပါနဲ့ မိုးစဲအောင်နေပါ။ ရေနွေးလေးသောက်ပါ''

အိမ်ရှင်အဒေါ်သည် ကျွန်တော့်ကို ကောင်းမွန်စွာ ဧည့်ခံနေပါသည်။

''ကျွန်တော်က စွန်းလွန်းရွာထဲသွားမလို့ပါ ဒေါ်ဒေါ်၊ စွန်းလွန်းရွာမှာ ကျွန်တော်တာဝန်ကျပါတယ်။ လောလောဆယ်တော့ စွန်းလွန်းမှာ မနေရသေးပါဘူး။ ကွေ့ကြီးကျောင်းတော်လမ်းက ကြီးကြီးဒေါ်ခင်မေတို့အိမ်မှာ နေပါတယ်ခင်ဗျာ''

''သြော် ... သိပါတယ်၊ သိပါတယ်။ ဒေါ်ခင်မေနဲ့ ဒေါ်ဒေါ်တို့က ရင်းနှီးကြပါတယ်။ အဒေါ်ရဲ့သားသမီးများနဲ့ ဒေါ်ခင်မေသမီးနှစ်ယောက်က ကျောင်းနေဘက်သူငယ်ချင်းတွေပါ''

''ဟုတ်လား။ ကြီးကြီးမေရဲ့မိတ်ဆွေနဲ့ လာတွေ့ရတာ ဝမ်းသာလိုက်တာခင်ဗျာ။ ကျွန်တော့်နာမည် တင်ထွဋ်ပါ''

ပြောနေစဉ်မှာ အပြင်ကဝင်လာ ဘဲ့လူကို လှမ်းကြည့်လိုက်တော့ မြို့နယ်မီးသတ်အရာရှိ ဦးသောင်းစိန်ဖြစ်နေသည်။ သူကလည်း –

''ဟာ ... ဆရာဦးတင်ထွဋ်၊ ဒါ ကျွန်တော့်အိမ်လေ။ ဘယ်လိုကဘယ်လို ရောက်နေတာလဲ။ ကိစ္စများအထူးရှိသလား ခင်ဗျာ''ဟုမေးနေသည်။

''မိုးရွာလို့ ဆရာလေးက မိုးဝင်ခိုတာ သားရဲ့''

အိမ်ရှင်အဒေါ်က သူ့သားအမေးကို ဝင်ဖြေလိုက်သည်။ ဦးသောင်းစိန်က –

''အမေ ... ဆရာ့ကို ဘာမှမကျွေးဘူးလား။ ရေနွေးပဲလား။ လက်ဖက်သုပ်လေး လုပ်ပေးပါလားအမေ''

''အေးကွယ်၊ ဆရာလေးဝင်လာကတည်းက အမေလည်း ထိုင်စကားပြောနေတာနဲ့ ရေနွေးပဲ ချပေးရသေးတယ်။ လက်ဖက်သုပ်ပေးမယ် သား''

ဆိုပြီး အိမ်ထဲဝင်သွားပါသည်။

ညောင်ဦး ယွန်းလက်ဖက်အုပ်လေးထဲမှာ လက်ဖက်ကို ဆီဆမ်း၊ ဆားဖြူးထားတာက တစ်ကန့်၊ နှမ်းနှင့်ကြက်သွန်ကြော် ရောထားတာကတစ်ကန့်၊ ပဲခြမ်းကြော်က တစ်ကန့်၊ မြေပဲဆန်ကြော်ကတစ်ကန့်စီထည့်ပြီး ပြင်လာတာ သပ်သပ်ရပ်ရပ်နဲ့ စားချင်စဖွယ်ပဲ။

''စားပါ ဆရာလေး''

ပြောပြီး အိမ်ထဲပြန်ဝင်သွားလေသည်။ ဦးသောင်းစိန်က –

''ဘယ့်နှယ်လဲဆရာ၊ နေရတာ အဆင်ပြေတယ်မဟုတ်လား''

''နေရတာတော့ အဆင်ပြေပါတယ်ဗျာ။ ဒါပေမဲ့ ကြီးကြီးမေတို့အိမ်မှာက သမီးပျိုနှစ်ယောက်နဲ့ဆိုတော့ ကြာရှည်နေမယ် စိတ်မကူးဘူး။ သင့်တော်တဲ့အိမ်ငှားနေမယ် စိတ်ကူးထားတယ်ဗျာ။ ရောက်ခါစဆိုတော့ စွန်းလွန်းမှာလည်း ဘာလုပ်ငန်းကစပြီး အကောင်အထည်ဖော်ရမယ် မသိသေးဘူး။ ရပ်ရွာသားများ အနေအထိုင်၊ အလေ့အထများ လေ့လာရသေးတယ်''

''သိပ်တော့ စိတ်မစောနဲ့ဆရာ။ ကျွန်တော်တို့ဒေသက ဒီလိုမိုးဦးကျမှာ တောင်သူတွေထွန်ဆင်း၊ နှမ်းမျိုးကြဲ

www.burmeseclassic.com

www.burmeseclassic.com

…အနေကြည့်ပြီး လုပ်ကြရတာဆိုတော့ မအားကြဘူး ဗျာ''

ဦးသောင်းစိန်က အကြံပြုပြောပါသည်။

''ကျေးဇူးတင်တယ်ဗျာ။ ကောင်းတဲ့အကြံ ပေးတာ … မြင်းခြံကို ကျွန်တော်က ရောက်ဖူးတာမှမဟုတ်ဘဲ။ …မြေအခြေအနေ၊ ရာသီဥတုအခြေအနေ၊ လုပ်ငန်း …ခြေအနေတွေ လေ့လာရမှာပေါ့ဗျာ''

''ကျွန်တော်တို့ဆီက တောင်သူတွေဟာ မိုးကိုပဲ …ထားကြရတာ။ မိုးဦးမှာ ထယ်ထိုးထွန်ယက်ပြီး နှမ်းမျိုး …ကြရတယ်။ နှမ်းအပင်လေးတွေဖြစ်လာတော့ ပေါင်းသင်၊ …ထွန်လိုက် လုပ်ကြရတယ်။ အပင်တွေ တစ်ထွာသာ …လောက် ရောက်လာရင် ဒုတိယအကြိမ် မိုးကိုမျှော်ရ …ယ်။ အဲဒီအချိန်မှာ မိုးအဆင်ပြေသွားရင်၊ နှမ်းပွင့်တဲ့အထိ …ဆင်ပြေသွားရော၊ အပွင့်တုံးပြီး သီးခင်းလေးတွေညီတဲ့ …ခါမှာ တတိယမိုးရွာရင် နှမ်းအောင်သွားတယ်။ အသီးရ …ဆိုပါတော့။ အသီးအောင်သော်လည်း နှမ်းရိတ်သိမ်းပြီး …လင်းထဲမှာ လှမ်းတဲ့အခါ မိုးရွာမှာကြောက်ရပြန်ရော။ …ထားတဲ့ နှမ်းကို မိုးမဖျက်ဘဲ အဆံနှမ်းစေ့များ ရိုက်ပုတ် …ပြီး အမှိုက်နဲ့အဖျင်းတွေ ပြာတီးရတယ်။ ကျီထဲရောက်မှ …ယ့်နှမ်းလို့ ပြောနိုင်တာ ဆရာရဲ့။ ဒါက မိုးသုံးမိုးညီပြီး …မ်းရတာကိုပြောတာ။ ပထမမိုးနဲ့ ကြဲထားတဲ့နှမ်းပင်တွေ …နေပူဒဏ်ကြောင့် ညှိုးငိုက်နေတဲ့အချိန်မှာ ဒုတိယမိုးမရွာလို့ …မ်းပင်တွေသေပြီး မျိုးပါဆုံးတဲ့နှစ်တွေလည်း ရှိတယ်ဆရာ ရဲ့''

ဦးသောင်း စိန်က နှမ်းတောင်သူများအကြောင်းကို …တ်ရှည်လက်ရှည် ပြောပြနေခြင်း ဖြစ်သည်။

''ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်မှာတော့ စပါးတစ် …မျိုးပဲ စိုက်ကြပါတယ်။ မိုးအလွန်ကြီးပြီး ရေကြီးတဲ့နှစ်က …ဖွဲ့ရင် စပါးက သိပ်အခက်အခဲမရှိဘဲ ရကြတာပါပဲ''

ကျွန်တော်က ပြောလိုက်ပြီး –

''ကဲ …စကားလည်းကောင်း၊ လက်ဖက်က …လည်း စားလို့ကောင်း၊ မိုးလည်း စဲသွားပြီ။ ကျွန်တော် …ပြန်လိုက်ပါဦးမယ်'' ဆိုတော့ –

''ဆရာ ဘာနဲ့လာတာလဲ။ စက်ဘီးလည်း မမြင်ပါ …လား''

''ကျွန်တော် ခြေလျင်လျှောက်လာတာပါ။ စက်ဘီ …လည်း မရှိသေးပါဘူးဗျာ''

''မြင်းခြံမှာ စက်ဘီးမရှိရင်တော့ မဖြစ်ဘူးဆရာ။ စက်ဘီးနဲ့မှ ခရီးတွင်မှာ။ ဆိုက်ကားက နေရာတိုင်းကိုသွားလို့ရတာမဟုတ်ဘူး''

''အေးဗျာ၊ စက်ဘီးဝယ်ဖို့တော့ စီစဉ်ရတော့မှာပဲ''

ဟု ကျွန်တော်ကပြောပြီး စွန်းလွန်းရွာကို မသွားတော့ဘဲ ကြီးကြီးမေတို့အိမ်ကို ပြန်လာရလေသည်။

ကျွန်တော်စီးထားတဲ့ ကတ္တီပါပိန်းတန်းဖိနပ်မှာ ရွှံ့ဗွက်ထဲနင်းမိတော့ ရွှံ့တွေက အလုံးလိုက်အခဲလိုက် တွဲပါလာပြီး ဖိနပ်မှာကပ်နေသဖြင့် လမ်းလျှောက်လို့မရတော့ပါ။ မတတ်သာတော့ပြီ။ ပုဆိုးတိုတိုပြင်ဝတ်လိုက်ပြီး ဖိနပ်ကိုချွတ်၊ လက်ကကိုင်ကာ လျှောက်ခဲ့ရသည်။ ဪ … မြင်းခြံမိုးနဲ့ မြင်းခြံမြေက ကျွန်တော့်ကို သင်ခန်းစာပေးလေပြီ။

အိမ်အဝင်မှာ ကျွန်တော့်အဖြစ် မသက်မသာပုံစံကို ကြည့်ပြီး ခင်မိမိနဲ့ ကြည်ကြည်လှတို့က ရယ်ကြပါသည်။ ''ဘယ်လိုဖြစ်လာတာလဲ''ဆီးမေးကြသည်။

''မြင်တဲ့အတိုင်းပဲ။ မိုးတွေမိပြီး ဗွက်ထဲနင်းမိတာနဲ့ ဖိနပ်စီးမရတော့လို့ ဒီအတိုင်းပြန်လာရတာ''ပြောတော့

''ဆရာ စွန်းလွန်းကနေ ဒီအတိုင်း ပြန်လာရသလား။ ဆိုက်ကားစီးခဲ့ရောပေါ့''

သူတို့ညီအစ်မက ပြောလေသည်။

ဒီတော့မှ ဖြစ်ပျက်ခဲ့ပုံကို သူတို့အစ်မတို့အား ပြန်ပြောပြရလေသည်။ ခင်မိမိနှင့် ကြည်ကြည်လှဆိုတာ အခြားသူများမဟုတ်ပါ။ ကျွန်တော်တည်းနေတဲ့ အိမ်ရှင်ကြီးကြီးမေ၏ သမီးနှစ်ယောက် ဖြစ်ပါသည်။

မြင်းခြံရေက ငန်ပျပျ၊ ပေါ့ရွှတ်ရွှတ်၊ ရေချိုးတဲ့အခါ ဆပ်ပြာတိုက်လျှင် အမြှုပ်က သိပ်မထွက်ချင်။ ရေလောင်းတော့ ဆပ်ပြာကမစင်၊ ဆပ်ပြာစင်အောင် ပွတ်သပ်ပြီး ရေအတော်လောင်းရလေသည်။ သောက်လို့မရ။ ရေနွေးကြမ်းလည်း အချိန်ကြာသွားလျှင် ရေနွေးတွေက နီရဲနေသည်။ မြစ်ဝကျွန်းပေါ်က ရေနွေးကြမ်းက လက်ဖက်ခြောက်ရည် စိမ်းဖန့်ဖန့်လေးကို ပြန်တမ်းတမိသည်။

''မိုးအေးတယ် ဆရာ၊ ရော့ …ရေနွေးလေး သောက်လိုက်''

ကြည်ကြည်လှလာပေးတဲ့ ရေနွေးဓာတ်ဘူးလေးဖွင့် ရေနွေးကြမ်းသောက်ပြီး အညာမိုးအကြောင်း တွေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

ထောင်တွင်းသင်တန်း

မြင်းခြံထောင်ထဲတွင် ထောင်ကျအကျဉ်းသား ၃၀၀ ခန့်၊ အမှုစစ်ဆေးဆဲ ထောင်အချုပ်သား ၁၅၀ ခန့်ရှိသည်။ ထောင်ကျများသည် ထောင်ထဲတွင်ရှိသော ရက်ကန်းစင်များ၊ အုန်းခွံများထုပြီး အုန်းဆံကြိုးကျစ်လုပ်ငန်း၊ အုန်းဆံခြေသုတ်ဖုံလုပ်ငန်း၊ လက်သမားလုပ်ငန်း၊ ထောင်တွင်းစိုက်ခင်းလုပ်ငန်း၊ မိလ္လာသိမ်းလုပ်ငန်းများကို နှစ်ကြီးထောင်ကျဘာရာများ၊ ဝါတာများ၊ ထောင်မှူးများက အဆင့်ဆင့်ကွပ်ကဲစီမံ အုပ်ချုပ်ကြသည်။

အမှုစစ်ဆေးဆဲ ထောင်အချုပ်သားများကို ထောင်ကျများနှင့် မရောနှောဘဲ သီးသန့်အိပ်ဆောင်များမှာထားသည်။ ထောင်ကျများကဲ့သို့ အလုပ်လုပ်ရခြင်းလည်း မရှိပါ။

ထောင်ကျများထဲက သက်ကြီးစာမတတ်သူများကို စာဖတ်၊ စာရေးတတ်အောင် သင်ကြားပေးရန်၊ ဘာသာရေးအခြေခံပြီး ယဉ်ကျေးမှုသင်တန်းမေးရန် အစီအစဉ်များရေးဆွဲပြီး သက်ဆိုင်ရာအာဏာပိုင်များထံ တင်ပြဆွေးနွေးရသည်။ အာဏာပိုင်များဘက်မှ သဘောတူခွင့်ပြုချက် ရရှိသောအခါ စနေ၊ တနင်္ဂနွေနေ့တိုင်း နေ့လယ် ၁၂ နာရီမှ မွန်းလွဲ နှစ်နာရီအထိ တစ်နေ့နှစ်နာရီ စာသင်ကြားပေးရန် အချိန်သတ်မှတ်ပြီး ဆောင်ရွက်ရလေသည်။

အစမှာတော့ စာသင်တာမလုပ်သေးဘဲ သူတို့နှင့် ရင်းနှီးမှုရရှိစေရန် ဘာသာရေးဟောပြောဆွေးနွေးမှုကို စတင် လုပ်ပေးရသည်။ မင်္ဂလာတရားတော်အကြောင်း၊ ငါးပါးသီလအကြောင်းများကို ဟောပြောရင်း လူထုပညာရေးအကြောင်းကို အလျဉ်းသင့်သလို ထည့်သွင်းဟောပြောပေးပါသည်။

သူတို့ထောင်ကျရသည့် အမှုများအကြောင်းလည်း မေးကြည့်ရင်း သူတို့ဘဝအကြောင်းကို ပြောပြခိုင်းရသည်။ သူတို့ပြောတဲ့အကြောင်းများကိုလည်း ကိုယ်က စိတ်ပါဝင်စားစွာ နားထောင်ရင်းသိလိုတဲ့အချက်ကို ပြန်မေးလိုက်၊ ဖြေတဲ့စကား နားထောင်လိုက် လုပ်ပေးတဲ့အခါမှာ ပိုပြီးစိတ်အားထက်သန်လာကြလေသည်။ တစ်နေ့မှာ တစ်ယောက် အကြောင်း အလှည့်ကျမေးပြီး ပြောပြစေပါသည်။

အထူးစိတ်ဝင်စားစရာကောင်းသည့် အချက်များလည်း ပါဝင်ပါသည်။ ဥပမာ – မုဒိမ်းမှုတွင် တရားလိုအမျိုးသမီးအား တရားခံ၏ရှေ့နေတို့က သူတို့အမှုလိုက်တဲ့ တရားခံ မုဒိမ်းမှုမမြောက်စေရေးကို ဦးစားပေးစစ်ဆေးတဲ့အခါမှာ အမျိုးသမီးအနေဖြင့် လူအများရှေ့တွင် ပြောမထွက်သည့် မေးခွန်းများမေးခြင်း၊ မုဒိမ်းကျင့်တဲ့သူနဲ့ သံဝါသဆက်ဆံတဲ့ အချိန်မှာ အမျိုးသမီးတွင် သာယာမှုရှိ၊ မရှိ၊ စိတ်ပါမှု ရှိ၊ မရှိဆိုသည့် မေးခွန်းမျိုးမေးတာကို မခံမရပ်နိုင်ဖြစ်တဲ့ မိန်းမပျို့ရဲ့မောင်က တရားခံ၏ရှေ့နေကို ရိုက်သဖြင့် ထောင်ကျခဲ့ရသူတစ်ဦး၏ ရင်နင့်ဖွယ်ရာအကြောင်းမှာ မမေ့နိုင်စရာ။

နောက်အမှုတစ်ခု၏အဖြစ်ကလည်း ရယ်ရမလို၊ ငိုရမလို အဖြစ်။ တရားခံ၏အမည်က လှသောင်း ဆိုပါစို့။ သူက အလုပ်မည်မည်ရရမရှိ၊ ရရာလုပ်စားနေရတဲ့ နေ့စားအလုပ်သမား။ အလွန်ဆင်းရဲ၏။ တစ်နေ့မှာမြစ်ထဲ ရေဆင်းချိုးသည်။ မြစ်ကမ်းစပ်နွံထဲအဆင်းမှာ မာမာအရာတစ်ခုက သူ့ခြေဖဝါးကို ဒူးသည်။ ဘာများလဲဆိုတဲ့ သိချင်ဇောနဲ့နွံထဲမှာ နှိုက်စမ်းလိုက်တော့ ကျည်ဆန်နှစ်တောင့် သူ့လက်ထဲမှာ ပါလာသည်။ ကမ်းပေါ်ရောက်တော့ ပြရန် ထိုကျည်နှစ်တောင့်ကို ရေဆေးပြီး သူယူလာသည်။ ဘာကျည်ဆန်ဟု သူကမသိ။ မြင်းလှည်းသမားနှစ်ယောက်ကို လှသောင်းက ပြပြီး မေးသည်။ အနားမှာရှိတဲ့ ကုလီတစ်ယောက်က ထိုအကြောင်းကို ရဲထံသွားသတင်းပေးသည်။ ထိုသတင်းပေးတဲ့သူက လှသောင်းနှင့် ရန်ဖြစ်ဖူးသူ ဖြစ်သည်။ ရဲကလိုက်လာပြီး စစ်ဆေးတော့ လှသောင်းလက်ထဲက ရိုင်ဖယ်ကျည်ဆန်နှစ်တောင့်ကို တွေ့သည်။ ကျည်ဆန်နှစ်တောင့်လက်ထဲထားမှုဖြင့် ဂါတ်ထဲမှာအမှုဖွင့် အရေးယူခြင်းခံရသည်။ ပုဒ်မက လက်နက်ပုဒ်မ ၁၉(က)တဲ့။ လှသောင်းက ဆင်းရဲတော့ ရှေ့နေလည်းမငှားနိုင်။ ရုံးကလည်း အမှုမကြီးတော့ အစိုးရရှေ့နေငှားမပေး။ ထိုအမှုကို ရုံးထုတ်လိုက်၊ စစ်လိုက်၊ ချိန်းလိုက်ဖြင့် အမှုမှာ နှစ်နှစ်နီးပါး ကြာသွားသည်။ အာမခံလည်းမရတော့ လှသောင်းလည်း နှစ်နှစ်နီးပါး အချုပ်ထဲမှာနေရလေသည်။

တကယ်တော့ လှသောင်းလက်ထဲက မိတယ်ဆိုတဲ့ ရိုင်ဖယ်ကျည်ဆန်နှစ်တောင့်မှာ ဂျပန်ခေတ်က ဂျပန်ရိုင်ဖယ်ကျည်ဆန်ဖြစ်သဖြင့် သေနတ်ထဲထည့်ပစ်လျှင်လည်း ယမ်းမီးမကူးသည့် ကျည်ဟောင်းနှစ်တောင့်သာဖြစ်ကြောင်း ရဲကလည်း သိသည်။

တရားသူကြီးက သက်သေခံကျည်နှစ်တောင့်သည် သုံး၍ ရနိုင်၊ မရနိုင်ကို ရဲအရာရှိကိုမေးသောအခါ (မစ်(စ်)

www.burmeseclassic.com

www.burmeseclassic.com

ဖားယား) ယမ်းမီးမကူးသည့် ကျည်ပေါင်းဖြစ်ကြောင်း ထွက်ဆိုသည်။

ထို့ကြောင့် တရားသူကြီးက လုသောင်းကို "မိုက်ဖြစ်" ရုံးမင်းတစ်ထိုင် ထောင်ဒဏ်ကျခံစေဟု အမိန့်ချပြီး ရုံးဆင်းသွားသည်။ ထိုနေ့မှာ "စနေ"နေ့ဖြစ်သဖြင့် လုသောင်းအမှု အမိန့်ချပြီး ရုံးဆင်းသွားတော့ လုသောင်းလည်း လွတ်ခဲ့ပါရော။

ဖြစ်ရပ်မှန် မှုခင်းဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါသည်။ ထောင်တွင်းက ဇာတ်လမ်းအချို့ကို စာရေးဆရာ မင်းသိခ် ရေးသောဝတ္ထုများလို ရေးသားတင်ပြရလျှင် ရသမြောက်ဝတ္ထုများ ဖြစ်လာလေမည်ဟု ထင်မိပါသည်။

မြင်းခြံထောင်သည် လူဆိုးထောင်ဟု အမည်ရသည်။ မြန်မာပြည်တွင် တတိယအကြီးဆုံးထောင် ဖြစ်သည်။ ပထမမှာ အင်းစိန်ထောင်၊ ဒုတိယမှာ သာယာဝတီထောင်တို့ ဖြစ်လေသည်။

စာမတတ်သူ ထောင်ကအမျိုးသား ၁၅၀ ခန့်ကို သက်ကြီးစာသင်နည်းအတိုင်း စာဖတ်တတ်၊ ရေးတတ်စေရန် သင်ကြားပေးသည်။ အချို့ မှတ်ဉာဏ်ကောင်းသော်လည်း၊ အများစုမှာ မှတ်ဉာဏ်မကောင်းသူက များလေသည်။ စိတ်ရှည်ရှည်ထားပြီး မလျှော့သောဖွဲဖြင့် အပင်ပန်းခံသင်ကြားပေးရသည်။ သုံးလခန့်ကြာသောအခါ အတော်အသင့် ဖတ်နိုင်လာကြသည်။ အရေးတော့ မသွက်လက်သေးပါ။

ယဉ်ကျေးမှုသင်တန်းမှာ စာဖတ်တတ်သူများဖြစ်၍ မင်္ဂလသုတ်၊ မင်္ဂလာတရား ၃၈ ဖြာထဲမှ တစ်ခုချင်း၏ အနက်အဓိပ္ပာယ်ဆက်နွယ်သည့် သုတ္တန်များ ရွေးထုတ်ပြီး ရှင်းလင်းပြောပြခြင်း၊ မေတ္တာသုတ်ဖြစ်ပေါ်လာပုံ ဇာတ်လမ်းသုတ္တန်၊ ခန္ဓသုတ်ဖြစ်ပေါ်ပုံ၊ မောရသုတ် ဖြစ်ပေါ်လာပုံ၊ အင်္ဂုလိမာလသုတ်အကြောင်းများကိုလည်း အစီအစဉ်အတိုင်း ရှင်းလင်းပြောပြရလေသည်။

သင်ကြားချိန် ကိုးလခန့်ရလာသောအခါ စာသင်သားများ အတော်စိတ်အားထက်သန်စွာ စိတ်ပါဝင်စားကြလေသည်။ ထိုမှတစ်ဆင့်တက်၍ ကျေးဇူးရှင်စွန်းလွန်းဆရာတော်ဘုရားကြီး ထေရုပတ္တိအကြောင်းကို ပြောပြပါသည်။ အုံ့ညြစရာမှာ မြင်းခြံထောင်ထဲမှာ ထောင်ကျနေသူအတော်များများသည် စွန်းလွန်းဆရာတော်ကြီးအကြောင်း မကြားဖူးကြခြင်းပင် ဖြစ်သည်။

ဆရာတော်ကြီးသည် စာမတတ်၊ တရားအားထုတ်တယ်ဆိုတာ ဘယ်လိုမှန်းမသိတဲ့ ဘဝကနေပြီး ကြိုးစားခဲ့ပုံတွေ ပြောပြတဲ့အခါ သူတို့အလွန်စိတ်ဝင်စားကြလေသည်။

မြန်မာတစ်ပြည်လုံးကို "ထိ–သိ–သတိ"ဆိုတဲ့ ဝိပဿနာတရားအားထုတ်နည်းဖြင့် စာမတတ်သည့် စွန်းလွန်းဆရာတော်ကြီးက "မှုချဟောပြောပုံ"။ ထိုနည်းအတိုင်း တရားအားထုတ်ကြသူများ တရားတွေ့ပြီး အေးချမ်းမှုရရှိကြရကြောင်းများ ပြောပြတဲ့အခါ သူတို့အထဲက "ဆရာ တရားအားထုတ်နည်းသင်ပေးပါလား"ဟု တောင်းဆိုလာကြလေသည်။

"အသက်ရှူတဲ့လေက နှာသီးဖျားကို 'ထိ'သွားတာကို 'သိ'အောင် 'သတိ'နဲ့ အာရုံပြုမှတ်သားရန်၊ ပြန်ထုတ်တဲ့လေကလည်း နှာသီးဖျားကို 'ထိ'ပြီး ပြန်ထွက်သွားတာကို 'သိ'အောင် 'သတိ'နဲ့ အာရုံပြုမှတ်သားနေခြင်းသည် စွန်းလွန်းဆရာတော်ဘုရားကြီး 'မှုချဟောကြား'သော ထိ–သိ–သတိ ဝိပဿနာတရားအားထုတ်နည်းပင်ဖြစ်ကြောင်း" ရှင်းလင်းပြောပြသည်။

ကိုယ်တိုင်တရားအားထုတ်ပုံ၊ မှတ်သားပုံကို လက်တွေ့ထိုင်ပြီး သရုပ်ပြသင်ကြားပေးရသည်။

ထိုနည်းအတိုင်း တရားအားထုတ်ချင်သည့် ထောင်သား ၅၀ ခန့်ကို မိမိက သူတို့တန်းစီထိုင်သည့်ရှေ့မှာ မျက်နှာချင်းဆိုင် ထိုင်ရသည်။ တင်ပျဉ်ခွေထိုင်၊ ခါးကိုဆန့်၊ မတ်မတ်ထား၊ လက်နှစ်ဖက်ကို ဒူးခေါင်းပေါ်မှာထား၊ လေရှူသွင်းပုံ၊ ခေတ္တအောင့်နားထားပြီး ပြန်ထုတ်ပုံကို သူတို့မြင်အောင်၊ အသံကြားအောင် ရှူးရှဲရှူးရှဲနဲ့ လက်တွေ့လုပ်ပြပါသည်။

သူတို့လည်း ကျွန်တော်ပြသည့်အတိုင်း လက်တွေ့လိုက်လုပ်ကြတော့ တရားအားထုတ်တဲ့ အခန်းထဲမှာ ရှူးရှဲရှူးရှဲဆိုတဲ့ အသံပြိုင်တူဖြစ်ပေါ်လာလေသည်။ ထောင်ဟု မထင်ရဘဲ ရိပ်သာနှင့် တူနေသည်။

တရားထိုင်တဲ့အစမှာ အချိန် ၁၅ မိနစ်သာ အားထုတ်ခိုင်းရသည်။ ကျွန်တော်သင်ပြခွင့်ရတဲ့အချိန်မှာ တစ်ပတ်လျှင် နှစ်ရက်၊ စနေနေ့နှင့် တနင်္ဂနွေနေ့များသာဖြစ်သည်။ အခြားရက်များမှာလည်း မိမိတို့အလုပ်တာဝန်များပြီး၍ နားသည့်အချိန်၊ သို့မဟုတ် အိပ်ချိန်မှာ မအိပ်မီ ၁၅ မိနစ်ခန့်ဖြစ်စေ၊ ၁၀ မိနစ်ခန့်ဖြစ်စေ မှန်မှန်တရားအားထုတ်ကြရန် မှာကြားရသည်။ သူတို့လည်း စိတ်ပါပြီး ကြိုး

www.burmeseclassic.com

www.burmeseclassic.com

စားကြသဖြင့် သုံးလခန့်အတွင်းမှာ အတော်တိုးတက်မှုရကြလေသည်။

တရားအားထုတ်နေကြသော ထောင်ကျများ၏ အနေအထိုင်၊ အပြောအဆိုများ ယခင်ကနှင့်မတူ ပြောင်းလဲတိုးတက်လာတာကို တွေ့မြင်ကြသော စာရေးစာဖတ်သင်တန်းသားများလည်း စိတ်ဝင်စားလာကြသည်ကို တွေ့ရလေသည်။

စာဖတ်သွက်လက်လာသူများအား မင်္ဂလသုတ်ကို ပါဠိမသုံးဘဲ အသံထွက်များရေးသားပြီး အလွတ်ရအောင် ကျက်ခိုင်းပါသည်။ ထို့နောက် မေတ္တာသုတ်၊ ခန္ဓသုတ်၊ မောရသုတ် ပရိတ်တော်များကိုလည်း ပါဠိမသုံးဘဲ အသံထွက်ရေးပေးပြီး အလွတ်ရအောင် ကျက်ခိုင်းသဖြင့် ပရိတ်များ ရွတ်တတ်လာကြလေသည်။ ထိုအခါက ယခုခေတ်မှာကဲ့သို့ ပညာအလင်းပြတိုက်မှထုတ်သော ပရိတ်ကြီးအသံထွက်စာအုပ်များ မရှိသေးပါ။

ထောင်ပိုင်ကြီးထံမှာ ခွင့်တောင်းပြီး ထောင်တွင်းမှာ ပရိတ်ရွတ်တစ်ဦးချင်းပြိုင်ပွဲ လုပ်ပေးပါသည်။ အသံထွက်ပုဒ်အဖြစ် မှန်အောင်ရွတ်နိုင်သူကို ဆုပေးပါသည်။ ဆုကတော့ ငွေကြေးမဟုတ်ပါ။ စားစရာမုန့်များ၊ ထန်းလျက်၊ ကြံသကာ၊ မြေပဲယို၊ နှမ်းပြစ် စသည်တို့ကို ဆုပေးပါသည်။ သူတို့လည်း ပျော်ကြသည်။ တစ်ပတ်ထက်တစ်ပတ် ကြိုးစားကြသည်။ ပရိတ်တော်၏တန်ခိုးတော်ကြောင့် သူတို့၏ စိတ်နေသဘောထားများလည်း ယဉ်ကျေးသိမ်မွေ့လာကြလေသည်။

ထောင်ပိုင်ကြီးနှင့် ထောင်မှူးကြီးတို့ကလည်း ထိုယဉ်ကျေးမှုသင်တန်း အောင်မြင်မှုကို လွန်စွာသဘောကျနေကြလေသည်။ ထိုထောင်သားများ၏ စိတ်နေသဘောထားများ ပြောင်းလဲသိမ်မွေ့လာခြင်းကြောင့် သူတို့ဆက်ဆံအုပ်ချုပ်ရတာ ယခင်ကထက် ချောမွေ့လာကြောင်းကို ပြောပြကြလေသည်။ ဆဲသံ၊ ဆိုသံ၊ အချင်းချင်းရန်ဖြစ်မှုများ သိသိသာသာ လျော့နည်းလာသည်ဟု ထောင်မှူးလေးနှင့် ဝါဒါများက ကျွန်တော့်ကို ပြောပြကြပါသည်။

ကျွန်တော်၏ ''မဟုတ်မခံ''စိတ်ဓာတ်ကြောင့် ဝန်ကြီးဦးသန်းအောင်ကို ခံပြီးပြောခဲ့မိသည်။ ထို့ကြောင့် ကျွန်တော်အလွန်လုပ်ချင်သော ''ဘဝသစ်ဖန်တီးရေးအဖွဲ့'' တာဝန်ထမ်းဆောင်ရန် ရွေးချယ်ထားခြင်းကို ပယ်ဖျက်ခံခဲ့ရ၏။ ပြည်နယ်တောင်တန်းသား၊ ပြည်ထောင်စုသားညီအစ်ကိုများ၊ ဘဝမြှင့်တင်ရေး၊ ပြုပြင်ရေးလုပ်ငန်းကို ပါဝင်ခွင့်ဆုံးရှုံးစွန့်လွှတ်ခဲ့ရ၏။ ကျွန်တော်စိတ်ဓာတ်မကျ။ ဝမ်းမနည်း။ အားမငယ်ခဲ့။

ကျွန်တော်မွေးမြူထားသော ''မျိုးချစ်စိတ်ဓာတ်'' စိတ်ထားဖြင့် တာဝန်ကျရာဒေသမှာ လူထုပညာရေးမှူးတို့ လုပ်ရမည့် လုပ်ငန်းတာဝန်အားလုံးကို ကြိုးစားအားထုတ်ပြီး မလျော့သောဇွဲ၊ လုံ့လတို့ဖြင့် အောင်မြင်မှုရအောင် လုပ်မည်ဆိုသည့် သန္နိဋ္ဌာန်အတိုင်းဆောင်ရွက်၏။

အထူးသဖြင့် ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်လေး၏ မိန့်ခွန်းပါ ''ထောင်ကျများ၊ အပယ်ခံလူတန်းစားများ'' ဘဝမှလူ့လောကထဲတွင် ''လူသစ်''များအဖြစ် စိတ်သစ်များ မွေးမြူလျက် ပြည်ထောင်စုကြီး တိုးတက်ဖွံ့ဖြိုးရေးအတွက် ပြည်သူပြည်သားကောင်းများ ဖြစ်လာပြီး တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ရန် ဦးတည်ပြုပြင်ပေးခြင်းဖြစ်လေသည်။

ပြည်နယ်တောင်တန်းဒေသမှာ ''ဘဝသစ်''လုပ်ခွင့်မရသော်လည်း ပြည်မထဲတွင် ထောင်ကျများ၏ ''ဘဝသစ်''ကို ဖန်တီးပေးမည်ဆိုသည့် သန္နိဋ္ဌာန်ဖြင့် စိတ်အားထက်သန်စွာ ကြိုးစားဆောင်ရွက်ခြင်းဖြစ်ပါသည်။

ထိုအခါက နှစ်စေ့သဖြင့် ထောင်မှလွတ်လာသူ သုံးဦးကို မြင်းခြံမြို့ထဲမှ ''မြပွဲရုံ''ပိုင်ရှင် ဦးလေးမြကို ကျိုးကြောင်းစုံ ပြောပြပြီး မြပွဲရုံမှာ ကုန်ချိန်ကုန်သိမ်း အလုပ်သမားအဖြစ် အလုပ်သွင်းပေးခဲ့ရာ အောင်မြင်ခဲ့ပါသည်။ ထိုသူ သုံးယောက်သည် လူသစ်၊ စိတ်သစ်မွေးပြီး ကောင်းမွန်စွာ အလုပ်လုပ်ကြလေသည်။ ထိုအကြောင်းကို လျှို့ဝှက်ထားရန် ဦးလေးမြနှင့် ကျွန်တော်တို့နှစ်ဦး ကတိထားခဲ့ကြပါသည်။ ယခုအခါတွင် ဦးလေးမြလည်း ကွယ်လွန်ရှာပြီ။ မြပွဲရုံလည်း မရှိတော့သဖြင့် ထုတ်ဖော်ရေးသားခြင်း ဖြစ်ပါသည်။

ထို့နောက် ထောင်မှနှစ်စေ့ပြီး လွတ်လာသူအချို့ကို ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်လေးထံ အကူအညီတောင်းပြီး ရဲတပ်ဖွဲ့ထဲသို့ သွင်းပေးသူများလည်း ရှိပါသည်။ ပြန်လည်ထူထောင်ရေးတပ်မှူး ဗိုလ်မှူးမင်းလွင်ထံ အကူအညီတောင်းပြီး တပ်သားများ သွင်းပေးခဲ့သူများလည်း ရှိပါသည်။

ကျွန်တော်၏ စေတနာအလုပ်သည် အကျိုးပြုလေပြီလား မသိ။ လူထုပညာရေးကောင်စီကို ပညာရေးဝန်ကြီး ဦးသန်းအောင်၏လက်အောက်မှ လူမှုဝန်ထမ်းဌာနကြီး

www.burmeseclassic.com

www.burmeseclassic.com

ဦးဘစော၏လက်အောက်သို့ နိုင်ငံတော်အစိုးရအဖွဲ့က ပြောင်းလဲလိုက်လေသည်။

ကျွန်တော် တင်ပြနေသော ဖြစ်ရပ်လုပ်ငန်းများမှာ လွန်ခဲ့သောနှစ်ပေါင်း ၄၈ နှစ်ကျော်က အကြောင်းများဖြစ်ပါသည်။ ယခုအခါ ကမ္ဘာ့သိဂုရုကြီးဦးဂိုအင်ကာသည် အိန္ဒိယနိုင်ငံတွင် ထောင်သားများအား ဝိပဿနာတရားအားထုတ်နည်းသင်ကြားပေးသဖြင့် တိုးတက်မှုများရှိကြောင်း၊ အိန္ဒိယနိုင်ငံအစိုးရက အထူးလိုလားနှစ်သက်စွာ လက်ခံပြီးနောက် ဆက်လက်သင်ကြားပို့ချပေးရန် တောင်းဆိုနေသော သတင်းများ ဖတ်ရသဖြင့် အလွန်အားကျပြီး သာဓုအကြိမ်ကြိမ် ခေါ်မိပါသည်။

အကယ်၍သာ ကျွန်တော်သည် လူထုပညာရေးမှူးတာဝန်ကို ဆက်လက်ထမ်းဆောင်နေရပါလျှင် ဆရာကြီးဂိုအင်ကာ၏ အောင်မြင်မှုထက် နှစ်ပေါင်း ၄၀ ကျော်အချိန်စော၍ ပြည်ထောင်စုမြန်မာနိုင်ငံမှာ လူဆိုးထောင်ဟု အမည်တွင်သော မြင်းခြံထောင်အတွင်းမှာ ထောင်ကျထောင်သားများကို ကျေးဇူးရှင်စွန်းလွန်းဆရာတော်ကြီး၏ ဝိပဿနာနည်းအတိုင်း ''ထိ–သိ–သတိ''ကို သင်ပြပေးခဲ့သဖြင့် အောင်မြင်မှုရရှိခဲ့ဖူးကြောင်းကို ပြောပြနိုင်မည်ဟု ဆိုချင်ပါသည်။

စာကြည့်တိုက်ဖွင့်ပွဲ

မြင်းခြံမြို့မှ သုံးမိုင်ခန့်ဝေးသော နတ်ထားကျေးရွာသည် စည်ကားသောရွာကြီးတစ်ရွာဖြစ်သည်။ ဗာဂျီးနီးယားစီးကရက် ဆေးရွက်ကြီးကို ရှမ်းပြည်လင်းခေးဦးထွန်းမြင့်ထံမှ ဆေးမျိုးစေ့နှင့် စိုက်ပျိုးနည်းယူ၍ မြင်းခြံမြို့မှာ ပထမဦးဆုံး ဆေးစိုက်သူမှာ နတ်ထားရွာသား ဘကြီးချစ် ဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင် ဘကြီးချစ်၏ ဆေးပျိုးခင်းများကို သွားပြီး လေ့လာကြည့်ရှုဖူးပါသည်။ မြင်းခြံမြို့နယ်တစ်နယ်လုံးရှိ ဆေးစိုက်သော တောင်သူများသည် ဘကြီးချစ်၏ ဆေးပျိုးခင်းမှာ ပျိုးနည်း၊ စိုက်နည်းများကို သွားရောက်လေ့လာပြီး နည်းပညာယူကြရလေသည်။

ပခုက္ကူမြို့နယ်ဘက်မှ ဆေးစိုက်သော တောင်သူများလည်း ဘကြီးချစ်၏ဆေးပျိုးခင်းများသို့ လာရောက်လေ့လာပြီး နည်းပညာယူကြရသည်။ ဆေးပျိုးပင်များ၊ မျိုးစေ့များလည်း ဝယ်ယူကြရသည်။

ယနေ့ မြန်မာစာပေလောကတွင် ထင်ပေါ်ကျော်ကြားလူသိများလာသော စာရေးဆရာ ပခုက္ကူဦးအုံးဖေ၏ ဆေးပေါင်းရုံလုပ်ငန်းသည် ဗာဂျီးနီးယားစီးကရက် ဆေးရွက်များကိုပေါင်းသော ဆေးပေါင်းရုံလုပ်ငန်းဖြစ်ပါသည်။

စာကြည့်တိုက်ဖွင့်ပွဲအတွက် ကြိုးစားနေသောအချိန်သည် ကွန်မြူနစ်များစည်းရုံးရေး အားအကောင်းဆုံးအချိန်ဟု ဆိုနိုင်ပါသည်။ ၁၉၅၃ ခုနှစ်ထဲတွင် မြင်းခြံပတ်ဝန်းကျင် ကျေးရွာများသို့ ကွန်မြူနစ်သောင်းကျန်းသူများ ဝင်ထွက်သွားလာနေသောအချိန်ဖြစ်လေသည်။ ဘကြီးချစ်၏ အကူအညီဖြင့် နတ်ထားကျေးရွာမှာ စာကြည့်တိုက်ဖွင့်နိုင်ရေးအတွက် ကျေးရွာကွန်မြူနစ်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရလေသည်။ လူထုပညာရေးဌာန၏ ရည်ရွယ်ချက်လုပ်ငန်းစဉ်များကို ရှင်းပြဆွေးနွေးသည်။ တိုင်းပြည်တိုးတက်ရေး၊ ဖွံ့ဖြိုးရေးအတွက် ကျေးလက်လူထု ပညာဘတ်မှသာ တောင်သူလယ်သမားများဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ကိုင်နိုင်ကြပေမည်။

ကျေးရွာလူထု စာပေပညာ လေ့လာဖတ်ရှုနိုင်ရေးအတွက် စာကြည့်တိုက်တစ်ခုဖွင့်နိုင်ရန် ဆောင်ရွက်မှုတွင် ကျေးရွာကွန်မြူနစ်ပါတီခေါင်းဆောင်များ ပါဝင်ကူညီပေးရန် ဆွေးနွေးသောအခါ ပထမတော့ အချို့အမြော်အမြင်ကျဉ်းသူများက လက်မခံချင်ကြပါ။ သူတို့နှင့်ရင်းနှီးကျွမ်းဝင်သူ ဘကြီးချစ်၏သား ကိုအုံးဖေကို အကူအညီတောင်းပြီး ကွန်မြူနစ်ခေါင်းဆောင်များနှင့် ဒုတိယအကြိမ် ဆွေးနွေးသောအခါ အဆင်ပြေသွားပါသည်။ ထိုခေါင်းဆောင်က ကျေးရွာခေါင်းဆောင်များကို စာကြည့်တိုက်ဖွင့်ပွဲအတွက် အကူအညီပေးကြရမည်။ အနှောင့်အယှက်ပေးသူကို ပါတီက အရေးယူမည်ဟု အမိန့်ပေးတော့ အားလုံးအဆင်ပြေသွားလေသည်။

ကျေးရွာစာကြည့်တိုက်တွင် ရန်ကုန်နေ့စဉ်သတင်းစာနှင့် မြန်မာ့အလင်းသင်းစာနှစ်စောင် ထားရှိရေး၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ဝတ္ထု အစရှိသော စာအုပ်ဟောင်းများ၊ လစဉ်ထုတ်အသစ်များ လှူမည့်သူများကိုပါ စည်းရုံးပြီး စာအုပ်များစုဆောင်းရလေသည်။ စာကြည့်တိုက်ကို နေ့စဉ်ဖွင့်ရေးအတွက် အလှည့်ကျတာဝန်ယူမည့် ကျောင်းသားလူငယ်များနှင့် ကျေးရွာလူငယ်များ ရွေးချယ်၍ ၁၀ ဦးကိုဖွဲ့စည်းပေးရသည်။ ထို ၁၀ ဦးထဲမှ တစ်ရက်လျှင်တစ်ဦး တာဝန်ယူပြီး စာကြည့်တိုက်ကိုဖွင့်ပြီး စောင့်ရှောက်ရန်၊ မအားလပ်

www.burmeseclassic.com

www.burmeseclassic.com

သူနေရာမှာ အစားသွင်းနိုင်ရေးအတွက် အရံ သုံးယောက်ထားရသည်။ စာကြည့်တိုက် ကြီးကြပ်စောင့်ရှောက်ရေးအတွက် လူလတ် ငါးဦးကိုလည်း ရွေးပြီးတာဝန်ပေးရသည်။

စာကြည့်တိုက်အဆောက်အဦးဆောက်ရန် ကုန်ကျမည့်ငွေ ရရှိရေးအတွက် နတ်ထားရွာသားများထဲမှ မြင်းခြံမြို့ပေါ်တွင် ပွဲရုံတည်ထောင်ထားသူများ၊ ပွဲစားများ၊ ဆီစက်ပိုင်ရှင်များထံမှ လှူဒါန်းငွေ အလှူခံရသည်။ ထိုအလှူခံရရှိငွေဖြင့် သုံးပင်နှစ်ပင် ဝါးကပ်မိုး၊ ဝါးထရံကာ အဆောက်အဦးနှင့် စာအုပ်ထည့်ရန် ဘီဒိုသုံးလုံး၊ စားပွဲနှစ်လုံး၊ ကုလားထိုင် ၁၀ လုံးတို့ ထူထောင်နိုင်လေသည်။

မြင်းခြံမြို့နယ်အတွင်းမှာ လူထုပညာရေးမှူး၏ စည်းရုံးကြိုးစားမှုဖြင့် ပထဦးဆုံးဖွင့်လှစ်နိုင်သော စာကြည့်တိုက်ဖွင့်ပွဲဖြစ်သည်။ စည်ကားစေချင်သည်။ ပြည်သူ့ဆက်ဆံရေးအရာရှိ သခင်မင်းခေါင်နှင့်တိုင်ပင်ပြီး ခရိုင်ဝန် (ထိုစဉ်က အရေးပိုင်ဟုလည်းခေါ်ကြသည်။) တက်ရောက်ဖွင့်လှစ်ပေးပါရန် တင်ပြအစီအရင်ခံသောအခါ ခရိုင်ဝန်က နတ်ထားရွာမှာ ကွန်မြူနစ်များ ရှိ၊ မရှိမေးပါသည်။ သခင်မင်းအောင်က မရှိပါဘူး အရေးပိုင်မင်းဟု တာဝန်ခံဖြေကြားသဖြင့် ခရိုင်ဝန်က လိုက်မည်ဟု အမိန့်ရှိလေသည်။

ကျေးရွာရှိ ကွန်မြူနစ်ခေါင်းဆောင်များကိုလည်း ခရိုင်ဝန်မင်းကိုယ်တိုင် တက်ရောက်ပြီး စာကြည့်တိုက်ဖွင့်ပေးမည်ဖြစ်၍ ဖွင့်ပွဲမှာ တောင်သူများနှင့်ရောပြီး ဝတ်စားရန်ဆွေးနွေးရသည်။ သူတို့ကလည်း "စိတ်ချပါဆရာလေး၊ ဘာမျှ မရိပ်မိစေရပါဘူး။ ကျွန်တော်တို့ရွာကို မည်သည့်ခရိုင်ဝန်မှ မရောက်ဖူးပါဘူး။ ဆရာလေး စည်းရုံးမှုကောင်းလို့ ရောက်လာတဲ့ ခရိုင်ဝန်ဖြစ်လို့ ကျွန်တော်တို့ရွာအတွက် ဂုဏ်ယူရမှာပါ။ စိတ်ချဆရာလေး"ဟု ကတိပေးကြလေသည်။

ညှိခံကျွေးမွေးရေး၊ ချက်ပြုတ်ရေး အစီအစဉ်ကို ကျေးရွာကာလသားခေါင်းဆောင်သောအဖွဲ့က တာဝန်ယူလေသည်။ ကျေးရွာလူငယ်များအဖွဲ့၏ အိုးစည်ဗိုင်း၊ ဒိုးပတ်ဝိုင်းများဖြင့် ရွာအဝင်မှကြိုဆိုပြီး ရွာလယ်ရှိ စာကြည့်တိုက်သို လူကြီးများကို လိုက်ပါပို့ဆောင်ကြမည်။ စာကြည့်တိုက်ဖွင့်ပွဲအပြီးမှာ ညှိသည်များကို နံနက်စာဖြင့် ညှိခံကျွေးမွေးရန်လည်း စီစဉ်ထားကြသည်။

ခရိုင်ဝန်နှင့်လူကြီးများ မြို့ပေါ်မှ စာကြည့်တိုက်အတွက် အလှူငွေထည့်ဝင်လှူဒါန်းသူများကို ကြိုဆိုရန်လှည်းများလည်း စီစဉ်ထားကြသည်။ ခရိုင်ဝန်မင်းအတွက် လှည်းယဉ်တစ်စီး သီးသန့်စီစဉ်ထားသည်။

စာကြည့်တိုက်ဖွင့်ပွဲကို ၁၉၅၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ စာဆိုတော်နေ့ နံနက် ၉ နာရီအချိန်ကို ရွေးချယ်ထားသည်။

ခရိုင်ဝန်မင်းအတွက် စီစဉ်ထားသောလှည်းယဉ်ပေါ်တွင် ခရိုင်ဝန်မင်းဦးမောင်မောင်တင်၊ မြို့ဝန်ထောက်ကြီးဦးသာထွန်း၊ နယ်ပိုင်ဝန်ထောက် ဦးရွှေရင့်တို့စီးကြသည်။ နောက်မှ လှည်းငါးစီးပေါ်တွင် မြို့ပေါ်မှညှိသည်တော်များလိုက်ပါကြလေသည်။

ကြိုတင်စီစဉ်ထားသည့်အတိုင်း နတ်ထားရွာအဝင်ထိပ်မှ အိုးစည်ဗိုင်း၊ ဒိုးပတ်ဝိုင်းများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ကြိုဆိုကြလေသည်။ ခရိုင်ဝန်မင်းနှင့် လူကြီးများအားလုံးလှည်းပေါ်မှဆင်းကြပြီး စာကြည့်တိုက်သို့ ခြေကျင်လျှောက်ကြသည်။

စာကြည့်တိုက်ရှေ့ဘက်မှာ အရိပ်မဏ္ဍပ်ထိုးထားသည်။ မဏ္ဍပ်ထဲမှာ နေရာယူကြပြီးနောက် ပြန်ကြားရေးအရာရှိ သခင်မင်းခေါင်က စာကြည့်တိုက်ဖြစ်ပေါ်လာပုံကိုရှင်းလင်းပြောကြားသည်။ ခရိုင်ဝန်မင်းကို မိန့်ခွန်းပြောကြားရန် အခမ်းအနားမှူးကျွန်တော်က ပန်ကြားလိုက်သည်။ ခရိုင်ဝန်မင်းက "ကျေးရွာလူထုအတွက် ပညာဆည်းပူးနိုင်တဲ့ စာကြည့်တိုက်ဖွင့်နိုင်သည်ကို ဝမ်းသာဂုဏ်ယူကြောင်း၊ တည်တံ့အောင် ထိန်းသိမ်းသွားရန်နှင့် စာအုပ်များထပ်မံဖြည့်စွက်နိုင်ရန် အလှူခံပေးမည့်အကြောင်းများ" မိန့်ကြားပြီးနောက် စာကြည့်တိုက်ကို ဖွင့်ပေးပါသည်။

နံနက် ၁၀ နာရီခွဲအချိန်မှာ ခရိုင်ဝန်မင်းနှင့် ညှိသည်များကို ကြက်သားဟင်း၊ ယုန်သားထောင်းကြော်၊ သီးစုံချဉ်ရည်ဟင်း၊ ဆီမီးခုံရုတ်သီးကြော်၊ ပဲသီးသုပ်ဟင်းများဖြင့် ညှိခံကျွေးမွေးကြသည်။

ရေနွေးကြမ်း၊ လက်ဖက်သုပ်၊ ချောင်းဒေါင်းမြေပဲယို၊ နှမ်းပြစ်များဖြင့် ဆက်လက်ညှိခံသည်။ ရေနွေးကြမ်းဝိုင်းတွင် ဗန်းမော်တဘက်ကြီးများ ခေါင်းပေါင်းပြီး ညှိခံဆွေးနွေးနေကြသူများမှာ ကျေးရွာကွန်မြူနစ်ခေါင်းဆောင်များဖြစ်ကြောင်းကို ခရိုင်ဝန်မင်း မသိရှာပေ။ မည်သည့်အခါမှလည်း သိကြမည် မဟုတ်ပေ။

(ရှေ့လဆက်ရန်)

သူတော်စင်မင်းအောင်

www.burmeseclassic.com

www.burmeseclassic.com

လှုပခေတ်မှီ - မြို့တော်ဆီသို့

မောင်အေးသန့်

(ယခင်လမှအဆက်)



မှိုင်ယယ်မြို့စောင့်တပ်ဘော်လုံးအသင်း

အိန္ဒိယ အင်ပီးရီးယဲလ်ဘဏ်
(ယခု- မြန်မာ့စီးပွားရေးဘဏ်ခွဲ(၃)

ဘဏ်ခွဲများ ဆက်လက်ဖွင့်လှစ်ခြင်း

မြို့တော်ရန်ကုန်တွင် နိုင်ငံခြားသားကုမ္ပဏီများဖွင့်လှစ်လာသည့်နည်းတူ ဘဏ်လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာသည်။ ၁၈၈၅ ခုနှစ်တွင် အိန္ဒိယအမျိုးသားဘဏ် (NATIONAL BANK OF INDIA) ဘဏ်ခွဲတစ်ခုကို ရန်ကုန်၌ ဖွင့်လှစ်လာခဲ့သည့်အပြင် ၁၈၈၈ ခုနှစ်တွင် ဟောင်ကောင် နှင့် ရှန်ဟိုင်းဘဏ် ကော်ပိုရေးရှင်းတို့ကလည်း ယခင် ရှဖရက်လမ်း (ယခု ဘဏ်လမ်း)တွင် ဘဏ်ခွဲများ ဖွင့်လှစ်လာခဲ့ကြသည်။

ပင်လယ်ရေကြောင်းမှ ဝင်ထွက်သွားလာမှု

အလားတူ ပင်လယ်ရေကြောင်း သင်္ဘောများ ဝင်ထွက်သွားလာမှုကိုကြည့်လျှင် အချိုးညီညီ တိုးတက်လာသည်ကိုတွေ့ရသည်။ ၁၈၈၁-၈၂ ခုနှစ်တွင် ရန်ကုန်ဆိပ်ကမ်းသို့ဝင်ထွက်သည့် သင်္ဘောစင်းရေမှာ (၄၅၂)စီး

www.burmeseclassic.com

www.burmeseclassic.com

ရှိခဲ့ပြီး စုစုပေါင်းတန်ချိန် (၄၀၄,၇၇၀)အထိရှိခဲ့သည်။ ၁၈၉၁ ခုနှစ်တွင် လီဗာ ပူးလ်သင်္ဘောကုမ္ပဏီ (LIVERPOOL SHIPPING FIRM) က မြန်မာနိုင်ငံနှင့် ပုံမှန်ပြေးဆွဲရန် ပထမဆုံးသော ရေနွေးငွေ့သုံးသင်္ဘောများကို အသုံးပြုလာခဲ့ကြသည်။

နိုင်ငံခြားကုမ္ပဏီများ ထပ်မံဖွင့်လှစ်ခြင်း

ကုန်သွယ်ရောင်းဝယ်ရေးဆိုင်ရာ ကဏ္ဍတွင် ယင်းလုပ်ငန်းများမှာ နိုင်ငံခြားသားများ၏ လက်ဝယ်တွင်သာ ရှိနေပေသေးသည်။ တစ်ချိန်တည်း တွင်ပင် နတ်သာလန် ရောင်းဝယ်ရေးအသင်း (NETHERLAND TRADING SOCIETY)၊ ဂျာမနီကုမ္ပဏီ၊ ပြင်သစ်ကုန်သည်ကြီးများ အသင်း (FRENCH CHAMBER OF COMMERCE) ကဲ့သို့သော ကုမ္ပဏီများကလည်း ရန်ကုန်မြို့တွင် ထပ်မံဖွင့်လှစ်ခဲ့ကြသည်။

ပျော်ပွဲရွှင်ပွဲများ

မြင်းပွဲ

ရန်ကုန်မြို့တော်၏ ပျော်ပွဲရွှင်ပွဲကဏ္ဍတွင် ၁၉၀၀ ပြည့်နှစ်၌ အာဏာပိုင်တို့က မြင်းပွဲစည်းမျဉ်း ဥပဒေများကို အိန္ဒိယနိုင်ငံ၊ ကိုးလ်ကတ္တား မြင်းအသင်း (CALCUTTA TURF CLUB) မှ ရယူပြင်ဆင်၍ မြင်းပွဲများ ကျင်းပပြုလုပ်ပေးခဲ့သည်။

ဘောလုံးပွဲ

ဘောလုံးအားကစားနှင့်စပ်လျဉ်း၍ ၁၈၉၅ ခုနှစ်၌ ဆူးလေ ဘုရားလမ်းရှိ ဗြိတိသျှ-အိန္ဒိယ ဟိုတယ် (BRITISH - INDIA HOTEL) နောင်အခါ ပီအောဂ ကုမ္ပဏီနေရာ) တွင် အများပြည်သူများပါဝင်သော အစည်းအဝေးတစ်ရပ် ပြုလုပ်၍ ဘောလုံးအဖွဲ့ ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သည်။

၁၈၉၇ ခုနှစ်တွင် သက်ဆိုင်ရာမှ ခွင့်ပြု ချက်ရယူ၍ မိုင်ဒါ (MAIDAN) ကွင်းအတွင်း ဘောလုံးပွဲများ ကျင်းပပြုလုပ်ခဲ့သည်။ ၁၈၉၅ ခုနှစ်တွင် ခေါ်တွင်ခဲ့သော မြန်မာ ဘောလုံးအသင်း [BURMA ASSOCIATION FOOTBALL LEAGUE (BAFL)] အမည်မှ ၁၈၉၉ ခုနှစ်တွင် [BURMA ATHLETIC ASSOCIATION (BAA)] အမည်သို့ ပြောင်းလဲလိုက်သည်။ ၁၈၉၈ ခုနှစ်တွင် အခြားအားကစားတစ်ခု ဖြစ်သော ခရစ်ကတ်ကစားပွဲ ကိုပါ ထည့်သွင်း ကစားစေခဲ့သည်။

BAA ဘောလုံးအသင်းတွင် ယခင်က သီးသန့် အားကစားကွင်းဟူ၍ မရှိပေ။ ၁၉၀၆ ခုနှစ်တွင် ကန်တော်ကလေးအရပ်၊ ယနေ့ရန်ကုန် မီးရထားဘူတာကြီးအနီးရှိ ခဝါသည်များ အဝတ်လျှော်ရာ ရေကန်ကို မြေဖို့၍ ၁၉၀၇ ခုနှစ်တွင် ဘီအေအေ ဘောလုံးကွင်း (လွတ်လပ်ရေးပြီး နောက် အောင်ဆန်းဘောလုံးကွင်း)အဖြစ် အသုံးပြုခဲ့သည်။

ရေပေးဝေရေး

မြူနီစီပယ်ကော်မတီသည် တစ်နေ့ထက် တစ်နေ့ တရိပ်ရိပ် တက်လာသော ရန်ကုန်လူဦးရေကြောင့် ရေပေးဝေရေးပြဿနာများ ထပ်မံကြုံတွေ့လာရပြန်သည်။ ၁၈၈၄ ခုနှစ်တွင် အင်းလျားကန်မှ ရေကို ကန်တော်ကြီးသို့ ပို့လွှတ်၍ ကန်တော်ကြီးမှ ရေကို မြို့တွင်းသို့ ပို့လွှတ်ခဲ့ရာ ကန့်သတ်နယ်မြေ အချို့သာ ရေရရှိခဲ့ကြသည်။ ရေပိုက်ဆက်သွယ်မှု အပိုင်းတွင် ရန်ကုန်အနောက်ပိုင်း လမ်းသစ် (မော်တင်) လမ်းမှ ရန်ကုန်အရှေ့ပိုင်း သိမ်ဖြူလမ်း (ဂျူဒါအီဇီကယ်လ်)၊ အောက်ပုဇွန်တောင်အတွင်းတွင်သာ ယင်းလုပ်ငန်းကို လုပ်ဆောင်နိုင်ပေသေးသည်။ ရန်ကုန် တစ်ဖက်ကမ်း ဒလတွင်မူ ရေတွင်းများကိုသာ အားထား အသုံးပြုနေကြရဆဲဖြစ်သည်။

၁၈၈၇ ခုနှစ်၊ နိုဝင်ဘာလ(၁၁)ရက်နေ့တွင် မြူနီစီပယ် အင်ဂျင်နီယာ၏ အဆိုပြုချက်အရ ရေသိုး စွန့်ပစ်ရာ၌ ကျပ်ငွေ (၁၁)သိန်းအကုန်ကျခံ၍ ရေတွန်းအားစနစ် (HYDRO-PNEUMATIC SYSTEM) ကို အသုံးပြုရန် ရှုံးနှင့်

www.burmeseclassic.com

www.burmeseclassic.com

အောလ် (MESSRS. SHONE AND AULD) ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့သည်။ ထိုစနစ်ကို ရန်ကုန်အနောက်ပိုင်း (၂)လမ်းနှင့် သိမ်ဖြူလမ်းအကြား ကမ်းနားလမ်းမှ ကျုံးကြီးလမ်းနှင့် အနော်ရထာလမ်း မိုလ်ချုပ်အောင်ဆန်းလမ်း၊ ရွှေဘုံသာလမ်းမှ ဗိုလ်အောင်ကျော်လမ်းအတွင်း လုပ်ဆောင် နိုင်ခဲ့သော်လည်း ရေပို့လွှတ်ရာတွင် အကျိုးသက်ရောက်မှု မရှိလှချေ။ အညစ်အကြေးစွန့်ပစ်မှုကိုလည်း သန်လျက်စွန်း (MONKEY POINT) တွင်သာ သတ်မှတ်ထားရှိနေဆဲဖြစ်သည်။

၁၈၈၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၃)ရက်နေ့တွင် အယ်လ်ဘတ်ဗစ်တာ (ALBERT VICTOR) ဆိုသူက ရေဆိုးအညစ်အကြေးစွန့်ပစ်သည့် လုပ်ငန်းအသစ်တစ်ခုကို စတင်လုပ်ဆောင်ပေးပြီး နောက် တစ်နှစ်တွင် ထိုစနစ်ကို အလုံ၊ ပုဇွန် တောင်၊ သိမ်ဖြူနှင့် ၁၈၉၆-၉၇ ခုနှစ်အတွင်း လမ်းမ တော်နယ်မြေများအထိ တိုးချဲ့ခဲ့သည်။ သို့သော် ထိုနယ်မြေများတွင် အိမ်များ၌ ပိုက်များဆက်သွယ်၍ အညစ်အကြေးစွန့်ပစ်နိုင်ခြင်း မရှိသေးချေ။ အညစ်အကြေး (မိလ္လာ)များ စွန့်ပစ်ရာတွင် သတ်မှတ်နေရာများသို့ လှည်းများဖြင့်သာ သယ်ဆောင်နေရဆဲပင်ဖြစ်သည်။

နောက်ပိုင်း အဆောက်အအုံများတွင် ပိုက်များဖြင့် ရေဆိုး၊ အညစ်အကြေး စွန့်ပစ်သည့်စနစ်ကို အသုံးမပြုနိုင်သေးသော်လည်း ၁၈၉၁ ခုနှစ်တွင် အိမ်ခြေ ၁၀ ရာနှုန်းမျှ ကိုလည်းကောင်း၊ ထိုနှစ်တွင်ပင် အစိုးရ အဆောက်အဦများ၌ လည်းကောင်း ထိုစနစ်ကို အသုံးပြုနိုင်ကြပြီ ဖြစ်သည်။

အိန္ဒိယနိုင်ငံမှ လုပ်သားများ တိုးပွားလာခြင်း

ရန်ကုန်မြို့တော်တွင် နေထိုင်ကြသော ပြည်သူတို့၏ ကျန်းမာရေး အခြေအနေကိုကြည့်လျှင် မတိုးတက်လှသေးပဲ တစ်စတစ်စ ဆိုးရွားလာသည့် အခြေအနေတွင်သာရှိသည်။ ယင်းသို့ ဖြစ်ရသည့် အကြောင်းတစ်ရပ်မှာ အိန္ဒိယနိုင်ငံမှ အလုပ်သမားများ နှစ်စဉ်ထောင်ချီ၍ တိုးပွားလာခြင်းကြောင့် ဖြစ်သည်။ အထက်ကပြဆိုခဲ့သည့်အတိုင်း ဆန်စက်၊ သစ်စက်၊ ဆိပ်ကမ်း ကုန်တင်ကုန်ချနှင့် လယ်ယာလုပ်ငန်း စသည်တို့တွင် အလုပ်သမားများ လိုအပ်လျက်ရှိသဖြင့် အိန္ဒိယနိုင်ငံ၊ မဒရပ်မြို့မှ အလုပ်သမားကူလီများ မြန်မာနိုင်ငံတွင်းသို့ များစွာဝင် ရောက်လာခဲ့ကြသည်။

အခြားအကြောင်းတစ်ရပ်လည်း ရှိပေသေးသည်။ ယင်းမှာ ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်တို့ အထက် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးသည့်နောက်ပိုင်း အထက်မြန်မာနိုင်ငံ၏ လယ်ယာလုပ်ငန်းများမှာ ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာသည်။ ထို့ကြောင့် အောက်မြန်မာနိုင်ငံရှိ လယ်ယာလုပ်ငန်းများတွင် လာရောက်လုပ်ကိုင်နေကြသော အထက်မြန်မာနိုင်ငံမှ လယ်ယာလုပ်သားများ မိမိတို့အရပ် ဒေသသို့ ပြန်သွားကြသောအခါ ယင်းတို့နေရာတွင် အိန္ဒိယမှ လယ်ကူလီများ အစားထိုးဝင်ရောက်လာသောကြောင့်ပင်ဖြစ်သည်။

သာဓကအားဖြင့် ၁၈၉၁ ခုနှစ်တွင် ရန်ကုန်မြို့၌ မြန်မာ ၄၀%၊ အိန္ဒိယတိုင်းရင်းသား ၄၈% ရှိပြီး ၁၉၀၁ ခုနှစ်တွင် မြန်မာ ၃၃%၊ အိန္ဒိယ တိုင်းရင်းသား ၄၈%ရှိလာသည်ကို တွေ့ရသည်။ မြစ်ဝကျွန်းပေါ်ဒေသ၏ စပါးစိုက်ကေမှာလည်း ၁၈၈၂-၈၃ ခုနှစ်တွင် ၂၈ သိန်း၊ ၆-သောင်း ရှိခဲ့ရာမှ ၁၈၉၂-၉၃ ခုနှစ်တွင် ၆၆ သိန်း ၄ သောင်း ၈ ထောင် ကေအထိ တိုးတက်လာသည်။

♦

ဆက်ပါဦးမည်····

မောင်အေးသန့်

www.burmeseclassic.com

www.burmeseclassic.com

စကားလုံးများ၏ သိက္ခာ

မိုးပန်းမွှန်(ရာမည)

"ပညာရှိက နားသောတ ပျော့ပျောင်းသည်"

(မွန်စကားပုံ)

အသိဉာဏ်ရှိသူ၏ စကားလုံးသည် သူတစ်ပါး ကြားရလျှင် နှစ်ခြိုက်ကျေနပ်ကြသည်ဟု ဆိုလိုရင်း ဖြစ်သည်။

အပြောအဆို သိမ်မွေ့သူသည် စိတ်ထားကောင်း မွန်၍ ဆင်ခြင်တုံတရား ရှိစမြဲပင်။ ကမ္ဘာကြီးတွင် လူဦးရေ တိုးတက်များပြားလာသည်နှင့်အမျှ စကားသံများလည်း ပြည့်လျှံလာပြီ။ ကျယ်လွင့် တိုးတိမ်၊ ပြင်းထန် မာန်လျော့၊ ခမ်းနား ဆန်းပြား၊ ရိုင်းပြ ယဉ်ကျေး စသည် စသည်ဖြင့် အသံကွန်ရက်ရောယှက်နေပြီ။ ကြားရသည့် အသံပေါင်း များစွာကြောင့် အာရုံထွေပြားရသလို တချို့လည်း သာယာ နာပျော်ဖွယ်။

စကားလုံးများစွာကို အသုံးပြုရသည့်ပုဂ္ဂိုလ်များ တွင် စာပေလောကသားများနှင့် ရုပ်ရှင်၊ ဂီတ၊ ဇာတ် သဘင်၊ အငြိမ့် စသည့် အနုပညာလောကမှ ပုဂ္ဂိုလ်များ ပါဝင်သည်။ ထို့အပြင် ကျောင်းဆရာ၊ ကျောင်းဆရာမနှင့် ဆေးရုံ၊ ဆေးခန်းမှ ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်များလည်း ပါဝင်သည်။ ကားလောကမှ ယာဉ်မောင်းနှင့် ယာဉ်နောက် လိုက်ပါသေး၏။

ထိုပုဂ္ဂိုလ်များအားလုံး စကားလုံးများများ သုံးရသူ ချည်းသာ။

စာပေလောကသားများ၏ စကားလုံးအသုံးအနှုန်း ကို ဦးစွာစိစစ်ကြည့်လျှင် အချို့ကယဉ်ကျေး၏။ အချို့က ရိုင်း၏။ စာရေးဆရာများ၏ ရသစာပေ၊ သုတစာပေများကို ရွေးချယ်ဖတ်ရှုသော စာဖတ်ပရိသတ်ရှိသည်။ အချို့စာဖတ် သူများကတော့ ဟာသစာပေကိုရွေးဖတ်သည်။ မည်သည့် စာဖြစ်စေ၊ တစ်စုံတစ်ရာ အကျိုးရှိမှာတော့ သေချာသည်။

သို့ရာတွင် ဟာသစာရေးဆရာအချို့၏ စာများမှာ အဓိပ္ပာယ်နှစ်မျိုးပေါ်သည့် ညစ်ညမ်းစကားလုံးများ တွင်တွင် သုံးထား၏။ မရယ်ရဘဲနှင့် စိတ်ပျက်ချင်စရာ ဖြစ်နေသည်။ ထိုဆရာများ ဟောပြောပွဲသွားသည့် မြို့ခံလူများကတော့ "အပြောကြမ်းသည်"ဟု မှတ်ချက်ပေးကြစမြဲ။ ပရိသတ် တိုင်းသည် ညစ်ညမ်းစကားလုံးကို နှစ်ခြိုက်လက်ခံသူများ မဟုတ်။ သိမ်မွေ့သော၊ ဟာသမြောက်သော စကားလုံး များကိုသာ နားထောင်ချင်ကြသည်။

စာပေဟောပြောပွဲတွင် လူငယ်မောင်မယ်များ အတူတကွ နားထောင်ကြရသည်။ ညစ်ညမ်းဟာသကြောင့် မျက်နှာပူရှက်ရွံ့ကြရသည်။ သုတ၊ ရသနှင့်ဟာသကို အလျဉ်းသင့်သလို ဟောကြသည့် ဆရာ၊ ဆရာမများစွာ ရှိသည်။ "စာပေဝမ်းစာ"ရှိသူများသာ ကျွမ်းကျင်လုပစွာ ဟာသဖောက်စကားလုံးဖြင့် သုတ၊ ရသပါအောင် ဟောနိုင် သည်။ စာပေဝမ်းစာမပြည့်သူ၏ မဖွယ်မရာစကားများ ကြောင့် တဝါးဝါး တဟားဟား ရယ်ကြသော်လည်း ကဲ့ရဲ့ စကားတင်းဆိုခံရမှာ သေချာသည်။

မြို့ပြပရိသတ်ဖြစ်စေ၊ ကျေးလက်ပရိသတ်ဖြစ်စေ လူတိုင်းနီးပါး စာပေဗဟုသုတရှိကြသည်။ စာကြည့်တိုက် များ တိုးပွားလာသည်နှင့်အမျှ တိုးတက်ခေတ်မီသော အမြင်ရှိကြပြီ။ လူတိုင်း အညှီအဟောက်ကြိုက်သူချည်း မဟုတ်၊ ယဉ်ကျေးသောစကားလုံးဖြင့်သာ ဆွဲဆောင်ဟော ပြောသင့်သည်။ "စာပေခေတ်"ဟု တင်စားရသည့် ပစ္စုပ္ပန် ကာလတွင် "ယဉ်ကျေးမှုနှင့် စကားလုံးသိက္ခာ"ကို မထိန်း နိုင်လျှင် ရှုံးပြီ။ ရေးသူ/ဟောသူများအနေဖြင့် "စာအုပ်ထုတ် သည်"၊ "စာပေဟောပြောပွဲသွားသည်"ဟု အရေးအကြွက်

www.burmeseclassic.com

များများ ဖန်တီးခြင်းထက် ''သိက္ခာမဲ့စကားလုံးများမပါဘဲ ပဟာပြောရေးသားနိုင်လေစွ''ဟု မှတ်တမ်းတင်ခံသင့်သည်။

ရုပ်ရှင်ဂီတရေစီးကြောင်းကို စောင်းငဲ့ကြည့်လျှင် မြင်နိုင်သည်။ နားစွင့်လျှင် ကြားနိုင်သည်။ ''ဟာ . . သရုပ်ဆောင်တွေကလည်း စကားလုံးကြမ်းလိုက်တာ''ဟု ပြောနေကြပြီ။ အမျိုးသမီးငယ်လေးများဖြစ်သည့် ရုပ်ရှင်သရုပ်ဆောင်များ၏နှုတ်ခမ်းပါးမှထွက်သော စကားလုံးပင်လျှင် မကြားဝံ့စရာ။ အမျိုးသားသရုပ်ဆောင်များကတော့ ပို၍ဆိုးလေစွ။

''ဒါရိုက်တာနဲ့ ဇာတ်ညွှန်းရေးဆရာတွေက ပြောခိုင်းတဲ့အတိုင်းပြောရတာ''ဟု ဖေးဖေးကာကာပြောသူလည်း ရှိ၏။ ''ပြောခိုင်းတိုင်း ပြောစရာလား။ အပျိုလေးတွေတန်မဲ့နဲ့ ပြောရဲလိုက်တာ''ဟု ပြစ်တင်ရှုတ်ချသူလည်းရှိ၏။ ဘယ်သို့ဖြစ်စေ မကြားဝံ့မနာသာဖြစ်ရတာတော့အမှန်။ မင်းသား၊ မင်းသမီးဟုခေါ်ရသော သရုပ်ဆောင်အချောအလှတို့လည်း အသုံးအနှုန်းကြမ်းလာကြသည်။ မင်းသား၊ မင်းသမီးဆိုသူများနှင့် သရုပ်ဆောင်မော်ဒယ်လ်မလေးများကလည်း ပြောရဲကြပါဘိ။ သိက္ခာမဲ့စေသော စကားလုံးများပြောဖြစ်အောင် သင်ကြားပေးသော ဒါရိုက်တာများ၊ ဇာတ်ညွှန်းရေးသူများကိုသာ မေတ္တာရပ်ခံရတော့မည်။

ဇာတ်သဘင်နှင့် ဘာအငြိမ့်၊ ညာအငြိမ့်ဆိုတာ အငြိမ့်များစွာမှ လူရွှင်တော်များက အဆိုးဆုံးဖြစ်နေပြီ။ ''ဇာတ်သမားပြန့်လျှင် မှတ်သားစရာကျန်ရမည်''ဆိုသောရှေးစကားကဖြင့် လွဲနေသလိုပင်။ ဇာတ်ထုပ်များ၊ နိဂါတ်တော်များကတော့ ယခင်ကလိုပင် ကောင်းဆဲ၊ ကောင်းမြဲ ယဉ်ကျေးမြဲ ဖြစ်သည်။ နှစ်ပါးသွင်နှင့် ပြဇာတ်တိုများထဲမှပြက်လုံးများမှာ မကြားဝံ့စရာ။

လူရွှင်တော်ဆိုရာတွင် ဇာတ်သဘင်မှ လူရွှင်တော်၊ အငြိမ့်သဘင်မှ လူရွှင်တော် အတော်များများ ပြက်လုံးရိုင်းပါသည်။ မိသားစုအတူတူကြည့်သည့်အခါတွင် မိဘမောင်ဖွား၊ တူသားများနှင့်အတူ ကြည့်ဖြစ်သည်။ စကားလုံးကြမ်းကြမ်းများကြောင့် မျက်နှာပူပူ၊ နားပူပူဖြင့် သွားဖြဲနေရစမြဲ။ ရှောင်ထွက်သွားရစမြဲ။ အငြိမ့်များစွာ၏ ပြက်လုံးများစွာသည် အောက်ပိုင်းမလွတ်။ တချို့ ပျစ်ပျစ်နှစ်နှစ်၊ တချို့တော့ အမိပ္ပာယ်က ရှက်ဖွယ်လီလီ။ တချို့က တဲ့တိုးညစ်ညမ်းလှ၏။ ပြောနေသော မင်းသားများ (လူရွှင်တော်လုပ်သူများ)က မျက်နှာပြောင်စွာပင် ပြောရဲကြသည်။ ကြည့်ရ၊ ကြားရသည်မှာ မကောင်းပါ။

ခေတ်ကိုလက်ညှိုးထိုး၍ ''ခေတ်ကြီးကိုကဆိုးလာတာ''ဟုပြောနေကြသည်။ ခေတ်က သူ့ဘာသာ ပြောင်းလာခြင်းသာဖြစ်၍ လူများက ညစ်ညမ်းသောအရောင်ဖြင့် ဆေးခြယ်နေကြခြင်းဖြစ်သည်။ ''အားမထုတ်နိုင်ကြတော့ဘူးလား''ဟု မေးသင့်နေပြီ။ ပို၍ယဉ်ကျေးသော ပြက်လုံးများဖြင့် ဟာသဖြစ်အောင် မဖန်တီးနိုင်တော့ဘူးလား။ သည်လိုမှ ရိုင်းရိုင်းပျပျ မပြောလျှင် မရယ်ရတော့ဘူးလား။ မထွင်တတ်တော့ဘူးလား။ သည်လိုမေးလာသည့် မေးခွန်း

ခေတ်ကိုလက်ညှိုးထိုး၍ ''ခေတ်ကြီးကိုက ဆိုးလာတာ'' ဟု ပြောနေကြသည်။ ခေတ်က သူ့ဘာသာ ပြောင်းလာခြင်းသာဖြစ်၍ လူများက ညစ်ညမ်းသောအရောင်ဖြင့် ဆေးခြယ်နေကြခြင်းဖြစ်သည်။

www.burmeseclassic.com

အကျင့်စရိုက်တစ်ခုသည် သေးငယ်၍ အရာမရောက်ဟု ထင်ရသော်လည်း ကြိမ်ဖန်များစွာ သုံးနှုန်းလာသောအခါ နှုတ်ထဲစွဲ၊ စိတ်ထဲမြဲနေတတ်၏။ လျှပ်တစ်ပြက် နှုတ်ထွက်ရဲတတ်ကြ၏။

များအတွက် အဖြေရှိစေချင်သည်။

ယဉ်ကျေးဆန်းသစ်သော ပြက်လုံး၊ ခေတ်ကို သရော်သော ပြက်လုံးများနှင့် သံချပ်အသစ်များအတွက် ထိမိသော ဟာသများ အားမထုတ်ကြတော့။ တစ်တစ်ခွခွ၊ နှမသားချင်း မကြားဝံ့မနာသာ စကားလုံးကြမ်းများဖြင့် ပြက်လုံးထုတ်နေသည်။ ဖောင်ဒေးရှင်းအငြိမ့်၊ မွေးနေ့အငြိမ့် စသော အငြိမ့်ပေါင်းစုံမှ မင်းသားငယ်များ၏ ပြက်လုံးက အဆိုးဆုံးပင်။ ညစ်ညမ်းသည်မှာ ကမ်းကုန်၏။ ဆင်ခြင်မရှိ ပြောချင်ရာပြော၊ သူတို့ဘာသာ တသောသောရယ်ကြသေး၏။ မင်းသားငယ်များနှုတ်ဖျားမှာ နတ်ကောင်းနတ်မြတ် စောင့်ပါဦးမလား။ ကြားရသူပင် ရှက်ဖွယ်လိလိ။ မိသားစုကြည့်၍ နားမချမ်းသာ။ မင်းသား၊ မင်းသမီး အရှက်မဲ့လေခြင်း၊ ပြောရဲလေခြင်းဟု ကဲ့ရဲ့မိကြတာအမှန်။

ပညာရေးလောကနှင့် ဆေးလောကမှ ဆရာ၊ ဆရာမ၊ ဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများလည်း စကားလုံးများကို သိက္ခာရှိရှိသုံးသင့်သည်။ အားလုံးတော့ မဟုတ်ပါ။ အချို့သော စေတနာလွန်ကဲသူ၊ ကရုဏာဒေါသောပြောတတ်သူနှင့် စိတ်ကြမ်း နှုတ်မြန်ရှိသူတို့ ဆင်ခြင်သင့်သည်။ မလိုအပ်သော စာတင်တိုင်တန်းမှုများဖြစ်ပြီး ပြဿနာရှင်းရ၊ မျက်နှာပျက်ရမည်။

ယာဉ်လောကမှ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များကတော့ အဆိုးဆုံးဖြစ်သည်။ ကားပေါ်တွင် ရဟန်းသံဃာ၊ လူကြီးသူမနှင့် အမျိုးသမီးများပါမှန်း သိသိနှင့်ဂရု မစိုက်။ ပျစ်ပျစ်နှစ်နှစ် ဆဲဆိုတတ်ကြသည်။ စိတ်မရှည်စရာများတွေ့လျှင်လည်း ကြမ်းတမ်းစွာ မဆဲသင့်။ နှုတ်ကိုစောင့် စည်းဆင်ခြင်သင့်သည်။ မြန်မာလူမျိုးအချို့ "နှုတ်ကျိုးနေပြီ" ဆိုသောစကားလုံးဖြင့် ကိုယ့်သိက္ခာကိုယ်ချနေကြခြင်းပါ။

အကျင့်စရိုက်တစ်ခုသည် သေးငယ်၍ အရာမရောက်ဟုထင်ရသော်လည်း ကြိမ်ဖန်များစွာ သုံးနှုန်းလာသောအခါ နှုတ်ထဲစွဲ၊ စိတ်ထဲမြဲနေတတ်၏။ လျှပ်တစ်ပြက် နှုတ်ထွက်ရဲတတ်ကြ၏။ အမိကြမ်း၍ နှုတ်သရမ်းခြင်း မဟုတ်ဘဲ သူ့အကျင့်စရိုက်နှင့်သူ ကြမ်းလာခြင်းသာ ဖြစ်သည်။ "စကား စကား ပြောဖန်များက စကားထဲက ဖာတီပြ၏"ဆိုသည့်အတိုင်း ဖြစ်သည်။

မည်သူမဆို ကိုယ်၏ နှုတ်ထွက်စကားလုံးကို သိက္ခာရှိသော စကားလုံးဖြစ်စေသင့်သည်။ နိုင်ငံကြီးသားပီသသူ၊ ဘာသာရေးအဆုံးအမကို နားရည်ဝသူ၊ ဟီရိဩတပ္ပရှိသူတို့သည် ကြမ်းတမ်းယုတ်ညံ့သော စကားလုံးကို အသုံးမပြုသင့်ကြောင်း အကြံပေးလိုသည်။

ယောဆရာတော်ဘုရားက –

"သတိဉာဏ်ကူ၊ အပူ 'နှုတ်'ကာ အေးတာကို 'ဆက်'၊ ရှေ့ကိုတက်၊ 'နှုတ်+ဆက်' မင်္ဂလာ"ဟု ဆိုဆုံးမခဲ့သည်။

မြန်မာနိုင်ငံသားတိုင်း ကိုယ်၏နှုတ်ထွက်စကားလုံးတိုင်းကို သိက္ခာရှိစွာ သုံးနှုန်းကြစေလိုကြောင်း တိုက်တွန်းလိုက်ပါသည်။

မိုးပန်းမွန် (ရာမည)

www.burmeseclassic.com

www.burmeseclassic.com

ရှေးဟောင်း ပေ၊ ပုရပိုက်တွင် တွေ့ရှိရသော ဥပ္ပါတသန္တိပရိတ်တော်

● မောင်နန်းလှိုင်(ရန်ကုန်တက္ကသိုလ်)

ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် အန္တရာယ်ကင်း ပရိတ်တော်များကို ရွတ်ဖတ်ပူဇော်ခဲ့သည်မှာ ပျူခေတ်ကတည်းကပင်ဖြစ်သည်။ ထေရဝါဒဗုဒ္ဓသာသနာ လွှမ်းစွာစည်ပင်ခဲ့သော သရေခေတ္တရာ ပျူမြို့ဟောင်းမှ ပရိတ်တော်ရေး ကျောက်စာတိုင် ပျူအက္ခရာအရေးအသားများဖြင့် တွေ့ရှိခဲ့ရသည်။ ယင်းကျောက်စာတိုင်များမှာ ယနေ့ထိ ဗုဒ္ဓဘာသာဝင်များ ရွတ်ဖတ်သရဇ္ဈာယ်နေကြသော မင်္ဂလသုတ်၊ မေတ္တသုတ် စသော ပရိတ်ကြီး ၁၁ သုတ်နှင့် ၂၄ ပစ္စည်းပဋ္ဌာန်း၊ ပစ္စယ၊ နိဒ္ဒေသပဋ္ဌာန်း ဒေသနာတော်များပင် ဖြစ်သည်။

တစ်ဖန် ပျူခေတ်မှ ပုဂံခေတ်သို့ ကူးပြောင်းလာချိန်၌ အန္တရာယ်ကင်း ပရိတ်ဂါထာတော်များကိုလည်း ဆက်လက်ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ကြောင်း ရှေးမွန်နှင့် မြန်မာကျောက်စာများ၌ အခိုင်အမာ ဆက်လက်တွေ့ရှိကြရသည်။ ကျန်စစ်သားမင်းနန်းတည် အခမ်းအနား မွန်ကျောက်စာ၌ ရှင်အရဟံမထေရ်ဦးဆောင်သော သံဃာတော်များက ပရိတ်တော်များကို ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ကြောင်း ရေးထိုးထားသည်။ နာမည်ကျော် ပုဂံခေတ် ဓမ္မရာဇိကဘုရား မြန်မာကျောက်စာ၌ ''ကုသလံ ကုသလံ ဖဟံ'' အစချီ၊ နမက္ကာရ ဘုရားရှိခိုးကြီးကို ကျောက်စာကနဦးအဖွင့် ဘုရားရှိခိုးအဖြစ် ပါဠိဖြင့် ဖော်ပြခဲ့သည်။ ဗုဒ္ဓဘာသာအခြေခံ လက်စွဲ ဆယ်စောင်တွဲ၌ နမက္ကာရဘုရား ရှိခိုးမှာ ဓမ္မရာဇိက ကျောက်စာမူအတိုင်းပင် တွေ့ရှိနေရသေးသည်။

ဆိုလိုချင်သည်မှာ ခေတ်ကာလများ မည်သို့ပင် ပြောင်းပြောင်း၊ ဗုဒ္ဓသာသနာ သက်ဝင်ယုံကြည်မှုနှင့် ပရိတ်ပဋ္ဌာန်းရွတ်ဖတ်ကြည်ညိုခဲ့ကြခြင်းမှာမူ ပြောင်းလဲမှုမရှိခဲ့ပေ။ မြန်မာမင်းတို့၏ ရွှေမြို့တော်မြတ် နန်းပြာသာဒ်၌လည်း ''နန်းကြီးတစ်သွန်၊ ဇေတဝန်လေသာ၊ ပရိတ်နာနှင့် ဝဲယာစမုတ်၊ ထောင်ထုတ်သမိုက်၊ မြတိုက်မြေနန်း၊ လွှတ်ကြွင့်နန်းက၊ ကိုးခန်းတွင်းပြင်၊ ရှစ်ပလ္လင်တည်''ဟူသော မန်လည်ဆရာတော်ကြီး၏ **မဃဒေဝလင်္ကာ**၊ ပိုက်ရေ ၆၁ လာ အတိုင်းပင် **ပရိတ်နာဆောင်ဟူ၍** အလေးအမြတ်ထား တည်ဆောက်ခဲ့ကြသည်။

ထေရဝါဒဗုဒ္ဓသာသနာ၌ ပါဠိဘာသာကို လက်စွဲပြုခဲ့ရာ ပိဋကတ်ပါဠိစာပေနှင့် ပိဋကတ်မဟုတ်သော ပါဠိဟူ၍ နှစ်မျိုးခွဲခြားသတ်မှတ်ကြသည်။ ပိဋကတ်အားဖြင့် သုံးပုံ၊ နိကာယ်အားဖြင့် ငါးရပ်တည်းဟူသော ဗုဒ္ဓဝစနများသည်၊ ယခုအခါ စာအုပ်ရေပေါင်း ၄၀ ဖြင့် ရိုက်နှိပ်ထားပြီး ဖြစ်ပါသည်။ သင်္ဂါယနာတင် အဆက်ဆက်၌ ဗုဒ္ဓဝစန ပိဋကတ်မဟုတ်သော၊ ကထာဝတ္ထု ပါဠိတော်သည်လည်းကောင်း၊ မိလန္ဒပဉှာပါဠိတော်သည်လည်းကောင်း မြတ်စွာဗုဒ္ဓ၏ ပိဋကတ်အတိုင်းပင်ဖြစ်၍ ကထာဝတ္ထုပါဠိကို အဘိဓမ္မာ ခုနစ်ကျမ်းစာရင်း၌ ထည့်သွင်းအသိအမှတ်ပြုခဲ့သည်။ ဤနည်းတူ ပရိတ်တော်များကိုလည်း ပိဋကတ်ဓမ္မာ ခန္ဓာထဲမှ ကောက်နုတ်ရွတ်ဖတ်ပူဇော်ကြခြင်းဖြစ်သည်။ ထို့အပြင် ပိဋကတ်တော်လာမည်မဟုတ်ဘဲ ဆရာစဉ်၊ သမားစဉ်များက ပါဠိဘာသာဖြင့် သီကုံးပူဇော်ထားကြသော ဂါထာပရိတ်တော်များလည်း ရှိသည်။ သာဓကဆောင်ပါသော် ဓာရဏပရိတ်၊ ပရိမိတ္တဇာလသုတ်များပင် ဖြစ်သည်။ ယင်းပရိတ်တော်များသည် ပိဋကတ်စာပေလာ မဟုတ်သော်လည်း ထေရဝါဒ ပိဋကတ်စာပေအတိုင်းပင် အညီအညွတ်ရေးဖွဲ့ပူဇော်ထား ခြင်းကြောင့် မြန်မာနိုင်ငံ ဗုဒ္ဓသာသနာနှင့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်၊ လူအားလုံးက ကြည်ညိုဂရုပြုစွာ လက်ခံသက်ဝင် ထားကြသည်။ ထို့အတူပင် ဥပ္ပါတသန္တိ

www.burmeseclassic.com

www.burmeseclassic.com

ပရိတ်တော်သည်လည်း ဗုဒ္ဓ၊ ဓမ္မနှင့် သံဃဂုဏ်တော်များကို အကျယ်တဝင့် ကြည်ညိုပူဇော်ထားသော ပရိတ်တော်ကြီး လည်း ဖြစ်သည်။ ထေရဝါဒပိဋကတ်တော်နှင့် ကိုက်ညီ သော ပါဠိဂါထာများပင် ဖြစ်ပါသဖြင့် ထေရဝါဒ ဗုဒ္ဓဘာ သာဝင် နိုင်ငံများက ယုံကြည်သက်ဝင်စွာ ရွတ်ဖတ် သရဇ္ဈာယ်ကြပါသည်။

ဥပ္ပါတသန္တိပရိတ်သမိုင်း

ဥပ္ပါတသန္တိပရိတ်တော်ကို အမျိုးသားစာကြည့်တိုက် ၌လည်းကောင်း၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၌ လည်းကောင်း ပေမူအဖြစ် တွေ့ရှိရပါသည်။ အမျိုးသား စာကြည့် တိုက်၌ တွေ့ရှိခဲ့ရသော ပေမူများမှာ၊ ပေမူထဲ၌ အတော်ပင် ရှေးကျပြီး ညို၍ ပေရွက်များ ပွဲရွဲ့နေသည်ကို တွေ့ရှိရသည်။ ယင်းပေမူကို ကူးယူသောနှစ်မှာ မြန်မာ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်ဟု ပါရှိသောကြောင့် ခရစ်နှစ် ၁၈၃၈ ခုနှစ်ပင် ဖြစ်သည်။ ကုန်းဘောင်ခေတ် ပထမ အင်္ဂလိပ်–မြန်မာ ကျူးကျော်စစ်ပွဲ (၁၈၂၄–၂၆) အပြီးနှင့် ဒုတိယ အင်္ဂလိပ်–မြန်မာစစ်ပွဲ (၁၈၅၂) မဖြစ်မီ ကြား ကာလ၌ပင်ဖြစ်သည်။ ကုန်းဘောင်ဆက် ဘကြီးတော် စစ်ကိုင်းမင်းလက်ထက် ရေးကူးထားသော ဥပ္ပါတသန္တိ ပေ ကူးမူလည်းဖြစ်သည်။ ကုန်းဘောင်ခေတ်တွင် ဥပ္ပါတသန္တိ ပါဠိပရိတ်တော်ကို နာမည်ကြီး ဆရာတော်သုံးပါးက နိဿယပြန်ဆိုထားခဲ့သည်။ ဆရာတော်ဦးပုဗ်နှင့် ဝဏ်ဘာ ဆရာတော်၏ တောင်းပန်လျှောက်ထားချက်အရ ဆုံထား ဆရာတော် အရှင်နန္ဒမာလာတို့က နိဿယ ပြန်ဆိုခဲ့ကြ သည်။ အဆိုပါ ဥပ္ပါတသန္တိပရိတ်တော် နိဿယပေမူ၌ ဥပ္ပါတသန္တိ ပရိတ်တော်၏ သမိုင်း နောက်ခံ၊ ရွတ်ဖတ်ရမည့် နည်းကာမ်းနှင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၏ အကျိုးထူးများကို အကျဉ်းသဘော ထည့်သွင်းရေးသားခဲ့သည်။

ဥပ္ပါတသန္တိပါဠိ ပရိတ်တော်ကို ရေးဖွဲ့ပူဇော်သော ပုဂ္ဂိုလ်မှာ ဟရိဘုဉ္ဇ၊ သုဝဏ္ဏဘုမ္မိဇင်းမယ်တိုင်းပြည်မှ အရှင် သီလဝံမဟာထေရ်မြတ် ဖြစ်သည်ဟု တွေ့ရှိရသည်။ ဇင်းမယ်တိုင်းပြည်၌ သူပုန်သူကန်များ ထကြွသောင်းကျန်း သော ဘေးဘျမ်းအန္တရာယ်များဖြင့် ကြုံကြိုက်နေစဉ် ဤ ဥပ္ပါတသန္တိ ပရိတ်တော်ကို တစ်ဦးချင်းစီ ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ကြသည်။ ဇင်းမယ်မင်းနှင့်တကွသော ပြည်သူ အပေါင်းတို့သည် ဤဥပ္ပါတသန္တိပရိတ်တော်ကို ရွတ်ဖတ် သရဇ္ဈာယ်ကြသဖြင့် ထိုဘေးမှ လွတ်ကင်းခဲ့ကြောင်း ဖော်ပြ သည်။ (ဥပ္ပါတသန္တိ ပါဠိနိဿယ၊ ပေမူ အမျိုးသားစာကြည့် တိုက်၊ ပေအမှတ်–၂၈၃၂၊ ဆေ–ဝမ်း၊ ကြောင်းရေ–၅)

ဘကြီးတော်စစ်ကိုင်းမင်း (၁၈၂၉–၁၈၃၈) လက် ထက် သက္ကရာဇ် ၁၁၉၃ ခု၊ နတ်တော်လဆန်း ၁၂ ရက်၊ သောကြာနေ့တွင် ရတနာပူရ အင်းဝနေပြည်တော်၏ မှန် နန်းဆောင်တော်တွင် ဥပ္ပါတသန္တိပရိတ်တော်ကို ရွတ်ဖတ် ခဲ့ကြောင်း၊ မုံရွေးဇေတဝန်ဆရာတော် အရိယဝံသ အာဒိစ္စ ရံသီ မထေရ်မြတ်(၁၇၆၆–၁၈၃၅)၏ မှတ်စုမှတစ်ဆင့် သိရှိ ရသည်။ (မုံရွေးမှတ်စု၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၅ ခု၊ ဒုတိယအကြိမ်၊ ရန်ကုန် စာ–၅၇) အဆိုပါ ဥပ္ပါတသန္တိ ပရိတ်တော်ကို နတ်တော်လပြည့်ကျော် ၁၁ရက် သောကြာ နေ့၌ မှန်နန်းဆောင်တော်၌ပင် ထပ်မံရွတ်ဖတ်ပူဇော်ခဲ့ သည်။ ဥပ္ပါတသန္တိပရိတ်တော်ကို ရတနာပူရ အင်းဝနေပြည် တော်၏ နေရာဌာနပေါင်း ၂၈ နေရာ၌ ရွတ်ဖတ်သရဇ္ဈာယ် ခဲ့သည်။ နေရာတစ်နေရာတွင် သံဃာတော်အပါး ရှစ်ပါး စီဖြင့် စုစုပေါင်း ၂၂၄ ပါး စုပေါင်းရွတ်ဖတ်ခဲ့ကြခြင်း ဖြစ် သည်။ အင်းဝအတွင်း ဘုရားကိုးဆူ၊ အတွင်းမုတ္တောဘုရား ကိုးဆူ၊ အင်းဝစည်းခုံဘုရားလွှတ်တော်၊ ဖြဲတိုက်၊ အရှေ့ရုံး နေရာများ ဖြစ်နိုင်ပါလိမ့်မည်။

ပေမူလာ ဥပ္ပါတသန္တိအစွမ်း

ဥပ္ပါတသန္တိပရိတ်တော်ကို ရွတ်ဖတ်မည့်သူသည် မေတ္တာ၊ ကရုဏာစသော ကုသိုလ်စေတသိက်ဖြင့် ယှဉ် သော စိတ်ကိုထားရှိရမည်။ ပါဠိသဒ္ဒါအထားအသို၊ အဖြတ် အတောက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ရပါမည်။ ရတနာသုံးပါး ဂုဏ်ကျေးဇူးကို အထူးယုံကြည်သက်ဝင်သူ ပုဂ္ဂိုလ်မျိုး ဖြစ်ရ မည်ဟု ဥပ္ပါတသန္တိ နိဿယပေမူတွင် တွေ့ရှိရပါသည်။ ဤကဲ့သို့ ပုဂ္ဂိုလ်မျိုးကသာ သရဘာဏာက အရာထားရှိရပါ မည်။

ဥပ္ပါတသန္တိပရိတ်တော်သည် “ဥပ္ပါတ” နှင့် “သန္တိ” ဟူသော ပါဠိပုဒ်နှစ်ရပ် ပေါင်းစပ်ထားခြင်းဖြစ်သည်။ ဥပ္ပါတ သည် ကျရောက်ဘေးဒဏ်၊ ဘေးဆိုး၊ ကပ်ဆိုး၊ အတိတ်

www.burmeseclassic.com

www.burmeseclassic.com

နိမိတ်ဆိုးဟူ၍ အစီမှာယ်ရရှိပြီး သန္တိဆိုသည်မှာ ဘေးကင်းရန်ရှင်း ငြိမ်းချမ်းခြင်းကို ဆိုလိုပါသည်။ ဥပ္ပါတသန္တိ ပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်သော ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ရိုးသားစွာ နာကြားအာရုံပြုသော ပုဂ္ဂိုလ်တို့သည်လည်းကောင်း ထက်မြက်သော တန်ခိုးသြဇာဖြစ်လာ၏။ ဘေးရန်ကင်းလွတ်ခြင်း၊ အလိုရှိတိုင်း အလှူင်းတကြီး အကျိုးစီးပွားကို ပြီးစေတတ်ခြင်း၊ ခပ်သိမ်းသော စည်းစိမ်ကို ပြုတတ်ခြင်း၊ စိတ်၏စိုးရိမ်ခြင်း၊ ကိုယ်၏နာကျင်ခြင်းမှ ကင်းလွတ်နိုင်ခြင်း၊ ဥပဒ္ဒွေကကံကြောင့် အခါမရောက် သေလွန်ခြင်းမှ ကင်းဝေချမ်းသာရာ ရနိုင်ခြင်း၊ သူတစ်ပါးတို့၏ အာဏာစက်ကို ဖျက်ဆီးပစ်နိုင်ခြင်း၊ အလိုမရှိအပ်သော ဘေးရန်ခပ်သိမ်းကို ပယ်ဖျောက်တတ်ခြင်းနှင့် အထူးသဖြင့် မင်း၏ရန်သူကို အောင်မြင်ငြိမ်းအေးနိုင်သော တန်ခိုးတေဇော် အာနုဘော်များဖြင့် ပြည့်စုံသော ပရိတ်တော်ကြီး ဖြစ်ကြောင်း အဆိုပါ ဥပ္ပါတသန္တိ ပရိတ်နိဿယ ပေမူဟောင်း၌ တွေ့ရှိရပါသည်။

(ယင်းပေမူ၊ ညီ–ကျော၊ ညု–ဝမ်း၊ ညူ–ဝမ်းချပ်များ) "အကြင်ရတနာ သုံးပါးဂုဏ်ကို၊ ယုံကြည်သောသူသည် အကြင်အရပ်၌ ရတနာသုံးပါး၏ မြတ်သောဂုဏ်တော်တို့ကို ဝိုးချဲ့ဖွဲ့ဆို၏။ တရားရှိသောသူအား၊ ထိုအရပ်၌၊ ချမ်းသာခြင်းဟူသော စီးပွား၊ အနာကင်းခြင်းဟူသော စီးပွားတို့သည် ဖြစ်ကုန်၏။"

ဟူ၍ ကုန်းဘောင်ခေတ် ယင်းနိဿယပေမူ၌ တွေ့ရှိရပါသည်။

ဥပ္ပါတသန္တိဖွဲ့စည်းပုံ

ဥပ္ပါတသန္တိ ပရိတ်တော်ကြီးသည်၊ ပါဠိဂါထာပေါင်း ၂၇၁ ပုဒ်ဖြင့် သီကုံးပူဇော်ထားပါသည်။

- နှစ်ကိုပ်ရှစ်ဆူသော ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးများ
- ပစ္စေကဗုဒ္ဓါအရှင်မြတ်များ၏ ဂုဏ်ကျေးဇူးများ
- အဂ္ဂသာဝက ရဟန္တာမထေရ်မြတ်များ၏ ဂုဏ်ကျေးဇူးများ
- အဂ္ဂသာဝိကာရဟန္တာမထေရီ အရှင်မများ၏ ဂုဏ်ကျေးဇူးများ
- သိကြား၊ ဗြဟ္မာနတ်မြတ် နတ်ကောင်းတို့၏ ဂုဏ်ကျေးဇူးများ

ကို သီကုံးပူဇော်ထားခြင်းလည်းဖြစ်သည်။ တဏှင်္ကရာစသော ဘုရားရှင်မှသည် ဂေါတမနှင့် နောင်ပွင့်မည့် မေတ္တေယျဘုရားရှင် ဂုဏ်တော်များပါဝင်၏။ ဓမ္မစကြာတရားဦး နာကြားခဲ့ကြသော၊ ပဉ္စဝဂ္ဂီ ရဟန္တာ ငါးဦးအပါအဝင် လက်ျာတော်ရံ ရှင်သာရိပုတ္တရာ၊ လက်ဝဲတော်ရံ ရှင်မောဂ္ဂလာန်၊ ရှင်မဟာကဿပ၊ ရှင်ဥပါလိ၊ အရှင်အနုရုဒ္ဓ၊ ရှင်ဘဒ္ဒိယ၊ ရှင်အာနန္ဒာ စသော ရဟန္တာအရှင်သူမြတ်များ၏ ဂုဏ်တော်များ၊ ဘိက္ခုနီသာသနာကို စတင်ထူထောင်သူ ဗုဒ္ဓရှင်တော်၏ မိထွေးတော် ဂေါတမီမှ အစပြုပြီး ခေမာထေရီ၊ ပဒုစာရီစသော ရဟန္တာထေရီမြတ်မျာ၏ ဂုဏ်တော်များ၊ ဓတရဋ္ဌ၊ ဝိရူဠ္ဟ၊ ဝိရူပက္ခ၊ ကုဝေရတည်းဟူသော သာသနာစောင့် နတ်မင်းကြီးလေးပါး၊ ပါရိသဇ္ဇမှစသော ဗြဟ္မာမင်းများ ၏ ဂုဏ်ကျေးဇူးများကို ချီးမွမ်းပူဇော်ရွတ်ဆိုခြင်းပင် ဖြစ်သည်။

ရွတ်ဆိုရာတွင် အရပ်ဌာနတို့သည် မြန်မာဗေဒင်မှ သတ်မှတ်ထားသော အရပ်ရှစ်မျက်နှာမှ –

အာယု – အသက်ရှည်ရာအရပ်

တေဇ – ဘုန်းတန်ခိုးကြီးရာအရပ်

သီရိ – မင်္ဂလာကျက်သရေ ရှိရာအရပ်များ၌ ရွတ်ဖတ်ကြရသည်။

		အရှေ့		
	သီရိ (တနင်္ဂနွေ)	ပရိဝါရ (တနင်္လာ)	အာယု (အင်္ဂါ)	
မြောက်	ဌာန (သောကြာ)		နာဂရ ဗုဒ္ဓဟူး	တောင်
	တေဇ (ရာဟု)	ဂဟေပတိ ကြာသပတေး	ဘုမ္မိ (စနေ)	
		အနောက်		

မြန်မာ့ဗေဒင်လာ အရပ်ရှစ်မျက်နှာ

အဆိုပါ ဗေဒင်အရပ်ရှစ်ရပ်သည် မိမိမွေးနံ့ကစ၍ အစဉ်လိုက် လက်ယာရစ်လှည့်၍ ရေတွက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com

ပရိဝါရ – အခြွေအရံ လာဘ်လာဘရှိရာအရပ်
နဂရ – မြို့ပြပြည်ရွာ စည်ပင်ရာအရပ်
ဘုမ္မိ – စီးပွားပျက်ရာ၊ ဘေးဥပါဒ်ရှိရာအရပ်
ဂဟပတိ – ဆန်ရေစပါး ပေါများရာအရပ်
ဌာန – တည်တံ့စွဲမြဲရာအရပ်။

ဥပ္ပါတသန္တိပရိတ်တော်သည် ဖင်းမယ် ယိုးဒယားမှ ထေရဝါဒ ပရိတ်တော်တစ်စောင်ဖြစ်သည်ဟု ဆိုသော်လည်း ရှေးဆရာအစဉ်အဆက် ပြောကြားခဲ့သော စကားဖြစ်ကြောင်း ထိုပေမူက ဆိုထားသည်။ သို့သော် ဦးယမ်ပိဋကတ်တိုက်အုပ်၏ ပိဋကတ်သမိုင်းစာရင်း၌မူ မတွေ့ရှိရပါ။ ဥပ္ပါဒဒီပနီ ဟူ၍သာ တက်ကျမ်းစာရင်းတွင် တွေ့ရှိရသည်။ (ဦးယမ်၊ ပိဋကတ်တော်သမိုင်း စာ–၂၁၀၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၉)

မြန်မာနိုင်ငံ ဗုဒ္ဓစာပေနှင့် ယဉ်ကျေးမှုသမိုင်းတွင် ဇင်းမယ်ပဏ္ဏာသဟူသော ဓမ္မပဒကဲ့သို့ အလားတူ ဒါန၊ သီလကထာ ဝတ္ထုဇာတ်တော်များသည် သူဂါမဏိသင်္ကြံ၏ ဇင်းမယ်ရာဇဝင် ဇင်းမယ်လော်ကား၊ ဇင်းမယ်အထည် ဥပ္ပါတသန္တိနှင့် ဘုရားကိုးဆူ ယုံကြည်မှုများမှာ မြန်မာ၊ ယိုးဒယား စာပေယဉ်ကျေးမှုဆက်နွယ်မှုများပင် ဖြစ်ပါ၏။

ဥပ္ပါတသန္တိ ပရိတ်ရွတ်ဖတ်ရသောအကျိုး

အရိယာသံဃာတော်မြတ်သည် ကြီးကျယ်မွန်မြတ်တော်မူ၏။ ကောင်းမှု၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်တော်မူ၏။ လောကခံကြောင့် ဖောက်ပြန်တုန်လှုပ်ခြင်းမရှိ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူ၏။ ခပ်သိမ်းသော မကောင်းမှုကို ပယ်စွန့်တော်မူ၏။ သီလကျေးဇူး၊ သမာဓိကျေးဇူး၊ ပညာကျေးဇူးကို ဆောင်တော်မူ၏။ ထိုကြီးကျယ်မွန်မြတ်သော အရိယာသံဃာတော်၏ ကြီးစွာသော တန်ခိုးအာနုဘော်ကြောင့် ကျွန်ုပ်တို့အားလုံးအား၊ အလုံးစုံသော ကောင်းခြင်းမင်္ဂလာဖြစ်ပါစေဘုရား။

ဂါထာ (၂၆၀)

*(၁) အချို့သော နတ်၊ ဘီလူး၊ မြေဘုတ်ဘီလူး၊ ဝိဇ္ဇာဓိုရ်၊ အန္တဝ္ပနတ်၊ နဂါး၊ ကုမ္ဘဏ်၊ ရေစောင့်ဘီလူးတို့သည် ဥမင်လိုဏ်ခေါင်း၌ တည်နေကြကုန်၏။ (၂) အချို့သော နတ်တို့သည် မြေပြင်၌ တည်နေကြကုန်၏။ (၃) အချို့သော နတ်တို့သည် ကောင်းကင်၌ တည်နေကြကုန်၏။ ထိုအလုံးစုံသော နတ်ဘီလူး အစရှိသည်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် **ကျွန်ုပ်တို့အားလုံး ကောင်းခြင်းမင်္ဂလာဖြစ်ပါစေ။***

ဂါထာ (၂၆၁)

ဤသို့ တဏှာကရော မဟာဝီရော စသော နှစ်ရာခြောက်ဆယ့်တစ်ဂါထာ၊ သဒ္ဒါအပေါင်း၊ ဘုရားဒြပ်၊ သမ္ဗုဒ္ဓေါန် လုံ့လစသော အနက်ပေါင်းဖြင့် မိန့်ဆိုအပ်သော ဥပ္ပါတသန္တိကျမ်းကို အကြင်ဘုရားဂုဏ်စသည်ကို ယုံကြည်ခြင်းရှိသောသူသည် ပုဒ်အက္ခရာ မှန်ကန်စွာလည်း ရွတ်ရာ၏။ ရိုသေစွာလည်း နာရာ၏။ ထိုသဒ္ဓါတရားရှိသောသူသည် ခပ်သိမ်းသော မကောင်းမှုတို့ကို အောင်မြင်ရာ၏။ အာယုဝဏ္ဏ စသည့် ငါးပါးကြီးပွားခြင်းသည်လည်း မချွတ်ဖြစ်လတ္တံ့။

ဂါထာ (၂၆၂)

(၁) ကောင်းသော အကျိုးစီးပွားကို အလိုရှိသောသူသည် ကောင်းသော အကျိုးစီးပွားကို ရနိုင်၏။ (၂) ကိုယ်စိတ်နှစ်ဖြာချမ်းသာကို အလိုရှိသောသူသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရနိုင်၏။ (၃) အသက်ရှည်ခြင်းကို အလိုရှိသောသူသည် အသက်ရှည်ခြင်းကို ရနိုင်၏။ (၄) သားသမီးကို အလိုရှိသောသူသည် သားသမီးတို့ကို ရနိုင်၏။

ဂါထာ (၂၆၃)

ထိုဥပ္ပါတသန္တိကျမ်းကို ရွတ်နာခံသော သူအားလေ (၁၀ သည်းခြေအစရှိသည်တို့ကြောင့် ဖြစ်ကုန်သော အနာရောဂါတို့သည် မနှိပ်စက်ကုန်။ (၂) အခါမရောက်မီ ဥပစ္ဆေဒက က်ကြောင့် သေခြင်းမရှိ။ (၃) ကြမ်းတမ်းယုတ်မာ၊ နတ်မိစ္ဆာသည် မညီမညွတ် အချွတ်အယွင်း မယုတ်အားဖြင့် မနှိပ်စက်နိုင်။

ဂါထာ (၂၆၄)

ထိုသူအား အတွင်းအပြင် ကြရောက်တတ်သော ဘေးရန်သည် ရောက်ပြီးသောဘေးရန်သည် မတိုးပွား

www.burmeseclassic.com

www.burmeseclassic.com

သည်သာတည်း။ ထိုမှတစ်ပါး မကောင်းသဖြင့် တည်ကုန်သော နိမိတ်တို့သည် ပျောက်ပျက်ကုန်ရာ၏။ အခါခပ်သိမ်း အသက်ရှည်ခြင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြီးခြင်း၊ အနာရောဂါကင်းခြင်းကို ဖြစ်နိုင်၏။

ဂါထာ (၂၆၅)

အကြင်သူသည် မြတ်သော ဥပ္ပါတသန္တိကျမ်းကို နာပြီး၍ စစ်မြေပြင်သို့ ဝင်ရောက်ရာ၏။ ထိုသူသည် ခပ်သိမ်းသော ရန်သူတို့ကို အောင်ရာ၏။ လက်နက်တို့သည် မနှိပ်စက်နိုင်။

ဂါထာ (၂၆၆)

အခါခပ်သိမ်း နှစ်သက်ခြင်းကို ရနိုင်၏။ ထိုသူကို ဖျက်ဆီးခြင်းသည် မသက်ဝင်နိုင်၊ အနာရောဂါတို့သည် မနှိပ်စက်နိုင်၊ မိမိဥစ္စာဖြင့် အထူးပွားများနိုင်၏။

ဂါထာ (၂၆၇)

(၁) အကြင်သို့သော တောတောင်၊ သစ်ပင်၊ ရေမြေ အပြင်အရပ်၌၊ ကြမ်းကြုတ်ရဲခတ် နိုင်ထက်ကလူပြုတတ်ကုန်သော ဖမ်းယူတတ်ကုန်သော ဥဇကကြီး၊ ဥဇကငယ်တို့လည်းကောင်း၊ (၂) ရေစောင့်ဘီလူး စသည်တို့သည်လည်းကောင်း ရှိကုန်၏။ ထိုအရပ်သို့ဥဇက စသည်တို့သည် ဥပ္ပါတသန္တိကျမ်းကို ရွတ်ဖတ်သရဇ္ဈာယ်သော အသံကြောင့် ငြိမ်းအေးကုန်၏။

ဂါထာ (၂၆၈)

အသက်ရှည်သူကိုလည်းဖြစ်စေ၊ နည်းသော အသက် ရှိသူကိုလည်းဖြစ်စေ၊ အကြင်သူကို ရည်စူး၍ ဥပ္ပါတသန္တိကျမ်းကို ရွတ်ဆို၏။ ထိုသူသည် အခါခပ်သိမ်း ကြီးသော ဆင်းရဲမှ လွတ်၏။ ကောင်းသောသူတို့၏ လားရာသုဂတိရွာသို့ ရောက်နိုင်၏။

ဂါထာ (၂၆၉)

နတ်ကွန်းနတ်နန်း၌လည်းကောင်း၊ မြို့၌လည်းကောင်း၊ အမြဲစောင့်ရှောက်ကုန်သော နတ်မင်းတို့သည် ရည်မှတ်၍ ရွတ်ဆိုအပ်သော ဥပ္ပါတသန္တိကျမ်းကြောင့် တန်ခိုးအသရေ တိုးပွားကုန်၏။

ဂါထာ (၂၇၀)

(၁) မြေလှုပ်ခြင်း၊ ရေကြီးခြင်းစသည်တို့ကြောင့် ဖြစ်ကုန်သော ဥပါတ်တို့သည်လည်းကောင်း၊ (၂) ကောင်းကင်၌ ကြိုတ်ထခြင်း စသည်ကြောင့်ဖြစ်ကုန်သော ဥပါတ်တို့သည်လည်းကောင်း၊ (၃) လကြတ်ခြင်း စသည်ကြောင့် ဖြစ်ကုန်သော ဥပါတ်တို့သည်လည်းကောင်း၊ (၄) နိမိတ်မလောင်း၊ မကောင်းမှု ကံသက်သက်ကြောင့် ဖြစ်ကုန်သော ခပ်သိမ်းသော ဥပဒ်တို့သည်လည်းကောင်း၊ ဥပ္ပါတသန္တိကျမ်း၏ တန်ခိုးကြောင့် ပျောက်ပျက်ကုန်၏။

ဂါထာ (၂၇၁)

ဤ ဥပ္ပါတသန္တိကျမ်းသည် ပြီးဆုံးခြင်းသို့ ရောက်ပြီ (တစ်နည်း) ပြည့်စုံပြီ။

မောင်နန်းလှိုင်(ရန်ကုန်တက္ကသိုလ်)

ရည်ညွှန်းစာရင်း

၁။ **ဥပ္ပါတသန္တိပါဠိနိဿယ ပေမူ၊** အမျိုးသားစာကြည့်တိုက်၊ ပေအမှတ် ၂၈၃၂။

၂။ **ဥပ္ပါတသန္တိပါဠိ ပုရပိုက်မူ၊** အမျိုးသားစာကြည့်တိုက်၊ ပုရပိုက်၊ အမှတ် ၁၄၅၈။

၃။ **ယမ်းဦး။** ပိဋကတ်တော်သမိုင်း၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၉။

၄။ **အာဒိစ္စရံသီ၊** မုံရွေးဆရာတော်။ မုံရွေးမှတ်စု၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၅၊ ဒုတိယအကြိမ်၊ ရန်ကုန်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားငါးဆူ ပူဇော်မှု ကြည်ဖြူမှုတာ လိုတိုင်းရ

ဂမ္ဘီရဆရာငြိမ်း

တစ်နေ့သ၌ ကျွန်ုပ်၏အိမ်သို့ ကုမ္ပဏီဝန်ထမ်းဖြစ်သူ မောင်ကျော်လူ ရောက်လာသည်။ မောင်ကျော်လူက ရောက်မဆိုက်မှာပင် ညည်းတွားစကား ဆိုသည်။

"အဘငြိမ်းရေ ကျွန်တော်တော့ အလုပ်က ထွက်ချင်နေပြီ"

"ဘာကြောင့်လဲ မောင်ကျော်လူ"

"ဝန်ထမ်းအချင်းချင်း တို့မီးရှို့မီးလုပ်တဲ့ လူတွေရှိနေတော့ တစ်ဦးနဲ့တစ်ဦး ရန်သူလို ဖြစ်လာကြတယ်။ ရာထူးတိုးဖို့နဲ့ နယ်မပြောင်းရဖို့အတွက် ဒါရိုက်တာဆီမှာ အလုအယက်ဝင်ပြီး လာဘ်ထိုးတာတွေ၊ ခြေထိုးတာတွေ ရှိလာတယ် အဘငြိမ်း"

"ကိုယ်ကောင်းရင် ပြီးတာပါပဲကွာ"

"မပြီးလို့ ခက်နေတာပေါ့ အဘငြိမ်းရာ။ ကျွန်တော်က အေးအေးဆေးဆေးနေချင်သူပါ။ ဒါပေမဲ့ ကျွန်တော့်ကို ခလုပ်တိုက်နေကြတယ်။ ကျွန်တော့်ကို ရန်လိုနေကြတယ်။ ကျွန်ပ လည်း ကြာတော့ သည်းမခံနိုင်တော့ဘူး။ သက်ရှိလူဆိုတော့ တုံ့ပြန်မိတော့မယ်။ လက်ပါခြေပါ ဖြစ်တော့မယ်။ ရာဇဝတ်မှုအထိ ဖြစ်လာတော့မယ်။ သိပ်စိတ်ညစ်တာပဲ အဘငြိမ်းရာ"

မောင်ကျော်လူက ခေါင်းကို တဗျင်းဗျင်းကုတ်လျက် သက်ပြင်းအကြိမ်ကြိမ်ချကာ ညည်းတွားနေလေသောအခါ ကျွန်ုပ်မှာ သူ့ကို သနားသွားရလေတော့သည်။

ထို့ကြောင့်လည်း သူ့ကို လူလိုနတ်လို အစဉ်ချီးသာ ပျူငှာစေသော မိတ်ဆွေသဟာတွေ တိုးပွားပြီး ရန်အန္တရာယ်ဟူသမျှ ဆီးတားနိုင်စွမ်းရှိသည့် "ဘုရားငါးဆူ ပူဇော်မှု ကြည်ဖြူမှု လိုတိုင်းရ" ဂါထာကို လက်ဆောင်အဖြစ်ပေးရန် ဆုံးဖြတ်ပြီး သူ့အား ကျွန်ုပ်၏ မှတ်တမ်းစာအုပ်ထဲမှ ကူးယူစေပါသည်။

"မောင်ကျော်လူ မင်း ဒီဂါထာကိုကူးပြီး အရကျက်ကွာ။ ရတာနဲ့ နေ့စဉ် အနည်းဆုံး ခုနစ်ခေါက်ရွတ်ရမယ်ကွ"

"စိတ်ချပါ အဘငြိမ်းရာ။ ကျွန်တော်အရကျက်ပြီး အမြဲရွတ်ဆိုနေမှာပါ"

မောင်ကျော်လူသည် ဝန်ခံကတိပြုပြီး ကျွန်ုပ်ပေးသော ဂါထာကို ကူးယူပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘုရားငါးဆူ၊ ပူဇော်မှု၊ ကြည်ဖြူမှုတာ၊
လိုတိုင်းရဂါထာ"

ကကုသန္ဓော ကောဏာဂမေနော၊
ကဿပေါ ဂေါတမော မုနိ။
မေတ္တေယျော ပဉ္စဗုဒ္ဓေါ တော၊
သီသေ မေ သေန္တု သမ္ဗုဒ္ဓါ။
တေသံ အာနုဘာဝေန၊
ယက္ခဒေဝါ မဟိဒ္ဓိကာ။
သဗ္ဗေပိ သုခိတာ ဟောန္တု၊
မမ မိတ္တာ သဟာယ ကာ။

ကကုသန္ဓော၊ ကကုသန်မြတ်စွာဘုရားသည်လည်းကောင်း။ ကောဏာဂမေနော၊ ကောဏာဂုံ မြတ်စွာဘုရားသည်လည်းကောင်း။ ကဿပေါ၊ ကဿပမြတ်စွာဘုရားသည်လည်းကောင်း။ ဂေါတမော၊ ဂေါတမ မြတ်စွာဘုရားသည်လည်းကောင်း။ မေတ္တေယျော၊ မေတ္တေယျမြတ်စွာဘုရားသည်လည်းကောင်း။ ပဉ္စ၊ ငါးဆူကုန်သော။ ဗုဒ္ဓေါ၊ ထိုမြတ်စွာဘုရားရှင်တို့သည်။ မေ၊ အကျွန်ုပ်၏။ သီသေ၊ ဦးခေါင်းရတနာမြတ် အဂ်ါထက်၌။ သမ္ဗုဒ္ဓါ၊ အခါခပ်သိမ်း။ သေန္တု၊ ကိန်းအောင်းမွေ့လျော် တည်နေတော်မူနိုင်ကြပါစေကုန်သတည်း။

တေနံ၊ ထိုဘုရားငါးဆူတို့၏။ အနုဘာဝေ၊ တန်ခိုးတော်၊ မေတ္တာတော်၊ အာနုဘော်တော်အားဖြင့်။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကြပေကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ယက္ခာ၊ ဘီလူးတို့သည်လည်းကောင်း။ ဒေဝါ၊ နတ်တို့သည်လည်းကောင်း။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

မမ၊ အကျွန်ုပ်၏။ မိတ္တာ၊ အဆွေအမျိုးတို့သည်လည်းကောင်း။ သဟာပကာ၊ အဖော်သဟဲတို့သည်လည်းကောင်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

"ကူးပြီးပါပြီ အဘငြိမ်း"

"အေး. . .ကူးပြီးပြီဆိုရင် အိမ်မှာ အရကျက်သွား။ နေ့စဉ် အနည်းဆုံး ခုနစ်ခေါက်ရွတ်ကွာ။ အရေးကြုံလာရင် ဘုရားရှေ့မှာထိုင်ပြီး ခုနစ်ခေါက်ရွတ်ကွာ။ အဲဒီလိုရွတ်ဆိုပြီး ထုံး ပန်းတွေကို ကိုယ်မှာဆောင်ထားရင် တုတ်၊ ဓား၊ သေနတ် တောင် ပြီးတယ်လို့ ဆိုကြတယ်ကွ။ အဓိကအချက်ကတော့ ကွာ ကိုယ့်ကို ရန်သူလို မလိုမုန်းတီး အငြိုးထားနေသူတွေ၊ အကောက်ကြံနေသူတွေ၊ သေကြောင်းကြံနေသူတွေဟာ အဲဒီဂါထာတန်ခိုးကြောင့် ကိုယ့်ကို ကြည်ဖြူလာကြမယ်။ ချစ်ခင်လာကြမယ်။ နောက်ဆုံးအဆင့်ကတော့ ကိုယ့်ရန်သူဟာ ကိုယ့်ကို ခယလုပ်ကျွေးလာရတဲ့ အခြေအနေအထိ အောက်ကျိုဝင်ရောက်လာမယ်။ ကိုယ့်ကိုတောင် သူက ပြန်လည်စောင့်ရှောက်လာမယ်ကွ"

"တော်တော် တန်ခိုးကြီးတာပဲနော်"

"တန်ခိုးကြီးမှာပေါ့ကွာ။ ဘုရားငါးဆူကို မင်းက ဦးခေါင်းထက်မှာ ပန်ဆင်ကြည်ညိုထားတာကိုး"

"ကျွန်တော် အဘငြိမ်းမှာတဲ့အတိုင်း တစ်သဝေမတိမ်း လိုက်နာပါ့မယ်"

"အေး. . .မင်းက ခေတ်ပညာတတ်လူငယ်ဆိုတော့ ကျက်မှတ်ရတာ လွယ်ကူမြန်ဆန်မှာ သေချာတယ်။ စာမတတ်သူတွေ၊ ကျက်မှတ်ရခက်ခဲသူတွေအတွက် အဲဒီဂါထာကိုပဲ လိုရင်းတိုရှင်း ချုံ့ထားတာ ရှိသေးတယ်ကွ"

"ရှိသေးရင်လည်း ပြောပြပါဦး အဘငြိမ်းရယ်"

"ရန်သူအကြား၊ ငါ့အကြား၊ ဘုရားငါးဆူခြား ဆိုပြီး နေ့စဉ် ခုနစ်ခေါက်ရွတ်ရမယ်ကွ။ စောစောက ဂါထာအရှည်အတိုင်းပေါ့ကွာ။ ဘယ်လောက်လွယ်သလဲ၊ လွယ်တယ်ဆိုပြီး ပေါ့ပြက်ပြက်လုပ်လို့ မရဘူးကွ။ ရန်သူအကြား၊ ငါ့အကြား၊ ဘုရားငါးဆူခြား ဆိုတာက မိမိကိုယ်ထက်မှာ ဘုရားငါးဆူက ထာဝရ ကိန်းအောင်းနေတာကို အာရုံဝင်စားပြီး ကြည်ညိုဖူးမြော်ပြီး ရွတ်ဆိုရမှာကွ ရှင်းပြီလား"

"ရှင်းပါတယ် အဘငြိမ်းရယ်။ သိပ်ကောင်းတဲ့ ဂါထာမို့ ကျွန်တော်နဲ့ရင်းနှီးသူမှန်သမျှ မျှဝေပေးလိုက်ပါ့မယ်"

"အဲဒါ ဓမ္မဒါန ကုသိုလ်ရတာပေါ့ကွာ။ ကိုယ်တိုင်လည်း ကျင့်ကြံ၊ အများလည်း ဆပွားကျင့်ကြံကြမယ်ဆိုရင် ဘုရားရှင်တော်တို့ရဲ့ တန်ခိုးတော်ကြောင့် အစစအရာရာ ကြည်ဖြူမှုတ လိုတိုင်းရကြမှာပေါ့ မောင်ကျော်လူ"

ကျွန်ုပ်၏စကားကို မောင်ကျော်လူက ခေါင်းတဆတ်ဆတ်ညိတ်လျက် နှားထောင်ရင်း ပီတိဖြာနေပါလေတော့သတည်း။

ဂမ္ဘီရဘဏ်ရာငြိမ်း

www.burmeseclassic.com

www.burmeseclassic.com

တိုင်းရေ သမိုင်းဝေဖြာ

မပေဒါ(ရောဝတီ)

ကံဆုံရင် ကြုံရစမြဲ

ရောဝတီတိုင်းဒေသကြီး အင်ပူမြို့နယ်တွင် ရှေးနှစ်ပေါင်း ၂၅၀၀ ကျော်ခန့်က ပျူ့ဂဝံမြို့ဟောင်းကြီး ရှာဖွေတွေ့ရှိနေကြောင်း သတင်းသည် ယခုနှစ်တွင် ပိုမိုကျယ်ဝန်းထင်ရှားလာသည်။ စာရေးသူသည် သမိုင်းရေးရာများကို အထူးစိတ်ဝင်စားခဲ့ပြီး ဘဝတစ်လျှောက်လုံး ရောက်ရာဒေသတိုင်းတွင် ထူးခြားသော ရှေးဟောင်းဖြစ်စဉ်များကို မေးမြန်းလေ့လာခဲ့ပါသည်။ အသက်အရွယ် အိုမင်းလာသည့်အခါ ဇရာဒုက္ခများကြောင့် စိတ်သွားတိုင်း ကိုယ်မပါနိုင်ခဲ့သော်လည်း ထိုပျူ့မြို့ဟောင်းကြီးကို သွားရောက်လေ့လာမည်ဟု စိတ်ကူးထားသော တစ်နှစ်တာအတွင်း ၁၃၇၉ ခု၊ တပေါင်းလမှာပင် ထိုခရီးစဉ်ကို သွားဖြစ်ခဲ့သည်။

သွားလာရေးခရီးစဉ် အဆင်ပြေစေရန် ကူညီပေးသော ဘိုကလေးမြို့နယ်မှ အခွန်ဦးစီးမှူး ဒေါ်ကြူကြူခိုင်၊ လပွတ္တာမြို့ မင်းထက်သာစတိုးမှ ဦးစိုးစိုးတို့၏ ကျေးဇူးဖြင့် ရောက်ရှိသွားခဲ့သည်။

အင်ပူမြို့နယ်မှ ဦးမျိုးမြင့်၊ ဦးထွန်းရင်တို့၏ အကူအညီဖြင့် စာရေးသူ သွားလိုသော နေရာမှန်သမျှ အဆင်ပြေစွာ လေ့လာခဲ့ရသဖြင့် အထူးပင် ကျေးဇူးတင်ရှိကြောင်း ဦးစွာဖော်ပြအပ်ပါသည်။ တစ်နေ့တာ ခရီးဖြင့်ပင် အောင်မြင်မှု ရရှိခဲ့သည်။

စာရေးသူသည် ငယ်စဉ်ကပင် ဘာသာရေးကို အထူးစိတ်ဝင်စားခဲ့ပြီး အဘ ပထမံအောင်၊ မြောင်းမြမြို့ မြစိမ်းရောင်ဆရာတော်၊ အဘအောင်မင်းခေါင် (အရိမေတ္တေယျ အလောင်းတော်)တို့၏ သွန်သင်ဆုံးမဦးဆောင်လမ်းညွှန်မှုဖြင့် သာသနာပြု ကုသိုလ်ထူးကို အားထုတ်ဆောင်ရွက်ခွင့်ရခဲ့သည်မှာ နှစ်ပေါင်း ၄၀ ကျော်ခဲ့ပါပြီ။ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားကို ကြိုးပမ်းအားထုတ်နေသော်လည်း အကြောင်းအကျိုးဆက်၊ သဒ္ဓါစိတ်၊ ပါရမီဓာတ်ခံများကြောင့် သမိုင်းရေးရာများကိုလည်း အထူးစိတ်ဝင်စားမိပါသည်။ ယခု ခရီးစဉ်နှင့် ဆက်စပ်မှုရှိသောဖြစ်ရပ်မှန်တို့ကို တင်ပြလိုပါသည်။ စာရေးသူ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ခန့်က မိသားစုများနှင့်အတူ ပုသိမ်မြို့သို့ ပြောင်းရွှေ့လာခဲ့ရသည်၊ ပုသိမ်သို့ ရောက်ပြီး နှစ်လခန့်အကြာတွင် ထူးခြားသော အိပ်မက်ကို ရရှိခဲ့ပါသည်။

အသက် ၅၀ ဝန်းကျင် ဖြူစင်သောအမှုအရာ၊ ဝတ်ဖြူဝတ်ထားသော သူတော်စင်တစ်ဦးက စာရေးသူအား တွေ့ဆုံ၍ -

"ဖြစ်လေရာဘဝ၊ ရောက်လေရာဒေသတိုင်းမှာ သာသနာပြုနေတဲ့ မိန်းကလေး။ စောပြောကနေပြီး ကျုပ်ငေးကို ဘယ်လိုရောက်သွားရတာလဲ။ နံကသူ လိုဏ်ဂူကြီးကိုလည်း အရောက်လှမ်းခဲ့ပါဦး"ဟု ဆိုပါသည်။

စာရေးသူသည် စောပြောကိုလည်း မသိပါ။ နံကသူ လိုဏ်ဂူကိုလည်း မသိခဲ့ပါ။ ရက်များမကြာမီ ထိုလိုဏ်ဂူကြီးတွင် သီတင်းသုံးနေသော ဦးသူတော်အကြောင်း သိထားပြီး အရောက်ပို့ဆောင်ပေးမည့် အင်ပူမြို့မှ မိတ်ဆွေများ၏ ကျေးဇူးကြောင့် နံကသူလိုဏ်ဂူတော်ကြီးသို့ ရောက်ခဲ့ဖူးပါသည်။ ထိုခရီးစဉ်အကြောင်း ဆောင်းပါးနှင့် ပြေမှန်ဂူနံကသူ လိုဏ်ဂူတော် သမိုင်းစာအုပ်ငယ်ကို ထုတ်ဝေခဲ့ပါသည်။ နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်ခဲ့ပါပြီ။

လွန်ခဲ့သော ကိုးနှစ်ကျော်ခန့်က စာရေးသူသည်

www.burmeseclassic.com

www.burmeseclassic.com

လမ့္ဗ္ဗာပြီ။ သီကြားကုန်းတော်ကြီးတွင် တည်ထားသော ရှေးဟောင်းသမိုင်းဝင် မဟာအတုလရန်ကြီးအောင် ပြည်လုံးချမ်းသာစေတီတော်ကို မြစိမ်းရောင်ဆရာတော်ကြီး၏ လမ်းညွှန်မှုဖြင့် ပြန်လည်ပြုပြင်နေချိန် ဖြစ်ပါသည်။ မကြုံစဖူး ထူးကဲသော နာဂစ်မုန်တိုင်းကြီးနှင့် ကြုံတွေ့ရပါသည်။ စာရေးသူတို့ လုံးပတ်တော်ဖွင့် ဉာဏ်တော်မြှင့်၍ တည်ထားသော စိတ်တိဂုံဆံတော်ရှင်စေတီတော်မှ သာသနာ့အလံတော်ပင် လွင့်စဉ်ခြင်းမရှိခဲ့ပါ။ တစ်လခန့်ကြာမှ ဘုရားစေတီဝိုင်းအတွင်း ရှင်းလင်းခဲ့ရာ စာရေးသူနေထိုင်သော ဓမ္မရိပ်သာ၏ ခေါင်းရင်းဘက်တွင် ဗောဓိပ်တစ်ပင် ပေါက်နေသည်မှာ နှစ်ပေခန့်ရှိနေပြီ။ မဟာဗောဓိညောင်ပင်အစစ် ဖြစ်နေကြောင်း တွေ့ရသည်။ ထိုအကြောင်းကို မြောင်းမြမြို့ မြစိမ်းရောင်ဆရာတော်ကြီးထံ သွားရောက်လျှောက်ထားရန် စီစဉ်နေဆဲညမှာပင် ထူးခြားသော အိပ်မက်တစ်ခုကို ရရှိခဲ့သည်။

အိပ်မက်တွင်းမှာ စာရေးသူသည် တောတောင်ရိပ်များဖြင့် အေးချမ်းကိတ်ဆိတ်နေသော ဓမ္မရိပ်သာတစ်ခုသို့ ရောက်ရှိသွားသည်။ စာရေးသူကဲ့သို့ အညိုဝတ် ယောဂီမယ်တစ်ဦးက ထိုဒေသကို ထိန်းသိမ်းစောင့်ရှောက်နေကြောင်း ပြောပြသည်။

"ဒီဒေသမှာတော့ အစ်မတော် ရှိစဉ်ကအတိုင်း အေးချမ်းငြိမ်သက်နေပါတယ်။ အနီးအနားမှာတော့ သာသနာပြုဇာနတွေ တိုးချဲ့ရောက်ရှိလာပါတယ်"ဟု ရှင်းပြပါသည်။

စာရေးသူက -

"အားလုံး သာသနာပြုဖို့ လာရောက်စုစည်းကြတာကောင်းပါတယ်"ဟု ပြောဆိုပြီး ထိုယောဂီမယ်က စာရေးသူ၏ အပြန်ခရီးကို အတွင်းလမ်းမှ ပို့ဆောင်ပေးပါသည်။ ခဏချင်းပင် စာရေးသူသည် ဖြောင့်ဖြူးညီညာ၍ မြင့်မားသောတာ လမ်းမကြီးပေါ်သို့ ရောက်ရှိသွားပါသည်။ ထိုစဉ်တွင် စာရေးသူ၏ မျက်နှာချင်းဆိုင်ဘက်မှ အရပ်ရှည်ရှည် လူကိုးဦးပါဝင်သော အိုးစည်ဝိုင်းကို တွေ့ရပါသည်။ ခေါင်းဆောင်လုပ်သူက စာရေးသူအား ခင်မင်သိကျွမ်းနေသူပမာ ပြုံးရွှင်စွာဖြင့် -

"ပြန်တော့မလို့လား။ အခုပဲ အကွက်မှတ်ရအောင် သွားနေတာ"ဟု ဆိုပါသည်။ စာရေးသူ ထိုလူ၏ စကားအဓိပ္ပာယ်ကို နားမလည်ခဲ့ပါ။ ထို့နောက် စာရေးသူက ပြန်လာခဲ့သော တောတန်းကြီးဆီသို့ လှမ်းမျှော်ကြည့်နေစဉ်မှာပင် တစ်မိုင်ခန့်ဝေးသော တောအုပ်အတွင်းမှ ဒေါက်ချာဆောင်းထားသော ရသေ့ကြီးတစ်ဦးက ကျယ်ဝန်းမြင့်မားသော ကျောက်ဖျာပေါ်မှ လှမ်းမျှော်ကြည့်နေသည်ကို တွေ့ရပါသည်။ ထိုကျောက်ဖျာအနီးတွင် ကြီးမားဝေဆာသော ဗောဓိညောင်ပင်ကြီးကိုလည်း တွေ့ရပါသည်။ စာရေးသူ ထိုအဓိပ္ပာယ်ကို နားမလည်ခဲ့ပါ။ မြစိမ်းတောင်ဆရာတော်ထံ သွားရောက်သည့်အခါ ဗောဓိပင်ကိစ္စကို ဆရာတော်က စာရေးသူသဘောထားအတိုင်း ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပါသည်။

အိပ်မက်အကြောင်းကို လျှောက်ထားသောအခါ အကျယ်တဝင့် ရှင်းမပြတော့ပဲ "အဲဒါ နေ့ရာဟောင်းတွေပဲလို့"သာ ရှင်းပြခဲ့ပါသည်။

စာရေးသူသည် ဆရာတော်ကြီး တာဝန်ပေးထားသော ရှေးဟောင်းသမိုင်းဝင် စိန်တိဂုံဆံတော်ရှင်စေတီတော်ကြီးအား ရွှေထီးအထွတ်တင် အောင်ပွဲဆင်ခဲ့ပြီး မွေးရပ်မြေ ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာတွင် အချိန်ပြည့် တရားအားထုတ်၍ ဘဝအမောများ ငြိမ်းအေးစေပြီး နိဗ္ဗာန်သို့ ရှေးရှုသော ကျင့်စဉ်ကို တည်ဆောက်ခဲ့ပါသည်။

ထိုမှတစ်ဆင့် ယခုနေထိုင်ရာ ပုသိမ်မြို့ ရွှေမြင်တင်ကျေးရွာ သီရိဝဏ္ဏစေတီတော် ပရဝုဏ်အတွင်းမှာ ဓမ္မရိပ်သာဖြင့် တစ်ကိုယ်တော်တရားအားထုတ်နိုင်ရန် ကျောင်းထိုင်ပဓာန နာယကဆရာတော် ဦးတေဇနိယက ကူညီစောင့်ရှောက်ပေးခဲ့ပါသည်။

ယခုနေရာတွင် သုံးနှစ်ခရီး ရှိခဲ့ပါပြီ။ ထိုအချိန်တွင် တိုက်ဆိုင်လုစွာ အင်္ဂပူမြို့နယ်ရှိ ဂဝံပုလ္လမြို့ဟောင်းသို့ လေ့လာရေးခရီး ထွက်ဖြစ်ခဲ့ပါသည်။ နောက်ကြောင်းကို စာရေးသူတင်ပြနေရသည့် အကြောင်းအရင်းမှာ နံကသူခရီးစဉ်ကို နှစ်ပေါင်း ၃၀ ကျော်က ဆရာဦးသူတော်၏ အိပ်မက်ပေးမှုလွန်ခဲ့သော ကိုးနှစ်ကျော်က အိပ်မက်အရ တိုက်ဆိုင်မှုများ ရှိလာခဲ့သဖြင့် လေးမျက်နှာမြို့ စောပြာဒေသရှိ ရှေးဟောင်းပုထိုးခေတ် စေတီပုထိုးများနှင့် အင်္ဂပူမြို့နယ်ကျပ်ပြင် ကျေးရွာအနီးရှိ ဂဝံမြို့ဟောင်းများ၊ စေတီပုထိုးများ၊ ဂဝံရေတွင်း၊ နတ်ရုပ်များ၊ လိုဏ်ဂူဟောင်းများကို လေ့လာဖြစ်ခြင်း၏

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းရင်းကို သဘောပေါက်မိပါသည်။ စာရှုသူများလည်း သဘောပေါက်နားလည်ပေးနိုင်မည်ဟု ယုံကြည်ပါသည်။

ယခု ခရီးစဉ်မှစ၍ ရရှိခဲ့သော သမိုင်းသုတေသီပညာရှင် ဆရာဦးဘုန်းတင့်ကျော်၏ ရှင်းလင်းချက်များကို အခြေခံ၍ ဆောင်းပါးရှင် ဆရာမ သဲစုလှိုင်၊ ဆရာအေးမင်း၊ ဆရာဒဲဒီတို့ ရေးသားပြုစုသော ကိုယ်တွေ့ခရီးစဉ် ဆောင်းပါးများကို ဖတ်ရှုလေ့လာကြည့်ရာ လွန်ခဲ့သော ကိုးနှစ်ခန့်က ဖြစ်ရပ်များဖြစ်ကြောင်း သိရှိရပါသည်။ ထိုနေရာသို့ အိပ်မက်ဖြင့် တစ်ခေါက်ရောက်ခဲ့ပြီး ယခု ကိုယ်တိုင် တစ်ခေါက်ရောက်ခဲ့ခြင်း၏ ကြောင်းကျိုးဆက်စပ်မှုကို နားလည်သဘောပေါက်သွားပါသည်။

ရေဝတီတိုင်းဒေသကြီးအတွင်း ငပုတောမြို့နယ် မော်တင်စွန်း (ဆံတော်ရှင်) စေတီတော်တည်ရှိရာဒေသအစ၊ ပုစိမာနဒီပါမှ အင်္ဂပူမြို့နယ် ဂဝံပျူမြို့ဟောင်းနှင့် လေးမျက်နှာမြို့နယ် ဂဝံစေတီပုထိုး၊ ရုပ်ပွားဆင်းတု၊ လိုဏ်ဂူများ၊ ဒေသန်ကာသူတောင်တန်းအဆုံး ခရီးသည် အလုံဝိဇ္ဇာမြို့ ဧရိယာဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်ခန့်က ပုသိမ်ပဒေသရာဇ်မင်း သမုဒ္ဒဃောသနှင့် မိဖုရား ဥမ္မာဒန္တီတို့ လက်ထက်က ပုသိမ် ၃၂ မြို့တွင် စောပြာဒေသသည် မြို့ပြတစ်ခုအဖြစ် ပါဝင်ခဲ့ပါသည်။ အနောက်ရိုးမတောင်တန်း ဒေသအတွင်းမှာ တည်ရှိနေသော အလုံဝိဇ္ဇာမြို့ကြီးတွင် နေထိုင်ကြသော သူတော်စင်များသည် ဘဒ္ဒကမ္ဘာကြီး၏ ငါးဆူမြောက်ဘုရားဖြစ်သော အရိမေတ္တေယျမြတ်စွာဘုရားရှင်နှင့် ပူဇော်ကျွတ်တန်းဝင်ရန် ဆုပန်ထားကြသူများ ဖြစ်ကြပါသည်။ အချို့မှာ မဟာသာဝကဆု၊ အချို့မှာ ပကတိသာဝက ဆုများဖြစ်ကြပါသည်။ ထို့ကြောင့် လက်ရှိဂေါတမရှင်တော်ဘုရား၏ သာသနာတော် နှစ်ပေါင်း ၅၀၀၀ တည်တံ့ခိုင်မြဲနိုင်စေရန် အတွင်းအား၊ အပြင်အား ပူးပေါင်းညီညွတ်၍ သာသနာတော်အား ကြံ့ခိုင်စေခြင်း၊ သာသနာတော်အား ဖျက်ဆီးနှောင့်ယှက်မည့် အန္တရာယ်များကို ကာကွယ်တားဆီး၍ နိုင်ရာတာဝန်များကို ထမ်းရွက်နေကြရပါသည်။ ,

ဂေါတမဘုရားရှင် လက်ထက်တော်ကာလမှ စ၍ ဘုရားရှင်အား ဖူးတွေ့ခွင့်ရရှိကာ အရိယာစခန်း မဂ်ဖိုလ်စခန်းတက်လှမ်းပြီးခဲ့သူ များစွာရှိသကဲ့သို့ ဘုရားရှင်အား ရည်မှန်း၍ လှူဒါန်းပူဇော်ထားကြကုန်သော ရတနာဥစ္စာ အမြောက်အမြားတို့နှင့် စေတီပုထိုးဟောင်း နေရာဟောင်းများ မပျက်စီး မပျောက်ကွယ်စေရန် စောင့်ရှောက်ကြရမည့် တာဝန်ကြီးများကို ခွဲဝေထမ်းဆောင်နေကြရခြင်း ဖြစ်ပါသည်။

ဘိုးတော်သိကြားမင်း အရိမေတ္တေယျအလောင်းတော် နတ်သား၊ သာသနာစောင့်နတ်မင်းများ၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး နတ်မင်းများ၊ ဝိတ္တဝလာဟကနတ်မင်း၊ ဝဿဝလာဟကနတ်မင်းများ၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရေစောင့်နတ်၊ နေစောင့်နတ်၊ လစောင့်နတ်၊ စေတီတော်စောင့်နတ်မင်းများ၊ သိုက်ချုပ်ဘိုးတော်ကြီးနှင့် သိုက်နန်းရှင်များ၊ သမထ သိဒ္ဓိပြီးမြောက်၍ နတ်တို့၏ တန်ခိုးဣဒ္ဓိပါဒ်များ ရရှိထားကြကုန်သော ဘိုးဘိုးကြီးများ၊ မယ်တော်ကြီးများ၊ ယက္ခ၊ နာဂ၊ ဘုမ္မိယပုဂ္ဂိုလ်များ စုပေါင်းညီညာစွာဖြင့် မသမာသူများ၏ နှောင့်ယှက်မှု အန္တရာယ်ကို အစဉ်သတိပြု ကာကွယ်စောင့်ရှောက်နေရခြင်း၊ အချို့မှာ လူ့ပြည်လူ့ဘဝသို့ အလှည့်ဖြင့်သွားရောက်၍ သာသနာပြုကြပါသည်။ အချိန်ကျရောက်၍ သမိုင်းနောက်ကြောင်း နေရာဟောင်းများကို ပြန်လည်ဖော်ထုတ်ခွင့် ပြုကြရသည့်အခါ လူများစွာ သွားလာကြည့်ရှုလေ့လာခွင့် ရရှိနိုင်စေရန်အတွက် အလုံဒေသ ဧရိယာအတွင်းစခန်းကို ရခိုင်ရိုးမတောင်တန်းဖက်ဆီသို့ နေရာပြောင်းရွှေ့ တည်ဆောက်ရခြင်းများ ပြုလုပ်ကြရပါသည်။

ထိုနေရာဟောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် ဘဝအဆက်ဆက်က ဆုတောင်းဆုယူပြုခဲ့ဖူးသော ပုဂ္ဂိုလ်များ ရောက်ရှိလာအောင် အချိန်ကိုလည်း စောင့်ဆိုင်းရပါသည်။ ပုဂ္ဂိုလ်မှန်ကန်ပါက အိပ်မက်ဖြင့် ဆက်သွယ်အသိပေး၍ နေရာဟောင်းများကို တစ်စထက်တစ်စ တဖြည်းဖြည်းဖော်ထုတ်ရင်းဖြင့် ပြည်သူပြည်သားများအတွက် သာသနာ့အမွေကောင်းများ၊ ယဉ်ကျေးမှုအမွေကောင်းများ၊ သမိုင်းအမွေအနှစ်များကို ရရှိခံစားနိုင်စေရန် ရည်ရွယ်ပါသည်။ ဤသည်မှာ အတွင်းစခန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ သဘောထားမှန်ဖြစ်ပါသည်။

နှစ်ပေါင်း ၂၅၀၀ ကျော်ကာလကြာအောင် အမွေအနှစ်ဟောင်းများ မပျက်စီးမပျောက်ကွယ်ရအောင် ထိန်း

www.burmeseclassic.com

www.burmeseclassic.com

သိမ်းစောင့်ရှောက်ကြကုန်သော အတွင်းစခန်းမှ သမထသိဒ္ဓိသူတော်စင်အပေါင်းနှင့် နတ်သိကြားများ ဆုကြီးပန်အလောင်းတော်ကြီးများ။ တောတောင်ရေမြေအသီးသီးတို့ကို ထိန်းသိမ်းစောင့်ရှောက်ကြကုန်သော အတွင်းအင်အားစုအားလုံးကို ဦးစွာပထမ ကျေးဇူးပြုထိုက်သော ကျေးဇူးရှင်များအဖြစ် လေးနက်စွာ မှတ်တမ်းတင်အပ်ပါသည်။

အလုံဒီပါရုံအတွင်းရှိ နံကာသူ တောင်တန်းကြီးတွင် တစ်ကိုယ်တော်ဘဝဖြင့် သမထ သိဒ္ဓိစခန်းများ အောင်မြင်ခဲ့သော ဆရာဦးသူတော်သည်လည်း ယခုအခါတွင် အတွင်းစခန်းသို့ ပြန်လည်ရောက်ရှိခဲ့ကာပြီး သာသနာပြုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း သိရှိရပါသည်။

ဂဝံပျူမြို့ဟောင်းမှ ရှေးဟောင်းအစေ့အနှစ်များ

စာရေးသူသည် ပျူမြို့ဟောင်းခရီးစဉ် လေ့လာရေးအစဦးအဖြစ် လေးမျက်နှာမြို့နယ် စောပြာကျေးရွာအနီးကျားအောင်းချောင်။ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိခဲ့ပါသည်။ ထိုကျောင်းမှာ တောင်ကုန်းပေါ်တွင် တည်ရှိပြီးအောက်ခြေ မနီးမဝေးတွင် ဒီပါထူးဆုတောင်းပြည့်စေတီတော်ကို ရွှေရောင်ဝင်းဝါစွာဖြင့် ဖူးတွေ့ရပါသည်။ စေတီတော်ဟောင်းကို ဆရာတော်ဦးအာသဖက စတင်ပြင်ဆင်ခဲ့ပြီး ဉာဏ်တော် ၃၂ တောင်မြင့်သော တိဂုံပ ကပ်ကျော်စေတီဘွဲ့တော်တပ်ခဲ့ပါသည်။ ထို့နောက် လက်ရှိကျောင်းထိုင်ဆရာတော် အရှင်အိန္ဒာဝံသမှ ဒုတိယအကြိမ် ဉာဏ်တော် ၃၆ တောင်ဖြင့် ဒီပါထူးဆုတောင်းပြည့် စေတီတော်အဖြစ် ပြုပြင်တည်ထားခဲ့ပါသည်။ အဘအောင်မင်းရှင်၏ ဒါယကာများက တာဝန်ယူပြုပြင်ကြ၍ ရွှေထီးတော်အထွတ် တင်နိုင်ခဲ့ပါသည်။ ကျားအောင်းတောင်သည် ရခိုင်ရိုးမနှင့် ၁၀ မိုင်ခန့် ကွာဝေးသော ကညင်ကိုင်းရွာအစွန်တွင် တည်ရှိပါသည်။ ရှေးဟောင်းဂဝံကျောက်ဂူ ၁၁ လုံး၊ နှစ်ကျိပ်ရှစ်ဆူဘုရားများ သီတင်းသုံးသော ဂဝံလိုဏ်ဂူများ၊ ဂဝံနတ်ရုပ်၊ ယနေ့တိုင် ရေမပြတ်ရှိနေသော ဂဝံရေတွင်းကို တွေ့ရပါသည်။ ထိုရှေးဟောင်းလိုဏ်ဂူများမှာ ကျောက်တောင်များကို ပြုပြင်ဖောက်ထွင်း



အင်္ဂပူမြို့နယ်၊ ဂဝံပျူမြို့ဟောင်း၊ ကျပ်ပြင်တောရတောင်ပေါ်တွင် ပြုပြင်မွမ်းမံတည်ထားသော ဆန္ဒပြည့်ဝစေတီတော်ကို ဖူးမြင်ရပုံ

ထားသော လက်ရာများဖြစ်ကြပြီး ထုထည်ကြီးမားသည်။ အတွင်းလိုဏ်အမြင့်မှာ ကိုးပေခန့် ရှိသည်။ နှစ်ကျိပ်ရှစ်ဆူလိုဏ်ဂူတွင် မြတ်စွာဘုရားရှင် လျောင်းတော်မူပုံကို အပေါ်ပိုင်း ဦးခေါင်းတော်မှစ၍ ခါးတော်အောက်အထိသာ တွေ့ရပြီးကိုယ်လုံးတော်အောက်ပိုင်း မပါဝင်ပါ။ အဓိပ္ပါယ်နှင့် ပြုလုပ်ထားဟန် ဖြစ်ပါသည်။

ရှေးဟောင်း သုတေသနပညာရှင်များက ရှေးနှစ်ပေါင်း ၂၀၀၀ ဝန်းကျင်ကဟု ခန့်မှန်းကြပါသည်။ နှစ်နှစ်အတွင်း ဒါယကာများ စုပေါင်း၍ ပြုပြင်နိုင်သလောက် စုပေါင်းပြုပြင်ထားကြောင်း၊ အချို့သော လိုဏ်ဂူအမိုးများမှာ အက်ကွဲကြောင်းများ တွေ့ရှိရသဖြင့် ထပ်မံပြုပြင်ရန် လိုအပ်ကြောင်း ဆရာတော်က ရှင်းလင်းပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂပူမြို့နယ်၊ ကျပ်ပြင် ဂဝံမျှမြို့ဟောင်း လိုဏ်ဂူပေါ်မှ စေတီတော်

စာရေးသူတို့သည် ထိုက်သင့်သလောက် လေ့လာပြီးနောက် ကုန်းတော်ပေါ်ရှိ ကြီးမားလှသော ညောင်ပင်ကြီးအရိပ်အောက် ဗုဒ္ဓဆင်းတုတော်ရှေ့တွင် ဦးချရှိခိုးကြပါသည်။ ထို့ပြင် ဝိဇ္ဇာအလုံမြို့စောပြာဒေသအတွင်းမှာ နေထိုင်ကြကုန်သော သူတော်စင်ဘိုးဘိုးကြီးနှင့် ဆွေတော်မျိုးတော်အပေါင်းတို့အား ယခုဘဝတစ်လျှောက်လုံး ပြုစုထိန်းသိမ်းထားပြီးသော ကောင်းမှုကုသိုလ်အပေါင်းအစုတို့ကို လှိုက်လှဲစွာမေတ္တာပို့၍ အမျှပေးဝေခဲ့ပါသည်။

စာရေးသူ ထိုဒေသသို့ မသွားရောက်မီ လပိုင်းရက်ပိုင်းအတွင်းမှာပင် နေ့စဉ် ညဘုရားဝတ်တက်ပြီးတိုင်း အလုံဒေသစောပြာသို့ လာရောက်မည့်အကြောင်း သတင်းပို့ခဲ့ရာအတွင်းစခန်းက ဘိုးဘိုးကြီးတို့ အစီအမံပြုလုပ်နေကြောင်း အိပ်မက်ရရှိခဲ့ပါသည်။ စာရေးသူသည် ထိုညောင်ပင်ရိပ်မှနေ၍ အဝေးမှာရှိနေသော ရခိုင်ရိုးမတောင်တန်းကြီးနှင့် အရှေ့ဖက်မှာ တည်ရှိနေသော တောင်တန်းကြီးတို့သည် အိပ်မက်တွင်းမှာ တွေ့ခဲ့ရသည့် မြင်ကွင်းအတိုင်းပင်ဖြစ်ပါသည်။ တဖြူးဖြူးတသုန်သုန် တိုက်ခတ်လာနေသော လေနုအေးကြောင့် ရင်တွင်းမှာ ကြည်နူးချမ်းမြေ့မှုကို ခံစားရင်း ထိုနေရာမှ ရှေ့ခရီးသို့ ဆက်ခဲ့ပါတော့သည်။

သုံးဆယ့်တစ်ဘုံအတွင်းမှာ ကျင်လည်နေရသမျှ ဆွေမျိုးမတော်စပ်ခဲ့သူဟူ၍ မရှိနိုင်ပါပေ။ မသိတာနှင့် သိတာပဲ ကွာခြားပါသည်။ စာရေးသူအဖို့မှာတော့ လာရာဘဝခရီးလမ်းကို အတွင်းမှ ညွှန်ပြထားပြီးဖြစ်၍ စာရေးသူ ပြုခဲ့သမျှကုသိုလ်များကို ဝေငှပေးရန် တာဝန်ကို ကျေပွန်စွာ ထမ်းရွက်ခဲ့ပါသည်။ ယခုဘဝ လူဖြစ်ရသည်မှာလည်း လူ့ဘဝဖြင့် သာသနာပြု တာဝန်ထမ်းရွက်ရန် ရောက်ရှိလာခြင်းဖြစ်၍ တာဝန်ရှိ တာဝန်သိ ဆွေတော်မျိုးတော်တစ်ဦးအနေဖြင့် ကျေနပ်ဝမ်းမြောက်မိပါတော့သည်။

ထို့နောက် ရှေးဟောင်းသုတေသနမှ ဖော်ထုတ်ပြပြင်ထားသော အင်္ဂပူမြို့နယ်၊ ကျပ်ပြင်တောရကျောင်းသို့

www.burmeseclassic.com

ရောက်ရှိခဲ့ပါသည်။ ဒါယကာများနှင့် တွေ့ဆုံ၍ သမိုင်းကြောင်းများ ရှင်းပြကြပါသည်။ လွန်ခဲ့သည့် ကိုးနှစ်ခန့်က စတင်ဖော်ထုတ်တွေ့ရှိခဲ့သော အတွေ့အကြုံများ တင်ပြထားသော ဆောင်းပါးများကို ရှာဖွေပေးပါသည်။ ထို့နောက် တောင်ခြေသို့ ဆင်းကာ ဂဝံလိုဏ်ဂူများ၊ ဗုဒ္ဓဆင်းတုတော်များ၊ ဂဝံနတ်ရုပ်၊ ဂဝံနဂါးရုပ်၊ ဂဝံရေတွင်းများ၊ ဂဝံမြို့ရိုးအုတ်တံတိုင်းများကို တွေ့ရှိရပါသည်။ ဒကာဦးမြင့်စိန်၏ ရှင်းပြချက်အရ သမိုင်းသုတေသီ ဆရာဦးဘုန်းတင့်ကျော်ကိုယ်တိုင် ဂဝံမြို့ဟောင်းနေရာများသို့ ကွင်းဆင်းလေ့လာခဲ့ပုံ၊ မီဒီယာများနှင့် တွေ့ဆုံရှင်းလင်းခဲ့ပုံ၊ နိုင်ငံတော်သို့ ဖြစ်ရပ်မှန်များ တင်ပြပြီးပုံတို့ကို ရှင်းပြပါသည်။

ဂဝံပျူမြို့ဟောင်းတည်ရှိရာ ကျပ်ပြင်တောရသို့ ဆရာတော် ဦးပညာသီရိ ရောက်ရှိလာခဲ့ပုံမှာလည်း စိတ်ဝင်စားဖွယ်ရာ ဖြစ်ပါသည်။ ဆရာတော်သည် ၂၀၀၂ ခုနှစ်တွင် ပါဒကြီး ရဟန္တာသိမ်မှာ ရဟန်းဝတ်ခဲ့ပါသည်။ ထိုစဉ်က အိပ်မက်နိမိတ်ရခဲ့သော်လည်း ရှင်းလင်းစွာ မသိခဲ့ပါ။ ဒုတိယအကြိမ် ပြည်၊ ရွှေတောင်မှာ ရဟန်းဝတ်ခဲ့ရာ အိပ်မက်နိမိတ်ရပြန်သည်။ တတိယအကြိမ် အင်္ဂပူကွင်းကောက် အောင်တော်မူမှာ တရားကျင့်သုံးနေစဉ် အိပ်မက်နိမိတ်ရသည်။ စတုတ္ထအကြိမ် စမတစ်သောင်းမှာ တရားကျင့်ရင်း အိပ်မက်နိမိတ် ရခဲ့သဖြင့် ယခုနေရာ ကျပ်ပြင်တောရသို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။ တောတွင်းသို့ ဝင်ရောက်လေ့လာခဲ့ရာ ဂဝံမြို့ဟောင်း ဖြစ်နိုင်သည်ဟု ယူဆပြီး သမိုင်းသုတေသီ ဆရာဦးဘုန်းတင့်ကျော်နှင့် တွေ့ဆုံဆွေးနွေးဖြစ်ကြောင်း၊ ယခုလုပ်ငန်းကို အကောင်အထည်ဖော်နိုင်ကြောင်း ရှင်းပြပါသည်။

သမိုင်းပညာရှင် ဦးဘုန်းတင့်ကျော်သည် တောတွင်းသို့ ကိုယ်တိုင်ဝင်ရောက်လေ့လာပြီး သက်သေအထောက်အထားများနှင့် ရှင်းပြနိုင်ခဲ့ပါသည်။

၂၀၀၉ ခုနှစ်တွင် ဆရာတော် ဦးပညာသီရိသည် တောရကျောင်းဝင်းအတွင်းရှိ ကျောက်စေတီကို ငုံ၍ ဉာဏ်တော် ၁၈ တောင်၊ ဆန္ဒပြည့်စေတီကို တည်ခဲ့ပါသည်။ ထိုနှစ် တပေါင်းလတွင် ရန်ကုန်၊ စင်ကာပူ သာသနာပြုဆရာတော်ဦးအဂ္ဂဓမ္မက ဦးဆောင်ပြီး ရွှေထီးတော်တင်ခဲ့ပါသည်။ ထိုနှစ် မိုးကျလာသည့်အခါ ထိုနေရာတွင် ညောင်ပင်ကိုးပင် ပေါက်လာခဲ့သည်။ ထိုစေတီဟောင်းကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိမ်း မိသားစုက ၂၀၁၇ ခုနှစ်၊ မေလအတွင်းမှာ စေတီတော်ကို ပြုပြင်မွမ်းမံ၍ ရွှေထီး

အင်္ဂပူမြို့နယ်၊ ကျပ်ပြင်တောရ ဂဝံပျူမြို့ဟောင်းမှ နဂါးရေတွင်းပုံ

www.burmeseclassic.com

www.burmeseclassic.com



ကျားအောင်းတော်အနီးမှ တည်ရှိသော ဂဝံလိုဏ်ဂူနှင့် ဆင်းတုတော်များ

တော်တင်လှူခဲ့ကြောင်း ကျပ်ပြင်သာသနာ့ပြုလုပ်ငန်းကို ပါဝင်ကူညီနေသော ဦးမြင့်စိန်၊ ဦးဝင်းနိုင်ဦး၊ ဦးတင်လှ၊ ဦးမောင်ငယ်တို့အဖွဲ့မှ နေရာဟောင်းများကို ပြသရှင်းလင်းခဲ့ပါသည်။ ပျူမြို့ဟောင်း လက်ရာများမှာ နှစ်ပေါင်း ၂၅၀၀ ကျော်ဟု ခန့်မှန်းပါသည်။ ရှေးဟောင်းနတ်ရုပ်မှာ BC ၃၀၀၊ ၆၀၀ ခန့်က ပိသုကာလက်ရာများဖြစ်ကြပြီး အုတ်စာကျောက်စာများကို တွေ့ရသည်။ ထပ်မံရှာဖွေဖော်ထုတ်ပါက မြန်မာနိုင်ငံ၏ အကြီးဆုံးသော ဂဝံပျူမြို့ဟောင်းအဖြစ် မှတ်တမ်းဝင်နိုင်ကြောင်း သိရပါသည်။

အမြင့်ပေ ၅၀ နှင့် ၆၀ ခန့်၊ အရှည်ပေ ၂၀၀ နှင့် ၃၀၀ ခန့်ရှိ တောင်တန်း ခုနစ်ခု တွေ့ရှိရပြီး တောင်တန်းများကိုဖြတ်၍ တံတိုင်းကြီးများ ပြုလုပ်ထားပါသည်။ နှစ်ထပ်ဂူကြီးများတွင် စေတီတည်ထား၍ ပျူခေတ် ဗြာဟ္မီ အက္ခရာ တံဆိပ်များ တွေ့ရကြောင်း၊ မြို့ဟောင်းကုန်း၏ အနောက်ဘက် သုံးမိုင်ခန့်အကွာမှာ ပေ ၁၂၀၀ မြင့်သော ဓမ္မိကတောင်ရှိသည်။ တောင်ထိပ်မှာ ပျူခေတ်က တည်ထားသော လောကမှန်ကူစေတီတစ်ဆူရှိကြောင်း သိရသည်။ ထိုစေတီဟောင်းကို ပိန္နဲကွင်းဆရာတော် ဦးကလျာဏ ပြုပြင်ထားခဲ့ဖူးကြောင်း သိရသည်။ မြို့ဟောင်းဧရိယာသည် ကောင်းကင်ဓာတ်ပုံမှတ်ဟမ်းအရ ရှစ်မိုင်ပတ်လည် ကျယ်ဝန်းကြောင်း သိရပါသည်။

စာရေးသူသည် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကင်းရွာသို့ ရောက်ရှိစဉ်က ပျူခေတ်လက်ရာဟောင်းများကို တွေ့ရှိခဲ့ရပြီး ရှေးဟောင်းသုတေသနမှ လာရောက်လေ့လာပြီးကြောင်း၊ ရှေးနှစ်ပေါင်း ၂၀၀၀ ဝန်းကျင်က ပျူဒေသဖြစ်ခဲ့ကြောင်း သိရပါသည်။

လေးမျက်နှာမြို့နယ်၊ စောပြာ၊ ကညင်ကိုင်းကျေးရွာရှိ ကျားအောင်းတောင်အနီးမှ ဂဝံနဂါးရုပ်ပုံ

www.burmeseclassic.com

ဗုဒ္ဓမြတ်စွာ မပွင့်ထွန်းမီကာလများကပင် တိဗက်ကုန်းပြင်မှ ပျူ ကမ်းယံ၊ သက်ဟူသော လူမျိုးများ မြန်မာနိုင်ငံတည်ရာဒေကို ရောက်ရှိလာကြ၍ မြို့ပြနိုင်ငံများ တည်ထောင်ခဲ့ကြပါသည်။ ထို့နောက် ဂေါတမဘုရားရှင် ပွင့်တော်မူ လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ခန့်က သုဝဏ္ဏဘုမ္မိဒေသသို့ ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်သီတင်းသုံးခဲ့၍ သာသနာတော် စတင်ထွန်းကားခဲ့ပါသည်။ မဟာသီရိမာသောကမင်း လက်ထက်က ဖြစ်ပါသည်။ ထိုခေတ်ကာလ သုဝဏ္ဏဘုမ္မိတိုင်းတွင် နေထိုင်ကြသော မင်းကောရာဇ် ပြည်သူပြည်သားများသည် ပျူလူမျိုး၊ ပျူနိုင်ငံများပင် ဖြစ်နိုင်ပါသည်။

စာရေးသူ လက်လှမ်းမီသမျှ မြောင်းမြို့ မြစိမ်းရောင်တောင်ပေါ်တွင် ရှေးဟောင်းစေတီ ၄၉၉ ဆူ တွေ့ရှိကြောင်း၊ လွန်ခဲ့သော ကိုးနှစ်ဝန်းကျင်က သိရှိခဲ့ရသည်။ ထို့ပြင် ဂဝံကျောက်များဖြင့် ပြုလုပ်ထားသော ဂဝံပတိရဟန္တာ သိမ်တော်အဟောင်းကိုလည်း လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်က တွေ့ရှိရသည်။ မြစိမ်းရောင်ဆရာတော်၏ အဆိုအမိန့်အရ မြန်မာနိုင်ငံအောက်ပိုင်းဒေသများသည် ပျူလူမျိုးများ စတင်နေထိုင်၍ ပျူနိုင်ငံတော် ဖြစ်ခဲ့မှုကြောင်းကို စာရေးသူတို့ နှစ်ပေါင်း ၄၀ ကျော်ကပင် သိရှိထားခဲ့သည်။ ယခုကဲ့သို့ ပါရမီရှင်များ သုတေသီပညာရှင်များက အချိန်အခါ ကျရောက်၍ ဖော်ထုတ်တင်ပြနိုင်ခဲ့ကြသည်မှာ နိုင်ငံတော်အတွက် အမျိုးဘာသာ သာသနာတော်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ခိုင်မာသော သမိုင်းဟောင်း အမွေကောင်းပင် ဖြစ်ကြောင်း လက်ခံယုံကြည်မိပါသည်။

ပထမံလှိုင်နှင့် ရွှေကျောင်းတော်

ထို့နောက် စာရေးသူတို့အဖွဲ့သည် အင်္ဂပူမြို့နယ်၊ ကွင်းကောက်ကျေးရွာရှိ အဘပထမံလှိုင်နေထိုင်ခဲ့ရာ ရွှေကျောင်းတော်သို့ သွားရောက်လေ့လာဖြစ်ပါသည်။ ပထမံဆရာလှိုင်သည် ကွင်းကောက်ဇာတိဖြစ်၍ အသက် ၂၀

ကျားအောင်းတောင်ပေါ်ရှိ ဓာတ်နန်းဆောင်တွင် အမှတ်ရ

www.burmeseclassic.com

www.burmeseclassic.com



ကွင်းကောက်မြို့ အဘာပထမံလှိုင် ဓာတ်နန်းဆောင်မှ

ဦးဇောတိက ရဟန်းဘဝပုံ

အရွယ်တွင် ရဟန်းဘဝသို့ ကူးပြောင်းသာသနာပြုခဲ့ပါသည်။ ဦးဇောတိက ရှင်ရဟန်းသည် ဘဝထိုထိုက ပါရမီအဟုန်ကြောင့် ရဟန်းဘဝမှာပင် သမထသိဒ္ဓိလနမ်းကို ပြင်းပြစွာ အားထုတ် ဆောင်ရွက်၍ ပေါက်မြောက်အောင်မြင်ခဲ့ပါသည်။ ထို့နောက် ရသေ့အသွင်ကူးပြောင်း၍ သာသနာပြု ကုသိုလ်တော်များအဖြစ် ဘုရားစေတီများကို ဓာတ်သက်ကျရာဒေသများတွင် သွားရောက်တည်ထားခဲ့သည်။ တပည့်များစွာတို့နှင့် သာသနာပြုခရီးစဉ်ကို ရေမြေတောတောင်အနှံ့ ဆောင်ရွက်ခဲ့ပြီးနောက် ၁၃၃၅ ခုနှစ်တွင် အတွင်းစခန်းသို့ မြန်းခဲ့ပါသည်။ မတစ်လုံးကျေ ဆရာလှိုင်ဟု ကျော်ကြားခဲ့ပါသည်။

ထူးခြားသည်မှာ အဘာထံရောက်လာသူများစွာတို့အား စမရိုက်ထားသော ဒိုးကလေးဝေငှခြင်း၊ ဆေးငှက်ပျော

သီးကျွေးခြင်းဖြင့် မစစောင့်ရှောက်ခဲ့သည်။ သူ၏ပညာအမွေကို ဆက်ခံမည့် ပါရမီရှင်ဦးတင်ဦးအား ကြိုတင်ရှာဖွေ၍ ပညာများ ပေးခဲ့ပြီး မွေးမြူခဲ့သည်။

ထိုဦးတင်ဦးသည် ယခုအခါ ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်တွင် ဓာတ်စခန်းဖွင့်၍ ဘုရားစေတီများ တည်ထားခြင်း၊ သတ္တဝါများအား ကယ်တင်စောင့်ရှောက်ခြင်းဖြင့် သာသနာပြုနေခဲ့ပါသည်။ ၁၃၃၅ ခုနှစ်တွင် ဦးဓမ္မသိဒ္ဓိ ရသေ့ဘဝဖြင့် စတင်ခဲ့ပြီး ယခုအခါ ရသေ့ကြီး ဦးအောင်တိဿဘွဲ့ဖြင့် ထင်ရှားရှိနေပါသည်။

ဦးအောင်တိဿရသေ့ကြီးအား အဘာပထမံလှိုင်သည် ယခုတိုင် အတွင်းစခန်းမှ ဆက်လက်ကူညီစောင့်ရှောက်ပေးလျက်ရှိပါသည်။ တစ်ခါတစ်ရံ ဘရသေ့ကြီးအား အဘာ

ကွင်းကောက်မြို့ အဘာပထမံလှိုင် ဓာတ်နန်းဆောင်မှ

ဓာတ်သရုပ်ပြပုံ

www.burmeseclassic.com

www.burmeseclassic.com

ပထမံလှိုင်ကိုယ်တိုင် နာမ်ကိန်း၍ ဩဝါဒများပေးခဲ့ပါသည်။ ထို အကြောင်းဖြစ်ရပ်များကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ မဇ္ဈိမစာပေတိုက်မှ ထုတ်ဝေသော ဆရာကျော်စံလင်း ရေးသားပြုစုသည့် မဟာဒိဗ္ဗသိဒ္ဓိပုဂ္ဂိုလ်များ စာအုပ်တွင် ပါဝင်ခဲ့ပြီး ဖြစ်ပါသည်။ စာရေးသူလည်း နေလဂမ္ဘီရဂျာနယ် အမှတ်စဉ် ၇၅၇၊ ၇၅၈ တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ ကွင်းကောက်ကျေးရွာ ရွှေကျောင်းတော်ကြီးတွင် အဘပထမံလှိုင်၏ ရုပ်ကလာပ်ထားရာ ဂူကျောင်း၊ ဓာတ်နန်းဆောင်များ၊ အဘအတွက် နေရာဆောင်များ ပြင်ဆင်၍ လာသမျှပရိသတ်တို့ကို စောင့်ရှောက်နေသော ဦးပဥ္စင်း ဦးစန္ဒိမာနှင့် ဆုံတွေ့ရသည်။ စာရေးသူတို့အဖွဲ့အား ဆေးငှက်ပျောသီးတစ်လုံးစီ၊ ဒိုးကလေးတစ်လုံးစီ၊ တစ်သောင်းတန်ငွေစက္ကူပုံတွင် အဘပထမံလှိုင်၏ ဓာတ်ပုံနှင့် ဘုံ ၃၁ ဖြစ်ဖြစ်သမျှ ဝေနေယျခပင်း သတ္တဝါတစ်သင်းတို့သည် အိုင်မင်းရေသီတာကဲ့သို့ အေးမြချမ်းသာကြပါစေဟု ပါရှိပါသည်။

တစ်ဖက်တွင် မဟာမြိုင်ဝိဇ္ဇာအစည်းအဝေးသို့ တက်ရောက်ခဲ့သော ဝိဇ္ဇာများ မှတ်တမ်းပုံနှင့် ဒိုးကလေး၊ ဒိုးကလေး၊ ဒိုးကလေးကို ပြိုင်မယ့်သူမပေါ်သေး မင်းလာမှ အေးဟု ပါရှိပါသည်။

မွန်ပြည်နယ်၊ သထုံ၊ ဘီးလင်း၊ ဂျပန်ကုန်း မြစိမ်းတောင်မှ ဂန္ဓာရီလမ်းလိုက်နေသော ဦးပညာဓမ္မအမည်ရ ၁၇ ဝါရှိသော ရဟန်းတစ်ပါးနှင့် တွေ့ဆုံခဲ့ပါသည်။ ထိုဓာတ်နန်းဆောင်တွင် တာဝန်ယူစောင့်ရှောက်နေသော ဦးစန္ဒိမာရဟန်းမှာ လူဝတ်ကြောင်ဘဝက ယက္ကန်းစင်တောင်ဆရာတော်ကြီး၏ ဩဝါဒကို ခံယူကာ အဓိဋ္ဌာန်များ တည်ဆောက်ခဲ့ကြောင်း၊ မိုးကုတ်ဝိပဿနာတရားစခန်း ဝင်ရောက်နေစဉ် ရဟန်းဝတ်ရန် မဲပေါက်သဖြင့် ရဟန်းဘဝသို့ ရောက်ရှိခဲ့ကြောင်း၊ ထို့နောက် ကွင်းကောက် ရွှေကျောင်းတော်သို့ ရောက်ရှိခဲ့ကြောင်း၊ အဘလှိုင်၏ ဓာတ်နန်းတွင် ၁၃၇၆ ခုနှစ်မှစ၍ မောင်းစည်များ လှူဒါန်းခဲ့ပြီး စရဏအားထုတ်မဲ့ကြောင်း၊ တပေါင်းလပြည့်နေ့ည ၉ နာရီတွင် ပန်းပေါ်မှာ ဒိုတစ်ကောင်လာ ရောက်နားနေကြောင်း၊ ထိုနေ့သည် တနင်္လာနေ့ဖြစ်ကြောင်း ရှင်းပြပါသည်။

ထို့နောက် အိပ်မက်ဖြင့်ရောက်လာသော ရန်ကုန်သူ ဒေါ်လင်းလင်းမော်က အဘပထမံလှိုင် အိပ်မက်ဖြင့်ညွှန်ကြားချက်အရ ရွှေကျောင်းတော်တွင် လိုအပ်သည်များကို တတ်



ကွင်းကောက်မြို့ အဘပထမံလှိုင် ရွှေကျောင်းတော်ဝင်းအတွင်းမှ ဓမ္မစေတီကျောက်စာ



ကွင်းကောက်မြို့ ရွှေကျောင်းတော်မှ ပထမအရှင်မြက်ကြီး ဦးလှိုင်၏ တတ်မြောက်ပြီးသော ပညာရပ်များ

www.burmeseclassic.com

www.burmeseclassic.com

ဖွင့်၍ လှူဒါန်းခဲ့သည်။ အလှူရှင်မှာ အင်္ဂလန်မှာနေထိုင်၍ ပြန်ရန်ပြင်ဆင်သော်လည်း ပြန်ခွင့်မပြုသေးပဲ လိုအပ်သည် များကို ဖြည့်စွက်လှူဒါန်းပြီးမှ အင်္ဂလန်သို့ ပြန်လည်ထွက်ခွာ ခွင့်ရသည်။ လှူဒါန်းပြီးခဲ့သော ကောင်းမှုများမှာ (၁) အဘ လှိုင်ဓာတ်နန်းဆောင်အား ရောင်တော်ဖွင့်ခြင်း။ (၂) ကနုတ္တ ဒန်ရွှေထီးလှူခြင်း။ (၃) ကနုတ္တဒန်ထီးဖြူလှူခြင်း။ (၄) ကျောင်းအရှေ့ဖက် ဝရံတာအမိုးလှူခြင်း။ (၅) အရှင်မြတ်၏ အိပ်ရာခန်းဆောင်အား ပြုပြင်ခြင်း၊ တစ်ကျောင်းလုံးအခန်း ဆောင်များ၊ ဓာတ်နန်းဆောင်အတွင်းမှာ အလင်းဓာတ်များ တပ်ဆင်ခြင်း။ (၆) ကျောင်းရှေ့ ကွန်ကရစ်လမ်းခင်းခြင်း ကောင်းမှုများကို တာဝန်ကျေပွန်စွာ လှူဒါန်းပေးခဲ့သည်။

လက်ရှိ တာဝန်ယူစောင့်ရှောက်နေသော ဦးစန္ဒိမာ အား အဘပထမံလှိုင်မှ သမာဓိထူထောင်ရန် အိပ်မက်ပေး ကြောင်း။ ကျောင်းတိုက်သို့ ဂန္ဓာရီပုဂ္ဂိုလ်ရဟန်း ဝတ်ဖြူများ ရောက်ရှိလာတတ်ကြောင်း။ အဘဓာတ်နန်းဆောင်မှာ တည်း ခို၍ အားထုတ်ကြောင်း၊ နေ့စဉ် ဘုရား ရဟန္တာထူးများကို ဆွမ်းများကပ်လှူနေကြောင်း၊ အဘပထမံလှိုင်ကိုယ်တိုင် တာဝန်ပေးမည်ဆိုပါက မည်သည့်နေရာ မည်သည့်လုပ်ငန်း တာဝန်မဆို ရာသက်ပန် ကျေပွန်စွာ ဆောင်ရွက်ပါမည်ဟု သစ္စာပြုထားကြောင်း ရှင်းလင်းပြပါသည်။

ပုဂ္ဂိုလ်ထူးတစ်ဦး၏ နေရာဟောင်း ပန္နက်ဟောင်းကို မပျောက်ပျက်အောင် ထိန်းသိမ်း၍ ပါရမီဆက်၊ ဓာတ်ဆက် ရှိသူများအနေဖြင့် ကျိုးနွံစွာ၊ သစ္စာရှိစွာ စွန့်လွှတ်အနစ်နာ ခံကာ စရဏအားကောင်းစွာ ထိန်းသိမ်းနိုင်ပါမှ နောင်လာ နောက်သားများအတွက် သမိုင်းအမွေကို လက်ဆင့်ကမ်း တာဝန်ကျေသူဖြစ်ရပါမည်။ ထိုပဥ္စင်း ဦးစန္ဒိမာကိုလည်း များ စွာကျေးဇူးတင်မိပါသည်။

(မူလဓာတ်ဟောင်းမဖျက်ကောင်း ဆိုစကားရှိထား သည် မဟုတ်ပါလား။) ဗုဒ္ဓဘာသာဝင်များအတွက် မြတ်စွာ ဘုရားရှင်၏ ဓမ္မတရားတော်များအတိုင်း ပရိယတ်ပရိပတ် ပဋိဝေဓ သာသနာသုံးရပ် တည်တံ့ခိုင်မြဲ၍ နိဗ္ဗာန်စံဝင်နိုင် ကြရန် ကြိုးစားပွားများအားထုတ်လျက် ရှိပါသည်။ သို့ဖြစ်၍ ထေရဝါဒမှ ထွန်းကားရာ မြန်မာနိုင်ငံသည် အရိယာများ၊ ရဟန္တာအရှင်များ ပေါ်ပေါက်နေဆဲပင်ဖြစ်ပါသည်။ ဗုဒ္ဓရတနာ ဓမ္မရတနာ၊ သံဃာရတနာတို့အား ဦးထိပ်ထား၍ စေတီပုထိုး ဆင်းတုရုပ်ပွားတော်များ တည်ထားခြင်းဖြင့် သာသနာပြုနေ ကြကုန်သော ကလျာဏပုထုဇဉ်များ မဟိဒ္ဓိသိဒ္ဓိ စွမ်းအားရှင် များ၏ အရေးပါလှသော အခန်းကဏ္ဍကိုလည်း နားလည် သဘောပေါက်သင့်ပါသည်။

စာရေးသူတို့၏ ဂန္ဓာရီခရီးစဉ်တွင် ရှေးနှစ်ပေါင်း ၂၅၀၀ ကျော်က ပျူနိုင်ငံ၊ ပျူလူမျိုးတို့၏ အမွေအနှစ်ဟောင်း။ ဂဝံ ပျူမြို့ဟောင်းနှင့် စေတီရုပ်ပွားဆင်းတုတော်များကို ဖူးတွေ့ လေ့လာခွင့် ရရှိခဲ့ပါသည်။ ဘဝဟောင်းကို အစွဲအလမ်းကြီး နေခြင်းမဟုတ်ပဲ ကြုံကြိုက်သည့်အခါ ဆွေဟောင်းမျိုးဟောင်း များနှင့် တွေ့ဆုံပြီး မေတ္တာဝေငှဖြန့်ချိကာ ပြဟ္မစိုရ်တရား လေးပါး ကုသိုလ်တရားများ ပွားများခွင့် ရရှိခဲ့ပါသည်။

ရောက်ရှိရာ အရပ်ဒေသမှ ရဟန်းတော်များ၊ သာသ နာပြုကုသိုလ် တည်ဆောက်နေကြသော သူတော်စင်များနှင့် တွေ့ဆုံခွင့်ရရှိခဲ့သဖြင့် ဗဟုသုတ အတွေးအမြင်များ တိုးတက် မှု ရရှိခဲ့ပါသည်။

တာဝန်သိသူတွင် တာဝန်ရှိကြသည့်အတိုင်း နိုင်ငံ တော်အကျိုး သာသနာတော်အကျိုး၊ ပြည်သူပြည်သားတို့၏ အကျိုးအတွက် ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးဖြင့် ကျေးဇူးပေးဆပ်နေကြကုန်သော အတွင်းအပြင်မှ ပုဂ္ဂိုလ်အသီး သီးတို့အားလည်း ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။ ကိုယ်နှင့် ကြုံလာ သာသနာ ကိုယ်သာပြုထိုက်သည် မဟုတ်ပါလား။

ကျေးဇူးပြုမှတ်တမ်း

- ခရီးစဉ်အားလုံး အဆင်ပြေချောမောစေရေးနှင့် ဓာတ်ပုံ မှတ်တမ်းများ ကူညီပေးသော ဒေါ်ကြူကြူခိုင်၊ မြို့နယ် အခွန်ဦးစီး၊ ဘိုကလေးမြို့။
- လပွတ္တာမြို့ မင်းထက်သာစတိုးမှ ဦးစိုးစိုး (သာသနာ အကျိုးဆောင်)။
- အင်္ဂပူမြို့မှ မိတ်ဆွေ ဦးမျိုးမြင့်၊ ဦးထွန်းရှင်၊ ဦးမြင့်စိန်နှင့် အကျိုးဆောင်များအား လှိုက်လှဲဝမ်းမြောက်စွာ ကျေးဇူး တင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မပေဒါ(ရွှေတော်)

www.burmeseclassic.com

www.burmeseclassic.com



အဘိုးပေးတဲ့ အမွေ၊ အဖေမှာတဲ့စကား ဆရာပေးတဲ့နည်း

အောင်ခန့်စံ

ကျွန်တော် ၁၉၇၁ ခုနှစ် စက်တင်ဘာ ဗိုလ်လောင်းသင်တန်းပြီးတော့ မော်လမြိုင် မိဘရပ်ထံကိုခွင့်ပြန်ခဲ့တယ်။ အဘိုးအရင်းတော့ မရှိတော့ပေမဲ့ အဘိုးရဲ့ အစ်ကို တစ်ဆွေလုံး၊ တစ်မျိုးလုံးမှာ ဩဇာအရှိဆုံး 'ဘဖိုး' ကတော့ အသက် ၉၀ ကျော် ကျန်းကျန်းမာမာနဲ့ ရှိနေတုန်းအချိန် သွားရောက်ကန်တော့ဖြစ်တယ်။ 'ဘဖိုး'က မျက်စိခွဲထားတော့ နေကာမျက်မှန်ကြီးတပ်ပြီး အဖြူ အမဲရုပ်မြင်သံကြားက သတင်းကို သုံးပေလောက် ကပ်ကြည့်နေတယ်။ မျက်စိသာအားနည်းပေမယ့် မှတ်ဉာဏ်က ကောင်းတုန်းပါပဲ။ 'ဘဖိုး'က အကန်တော့ခံပြီးတော့ မေးလာတယ်။ ''ငါ့မြေးမင်း ဘုရားမှန်မှန် ရှိခိုးဖြစ်ရဲ့လား''တဲ့။ အမှန်အတိုင်းပြောရရင် မမှန်ပါဘူး။ အချိန်ရလျှင် ရသလို ဦးချလိုက်တာလောက်ပဲ ရှိပါတယ်။ လေးလေးနက်နက် မရှိတာကို ဝန်ခံပါရစေ။ ဒါပေမဲ့ 'ဘဖိုး'ကိုတော့ စိတ်ချမ်းသာရလေအောင် ''ရှိခိုးပါတယ်''လို့ မတင်မကျဖြေလိုက်ပါတယ်။ 'ဘဖိုး'က ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ရင် သရဏဂုံတည်ရတယ်။ ဒါမှ မင်း အန္တရာယ်ကင်းမှာ။ မင်းက တပ်မတော်သားဖြစ်နေပြီဆိုတော့ ပိုပြီး လိုအပ်တာပေါ့ကွာ။ စစ်သားဆိုတာ နေ့ညမရှိ သွားလာနေရတော့ ဘုရားမရှိခိုးဖြစ်တဲ့ရက်တွေရှိမှာပဲ။ ဒီတော့ မင်းကို သရဏဂုံတည်စေတဲ့နည်း ပေးမယ်။ ဒါကတော့ မင်းအားသည်ဖြစ်စေ၊ မအားသည်ဖြစ်စေ၊ အစပဲလိုတယ်။ နောင် အလေ့အကျင့်ရသွားလျှင် တကူးတကလုပ်စရာမလိုဘဲ သရဏဂုံတည်သွားလိမ့်မယ်။ အရေးကြီးတာ မင်းယုံယုံကြည်ကြည်နဲ့ အလေးအနက်ထားလုပ်ဖို့ပဲ။

www.burmeseclassic.com

www.burmeseclassic.com

အဲဒါကတော့ -

မင်း မနက်အိပ်ရာထ မျက်နှာသစ်တယ် မဟုတ်လား။ ဟုတ်ကဲ့ပါ အဘိုး။ အေး . . . မျက်နှာသစ်တဲ့အခါ ညာဘက်လက်ခုပ်နဲ့ ရေကိုခံပြီး ခေါင်းထိပ်ကနေ သပ်ချပြီး မျက်နှာသစ်ပါ။ တစ်ကြိမ်သစ်တိုင်း တစ်ခါရွတ်ဆိုပါ။ ပထမဆုံးအကြိမ်မှာ "ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ဦးထိပ်ထက်၌ တည်ပါစေသတည်း။ တံတိုင်းခုနစ်ထပ် ကာရံပါစေသတည်း။ ကိုယ်လုံးခြုံ၍ လုံပါစေသတည်း" လို့ ဆိုရမယ်။

နောက် ဒုတိယအကြိမ် ညာဖက်လက်ခုပ်ထဲ ရေထည့်ပြီး ခေါင်းထိပ်ကနေ သပ်ချပြီး မျက်နှာသစ်တဲ့အခါ "ဓမ္မတရားတော်မြတ်၏ ဂုဏ်ကျေးဇူးကို ဦးထိပ်ထက်၌ တည်ပါစေသတည်း။ တံတိုင်းခုနစ်ထပ် ကာရံပါစေသတည်း။ ကိုယ်လုံးခြုံ၍ လုံပါစေသတည်း" လို့ရွတ်ဆိုပါ။

တတိယအကြိမ် မျက်နှာသစ်ချတဲ့အခါမှာ ရေးနည်းတူ "သံဃ-သံဃာတော်မြတ်၏ ဂုဏ်ကျေးဇူးကို ဦးထိပ်ထက်၌ တည်ပါစေသတည်း။ တံတိုင်းခုနစ်ထပ် ကာရံပါစေသတည်း။ ကိုယ်လုံးခြုံ၍ လုံပါစေသတည်းလို့ ဆိုပြီးသစ်ပါ။ စတုတ္ထအကြိမ်သစ်ရင် "မာတာပီတုမိဘတို့၏ ဂုဏ်ကျေးဇူးကို ဦးထိပ်ထက်၌ တည်ပါစေသတည်း။ တံတိုင်း ၇ ထပ်ကာရံပါစေသတည်း။ ကိုယ်လုံးခြုံ၍ လုံပါစေသတည်း" ဟု ရွတ်ပါ။ ပဥ္စမအကြိမ်မှာတော့ "အာစရိယဆရာတို့၏ဂုဏ်ကျေးဇူးကို ဦးထိပ်ထက်၌ တည်ပါစေသတည်း။ တံတိုင်းခုနစ်ထပ် ကာရံပါစေသတည်း။ ကိုယ်လုံးခြုံ၍ လုံပါစေသတည်း" လို့ရွတ်ပါ။

နောက်ဆုံးကတော့ "ပူဇော်ထိုက်သော သူတို့၏ ဂုဏ်ကျေးဇူးကို ဦးထိပ်ထက်၌ တည်ပါစေသတည်း။ တံတိုင်းခုနစ်ထပ် ကာရံပါစေသတည်း။ ကိုယ်လုံးခြုံ၍ လုံပါစေသတည်း" ဟု ရွတ်ပြီး မျက်နှာသစ်ပါ။

အကယ်၍ အချိန်ရရင် အနုလုံ၊ ပဋိလုံသဘော နောက်ဆုံးကနေ ရွတ်ပြီး မျက်နှာသစ်ရာက ရှေ့ဆုံး "ဗုဒ္ဓမြတ်စွာဘုရား" ရောက်သည်ထိ ရွတ်ပြီးသစ်ပါ။ မင်းကို ရတနာသုံးပါး အနန္တောအနန္တငါးပါးနဲ့ ပူဇော်ထိုက်သူတွေက စောင့်ရှောက်လိမ့်မယ်"

အဲဒီ ဘဖိုးပေးတဲ့ အမွေကို နောက်တစ်နေ့မနက် မျက်နှာသစ်ကတည်းက ကျင့်သုံးခဲ့တာ ယခု ၆၅ နှစ်ကျော်သည်အထိ တစ်ရက်မှ မပျက်ခဲ့ပါဘူး။ ကျွန်တော် ဖြတ်သန်းခဲ့ရတဲ့ ဘဝတစ်လျှောက်လုံးလည်း အသက်ဘေးဖြစ်မယ့်ဖြစ်စဉ်တွေ အများကြီးကြုံတွေ့ခဲ့ရပါတယ်။ အဲဒါတွေ အားလုံးရေးရရင်ဖြင့် ကုန်နိုင်မယ် မထင်ပါဘူး။ ရန်သူနှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရတဲ့တိုက်ပွဲတွေ၊ ကျွန်တော်လိုက်ဖို့ စီစဉ်ပြီးမှ မလိုက်ဖြစ်တဲ့ ယာဉ်တန်းအတိုက်ခံရတာတွေ၊ အလွန်ရေစီးသန်တဲ့ ဧရာဝတီမြစ်ကို ဖြတ်ကူးရာက ခြေကုန်လက်ပန်းကျပြီး သေကံမရောက်ခဲ့တာတွေ၊ ကရင်ပြည်နယ် နော်တရာတောင်အခြေ တောင်ကျရေအစီးသန်လှတဲ့ မိကျောင်းချောင်းမှာ ရေစီးနဲ့မျောပါရာက သေဘေးက လွတ်ခဲ့တာတွေ၊ ရှမ်း၊ ကချင်နယ်စပ်က စီအူးမှာ စခန်းထိုင်စဉ် တစ်ရွာလုံးဝမ်းရောဂါဖြစ်ပြီး သေကျေတာနဲ့ကြုံရစဉ်က လွတ်ခဲ့တာတွေ၊ မဲလဒေသတွင် ငှက်ဖျားမိပြီး ထမ်းစင်နဲ့သယ်ရတဲ့အထိ သတိလစ်ပြီး လက်မတင် ဘားအံဆေးရုံရောက်လို့ အသက်ဘေးမှလွတ်ခဲ့တာတွေ၊ မိမိ စခန်းချမည့်နေရာကို ရဲဘော်မိုင်းရှင်းရာမှ ထကွဲပြီး သီသီလေး လွတ်ခဲ့တာတွေ၊ စစ်ကြောင်းချီတက်စဉ် ပိုင်ကြုံနှင့် မိကျောင်းကြား မိမိကျော်ခဲ့ပြီးမှ နောက်တစ်ယောက်ကျော် စစ်သည်တပ်သား ကျော်စိုး မိုင်းထိတာတွေ၊ လက်နက်ကြီးကျရောက် ပေါက်ကွဲသော်လည်း မပြောပလောက်တဲ့ ဗုံးစထိရုံထိပြီး လွတ်ခဲ့တာတွေ၊ မိမိပါတဲ့ ဗုံးကြဲစစ်လေယာဉ် ရန်သူလက်နက်ငယ် ကျည်ထိပြီး အရေးပေါ်ဆင်းသက်ခဲ့ရတာတွေ၊ နမ့်ခမ်းမုံးစီးဂွင် လုံနော်တွင် တိုက်ပွဲဖြစ်ပြီး ဆက်ချီတက်ရာ မိမိရှေ့ကစစ်သည် တပ်သားငွေသိန်း ဆိုက်ခေါင်ရွာအထွက်တွင် မိုင်းနင်းပြီး ခြေပြတ်ခဲ့တာတွေ၊ မြစ်ကြီးနားမှ မန္တလေးသို့ မိသားစုနှင့် ရထားစီးလာစဉ် နန်းခမ်းဘူတာ၌ ညဥ့်နက်သန်းခေါင် ရှေ့တွဲများ လမ်းချော်တိမ်းမှောက်သော်လည်း မိမိစီးလာသောတွဲ မမှောက်ဘဲ ကံသီပြီး လွတ်ခဲ့တာတွေ၊ ကျောက်ခတ်တိုက်ပွဲတွင် ရန်သူ ၈၂ မမ ဗုံးသီး မိမိဘေးကို ကျရောက်ခဲ့ပေမယ့် ဗုံးမကွဲဘဲ လွတ်ခဲ့တာတွေ၊ မဲက ကေအင်ယူ ညောင်ပင်ကုန်းစခန်းကို ချဉ်းကပ်စဉ် မိမိရှေ့က တပ်သား မောင်မြင့် မိုင်းနင်းပြီး ခြေပြတ်ခဲ့တာတွေ၊ ညောင်မင်ကုန်း သိမ်းပိုက်ပြီးနောက် ရန်သူမှ တန်ပြန်တိုက်ရာတွင် လက်နက်ကြီးကျည်အလုံးပေါင်းမြောက်မြားစွာ မိမိကုန်းပေါ်သို့ ကျရောက်

www.burmeseclassic.com

www.burmeseclassic.com

ပေါက်ကွဲသော်လည်း လက်အနည်းငယ် ဒဏ်ရာရသည်က လွဲ၍ သေကံမရောက်ခဲ့တာတွေ၊ မဲလတွင် စခန်းထိုင်စဉ် မိမိရှိသောနေရာမှ နေရာသစ်ပြောင်း ပြီး စက္ကန့်ပိုင်းအတွင်း နေရာဟောင်းနေရာကို လက်နက်ကြီး ကျည်ကျရောက် ပေါက်ကွဲတာတွေ၊ စီစီဝမ်တာပန်ဒေသ နမ့်ကတ်ကုန်း (တင်ရွှေကုန်း)ကို မိုးကြိုးပစ်ရာ မိမိအိပ်သည့် ခေါင်ကတုတ် ထက်ခြမ်းကွဲ မီးလောင်ရာ မိမိ ၎င်းနေရာတွင်မရှိသဖြင့် စစ်သည်နှစ်ဦးသာ ဒဏ်ရာရပြီး မိမိလွတ်ခဲ့ရတာတွေ စသည့်စသည့် ဖြစ်စဉ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသော်လည်း သရဏဂုံတည်ခဲ့၍သာ သေကံ မရောက်ခဲ့ခြင်းက ကိုယ်တွေ့ပင် ဖြစ်ပါသည်။

ရင်းနှီးတဲ့မိဆွေ လူကြီးသူမတွေက မတွေ့တာကြာ ပြီး ခဏတာပြန်တွေ့ကြရင် ဝမ်းသာအားရ နှုတ်ဆက်ပြီး ပြောဆိုပြီးလျှင် ''ငါမှာချင်တာကတော့ ရတနာသုံးပါး မမေ့နဲ့ကွာ''လို့ ပေါ့ပေါ့ပါးပါး ဆုံးမကြတာကို ကြုံဖူးကြ မယ်ထင်ပါတယ်။ ပြောတဲ့သူကလည်း လေးလေးနက် နက် မရှိဘဲ နှုတ်ဆက်စကားအဖြစ် ပြောလိုက်သလို အပြောခံ ရသူကလည်း ရယ်ရယ်မောမောနဲ့ လေထဲပျောက်သွားတဲ့ နှုတ်ဆက်စကား ဖြစ်သွားကြတာတွေ ရှိပါတယ်။ တကယ် တော့ ဗုဒ္ဓဘာသာဝင်တွေအတွက် သရဏဂုံတည်ဖို့ အလွန် ပဲ လိုအပ်လှပါတယ်။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ဖြစ်လို့သာ ရွတ်ဖတ်နေကြပေမယ့် သရဏဂုံရဲ့ အကျိုးအသွားကို မသိ လို့ ဗုဒ္ဓဘာသာဝင် စစ်စစ်မဖြစ်သေးတာကို သိချင်မှသိကြ မှာပါ။ အရှင်ဇဝနရေးတဲ့ မြန်မာတို့ရဲ့အသက် စာအုပ်ထဲမှာ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးအကျိုးအသွားကို တကယ် သိပြီး ဗုဒ္ဓံသရဏံဂစ္ဆာမိ **''မြတ်စွာဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။ ဓမ္မံသရဏံဂစ္ဆာမိ တရားတော်မြတ် ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သံဃံသရဏံဂစ္ဆာ မိ သံဃာတော်အရှင်မြတ်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်း ကပ်ပါ၏။''**လို့ဆိုပြီး ပထမဆုံး သရဏဂုံတည်ဆောက်တဲ့ နေ့က ဗုဒ္ဓဘာသာဝင် စစ်စစ်ဖြစ်တဲ့နေ့ပဲလို့ ဖော်ပြထားပြီး သရဏဂုံတည်မြဲရခြင်း အကျိုးငါးပါးက –

(၁) ဘေးအမျိုးမျိုးမှ ကင်းလွတ်ခြင်း၊

(၂) ကြောက်လန့်ပူပန်ခြင်းတို့ ကင်းပျောက်ခြင်း၊

(၃) ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲကင်းခြင်း၊

(၄) အပါယ်လေးပါး မကျရောက်ခြင်း၊

(၅) စိတ်၏ညစ်နွမ်းမှုများ ပပျောက်ခြင်းတို့ ဖြစ် တယ်လို့ ဆိုထားပါတယ်။

သို့ပါ၍ သရဏဂုံတည်ခြင်းဖြင့် အန္တရာယ်အသွယ် သွယ်မှ လွတ်မြောက်သည်မှာ ကေန်မလွဲကြောင်း ရေးသား လိုက်ရပါသည်။

အဘိုးပေးတဲ့ အမွေအကြောင်း ရေးရင်းက ကျွန် တော့်အဖေမှာခဲ့တဲ့ စကားကို သတိရမိလို့ တင်ပြလိုက်ရ ပါသည်။ **''ငါ့သား မင်းအမျိုးဘာသာ သာသနာကို မစောင့်ရှောက်နိုင်ခဲ့ရင်တောင် ဖျက်တဲ့ပုဂ္ဂိုလ်တော့ မဖြစ် စေနဲ့''**တဲ့။ ထိုစဉ်က ကျွန်တော် အလေးအနက် မထားခဲ့ မိတာ အမှန်ပါ။ ယခု ကျွန်တော်တို့ပတ်ဝန်းကျင်မှာ အမျိုး ဘာသာ သာသနာကို ခြိမ်းခြောက်တဲ့အဖြစ်မျိုးတွေ ကြား နေရတော့မှ အမေမှာခဲ့တာကို သတိရမိပါသည်။ ကျွန် တော်တို့ ဗုဒ္ဓဘာသာဝင်များသည် အနည်းဆုံး ကံ–ကံ၏ အကျိုးကိုတော့ သိဖို့လိုအပ်ပါသည်။ သို့မှသာ ကောင်း သော အပြုအမူများကိုသာ ပြုကြပြီး မကောင်းသော အပြု အမူများကို ရှောင်လာကြမည်ဖြစ်ပါသည်။ မြတ်စွာဘုရားက လည်း **''သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပသမ္ပဒါ သစိတ္တပရိယောဒပနံ၊ ဧတံဗုဒ္ဓါန သာသနံ''**လို့ ဟော ထားပါတယ်။ အနက်ကတော့ **''မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား''**ဖို့ပါပဲ။ မြတ်စွာ ဘုရားဟောတဲ့ အတိုင်းသားကျင့်ကြံနေပါကြောင်း ရေးသား အပ်ပါသည်။

အဖေမှာတဲ့စကားအကြောင်း ရေးသားပြီးတော့ ဆရာပေးတဲ့နည်းကလေးတစ်ခု မျှဝေချင်ပါတယ်။ တကယ် တော့ ကျွန်တော့်တပ်ရင်းမှူးပါ။ စစ်တက္ကသိုလ် အပတ်စဉ် (၁)ဆင်း ဗိုလ်မှူးညာဏ်လင်းဖြစ်ပါတယ်။ စစ်တက္ကသိုလ် ဆင်း နောင်တော်ကြီးဖြစ်သလို ကျွန်တော့်ရဲ့ နည်းပေးလမ်း ပြ ဆရာမို့ တင်စားပြီး ဆရာလို့သမုတ်ခြင်းပါ။ ကျွန်တော် ယခုအချိန်ထိ စစ်မရှုံးဖူးသေးတာ၊ စစ်မြေ ပြင်ဘွဲ့ထူး ဂုဏ်ထူး သုံးကြိမ်ရသည်အထိ တိုက်ပွဲတွေ အောင်အောင် မြင်မြင် တိုက်ခိုက်နိုင်ခဲ့တာတွေ အားလုံးဟာ ဆရာရဲ့ နည်းပေးလမ်းညွှန်မှုကရတဲ့ စိတ်ဓာတ်နဲ့ နည်းနိဿျတွေ ကြောင့်ပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

၁၉၇၅ ခုနှစ် ခရစ်စမတ်အကြိုညက မူဆယ်ကို ရောက်ခဲ့စဉ်က ဖြစ်ပါတယ်။ ခမရ(၁၀၃)ထံမှ နယ်မြေလွှဲပြောင်းယူရပါတယ်။ ကျွန်တော်က ကွန်မန်ဒိုတပ်စုမှူး တာဝန်နဲ့ တပ်ရင်းမှူးနဲ့အတူ မူဆယ်မြို့အဝင် ဌာနချုပ်စခန်းလေးမှာ နေရပါတယ်။ မြို့ခံတွေက Custom Gate လို့ခေါ်တဲ့ အဆောက်အဦလေးမှာ ဖြစ်ပါတယ်။ တပ်အတွက် မျှော်မှန်းပြီး ဆောက်ထားတာမဟုတ်တော့ တပ်စခန်းတစ်ခုအနေနဲ့ မြေပြင်အနေအထား မကောင်းလှပါ။ ကားလမ်းဘေးက အဆောက်အဦးကို ခြံစည်းရိုး နှစ်ထပ်ကာရံထားခြင်းသာဖြစ်လို့ လုံခြုံမှုအရလည်း တပ်စခန်းအင်္ဂါရပ်နှင့် မညီပါ။ ရှိရင်းစွဲ အဆောက်အဦမို့သာ လက်ခံရပေမယ့် တပ်ရင်းမှူးက သိပ်စိတ်တိုင်းပုံ မပေါ်သဖြင့် ကျွန်တော့်ကိုခေါ်ပြီး ''ခင်မောင်မြင့် တပ်စခန်းတွေ အတိုက်ခံရတယ်ဆိုတာ ခုလို ခံစစ်အားနည်းတဲ့ စခန်းတွေကို တပ်လဲလှယ်တဲ့ ဒီလိုအချိန်တွေမှာ ရန်သူက အခွင့်ကောင်းယူပြီး တိုက်တတ်တယ်။ ကိုယ်က အသစ်ရောက်တာဆိုတော့ ပတ်ဝန်းကျင် အခြေအနေလည်း ဂဃနဏမသိ၊ ရန်သူ့သတင်းကလည်း သူများပြောတဲ့ အတိုင်းအတာလောက်ပဲ သိတဲ့အချိန် ကိုယ်နဲ့နယ်မြေရင်းနှီးကျွမ်းဝင်မှု မရှိတဲ့ ခုလိုအချိန်တွေမှာ ဂရုစိုက်ရတယ်။ ဒီတော့ မင်းလောလောဆယ်ဆယ် စခန်းပတ်ပတ်လည်ကို လျှောက်ကြည့်။ မင်းသာ ရန်သူနေရာမှာဆိုရင် ဒီစခန်းကို ဘယ်လိုတိုက်မလဲ မေးခွန်းထုတ်။ အဖြေသုံးလေးခု ရအောင်ရှာပြီး အဲဒီအဖြေကို ကာကွယ်မယ့် တပ်ဖြန့်ချထားမှုကို အရင်ဦးစားပေးလုပ်တော့ကွာ''တဲ့။ တစ်ဆက်တည်းမှာပဲ ''မင်းစည်းချတတ်သလား''လို့ မေးပါတယ်။ ကျွန်တော်က မတတ်ကြောင်းဖြေတော့ ''ပဋ္ဌာန်း ၂၄ ပစ္စည်းကောရလား''တဲ့။ ကျွန်တော်က ရကြောင်းပြောတော့ အေး . . . ခုညကစပြီး မင်းနေတဲ့စခန်းတိုင်းကို ငါပြောတဲ့အတိုင်း စည်းချပေတော့ဆိုပြီး ''**မင်းရဲ့မွေးနံ့ထောင့်ကစလို့ လက်ညှိုးညွှန်ပြီး ပဋ္ဌာန်း ၂၄ ပစ္စည်းကို အစအဆုံး ရွတ်ပါ။ အရပ်ရှစ်မျက်နှာကို လက်ယာရစ် တစ်ခေါက်စီရွတ်ပြီး၊ ကိုးခေါက်မြောက်က လက်ညှိုးကို အပေါ်ကို ညွှန်ပြီးရွတ်ပါ။ ဆယ်ခေါက်မြောက်က လက်ညှိုးကိုအောက်ကိုညွှန်ပြီး ရွတ်ဆိုပါ။** ဒါတို့ဘုရား ဟောတဲ့ ပဋ္ဌာန်းဂါထာနဲ့ စည်းချတာပဲ။ မင်းယုံယုံကြည်ကြည်နဲ့သာလုပ်၊ ရန်သူလာတိုက်တောင် စခန်းဘယ်တော့မှ မကျဘူးလို့'' သွန်သင်လမ်းညွှန်ခဲ့ပါတယ်။

ကျွန်တော် အမှတ်(၄) ကချင်သေနတ်ကိုင်တပ်ရင်းကို ပြောင်းမလာခင်က မိခင်တပ်ရင်း ခလရ (၉၅)ကို ရောက်ခဲ့ပါတယ်။ အဲဒီတပ်မှာ တာဝန်ထမ်းဆောင်စဉ် စီအူးစခန်း၊ ပစီသာပိုင်စခန်း၊ ဟိုဝိတ်ဝက်ဘာစခန်း၊ ကုန်းသာစခန်း၊ တောင်ခန်းစခန်း၊ ရတနာသိင်္ဂီမိုင်းစခန်း၊ ဂုတ်ထိပ်တံတားစခန်းတွေ ထိုင်ခဲ့ဖူးပါတယ်။ ထိုစဉ်က စည်းမချတတ်သေးပါ။ အဲဒီနယ်မြေတွေကလည်း အညိုရောင် နယ်မြေတွေမို့ မည်သည့်အန္တရာယ်မှ ကြုံတွေ့ခဲ့ရခြင်း မရှိပါ။ ကျွန်တော် နောက်ပိုင်း ကချင်ပြည်နယ်က မရမ်းစခန်း၊ ရှမ်းပြည်နယ်က စီစီဝမ်တာပန်၊ မိကျောင်းစခန်းများနှင့် တင်ရွှေကုန်းစခန်း၊ ကွမ်လုံတံတားထိပ်က ပလက ကုန်း၊ ကရင်ပြည်နယ်က မဲလစခန်း၊ ဖလူးဒေသ ပွိုင့်(၂၇၆၇) စခန်း စတဲ့စခန်းတွေထဲမှာ အချို့စခန်းတွေက တစ်ဖက်ရန်သူနဲ့ အော်ဟစ်စကားပြောလို့ရတဲ့ အကွာအဝေးအတွင်းမှာ ရင်ဆိုင်ထားကြရပြီး နေ့စဉ် လက်နက်ကြီး၊ လက်နက်ငယ်နဲ့ အပြန်အလှန် ပစ်ခတ်နေကြတဲ့ လွန်စွာမှ အန္တရာယ်များတဲ့ မဆုတ်တမ်းခံစစ်တွေဖြစ်ပါတယ်။ အဲဒီစခန်းတွေမှာ ဆရာတပ်ရင်းမှူး ညွှန်ပြသွန် သင်ခဲ့တဲ့ ပဋ္ဌာန်း(၂၄) ပစ္စည်းဂါထာနဲ့ နေ့ညစည်းချပြီး ရန်သူနေရာကနေ စခန်းကို စိတ်မှန်းနဲ့ပြန်တိုက်၊ မလုံခြုံဘူးထင်တဲ့ ဂယ်ပေါက်ကို မိုင်းအတားအဆီးနဲ့ ခံစစ်ပြင်တဲ့ အလေ့အကျင့်နဲ့ နေလာခဲ့တာ စခန်းအတိုက်ခံရပေမယ့် ရန်သူဆုတ်သွားရတာချည်းပဲ ကြုံခဲ့ရတာ လက်တွေ့ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ ဤဆောင်းပါးပါ **အဘိုးပေးတဲ့ အမွေ အဖေမှာတဲ့စကား၊ ဆရာပေးတဲ့နည်း** တွေကို ညီနောင်ရောင်းရင်းများအတွက် မျှဝေလိုက်ခြင်းဖြစ်ပါတယ်။ တိုက်ပွဲတိုင်း အောင်မြင်ပြီး အန္တရာယ်ကင်းကြပါစေ။

အောင်ခန့်စံ

၀၉-၇၉၅၉၆၆၄၄၈

www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါတို့၏ ရုပ်ရည်အဆင်းလှပခြင်းအကြောင်းရင်း

ကျော်စံလင်း

တစ်နေ့တွင် သုဘလုလင်က သတ္တဝါတို့ ရုပ်ဆင်းလှပခြင်း၊ မလှပခြင်းတို့အကြောင်းကို မေးမြန်းလျှောက်ထားလေရာ မြတ်စွာဘုရားရှင်က ဤသို့ မိန့်တော်မူလေသည်။

"သတ္တဝါတို့၏ ရုပ်ရည်အဆင်းလှပခြင်း အကြောင်းလေးမျိုးရှိ၏။ ယင်းတို့မှာ -

၁။ အမျက်ဒေါသမထွက်ခြင်း၊ ၂။ ဆွမ်းအာမိသလှူခြင်း၊ ၃။ အဝတ်အထည်လှူခြင်း၊ ၄။ တံမြက်လှည်းခြင်း၊

စသည်ပြုလုပ်သူတို့သည် ရုပ်အဆင်းလှပကြကုန်၏။ ဒေါသအားကြီးသူတို့သည် ရုပ်အဆင်း မလှပ။ ဒေါသနည်းပါးသူတို့သည်သာ ရုပ်အဆင်း လှပကြကုန်၏"

ဟု ပြောဆိုတော်မူသည်။ ဒေါသသည် မီးတစ်ပါးဖြစ်၏။ လွန်စွာပူလောင်သော တရားဖြစ်၏။ ယင်းနှင့်နီးစပ်ရာ ရုပ်တရားများကို လောင်မြိုက်တတ်၏။ ဒေါသမီးအလောင်ခံရသူ၏ ရုပ်ရည်အဆင်းမှာ ကြည်လင်တောက်ပမှုမရှိပဲ ညှိုးနွမ်းနေ၏။ ထို့ပြင် ဒေါသစရိုက်ရှိသူ၏ နှလုံးသွေးမှာ မည်းညစ်ညစ်အရောင်ရှိ၏။ ဒေါသအခိုးအငွေ့ရောနှောနေသော သွေးများဖြင့် တည်ဆောက်ထားသောသူ၏ ရုပ်အသွင်မှာလည်း ကြည်လင်မှုမရှိဘဲ မွဲသွေ့သွေ့အဆင်းသာ ရှိလေသည်။ ထို့ကြောင့် ဒေါသအားကြီးသူတို့သည် "ထန်ပြင်းဒေါသကြီးတတ်က အလှပျက်မည်ဆို"လင်္ကာနှင့်အညီ ရုပ်ဆိုးတတ်လေသည်။

ဒေါသ၏ ဆန့်ကျင်ဘက်တရားမှာ မေတ္တာတရားဖြစ်၏။ မေတ္တာ၏သဘောမှာ ကြည်လင်အေးမြခြင်းသဘောရှိ၏။ မေတ္တာအခိုးအငွေ့များ ရောနှောပါဝင်နေသော သွေးများဖြင့် တည်ဆောက်ထားသောသူ၏ ခန္ဓာကိုယ်မှာ ကြည်လင်လျက်ရှိသည်။ ဝင်းပလျက်ရှိသည်။ ထို့ကြောင့် ဒေါသနည်းပါး မေတ္တာပွားများသူသည် ရုပ်ရည်အဆင်း လှပရလေသည်။ အင်္ဂုတ္တိုရ်ပါဠိတော်ဘောဇနေသုတ်၌ ဆွမ်းလှူခြင်း၏အကျိုးကို ဟောတော်မူရာတွင် "အဆင်းလှပခြင်း"ဟူသော အကျိုးလည်း တစ်ပါးအပါအဝင်ဖြစ်လေသည်။ ဆွမ်းလှူခြင်းသည် ရုပ်ရည်လှပအဆင်းအကြောင်း ဖြစ်သည်။

သတ္တဝါတို့သည် အစားအစာတစ်ခုခု မစားမသောက်ရပါလျှင် ကမ္မဇဝမ်းမီး၏ လောင်မြိုက်မှုကို ခံနေရသဖြင့် ထိုသူ၏ ရုပ်ရည်အဆင်းမှာ ညှိုးနွမ်းနေသည်။ ကြည်လင်ဝင်းပမှုမရှိပေ။ အစားအစာတစ်ခုခု စားသောက်လိုက်ရပြီ ဆိုလျှင်ကား ရုတ်ခြည်းပင် ကြည်လင်ဝင်းပလာသည်။ ကြည်လင်ရွှင်ပျလာသည်။ ထိုစေတနာက တူသောအကျိုးပေးသဖြင့် ဆွမ်းစသော အာမိသလှူသူများတို့သည် ရုပ်ရည်အဆင်း လှပခြင်းအကျိုး ရတတ်လေသည်။

နတ်သားတစ်ယောက်က "အဘယ်အရာကို ပေးလှူလျှင် အဆင်းကိုပေးလှူရာရောက်ပါသနည်း"ဟု(ကိဒ-ဒသုတ်) ဘုရားရှင်အား မေးလျှောက်ရာတွင် ဘုရားရှင်က "အဝတ်အထည်ကို ပေးလှူလျှင် အဆင်းကိုပေးလှူရာရောက်သည်" ဟု ပြန်လည်ဖြေကြားတော်မူပါသည်။ လူတို့သည် လူမှာအဝတ်၊ တောင်းမှာအကွပ်စကားနှင့်အညီ အဝတ်အထည်တစ်ခုခု ဝတ်ဆင်ထားပါမှ ကြည့်ရှုရ လှပတင့်တယ်သည်။ အဝတ်အထည် မဝတ်မဆင်မြန်းထားပါက ရုပ်ရည်လှပသူများပင် ကြည့်ရှုရမလှတော့ ရုပ်ဆိုးသွားတတ်လေသည်။ ထို့ကြောင့် အဝတ်အထည်လှူဒါန်းသူများသည် သူတစ်ပါး ရုပ်အဆင်းလှပအောင် ပြုပေးရာရောက်သဖြင့် ထိုစေတနာ အကျိုးပေးရာဘဝတွင် ရုပ်အဆင်း လှပချောမောသူ ဖြစ်ရတတ်လေသည်။

ရုပ်ရည်အဆင်း လှပမှုတွင် ပြိုင်ဘက်ရှားသူ၊ မြင်ရသူ ယောက်ျားများ ရူးသွပ်ရအောင်လှပသူ ဥမ္မာဒန္တီအကြောင်းကို ကြားဖူးကြပါလိမ့်မည်။ သူမသည် လူမက နတ်တမျှ လှပချောမောသူဖြစ်၏။ ရှုချင်စဖွယ်ရှိ၏။ စိတ်ကြည်လင်ဖွယ်ရာ အဆင်းနှင့် ပြည့်စုံ၏။ ဤသို့ ရုပ်ရည်အဆင်း လှပရခြင်းမှာ ရှေးတစ်ခုသောဘဝ သူဆင်းရဲမ ဖြစ်စဉ်က အဝတ်အထည်လုယက်ခံရသဖြင့် သစ်ခက်များကိုသီ၍ ဝတ်ရုံလာသော ကဿပဘုရားရှင်၏ တပည့်သား ရဟန်းတော်တစ်ပါးအား

www.burmeseclassic.com

www.burmeseclassic.com

သုံးနှစ်ကျွန်ခံမှ ရရှိလာသော ဝတ်ပန်းဆိုးအဝတ်ကို သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့သော ကုသိုလ်ကံကြောင့်ဖြစ်လေသည်။

တံမြက်လှည်းခြင်းသည်လည်း ရုပ်ရည်အဆင်းလှပခြင်း၏ အကြောင်းတစ်ပါးပင် ဖြစ်၏။ ကျောင်းဝိုင်း၊ အိမ်ဝိုင်းစသော နေရာဒေသတို့၌ အမှိုက်သရိုက်များ ရှုပ်ပွနေလျှင် မြင်ရသူများ စိတ်လက်မကြည်လင်ကြပေ။ စိတ်ညစ်ညူးကြရလေသည်။ အမှိုက်သရိုက်များ သန့်စင်နေသော ကျောင်းဝိုင်း ဝိုင်းအတွင်းသို့ ဝင်ရောက်သွားလျှင်ကား စိတ်လက်ကြည်လင်ရွှင်ပျကြရလေသည်။ စိတ်ကြည်လင်လန်းဆန်းလာရလေသည်။ ထို့ကြောင့် တံမြက်လှည်းသူသည် ထိုစေတနာအကျိုးပေးရာဘဝ၌ ရုပ်ရည်အဆင်းလှပသောသူ ဖြစ်ရလေသည်။

ရှေးအခါက သီဟိုဠ်ကျွန်း(သီရိလင်္ကာနိုင်ငံ) မဟာစေတီ ရင်ပြင်တော်၌ ရုပ်အလှပြိုင်ပွဲ ကျင်းပခဲ့ဖူးသည်။ ယှဉ်ပြိုင်သူများမှာ အဘယထေရ်နှင့် အမတ်သားတစ်ယောက် ဖြစ်သည်။ ဆွေမျိုးများက အမတ်သားကို လှပေ့ဆိုသည့် အဝတ်အစားများကို ဝတ်ဆင်ပေး၍ မဟာစေတီပေါ်သို့ ခေါ်ဆောင်လာသည်။ အဘယမထေရ်၏ မိခင်ကလည်း သားရဟန်းကို ဆံပင်များကို ရိတ်ပယ်စေ၍ သစ်လွင်တောက်ပသည့် သင်္ကန်းကို ဝတ်ဆင်စေပြီး သံဃာများခြံရံစေကာ မဟာစေတီ ရင်ပြင်ပေါ်သို့ ပင့်ဆောင်ခဲ့လေသည်။

နှစ်ဦးသား တွေ့ဆုံကြသောအခါ မထေရ်က "ဒကာသင်ဟာ မထေရ်ကြီး တံမြက်လှည်းသည့်နေရာ၌ အမှိုက်ကျုံးသူဖြစ်ခဲ့ရုံမျှနှင့် ဘာကြောင့် ငါနဲ့ယှဉ်ပြိုင်ရသနည်း" ဟု မေးတော်မူသည်။ တစ်ခုသော အတိတ်ဘဝတုန်းက အဘယမထေရ်က မထေရ်ကြီးဖြစ်ခဲ့ဖူး၍ စေတီရင်ပြင်၌ အမှိုက်လှည်းခဲ့ဖူးသည်။ ထိုစဉ်က အမတ်ကား ဥပါသကာတစ်ဦး ဖြစ်ခဲ့ဖူး၍ မထေရ်ကြီးလှည်း၍ စုပုံထားသော အမှိုက်များကို ကျုံးခဲ့ဖူးခဲ့သော ကုသိုလ်ကြောင့် ရုပ်အဆင်းလှပသူများ ဖြစ်ကြရလေသည်။

မေ့လျော့သူသည် ပမာဒတရား လွှမ်းမိုးနှိပ်စက်ခံနေရသဖြင့် ဖော်ပြပါ ကုသိုလ်ကောင်းမှုများကို မပြုမိရကား ရုပ်အဆင်း မလှမပသူ ဖြစ်ရသည်။ မမေ့မလျော့သူသည်ကား ဖော်ပြပါ ကုသိုလ်ကောင်းမှုများကို ဆည်းပူးအားထုတ်သဖြင့် ရုပ်ရည်အဆင်းလှပသူ ဖြစ်ရလေသည်။ ကုသိုလ်တရားများ၌ မမေ့မလျော့မှု အပ္ပမာဒတရားကြောင့် နတ်ပြည်သို့လည်း ရောက်နိုင်၏။ သာဓကကား သိကြားမင်းပင်ဖြစ်၏။ သိကြားမင်းသည် မမေ့မလျော့မှု အပ္ပမာဒတရားကြောင့် နတ်တကာတို့ထက်မြတ်သော သိကြားမင်းအဖြစ်သို့ ရောက်ခဲ့ခြင်းဖြစ်၏။

သိကြားမင်းသည် သိကြားမင်းဘဝမရောက်မီ မာဂဓတိုင်း၊ မစလရွာ၌ မဃလုလင်ဖြစ်ခဲ့သည်။ ထိုစဉ်က လူအများအသွားအလာလွယ်ကူစေရန် လမ်းဖို့ခဲ့၏။ တံတားခင်းခဲ့၏၊ ဇရပ်ဆောက်ခဲ့၏၊ ရေကန်တူးခဲ့၏၊ သစ်ပင်ဥယျာဉ် စိုက်ပျိုးခဲ့၏၊ ဤသို့သော ကုသိုလ်ကောင်းမှုအထူးကို ဆည်းပူးခဲ့သောကြောင့် ထိုဘဝမှကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်ဝယ် သိကြားမင်းဘဝ ရောက်ရှိသွားခြင်းဖြစ်လေသည်။

ရှိသေထိုက်သူကို မရှိသေက ဘဝတိုင်း ယုတ်ညံ့ဘဝဖြစ်ရ

သုဘလုလင်က ဘုရားရှင်အား သတ္တဝါတို့ အမျိုးယုတ်ခြင်း၊ အမျိုးမြတ်ခြင်းအကြောင်းကို မေးလျှောက်ရာတွင် ဘုရားရှင်က မာန်တက်၍ ရှိသေထိုက်သူကို မရှိသေ၊ ရှိခိုးထိုက်သူကို မရှိခိုး၊ ခရီးဦးကြိုဆိုထိုက်သူကို ခရီးဦးမကြိုဆိုသောသူသည် ဖြစ်လေရာ ဘဝတိုင်း၌ အမျိုးယုတ်ညံ့သူဖြစ်ရတတ်ကြောင်း၊ ရှိသေထိုက်သူကို ရှိသေသူ စသဖြင့် မာန်မာနနှိမ်ချသူသည်ကား ဖြစ်လေရာဘဝတိုင်း၌ အမျိုးမြတ်သူဖြစ်ရတတ်ကြောင်း ပြန်လည်ဖြေကြားတော်မူပါသည်။

ဤလောက၌ အချို့ပုဂ္ဂိုလ်များသည် ဥစ္စာပေါ်ခြင်း၊ ရုပ်ချောခြင်း၊ ပညာတတ်ခြင်း အကြောင်းတစ်ပါးပါးကြောင့် မာန်တက်တတ်၏။ ရှိသေထိုက်သူကို မရှိသေ၊ လေးစားထိုက်သူကို မလေးစား၊ ရှိခိုးထိုက်သူကို မရှိခိုး၊ ထိုပုဂ္ဂိုလ်မျိုးသည် ဖြစ်လေရာ ဘဝတိုင်းတွင် ယုတ်ညံ့အောက်ကျသော ဒွန်း စဏ္ဍား စသော အမျိုး၌ ဖြစ်ရတတ်လေသည်။ မာန်မာနနှိမ်ချ၍ ရှိသေထိုက်သူကို ရှိသေ၊ ရှိခိုးထိုက်သူကို ရှိခိုးသူသည် ဖြစ်လေရာဘဝတိုင်းတွင် အထက်တန်းကျသော မင်းမျိုး စသော အမျိုး၌ ဖြစ်ရလေတော့သည်။

ကျော်စံဝင်း

ကိုးကား ။ ။ တက္ကသိုလ်သောတာရုံ (သာသနာ့တက္ကသီလ မဟာဓမ္မာစရိယ)၏ သတိစွမ်းအား။

www.burmeseclassic.com

www.burmeseclassic.com

သီလဆောက်တည်ရကျိုး နှင့် သိသင့်သိအပ်သော သီလအမျိုးမျိုး

တင့်ထူး(ဓေယျဝတီ)

ဗုဒ္ဓဘာသာဝင်တို့သည် ညအိပ်ရာဝင်ခါနီးအချိန်တွင် ဘုရားရှိခိုးကြကာ ငါးပါးသီလကို ဆောက်တည်ကြလေသည်။ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက် ဖြစ်လိုလျှင် နေ့စဉ်ပင် တစ်နေ့တာ လုပ်ငန်းများဖြစ်သော အရုဏ်ဦး နိုးထစကာလမှာ ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းများ ကပ်လှူပူဇော်ခြင်း၊ ဘုရားဝတ်ပြုခြင်း၊ မေတ္တာပို့သခြင်း၊ ကုသိုလ်အမျှကို ပေးဝေခြင်းဖြင့် ကြေးစည်သံတဝေဝေ လွှင့်ပျံ့အောင် ရိုက်ခတ်လေ့ရှိကြသည်။ ကြေးစည်သံသည် ဘာသာတရားကိုင်းရှိုင်းမှု၏ သင်္ကေတ၊ သူတော်ကောင်းတို့၏ သဘာဝ၊ မြန်မာ့ယဉ်ကျေးမှု၏ အလှအပတစ်မျိုး ဖြစ်သည်။

ဘုရားအား ဆီမီး၊ ရေချမ်း၊ ပန်း အစရှိသည်တို့ ကပ်လှူပူဇော်ပြီးသည်နှင့် ရတနာသုံးပါး၏ ဂုဏ်တော်ကို ရည်မှန်းကာ ဗုဒ္ဓံပူဇေမိ၊ ဓမ္မံပူဇေမိ၊ သံဃံပူဇေမိ ဟူ၍ ရွတ်ဆိုပြီးလျှင် ညကာက ကန်တော့ချီးဖြင့် ရွတ်ဆိုကန်တော့ကြရပါသည်။ ထို့နောက်တွင် ငါးပါးသီလဖြစ်စေ၊ ရှစ်ပါးသီလဖြစ်စေ၊ ကိုးပါးသီလဖြစ်စေ တစ်မျိုးမျိုးဖြင့် သီလတောင်းခံကြရပါသည်။

ထိုသို့ သီလခံယူပြီးပါက မေတ္တာပို့ကြရပါသည်။ သတ္တဝါတို့အား မေတ္တာပို့ရာတွင် အရပ်မျက်နှာအသီးသီးကို ဖြန့်ကြက်၍ ပို့သသော ဒိသာဖရဏာမေတ္တာပို့ဖြစ်သော အရပ် ၁၀ မျက်နှာ မေတ္တာပို့နည်းဖြင့် ဖြစ်စေ၊ မေတ္တာဘာဝနာ ၁၁ မျိုးဖြင့်ဖြစ်စေ မေတ္တာပို့ကြရပါသည်။

ထို့နောက်တွင်ကား ဆုတောင်းကာ အမျှပေးဝေကြရပါသည်။ ဤသို့ဖြင့် ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဘာသာဝင်တို့ နေထိုင်ကျင့်ကြံနည်းဖြင့် တစ်နေ့တာကာလကို ကုန်လွန်စေရမည်ဖြစ်ပေသည်။

သီလဟူသည် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့၏ စင်ကြယ်ခြင်းများပင် ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်မှန်လျှင် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ အာဇီဝဋ္ဌမကသီလတို့မှ သီလတစ်မျိုးမျိုးကို မြဲမြံအောင် စောင့်ထိန်းသင့်လှပေသည်။ အခြားသီလများကို မစောင့်ထိန်းနိုင်လျှင် ငါးပါးသီလကိုတော့ မကျိုးမပေါက်အောင် ခါးတော်ပုဆိုးကဲ့သို့ မြဲမြံအောင် စောင့်ထိန်းသင့်ကြပေသည်။

ငါးပါးသီလကို အမြဲဆောက်တည်ရသောကြောင့် နိစ္စသီလဟူ၍လည်းကောင်း၊ မပြမြဲအောင် အလေးဂရုပြု၍ ဆောက်တည်ရသောကြောင့် ဂရုဓမ္မသီလဟူ၍လည်းကောင်း ခေါ်ပါသည်။

ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့သည် ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်တော်မူလာသည်ဖြစ်စေ၊

www.burmeseclassic.com

www.burmeseclassic.com

ဘုရားမပွင့်သော သုညကမ္ဘာ၌ဖြစ်စေ အစဉ်အလာ ဓမ္မတာ အလေ့သဘောဖြင့် မကွယ်မပျောက် တည်တံ့လျက် ရှိမြဲဖြစ်သော ကမ္ဘာစောင့်သီလတို့သာ ဖြစ်ကြသည်။ ဘုရားမပွင့်သော်လည်း ပစ္စေကဗုဒ္ဓါနှင့် ပညာရှိရဟန်း ပုဏ္ဏားတို့သည် ထိုကမ္ဘာစောင့်သီလတို့ကို ကိုယ်တိုင် ဆောက်တည်ကြကုန်၏။ ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်လာလျှင် ဘုရားရှင်နှင့် သာဝကတို့သည် ထိုကမ္ဘာစောင့်သီလကို တွန်းလှန်ပယ်ရှားတားမြစ်တော်မမူကြကုန်။ ထိုသီလကိုပင် လူအများအား စောင့်ရှောက်စေခဲ့လေသည်။ ထိုသီလတို့ကို လုံခြုံစွာစောင့်ရှောက်သဖြင့် လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့ကို ခံစားကြရပေသည်။

တောင်းသည် အကွပ်ရှိမှသာ တည်တံ့ခိုင်မြဲသကဲ့သို့ လူသည်လည်း သီလတည်းဟူသော အကွပ်ရှိမှသာ တည်တံ့နိုင်ပေမည်။ သီလတည်းဟူသော အထိန်းအကွပ်ရှိမှသာ လူ၏စိတ်ဓာတ်သည် တည်မြဲမှုရှိပြီး မှန်ကန်သောအလုပ်ကို လုပ်ပေမည်။ မည်သူမဆို မိမိ၏စိတ်ကို သီလနှင့် ထိန်းမထားနိုင်ပါက အမှားများစွာကို ကျူးလွန်နိုင်ပေသည်။ သီလမစောင့်သောသူ၏ သန္တာန်၌ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့သည် အထိန်းမရှိသော ချည်ခင်ပံမာ ဖြစ်လိုရာရာ ဖရိုဖရဲ ဖြစ်တတ်၏။ သီလကိုစောင့်ထိန်းသဖြင့် ထိုကာယကံ၊ ဝစီကံ၊ မနောကံတို့သည် ဖရိုဖရဲ မဖြစ်နိုင်ပေ။

ကုသိုလ်တရားဟူသမျှသည် သီလနှင့်ကင်း၍ မဖြစ်နိုင်ပေ။ သီလရှိသူ၌သာ ကုသိုလ်တရားတို့ ကောင်းစွာဖြစ်ပွားနိုင်သည်။ သီလသည် ကုသိုလ်တရားဟူသမျှတို့၏ မူလအကြောင်းရင်းဖြစ်ရကား ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို ရုန့်ရင်းကြမ်းတမ်းစွာ ဖြစ်ခွင့်မပေးပဲ သိမ်မွေ့နူးညံ့အောင် ကောင်းစွာထားတတ်သောကြောင့် ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်၊ လောကုတ္တရာကုသိုလ်တည်းဟူသော ကုသိုလ်တရားလေးမျိုးကို အဆင့်ဆင့် ဖြစ်ပွားအောင် အခြေခံအကြောင်းရင်းအဖြစ်ဖြင့် ကောင်းစွာ ရွက်ဆောင်တတ်ပေသည်။

သီလကို ခံယူဆောက်တည်ပြီးမှ ကျူးလွန်သည်ဖြစ်စေ၊ သီလမခံယူဘဲ ကျူးလွန်သည်ဖြစ်စေ ဗုဒ္ဓဘာသာဝင်ပင်ဖြစ်စေ၊ ဘာသာခြားပုဂ္ဂိုလ်ပင်ဖြစ်စေ မည်သည့်လူမျိုးမဆို ကျူးလွန်သည့်အလျောက် အပြစ်ရောက်ကြပေလိမ့်မည်။ ထို့ကြောင့် သီလသည် ဗုဒ္ဓဘာသာလူမျိုးတစ်မျိုးတည်းနှင့်သာ သက်ဆိုင်သည် မဟုတ်။ လူသားတိုင်းနှင့် သက်ဆိုင်၏။

ငါးပါးသီလဟူသော လူ့မှုရေးစည်းကမ်းချက် ငါးချက်သည် မေတ္တာတရားကို အခြေခံမှ အောင်မြင်နိုင်သည်။ သီလကို မေတ္တာဖြင့် စောင့်ထိန်းမှ ပို၍လုံခြုံပေသည်။

သီလရှိသူတို့မှာ . . .

(၁) မမေ့မလျော့ခြင်းအကြောင်းကြောင့် များစွာစည်းစိမ်ဥစ္စာတို့ကို ရရှိခြင်း။

(၂) ကောင်းသောကျော်စောသတင်း ပျံ့နှံ့၍ထွက်ခြင်း။

(၃) မင်းပရိသတ်၊ ရဟန်းပရိသတ်၊ ပုဏ္ဏားပရိသတ်၊ သူကြွယ်ပရိသတ်တို့ အလယ်သို့ ချဉ်းကပ်သော် မကြောက်မရွံ့ မျက်နှာမညှိုးငယ်ဘဲ ချဉ်းကပ်ရခြင်း။

(၄) တွေဝေခြင်းမရှိဘဲ သေရခြင်း။

(၅) ကိုယ်ခန္ဓာပျက်ကြွေစုတေသည်မှ နောက်၌ ကောင်းရာသုဂတိ နတ်ပြည်သို့ ရောက်ရခြင်း ဟူသော အကျိုးတရားငါးပါး ရရှိခံစားနိုင်ကြရလေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်းသည် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့၏ စင်ကြယ်ခြင်းဖြစ်သော သီလကို မကျိုးမပေါက်အောင် ကျင့်ကြံစောင့်ထိန်းခြင်းဖြင့် သီလမြဲမြံခြင်းဖြင့် ရရှိအပ်သည့် အကျိုးတရားများကို ရရှိနိုင်ကြစေရန် အထူးပင် လိုအပ်လှပါသည်။

ရဟန်းရှင်လူ သူတော်စင်တို့ ခံယူကျင့်သုံးသင့်သော သီလ အမျိုးမျိုးရှိလေသည်။ ယင်းသီလအမျိုးမျိုးတို့မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

သီလအမျိုးမျိုး

(၁) ဤအမှုကို ပြုကျင့်ရမည်ဟု ပညတ်တော်မူအပ်သော အစရိယဝတ် အစရှိသည့် သိက္ခာပုဒ်များကို

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်အလိုတော်အကျအတိုင်း လိုက်နာပြုကျင့်ခြင်း သည် စာရိတ္တသီလ ဖြစ်သည်။

(၂) ဤအမှုကို မပြုကျင့်ရဟု ပညတ်တော်မူအပ်သော ပါရာဇိက အစရှိသည့် သိက္ခာပုဒ်တို့ကို ဘုရားရှင် အလိုတော်ကျအတိုင်း စောင့်စည်းထိန်းသိမ်းခြင်း သည် ဝါရိတ္တသီလ ဖြစ်သည်။

(၃) မဂ်သီလ၊ ဖိုလ်သီလနှင့် ပြည့်စုံစေရန် ဟောကြား ပညတ်အပ်သော အာဇီဝဋ္ဌမက သီလမှ ကြွင်းသော သီလအစုသည် အာဘိသမာစာရိကသီလ ဖြစ်သည်။

(၄) မြတ်သော အရိယာမဂ် အကျင့်တို့ရရန် ရှေးဦးစွာ ဤတရားစုကို ကျင့်ကြံစေရမည်ဟု ဟောကြားအပ် သော အာဇီဝဋ္ဌမကသီလသည် အာဒိဗြဟ္မစရိယ သီလ ဖြစ်သည်။

(၅) ကောင်းသောစကားပြောခြင်း၊ ကောင်းသောအမှုကိစ္စ ပြုလုပ်ခြင်း၊ ကောင်းသော အသက်မွေးမှုပြုခြင်း တည်းဟူသော ဝိရတီစေတသိက်သုံးပါးသည် ဝိရတီ သီလ ဖြစ်သည်။

(၆) စေတနာ၊ အလောဘ၊ အဒေါသ၊ အမောဟနှင့် သံဝရငါးပါး အဝီတိက္ကမတရားတို့သည် အဝိရတီ သီလ ဖြစ်သည်။

(၇) တဏှာကိုဖြစ်စေ၊ ဒိဋ္ဌိကိုဖြစ်စေ အမှီပြု၍ စောင့် ထိန်းအပ်သော သီလသည် နိဿိတသီလ ဖြစ်သည်။

(၈) တဏှာဒိဋ္ဌိနှစ်ပါးကို အမှီမပြုပဲ မြတ်သော အကျင့်ကို ငါကျင့်မည်ဟူ၍ နှလုံးသွင်းပြီး ကျင့်အပ်သော လောကီသီလသည် အနိဿိတသီလ ဖြစ်သည်။

(၉) မိစ္ဆာအယူရှိသော အလေ့အကျင့်သီလမျိုးသည် ဒိဋ္ဌိ နိဿိတသီလ ဖြစ်သည်။ ဤသီလကို ဗုဒ္ဓဝါဒီအယူ ရှိသူများ စောင့်သုံးခြင်း မရှိပါ။

(၁၀) အလိုရှိသလောက် ကာလကို ပိုင်းခြား၍ စောင့်သုံး အပ်သော သီလသည် ကာလပရိယန္တသီလဖြစ်သည်။

(၁၁) ကာလကို မပိုင်းခြားဘဲ အသက်ထက်ဆုံး စောင့်သုံး အပ်သော သီလသည် အာပါဏကောဋိကသီလ ဖြစ် သည်။

(၁၂) ဥစ္စာ၊ အခြံအရံ၊ ဆွေမျိုး၊ အင်္ဂါကြီးငယ်၊ အသက် ဤငါးပါးတို့တွင် တစ်ပါးပါးကြောင့် ချိုးဖျက်လိုက်ရ သော သီလသည် အဆုံးရှိသော သပရိယန္တသီလ ဖြစ်သည်။

(၁၃) ဤငါးပါးတို့ဖြင့် ဖျက်၍မရဘဲ ကောင်းစွာစောင့်သုံး အပ်သော သီလသည် အဆုံးမရှိသော အပရိယန္တ သီလ ဖြစ်သည်။

(၁၄) အာသဝေါတို့၏ အာရုံဖြစ်သော အာသဝေါတရားတို့ အာရုံအပြုခံရသော သီလသည် လောကိယသီလ ဖြစ်သည်။

(၁၅) အာသဝေါတရားတို့၏ အာရုံမဟုတ်သော အာသဝေါ တရားတို့၏ အာရုံအပြု မခံရသော သီလသည် လောကုတ္တရသီလ ဖြစ်သည်။

(၁၆) ကျော်စောဂုဏ်သတင်းကို လိုလား၍ ဆောက်တည် ကျင့်သုံးအပ်သော သီလသည် ဟီနသီလ ဖြစ်သည်။

(၁၇) ကောင်းမှု၏ဘဝ ချမ်းသာကို လိုလားတောင့်တ၍ ဆောက်တည်ကျင့်သုံးအပ်သော သီလသည် မဇ္ဈိမ သီလ ဖြစ်သည်။

(၁၈) တရားတော်၏ မြင့်မြတ်မှုကို နှလုံးသွင်းကာ ဆောက် တည်ကျင့်သုံးအပ်သော သီလသည် အမြတ်စားဖြစ် သော ပဏီတသီလ ဖြစ်သည်။

(၁၉) မိမိ၏ မသင့်လျော်သော အကျင့်အကြံများကို စွန့်ပစ် လိုသဖြင့် မိမိကိုယ်ကိုမိမိ အလေးဂရုပြု၍ ဆောက် တည်ကျင့်ကြံအပ်သော သီလသည် အတ္တာဓိပတေ ယျသီလ ဖြစ်သည်။

(၂၀) တရားတော်၏ မြင့်မြတ်မှုဂုဏ်ကျေးဇူးကို ပူဇော်လို သဖြင့် တရားတော်ကို အလေးဂရုပြု၍ ဆောက် တည်ကျင့်သုံးအပ်သော သီလသည် ဓမ္မာဓိပတေယျ သီလ ဖြစ်သည်။

(၂၁) လူအများ ကဲ့ရဲ့ရှုတ်ချခြင်းကို ပယ်ရှားလိုသဖြင့် လူ အများကို အလေးဂရုပြု၍ ဆောက်တည်ကျင့်သုံး အပ်သော သီလသည် လောကာဓိပတေယျသီလ ဖြစ်သည်။

www.burmeseclassic.com

(၂၂) တဏှာဒိဋ္ဌိတို့ဖြင့် လွဲမှားသုံးသပ်အပ်သော သီလ
သည် ပရာမဋ္ဌသီလ ဖြစ်သည်။
(၂၃) ကလျာဏပုထုဇဉ်တို့ ဆောက်တည်ကျင့်သုံးအပ်
သည့် မဂ်၏အဆောက်အဦဖြစ်သော သီလသည်
လည်းကောင်း၊ သေက္ခအရိယာ ပုဂ္ဂိုလ်တို့၏ မဂ်ခဏ
၌ဖြစ်သော သီလသည်လည်းကောင်း အပရာမဋ္ဌ
သီလ ဖြစ်သည်။
(၂၄) ဖိုလ်စိတ်လေးပါး၌ရှိသော သီလသည် ပဋိပဿဒ္ဓိ
သီလ ဖြစ်သည်။
(၂၅) စင်ကြယ်သော ပုဂ္ဂိုလ်၏ သီလသည် ဝိသုဒ္ဓသီလ
ဖြစ်သည်။
(၂၆) မစင်ကြယ်သော ပုဂ္ဂိုလ်၏ သီလသည် အဝိသုဒ္ဓ
သီလ ဖြစ်သည်။
(၂၇) ယုံမှားသံသယရှိနေသော ပုဂ္ဂိုလ်၏ သီလသည်
ဝေမတိယသီလ ဖြစ်သည်။
(၂၈) မဂ်တရားလေးပါး၊ အောက်ဖိုလ်သုံးပါးနှင့် ယှဉ်သော
သီလသည် သေက္ခသီလ ဖြစ်သည်။
(၂၉) အရဟတ္တဖိုလ်နှင့် ယှဉ်သောသီလသည် အသေက္ခ
သီလ ဖြစ်သည်။
(၃၀) ထိုမှကြွင်းသော သီလအစုသည် နေဝသေက္ခ
နာသေက္ခသီလ ဖြစ်သည်။ ထိုသီလစုသည် ပုထုဇဉ်
တို့၏ သီလစုပင် ဖြစ်သည်။
(၃၁) ယုတ်လျော့သွားမည်သာဖြစ်သော သီလသည် ဟာန
ဘာဂိယသီလဖြစ်သည်။
(၃၂) တည်တံ့နေမည်သာဖြစ်သော သီလသည် ဌိတိ
ဘာဂိယသီလ ဖြစ်သည်။
(၃၃) ထူးမြတ်မည်သော ဖြစ်သောသီလသည် ဝိသေ
သဘာဂိယသီလဖြစ်သည်။
(၃၄) ကိလေသာ အမှောင်ထုကို ဖောက်ခွင်းဖြိုခွဲနိုင်သော
သီလသည် နိဗ္ဗေဓဘာဂိယသီလဖြစ်သည်။
(၃၅) ရဟန်းယောကျ်ားများ စောင့်ရှောက်ထိန်းသိမ်းအပ်
သော သီလသည် ဘိက္ခုသီလ ဖြစ်သည်။
(၃၆) ရဟန်းမများ စောင့်ရှောက်ထိန်းသိမ်းအပ်သော သီလ
သည် ဘိက္ခုနီသီလ ဖြစ်သည်။
(၃၇) သာမဏေယောကျ်ား၊ သာမဏေမိန်းမများ စောင့်
ထိန်းကျင့်သုံးအပ်သော ဆယ်ပါးသီလသည် အနုပ
သမ္ပန္နသီလ ဖြစ်သည်။
(၃၈) လူတို့စောင့်သုံးအပ်သော ငါးပါးသီလ ရှစ်ပါးသီလ၊
ဆယ်ပါးသီလတို့သည် ဂဟဋ္ဌသီလ ဖြစ်သည်။
(၃၉) လူများကျင့်သုံးအပ်သော သီလအဖြစ်ဖြင့် ငါးပါး
သီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့အပြင် ဗြဟ္မ
စရိယ ပဥ္စမသီလသည် ရှိသေး၏။ ယင်းသီလမှာ
ငါးပါးသီလပင် ဖြစ်သည်။ ပကတိ ငါးပါးသီလမှ
ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်အစား အဗြဟ္မစရိယာ
ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ ဟူ၍ ဆောက်
တည်လိုက်လျှင် ဗြဟ္မစရိယပဥ္စမသီလ ဖြစ်သည်။
(၄၀) ကောဘတ္တိက ဟူသည် နံနက်စာ ထမင်းတစ်ထပ်
ကိုသာ စားရသည်ဖြစ်၍ ဗြဟ္မစရိယ ပဥ္စမကော
ဘတ္တိက သီလစောင့်သုံးသည့်အခါ အဆုံး၌ ဝိကာလ
ဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိဟု
သိက္ခာပုဒ်တစ်ခုတိုး၍ ဆောက်တည်လိုက်လျှင် ဗြဟ္မ
စရိယပဥ္စမကောဘတ္တိကသီလ ဖြစ်သည်။
(၄၁) လူတို့သည် ပါဏာတိပါတစသော သိက္ခာပုဒ် ငါးပါး
တို့ကို မလွန်ကျူးခြင်းသည် ပင်ကိုသဘောအားဖြင့်
ပြည့်စုံသော ပကတိသီလ ဖြစ်သည်။
(၄၂) အမျိုးအားဖြင့် ဖြစ်စေ၊ အရပ်ဒေသအားဖြင့် ဖြစ်စေ
ပါသဏ္ဍခေါ် အယူဝါဒအားဖြင့်ဖြစ်စေ မိမိတို့၏
ရှေးလူကြီးများက ထားရှိခဲ့သော အပိုင်းအခြား
စည်းကမ်းအတိုင်း ကျင့်ကြံခြင်းသည် အာစာရသီလ
ဖြစ်သည်။
(၄၃) မိမိတို့အမျိုးစဉ်ဆက် ရှောင်ကြဉ်လာသော မကောင်း
မှုဖြစ်သည့်အတွက် ရှောင်ကြဉ်ခြင်းသည် ကုလ
အာစာရသီလ ဖြစ်သည်။
(၄၄) မိမိတို့၏ အရပ်ဒေသမှာ အများရှောင်ကြဉ်ကြသော
မကောင်းမှုဖြစ်သည့်အတွက် ရှောင်ကြဉ်ခြင်းသည်
ဒေသအာစာရသီလ ဖြစ်သည်။

www.burmeseclassic.com

(၄၅) တဏှာဒိဋ္ဌိကျော့ကွင်းတို့ကို ဖြတ်တောက်သော ပါသလ္လာအယူဝါဒအရ ရှောင်ကြဉ်ခြင်းသည် ပါသလ္လာသီလ ဖြစ်သည်။

(၄၆) ဘုရားအလောင်း၏ ပဋိသန္ဓေသတည်နေသည့် အခါမှစ၍ မယ်တော်မိ စိတ်သန္တာန်တွင် ယောက်ျားများ၌ ကာမဂုဏ်အတွက် နှစ်သက်မက်မောသည့်စိတ် မရှိခြင်းတည်းဟူသော သီလသည် ဓမ္မတာသီလ ဖြစ်သည်။

(၄၇) ရှေးရှေးဘဝ များစွာက ကျင့်သုံးခဲ့ဖူးသော ကံကြောင့် ယခုဘဝမှာ မည်သူကမျှ မဟောပြဘဲ အလိုအလျောက် စောင့်သုံးဖြစ်ပေါ်လာသော သီလကြီး လေးပါးမှာ -

(က) ပါတိမောက္ခသံဝရသီလ
(ခ) ဣန္ဒြိယ သံဝရသီလ
(ဂ) အာဇီဝကပါရိသုဒ္ဓိသီလ
(ဃ) ပစ္စယသန္နိသိတသီလ

ဟူ၍ဖြစ်ပါသည်။ ဤလေးပါးတို့မှာ ရဟန်းတို့နှင့် အထူးသက်ဆိုင်သော သီလဖြစ်သည်။

(၄၈) လူသာမဏေတို့၏ သီလသည် အရေအတွက်အားဖြင့် အပိုင်းအခြားရှိ၍ စင်ကြယ်စေအပ်သော သီလဖြစ်သောကြောင့် ပရိယန္တပါရိသုဒ္ဓိသီလ ဖြစ်သည်။

(၄၉) ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော ရဟန်းတို့၏ ဝိနည်းကျင့်ဝတ်များကို သင်္ဂါယနာတင် အရှင်မြတ်များက အကျဉ်းချုပ်ပြဆိုတော်မူကြသော သိက္ခာပုဒ် သီလအပေါင်းသည် အပရိယန္တပါရိသုဒ္ဓိသီလ ဖြစ်သည်။

(၅၀) ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ အပြည့်အစုံ စင်ကြယ်စေအပ်သော သီလသည် ပရိပုဏ္ဏပါရိသုဒ္ဓိသီလ ဖြစ်သည်။

(၅၁) သေက္ခအရိယာပုဂ္ဂိုလ်တို့၏ ဒိဋ္ဌိဖြင့် မသုံးသပ်အပ်သော သီလနှင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ တဏှာရာဂဖြင့် မသုံးသပ်အပ်သော သီလများသည် အပရာမဋ္ဌပါရိသုဒ္ဓိသီလ ဖြစ်သည်။

(၅၂) ရဟန္တာပုဂ္ဂိုလ် စသည်တို့၏ သီလသည် အလုံးစုံသော ကိလေသာအပူအပင်ဟူသမျှ ငြိမ်းချမ်းခြင်းဖြင့် စင်ကြယ်သည်၏ အဖြစ်ကြောင့် ပဋိပဿဒ္ဓိသီလ ဖြစ်သည်။

(၅၃) အဆင့်ဆင့်သော ကုသိုလ်တရားဖြင့် ပယ်ရှားသင့်သော အရာဟူသမျှကို ပယ်ရှားခြင်းသည် ပဟာနသီလ ဖြစ်သည်။

(၅၄) ပါဏာတိပါတစသော ရှောင်ကြဉ်ဖွယ်တို့ကို ရှောင်ကြဉ်ခြင်း ဝိရတီစေတသိက်ပြဋ္ဌာန်းသည့် ကုသိုလ်စေတသိက်စုသည် ဝေရမဏီသီလ ဖြစ်သည်။

(၅၅) ပါဏာတိပါတစသည်တို့ကို ပယ်ရှားရှောင်ကြဉ်မှုနှင့် စိတ်ကို တွဲစပ်စွဲမြဲစေသော စေတနာတရားသည် စေတနာသီလ ဖြစ်သည်။

(၅၆) သတိစေတသိက်ပြဋ္ဌာန်းသည့် ကုသိုလ်စေတသိက်စုသည် သံဝရသီလ ဖြစ်သည်။

(၅၇) ပယ်ရှားရှောင်ကြဉ်အပ်သော ပါဏာတိပါတ စသော အမှုတို့ကို မလွန်မကျူးသောအားဖြင့် ဖြစ်သော ကုသိုလ်စိတ်စေတသိက်တရားစုသည် အဝီတိက္ကမသီလ ဖြစ်သည်။

တင့်ထူး(ဝေဃျဝတီ)

ကျမ်းကိုး။

(၁) ယဉ်ကျေးမှုရှောင်ခြည် (အရှင်ထေရိန္ဒာဘိဝံသ)

(၂) ဗုဒ္ဓဘာသာကောင်းတစ်ယောက် (သာသနာရေးဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန)



www.burmeseclassic.com

www.burmeseclassic.com

မဟာသီဝ မထေရ်ကြီး

ဦးကြိုင်မြင့်(ဆူးလေ)

ဘုရားရှင် လက်ထက်တော်အခါက သီဟိုဠ်ကျွန်းတွင် မဟာသီဝမထေရ်မြတ်ကြီး သီတင်းသုံး နေထိုင်တော်မူ၏။

မထေရ်မြတ်ကြီးသည် ဂိုဏ်းကြီး တစ်ဆယ့်ရှစ်ဂိုဏ်းရှိ သံဃာတော်တို့ကို စာပေပရိယတ္တိ သင်ကြားပို့ချ၏။ မထေရ်မြတ်ကြီး၏ အဆုံးအမ ဩဝါဒ နည်းနိဿယတို့၌ လိုက်နာကြ၍ ရဟန္တာအပေါင်း သုံးသောင်းရှိသည့်အနက် ရဟန်းတစ်ပါးသည် "ငါ၏သန္တာန်၌ သီလစသော ဂုဏ်ကျေးဇူးတို့ကား မနှိုင်းယှဉ်လောက်အောင်ပင် များပြားလှ၏။ ငါ၏ဆရာ မဟာသီဝ မထေရ်မြတ်ကြီး၏ သီလစသော ဂုဏ်ကျေးဇူးတို့ကား အဘယ်သို့နည်း"ဟု ဆင်ခြင်မိ၏။

ထိုအခါ မထေရ်မြတ်ကြီးသည် ပုထုဇဉ်အဖြစ်သာ ရှိနေသေးသည်ကို မြင်ရ၏။

ထိုအခါ ရဟန်းသည် -

"ငါတို့၏ဆရာ မဟာသီဝမထေရ်မြတ်ကြီးသည် သူတစ်ပါးကို မှီခိုကိုးစား အားထားနေရသည်။ မိမိကိုယ်တိုင် မှီခိုအားထား၍ ဖြစ်ဖို့ရန်ကား မတတ်စွမ်းနိုင်မည်ကို တွေ့ရ၏။

သို့ဖြစ်၍ ငါသည် ငါ၏ဆရာ မဟာသီဝမထေရ်မြတ်ကြီးအား အဆုံးအမဩဝါဒကို ပေးရမည်ဟု ကြံစည်တွေးတော၍ ကောင်းကင်ခရီးဖြင့် ဈာန်ယာဉ်စီးကာ ကြွလာခဲ့၏။

ကျောင်းတိုက်အနီး၌ သက်ဆင်း၍ နေ့သန့်ရာအရပ်၌ နေထိုင်တော်မူသော ဆရာဖြစ်သည့် မဟာသီဝမထေရ်မြတ်ကြီးထံသို့ ဆည်းကပ်လျက် အရိုအသေ ဝတ်ပြုပြီးသော် ထိုင်နေလေ၏။

ထို့နောက် ဆရာတပည့်နှစ်ဦး အာလာပသလ္လာပ စကားပြောကြားကြ၏။

"ငါ့ရှင် ပဏ္ဍိပါတိက(ပိဏ္ဍပါတ်ဓုတင်ဆောင်)... သင်သည် အဘယ်အကြောင်းကြောင့် ရောက်လာသနည်း"ဟု မထေရ်မြတ်ကြီးက မေးတော်မူ၏။

ဤတွင် ရှေးမထေရ်မြတ်တို့သည် ဝိပဿနာဓုရား အားထုတ်သော တပည့်များကို ပိဏ္ဍပါတိက (ပိဏ္ဍပါတ်ဓု

www.burmeseclassic.com

www.burmeseclassic.com

တင်ဆောင်ငါ့ရှင်)ဟူ၍ ချစ်မြတ်နိုးစွာ ခေါ်ဝေါ်ကြ၏။

ထိုသို့ မေးသည့်အခါ တပည့်ဖြစ်သူက -

"အနုမောဒနာတရားတစ်ပုဒ် သင်ယူရန် ရောက်လာပါသည်ဘုရား"ဟု ပြန်ကြားလျှောက်ထား၏။

အခွင့်ရနိုင်မည် မဟုတ်ကြောင်း ဆရာသခင်ဟာ ပြော၏။

ထိုအခါ တပည့်က -

"ယနေ့ အဘယ်အရပ်သို့ ဆွမ်းခံကြွမည်နည်း"ဟု ရပ်နားသည့်အခါ မေးကြည့်လျှောက်ထား၏။

"ထိုနားနေရာအရပ်၌ အခြားရဟန်းများက ပြဿနာများ မေးလျှောက်ကြည့် ငါ့ရှင်"ဟု ဆရာသခင်က ပြန်ကြား၏။

ထိုအခါ တပည့်က "သက်န်းကို နှစ်ထပ်ပြု၍ဝတ်ရာအရပ် သပိတ်ကို ဆွမ်းခံခါနီး အိတ်မှထုတ်ယူရာဌာန ရွာတွင်း၌ ဆွမ်းခံလှည့်လည်ပြီး၍ (မြို့တွင်းရွာတွင်း) ချမ်းဘရာအရပ်၊ ယာဂုသောရာအရပ်တို့၌ မေးမြန်းပါရစေဘုရား"ဟု လျှောက်ထားပြန်၏။

ဆရာအရှင်က -

"ထိုနေရာတို့၌ အရင် အဌကထာ၏ အနက်အဓိပ္ပာယ်ကို မေးမြန်းကြသော မထေရ်များ မိမိတို့ယုံမှားသံသယကို ပယ်ဖျောက်ကြ ငါ့ရှင်"ဟု ပြန်ကြား၏။

တပည့်ဖြစ်သူက -

"မြို့တွင်းမှ ဆွမ်းခံပြီး၍ ထွက်ကြွလာသောအခါ၌ မေးမြန်းပါရစေ အရှင်ဘုရား"ဟု တပည့်က မေးပြန်၏။

ဆရာ အရှင်က -

"ထိုအချိန်မှာလည်း အခြားရဟန်းများ ပြဿနာမေးလျှောက်ကြမည် ငါ့ရှင်"

"ဆွမ်းခံပြီး၍ ရွာမှကျောင်းသို့အပြန်လမ်းခရီးအကြား၌မေးလျှင် ရနိုင်မည်လော"ဟု တပည့်က မေးပြန်၏။

ထိုအခါ ဆရာအရှင်က -

"ထိုအချိန်မှာလည်း အခြားရဟန်းများ ပြဿနာများကို မေးလျှောက်ကြမည်"ဟု ဆရာသခင်က ပြောပြန်၏။

တပည့်က -

"ကျောင်းတိုက်သို့ ရောက်၍ ကျောင်း၌ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသောအခါ ပြဿနာမေးမြန်းပါရစေ ဘုရား"ဟု ထပ်မံလျှောက်ထားပြန်၏။ နေ့သန့်ရာအရပ်၊ ခြေဆေးရာအရပ်၊ မျက်နှာသစ်အရပ်တို့၌ မေးမြန်းပါရစေ အရှင်ဘုရား"ဟု တပည့်က မေးလျှောက်ပြန်၏။

ထိုအချိန်မှာလည်း အခြားရဟန်းများက မေးမြန်းလျှောက်ထားကြပြန်ကြောင်း ဆရာအရှင်က မိန့်ဆိုတော်မူ၏။

ဆရာအရှင်က ဆက်၍ -

"နောက်တစ်နေ့ အရုဏ်တက်ချိန်အထိ အခြားရဟန်းများ မေးလျှောက်ကြကြောင်း ဆရာက ပြောပြန်၏။

ထိုအခါ -

"တပည့်က "အရှင်ဘုရား အရုဏ်တက်၍ ဒန်ပူကို စားပြီးလျှင် မျက်နှာသစ်ရန် ကြွသွားသောအခါ မျက်နှာသစ်ပြီး ကျောင်းတွင်းသို့ ပြန်လာသောအခါ၊ ကျောင်းတွင်းသို့ဝင်၍ ထိုင်သောအခါတို့တွင်လည်း မေးလျှောက်နိုင်ပါသလော"ဟု မေးပြန်ရာ ဆရာသခင်က -

"ထိုအချိန်များမှာလည်း အခြားရဟန်းများ ပြဿနာ မေးလျှောက်ကြမည်"ဟု ထပ်မံဖြေကြားပြန်၏။

ထိုအခါ တပည့်က -

"အရှင်ဘုရား တကယ်ဆိုလျှင် မျက်နှာသစ်ပြီး၍ ကျောင်းတွင်းသို့ဝင်လျက် ထက်ဝယ်ဖွဲ့ခွေ သုံးလေးကြိမ်မျှ ပြောင်းလဲကာ ကိုယ်ငွေ့ကိုယူပြီး ကမ္မဋ္ဌာန်းနှလုံး ကျင့်သုံးမှု ပြုကြသော အရှင်ဘုရားတို့အဖို့ရာ အခွင့်ရနိုင်သော အချိန်ရှိသင့်ပါ၏။ ဤအတိုင်းသာဖြစ်လျှင် အရှင်ဘုရားတို့သည် မိုရာတကဲမျဉ်နှင့် တူတော်မူ၏"

"သူတစ်ပါးမိုရာသာဖြစ်၍ မိမိ၏ မိုခိုအားထားရာ ဖြစ်ရန်ကား မတတ်နိုင်ကြကုန်"

"တပည့်တော်အား အရှင်ဘုရားတို့ထံမှ အနုမောဒနာတရား သင်ကြားဖို့ရန် အမှန်စင်စစ် အလိုမရှိပါဘူး"

ဤသို့ ရဟန္တာမထေရ်မြတ်သည် သတိပေးစကားပြောကြားလျှောက်ထား၍ ကောင်းကင်သို့ ပျံတက်ကာ ကြွသွားတော်မူ၏။

မဟာသိဝမထေရ်ကြီး တောထွက်ခြင်း

မဟာသိဝမထေရ်ကြီးသည် ရဟန်းအဖို့ရာ ပရိယတ်ဖြင့် ပြုဖွယ်ကိစ္စမရှိ ဆုံးမနိုင်ကွပ်ကြောင်း ချွန်းတောင်းသဖွယ်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေအံ့ဟု ရည်ရွယ်၏။ ယခုအချိန်တွင် တောထွက်သွားရန် အချိန်အခါမဟုတ်သေး မိုးသောက်ယံအခါမှ တော ထွက်ပေအံ့ဟု ကြံရွယ်၍ သပိတ်ကို အနီး၌ထားပြီး တစ်နေ့ပတ်လုံး ပဌမယံနှင့် မဇ္ဈိမယံတို့တွင် စာပေကျမ်းဂန် ပို့ချ၍ မိုးသောက်ယံရောက်သောအခါ မထေရ်တစ်ပါးကို ပါဠိသင်ပေးပြီး အသင့်ပြင်ထားသော သပိတ်သက်န်းကိုယူကာ ပါဠိသင်ပေးထားသော မထေရ်ကိုခေါ်၍ စာသင်သားရဟန်း တစ်ပါးအသွင်ဖြင့် ထွက်ခဲ့လေ၏။

စာသင်ရန် ရောက်ရှိနေကြသော တပည့်ရဟန်းတို့သည် "ငါတို့ဆရာ မဟာသီဝမထေရ်မြတ်သည် ကိုယ်လက်သုတ်သင်ရန် အပြင်သို့ထွက်သွားသည်"ဟု ထင်မှတ်ကြ၏။

မထေရ်မြတ်သည် "နှစ်ရက်သုံးရက်ဖြင့်ပင် အရဟတ္တဖိုလ်ရောက် ကျင့်ကြံကြိုးကုတ် အားထုတ်ပြီး ပြန်လာအံ့"ဟု ကြံစည်စဉ်းစားကာ တပည့်များအား မပြန်ကြားပဲ ဝါဆိုလဆန်း ၁၃ ရက်နေ့၌ တောထွက်ကြွသွားတော်မူ၏။

ရွာအနီး လိုဏ်ကျောင်း (ဂါမန္တဂုဗ္ဗာရ)သို့ ကြွတော်မူလျက် စင်္ကြံထက်သို့တက်၍ ကမ္မဋ္ဌာန်းနှလုံး ကျင့်သုံးတော်မူရာ ထိုနေ့၌ အရဟတ္တဖိုလ်ကို ရယူရန် မတတ်နိုင်ဘဲ ရှိလေ၏။

လပြည့် ဥပုသ်နေ့သို့ ရောက်လတ်သော် "ဩော် ငါသည် နှစ်ရက်သုံးရက်ဖြင့် အရဟတ္တဖိုလ်ကို ရယူနိုင်မည်ဟု လာခဲ့၏"

သို့သော် ရယူခြင်းငှာ မစွမ်းနိုင်ပါတကား။ (ဝါတွင်းသုံးလကို သုံးရက်မြောက်မျှသာ နှလုံးပိုက်၍) သီတင်းကျွတ်လပြည့်နေ့ မဟာပဝါရဏာနေ့တိုင် အာတင်းကြံစည်တော်မူ၏။

ထိုနှစ် ဝါတွင်းကာလ ထိုကျောင်း၌ပင် ဝါကပ်တော်မူ၍ ရဟန်းတရား ပွားများအားထုတ်တော်မူ၏။ သို့သော် အရဟတ္တဖိုလ်ကို ရယူနိုင်ရန် မစွမ်းသာပဲ ရှိလေ၏။ ငါ၏ သီတင်းသုံးဖော် သံဃာတော်တို့သည် ဝိသုဒ္ဓိပဝါယဏာ (အာသဝေါကုန်ခန်း ရဟန္တာအရှင်မြတ်တို့၏ ဖိတ်ကြားမှုပဝါရဏာ)ကို ပြုတော်မူကြ၏။

ဤသို့စဉ်းစား ကြံစည်ကာ မထေရ်မြတ်ကြီးသည် ယူကြုံးမရ ဖြစ်နေရ၏။

ထို့နောက် လျှောင်း။ ထိုင်၊ ရပ်၊ သွား အဣရိယာပုထ်လေးပါးဖြင့် သွားလာ၍ ငါ့အဖို့ မဂ်ဖိုလ်တရားများ ဖြစ်ပွားလာမည်မဟုတ်။ အရဟတ္တဖိုလ်မရောက်သေးသမျှ ငါသည် ညောင်စောင်း၌ ကျောမဆန့်တော့အံ့။ ခြေတို့ကိုလည်း မဆေးကြောတော့အံ့ဟု ကြံစည်စဉ်းစား ဆုံးဖြတ်တော်မူ၏။

သို့သော် ဤသို့ဖြင့် နှစ်ဆယ့်ကိုးနှစ် (ပဝါရဏာအလိုအားဖြင့်) ပဝါရဏာပြုရသည့် အကြိမ်ပေါင်း နှစ်ဆယ့်ကိုးကြိမ်တိုင်၏။

နတ်သမီးသတိပေး၍ ရဟန္တာဖြစ်ခြင်း

မထေရ်မြတ်ကြီးသည် နှစ်ပေါင်းသုံးဆယ်မြောက် သီတင်းကျွတ်လပြည့် ပဝါရဏာနေ့၌ တံကဲပျဉ်ချပ်ကို မှီ၍ ရပ်တော်မူ၏။ ငါသည် ယခုဘဝ၌ မဂ်ဖိုလ်တရားများ ပွားများနိုင်မည်မဟုတ်။ ငါသည် သီတင်းသုံးဖော် အရှင်မြတ်တို့နှင့်အတူ ဝိသုဒ္ဓိပါဝရဏာ ပြုခွင့်မရတော့"ဟု စိတ်နှလုံး မချမ်းသာမှု ဖြစ်နေရ၏။

ထိုအခါ မနီးမဝေးမှ နတ်သမီးတစ်ပါးသည် တရှုပ်ရှုပ် ငိုကြွေးလျက် ရပ်တည်လာ၏။

မထေရ်မြတ်ကြီးက -

"ဤအရပ်၌ လာရောက်ငိုကြွေးနေသူသည် မည်သူနည်း"ဟု မေး၏။

နတ်သမီးက -

"အရှင်ဘုရား . . .တပည့်တော်မသည် နတ်သမီးဖြစ်ပါသည်"ဟု ပြန်ကြားလျှောက်ထား၏။

တစ်ဖန် မထေရ်မြတ်က -

"အဘယ်ကြောင့် ငိုကြွေးနေသနည်း"ဟု မေး၏။

နတ်သမီးက -

"အရှင်ဘုရားကို အတုယူကာ ငိုကြွေးရပါသည်။ ငိုကြွေးလျက် မဂ်ဖိုလ်တရား ဖြစ်ပွားနိုင်ပါသလား"ဟု မေး၏။

ထိုအခါ မထေရ်မြတ်က "ဩော် . . .ငါသည် နတ်သမီး ပျက်ရယ်ပြုဖွယ် ဖြစ်နေပါရောလား"ဟု သံဝေဂတရားရ၍ သမ္မပ္ပဓာန်လုံ့လကို ရှေးကထက် ထက်သန်စေလျက် ဝိပဿနာတရားကို ပွားများကြိုးကုတ် အားထုတ်တော်မူ၍ ပဋိသမ္ဘိဒါဉာဏ် လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့

www.burmeseclassic.com

www.burmeseclassic.com

ရောက်တော်မူ၏။ ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်တော်မူ၏။

မဟာသီလမထေရ်မြတ်ကြီးသည် ကျောင်းအိပ်ရာနေရာကို သုတ်သင်ရှင်းလင်းပြီးလျှင် သောက်ရေ သုံးရေတို့ကို တည်ထား၍ "နှစ်ပေါင်းသုံးဆယ် မဆေးကြောရသေးသော ခြေတို့ကို ဆေးရတော့အံ့"ဟု ကြံစည်တော်မူ၍ စောင်းတန်းဦး ပျဉ်ချပ်၌ ထိုင်နေတော်မူ၏။

သိကြားမင်း လာရောက်ခြေဆေးပေးခြင်း

တပည့် ရဟန္တာသုံးသောင်းတို့က မိမိတို့ဆရာအရှင်သည် အရဟတ္တဖိုလ်သို့ရောက်ကြောင်း သိမြင်တော်မူကြ၍ ကောင်းကင်ခရီးဖြင့် ကြွမြန်းကြ၍ -

"အရှင်ဘုရား...တပည့်တော်များ ခြေဆေးပေးကြပါမည်ဘုရား"ဟု လျှောက်ထားကြ၏။

နတ်တို့သနင်း သိကြားမင်းကလည်း ငါ၏ မြတ်ဆရာကို ငါသာအလုပ်အကျွေးပြုအံ့၊ ခြေဆေးပေးအံ့ဟု ကြံစည်၍ ကြွချီတော်မူလာ၏။ သူဇာအသူရာနတ်သမီးကိုပါ ခေါ်လာခဲ့၏။

မထေရ်မြတ်၏ ခြေတို့သည် ကလေးသူငယ်များ၏ ခြေများကဲ့သို့ နုထွတ်နီထွေး၍နေ၏။

နတ်တို့သည် လူတို့၏ ပင်ကိုအနံ့ကို မခံနိုင်မှန်းသိ၍ မိမိကိုယ်တိုင် ခြေဆေးမည်ဟု ပြော၏။

သိကြားမင်းက -

"အရှင်မြတ်၏ သီလတည်းဟူသော ရနံ့ကောင်းသည် ကာမာဝစရနတ်ပြည်ခြောက်ထပ်တိုင်အောင် ကျော်လွန်၍ အထက်ဘဝဂ်သို့ ရောက်၏"

"သီလရနံ့ထက် သာလွန်သည့် အခြားရနံ့ကောင်း မရှိပါဘုရား" ဟု လျှောက်ထား၏။

"တပည့်တော်များ သီလရနံ့ကြောင့် ရောက်လာရပါသည်ဘုရား"ဟု လျှောက်ထား၏။

လက်ဝဲလက်ဖြင့် မထေရ်မြတ်၏ ဖမျက်အစပ်ကို မြဲမြံစွာ ဆုပ်ကိုင်၍ လက်ယာလက်ဖြင့် ခြေဖဝါးပြင်ကို ပွတ်တိုက်ဆေးကြော သုတ်သင်ပေး၏။

ပြီးလျှင် ရိုသေမြတ်နိုး ရှိခိုး၍ နတ်ပြည်သို့ ပြန်သွား၏။ ဤသို့လျှင် -

"ငါသည် သီတင်းသုံးဖော် အရှင်မြတ်တို့နှင့် အတူတကွ ဝိသုဒ္ဓိပဝါရဏာကို ပြုဖို့ရန် အခွင့်မရချေတကား"ဟု ဆင်ခြင်သော ယောဂါဝစရ ရဟန်း၏ သန္တာန်ဝယ် ဖြစ်ပေါ်လာသော စိတ်နှလုံးမချမ်းသာမှု = ဒေါမနဿဝေဒနာကို အမှီပြု၍ ထိုယောဂီရဟန်း၏ စွဲလမ်းမှတ်ထင်ချက်၏ အစွမ်းဖြင့် ဝိပဿနာ၏ အာရုံဖြစ်သော ဥပစာရဈာန်၊ ပထမဈာန် စသည်တို့ကိုလည်းကောင်း၊ ဝိပဿနာကိုလည်းကောင်း၊ မဂ်ကိုလည်းကောင်း၊ ဖိုလ်ကိုလည်းကောင်း (ထိုက်သက်ရာရာ ကာရဏူပစာ ဖလူပစာအားဖြင့်) သဝိတက္ကသဝိစာရ ဒေါမနဿဟူ၍လည်းကောင်း၊ အဝိတက္ကအဝိစာရ ဒေါမနဿဟူ၍လည်းကောင်း မြတ်စွာဘုရား ဟောကြားတော်မူ၏။

ယောဂါဝစရ ရဟန်းတော်နှစ်ပါး အရဟတ္တဖိုလ်ပေါက် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြရာ၌လည်း ရဟန်းတို့ နှလုံးသွင်းအပ်သော (ဝိပဿနာ၏ အာရုံဖြစ်သည့်) ဒေါမနဿဟု ခေါ်ဆိုရသော တရားတို့တွင်လည်းကောင်း သဝိတက္ကသဝိစာရ ဒေါမနဿတရားထက် အဝိတက္ကအဝိစာရ ဒေါမနဿတရားက သာလွန်မြင့်မြတ်၏။

သဝိတက္ကသဝိစာရ ဒေါမနဿ ဝိပဿနာထက်လည်း အဝိတက္ကအဝိစာရ ဒေါမနဿ ဝိပဿနာက သာလွန်မြင့်မြတ်၏။ သဝိတက္ကသဝိစာရ ဒေါမနဿ ဖလသမာပတ်ထက်လည်း သဝိတက္ကအဝိစာရ ဒေါမနဿ ဖလသမာပတ်က သာလွန်၍ မြင့်မြတ်၏။

ထို့ကြောင့် ဘုရားရှင်သည် "ထိုနှလုံးမသာခြင်း နှစ်ပါးတို့တွင် ကြံစည်ခြင်း = ဝိတက်လည်းမရှိ၊ သုံးသပ်ခြင်း = ဝိစာရလည်း မရှိသော နှလုံးမသာခြင်း (= အဝိတက္ကအဝိစာရ ဒေါမနဿ)သည် သာလွန်၍ မြင့်မြတ်ကြောင်း ရှင်းလင်းဟောကြားတော်မူ၏။

ဦးကြိုင်မြင့်(ဆူးလေ)

ကျမ်းကိုး

မဟာဗုဒ္ဓဝင် (ပဉ္စမတွဲ)၊ မဟာသီဝမထေရ်ကြီးဝတ္ထု။

www.burmeseclassic.com

www.burmeseclassic.com

လူငယ်များ ခေတ်နှင့်အညီ ခေတ်မီဖို့လိုသည်

အောင်မြင့်မြတ်(ပြည်ရွှေဘို)

အနာဂတ်သမိုင်းသည် ယနေ့လူငယ်တို့၏ လက်ဝယ်၌ရှိသည် ဆိုသော စကားသည် အလွန်တရာမှ မှန်ကန်လေးနက်သော စကားဖြစ်ပေသည်။

ငယ်ငယ်က ကလေးများဖြစ်ခဲ့ကြသလို ကြီးလာသောအခါ လူကြီးများဖြစ်လာကြသည်မှာ သဘာဝနိယာမ၏ ဖြစ်စဉ်အမှန်ပင် ဖြစ်လေသည်။ ယနေ့ လူကြီးများသည်လည်းကောင်း၊ အစိုးရအဖွဲ့ဝင် နိုင်ငံရေးခေါင်းဆောင်ကြီးများသည်လည်းကောင်း ယခင်က ကလေးများဖြစ်ခဲ့ဖူးကြ၏။ ယနေ့ခေတ် လူငယ်များကဲ့သို့ ဖြစ်၏။

နိုင်ငံရေးသည် တိုင်းပြည်အရေးဖြစ်၏။ အနာဂတ်လူငယ်တို့၏ အရေးလည်းဖြစ်ပေသည်။ လူငယ်ဟူသည် ရွှံ့တုံးလေးတစ်တုံး ဖြစ်သည်။ မည်သည့်အရုပ်ကိုမဆို ဖန်တီးလုပ်ဆောင်နိုင်၏။ စွမ်းရည်ပြည့်သော၊ စွမ်းရည်ရှိသော လူငယ်များ ဖြစ်ကြသည်။

လူငယ်လူရွယ်တို့သည် စွန့်လွှတ်စွန့်စားတတ်သော သတ္တိလည်း ရှိကြပေသည်။ ယနေ့ လူငယ်တို့သည် ခေတ်မီကြ၏။ တချို့ကား ခေတ်လွန်နေကြ၏။

ခေတ်မီခြင်းသည် ကောင်းသော သဘောကို ဆောင်၍ ခေတ်လွန်ခြင်းကား မကောင်းသော သဘောသို့ သွေယိုင်သွားတတ်၏။ ခေတ်မီခြင်းနှင့် ခေတ်လွန်ခြင်းကို ယနေ့လူငယ်များ သတိချပ်သင့်၏။ သတိချပ်သင့်ခြင်း မှန်ကန်လျှင် ယနေ့လူငယ်တို့ ရှေ့တန်းရောက်ကြမည်မှာ သေချာ၏။

ရှေ့တန်းသို့ ရောက်ခြင်း၊ မရောက်ခြင်းတို့သည် ယနေ့လူငယ်တို့၏ လုပ်ထုံးလုပ်နည်း ကျင့်ကြံအားထုတ်မှုနှင့် ဆိုင်၏။ အကျင့်စာရိတ္တကောင်းဖို့လည်း အထူးပင်လိုအပ်လှပေ၏။

အကျင့်မကောင်းသော၊ စည်းကမ်းမရှိသော၊ လူကြီးသူမ ဆရာသမား ပညာရှိစကားများ နားထောင်မှုကင်းသူ၊ မလိုက်နာ မကျင့်သုံးသူ ထိုလူငယ်တို့သည် အောက်တန်းနောက်တန်း ရောက်သွားမှာ သေချာသည်။ ယနေ့ ရှေ့တန်းရောက်နေကြသော လူငယ်များကို ကြည့်လျှင် သိသာထင်ရှား မြင်သာလှ၏။

၁။ အမိအဖစကား နားထောင်ခြင်း၊

၂။ လူကြီးသူမစကား နားထောင်ခြင်း၊

၃။ ဆရာသမားစကား နားထောင်ခြင်း၊

၄။ ပညာရှိစကားများ နားထောင်ခြင်း

စသည်တို့၏ စကားရပ်၊ စကားမွန်တို့သည် ရှေ့တန်း၊ အထက်တန်းသို့ ရောက်စေသော မွန်မြတ်သော စကားများဖြစ်ပေသည်။ အောက်တန်းနောက်တန်း ရောက်နေကြသော လူငယ်များသည် အထက်ပါအကြောင်း လေးချက်ကို ဆန့်ကျင်ခဲ့သောကြောင့် ဖြစ်၏။

အစကောင်းမှ အနှောင်းသေချာမည်ဆိုသော စကားရပ်သည် အလွန်မှတ်သားသင့်သော စကားရပ်ဖြစ်၏။ အစကောင်းခဲ့ကြသော ယနေ့လူငယ်တို့သည် နောင်လူကြီးများဘဝသို့ ရောက်ရှိလာလျှင် အနှောင်းသေချာက နိုင်ငံဖွံ့ဖြိုးရေး၌ လုပမည်မှာ သေချာလေ၏။ ယင်းမှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပေ၏။

ယနေ့ လူငယ်တို့အတွက် ကျောင်းကြီးသုံးကျောင်းရှိသည်ကို သတိချပ်ဖို့ လိုပြီ။

ပထမကျောင်းမှာ မိဘအိမ်ကျောင်း၊ ဒုတိယကျောင်းမှာ ဆရာသမားတို့၏ စာသင်ကျောင်းနှင့် တတိယကျောင်းမှာ ဒုတိယကျောင်းကြီးပြီး၍ ဘဝတက္ကသိုလ်ကြီးကို နောက်ဆုံးကျောင်းအမှတ်ဖြင့် တက်ရောက် ပညာအသိရှာသော အန္တိမဘဝ ကျောင်းတော်မဟာကြီး ဖြစ်လေသည်။

ဘဝတက္ကသိုလ်ကျောင်းက ဘွဲ့ရခဲ့လျှင်သော်လည်းကောင်း၊ ပါမောက္ခဖြစ်ခဲ့လျှင်သော်လည်းကောင်း ထိုလူငယ်

www.burmeseclassic.com

www.burmeseclassic.com

သည် အနာဂတ်၏ မီးရှူးတန်ဆောင် ဖြစ်၏။ နိုင်ငံ့ခေါင်းဆောင်ကောင်းများ ဖြစ်လာနိုင်၏။ ထို့ကြောင့် ယနေ့လူငယ်တို့သည် အစမ်းသပ်ခံ လူငယ်များဖြစ်ဖို့ လိုအပ်ပေပြီ။ လူငယ်တို့၏ အတွေးသည် အနာဂတ်နိုင်ငံတော်၏ အရေးပင် ဖြစ်လေ၏။

"တပည့်ဆရာ အပြစ်ရှာ၊ ဘယ်ခါမလွဲ တွေ့စမြဲ၊ ဆရာတပည့် ကျေးဇူးသိ၊ ကြီးဘိလွန်ကဲ ချမ်းသာမြဲ" ဆိုသကဲ့သို့ပင် ယနေ့ လူငယ်တို့၏ ဆရာတပည့် လောကတွင် ကျေးဇူးသိတတ်သူ၊ ကျေးဇူးတုံ့ပြန်တတ်သူတို့သည် အစဉ်သဖြင့် ကောင်းစွာ ရှေ့တန်း၊ အထက်တန်းသို့ ရောက်သွားတတ်ကြပေသည်။ ဆရာသမားတို့ ကျေနပ်ကြ၍ တပည့်များပျော်ရွှင်တက်ကြွက်လျက် အစဉ်မွေ့ပျော်နေတတ်ကြပေသည်။

တပည့်ဆရာအပြစ်ရှာပြီး စေတနာကင်း ကြည့်ရှုစောင့်ရှောက်ခြင်းမရှိကြသော တပည့်များသည် စိတ်ညစ်စရာတွေနှင့် ကြုံတတ်ပေ၏။ မည်သို့မျှ အစေးမကပ်ဖြစ်တတ်ပေ၏။

တပည့်ကောင်းလိုသကဲ့သို့ ဆရာကောင်းဖို့လည်း လို၏။ ထို့အပြင် မိဘလည်း ကောင်းဖို့လို၏။ ထို့ပြင်ထက်မက ပတ်ဝန်းကျင် ဆရာများကောင်းဖို့လည်း လိုပါသေး၏။ ပတ်ဝန်းကျင်ဆရာဆိုသည်မှာ လောကဆရာ ကမ္ဘာဝန်းကြီးအတွင်းရှိ လူသားအားလုံးတို့ကို ဆိုလိုခြင်းဖြစ်ပေသည်။

ဆရာ့ပေါ် စော်ကားပြစ်မှားသူကား သွားပြီ၊ ဘေးဒုက္ခကြုံမှာ သေချာ၏။ ထိုသို့သောလူငယ်တို့ကား ကိုယ်လျှောက်မည့် ဘဝခရီးလမ်းပျောက်၍ မချောမွေ့တတ်ပေ။ ပတ်ဝန်းကျင်၏ ကဲ့ရဲ့မှုကိုလည်း ခံရတတ်ပေသည်။ ယနေ့လူငယ်များ သတိချပ် ဆင်ခြင်တတ်ဖို့ အထူးပင် လိုအပ်ပါ၏။

သမ္မာကျင့်သုံး သူတော်ထုံးကို၊ နှလုံးတွင်းမှာ သွင်းသေချာလော့၊ ဆရာကိုပယ် ကိုယ်ဝယ်လုံစူး၊ အထူးမျက်မှောက် မန္တာန်ပျောက်နှင့်၊ အုတ်ကျောက်ခဲဖြို မြေခွဲမျိုး၍၊ ဤကိုယ်ဒိဋ္ဌ၊ ဒုက္ခဖြစ်ကြောင်း ထုံးဟောင်းထင်ရှား ကျမ်းဋ္ဌလာ၏။ (မယဒေဝ)

ဆရာကိုပစ်ပယ် အတတ်ဆန်းထွင်ခဲ့ကြသူတွေ၊ အကျိုးလိုလား၍ တားမြစ်သောစကား နားမထောင် ဒုက္ခကြုံသူတွေ ရှိခဲ့ကြဖူး၏။ ဗာရာဏသီပြည်၌ ဘုရားအလောင်းတော်၏ ဆရာသည် လုံတံ လေးချောင်းကို ကစားပြသနိုင်သည်။ တစ်နေ့သောအခါ သူရာရည် (အရက်) ယစ်မူးနေသဖြင့် လုံငါးချောင်းကစားမည်ဟု ကြွေးကြော်လေ၏။ ဘုရားအလောင်းက ဒုက္ခဖြစ်မှာမြင်၍ တားလေ၏။ မရခဲ့ပေ။ ထို့ကြောင့် လုံစူး၍ သေခဲ့ရလေ၏။ (ကေနိပါတ် ဒုဗ္ဗစဇာတ်)

ရှေးအခါ ဗာရာဏသီ၌ ဘုရားအလောင်းတော် ပါရမီနချိန်ဖြစ်၍ ဒွန်းစန္ဒားဖြစ်ခဲ့လေ၏။ သို့သော် မန္တန်ပညာတတ်ကျွမ်းလေ၏။ အချိန်အခါမဟုတ်ဘဲ သရက်သီးကို သီးစေနိုင်၏။ ကြိုပြ၍ သွားရောက်ရောင်းချပြီး အသက်မွေးလေ၏။

ထိုပညာကို လူငယ်တစ်ယောက်က လာရောက်သင်ကြားလေ၏။ ပညာတတ်သွားသော လူငယ်သည် ဘုရင့်ထံ သရက်သီးဆက်သွင်း ခစားမှုပြုလေ၏။ ထိုအခါ မင်းကြီးက ထိုမန္တန်ကို ဘယ်က သင်ယူခဲ့သနည်းဟု မေးရာ ဒွန်းစန္ဒားထံက သင်ယူပါတယ်ဟု ပြောလျှင် သိက္ခာကျမည်ဟု စိုးရိမ်၏။ ထို့ကြောင့် ပုဏ္ဏားသူကြွယ်ထံက သင်ယူ၍ ရခဲ့ပါသည်ဟု ဆိုလေ၏။ ဆရာ့ကျေးဇူး စော်ကားပြောမိသောကြောင့် မန္တန်ကွယ်ပျောက်၍ ဒုက္ခရောက်ခဲ့လေ၏။

(တေရသနိပါတ်-သမ္ဗဇာတ်)

ရှေးအခါ ဗာရာဏသီ၌ ဘုရားအလောင်းတော် ဂုတ္တိစောင်းသမား ဖြစ်ခဲ့သော် သူ၏ စောင်းအတတ်ပညာ၌ လွန်စွာမှ ထင်ရှားကျော်ဇော်လေ၏။ စောင်းခတ်သံလည်း သာယာနာပျော်ဖွယ် ရှိလေ၏။ သူ့ထံ၌ ပညာသင်သော တပည့်က မုသိလ ဟူ၍ ဖြစ်လေ၏။ မုသိလ ပညာစုံသွားသောအခါ မင်းရင်ပြင်၌ ဆရာနှင့် စောင်းတီးပြိုင်ခဲ့ကြလေ၏။

ဆရာဂုတ္တိလသည် အသက်ကလည်းကြီး၊ အရွယ်ကလည်း ကျပြီဖြစ်၍ အခက်ကြုံ၍နေလေ၏။ တပည့်နှင့်ပြိုင်ရာ၌လည်း နိုင်လျှင်လည်း ဆရာမို့ နိုင်သည်ဟု ပြောမည်၊ ရှုံးပြန်လျှင်လည်း ဆရာလုပ်နေပြီး ကိုယ့်တပည့်တောင် မနိုင်ဘူးဟု ရှုတ်ချပေဦးမည်။ ဘယ်ဘက်မှာမှ မျက်နှာမရ၊ သိက္ခာမရ၊ အဆိုးချည်းသာ ဖြစ်လေ၏။ ထိုအခါ ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com

မှာ မည်သို့မည်ပုံ ကြံရမှန်းတောင် မသိတော့ပေ။

ထိုအဖြစ်အပျက် အခြင်းအရာကို သိကြားမင်း သိသွားသောအခါ ဆရာကြီးကို အကူအညီပေးလေ၏။ တပည့်မိုက် မှုသိလစောင်းသမား ပျက်စီးဒုက္ခရောက်ရလေ၏။ ဝုတ္တိလမှာမူ လူသားဘဝနှင့်ပင် နတ်ပြည်သို့ အလည်အပတ်ရောက်ခဲ့ရသော ဟူ၏။

(ဒုကနိပါတ်-ဂုတ္တိလဇာတ်)

တပည့်တို့သည် ဤဇာတ်တော်လာအတိုင်း ဆရာသမားတို့အပေါ် နားလည်သင့်၏။ ဆရာတို့ကို မစော်ကားကောင်းပေ။

ထို့ကြောင့် ညောင်ကန်ဆရာတော်ဘုရားကြီးက - "ဆရာဟူက ဘယ်တော့မှ မတုပလေရာ"ဟူ၍ သတိပေးဟောကြားခဲ့လေ၏။

အနာဂတ်ဟူသည် မလွဲမသွေ တစ်နေ့ရောက်ရမည့် နေရာဖြစ်၏။ ထိုနေရာသည် လူငယ်တို့ဘဝမှ လူကြီးဖြစ်လာကြမည့် နေရာလည်းဖြစ်၏။ ထိုနေရာ ကောင်း၊ မကောင်း ဟူသည်မှာလည်း ယနေ့ လူငယ်တို့၏ လုပ်ဆောင်မှု၌ တည်၏။ ပစ္စုပ္ပန်ကောင်းပါမှ အနာဂတ်ကောင်းမည်ဟူသည်ကို သတိချပ်ဖို့လို၏။ ပစ္စုပ္ပန်မကောင်းသရွေ့ အနာဂတ်မကောင်းနိုင်ပါ ဟူသည်ကိုလည်း သိထားသင့်ပေ၏။

ယနေ့ လူငယ်တို့၏ အချိန်ကောင်းကာလသည် ယနေ့အချိန်ပင် ဖြစ်ပေသည်။ ပစ္စုပ္ပန်၏ ယနေ့ကာလသည် အရေးအကြီးဆုံးကာလ ဖြစ်၏။ ပညာရှိ၊ ပညာတတ်များ ဖြစ်အောင် ကြိုးစားရမည်။ သို့မှသာ အနာဂတ်ပညာခေတ်ကြီး ဖြစ်နိုင်၏။ အနာဂတ်သည် ယနေ့လူငယ်တို့၏ လက်ဝယ်၌ရှိသည် ဟူသော စကားကို မမေ့ဝေဖို့ လို၏။ အတိအကျ လက်ခံဖို့ လို၏။

သင်္ဂဇာဆရာတော်ဘုရားကြီးက ယနေ့ လူငယ်စာသင်သားတို့အတွက် ပညာရည်မြင့်မားစေရန် တပည့်ကျင့်ဝတ် ငါးပါးကို ပြဆိုညွှန်ကြားခဲ့လေ၏။

"ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံရွတ် တပည့်ဝတ်၊ မချွတ်ငါးခုသာ"ဟူ၍ ဖြစ်လေသည်။

(၁) ပညာသင် တပည့်သည် လုံ့လဝီရိယနှင့် ညီညာထကြွမှု ရှိရမည်၊

(၂) ဆရာ သင်သမျှ၊ ဆုံးမသမျှ လိုက်နာရှိသေကျင့်ကြံရမည်၊

(၃) ဆရာလာသောအခါ၌ ခရီးဦးကြို အရိုအသေပြုရမည်၊

(၄) ဆရာ့ထံပါး အမြဲအပြတ် ခစားလုပ်ကျွေးဆည်းကပ်နေရမည်၊

(၅) ဆရာသင်ပေးသောပညာ မမေ့ပျောက်အောင် ရွတ်ဖတ်လေ့ကျင့်နေရမည်

ဟူ၍ တပည့်ကျင့်ဝတ်ငါးပါးကို ဖော်ပြသကဲ့သို့ ဆရာများဘက်ကလည်း အပြန်အလှန် ဝတ္တရားအားဖြင့် ဆောင်ရပါလိမ့်မည်။

"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့ ဆရာတို့"ဟူ၍ ဆရာတို့၏ ကျင့်ဝတ်ငါးပါးကိုလည်း သင်္ဂဇာဆရာတော်ဘုရားက ဟောပြောရေးသားခဲ့လေ၏။

(၁) အတတ်ပညာတွေ သင်ပေးရမည်။

(၂) လိမ္မာယဉ်ကျေးအောင် ဆုံးမပဲ့ပြင်ပေးရမည်။

(၃) သင်ပေးရမည့် ပညာကို ချန်မထား၊ ဆရာစား မချန်ဘဲ သင်ပေးရမည်။

(၄) ဘေးရန်ကာဆီး ကာကွယ်ပေးရမည်။

(၅) မိမိထံက ပညာစုံလျှင် သင့်တော်ရာ ဆရာထံ ပို့ညွှန်ပေးရမည်။

ဟူ၍ ဆရာကျင့်ဝတ် ငါးပါးရှိလေ၏။

ဤ၌ ယနေ့လူငယ်တို့ ဘဝမြင့်မား တိုးတက်စေရန် "ပါဠိက ပါဠိ"မှ ဘုရားဟောဇာတ်တော် ကောက်နုတ်ချက်တစ်ခုကို တင်ပြလိုပေ၏။

မြတ်စွာဘုရားရှိစဉ်က ရာဇဂြိုဟ်၌ သိဂါလဆိုသော သတို့သားတစ်ယောက် ရှိလေ၏။ ၎င်းသတို့သားလျှင် ဘာသာသာသနာကို လေးစားယုံကြည်ခြင်း မရှိ။ မိဘစကားသည် နားမထောင်၊ ပညာထူးချွန်လည်း မသင်ကြား၊ ၎င်း၏ မိဘများက ရဟန်းတော်များနှင့် တွေ့ခုံဖို့ပြောတိုင်း အမြဲတမ်း ငြင်းဆိုလေ၏။

ဖခင်သူဌေးကြီး ကွယ်လွန်ခါနီးတွင် သားအတွက်

www.burmeseclassic.com

www.burmeseclassic.com

လိမ္မာရေးခြားရှိစေရန်အလို့ငှာ ပဟေဠိဆန်သော ဩဝါဒစကား မှာကြားခဲ့လေ၏။

"ချစ်သား သိင်္ဂါလ၊ ငါသေရင် အရပ်ခြောက်မျက်နှာတို့ကို နေ့စဉ် ရှိခိုးပါ။ ဒီစကားကို ငါ့သားနားထောင်ပါ"ဟု ပြောပြီး သေဆုံးသွားလေ၏။

သေခါနီး၌ ပြောသွားသော နောက်ဆုံးစကားဆိုသည်မှာ ကျန်ရစ်သူတွေက အမြဲသတိရအောက်မေ့နေတတ်လေ၏။ ထို့ကြောင့် သိင်္ဂါလသတို့သားသည် ဖခင်၏စကားကို လေးစားကာ အရပ်ခြောက်မျက်နှာကို အမြဲရှိခိုးလေ၏။

ဤသို့ သိင်္ဂါလသတို့သား၏ ဖြစ်စဉ်ဖြစ်ရပ်ကို မြတ်စွာဘုရားရှင်သည် မြင်တော်မူလေ၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် သတို့သား၏အနားသို့ ကြွရောက်တော်မူလာပြီးလျှင် -

"သိင်္ဂါလသတို့သား...သင်သည် အဘယ်သို့သော အကြောင်းကြောင်းကြောင့် အရပ်မျက်နှာတို့ကို ရှိခိုးနေပါသနည်း"ဟု မေးတော်မူလေ၏။

ထိုအခါ သတို့သားက "အရှင်ဂေါတမ၊ ကျွန်ုပ်၏ဖခင် မသေခင်မှာ မှာသွားတဲ့အတွက် ရှိခိုးနေပါတယ်"ဟု ဖြေကြားလေ၏။

ဘုရားရှင်က "သိင်္ဂါလ...သင့်ဖခင်ရှိခိုးခိုင်းတာ အဲဒီအရပ်ခြောက်မျက်နှာ မဟုတ်ဘူး"ဟု ဆိုတော်မူပြီးလျှင် တရားကို ဟောတော်မူလေ၏။

မြတ်စွာဘုရား၏ ဟောတော်မူသော ပါဠိတော်ကို မှတ်သားလွယ်ကူစေရန် လင်္ကာစီထားပေး၏။ ၎င်းလင်္ကာမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

"အရှေ့ မိဘ၊ တောင်မှ ဆရာ၊ နောက်မှာ မယား၊
မြောက်ကား မိတ်ဆွေ၊ အောက်ခြေ ကျွန်ဖြစ်၊
အထက်သူကောင်း ရဟန်းပေါင်းတည်း၊ မှတ်ကြောင်း
ခြောက်ဌာန ဆဒိသ"ဟူ၍ ဖြစ်လေ၏။

ထို့ကြောင့် ပညာသင်၊ ပညာယူ ဆရာတပည့်များ တာဝန်အသီးသီး ကျေပွန်ရန်မှာ တောင်အရပ်ကို ရှိခိုးခြင်းဖြင့် လောက၊ ဓမ္မ၊ အတ္တ၊ ပရ၊ ဒိဋ္ဌ၊ တမလွန်၊ ကြီးပွားတိုးတက်အောင်မြင်ကြစေရန် အကြောင်းရင်းတစ်ရပ် ဖြစ်လေ၏။

ယနေ့လူငယ်တို့၏ ဉာဏ်ရည်ဉာဏ်သွေးတို့သည် များစွာ တိုးတက်ပြောင်းလဲနေကြပြီဖြစ်လေသည်။ လူငယ်များ တိုးတက်စည်ပင်နေကြသလို ခေတ်ကြီးသည်လည်း နည်းပညာ အသစ်အသစ်တို့ဖြင့် သိပ္ပံနည်းကျစွာ တိုးတက်ပြောင်းလဲနေကြပေပြီ။

ယနေ့ တိုးတက်နေကြသော လူငယ်တို့သည် ထိုထက် ပို၍ ပို၍ တိုးတက်နေဖို့ လိုပေပြီ။

လူငယ်တို့၏ သဘာဝသည် အတုမြင် အတတ်သင်တတ်သော သဘောရှိကြ၏။ အတုကောင်း၊ အမြင်ကောင်း၊ အတတ်ကောင်းများ ဖြစ်ဖို့သာ အရေးကြီးပေ၏။

အတုဆိုး၊ အမြင်ဆိုး၊ အတတ်ဆိုးများ ရှောင်တတ်ဖို့လည်း အရေးကြီးပါသေး၏။ ခေတ်မီသည်ဆိုသည်မှာ ခေတ်နှင့်အညီ၊ ခေတ်နှင့်အမီ လိုက်နေခြင်းကို ဆိုလို၏။ အတုဆိုး၊ အမြင်ဆိုး၊ အတတ်ဆိုးတို့ဖြင့် ခေတ်လွတ်၊ ခေတ်ကျွံနေသည်ကို မဆိုလိုပါ။ အတိုင်းအတာတစ်ခု၏ လိုအပ်ချက်အတိုင်း လိုအပ်သလို လုပ်ဆောင်နိုင်ခြင်းသည်ကိုသာ ခေတ်နှင့်အညီ ခေတ်မီသည်ဟု ဆိုနိုင်၏။

ယနေ့လူငယ်တို့သည် အထူးတင်ပြ သင်ပြစရာ မလိုတော့ပေ။ အဘယ်ကြောင့်ဆိုသော် ယနေ့လူငယ်တို့သည် တစ်ထွာမျှ ပြရုံနှင့် တစ်လံမျှ မြင်တတ်နေသော လူငယ်များ ဖြစ်နေကြပေပြီ။ သို့သော် ပညာရှိ သတိဖြစ်ခဲ့ ဆိုသလို အပေါင်းအသင်းမမှားဖို့၊ အတုခိုးမမှားဖို့ သတိပေးချင်၏။ အပေါင်းအသင်းကြောင့် ဂုဏ်တက်သကဲ့သို့ အပေါင်းအသင်းကြောင့်လည်း ဂုဏ်ပျက်တတ်သည်ကို သတိချပ်ဖို့လိုပေ၏။

ယနေ့ လူငယ်များသည် အနာဂတ်အတွက် လူကြီးများဖြစ်ကာ နိုင်ငံသားကောင်းဖြစ်ဖို့ အထူးလိုအပ်၏။ ယင်းလိုအပ်ချက်အတိုင်းလည်း လူငယ်များ စာများများဖတ်ကြပါ။ စာများများ မှတ်ကြပါ။ ဗဟုသုတများလေ နိုင်ငံတော် ခေတ်မီတိုးတက်လေ ဖြစ်၏။ များစွာသော ယနေ့လူငယ်တို့၏ လက်များသည် ယနေ့ နိုင်ငံတော်သစ်အတွက် ဖန်တီးရှင်၊ တန်ခိုးရှင်လက်များ ဖြစ်နေကြသည်မှာ အမှန်ပင် ဖြစ်နေပါတော့သည်။

အောင်မြင့်မြတ်(ပြည်ရွှေဘို)

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်၏ ရည်ညွှန်းချက်

သန်းထွန်း(ဂျေဂျေ)

'ထူးကဲလက္ခဏာ' ဆားမပါလျှင် ဟင်းလျာတိုင်း ညှီ၊ ကျေးဇူးရှိသို့ သတိမှန်တိုင်း မလွန်နိုင်ပြား၊ ဤတရားကို၊ ငါသာမင်းစစ်၊ မလစ်ရစ်နဲ့''

(မာဃဒေဝ)

ယနေ့သာမန်လူသားတို့သည် ပစ္စုပ္ပန်ကောင်းစားရေးကို ဦးစားပေးလိုက်စားကြ၊ ကျင့်ကြံအားထုတ်ကြလျက် ဗုဒ္ဓဘာသာတရားတော်များကို လေးလေးနက်နက် မလိုက်စားကြတော့ချေ။ ဗုဒ္ဓဘာသာတရားကို တမလွန်ကောင်းစားရေးတရားဟု ယုံမှားသံသယ ရှိနေကြ၏။

ဗုဒ္ဓဟောကြားရာ တရားတော်များသည် ပစ္စုပ္ပန်ရေးမပါ၊ တမလွန်ရေးအတွက်သာဖြစ်သည်ဟု သုံးသပ်ဝေဖန်ပြီး လောကီရေးရာတို့ကို သာမန်အတွေး၊ သာမန်အလုပ်ဖြင့် ဘဝကို ကျင်လည်နေကြသည်။ ထိုအတွေးအယူအဆများသည် ယခုခေတ်ကျမှ ပေါ်ပေါက်လာခြင်း မဟုတ်ပါ။ ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်ကပင် ပေါ်ပေါက်ခဲ့သော ကိစ္စတစ်ခု ဖြစ်၏။

ဗုဒ္ဓဘုရားရှင်၏ ဒါယိကာ ကောသလမင်းကြီးကိုယ်တိုင် ဘုရားရှင်အား လျှောက်ထားခဲ့ဖူးရာတွင်။

''ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား၊ အရှင်ဘုရား၏တရားတော်၌ ပစ္စုပ္ပန်ရော၊ သံသရာပါ နှစ်ပါးစုံအကျိုးပြုနိုင်သောတရားနည်းလမ်းများ မရှိတော့ဘူးလား ဘုရား''

''မင်းကြီး၊ ငါဘုရားသာသနာတော် အဆုံးအမ၌ ပစ္စုပ္ပန်ရော၊ သံသရာပါ နှစ်ပါးစုံအကျိုးပြုနိုင်သော တရားရှိပါသည်။ ထိုအရာကား အပ္ပမာဒတရားဖြစ်ပါသည်''

ဘုရားရှင်သည် တိုတိုတုတ်တုတ်ဖြင့် ပစ္စုပ္ပန်အကျိုးပြုတရားထဲမှ လှည်းနေလှေအောင်း၊ မြင်းဖောင်း မကျန် သတ္တဝါထုအားလုံးတို့အား အသေးအဖွဲကိစ္စကအစ ကြီးမားလှသော ကိစ္စအသွယ်သွယ်တို့၌ပင် အရာရာအကျိုးပြစ်ထွန်းနိုင်သော အပ္ပမာဒလမ်းစဉ်ကို ညွှန်ကြားတော်မူခဲ့ပါသည်။

အပ္ပမာဒတရားဟူသည် မမေ့မလျော့ သတိတရားမကင်းကွာမှုကိုပင် ခေါ်ဆိုခြင်းဖြစ်ပါသည်။

လောကတွင် အကောင်းသဘော၊ အပြုသဘောလုပ်ငန်းများ၌ သတိတရားလွတ်ကင်း၍ မဖြစ်နိုင်။ သတိလွတ်ကင်းသော အကောင်းသဘောဟူ၍လည်း ရှာဖွေ၍တွေ့နိုင်မည် မဟုတ်ပေ။

လောကီရေးဖြစ်စေ၊ လောကုတ္တရာရေးဖြစ်စေ၊ ပစ္စုပ္ပန်ရေးဖြစ်စေ၊ တမလွန်ရေးဖြစ်စေ သတိတရားကား အရာရာလိုအပ်ပါသည်။ အရသာမှန်သမျှ ဆားမပါလျှင်မပြီးသကဲ့သို့ ကိစ္စမှန်သမျှ သတိမပါလျှင် မကောင်းနိုင်ပါချေ။

လောကအကျိုးပြုတရားတွင် ဤအပ္ပမာဒတရားသည် အရေးအကြီးဆုံးဖြစ်ပါသည်။ ဘုရားရှင်က သင်္ဂုတ္တိုရ်ဖာတ်နိပါတ် အစ္ဆရာသင်္ဃာတဝဂ် အဋ္ဌမသုတ်၌ –

''မဖြစ်သေးတဲ့ အကုသိုလ်တရားတွေဖြစ်ပေါ်လာရေးနှင့်၊ ဖြစ်ပြီးတဲ့အကုသိုလ်တရားတွေ ဆုတ်ယုတ်သွားစေရေး၌ မမေ့မလျော့ခြင်း၊ အပ္ပမာဒတရားလောက်ဆိုးဝါးသော တရားကို ငါမမြင်''

နဝမသုတ်၌ –

''မဖြစ်သေးတဲ့ အကုသိုလ်တရားတွေ ဖြစ်လာစေရေးနှင့် ဖြစ်ပြီးတဲ့အကုသိုလ်တရားတွေ ဆုတ်ယုတ်သွားစေရေး၌ မေ့လျော့ကြောင်း ပမာဒတရားလောက် အကျိုးပြုသော တရားကို ငါမမြင်''

ဟောကြားတော်မူထားသည်ကို တွေ့ရပါသည်။ ဘုရားရှင်တို့သည် အပ္ပမာဒကျင့်စဉ်ကို လက်လွှတ်တော်မမူကြကုန်။ အမြဲလက်ကိုင်ထားကြသည်။ ခပ်သိမ်းသော ဘုရားရှင်တို့သည် တရားဒေသနာတော် ဟောကြားရာ၌ ဗောဓိပက္ခိယ တရားတို့ကိုသာ ဟောကြားတော်မူကြကုန်၏။ ပြောကြားရာတွင် သစ္စာတရားလေးပါးကိုသာ ပြောကြားကြကုန်၏။ ထို့ကြောင့် ဆရာတို့က ''သစ္စာလေးပါးမှလွတ်သောတရားမည်သည် မရှိ''ဟု မှတ်တမ်းပြုကြ၏။

ထို့ပြင် ကျင့်စေရာ၌လည်း သိက္ခာသုံးပါးတို့၌သာ

www.burmeseclassic.com

www.burmeseclassic.com

ကျင့်စေကုန်၏။ သတ္တဝါတို့အားလုံး ဆုံးမရာဝယ် အပ္ပမာဒကျင့်စဉ်ကိုသာ ဆုံးမတော်မူပါသည်။ ဘုရားရှင်၏နေ့စဉ်ဆောင်ရွက်သော ဗုဒ္ဓကိစ္စကြီး ငါးချက်ကို ဖော်ပြရာတွင် ဒုလ္လဘတရားငါးပါး ရခိုက်တွင် မမေ့မလျော့ အားထုတ်ကြရန် အပ္ပမာဒတရားနှင့် နေ့စဉ်ဆုံးမကြောင်း ကျမ်းစာအဋ္ဌကထာတို့၌ ဖွင့်ဆိုပြထားသည်ကို တွေ့ရပါမည်။

ဤအပ္ပမာဒတရားကို ဘာဝိတော ဗဟုလီကတော ပွားများရမည်။ အကြိမ်များစွာကို ပွားများရမည်ဟု ဘာဝနာလုပ်ငန်း၌ သုံးစွဲထားသည်ကို တွေ့ရပါသည်။ အပ္ပမာဒဘာဝနာဟူ၍ သီးခြားမရှိသော်လည်း ပွားများရမည်ကို ဋီကာဆရာကြီးဓမ္မပါလမထေရ်မြတ်က ဣတိဝုတ်အဋ္ဌကထာ တတိယဝဂ် ဉာယတ္တသုတ်အဖွင့်၌ –

"အကျဉ်းချုပ်အားဖြင့် ပုညကိရိယာဝတ္ထုကုသိုလ်မရှိ။ တစ်ခုခုဖြစ်ပေါ်လာအောင် ပွားများခြင်းသည်ပင်လျှင် အပ္ပမာဒဘာဝနာဟုဆို၏။ (ဆိုလိုသည်မှာ ကုသိုလ်တရားဖြစ်ပေါ်နေလျှင် အပ္ပမာဒဘာဝနာဟု ဆိုလိုသည်။) ထို့ထက်ကျယ်ပြန့်စွာ ခွဲဝေပါလျှင် ဝိဝဋ္ဋသီကဥ်၌ မှီသောသရဏဂုံတည်မှု၊ သီလကောင်းမှု၊ သမာဓိဘာဝနာခေါ်သော သမထကမ္မဋ္ဌာန်းလေးဆယ်၊ ပညာဘာဝနာခေါ်သော ဝိပဿနာလုပ်ငန်း ကုသိုလ်တရားအားလုံးဖြစ်ပေါ်မှု၊ အပြစ်မရှိသော ပွားများမှုမှန်သမျှကို အပ္ပမာဒဘာဝနာဟုခေါ်သည်"

စသည်ဖြင့် ဟောကြားထားပါသည်။

အပ္ပမာဒကျင့်ဝတ်သည် အလွန်တရာကျယ်၏၊ ကြီး၏။ မူလပဏ္ဏာသ မဟာဟတ္ထိပဒေါပမာသုတ်၌ –

"မြေပြင်ရှိသတ္တဝါတို့၏ခြေရာတွင် ဆင်ခြေရာသည် အကြီးဆုံးဖြစ်၏။ ဆင်ခြေရာတို့ပေါင်းဆုံကြရ၏။ သို့ဖြစ်၍ ဆင်ခြေရာကို အမြတ်ဆုံးဟုဆိုရသလို၊ ကုသိုလ်တရားမှန်သမျှလည်း အပ္ပမာဒတရားသာလျှင် အရင်းခံရှိ၏။ အပ္ပမာဒတရား၌ ပေါင်းဆုံကုန်၏။ အပ္ပမာဒတရားသည် အကြီးဆုံး၊ အမြတ်ဆုံးဖြစ်၏"

ဟူ၍ ဟောတော်မူပါသည်။

ဘုရားရှင် ၄၅ ဝါပတ်လုံး ဟောကြားသမျှ ပိဋကတ်သုံးပုံဟူသော ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ကို စာရင်းချုပ်၍ အခြေကကိုင်လိုက်လျှင် အပ္ပမာဒကျင့်ဝတ်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားရှင်သည် နောက်ဆုံး ပရိနိဗ္ဗာန်စံဝင်ခါနီး ပစ္ဆိမဗုဒ္ဓဝစနအနေဖြင့် အပ္ပမာဒေနသမ္ပာဒေထဟု မိန့်ဟမှာကြားသွားခြင်း ဖြစ်ပါသည်။ အပ္ပမာဒဟူသည် အမှန်အားဖြင့် သတိပင်ဖြစ်ပါသည်။ ခပ်သိမ်းသောဘုရားရှင်တို့ မစွန့်သည့်တရားကား သတိပဋ္ဌာန်တရားဖြစ်ကြောင်းကို သတိပဋ္ဌာနသုတ်အဋ္ဌကထာ၌ ဖွင့်ဆိုပြထားသည်ကို တွေ့ရပါသည်။

အဘိဓမ္မာဝိဘင်း၊ အဋ္ဌကထာသတိပဋ္ဌာနဝိဘင်း၌မူ သတိပဋ္ဌာန်ကို ကျင့်သောပုဂ္ဂိုလ်သည် အနာဂါမိရဟန်း စာရင်းဝင်ကြောင်း မှတ်တမ်းတင်ခဲ့ပါသည်။ ထို့ပြင် သတိပဋ္ဌာန်ပါဠိတော်၌ နိဗ္ဗာန်သွားမည့် တစ်ကြောင်းတည်းသော ခရီးကား သတိပဋ္ဌာန်ပင်ဖြစ်သည်ဟု ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါသည်။

အပ္ပမာဒခေါ် သတိမှဖယ်ခဲ့ပါလျှင် နိဗ္ဗာန်လမ်းလွဲလိုက်နေသူဖြစ်ပါသည်။ ဤသတိလုပ်ငန်းသည် လောကီမှာပဲ ဖြစ်ဖြစ်၊ လောကုတ္တရာမှာပဲဖြစ်ဖြစ် လွတ်ကင်း၍မရချေ။ သတိလွတ်ကင်းသည်နှင့် မလိုလားအပ်သော ဖောက်ပြန်မှုတွေပေါ်လာပြီး ရည်ရွယ်ချက်များ ပျက်ပြားသွားရချေသည်။

ဘုရားရှင်ပရိနိဗ္ဗာန်စံခါနီး ရှင်အာနန္ဒာက မာတုကာမများနှင့် ဆက်ဆံရေးကိစ္စ လျှောက်ထားရာ၌ ဘုရားရှင်က နောက်ဆုံးအဆင့်၌ မာတုကာမများနှင့် စကားပြောမှုဖြင့် ဆက်ဆံခွင့်ကြုံခဲ့ပါလျှင် သတိကိုပင် ရှေးရှုဖြစ်စေရမည်ဟု နည်းလမ်းချပေးခဲ့သည်ကို တွေ့ရပါသည်။

အပ္ပမာဒခေါ် သတိတရားသည် အလွန်အရေးကြီးလှပါသဖြင့် နေ့စဉ်နှင့်အမျှ လောကီကိစ္စလုပ်ရာမှာဖြစ်စေ၊ လောကုတ္တရာရေး ဆည်းပူးသည်ဖြစ်စေ ကိုယ်နှင့် ထက်ကြပ်မခွာ အမြဲတည်နေအောင် ကြိုးစားကြဖို့အရေးကြီးလှပေသည်။

ထိုအပ္ပမာဒသော့ချက် အရေးကြီးသည့်အတွက် ဘုရားရှင်က နောက်ဆုံးမှာခဲ့သလို၊ ယနေ့လောကသီလဆောက်တည်ကြရာ၌လည်း သီလပေးအပြီး၌ "သိသရဏသဟအဋ္ဌင်္ဂသမ္မာန္နာဂတံ ဥပေါသထသီလံ သာဓုကံကတွာ ခမ္မံ အပ္ပမာဒေထ သမာဒေထ"ဟု ဘုရားရှင်ရည်ညွှန်းချက်ကို ရဟန်းသံဃာတို့က ထပ်မံရည်ညွှန်းပြီး သတိပေးအဆုံးသတ်ခဲ့ကြပါသည်။

ထို့ကြောင့် အပ္ပမာဒေထဟူသော သတိတရားသည် လောကလူသားတို့ ကြီးပွားချမ်းသာရေးအတွက် အရေးကြီးသောတရားဖြစ်ကြောင်းကို တင်ပြလိုက်ရပါသည်။

သန်းထွန်း(ဂျေဂျေ)

ကိုးကား ။ ပြိတ္တာလောက။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နှင့် မောင်သုတ

အဂ္ဂမျိုး

"လာဟေ့ . . . မောင်သုတ၊ ဟောဒီသင်ဖြူးဖျာပေါ်မှာ ထိုင်ကွာ။ ဒီမှာ ဆီထမင်း၊ ဒါက လက်ဖက်ရည် ကြမ်းခေတ်ဘူး။ စားလိုက်စမ်း၊ သောက်လိုက်စမ်းကွာ။ မင်းအဖေ ငါ့သူငယ်ချင်းကြီး ကိုလူမင်းရော နေကောင်းရဲ့လား။ မတွေ့တာတောင်ကြာပြီ။ မောင့်ရဲ့လာရင်းကိစ္စက။

သြော် . . ဗေဒင်ဆိုင်ရာကိစ္စ ဘုမ္မိဆိုတဲ့ အကြောင်းအရာကို သိချင်နေခဲ့တာလား။ မောင်ကိုယ်တိုင်ကလည်း ဗေဒင်လက္ခဏာပညာကို လေ့လာနေတာမဟုတ်လား။ ပိုပြီး နှံ့နှံ့စပ်စပ် သိချင်လို့လား။ ငါသိသလောက်တော့ ပြောပြလိုက်ပါမယ်။ ဘယ်ပညာမှ ဆုံးခန်းတိုင်တယ် မရှိဘူးဆိုတာ မင်းလည်းသိထားတာပဲဟာမို့ တခြားတကယ်ကို တတ်သိနားလည်တဲ့ ဆရာများ၊ ပုဂ္ဂိုလ်များဆီမှာ လေ့လာဖို့တော့ လိုမယ်။ ဟောက်စား၊ မြှောက်စား၊ ခြောက်စား ဆရာတွေထဲမှာ နည်းယူမိမှာကိုတော့ ငါက စိုးရိမ်တယ်ကွာ။ ခေတ်ကြီးက သိတယ်မဟုတ်လား။ ကဲ . . . သေချာနားထောင်။ အေး . . . ဟုတ်ပြီ။ မှတ်စုနဲ့ဘာနဲ့ ရေးမှတ်ယူသွားတော့လည်း ပိုပြီး ကောင်းတာပေါ့။ နှုတ်တစ်ရာ၊ စာတစ်လုံးတဲ့ ပုံရိုးစကားလည်း ရှိတာကိုး။ ဒီလို မောင်သုတရဲ့ အငင်ဆုံ ဌာနနှစ်ခုရဲ့အကြောင်းကို ပြောပြမယ်။ မင်းသိနှင့်ပြီးသား ဖြစ်မှာပါ။ သို့သော် နားရည်ဝသွားအောင်ပေါ့။ ပရိဝါယ၊ အာယု၊ နာဂရ၊ ဘုမ္မိ၊ ဂဟပတိတေဇ၊ ဌာန၊ သီရိရယ်လို့ အရပ်ရှစ်ခုရှိတယ်။ တစ်ခုချင်းစီရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်က ပရိဝါယ အရပ်ကဖြင့် အခြေခံရံများတယ်။ နန်းတည်ရာအရပ်။ အိမ်တိုက်အဆောက်အဦဆောက်တဲ့ အရပ်စသည်ပေါ့။ အာယုအရပ်ကတော့ သစ်ပင်စိုက်ရာအရပ်။ ရောဂါကင်းတဲ့အရပ်။ နောက်တစ်ခုကတော့ နာဂအရပ်၊ ဒါက ရွာတို့မြို့တို့ တည်တဲ့အရပ်ပေါ့။ နောက်တစ်ခုကတော့ မင်းသိချင်တယ်ဆိုတဲ့ ဘုမ္မိအရပ် အညစ်အကြေးစွန့်ပစ်တဲ့အရပ်၊ သွေးထွက်သံယို အရပ်ပေါ့။ နောက်တစ်ခုကတော့ ဂဟပတိအရပ်၊ ဒါက ဆန်ရေစပါး ပေါများတဲ့အရပ်၊ စပါးကျီတို့၊ ဘဏ္ဍာတိုက်တို့ ဆောက်လုပ်ထားရာအရပ်ဖြစ်တယ်။ တေဇအရပ်ဆိုတာက ဘုရားကျောင်းကန်ဆောက်လုပ်ရာအရပ်၊ ကုသိုလ်ပြုရတဲ့ အရပ် ဖြစ်တယ်။ ဌာနကတော့ ကျွဲ၊ နွား၊ ဆင်၊ မြင်းတွေ ထားတဲ့အရပ် ဖြစ်တယ်။ စွဲမြဲတဲ့အရပ်ဖြစ်တယ်။ နောက်ဆုံးအရပ်က သီရိအရပ်ဖြစ်တယ်။ ဒီ သီရိအရပ်ကတော့ ကျက်သရေမင်္ဂလာရှိတဲ့အရပ် ဖြစ်တယ်။ ဥယျာဉ်စိုက်ပျိုးတာတို့၊ ရေတွင်းရေကန်တူးတာတို့ ဌာနပဲကွာ။ အဲဒီအရပ်ရှစ်မျိုးထဲက မင်းသင်ချင်နေတဲ့ ဘုမ္မိအရပ်အကြောင်း အခုဆက်ပြောမယ်။ အဲဒီအရပ်ကိုတော့ မြန်မာ့ရိုးရာဗေဒင်ပညာရပ်မှာ မကောင်းတဲ့အညစ်အကြေးစွန့်ပစ်ရာအရပ်၊ လူသေကောင်များ မြှုပ်နှံရာအရပ် (သင်္ချိုင်း)ရပ်လို့ ယူထားခဲ့ကြတယ်။ ဘုမ္မိပစ္စည်းကို သုံးမျိုး သုံးစား ခွဲခြားထားတယ်ကွ။ ဗေဒင်ပညာမှာ လူတစ်ဦးတစ်ယောက်ရဲ့ လက်ရှိကျရောက်နေတဲ့ အသက်ကိုတည်ကိန်းထားပြီး ၈ နဲ့ စားခဲ့ရင် အကြွင်းကိန်းဂဏန်းက ၄ ကြွင်းတဲ့နှစ်၊ တစ်နည်းပြောရင် စောစောကအရပ် ၈ ခုဂြိုဟ်ခွင် ၈ ခွင်မှာ သူ့ရဲ့မွေးနံရှိရာကနေ လက်ယာရစ်ရေတွက်လို့ ၄ ပင်မြောက်မှာ ရောက်နေတဲ့ဂြိုဟ်စားနှစ်လို့ခေါ်တာ။ နောက်တစ်မျိုးက ဘုမ္မိလေး၊ ဒါကတော့ လူတစ်ယောက်က သူ့လက်ရှိအသက်ကို တည်ကိန်းထားပြီး ၈ နဲ့စားရင် ၇ (ခုနစ်)ကြွင်းတဲ့နှစ် ဂြိုဟ်ခွင် ရှစ်ခွင်မှာ မွေးနံရှိရာကနေ ၇ (ခုနစ်) မြောက်မှာ သက်ရောက်နေတဲ့နှစ်ကို ဘုမ္မိလေးလို့ခေါ်တယ်။ အဲ . . . နောက်ဘုမ္မိကြီး၊ ဒါကတော့ သူ့ရဲ့မွေးနေ့ရှိရာကနေ လေးခွင်မြောက်မှာ ဂြိုဟ်အိပ်ဂြိုဟ်စားနေပြီး သူ့နံရှိရာကနေ ခုနစ်ခွင်မြောက်မှာ သက်ရောက်ကျတဲ့နှစ်ကို ဘုမ္မိကြီးလို့ခေါ်တယ်ကွာ။ ဒီအထိတော့ ရှင်းပြီနော်၊ ဟုတ် လား။

အံမယ် . . . မင်းကတယ်လည်း ဆန္ဒစောပါလား။

www.burmeseclassic.com

www.burmeseclassic.com

ပြောပြမှာပါ။ ဘုမ္မိဆိုတဲ့ကာလကို ရောက်တဲ့သူဟာ အလွန်ကို ကံဆိုးမိုးမှောင်ကျတော့တာပဲ။ ရာထူးဌာနန္တရ ပျက်စီးတာမျိုး၊ ဂုဏ်သိက္ခာကျဆင်းတာမျိုး၊ ကျန်းမာရေးဆိုးဆိုးဝါးဝါး ဖြစ်ရတာမျိုး၊ ဒုက္ခသောကအမျိုးမျိုး ကြုံရတာမျိုး၊ ဘေးဆိုးကပ်ဆိုး ရောဂါဆိုးတွေနဲ့လည်း ကြုံရခံစားရတာမျိုး၊ ကြီးမားတဲ့ထိခိုက်ဒဏ်ရာရ သွေးထွက်သံယို ရှိတတ်တာမျိုး ကြုံရဆုံရတတ်တယ်။ မင်းသဘောပေါက်လွယ်အောင် ဥပမာနဲ့ ပြောပြပါမယ်။ ဗုဒ္ဓနေ့သားတစ်ယောက်ဆိုပါတော့။ သူ့ရဲ့ဘုမ္မိက ရာဟုဂြိုဟ်ဖြစ်တယ်။ ဒီတော့ တနင်္လာသက်ရောက်ကျတဲ့နှစ်ဟာ သူ့အတွက် ကံဆိုးမိုးမှောင်ကျတဲ့ ကာလပဲ။ သူ့ရဲ့ဘုမ္မိအရပ်က အနောက်အရပ်ဖြစ်တာမို့ ဘုမ္မိဂြိုဟ်ရဲ့ ကာလအားဖြင့် ၄၇ နှစ်ကနေပြီး ၅၈ နှစ်အထိ ဖြစ်တယ်။ ရှင်းရဲ့လား။ နောက်သိရမှာက ဘုမ္မိကျတဲ့နေ့သားတစ်ယောက်ဟာ အဆိုးသက်သာဖို့က သူ့ရဲ့မွေးနံပန်းကို အာယုအရပ်မှာ စိုက်ပျိုးရမယ်။ စိုက်ပျိုးချိန်မှာပဲ သူ့ရဲ့ဌာနအရပ်ဖြစ်တဲ့ အနောက်မြောက်ဘက်အရပ်ကို မျက်နှာမူပြီးတော့ မေတ္တာသုတ်တော်ကို သက်စေ့ရွတ်ဖတ်ပူဇော်ရမယ်။ မင်းကိုယ်တိုင်အတွက်ရော၊ မင်းနဲ့ခင်မင်သူပေါ့အတွက်ကိုပါ လိုအပ်သူ၊ ယုံကြည်တဲ့သူတွေကို ကူညီနိုင်ဖို့ ငါ့ရဲ့မှတ်စုစာအုပ်ထဲက အသင့်သုံးနိုင်တဲ့ဇယား နှစ်စောင်ကူးယူသွားကွာ။ အားလုံးရှင်းတယ်၊ နားလည်သဘောပေါက်တယ်ဆိုရင်တော့ ဒါလောက်ပါပဲကွာ။ ဩော် . . . ဩော် . . . ငါ့အတွက်ယူလာတဲ့ ကြာဆံထုပ်တွေနဲ့ စီးကရက်ဘူးတွေအတွက်ကို သာဓု . . . သာဓု . . . သာဓုပါပဲကွာ။ ငါ့သူငယ်ချင်း ကိုလူမင်းကြီးကိုလည်း ငါ့ဆီအလည်လာဖို့ မှာလိုက်တယ်လို့ ပြောလိုက်ဦးကွ။

(လုပ်ငန်းဇယားနှစ်ခုအား ဖော်ပြပေးထားပါသည်။)

နေ့သားအလိုက် ဘုမ္မိခွင်ဇယား

စဉ်	မွေးနေ့	ဘုမ္မိဂြိုဟ်	ညှိသောကာလ	ဘုမ္မိအရပ်	အသက်အပိုင်းအခြား
၁။	တနင်္ဂနွေ	ဗုဒ္ဓဟူး	ရာဟုသက်ရောက်	တောင်	၃၀ နှစ်မှ ၄၆ နှစ်
၂။	တနင်္လာ	စနေ	သောကြာသက်ရောက်	အနောက်တောင်	၄၁ နှစ်မှ ၅၀ နှစ်
၃။	အင်္ဂါ	ကြာသပတေး	တနင်္ဂနွေသက်ရောက်	အနောက်	၃၆ နှစ်မှ ၅၄ နှစ်
၄။	ဗုဒ္ဓဟူး	ရာဟု	တနင်္လာသက်ရောက်	အနောက်တောင်	၄၇ နှစ်မှ ၅၈ နှစ်
၅။	ရာဟု	တနင်္လာ	စနေသက်ရောက်	အရှေ့	၄၃ နှစ်မှ ၅၃ နှစ်
၆။	ကြာသပတေး	တနင်္ဂနွေ	ဗုဒ္ဓဟူးသက်ရောက်	အရှေ့မြောက်	၅၃ နှစ်မှ ၅၈ နှစ်
၇။	သောကြာ	အင်္ဂါ	ကြာသပတေးသက်ရောက်	အရှေ့တောင်	၄၃ နှစ်မှ ၅၀ နှစ်
၈။	စနေ	သောကြာ	အင်္ဂါသက်ရောက်	မြောက်	၆၂ နှစ်မှ ၇၂ နှစ်

www.burmeseclassic.com

www.burmeseclassic.com

ဘုမ္မိခွင်ကျရောက်သူများ စိုက်ရန် သစ်ပင်

စဉ်	နေ့သား	စိုက်ပျိုးရမည့်သစ်ပင်	အာယုအရပ်	မျက်နှာမူရန်
၁။	တနင်္ဂနွေ	အုန်း	အရှေ့	အနောက်မြောက်
၂။	တနင်္လာ	ကံ့ကော်	အရှေ့တောင်	မြောက်
၃။	အင်္ဂါ	ဆီး	တောင်	အရှေ့မြောက်
၄။	ဗုဒ္ဓဟူး	ရွက်လှ	အနောက်တောင်	အရှေ့
၅။	ရာဟု	ရဲယို	မြောက်	အနောက်တောင်
၆။	ကြာသပတေး	ပေါက်ပန်းဖြူ	အနောက်မြောက်	တောင်
၇။	သောကြာ	သီဟိုဠ်	အရှေ့မြောက်	အနောက်
၈။	စနေ	ဒန်း	အနောက်	အရှေ့တောင်

မှတ်ချက် ။ ။ တနင်္ဂနွေသားတစ်ဦး ဘုမ္မိတွင်ကျရောက်ပါက သူ၏အာယုအရပ်ဖြစ်သည့် အရှေ့အရပ်တွင် မွေးနံဖြစ်သော အုန်းပင်ကို စိုက်ပျိုးရမည်။ စိုက်ချိန်အတွင်းမှာပင် သူ၏ဌာနအရပ်ဖြစ်သည့် အနောက်မြောက်အရပ်သို့ မျက်နှာမူပြီး မေတ္တာသုတ်တော်ကို သက်စေ့ ရွတ်ဖတ်ပူဇော်ရမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်အချိန်မှာ ယတြာပြုလုပ်သင့်သနည်း

မင်္ဂလာဦးရွှေအိုး

"ဘယ်အချိန်မှာ ယတြာချေရမလဲ ဆရာ"

ကာယကံရှင်၏ မွေးသက္ကရာဇ်၊ မွေးနံတို့ကို အခြေပြုပြီးသကာလ အစစအရာရာ တွက်ချက်စစ်ဆေးပြီး မြင်သမျှကို ဟောပြောရရုံမက ကာယကံရှင်၏သိလိုသော အချက်တို့အား ချင့်ချိန်နှိုင်းဆ ဖြေကြားရသည်မှာ ဗေဒင်ဆရာတစ်ဦး၏ အလုပ်ဖြစ်ပါသည်။ မြင်တာတွေဟော၊ သိလိုသမျှ အမေးတွေကိုဖြေပြီးသကာလ အဆိုးအညံ့ပျောက်စေဖို့၊ အတိုက်အခိုက်တွေ တွန်းလှန်အောင်မြင်နိုင်ဖို့၊ ကြံစည်တိုင်း ပြီးမြောက်ဖို့ လာဘ်လာဘ ရွှင်လန်းဖို့၊ ကြီးပွားတိုးတက်ဖို့ စသည်တို့အတွက် သင့်လျော်သည့်ယတြာကို ပေးရစမြဲဖြစ်ပါသည်။ ဤ၌ခုနစ်ရက်သားသမီးတို့အနေဖြင့် မိမိတို့ပေးလိုက်သော ယတြာများကို "ဘယ်အချိန်ချေရမလဲ"ဟူသည့် သဘောမျိုး မေးမြန်းတတ်ကြပါသည်။ မဆန်းလှပါ။

"ယတြာပဲ ဘယ်အချိန်ချေချေ ဖြစ်တာပဲ"

ဟူ၍ ပေါ့ပေါ့တန်တန် သဘောထားသူများရှိသည်။ ထိုအခါဝယ် ယတြာချေခြင်းသည် ယတြာချေခြင်းသက်သက်ဖြစ်၍ လေးနက်ထိရောက်မှု အနေအထားကမူ အကွာကြီးကွာခြားသွားပါသည်။ အချိန်တွေ၊ ကာလတွေ၊ အခါတွေ၊ ရာသီတွေဆိုသည်မှာ သူ့စွမ်းအားနှင့်သူ ရှိနေကြသည်။ လောကဓာတ်ကြီးကား ကျယ်ပြောလှသည်။ အရာအားလုံးကို မိမိတို့ ဉာဏ်တိမ်တိမ်ကလေးက လုံးဝမသိနိုင်ပါချေ။ ယတြာဟူသည် ကောင်းသည်ကို သာလွန်ကောင်းမွန်အောင်၊ အဆိုးအညံ့များကို သက်သာပျောက်ကင်းအောင် လမ်းကြောင်းတည့်ပေးသော၊ ပြောင်းလွဲပေးသော ပညာရပ်တစ်ခု ဖြစ်ပါသည်။ ယတြာမပေးတတ်လျှင် ထိုဗေဒင်ဆရာအပေါ် အထင်မကြီးကြကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။ မိမိအဖို့ "ဘယ်အချိန် ယတြာချေမလဲ"ဟူသော အမေးစကားရှိလာတိုင်း (မရှိလျှင်သော်မှ) ယတြာလုပ်ရမည့်အချိန်ကို တိတိကျကျ ပေးတတ်စမြဲ ဖြစ်ပါသည်။ မိမိပေးသည့်အတိုင်း အချိန်တိကျစွာ လုပ်သူများအနေဖြင့် အချိန်မတိကျစွာ ယတြာချေသူတွေထက်ပို၍ အကျိုးဖြစ်ထွန်းလေ့ရှိသည်ကိုလည်း သတိပြုမိပါသည်။

သို့ဖြစ်၍ ယတြာချေကြမည်ဆိုပါက ခုနစ်ရက်သားသမီးများအတွက် အစွမ်းအာနိသင် ထက်မြက်သော 'အခါ'ကို ရွေးချယ်ကြစေလိုကြောင်း တိုက်တွန်းလိုသည်နှင့်အမျှ ယတြာပြုလုပ်သင့်၊ ချေသင့်သည့်အခါကောင်းကို အင်္ဂဝိဇ္ဇာဗေဒင်ပညာရပ်အပေါ် အခြေပြုလျက် တင်ပြလိုက်ပါသည်။

(၁) တနင်္ဂနွေသားသမီးများအဖို့

ဗုဒ္ဓဟူးအခါ နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီ အတွင်း၌သော်လည်းကောင်း၊ အင်္ဂါအခါ ညနေ ၃း၀၀ နာရီမှ ၄း၃၀ နာရီအတွင်း၌သော်လည်းကောင်း ယတြာချေပါက အစွမ်းထက်အောင်မြင်ပါလိမ့်မည်။

(၂) တနင်္လာသားသမီးများအဖို့

ကြာသပတေးအခါ နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီအတွင်း၌သော်လည်းကောင်း၊ ဗုဒ္ဓဟူးအခါ ညနေ ၃း၀၀ နာရီမှ ၄း၃၀ နာရီ အတွင်း၌သော်လည်းကောင်း ယတြာချေပါက အစွမ်းထက် အောင်မြင်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

ယတြာဟူသည် ကောင်းသည်ကို သာလွန်ကောင်းမွန်အောင်၊ အဆိုးအညံ့များကို သက်သာပျောက်ကင်းအောင် လမ်းကြောင်းတည့်ပေးသော၊ ပြောင်းလွဲပေးသော ပညာရပ်တစ်ခု ဖြစ်ပါသည်။

(၃) အင်္ဂါသားသမီးများအဖို့

သောကြာအခါ နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီအတွင်း၌သော်လည်းကောင်း၊ ကြာသပတေးအခါ ညနေ ၃း၀၀ နာရီမှ ၄း၃၀ နာရီ အတွင်း၌သော်လည်းကောင်း ယတြာချေပါက အစွမ်းထက် အောင်မြင်ပါလိမ့်မည်။

(၄) ဗုဒ္ဓဟူးသားသမီးများအဖို့

စနေအခါ နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီ အတွင်း၌သော်လည်းကောင်း၊ သောကြာအခါ ညနေ ၃း၀၀ နာရီမှ ၄း၃၀ နာရီအတွင်း၌သော်လည်းကောင်း ယတြာချေပါက အစွမ်းထက်အောင်မြင်ပါလိမ့်မည်။

(၅) ကြာသပတေးသားသမီးများအဖို့

တနင်္ဂနွေအခါ နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီအတွင်း၌သော်လည်းကောင်း၊ စနေအခါ ညနေ ၃း၀၀ နာရီမှ ၄း၃၀ နာရီအတွင်း၌သော်လည်းကောင်း ယတြာချေပါက အစွမ်းထက်အောင်မြင်ပါလိမ့်မည်။

(၆) သောကြာသားသမီးများအဖို့

တနင်္လာအခါ နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီ အတွင်း၌သော်လည်းကောင်း၊ တနင်္ဂနွေအခါ ညနေ ၃း၀၀ နာရီမှ ၄း၃၀ နာရီအတွင်း၌သော်လည်းကောင်း ယတြာချေပါက အစွမ်းထက်အောင်မြင်ပါလိမ့်မည်။

(၇) စနေသားသမီးများအဖို့

အင်္ဂါအခါ နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီ အတွင်း၌သော်လည်းကောင်း၊ တနင်္လာအခါ ညနေ ၃း၀၀ နာရီမှ ၄း၃၀ နာရီ အတွင်း၌သော်လည်းကောင်း ယတြာချေပါက အစွမ်းထက်အောင်မြင်ပါလိမ့်မည်ဖြစ်ကြောင်းဖြစ်၍ ယတြာပြုလုပ်သင့်သည့် အချိန်အခါတို့ကို ရွေးချယ်တင်ပြပေးလိုက်ရပါသတည်း။

မင်္ဂလာရွှေအိုး

ပဋ္ဌာန်းရွှေကျမ်းရတနာဒီပံ

ရွှေအလင်းတိုင်

ပဋ္ဌာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်လျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဋ္ဌာန်းရွှေကျမ်း ရတနာဒီပံ ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

ဤသို့ ပေါ်ထွက်ရအောင်လည်း ပဋ္ဌာန်းရွှေကျမ်းကျင့်စဉ်ကို အဓိဋ္ဌာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂမ္ဘီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ လူကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

----- ဆက်သွယ်ရန် -----

ရှောင်ပြန်မဂ္ဂဇင်းတိုက်

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၃၃

www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်ထားသည့်ယတြာ

အောင်မြင်စေရန်

သစ္စာဝါဒီ ဆရာမြတ်စောလင်း

"ဟယ်လို ... ဆရာဦးဆန်းလှိုင်လား"

"အေး ... ဟုတ်တယ် တပည့်၊ ပြော ဘာကိစ္စရှိလို့လဲ"

"ဆရာ ... ကျွန်တော့်ဗေဒင်ဆိုင် လူမလာတာ သုံးရက်ရှိသွားပြီ။ ဟိုတစ်နေ့က ဆရာလုပ်ခိုင်းတဲ့ အင်္ဂဝိဇ္ဇာယတြာလုပ်တယ်။ သရောဒယယတြာတွေလည်း လုပ်တယ်။ တိထိသရစက်ကလာတဲ့ အရက်မျက်နှာလက်အုပ်ချီပြီး ဆုတောင်းတာလည်း ကျွန်တော်လုပ်တယ်။ အခုရောက်နေတဲ့ သက္ကတ်ယတြာလည်း လုပ်တယ်ဆရာ"

ကျွန်ုပ်သည် ကျွန်ုပ်၏ဆရာဖြစ်သော မန္တလေးမြို့ မြရည်နန္ဒာ မြို့သစ်တွင်နေထိုင်သော ကျွန်ုပ်အား သရောဒယပညာ သင်ကြားပေးသော ဆရာဦးဆန်းလှိုင်အား ကျွန်ုပ်၏အခက်အခဲများကို သိစေရန်အတွက် ဖုန်းဆက်၍ ဆရာ့အား ပြောလိုက်ခြင်းပင်ဖြစ်၏။ ဆရာသည် ကျွန်ုပ်၏ ဖုန်းဆက်ပြောစကားများကို စိတ်ရှည်လက်ရှည် နားထောင်၍ သဘောကျသဖြင့် တခစ်ခစ် ရယ်နေတော့၏။

"တပည့်ရာ မင်းဒီလောက်လုပ်ထားတဲ့ယတြာတွေ အောင်မြင်ရမှာပေါ့။ အဲတော့ ဆရာပြောမယ်"

ဆို၍ ဆရာသည် ကျွန်ုပ်အား တိုးတိုးလေးပြောလိုက်သည်။ ဆရာပြောသည့်အတိုင်း ကျွန်ုပ်သည် ချက်ချင်းပင် ထိုင်ရာမှထ၍ ၎င်းယတြာကိုပြုလုပ်လိုက်သည်။ ယတြာပြုလုပ်ပြီး နောက်တစ်နေ့မှစ၍ ကျွန်ုပ်၏ဗေဒင်ဆိုင်သို့ ဗေဒင်မေးပရိသတ်များ တဖွဲဖွဲရောက်လာပြီး ဝင်လာမစဲဖြစ်လေတော့၏။ ကျွန်ုပ်သည် ဤကဲ့သို့သော ယတြာ၏ အစွမ်းသတ္တိ အောင်မြင်မှုအံ့မခန်းဖြစ်ရသည်ကို အလွန်ပင် အံ့ဩမိ၏။ ထို့ကြောင့် ကျွန်ုပ်၏စာဖတ်ပရိသတ်များ ကျွန်ုပ်ကဲ့သို့ပင် အခြားအခြားသော ဝေဒပညာရှင် ဆရာ့ဆရာကြီးများနှင့် သွားရောက်၍ ဗေဒင်မေးမြန်းပြီးသောအခါ ထိုဆရာတို့က ပေးလိုက်သောယတြာများကို ပြုလုပ်ကြပေလိမ့်မည်။ မိမိတို့နှင့်သက်ဆိုင်ရာဖြစ်သော အချစ်ရေးကောင်းမွန်ရန်၊ အိမ်ထောင်ရေးအဆင်ပြေရန်၊ စီးပွားရေးတိုးတက်ရန်၊ ရာထူးတိုးတက်ရန်၊ ချေးထားသောငွေများပြန်ရရန်၊ အမှုအခင်း ရင်ဆိုင်နေရသည်ကို အနိုင်ရရန်၊ အချုပ်အနှောင်ထောင်မှ လွတ်မြောက်ရန်၊ မိမိလုပ်သောလုပ်ငန်းတွင် အန္တရာယ်နှင့် အနှောင့်အယှက်ကင်းရန်၊ ကျန်းမာရေးကောင်းရန် အစရှိသည်ဖြင့် ယတြာအမျိုးမျိုးကို ပြုလုပ်ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ဘဲ ပြုလုပ်သည့်ယတြာ မထိရောက်ဘဲ ကြန့်ကြာနေတတ်သည်။ ထိုအခါ မိမိတို့ပြုလုပ်ခဲ့သော ဆရာထံသို့ သွားရောက်ရခြင်း၊ ဖုန်းဆက်၍ပြောဆိုရခြင်းများ ရှိပေလိမ့်မည်။ ကျွန်ုပ်ကိုယ်တိုင်ပင်လျှင် ပြုလုပ်ပေးခဲ့သော ယတြာများသည် မအောင်မြင်ဘဲ ကြန့်ကြာနေမှုဖြစ်ခဲ့သည်ကို တွေ့ရှိရ၏။ ထိုအခါ ဆရာပေးထားသော ယတြာကို ၎င်းတို့အား ပေးခဲ့ဖူး၏။ ညွှန်ကြားခဲ့ဖူး၏။ ကျွန်ုပ်၏တပည့်များကလည်း တိတိကျကျ လိုက်နာကျင့်သုံးကြ၏။ ထို့ကြောင့် ယခင်က မအောင်မမြင်ဖြစ်နေသော ယတြာများသည် အောင်မြင်ထမြောက်၍ ၎င်းတို့ဝမ်းသာရွှင်ပျကြည်နူးနေကြသည်ကို မြင်ရကြားရခဲ့သည့်အတွက် လွန်စွာမှပင် ကျွန်ုပ်ဝမ်းမြောက်မိ၏။ ဤသို့ပင် ကျွန်ုပ်ထံသို့ လာရောက်သူမဟုတ်သော်လည်း ခုနစ်ရက်သားသမီးများ မိမိတို့ ဆရာ

www.burmeseclassic.com

www.burmeseclassic.com

မှောက်ထားသည့် အရာကိုသာလျှင် လှန်၍ ပြုလုပ်ရမည် ဖြစ်၏။ လှန်ထားသောအရာကို မမှောက်ရ။ အကယ်၍ မှားမှားယွင်းယွင်းနှင့် မိမိတို့၏ဆန္ဒအရ ပြုလုပ်ခဲ့မိမည်ဆိုလျှင် ယခင်ကလုပ်ထားသော ယတြာသည် လုံးဝပျက်စီး၍ ပိုမိုသော ဆိုးကျိုးများကို ခံစားရပေလိမ့်မည်။

များနှင့်ပြုလုပ်သော ယတြာများ မအောင်မမြင်ဖြစ်နေသည့်အတွက် စိတ်ပင်ပန်းကိုယ်ပင်ပန်း ဖြစ်နေခြင်းကို ကိုယ်ချင်းစာသော စေတနာမေတ္တာဖြင့် ပြုလုပ်သောယတြာ အောင်မြင်စေရန် ဤယတြာအောင် အစီအမံကို ဖော်ပြလိုက်ခြင်းဖြစ်ပေသည်။

ယတြာများအောင်မြင်စေရန် သင်၏အိမ်တစ်နေရာရာတွင် သင်နေ့စဉ်အသုံးပြုသော ခွက်၊ ဖလား၊ သောက်ရေခွက်၊ သုံးရေခွက်၊ ပန်းကန်၊ အိုး၊ ခွက် စသည်များကို ဆေးကြော၍ မှောက်ထားပေလိမ့်မည်။ ထိုမှောက်ထားသော ပစ္စည်းတစ်ခုခုအား အောက်ဖော်ပြပါ နာမည်ပိုင်ရှင်များသည် မိမိတို့နှင့်သက်ဆိုင်သော အရပ်မျက်နှာကို မျက်နှာပြု၍ ယခုပြုလုပ်ထားခဲ့သော ယတြာများ အမြန်ထိရောက်အောင်မြင်ခြင်း ဖြစ်ပါစေဟုပြော၍ ပက်လက်လှန်လိုက်ရမည်။ ထိုပက်လက်လှန်ထားသော ပစ္စည်းအား ၂၄ နာရီအတွင်း ပြန်လည်ကိုင်တွယ်အသုံးပြုခြင်း မပြုလုပ်ရပါ။ ထားနိုင်လျှင် သုံးရက်အတိထားခြင်းဖြင့် ပိုမို၍ထိရောက်အောင်မြင်ပေလိမ့်မည်။

**နာမည်အလိုက် မျက်နှာဆုတောင်းရမည့်အရပ်များ
နာမည်အရင်းလုံးများ**

(အ၊ က၊ ဆ၊ ဏ၊ ဓ၊ ဘ၊ ဝ) အစပြုထားသော နာမည်ပိုင်ရှင်များသည် အနောက်အရပ်မျက်နှာများကို မျက်နှာပြု၍လည်းကောင်း၊

(ခ၊ ဇ၊ ည၊ ဏ္ဍ၊ နှ၊ မ) အစပြုထားသော နာမည်ပိုင်ရှင်များသည် မြောက်အရပ်မျက်နှာများကို မျက်နှာပြု၍လည်းကောင်း၊

(ဉ၊ ဂ၊ င၊ တ၊ ပ၊ ရ) အစပြုထားသော နာမည်ပိုင်ရှင်များသည် ထောင့် (ဒေါင့်) အရပ်မျက်နှာများကို မျက်နှာပြု၍လည်းကောင်း၊

(င၊ ဃ၊ ဋ္ဌ၊ ထ၊ ဖ၊ ရ၊ သ) အစပြုထားသော နာမည်ပိုင်ရှင်များသည် အရှေ့အရပ်မျက်နှာများကို မျက်နှာပြု၍လည်းကောင်း၊

(ဩ၊ စ၊ ဋ၊ ဒ၊ ဗ၊ လ၊ ဟ) အစပြုထားသော နာမည်ပိုင်ရှင်များသည် တောင်အရပ်မျက်နှာများကို မျက်နှာပြု၍လည်းကောင်း ဆုတောင်းကြရမည်ဖြစ်၏။ ဆုတောင်းသောအခါ သက်ဆိုင်ရာပုဂ္ဂိုလ်များ သိပါစေဟူ၍ ပြောဆိုပြီး မိမိဖြစ်လိုသော ကိစ္စနှင့်ပတ်သက်၍ ပြုလုပ်ထားသော ယတြာရက်ပိုင်းအတွင်း အမြန်အောင်မြင်ပါစေဟူ၍ ပြောဆိုပြီး ပြုလုပ်ပါ။ ထိုယတြာပြုလုပ်သောအခါ ဘုရားကိုလည်းကောင်း၊ နတ်ကိုလည်းကောင်း၊ ဝိဇ္ဇာများကိုလည်းကောင်း အာရုံပြုရန် ဆုတောင်းရန် မလိုအပ်ပါ။ ၎င်းကို အထူးသတိထား၍ ပြုလုပ်ပါ။ ယုံယုံကြည်ကြည်နှင့် တိတိကျကျတစ်ကြိမ်ပဲ ပြုလုပ်ပါ။

မှတ်ချက် ။ ။ မှောက်ထားသည့် အရာကိုသာလျှင် လှန်၍ပြုလုပ်ရမည်ဖြစ်၏။ လှန်ထားသောအရာကို မမှောက်ရ။ အကယ်၍ မှားမှားယွင်းယွင်းနှင့် မိမိတို့၏ဆန္ဒအရ ပြုလုပ်ခဲ့မိမည်ဆိုလျှင် ယခင်ကလုပ်ထားသောယတြာသည် လုံးဝ ပျက်စီး၍ ပိုမိုသော ဆိုးကျိုးများကို ခံစားရပေလိမ့်မည်။ ဤစတိတိထိယတြာကို သံသယစိတ်နှင့် မယုံမကြည်ဖြစ်နေခဲ့လျှင် လုံးဝ မလုပ်ပါနှင့်။ ဤပညာကို ထုတ်ဖော်အသုံးချခဲ့သော ရှေးပညာရှင်ကြီးများကိုလည်း မစော်ကားပါနှင့်။ အကယ်၍ စော်ကားခဲ့မည်ဆိုလျှင် သင့်ထိုက်နှင့် သင့်ကံသာဖြစ်ပေလိမ့်မည်။

ကျေးဇူးရှင်အားရှိခိုးပါ၏။

သစ္စာဝါဒီဆရာမြတ်စောလင်း

၀၉-၄၂၁၀၉၁၃၉

www.burmeseclassic.com

www.burmeseclassic.com

လာဘ်ရှင်ငွေဝင် အောင်အိုး

ဂမ္ဘီရဆရာလှမျိုး(B.Sc)

တစ်နေ့တွင် ကျွန်ုပ်ဗေဒင်ဟောရာ နေအိမ်ဟောခန်းသို့ အမျိုးသမီးတစ်ဦး ရောက်ရှိလာပါသည်။ သူမသည် တာမွေ၊ ကျောက်မြောင်းဘက်တွင် နေထိုင်သူဖြစ်သည်။ အလုပ်အကိုင်ကတော့ အိမ်ခြံမြေတိုက်ခန်း ပွဲစားဖြစ်သည်။ အရင်ကတော့ တစ်ပတ်တစ်ခါ နဝင်းလာချေသည်။ အလုပ်လည်းဖြစ်သည်ဟု ပြောသည်။ ယခုတော့ အလုပ်အခြေအနေ မကောင်းဟု ဆိုလေ၏။

ပွဲစားအလုပ်ကို ယခုခေတ်မှာတော့ အကျိုးဆောင်လုပ်ငန်းဟု ခေါ်သည်။ ပွဲစားလောကကလည်း မျိုးစုံသည်။ အိမ်ဖော်ရှာပေးသော အလုပ်သမားရှာဖွေပေးသော လူပွဲစားဆိုတာလည်း ရှိသည်။ အကျိုးဆောင်အလုပ်မှာ ရလျှင်လည်း ဆက်တိုက်ရတတ်ပြီး ပြတ်လျှင်လည်း လနှင့်ချီပြတ်နေတာလည်း တွေ့ရတတ်သည်။ အချို့အကျိုးဆောင်သူလည်း ကတိသစ္စာ တည်ကြသည်။ အချို့လည်း တစ်ခါစား နှစ်ဖက်ခွစားတတ်ကြသည်။ ပွဲစားနှင့် အကျိုးဆောင် နာမည်ကွဲသော်လည်း အလုပ်သဘောတူသည်။ ယနေ့ ခေတ်ကာလပြောင်းသည် ဆိုသော်လည်း တရားရုံး၊ စည်ပင်ရုံး၊ မြေဂရံ မှတ်ပုံတင်ရုံး၊ ဆေးရုံကအစ ပွဲစားတွေ ရှိနေသေးသည်။

ယခုလည်း ပွဲစားဒေါ်တုတ်မှာ အလုပ်အဆင်မပြေ၍ လာဘ်တိတ်လာဘ်ပိတ်နေကြောင်း လာရောက်ပြောဆိုသည်။ အဆင်ပြေပြီး ငွေအစုလိုက်ရတုန်းကတော့ ငြိမ်နေတတ်ပါသည်။ ဒါကလည်း သဘာဝလိုဖြစ်နေသလား မသိ။ အရေးကြုံမှ ဆရာ့ထံရောက်လာတတ်တာ ဓမ္မတာ။

"ဆရာ...လာဘ်ပိတ်လို့ စိတ်ညစ်နေတယ်။ ကယ်ပါဦး ဆရာ"

"ဆရာကယ်ပါတော့ မပြောနဲ့နော်"

"ဟုတ်ကဲ့...ကူညီပါ။ အကြံပေးပါ ဆရာ"

အချို့က အလွယ်တကူ ဆရာကယ်ပါ၊ ဆရာကယ်ပါဟု ပြောတတ်ကြသည်။ ကယ်ပါနဲ့ သူတောင်းစား သဘောတရား တူညီနေပါသည်။ ဆရာကြီးတစ်ယောက်ကို အမျိုးသမီးတစ်ဦးက ဆရာကယ်ပါ ပြောသောအခါ ထိုဆရာကြီးက ကျုပ်ကယ်ပါမဟုတ်ဘူး ခင်ဗျားသာ သူတောင်းစားဟု ပြောဆိုကြောင်း တစ်ဆင့်စကား ကြားဖူးသည်။ ဟုတ်၊ မဟုတ်တော့ မသိပေ။ ယခုလာဘ်ပိတ်နေသော ဒေါ်ဝတုတ်အား အစီအရင်တစ်ခု ပေးလိုက်သည်။ သူမလည်း သေချာမှတ်ကာ ပြန်သွားသည်။ တစ်လခန့်အကြာတွင် ကော်ဖီမစ်၊ မုန့်နှင့် ပုဆိုးတစ်ထည် လာကန်တော့သည်။ လာဘ်တွေဝင်လို့ လာကန်တော့တာ သေချာသည်။

"တိုက်ခန်းတစ်လုံး အရောင်းအဝယ်ဖြစ်တယ်။ တစ်လုံးက အငှားဖြစ်တယ် ဆရာရေ။ ဆရာပေးတဲ့ယတြာ မပြတ်လုပ်လိုက်တယ်။ ဆယ်ကြိမ်လုပ်ပြီးတာနဲ့ ထူးတာပါပဲ ဆရာ"

ဟု အဆက်မပြတ် ပြောဆိုလေ၏။

"ဝမ်းသာပါတယ် မဝတုတ်ရယ်။ ဆရာ့အတွက် အရေးမကြီးပါဘူး။ မဝတုတ် အဆင်ပြေဖို့သာ အဓိကပါ"

အမှန်မှာ သူ၏အမည်ရင်း ရှိသော်လည်း ခန္ဓာကိုယ်ဝတုတ်နေ၍ မဝတုတ်ဟု ခေါ်ခြင်းဖြစ်သည်။ သူမသည် ငွေဝင်လာပါက စိတ်ချမ်းသာပြီး ပျော်ပျော်ပါးပါး သုံးစွဲတတ်သည်။ ငွေကို စည်းကမ်းမဲ့ မဖြုန်းရန် သတိပေးပါသည်။

မဝတုတ်ကိုပေးလိုက်သော ယတြာမှာ အင်္ဂဝိဇ္ဇာပညာလာ ပဥ္စပွတ်၊ ဆပွတ်ယတြာဖြစ်ပါသည်။ သစ်တံခါးဆရာတော်က ဘာနေ့သားသမီးမဆို လာဘ်ပိတ်၍ စိတ်ညစ်နေပါကဟု ခေါင်းစဉ်ရေးသား ဖော်ပြဖူးသည်။ စာရေးသူမှ ငွေဝင်လာဘ်ရှင် အောင်အိုးစီရင်နည်းဟု သတ်မှတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

"ငွေဝင်လာဘ်ရွှင်အောင်အိုး"

လာဘ်ပွင့်ငွေဝင်ယတြာအစီအရင်၊ မည်သည့်နေ့သား သမီးမဆို လာဘ်ပွင့်ငွေဝင် အစီအရင် ဆောင်ရွက်မည်ဆိုပါက မိမိမွေးနေ့ မနက်ပိုင်း ၉ နာရီ ၄၅ မိနစ် (သို့မဟုတ်) ၁၀ နာရီ ၁၀ မိနစ်တွင် ဆောင်ရွက်ပါ။ ထူးခြားစွာ လာဘ်ပွင့်၍ ငွေဝင်ကာ အဆင်ပြေပါမည်။

ဆောင်ရွက်ပုံ

ပြုလုပ်ရန် - ကြေးအိုး၊ အောင်အိုး၊ ငွေရောင်အိုး ပြုလုပ်ပါ။ အဆင်မပြေပါက မြေအိုး၊ အောင်အိုးလုပ်ပါ။ အောင်အိုးပတ်လည်တွင် စ၊ ဓ၊ ဗ၊ ဝ အောင်လာဘ်ရွှင်စေ ငွေဝင်စေ၊ ရန်ကင်းစေ၊ အောင်မြင်စေ၊ အကြွေးရစေ မိမိလိုရာဆန္ဒကို ရေးပါ။ ထုံး၊ ဆေး၊ ဆော့ပင် အဆင်ပြေရာနှင့် ထင်ရှားအောင်ရေးပါ။ ဈေးဆိုင်ဆိုပါကလည်း ဈေးရောင်းကောင်းစေဟု ရေးပါ။

တနင်္ဂနွေသားသမီးဖြစ်ပါက ပျဉ်းမညွန့်၊ အရွက်တစ်မျိုး ၁၉ ညွန့်၊ ၁၉ ရွက်၊ သီဟိုဠ် ၂၁ ညွန့်၊ ၂၁ ရွက်



www.burmeseclassic.com

www.burmeseclassic.com

(တနင်္ဂနွေသားသမီးအတွက် နမူနာပြပုံပါ)
ခုနစ်နေ့သားသမီးအားလုံးအတွက် ပြုလုပ်ပုံ

နေ့သားသမီး	ပဥ္စပွတ်		ဆပွတ်	
တနင်္ဂနွေသားသမီး	ပျဉ်းမ	၁၉ ညွန့်	သီဟိုဠ်	၂၁ ညွန့်
တနင်္လာသားသမီး	သီဟိုဠ်	၂၁ ညွန့်	ထန်း	၁၀ ညွန့်
အင်္ဂါသားသမီး	ထန်း/ဒန်း	၁၀ ညွန့်	အုန်း	၆ ညွန့်
ဗုဒ္ဓဟူးသားသမီး	အုန်း	၆ ညွန့်	ကံ့ကော်	၁၅ ညွန့်
ကြာသပတေးသားသမီး	ကံ့ကော်	၁၅ ညွန့်	ဆီး	ဂ ညွန့်
သောကြာသားသမီး	ဆီး	ဂ ညွန့်	ရွှက်လှ	၁၇ ညွန့်
စနေသားသမီး	ရွှက်လှ	၁၇ ညွန့်	ပျဉ်းမ	၁၉ ညွန့်

နှစ်မျိုးပေါင်းကာ အောင်အိုးထဲကိုထည့်ပြီး ဘုရားအာရုံပြုကာ လေဝင်လေထွက်ကောင်းသော အမြင့်တစ်နေရာတွင် ဆွဲထား (သို့မဟုတ်) တင်ထားပါ။ သုံးရက်မှ တစ်ကြိမ်လဲပေးပါ။ ရေလည်းပေးပါ။ အရွင်ခြောက်နွမ်းလျှင် အသစ်လဲပေးပါ။ တစ်ပတ် နှစ်ကြိမ် ပြုလုပ်ပါ။ ဥပမာ - တနင်္ဂနွေနေ့ပြုလုပ်ပြီး ဗုဒ္ဓဟူးနေ့ မနက်တစ်ကြိမ်လဲ၊ နောက်မွေးနေ့ပြန်လှူပါ။ ထူးခြားသိသာစေပါသည်။ အမြဲဆောင်ရွက်ပါကလည်း ကောင်းပါ၏။ မလုပ်နိုင်က ၁၀ ရက် ၁၀ ကြိမ် ဆောင်ရွက်လျှင်လည်း ရသည်။

ဥပမာ - သုံးရက်သုံးကြိမ်ဆိုပါက ၁၀ ရက်ဟု မှတ်ယူပါ။

မှတ်ချက် ။ အညွန့်ပန်းများကို ပဥ္စပွတ်နှင့် ဆပွတ်တွဲပြီး ပညတ်ဖော်ယူ၍ မထိုးမိရန် ဂရုစိုက်ပါ။ ဥပမာ - အုန်း + ကံ့ကော်အစား ၁၂ အင်ကြင်း ညွန့်မထိုးရဟု ဆိုလိုပါသည်။ ဒါက မိမိမှာ ပိတ်ဆို့နေသော ကံကိုဖော်ပြီး ဓရဏာအားဖြင့် မြှင့်တင်သောနည်းစနစ် ဖြစ်ပါ၏။ အတော်ကောင်းပါ၏။ တကယ်လာဘ်ပိတ်ပြီး စိတ်ညစ်နေရသူများ သေချာသတိထားပြီး ၁၀ ရက် အဓိဋ္ဌာန်ပြုကာ ဆောင်ရွက်ကြပါ။ ထူးခြားစွာ လာဘ်ပွင့်ပြီး စိတ်အေးရပါမည်။

ရွတ်ရမည့် လာဘ်ခေါ်မန္တန်

အရဟံ
ဗုဒ္ဓေါ အရဟံ
အရဟံ ဗုဒ္ဓေါ
ဗုဒ္ဓသ ဂုဏာ တေဇသာ။
သဗ္ဗ သိဒ္ဓိ လာဘံ မေ ဘဝိဿတိ။

ပုတီးစိပ်လည်း ပါပါ၏။ အမြဲရွတ်ပွားပါကလည်း ကောင်းပါ၏။ ဆောင်ရွက်သော တပည့် ဒကာ၊ ဒကာမ အပေါင်းအားလည်း ကံမြင့်၊ လာဘ်ပွင့်၍ အေးချမ်းသော ဘဝပိုင်ရှင်၊ သာယာသော ဘဝပိုင်ရှင် ဖြစ်နိုင်ကြပါစေဟု မေတ္တာပို့သလျက်ဟု သစ်တံခါးဆရာတော်မှ ရေးသားထားပါသည်။

ဂမ္ဘီရဆရာလုမျိုး(B.Sc)
၀၉-၄၂၀၀၄၇၈၆၉

www.burmeseclassic.com

www.burmeseclassic.com

ရောင်းဝယ်စည်ကား စီးပွားကောင်းယတြာများ

မော်တင်သိန်းဇော်ဇ

ပွဲရုံများ၊ ဈေးဆိုင်များ၊ သိုလှောင်ရုံများ၊ ပွဲဈေးများ၊ ရာဖြတ်ဌာနများ၊ ပွဲစားတန်းများ၊ ရုံပွဲ၊ ဇာတ်ပွဲ၊ အငြိမ့်သဘင်များ၊ စားသောက်ဆိုင်များ၊ ဘုရားပွဲဈေးတန်းများ၊ ထမင်းဆိုင်၊ ကစားရုံ၊ လက်ဖက်ရည်ဆိုင်များ၊ စီးပွားရေးလုပ်ငန်းများနှင့် ဆိုင်ရာနေရာများတွင် လူဝင်ရန်၊ လူစည်ရန် အရောင်းအဝယ် ကောင်းရန်၊ ဈေးခေါ်ကောင်းရန်၊ ပွဲတိုက်ရန်တို့အတွက် ကောင်းမြတ်သော ယတြာနှင့် ဓာတ်ဆင်များကို ကြိုးပမ်းလုပ်ဆောင်လေ့ရှိတတ်ကြပါသည်။ ပညတ်၊ ပြုပတ်၊ ကက်ကင်း၊ နိမိတ်နေ့နံဆိုင်ရာများ စီရင်၊ ဓာတ်ဆင် ယတြာပြုကြပါသည်။

ဥပမာအားဖြင့် ကြည့်ရှုအားပေး ဝယ်ယူသူများအနေနှင့် ဝက်ဝက်ကွဲ တစ်အုပ်တစ်မကြီး လာရောက်ကြည့်ရှု အားပေးဝယ်ယူရန်အတွက် လူလာဘ်လာဘနံ့သင့်အသားဖြစ်သော ဝက်သားဟင်းလျာ ဆွမ်းဟင်းများကို ကပ်လှူဒါနပြုခြင်း၊ ပေါက်မြောက်ရန်နှင့် စည်ကားရန် ပေါက်စီ၊ မုန့်ခဲဆွမ်းများကို ကပ်လှူဒါနပြုခြင်း၊ လောက်ငအောင် ငါးသလောက်ဟင်းလျာ ဆွမ်းဟင်းများကို ကပ်လှူဒါနပြုခြင်း၊ ရောင်းကုန်ပစ္စည်းများ ပေါက်မြောက်ရန် ပေါက်ပေါက်ဆွမ်းတော်များ ကပ်လှူဒါနပြုခြင်း၊ အပြိုင်အဆိုင်ရောင်းဝယ်၍ ကြော်ငြာပြီး ဈေးပြိုင်ကိစ္စများ အောင်မြင်ရေးအတွက် တိုက်နိုင်ယန်းဟု အဆိုရှိသော ဒေါနပန်းများ ကပ်လှူ ဆုတောင်းခြင်း၊ အရောင်းအဝယ်နှင့် အယှဉ်အပြိုင်များ အောင်မြင်သောကောင်းရန်အတွက် ဗယာကြော်၊ ရွှေရင်အေးစသည့် ပညတ်ကောင်းနှင့် ပြုပတ် အမည်နာမ နံအသံတို့နှင့် ဆိုင်ရာ စားသောက်ဖွယ်များ ကပ်လှူခြင်း၊ သပြေ၊ ခရေ၊ ကံ့ကော်၊ စိန်ခြယ်၊ ဂန္ဓမာ၊ စံပယ်ပန်းများ ကပ်လှူခြင်း၊ ဈေးခေါ်ဈေးရောင်းကောင်းရန် ဆေးကြိုတ်ဓော်ဂျီရုပ်တု၊ ဇီးကွက်ရုပ်၊ ပစ်တိုင်းထောင်ရုပ်များ၊ စွန်ငှက်ရုပ်၊ ပိတောက်သားနှင့် ပိတုန်းရုပ်၊ ပလွေများ ထားရှိဆောင်သခြင်း၊ ယာဉ်ကားတို့ ဘေးကင်းလုံခြုံ အပြေးအဆွဲကောင်းရန် ဩဇာသားနှင့် နဂါးရုံဘုရားရုပ်တုများ ထားရှိခြင်း၊ ရွှေငွေဝင်ရန် ရွှေ၊ငွေပန်းများ ကပ်လှူခြင်း၊ အစွမ်းထက် ဂါထာမန္တန်များ ရွတ်ဖတ်ခြင်းများ စသော ယတြာနှင့် ဓာတ်ဆင်များကို လုပ်ဆောင်စီရင်လေ့ရှိပါသည်။

နတ်ပိုင်းဆိုင်ရာအနေနှင့်လည်း အိမ်တွင်းနတ်အုန်းတော်နှန်းကို ပူဇော်ပသကာ နတ်အုန်းမှ ရွှေယပ်တော်နှင့် မစဝယ်ယူ အကျိုးပေးမည့်သူနှင့် လိုလားတောင့်တ ကြိုးပမ်းရာတို့ လာရောက်ကြစေရန် အိမ်တွင်းအိမ်ထဲဖက်ဆီသို့ ဆုတောင်းလျက် ငါးချက်တိတိ ခတ်ခြင်းများလည်း ရှိပါသည်။

ထိုအတူ ဝယ်ယူအားပေးသူများတို့ အထူးတလည်မျှ လာရောက်ဆက်သွယ် ကမ်းလှမ်းကြပြီး စည်ကားပြည့်လျှံ တိုးပွားရန်အတွက် ထက်မြက်စူးရှအောင်မြင်သော လူစည်ကားစေသော ယတြာဓာတ်ဆင်ကောင်းတစ်ရပ်လည်း ရှိပါသည်။ ထိုလူစည်ကားယတြာဓာတ်ဆင်မွန်များ သက်ဆိုင်ရာ ကျမ်းမြတ်တော်လာအရ ရေဆိပ်မြေ၊ ပွဲဈေးတန်းကလမ်းမြေ၊ လမ်းဆုံလမ်းခွမြေတို့ကို စုစည်းကာ ယှင်ပေါင်းစုပြီး အိမ်ခြံဝင်းရှေ့၌ဖြစ်စေ၊ မြေပန်းအိုးထဲ၌ဖြစ်စေ ထည့်မြှုပ်၍ နေ့စဉ် ရေလောင်းပြီး ဆုမွန်ဆန္ဒကောင်းများ တောင်းခံသည့် ယတြာဓာတ်ဆင် အစီအရင်နည်းကောင်းပင် ဖြစ်ပါသည်။ အခြားမှုကွဲအဖြစ် လူစည်ကားရန် အင်္ဂါနှင့် ဗုဒ္ဓဟူးနံသင့်များနှင့် ကက်ကင်း မိတ်ဓာတ် ဓာတ်တူအဆောင်ဖြစ်သော ညောင်ရွက် ချိတ်ဆွဲထားခြင်း၊ ရေစစ်ထောင်ချိတ်၍ထားခြင်း စသော ယတြာဓာတ်ဆင်များလည်း ရှိပါသည်။ အကျိုးမျှော်၍ ဂါရဝမွန်နှင့် လေးမြတ်ရိုကျိုးစွာ ဩဝါဒလာများ၊ ကျမ်းမြတ်ပါများ၊ စာတွေနှင့် ကိုယ်တွေ့တို့ကို စုစည်း၍ တင်ပြအပ်ပါသည်။ ပွဲတိုက်ဈေးခေါ်ကောင်း၊ ရောင်းဝယ်သူစည်ကား၊ လာဘ်လာဘရွှင်လန်း ထွက်ကုန်ထုတ်ကုန်များ ထွက်ရှိကြ၍ စီးပွားရေးများ ကောင်းမွန်ကြကာ စီးပွားဥစ္စာ ရွှေငွေရတနာများ တိုးပွားစေကြရန် ဖြစ်ပါသည်။

တင်ပြပါ လူစည်ကားစေသော ယတြာဓာတ်ဆင် နည်းမွန်များမှာ ကြီးမြတ်တန်ဖိုးကြီးရှားပါးသော နည်းကောင်းဖြစ်ပါသည်။

ဝန်ခံချက် ။ ဆရာတော်ဘုရားကြီး အရှင်ဦးပညာသဒ္ဓမ္မဇောတိကဓဇ ပြုစုအပ်သော "အသက်ကယ်ပညာလောကီဗေဒင်ကျမ်း"ပါ ဩဝါဒစရိယာမွန်ကို ကိုးကားမှီငြမ်းယူ ကူးယူ၍ တင်ပြခြင်း ဖြစ်ပါသည်။ ■

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းတန်ခိုးအလွန်ကြွယ်

ဆံ၊ ဓာတ်၊ မွေ စွယ်တော်များ

မော်တင်သိန်းဇော်ဇ

မြန်မာပြည်အနှံ့အပြားတို့နှင့် တရုတ်၊ သီဟို၊ အိန္ဒိယ၊ နီပေါ စသဖြင့် ကမ္ဘာ့အရပ်ရပ်ရှိ နေရာဒေသ သာသနိက တို့၌ ပွင့်ထွန်းတော်မူခဲ့ပြီးဖြစ်သော ဘုရားကျောင်းတို့၏ ဆံတော်မြတ်၊ ဓာတ်တော်မြတ်၊ မွေတော်မြတ်တို့နှင့် စွယ်တော်မြတ်၊ စွယ်တော်ပွားများအပါအဝင်တို့ အသီးသီး အသက အနန္တမျှ ကိန်းဝပ်စံပျော် သီတင်းသုံးနေတော်မူကြပါသည်။ ယင်း ဆံ၊ ဓာတ်၊ မွေ၊ စွယ်တော်မြတ်တို့ ကိန်းဝပ်စံပျော်တော်မူရာ မြန်မာပြည်အနှံ့အပြား၌ ရှိကြကုန်သော ကိန်းဝပ်စံပျော် သီတင်းသုံးနေတော်မူသော ထွဋ်မြတ်ထင်ရှား ဘုန်းတန်ခိုးတော်တို့ ကြီးမားလွန်းသော စေတီပုထိုးဘုရားတို့နှင့် မြန်မာပြည်ရှိ နေရာ တန်ဆောင်း မြို့နယ်များကို အကျဉ်းအားဖြင့် လက်လှမ်းမီသရွေ့ ပူဇော် တင်ပြပါမည်။ ဆိုင်ရာဆိုင်ရာ သမိုင်းစာမြတ်တော်လာအရ ကောက်နုတ်တင်ပြပါမည်။

(၁) ရွှေတိဂုံစေတီတော်မြတ်ကြီး၌

(က) ဂေါတမဘုရားရှင်၏ (ဆံတော်တစ်ဆူ)၊ (ခ) ကကုသန်ဘုရားရှင်၏ (တောင်ဝှေးတော်)၊ (ဂ) ကောဏာဂုံဘုရားရှင်၏ (မွေကလိုဏ်ရေစစ်တော်)၊ (ဃ) ကဿပဘုရားရှင်၏ (ရေသနုပ်ရေစစ်တော်)

(၂) ပြည်မြို့ရွှေဆံတော်စေတီတော်မြတ်ကြီး၌

(က) ကကုသန်ဘုရားရှင်၏ (ဒုကုဋ်သင်္ကန်းတော်)၊ (ခ) ကောဏာဂုံဘုရားရှင်၏ (အံသကိုဋ်တော်)၊ (ဂ) ကဿပဘုရားရှင်၏ (ခါးပန်းတော်)၊ (ဃ) ဂေါတမဘုရားရှင်၏ (ဆံတော်လေးဆူ)

အချို့သော သမိုင်းမြတ်တော်တွင် နိသီဒိုင်ဓမ္မကွန်အခင်းတော်မြတ်ပါ ရှိနေတော်မူကြောင်းကို ဖွင့်ဆိုပြထားပါသည်။

(၃) သထုံမြို့ ရွှေစာရံစေတီတော်မြတ်ကြီး၌

(က) ကကုသန်ဘုရားရှင်၏ (ဆံတော်ရှစ်ဆူ)၊ (ခ) ကောဏာဂုံဘုရားရှင်၏ (တောင်ဝှေးတော်)၊ (ဂ) ကဿပဘုရားရှင်၏ (မြသပိတ်တော်)၊ (ဃ) ဂေါတမဘုရားရှင်၏ (သွားတော်မြတ်လေးဆူ)

(၄) ပဲခူးမြို့ရွှေမော်ဓောစေတီတော်မြတ်ကြီး၌

ဂေါတမဘုရားရှင်၏ (ဆံတော်မြတ်ရှစ်ဆူ)

(၅) ပဲခူးမြို့ မဟာစေတီတော်မြတ်ကြီး၌

(က) ရွှေအဆင်းတော်ရှိ (သရီရဓာတ်တော် ၆၀ ဆူ)၊ (ခ) ပုလဲအဆင်းတော်ရှိ (သရီရဓာတ်တော် ၇၂၅ ဆူ)၊ (ဂ) မြတ်လေးငုံပန်းအဆင်းတော်ရှိ (သရီရဓာတ်တော် ၁၂၉၁ ဆူ)၊ (ဃ) စွယ်တော်မြတ်ပွား လေးဆူ

(၆) တွံတေးမြို့ ရွှေဆံတော်မြတ်ကြီး၌

ဂေါတမဘုရားရှင်၏ (ဆံတော်ခြောက်ဆူ)

(၇) ပုဂံရွှေစည်းခုံစေတီတော်မြတ်ကြီး၌

(က) ဂေါတမဘုရားရှင်၏ (နဖူးသင်းကျစ်တော်တစ်ဆူ)၊ (ခ) သီဟိုဠ်စွယ်တော်ပွား တစ်ဆူ၊

(ဂ) ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၌

ဂေါတမဘုရားရှင်၏ (ဓာတ်တော်၊ မွေတော်၊ အံတော်၊ ညှပ်ရိုးတော်နှင့် ဒက္ခိဏသာခါတော် တစ်ဆူ)

(၉) ဇင်းကျိုက်တောင်တော်စေတီတော်မြတ်ကြီး၌

(ဂေါတမဘုရားရှင်၏ ဆံတော်တစ်ဆူ)

www.burmeseclassic.com

www.burmeseclassic.com

ဇွဲကပင်တောင်တော် စေတီတော်မြတ်ကြီး၌ (ဂေါတမဘုရားရှင်၏ ဆံတော်တစ်ဆူ)

ကေလာသတောင်တော်စေတီတော်မြတ်ကြီး၌ (ဂေါတမဘုရားရှင်၏ ဆံတော်တစ်ဆူ)

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၌ (ဂေါတမဘုရားရှင်၏ ဆံတော်တစ်ဆူ)

(၁၀) မုံရွာမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး၌ (သီရိဓမ္မာသောကမင်းကြီး လှူဒါန်းပူဇော်အပ်သော ရှေးဘုရားရှင်တို့၏ ဓာတ်တော်မွေတော်များ)

(၁၁) စွယ်တော်ပွားများ ကိန်းဝပ်စံပယ်သီတင်းသုံးတော်မူရာများ

(က) ပုဂံရွှေစည်းခုံ၌ သီဟိုဠ်စွယ်တော်ပွား တစ်ဆူ၊ (ခ) တန့်ကြည့်တောင်၌ တစ်ဆူ၊ (ဂ) လောကနန္ဒာစေတီတော်မြတ်၌ တစ်ဆူ၊ (ဃ) တူရွင်းတောင်၌ တစ်ဆူ၊ (င) ပြက်တောင်၌ တစ်ဆူ၊ (စ) ပြည်ရွှေဆံတော်တန်ဆောင်းအတွင်း၌ တစ်ဆူ၊ (ဆ) ပေါင်းတည်မြို့၌ တစ်ဆူ၊ (ဇ) ရန်ကုန်မရမ်းကုန်းမြို့နယ်တွင် တစ်ဆူ၊ (ဈ) ရန်ကုန် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ တစ်ဆူ၊ (ည) မန္တလေးမြို့၌ တစ်ဆူ၊ (ဋ) အခြားမြို့နယ်များ၌လည်း စွယ်တော်ပွားများ ပင့်ဆောင်ကြွတော်မူ၍ တိုးပွားကိန်းဝပ်နေတော်မူကြပါသည်။

(၁၂) ရောဝတီတိုင်း မြတ်မော်တင်စွန်း စေတီတော်မြတ်၌ (ဂေါတမဘုရားရှင်၏ ဆံတော်မြတ်ရှစ်ဆူ)တို့ ကိန်းဝပ်စံပျော် သီတင်းသုံးတော်မူနေကြပါသည်။

အထက်တင်ပြပါ ပွင့်ထွန်းတော်မူခဲ့ပြီးဖြစ်ကြသော မြတ်စွာဘုရားရှင်တော်မြတ် အသီးသီး အသကတို့၏ ဆံတော်၊ ဓာတ်တော်၊ မွေတော်၊ စွယ်တော်မြတ်များကို ရှိခိုးပူဇော်ကန်တော့ဆုပန်ကြခြင်းအားဖြင့် ကြီးမြတ်လှစွာသော မြတ်သော ကောင်းကျိုးချမ်းသာများ ဖြစ်တည်၏။ မြင့်မြတ်သောအဆင်းသို့ ရောက်ရှိခြင်း၊ စီးပွားကောင်းတို့နှင့် ကောင်းကျိုးချမ်းသာအကြောင်းတရားတို့ကို ခံစားရရှိခြင်း၊ ဇေယမင်္ဂလာကြီးစွာသော အောင်ခြင်းမင်္ဂလာ အောင်ကြောင်းအဖြာဖြာတို့ကို ရရှိခံစားဖြစ်တည်ရခြင်း စသော အတုလဲမရှိ ကြီးမြတ်ထင်ရှား ထူးကဲနက်နဲသော အကျိုးကျေးဇူး ရလာဒ်ထူးတို့ကို ရရှိခံစားရတတ်ကြပါသည်။ ဆရာတော်ကြီး ဦးဗုဓ်နှင့် အုတ်ကျောင်းဆရာတော်ကြီးတို့၏ ကြီးမြတ်လှသော ဓာတ်တော်ရှိခိုးဂါထာတော်မြတ်တို့ကိုလည်း ယှဉ်တွဲ၍ တင်ပြအပ်ပါသည်။

ဓာတ်တော်ရှိခိုး ဂါထာတော်မြတ်များ

နလင်္ဂ၊ စတုရော၊ ဒါဌာ၊ ဒွေ အက္ခာဝိန ဓာတုယော။
အသမ္ဘိန္နာ၊ ဣမာသတ္တ၊ သေသာ၊ ဝိန္နာဝိ၊ ဓာတုယော။
တာဝတိံသေ၊ ကောဒါဌာ၊ ကော၊ ဘုဇာ၊ ဖုရတော။
ဂန္ဓာရေ၊ ဒန္တပုရမှိ၊ ဧကဝိဝန္နာဝိ၊ ဓာတုယော။
ကောသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ စက္က၊ ဝါဠ၊ ပရမ္မရာ၊
ဒေဝါဟရိသု၊ ဧတေက၊ ဧကဝိ၊ ဝန္နာဝိ၊ ဓာတုယော။

(မှတ်ချက်။ ။ဂါထာအထက် လေးကြောင်းတော်မှာ ဆရာတော်ကြီးဦးဗုဓ်၏ ဂါထာတော်မြတ်များဟု လေ့လာကြည်ညိုမှတ်ယူရပါသည်။ ဂါထာတော်မြတ်တို့ပါ အနက်အဓိပ္ပာယ်မြတ်တော်တို့အနေနှင့် ဘုရားရှင်တို့၏ သင်းကျစ်တော်၊ စွယ်တော်၊ ညှပ်ရိုးတော်၊ ဆံတော်၊ မွေတော်နှင့် လက်သည်းတော်၊ ခြေသည်းတော်၊ သွားတော် စသည်တို့ကို လက်အုပ်ချီမိုး ရှိခိုးပူဇော်အပ်ပါကြောင်း ဖြစ်ခြင်းကို အကျဉ်းအားဖြင့် နာယူမှတ်သားရပါသည်။)

ပရိနိဗ္ဗာန် စံဝင်တော်မူပြီး ဖြစ်တော်မူကြကုန်သော ဘုရားရှင်တို့ကို သက်တော်ထင်ရှား ကိန်းဝပ်တော်မူသဲ ဘုရားရှင်တော်မြတ်များအဖြစ် စိတ်၌ကြည်ညို မှတ်ယူအာရုံညွှတ်ကျိုး သွတ်သွင်း၍ ကြွင်းကျန်တော်မူကြရာ ဆံတော် ဓာတ်တော် မွေတော် စွယ်တော်မြတ်တို့ကို တင်ပြပါ ဓာတ်တော်ရှိခိုးဂါထာတော်မြတ်နှင့် ရွတ်ပွားသရဇ္ဈာယ်ကန်တော့၍ ပူဇော်ဆုပန်နိုင်ကြပါသည့်အကြောင်းကို ဂါရဝမွန်နှင့် လေးမြတ်ရိုကျိုးစွာ တင်ပြအကြံပြုအပ်ပါသည်။ အထူးကြီးမြတ် ရှားပါးအဖိုးကြီးထိုက် ဗုဒ္ဓနုဿတိမြတ်ဝင် ဂါထာတော် ဓာတ်တော်ရှိခိုးတို့ကိုလည်း လေးမြတ်စွာနှင့် ရှာဖွေ၍ တင်ပြအပ်ပါသည်။

ဝန်ခံချက် ။ ။စတုဋ္ဌအကြိမ်ထွက် တနင်္သာရီတိုင်း ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်ရှိ အံတော်စံပျော်မြတ်ရှင်တော် စေတီတော်မြတ်ကြီး၏ သမိုင်းတော်သစ် ကျမ်းမြတ်ပါ စာမျက်နှာပေါင်း ၇၀ ရှိကို မှီငြမ်းကိုးကား ကူးယူ၍ လက်ဆင့်ကမ်း တင်ပြခြင်းဖြစ်ပါသည်။

မော်တင်သိန်းဇော်ဇ

www.burmeseclassic.com

www.burmeseclassic.com

ချက္ကရ (Chakra)

□ ကိုမောင်သန်းဝင်း

"ချက္ကရ" (Chakra) သည် သသ်ကရိုက်ဘာသာ စကားဖြစ်သည်။ မြန်မာလို "စခန်း" (စိတ်စွမ်းအင်စခန်း)ဖြစ်သည်။ စိတ်စွမ်းအင်ဆိုင်ရာ အဓိကစခန်း ခုနစ်နေရာရှိသည်။

(၁) အမြစ်အခြေစခန်း (Root Chakra)

ကျောရိုး၏ အောက်ခြေဘက်နားတွင်ရှိသည်။ မျိုးဆက်ဆင့်ပွားမှု အင်္ဂါများနှင့် ဆက်သွယ်နေသဖြင့် ဤစခန်းကို ဖန်တီးမှုစခန်းဟူ၍ အသိအမှတ်ပြုကြသည်။ ဤစခန်းသည် အောက်ပိုင်းစခန်းနှစ်ခုနှင့် လက်တွဲ၍ ထထကြွကြွ လုပ်ကိုင်နိုင်သော စွမ်းအင်ကို ပေးနိုင်ပါသည်။ ဤစခန်းကို သသ်ကရိုက်ဘာသာဖြင့် "မူလစာရချက္ကရ" (Muladhara Chakra) ဟု ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၂) သရက်ရွက်စခန်း (Sacral Chakra)

ခန္ဓာကိုယ်တွင်းမှ သရက်ရွက်ရှိသည့်နေရာ၌ ကျောရိုးတစ်လျှောက် တည်ရှိသည်။ စွမ်းအင်ကို သန့်စင်အောင်လုပ်ပေးသည်။ နိမ့်သော တုန်ခါမှုရှိသည့် စွမ်းအင်ကို မြင့်သောတုန်ခါမှုရှိသည့် စွမ်းအင်အဖြစ်လည်း ပြောင်းလဲပေးသော စခန်းဖြစ်သည်။ အောက်ပိုင်းစခန်းသုံးခုအနက်မှ အလယ်စခန်း ဖြစ်သည်နှင့်အညီ သူ၏လုပ်ငန်းမှာ အိမ်နီးချင်းစခန်းနှစ်ခု၏ လုပ်ငန်းများကို ထိန်း၍ ဆောင်ရွက်ပေးလေ၏။ သင်္သကရိုက်ဘာသာဖြင့်ဆိုသော် "ဆွာဓိရှိဌာနချက္ကရ" (Swadhishatana Chakra) ဟု ခေါ်သည်။

(၃) ဆိုလာပလက်ဆပ်စခန်း (Solar Chakra)

ဤစခန်းသည် ချက်တိုင်အနား "ဆိုလာပလက်ဆပ်" ဟု ခေါ်သည့် ကွန်ချာပုံအာရုံကြော၊ အကြောယှက်တစ်ဝိုက်တွင် တည်ရှိသည်။ စိတ်ရိုင်းများ ထကြွလွယ်သည့် စခန်းဟု ပညာရှင်တို့က ဆိုသည်။ အဖျက်သဘောဆောင်သည့် စိတ်ဇောများ ဖြစ်ကြသော ကြောက်ရွံ့မှု၊ မုန်းတီးမှု၊ ပူပန်မှု၊ တဏှာရာဂ၊ စိတ်ပျက်မှုတို့သည် ဤနေရာမှ ထွက်ပေါ်တတ်သည်ဟုလည်း ဆိုပါသည်။ အခြားလူများတွင် ဖြစ်ပေါ်သော အနိမ့်ပိုင်းခံစားမှု စိတ်ဇောများ၏ လှိုင်းကို ဖမ်းယူရရှိလွယ်ကူသော စခန်းဖြစ်သည်ဟူ၏။ ဤစခန်းကို သင်္သကရိုက်ဘာသာဖြင့် "မဏိပူရချက္ကရ" (Manipura Chakra) ဟု ခေါ်သည်။

(၄) နှလုံးသားစခန်း (Heart Chakra)

ခန္ဓာကိုယ်အတွင်းမှ နှလုံးသားနေရာတွင် တည်ရှိသည်။ ဗဟိုချက်မစခန်းဖြစ်သောကြောင့် အထက်တွင်ရှိသော စိတ်ဓာတ်ပိုင်းဆိုင်ရာ စခန်းများနှင့် အောက်တွင်ရှိသော ရုပ်ဓာတ်ပိုင်းဆိုင်ရာ စခန်းများကို မဲတင်ညှိနှိုင်းပေးသော စခန်းဖြစ်သည်။ အပြုသဘောဆောင်သည့် ခံစားမှုစိတ်ဇောများဖြစ်ကြကုန်သော မေတ္တာ၊ ကရုဏာ၊ စိတ်စွဲလမ်းဝင်စားမှုတို့ကို ရုပ်လောကအလွှာတွင် အသုံးချနိုင်လောက်သည့် စွမ်းအင်များဖြစ်အောင် ပြောင်းလဲဖန်တီးပေးသော စခန်းလည်း ဖြစ်သည်။

အနိမ့်ပိုင်းမှ ရုပ်ပိုင်းဆိုင်ရာ တွန်းပို့မှု အာရုံစိတ်နှင့် အမြင့်ပိုင်းမှ အသိဉာဏ်ပိုင်းဆိုင်ရာ အဇေးဓာတ်တို့အကြား မေတ္တာသည် ကောင်းမွန်လှသော ချိန်ခွင်လျှာဖြစ်ပေ၏။ သင်္သကရိုက်ဘာသာအားဖြင့် ဤစခန်းကို "အနာဟတချက္ကရ" (Anahata Chakra)ဟု ခေါ်သည်။

(၅) လည်ချောင်းစခန်း (Throat Chakra)

ဤစခန်းသည် သိုင်းရိုက်ဂလင်းဒေသတွင်ရှိသည်။ အမြင့်ပိုင်း စခန်းသုံးခုအနက် အောက်ဆုံးစခန်းဖြစ်ပြီး သူ၏ မူရင်းကွဲဖြစ်သော အမြစ်ခြေစခန်းကဲ့သို့ပင် ဖန်တီးမှုနှင့် ဆက်သွယ်နေ၏။ သို့ရာတွင် သူ၏ ဖန်တီးမှုမှာ အဆင့်မြင့်နက်နဲသော သဘောသဘာဝများဖြစ်ကြသည်။ ပန်းချီ၊ စာပေ၊ ဂီတ၊ သိပ္ပံဟူသည်တို့ ပါဝင်ပေ၏။ ဤစခန်းကို သင်္သကရိုက်ဘာသာအားဖြင့် "ဗိသုဒ္ဓစချက္ကရ" (Visuddha Chakra) ဟု ခေါ်သည်။

(၆) မျက်မှောင်စခန်း (Third Eye)

ယင်းစခန်းသည် မျက်မှောင်အထက်နားရှိ ပစ်ကျွစ်ထရီဂလင်းဒေသတွင် တည်ရှိသည်။ သူ၏ မူရင်းခွဲသရက်ရွက်စခန်းကဲ့သို့ပင် သူ၏ အိမ်နီးချင်းစခန်းနှစ်ခုအကြား စွမ်းအင်စီးဆင်းမှုကို သန့်စင်ခြင်း၊ ထိန်းပေးခြင်းများကို ပြုလုပ်၏။ ဤစခန်းကို ရှေးပညာရှိများက "ထွန်းလင်းတောက်ပမှုသို့ ဝင်ပေါက်"ဟူ၍ ခေါ်ဝေါ်ကြလေ၏။ အဘယ်ကြောင့်ဆိုသော် ဤစခန်းမှနေ၍ အမြင့်ဆုံးစခန်းသို့ တွန်းတင်ပေးနိုင်သောကြောင့် ဖြစ်ပါ၏။ သင်္သကရိုက်ဘာသာအားဖြင့် "အာဂျ်ညာ ချက္ကရ" (Ajna Chakra)ဟု ခေါ်၏။

(၇) ငယ်ထိပ်စခန်း (Crown Chakra)

ယင်းစခန်းသည် ပိုင်နီယယ်လ်ဘောဒီ (ဝါ) ပိုင်နီယယ်လ်ဂလင်းဒေသဖြစ်သော ငယ်ထိပ်၏ အောက်ဘက်နားတွင် တည်ရှိသည်။ ပိုင်နီယယ်လ်ဂလင်းသည် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်နိုင်မှု(ဝါ) စိတ်တန်ခိုးနှင့် အမြင့်ဆုံးသော စိတ်စွမ်းအင်ကို ရရှိနိုင်သော ကိရိယာတန်ဆာပလာဟု ဆိုကြသည် ဟူ၏။ ထိုစခန်းကိုဖြတ်၍ စီးဆင်းထွက်ပေါ်သော

www.burmeseclassic.com

www.burmeseclassic.com

သော စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ စွမ်းအားမှာ မယုံကြည်နိုင်လောက်အောင် အံ့ဩဖွယ်ကောင်းလှသည်ဟု ဆိုပါသည်။ ဤစခန်းကို သသ်ကရိုက်ဘာသာဖြင့် "ဆဟတ်စရာရချက္ကရ" (Sahasrara Chakra) ဟု ခေါ်သည်။

စိတ်စွမ်းအင်ဆိုင်ရာ လေ့ကျင့်ခြင်း

စိတ်စွမ်းအင်ပိုင်းဆိုင်ရာ လှုပ်ရှားလုပ်ကိုင်မှုကို တိုးမြှင့်တော့မည်ဆိုလျှင် အရေးကြီးဆုံးသည်ကား ချိန်ခွင်လျှာ ထိန်းထားနိုင်မှုပင် ဖြစ်ပေသည်။ ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးသည် စုပေါင်းအလုပ်လုပ်နေကြသောအခါတွင်မှသာ အပြည့်ဝဆုံး အကျိုးကျေးဇူးကို ကျွန်ုပ်တို့ ခံစားနိုင်ရသည် ဖြစ်ပေ၏။

ရုပ်ခန္ဓာ၊ စိတ်ခန္ဓာတို့ ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်နိုင်မှသာလျှင် လူသားတစ်ယောက်၏ စွမ်းရည်အပြည့် ဝဆုံး ပေါ်ထွက်နိုင်မည်သာ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ရုပ်ခန္ဓာ၊ စိတ်ခန္ဓာတို့ကိုညှိ၍ နှစ်ခုစလုံးတိုးတက်စေသည့် အစီအမံကို ဆောင်ရွက်လုပ်ကိုင်ကြရပါမည်။

အောက်ဖော်ပြပါ စိတ်စွမ်းအင်ဆိုင်ရာ လေ့ကျင့်ခန်းသည် စိတ်စွမ်းအင်ဆိုင်ရာ ပထမဆုံးလေ့ကျင့်ခန်းဖြစ်ပြီး သင်၏ စိတ်စွမ်းအင်ဆိုင်ရာ လှုပ်ရှားလုပ်ကိုင်မှုကိုခြုံ၍ ဟန်ချက်ညီညီ တိုးမြှင့်စေရန် စီစဉ်ထားသည်ဟူ၏။

သင့်အား အနှောင့်အယှက် မပေးနိုင်သည့်နေရာတွင် သက်သောင့်သက်သာပင် ထိုင်ခြင်း သို့တည်းမဟုတ် လဲလျောင်းခြင်းကို ပြုလုပ်ပါ။ ကိုယ်ခန္ဓာတစ်ခုလုံးက အကြောအခြင်များကို ဖြေလျှော့ပစ်လိုက်ပါ။ စိတ်ကိုလည်း တတ်နိုင်သရွေ့ ငြိမ်သက်အောင်ထားလိုက်ပါ။ ဤသို့ ပြုလုပ်ပြီးပြီဆိုပါလျှင် သင်၏ အမြစ်ခြေစခန်းဆီသို့ စိတ်အာရုံကို စုစည်းစူးစိုက်ထားလိုက်ပါ။ သင်၏ အသိတရားအားလုံးသည် ထိုတစ်နေရာတည်းတွင်ပင် စုရုံးရောက်ရှိနေသလို တွေးတောလိုက်ပါ။ အတွေးအားလုံး ခံစားမှုစိတ်ဇောအားလုံး အာရုံသိမှုအားလုံး ထိုနေရာတွင် စုပြုံရောက်ရှိနေပါစေ။

လေ့ကျင့်ပေးဖန်များသော် သင်၏ကျောရိုးအဆုံးအောက်ခြေနားတွင် ပူနွေးသော ကလိကလိ လှုပ်ရှားမှုလေးတွေကို သတိပြုမိလာပါလိမ့်မည်။ ဤသို့သော စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုကလေးကို ရပြီဆိုသော် ထိုစခန်းထဲတွင် မီးတောက်မီးလျှံကလေးသည် ရေဝဲသဏ္ဌာန် ရစ်ဝဲလှည့်လည်ရာက တဖြည်းဖြည်း ပို၍ပို၍ အရှိန်မြန်လာပုံကို အာရုံပြုပါ။ ဤကား စခန်းကို အားမြှင့်ပေးခြင်းဖြစ်ပါ၏။

ထိုအဆင့်သို့ ရောက်ပြီးသောအခါ ဤစွမ်းအင်ကို သင်၏ သရက်ရွက်စခန်းဆီသို့ ညွှန်း၍ပို့ပေးပါ။ ရစ်ဝဲလည်ပတ်နေသော မီးလျှံလေးအသွင်ဖြင့် တက်ရောက်လာရမည် ဖြစ်ပါသည်။ သင်၏ အာရုံသတိဟူသမျှကို သရက်ရွက်စခန်းသို့ ရွှေ့ပြောင်းပါ။ ထိုစခန်းတွင် မီးလျှံကလေးသည် ပို၍ပို၍ အားကောင်းလာပြီး ပို၍ပို၍ လည်ပတ်လာသည်ကို တွေးတောအာရုံပြုပါ။ ဤစခန်းကို ဖြတ်သန်းပေါ်ထွက်လာသော တိုးမြှင့်လာသည့် စွမ်းအားစီးဆင်းမှုကို ခံစားကြည့်ပါ။

ထိုအဆင့်၏နောက်တွင် ဤစွမ်းအင်ကို ဆိုလာပလက်စခန်းဆီသို့ ညွှန်းခေါ်သွားပြီး ယခင်နည်းအတိုင်း ပြုလုပ်ပေးပါ။ မီးလျှံအားကိုကောင်းစေ၍ ရစ်ဝဲလည်ပတ်တတ်လာပါစေ။ အဆင့်ဆင့်အားဖြင့် နှလုံးသားစခန်း၊ လည်ချောင်းစခန်း၊ မျက်မှောက်စခန်းများဆီသို့ အချိန်ကာလအလျောက် ရောက်ရှိလာပြီးနောက်ဆုံးတွင် ငယ်ထိပ်စခန်းရောက်သည်အထိ လေ့ကျင့်ပေးပါ။

သင်သည် လေ့ကျင့်ခန်းကို ဆက်လက်၍ ပြုလုပ်နေသည်နှင့်အမျှ သင့်တစ်ကိုယ်လုံးမှ စိတ်စွမ်းအင်များ စီးဆင်းမှုကို သင်သည် နှိုးဆွပေးလျက်ရှိသည်ကို သဘောပေါက်ပါ။ စိတ်စွမ်းအင်စခန်းများမှတစ်ဆင့် သင့်ဆီရောက်နေသော စွမ်းအင်များမှာ တကယ်တော့ စကြဝဠာမှ လာနေခြင်းဖြစ်သည်။

ထို့ကြောင့် အကယ်၍ သင်၏ ခန္ဓာကိုယ် အစိတ်အပိုင်းအချို့ အလုပ်မလုပ်ဘူးဟုဆိုလျှင် ထိုစကြဝဠာမှ လာသော စွမ်းအင်များ၏ အကူအညီကို ရယူနိုင်ပါ၏။ စိတ်စွမ်းအင်စခန်းတစ်ခုတွင် အမြင့်ဆုံး တုန်ခါမှုဖြစ်ပေါ်လာပြီဟုဆိုလျှင် ထိုစွမ်းအင်မှ ရောဂါပျောက်စေသည့် ကုသမှုစွမ်းအင်ကို ရောဂါရသော ကိုယ်ခန္ဓာအစိတ်အပိုင်းဆီသို့ ပို့လွှတ်ပြီး ကုသရသည်။

ကုသမှုပြီးစီးသော ကာလတွင်မှ စိတ်စွမ်းအင်ကို နောက်စခန်းတစ်ခုဆီသို့ ဆက်လက်တက်စေရပါမည်။ ဤ

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် သင်၏ ခန္ဓာကိုယ်တွင် ကုသလိုသည့် အစိတ်အပိုင်းကို စိတ်စွမ်းအင်၏ တုန်ခါမှု ခုနစ်မျိုး ကွဲပြားသော နှုန်းများဖြင့် ကုသရာရောက်လေရာ ထိုရောဂါသင့် အစိတ်အပိုင်းသည် မုချပင် တိုးတက်ကောင်းမွန်လာပေလိမ့်မည်။

ကျန်းမာရေးဟူသည်မှာ ရုပ်ခန္ဓာဆိုင်ရာ ကိစ္စသက်သက်မဟုတ်ပါ။ စိတ်ပိုင်းဆိုင်ရာ၊ စိတ်အတွင်းပိုင်းဆိုင်ရာ တို့ကလည်း ဟန်ချက်ညီညီ ပူးပေါင်းပါဝင်လာမှ ကျန်းမာရေးကောင်းပါ၏။ ထို့ကြောင့် လေ့ကျင့်မည်ဆိုပါလျှင် စခန်း ခုနစ်ခုစလုံးဆီသို့ စွမ်းအင်ရောက်ရှိအောင် ဆုံးခန်းတိုင် လေ့ကျင့်သင့်ပါကြောင်း။

ကိုမောင်သန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com

ရန်သူကို အောင်နိုင်နည်း

မောင်မောင်စိန်လင်း(နတ်မောက်)

ဗြဟ္မစိုဟာရ ကမ္မဋ္ဌာန်းစီးဖြန်းပွားများခြင်းဖြင့် အလွန်ထင်ရှားကျော်ကြားခဲ့သော သေက္ခုတောင်ဆရာတော်ကြီး၏ တပည့်တကာ၊ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့အား ဟောကြားပြသ သင်ဆုံးမသော မေတ္တာတရားတော်များကား အလွန်များပြားခဲ့ပါသည်။ မသိသူကျော်သွား သိသူဖော်စားဆိုသကဲ့သို့ ကျင့်သုံးပွားများ အားထုတ်ကြသော တပည့်တကာတို့မှာ အကျိုးများ တိုးပွားချမ်းသာကြပါသည်။

တပည့်တကာ ပုထုဇဉ်လူသားတို့တွင် ချစ်သူ၊ မုန်းသူ၊ မချစ်မနှစ်သက်သောသူ၊ မျက်မုန်းကျိုးစရာ ရန်သူတို့ ရှိတတ်ကြပေသည်။ ထို့ကြောင့် တပည့်တကာတို့အား ဆရာတော်ကြီးက ရန်သူကို အောင်နိုင်နည်း၊ မေတ္တာပွားပုံကိုလည်း ဟောကြားပြသ နည်းပေးခဲ့ပါသည်။

တပည့်တို့ မေတ္တာပွားများ ပို့သရာတွင် မိမိမေတ္တာပွားပို့နေသည့်အထဲတွင် မိမိက မုန်းသောသူ၊ မိမိအားမုန်းသူ၊ ရန်သူများ ရှိတတ်ကြပေသည်။ ထိုသို့သော မုန်းသူ၊ မချစ်မနှစ်သက်သူ ရန်သူရှိပါက ဒေါသစိတ်ဖြစ်ပေါ်လာပေမည်။ ဒေါသစိတ် ဖြစ်ပေါ်နေခဲ့လျှင် မကျေမနပ်ဖြစ်နေလျှင်

နသောဘိက္ခဝေ သတ္တော သုလဘရူပေါ
ယောန မာတာဘူတ ပုဗ္ဗော။

စသည့် ဘုရားရှင် ဟောကြားတော်မူသော (အနမ

www.burmeseclassic.com

www.burmeseclassic.com

တဂ္ဂသုတ်တော်မြတ်)အတိုင်း. . .

"မောင်မင်း ထိုရန်သူသည် မောင်မင်း၏ ရန်သူ မဟုတ်။ ရှေးရှေးဘဝတို့က အမိ၊ အဖ စသည်ဖြစ်၍ မောင်မင်းအား ကျေးဇူးပြုခဲ့ဖူးပြီ။ ဤစိတ်ထဲ၌ ဖြစ်ပေါ်လာသော ဒေါသသည်သာလျှင် မောင်မင်း၏ရန်သူ ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်သည် မောင်မင်းအား စီးပွားပျက်အောင်၊ ဆင်းရဲအောင်၊ ငရဲသို့ကျအောင်လည်း မပြုလုပ်ပေ။ မောင်မင်း၏ရန်သူ မဟုတ်။ မောင်မင်း၏ ဒေါသစိတ်သည်သာလျှင် မောင်မင်းကို င်းရဲအောင်၊ စီးပွားပျက်အောင်၊ ငရဲသို့ကျအောင်ပြုသော ရန်သူဖြစ်သည်။ ထို့ကြောင့် မောင်မင်း၏ရန်သူဖြစ်သော မောင်မင်း၏ဒေါသစိတ်ကိုသာ မုန်းလော့။ ဒေါသစိတ်ကိုသာ ပယ်ဖျက်သတ်ဖြတ်လော့ဟု မိမိ၏ဒေါသစိတ်ကို ဆုံးမရန် ဟောကြားတော်မူပေသည်"

"ကောဓံဆေတွာ သုခံသေတိ၊
ကောဓံဆေတွာ၊ နသောစတိ။
ကော ဓဿ ဝေသမူလဿ၊
မဓုရဂ္ဂဿ ဗြဟ္မဏ။
ဝဓံအရိယာ ပသံသန္တိတဉှိ
ဆေတွာ နသောစတိ"

(သဂါထာ ဝဂ္ဂသံယုတ်ပါဠိတော်)

"ဗြဟ္မဏ = ဘယ်ဟာကို သတ်ဖြတ်လျှင် မစိုးရိမ် မပူပန်ဘဲ အေးငြိမ်းချမ်းသာစွာ နေရပါသနည်းဟု မေးလျှောက်လာသော ပုဏ္ဏား အို. . .ပုဏ္ဏား။ ကောဓံ = အမျက်ဒေါသကို၊ ဆေတွာ = ဖြတ်တောက်ရသည်ရှိသော်၊ သုခံ = ချမ်းသာစွာ၊ သေတိ = အိပ်ရနေရ၏။ ကောဓ = အမျက်ဒေါသကို၊ ဆေတွာ = ဖြတ်တောက်ရသည်ရှိသော်၊ နသောစတိ = ဘာမှစိုးရိမ်ပူပန်ခြင်းမရှိရ အေးချမ်းစွာနေရ၏။ ဗြဟ္မဏ အိုပုဏ္ဏား. . .မဓုရဂ္ဂဿ = အပေါ်အရံ အဖျား၌ရှိသော ချိုယောင်ထင်ရ၍၊ အရင်း၌ အပါယ်ငရဲ ဒုက္ခဟူသော၊ ခါးစပ်သော အကျိုးအရသာရှိသော၊ ကောဓဿ = အမျက်ဒေါသဟူသော၊ ဝေသမူလဿ = တစ်ခုတည်းသော တရားကို၊ ဝဓံ = သတ်ဖြတ်ခြင်းကို၊ အရိယာ=ဘုရားအစရှိသော အရိယာပုဂ္ဂိုလ်တို့သည်၊ ပသံသန္တိ = နှစ်သက်ချီးမွမ်းကြကုန်၏။ ဟိ = အဘယ်ကြောင့် နှစ်သက်ချီးမွမ်းသနည်းဆိုသော်၊ တံ = ထိုအမျက်ဒေါသကို၊ ဆေတွာ = သတ်ဖြတ်ရသည်ရှိသော်၊ နသောစတိ = မစိုးရိမ်ရပြီ"ဟူ၍ -

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူသော တရားတော်ကို ဆင်ခြင်အောက်မေ့ရာ၏။ "ကကရူပမသုတ်၊ သပတ္တကန္တသုတ်" စသည်တို့ကိုလည်း ဆင်ခြင်၍ မိမိ၏ရန် သူအစစ်ဖြစ်သော အမျက်ဒေါသကိုသာလျှင် သတ်ဖြတ်ပြေငြိမ်းစေရမည် ဖြစ်လေသည်။ မိမိအပေါ် မနာလို၊ မရှုစိမ့်၊ ရန်လိုသူ၊ မိမိက သူတစ်ပါးအပေါ် မကျေနပ်သူ၊ ရန်စရှိသူတို့ကို ဘဝအဆက်ဆက်က အမိ၊ အဖ စသည်ဖြစ် ဖူးသောသူအဖြစ်ကို အောက်မေ့ဆင်ခြင်၍ ယခုလည်း အမိရင်း၊ အဖရင်းကဲ့သို့ မှတ်လျက် မေတ္တာတရားပွားများရမည် ဖြစ်ပေသည်။ ပွားများကြပါလေ။

အကယ်၍ အမိအဖရင်းကဲ့သို့ မမှတ်နိုင်ဘဲ စိတ်အာရုံမရရှိပါက သူစိမ်းအနေဖြင့်သာထင်နေလျှင် "ဩော်. . . ဤလူလည်း ငါလိုပဲ အသက်နှင့်အကောင်ပဲ။ ဆင်းရဲဒုက္ခကို မုန်းရှာမယ်၊ ချမ်းသာချင်ရှာမယ်။ ချမ်းသာပါစေ၊ ကျန်းမာပါစေဟု ကိုယ်ချင်းစာ၍ မေတ္တာဇော၊ မေတ္တာဈာန် ကျစေအပ်ပေသည်။ ဤသို့အားဖြင့် မိမိက မချစ်မနှစ်သက်သူ၊ မိမိအပေါ် အမျက်ဒေါသရှိသူ၊ ရန်သူတို့ကို မိမိ၏ဒေါသစိတ်ကို ဖျောက်၍ ပယ်သတ်ပြီး ရန်သူကို မေတ္တာစိတ်ဖြင့်၊ မေတ္တာဈာန်ဖြင့် အောင်မြင်သည်မှာ ဘုရားဟောဒေသနာဖြစ်၍ သေက္ခုတောင် ဆရာတော်ကြီးက တပည့်တကာတို့အား ပွားများအားထုတ်ရန် ဟောကြားပြသ သွန်သင်ဆုံးမတော်မူသော ရန်သူကို အောင်နိုင်မည် ဖြစ်ပေသည်။ အတွင်းရန်၊ အပြင်ရန်များ အောင်မြင်ကြပါစေ။

သုခီအတ္တာနံ ပရိဟာရန္တု

မောင်မောင်စိန်လင်း(နတ်မောက်)

<u>ကျမ်းကိုး</u>

ဓမ္မာစရိယဦးဌေးလှိုင်၏
"ဗြဟ္မဝိဟာရအဖွင့်"

www.burmeseclassic.com

www.burmeseclassic.com

လင်ကိုနိုင်တတ်သော မိန်းမနှင့် လင်ကိုရှိသေသော မိန်းမတို့၏ လားရာဂတိ

ကျော်သန်း(တိုင်းရင်းဆေး)

သတ္တလောက၌ အချို့သော မိန်းမတို့သည် လင်ကို နိုင်တတ်ကြသည်။ အချို့သောမိန်းမတို့သည် လင်ကို ရှိသေကြသည်။ လင်ကိုနိုင်တတ်သော မိန်းမတို့သည် မကောင်းကျိုးနှင့် လင်ကိုရှိသေသော မိန်းမတို့မှုကား ကောင်းကျိုး ခံစားရမည် ဖြစ်သည်။ ထို့ကြောင့် လင်ကိုနိုင်တတ်သော မိန်းမတို့သည် သေပြီးသည်၏နောက်အဖို့၌ မဟာတာပန ငရဲကြီးတွင် အနစ်အသချေ ကြာသော်လည်း ထိုဒုက္ခမှ မကျွတ်မလွတ်နိုင်ကြကုန်။ လင်ကိုရှိသေခြင်းရှိသော မိန်းမတို့သည် အလိုရှိပါက ယောက်ျားဘဝကို အမြန်ဆုံးရရှိနိုင်သည်။ လင်ကိုရှိသေလေ့မရှိသော မိန်းမတို့သည် ယောက်ျားဘဝကို မရရှိနိုင်ဟု ဘုရားရှင် ဟောတော်မူသည်။

လင်ကိုနိုင်တတ်သော မိန်းမ

လင်ကိုနိုင်တတ်သော မိန်းမတို့သည် မဟာတာပန ငရဲကြီး၌ ကျရောက်ကြကုန်သည်ဟူ၍ သံကိစ္စဇာတ်တွင် ဘုရားရှင်ဟောတော်မူ၏။

အင်္ဂုတ္တိုရ်ပါဠိတော်၌လည်း မိန်းမတို့တွင် အတွင်းမီး သုံးပါး၊ အပမီးလေးပါးရှိသည်ဟူ၍ ဘုရားရှင် ဟောတော်မူ၏။

အတွင်းမီးသုံးပါး

အတွင်းမီးသုံးပါးသည် လောဘ၊ ဒေါသ၊ မောဟဟူ၍ သုံးပါးအပြားရှိသည်။

အပမီးလေးပါး

အပမီးလေးပါးဟူရာ၌ (၁) အမိသည် မီးတစ်ပါး၊ (၂) အဖသည် မီးတစ်ပါး၊ (၃) လင်သည် မီးတစ်ပါး၊ (၄) မြတ်သော အလှူခံပုဂ္ဂိုလ်သည် မီးတစ်ပါးဟူ၍ အပမီးလေးပါး အသီးသီးရှိကြသည်။

လောက၌ ပကတိမီးသည် ရှိသေပြီး နေရာတကျ သုံးစွဲတတ်ကြသဖြင့် အသက်ရှည်ခြင်း၏ အထောက်အအုံ ကြီးတစ်ပါးဖြစ်၏။ မရှိမသေပြုကြမှုကား အသက်နှင့်ခန္ဓာကိုယ်ပင် ခဏချင်း ဆုံးရှုံးစေနိုင်၏။

ထို့အတူ မိန်းမတို့မှာလည်း အပမီးလေးပါးတို့ကို ရှိသေစွာ ပြုကြပါမူကား သုဂတိဘုံ၌ အသက်ရှည်၍ လှပြည့်နတ်ပြည် စုန်ဆန်နေကြရကုန်၏။ အပမီးလေးပါးတို့ကို မရှိမသေ မထီလေးစားပြုကြပါမူကား သုဂတိဘုံဘဝ သက်ပြတ်ဆုံး၍ မဟာတာပနငရဲကြီး၌ နေကြရကုန်၏။

လင်ကိုရှိသေသော မိန်းမ

မဟာနာရဒ ဇာတ်တော်၌ လင်ကိုရှိသေလေ့ရှိသော မိန်းမတို့သည် အလိုရှိပါက ယောက်ျားဘဝကို ယောက်ျားဘဝကို အမြန်ဆုံး ရရှိနိုင်ကုန်၏။ လင်ကိုရှိသေလေ့မရှိသော မိန်းမတို့သည် ယောက်ျားဘဝကို မရရှိနိုင်ဟူ၍ ဘုရားရှင် ဟောတော်မူ၏။

ဤသို့ဟောတော်မူသော ပါဠိတော်ကြီးသုံးပုဒ်ကို သိ

www.burmeseclassic.com

www.burmeseclassic.com

ရှိကြကုန်သော မိန်းမအပေါင်းတို့သည် ထာဝရဆက်ဆံကြကုန်သော အပမီးကြီးလေးပါးတို့၏ ကြီးကျယ်လှစွာသော ဘေးဘယာဒုက္ခတို့ကို ရှိသေခယတောင်းပန် ကန်တော့ကြ၍ နောက်၌ အသက်ရှည်ကြာသမျှ ကာလပတ်လုံး ရှိသေလေ့ရှိကြကုန်သည်ရှိသော် လွှန်ခဲ့သမျှသော အပြစ်တို့သည် ပပျောက်ကြကုန်၏။

မဟာပတာနငရဲကြီး ပြဆိုခန်း

"မဟာန္တော တာပနော မဟာတာပနော"

မဟာန္တော-ပထမဝသပန ငရဲကြီးထက် ဒုက္ခအဖို့အားဖြင့် ပြင်းထန်ကြီးကျယ်လှသော၊ တာပနော-ဒုတိယ ယတာပန ငရဲကြီးသည်၊ မဟာတာပနော-မဟာတာပနငရဲ မည်၏။

ဤငရဲကြီးသည်လည်း မဟာတာပန ငရဲကြီး၏ အောက်၌ အစောက်ယူဇနာတံစ်ရာ၊ အလျားအနံ ယူဇနာ တစ်သောင်းကျယ်သော မြေဥမင်ကြီးမှာ တည်ရှိ၏။ အလျှံပြောင်ပြောင်တောက်လောင်သော သံမြေအပြင်ရှိ၏။ အသချေ်ယျ အနန္တများပြားလှစွာသော ငရဲသူသတ္တဝါတို့ဖြင့် ပြည့်နှက်နေ၏။

ဤမဟာတာပန ငရဲကြီး၌ အလျှံပြောင်ပြောင် တောက်လောင်နေသော အလွန်ကြီးမားလှစွာသော သံတောင်ကြီးတို့ ရှိကြကုန်၏။ သံတောင်ကြီးတို့၏ ပတ်လည်ဝန်းကျင် သံမြေပြင်တို့၌ ထန်းတောကြီးသဏ္ဍာန်၊ ပေတောကြီး သဏ္ဍာန်ကဲ့သို့ ရှိကြကုန်၏။ သံမြေအပြင်၌ အလွန်ထက်ပြီး အဖျားချွန်သော အလျှံပြောင်ပြောင် တောက်လောင်လျက် သံတံစို့၊ သံတံကျင်၊ သံချွန်ကြီး၊ သံတိုင်ကြီးတို့သည် စိုက်ထူလျက်ရှိကြကုန်၏။

ငရဲထိန်းတို့သည် အလျှံပြောင်ပြောင် တောက်လောင်နေသော လက်နက်တို့ဖြင့် ရိုက်နှက်ပုတ်ခတ်ကြကုန်၏။ ငရဲသူတို့သည် မခံမရပ်နိုင်ကြကုန်သည်ဖြစ်၍ အလျှံပြောင်ပြောင် တောက်လောင်နေသော သံတောင်ကြီးပေါ်သို့ ဘက်ပြေးကြရကုန်၏။

တောင်ထိပ်သို့ ရောက်ကြသောအခါ ပြင်းထန်စွာ ကျရောက်လာသော လေတို့သည် ငရဲသူသတ္တဝါတို့ကို တိုက်လွှင့်ကြကုန်၏။ ငရဲသူသတ္တဝါတို့သည် လွှင့်ပါးကြကုန်၍ တောင်ခြေတို့၌ စိုက်ထူလျက်ရှိကြသော သံတံကျင်တို့အပေါ်သို့ ဦးခေါင်းစောက်ထိုးကျကြကုန်၏။ တံချွန်တိုင်တို့ အဖျား၌ စွပ်၍ထားသော ငဠုန်ရုပ်၊ နဂါးရုပ်၊ ဟသာရုပ်တို့ကဲ့သို့ သံတံကျင်တို့၏အထက်၌စွပ်လျက် မမြင်ဝံ့၊ မရှုဝံ့ တလွန့်လွန့် တလက်လက်တွေ ဖြစ်၍နေကြရကုန်၏။

တစ်ဖန် ငရဲထိန်းတို့သည် အလျှံပြောင်ပြောင်တောက်လောင်နေသော သံလုံတံဖြင့်ထိုး၍ အောက်သံမြေပြင်သို့ ကျရောက်ကြ၍ အထူးထူးအပြားပြားသော လက်နက်တို့ဖြင့် ရိုက်နှက်ပုတ်ခတ်ပြီးလျှင် အလျှံပြောင်ပြောင် တောက်လောင်နေသော မီးအတိပြီးသော သံတောင်ကြီးပေါ်သို့ တက်ကြရကုန်၏။ တောင်ထိပ်သို့ရောက်ကြပြန်လျှင်လည်း ပြင်းစွာသော လေတို့ဖြင့် တိုက်လွှင့်ခံရခြင်းတို့ဖြင့် သံတံစို့ကြီးတို့၏ အပေါ်သို့ ကျရောက်ကြကုန်၏။

ဤသို့ဖြင့် အကြင်မျှလောက်သော ကာလပတ်လုံး မိမိပြုအပ်သော မကောင်းမှုကံတို့သည် ကုန်ခြင်းသို့ မရောက်ကုန်သေး။ ထိုမျှလောက်သော ကာလပတ်လုံး ပြဆိုခဲ့ပြီးသော ပုံစံအားဖြင့်သာ အပြန်ပြန်အလှန်လှန်နေကြရကုန်၏။ အနှစ်တစ်သိန်း၊ အနှစ်တစ်သန်း၊ အနှစ်အကုဋေ၊ အနှစ်အသချေ်ပင် ကုန်သော်လည်း ထိုဒုက္ခမှ မကျွတ်မလွတ်ကြရကုန်ဟု ဘုရားရှင်ဟောတော်မူ၏။

ထို့ကြောင့် လင်ကိုနိုင်တတ်သော မိန်းမတို့သည် မဟာတာပနငရဲကြီး၌ ကျရောက်ကြကုန်သည်ဟူ၍ သိကိစ္စဇာတ်တော်တွင် လာရှိသည်။ လင်ကိုရိုသေခြင်းက အကျိုးကား မဟာနာရဒဇာတ်တော်တွင် လင်ကိုရိုသေလေ့ရှိသော မိန်းမတို့သည် အလိုရှိပါက ယောကျ်ားဘဝကို အမြန်ရနိုင်ကုန်ခြင်းဆိုသည်။ လင်ကိုနိုင်တတ်သော မိန်းမကို့သည်ကား ယောကျ်ားဘဝကို မရရှိနိုင်ဟု ဘုရားရှင်ဟောတော်မူ၏။

ကျော်သန်း(တိုင်းရင်းဆေး)

၀၉-၄၂၀၁၈၃၈၈၀

<u>ကျမ်းကိုး</u>

ဘာဝနာဒီပနီကျမ်း

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာကြည့်မှုများ

ကင်းဝေးစေလိုလျှင်

ဝင်းဇော်(သုံးဆယ်)

ကျွန်တော်က လာဘ်မိုးရွာစေပေ ဆရာဦးမောင်မောင်မြင့်အေး စီစဉ်ထုတ်ဝေသော ရောင်ပြန်မဂ္ဂဇင်းတွင် ဂမ္ဘီရဝတ္ထုတို၊ တိုင်းရင်းမြန်မာဆေးနည်းများ၊ ဗေဒင်၊ ယတြာဆောင်းပါးများကို လစဉ်ရေးသားနေခဲ့သည်မှာ နှစ်ပေါင်းမနည်းတော့ပြီ။ မဂ္ဂဇင်းအယ်ဒီတာက ကျွန်တော်၏ ကလောင်အမည်၏အောက်တွင် ကျွန်တော်ကိုင်နေသော ဖုန်းနံပါတ်ကို အမြဲထည့်ပေးလေ့ရှိသည်။ ခုနစ်ရက်သားသမီးများက ယတြာနှင့်ပတ်သက်၍ မေးမြန်းလိုပါက ကျွန်တော့်ထံသို့ ဖုန်းဖြင့်ဆက်သွယ်မေးမြန်း၍ စုံစမ်းနိုင်ရန် မေတ္တာစေတနာဖြင့် ထည့်ပေးထားခြင်းဟု ကျွန်တော်နားလည်ထားပါသည်။

သို့မို့ကြောင့်လား မသိပါ။ ရောင်ပြန်မဂ္ဂဇင်းထဲမှ ကျွန်တော်၏ ဖုန်းနံပါတ်ကိုတွေ့လျှင် ခင်မင်သော သူငယ်ချင်းစာရေးဆရာများက ကျွန်တော့်ထံသို့ ဖုန်းဆက်ကြသည်။ ရပ်ဝေးရပ်နီးမှ ခုနစ်ရက်သားသမီးများက ဖုန်းဆက်၍ ယတြာတောင်းကြသည်။

"ကလင် . . . ကလင်"

"ဟုတ်ကဲ့၊ အမိန့်ရှိပါ"

"စာရေးဆရာ ဝင်းဇော်(သုံးဆယ်)ပါလားရှင်"

"ဟုတ်ပါတယ်ခင်ဗျာ၊ အမိန့်ရှိပါ"

"ကျွန်မက မွန်ပြည်နယ် ကျိုက်ထိုမြို့က မအေးအေးမွန်ပါ။ ဆရာ့ကို အကူအညီတောင်းစရာရှိလို့ပါ"

"ဟုတ်ကဲ့ . . . ပြောပါ"

"ဒီလိုပါဆရာ။ ကျွန်မက မိတ်ဆွေတစ်ယောက်ဆီက ငွေသိန်းတစ်ရာ့ငါးဆယ်ချေးပြီး စီးပွားရေးလုပ်နေတာပါ။ အဲဒီငွေကို တစ်နှစ်အတွင်း ပြန်ဆပ်ပါ့မယ်လို့ မိတ်ဆွေကို ကတိပေးထားပါတယ်။ အခု တစ်နှစ်ပြည့်တဲ့အခါ အဲဒီငွေတွေက ကုန်ပစ္စည်းတွေဝယ်ထားတာ ငွေပြန်မပေါ်သေးလို့ မိတ်ဆွေတောင်းတဲ့ငွေကို ပြန်မပေးနိုင်ဘူး ဖြစ်နေတယ်။ အဲဒီကုန်ပစ္စည်းတွေ အမြန်ဆုံးရောင်းထွက်ပြီး ငွေပြန်ပေါ်လာအောင် ကျွန်မကို ကုန်ရောင်းထွက်တဲ့ယတြာလေး ပေးပါဆရာ"

"ဟုတ်ကဲ့ . . . ကုန်ပစ္စည်းတွေကို ရောင်းထွက်စေချင်ရင်"

ကျွန်တော်က မအေးအေးမွန်ကို ယတြာဆောင်ရွက်ပုံ ဆောင်ရွက်နည်းကို ပြောပြလိုက်ပါသည်။ သူ့ကုန်များ ရောင်းထွက်သွားသည်ထင့်။ နောက်ထပ် ဖုန်းမဆက်တော့ပါ။ ကျေးဇူးတင်ပါသည်ဆိုသည့် စကားပင် မကြားရပါ။

"ဟဲလို . . . ဆရာဝင်းဇော်(သုံးဆယ်)လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ အမိန့်ရှိပါ"

"ကျွန်တော်က မင်းလှမြို့ ဘုတာရုံလမ်းမှာနေတဲ့ အေးလွင်ပါ။ ဆရာ့နာမည်ကို ကြားဖူးတာတော့ ကြာပါပြီ။ ဆရာ့ကို အကူအညီတောင်းစရာရှိလို့ပါ"

"ဟုတ်ကဲ့၊ ပြောပါခင်ဗျာ"

"ဆရာ့ဖုန်းနံပါတ်ကို မဂ္ဂဇင်းထဲမှာတွေ့လို့ ဖုန်းဆက်ကြည့်တာပါ။ ဆရာက ဗေဒင်ဟောခန်းကို ဘယ်မှာဖွင့်ထားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဗေဒင်ဟောခန်း ဖွင့်မထားပါဘူးခင်ဗျာ။ ဂျာနယ်တစ်စောင်မှာ အယ်ဒီတာလုပ်နေပါတယ်"

"ဆရာ့ကို အကူအညီတောင်းရမှာလည်း အားနာပါတယ်"

"အားမနာပါနဲ့ တောင်းပါ။ အကူအညီပေးပါ့မယ်"

"ကျွန်တော်က မိတ်ဆွေတစ်ယောက်ကို ငွေချေးထားတာ အခု ငွေပြန်တောင်းတော့ သူက ဟိုအကြောင်းပြ ဒီအကြောင်းပြပြီး ငွေမပေးလို့ စိတ်ညစ်နေရတယ်ဆရာ။ ကျွန်တော့်ငွေကို မိတ်ဆွေက ပြန်ပေးချင်လာအောင် ယတြာချေချင်ပါတယ်။ ယတြာပေးပါဆရာ"

"ဟုတ်ကဲ့ပါ"

ကျွန်တော်က ကိုအေးလွင်မိတ်ဆွေ၏ နာမည်ကို မေးပြီး ယတြာကို ပြောပြလိုက်သည်။

"ကျွန်တော့်ငွေတွေ ပြန်ရရင် ဆရာ့ကို လာပြီး ကန်တော့ပါ့မယ်"

အဲသည့် ကိုအေးလွင်ဆိုသည့်လူသည် နောက်ပိုင်း ကျွန်တော့်ထံသို့ ဖုန်းမဆက်တော့ပါ။ သည်သို့ ဖုန်းဆက်ပြီး ယတြာတောင်းသည့်သူများကို ကျွန်တော်က အမှတ်မရှိ ယတြာပေးခဲ့သည်သာတည်း။

"ဟဲလို…ဆရာဝင်းဇော်(သုံးဆယ်)လား"

"ဟုတ်ပါတယ်ခင်ဗျား။ အမိန့်ရှိပါ နားထောင်ပေးနေပါတယ်"

"ကျွန်တော်က ပုလဲမြို့သစ်က ကိုသောင်းအေးပါ။ ပြီးခဲ့တဲ့နှစ်ကစပြီး နေရာတိုင်းမှာ လူသတ်မှုတွေ ဆက်တိုက်ဆိုသလို ဖြစ်နေခဲ့တာ ဆရာလည်း သိမှာပါ။ မိသားစုအားလုံးကို သတ်သွားတဲ့ လူသတ်မှုတွေလည်း အများကြီးပဲ။ အဲဒါကြောင့် ကျွန်တော့်စိတ်ထဲမှာ ကြောင့်ကြဗျာပါဒတွေ ကြီးစိုးနေတယ်ဆရာ။ ကျွန်တော်က သဘော်သားဟောင်းဆိုတော့ ငွေကြေးချမ်းသာတယ်။ ကျွန်တော်တို့မိသားစုကို မသမာတဲ့သူတွေက လာပြီးသတ်မလားဆိုပြီး စိုးရိမ်နေမိတယ်။ မိုးချုပ်တာနဲ့ မိသားစုဝင်တွေကို ဘယ်မှမသွားခိုင်းတော့ဘူး။ အဲဒီကြောင့်ကြမှုကင်းအောင် ဘာလုပ်ရမလဲ ဆရာ"

ကျွန်တော်က သူ့စကားကို တွေဝေကာ စဉ်းစားနေမိသည်။

"ဆရာ ကျွန်တော်ပြောတာကို ကြားလား"

"ကြား…ကြားပါတယ်ခင်ဗျာ။ ကြောင့်ကြစိတ်ကင်းဝေးအောင်ဆိုရင် အင်း…ခင်ဗျား စလူပင်ကို ကြားဖူးလား"

"ဗျာ…စလူပင်"

"စလူမိုး ထန်းရွက်ကာဆိုတဲ့ ရှေးလူကြီးစကားရှိတယ်လေဗျာ။ ကမ်းရိုးတန်းဒေသတွေကို ဓနိရွက်ကို သက်ငယ်လိုပျစ်ပြီး အမိုးမိုးကြသလို ကုန်းပိုင်းဒေသတွေမှာတော့ စလူဖက်ကို သက်ငယ်လို ပျစ်ပြီးမိုးကြတယ်။ ကောက်ညှင်းထုပ်လည်း ထုပ်ကြတယ်လေဗျာ"

"အင်း…သိပြီဆရာသိပြီ။ စလူပင်ကို ဘာလုပ်ရမလဲ ဆရာ"

"အဲဒီစလူပင်ကို ခြံမြေအတွင်း အဝင်ဝ တစ်ဖက်တစ်ချက်မှာ တစ်ပင်စီစိုက်ထားလိုက်ပါ။ စလူပင်ရှင်သန်လို့ အခက်အညွှန့်ဝေဆာလာချိန်ကစပြီး ခင်ဗျားအိမ်ကို ဘယ်သူမှ မဝင်ရဲတော့ဘူး။ ခင်ဗျားရဲ့ကြောင့်ကြစိတ်တွေလည်း ပျောက်ကွယ်သွားလိမ့်မယ်"

"ကျေးဇူးပါပဲ ဆရာ"

"ဆရာ လိပ်စာလေးပြောပေးပါ။ ဆရာ့ဆီကို ကျွန်တော်လာချင်လို့"

"မလာပါနဲ့ခင်ဗျာ။ ကျွန်တော်က အလုပ်ပိတ်တဲ့ရက်မှာလည်း မဂ္ဂဇင်း၊ ဂျာနယ်တိုက်တွေကို စာမူသွားပို့နေလို့ အိမ်မှာမရှိတာက များပါတယ်"

"ကျွန်တော် ဆရာ့ကို ကျေးဇူး…"

ကျွန်တော်က ဖုန်းကိုအလျင်အမြန်ပိတ်လိုက်၏။ ကျွန်တော့်ဘဝတွင် ကျွန်တော်ကသာ ခုနစ်ရက်သားသမီးတို့၏ အခက်အခဲများကို ကူညီနေသူသာ ဖြစ်ချင်သောကြောင့်ပါတည်း။

ဝင်းဇော် (သုံးဆယ်)

၀၉ ၂၆၁၄၃၅၃၇၂

www.burmeseclassic.com

www.burmeseclassic.com

သိပ္ပံပညာစေကြောင်း

မင်္ဂလာနှိမိတ်ကောင်း

ဒေါက်တာမင်းသိန်း၏ နည်းစနစ်အတိုင်းဟောသည်

ဒေါက်တာစောယုနွယ်

တကယ်ဆိုတော့ . . . .

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာမိမိ အသိဆုံးပါ။ ဒါပေမဲ့ ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ဓမ္မတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။ အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် . . .

- အမှတ် (၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊ ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀
၀၉-၇၈၉၉၅၉၅၆၇

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

တနင်္ဂနွေ သားသမီး

သင်သည် ယခုကာလတွင် အဖက်ဖက်မှာ စိတ်ချမ်းသာစရာများ ကြုံရပါလိမ့်မယ်။ ပျော်စရာတွေ များလွန်းလို့ အမှားတွေလည်း တွေ့တတ်ပါတယ်။ ဘာလုပ်လုပ် နှစ်ခါပြန် ဖြစ်တတ်တဲ့အတွက် အဆိုးရော အကောင်းရော ကြုံရတတ်ပါတယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ အလွန်ကောင်းသော နိမိတ်ဖြစ်ပါတယ်။ ယခုကာလတွင် စီးပွားအလွန် ကောင်းသကဲ့သို့ ကိုယ်ကျင့်တရား အထူးအရေးကြီးသောအချိန် ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားပျက်သော် ဒုက္ခရောက်တတ်တယ်။ ယခုအချိန်တွင် အိမ်ထောင် မပြုရ၊ ပြုလျှင် တည်မြဲသောအိမ်ထောင် မဖြစ်နိုင်ပါ။ အိမ်ထောင်ပြုလျှင် သားသမီး ပါလာတတ်တယ်။ ရွှေနှင့် ရတနာပစ္စည်းများ ဝင်မယ်။ ငွေဝင်လျှင် လက်ထဲမှာ မထားရ။ ရွှေဝယ်ထားပါ။ မြေကိစ္စ၊ အမွေကိစ္စများ ကြုံရတတ်တယ်။ စိတ်မပူပါနှင့်။ ယခင်က ကိုယ့်ကို နှိမ်ခဲ့တဲ့သူတွေက ပခုံးပေါ် ပြန်ထမ်းတင်ရမယ့်ကာလဖြစ်ပါတယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ဆရာသမားကဲ့သို့ ပုဂ္ဂိုလ်များနှင့်လည်း အဆင်မပြေ ဖြစ်တတ်တယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အစားမှား၊ ဆေးမှားဖြစ်ခြင်း၊ သွားဒုက္ခပေးတတ်တယ်။ မြောက်အရပ်သို့ ရေလမ်းခရီး မသွားပါနှင့်။ အဆိပ်ရှိသောအကောင် ကိုက်ခံရတတ်တယ်။ အနောက်မြောက်အရပ်မှ လူများနှင့် အမှုအခင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ယပ်အဖြူရောင်(၁၂)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

ကံကောင်းသောနံပါတ်

၅၃၊ ၃၅၊ ၃၁

အထူးသတိပြုရန်

ယခုကာလအတွင်း နာရေးမသွားပါနှင့်။
ထောင်ဝင်စာ မတွေ့ရ။

ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် အင်္ဂါနေ့တိုင်း မုန့်စိမ်းပေါင်း တစ်ပန်းကန်(အုန်းသီးမထည့်ရ)နှင့် စံပယ်ပန်း တစ်ပန်းကန် ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

တနင်္လာ သားသမီး

သင်သည် ယခုကာလတွင် အတတ်ပညာတစ်ခု သင်ကြားရခြင်း၊ သင်တန်းတစ်ခု တက်ရောက်ရခြင်း ကြုံရတတ်တယ်။ အဖွဲ့အစည်းတစ်ခုသို့လည်း ဝင် ရောက်ရတတ်တယ်။ အလုပ်တွေများပြီး နားချိန်မရလောက်အောင် ပင်ပန်းနေရတတ်ပါတယ်။ အမွေရခြင်း ကြုံရတတ်တယ်။ ယခုအချိန်တွင် လက်ခံလိုက်ပါက အလဟဿ ကုန်သွားတတ်ပါတယ်။ အထက်လူကြီး၊ အကြီးအကဲတို့ရဲ့ အကူအညီ ရတတ်တယ်။ ကြာသပတေး၊ စနေသားသမီးများက ကူညီစောင့်ရှောက်တတ်တယ်။ ပြည်ပခရီးဝေးသွားဖို့ ကြံရွယ်ထားသူများ ယခုအချိန်တွင် ပြုလုပ်လိုက်ပါ။ အလုပ်တွင် မပျော်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းဖို့ စိတ်မကူးပါနဲ့။ သူခိုး ခိုးခံရတတ်တယ်။ မိမိမှာရှိတဲ့ ပစ္စည်းတွေကို ထုခွဲရောင်းချရခြင်းမျိုး ကြုံရတတ်တယ်။ ယခုကာလတွင် တပို့တွဲလ၊ ပြာသိုလများ ပါဝင်နေခဲ့ရင် ဂရုစိုက်ပါ။ ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်တယ်။ ဆွေမျိုးသားချင်းထဲက အသက်ကြီးသူတွေ ဆုံးပါးတတ်တယ်။ ပျိုရွယ်သူများအဖို့ စုတ်ကောင်းဝင်၍ အချစ်ရေးကောင်းခြင်း၊ သားသမီးရတနာရခြင်းမျိုး ကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီး(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ယပ်အဝါရောင် (၁၇)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

ကြာသပတေး၊ စနေ

ညံ့သောရက်

တနင်္လာ၊ သောကြာ

ကံကောင်းသောနံပါတ်

၅၆၊ ၅၇၊ ၇၀၊ ၇၅

အထူးသတိပြုရန်

ယခုကာလတွင် သင်္ချိုင်းမြေ လုံးဝမနင်းရ။
အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း မပြုပါနှင့်။

ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ပေါင်မုန့်ကို ထောပတ်သုတ်၍(သကြားမထည့်ရ) လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

အင်္ဂါ သားသမီး

သင်သည် ယခုကာလတွင် လုပ်ငန်းသစ်လုပ်ရန် အကြံအစည်ကောင်းများ၊ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ စိန်ထည်ပစ္စည်း၊ စက်ပစ္စည်းများ ဝင်လိမ့်မယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ဘိုးတော်တု၊ ဆရာတုများ ရောက်လာတတ်တယ်။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ ယခုကာလတွင် အိမ်ထောင်ပြုလျှင် ကောင်းပါတယ်။ မိမိအိမ်တွင် ကိုယ်ဝန်ဆောင်သည် ရှိပါက အိမ်တွင် မမွေးရ။ ဆေးရုံမှာ မွေးပါ။ ဖခင်နှင့် စိတ်ဝမ်းကွဲတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စနဲ့ ပတ်သက်ပြီး အနည်းငယ် စကားပြောရတတ်တယ်။ ယခုကာလတွင် အမှုမဖြေရှင်းရတတ်နိုင်သလောက် အချိန်ဆွဲထားပါ။ မဖြစ်မနေ ပြဿနာတွေ ရှင်းရမယ်ဆိုရင် အရှုံးပေးလိုက်ပါ။ ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ အသက်ကြီးသောသူများအဖို့ လေဖြန်းခြင်း၊ လေဖြတ်ခြင်းများ ဖြစ်တတ်တယ်။ လူငယ်များအဖို့ ရေနစ်ခြင်း၊ ရေနှင့်ပတ်သက်၍ အန္တရာယ် ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် တနင်္ဂနွေ ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

ညံ့သောရက်

ကြာသပတေး၊ တနင်္လာ

ကံကောင်းသောနံပါတ်

၃၅၊ ၃၁၊ ၁၃

အထူးသတိပြုရန်

ယခုကာလတွင် ကားပွတ်တိုက်မိခြင်း၊ ငွေပျောက်ခြင်း၊ သူခိုးခိုးခံရခြင်း ကြုံရတတ်တယ်။ ဂရုစိုက်ပါ။

ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းပူပူပေါ်၌ ဆီဆမ်း၊ အုန်းသီးစိတ်တင်ကာ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

ဗုဒ္ဓဟူး သားသမီး

သင်သည် ယခုကာလတွင် အလုပ်လုပ်ရတာ အခက်အခဲ တွေ့လိမ့်မယ်။ အလုပ်ကလည်း ပင်ပန်းတဲ့အလုပ်မျိုး ဖြစ်လိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရတတ်တယ်။ မထင်မှတ်ဘဲ ခရီးဝေး သွားရတတ်တယ်။ မိသားစုအတွက်လည်း ပူပန်ရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် ကဆုန်လ၊ ဝါခေါင်လများ ပါဝင်နေရင်တော့ အိမ်ထောင်ရေး အဆင်မပြေမှု ဖြစ်တတ်တယ်။ လူမျိုးခြား ဒုက္ခပေးတတ်တယ်။ ကိုယ်ကစပြီး အမှုအခင်းတွေ မလုပ်ပါနဲ့။ ရွှေထွက်ခြင်း၊ ပေါင်နှံရခြင်းမျိုး ကြုံရတတ်တယ်။ ငွေတွေ အတိုင်းအဆမရှိ ထွက်နေတတ်တယ်။ မထင်မှတ်တဲ့ ဆွေမျိုးသားချင်းက အကူအညီ ပေးလိမ့်မယ်။ တနင်္ဂနွေ၊ သောကြာ သားသမီးတွေက အကူအညီကောင်းတွေ ပေးလာတတ်တယ်။ စက်ပစ္စည်းတွေ မကြာခဏ ဒုက္ခပေးတတ်တယ်။ ဝန်ထမ်းတွေအဖို့ စစ်ဆေးခံရတတ်တယ်။ ကျန်းမာရေးညံ့တဲ့ သက်ကြီးရွယ်အိုများ အိမ်ကိုဆေးလာကုရင် ဆုံးပါးတတ်တယ်။ ကျန်းမာရေး ဂရုစိုက်ပါ။ မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ စိတ်ပင်ပန်းရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့် (ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ထီးနီ(၁၀)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

ညံ့သောရက်

စနေ၊ အင်္ဂါ

ကံကောင်းသောနံပါတ်

၁၇၊ ၁၆၊ ၆၁၊ ၆၅

အထူးသတိပြုရန်

ယခုကာလတွင် ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခု မီးလောင်ခြင်း၊ ရေနွေးပူလောင်ခြင်းမျိုး ဖြစ်တတ်တယ်။ ဆိုင်းဘုတ် မပြင်ရပါ။ ရေစက်ချပြီး အလှူကြီး မလုပ်ရပါ။

ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ကြေးပန်းအိုးထဲ၌ အုန်း(၆)ညွန့်၊ သီဟိုဠ်(၂၀)ညွန့်ကို မပြတ်လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း



ကြာသပတေး သားသမီး

သင်သည် ယခုကာလတွင် အနည်းငယ် ညံ့ပေမယ့် လူငယ်တွေအဖို့ ပညာရပ်တစ်ခု ထပ်မံသင်ကြားရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ မရည်ရွယ်ဘဲနဲ့ ခရီးသွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနဲ့ ရှယ်ယာခွဲခြင်း၊ လမ်းခွဲခြင်းတွေ ကြုံတွေ့ရတတ်တယ်။ အလုပ်တွေလည်း အောင်မြင်သလိုလိုနဲ့ အပျက်အစီးတွေလည်း များလာတတ်တယ်။ မိသားစုအတွင်းမှာလည်း စိတ်ဝမ်းကွဲမှုတွေ ဖြစ်လာတတ်တယ်။ တနင်္လာ၊ သောကြာသားသမီးများအတွက် ပူပန်ရတတ်တယ်။ ဒေါသရှေ့ထားရင် မှားတတ်တဲ့ ကာလဖြစ်သောကြောင့် မေတ္တာစိတ်နဲ့သာ တုန့်ပြန်ပါ။ နံနက်စောစောမှာ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေကို မေတ္တာပို့ပေးပါ။ လူမျိုးခြား အကျိုးပေးမယ်။ ပြည်ပသွားဖို့ ကြံရွယ်ထားသူများ ဒီကာလမှာ ဆောင်ရွက်ပါ။ စိတ်ပင်ပန်းတဲ့ကာလ ဖြစ်သောကြောင့် စိတ်တိုင်းမကျမှုတွေ များနေတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်တို့၊ ခါးတို့မှာ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ခွဲစိတ်ကုသမှု ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

ညံ့သောရက်

သောကြာ၊ အင်္ဂါ

ကံကောင်းသောနံပါတ်

၂၂၊ ၄၄၊ ၂၄၊ ၄၂

အထူးသတိပြုရန်

ယခုကာလတွင် သချိုင်းမြေ လုံးဝမနင်းရပါ။
ကဆုန်လ၊ ပြာသိုလများတွင် အရှေ့တောင်အရပ်၊ အနောက်မြောက်အရပ်သို့ ခရီးမသွားပါနှင့်။
ကိုယ်ခန္ဓာ ထိခိုက်ဒဏ်ရာ ရတတ်တယ်။

ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ထောပတ်ထမင်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

သောကြာ သားသမီး

သင်သည် ယခုကာလတွင် ကံကောင်းနေပါလိမ့်မယ်။ မိမိအိမ်ရဲ့ မြောက်အရပ်၊ တောင်အရပ်တွေမှ လာဘ်လာဘများ ဝင်လာလိမ့်မယ်။ ပြည်ပခရီးဝေးသွားဖို့ အခွင့်အရေးတွေ ရနိုင်တဲ့ကာလ ဖြစ်ပါတယ်။ သင်တန်းကောင်းတစ်ခု တက်ရတတ်တယ်။ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းမျိုး ကြုံရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ ကြီးပွားတိုးတက် အောင်မြင်မယ့်ကာလ ဖြစ်ပါတယ်။ အတိုက်အခံ အနည်းငယ်တော့ ရှိတယ်။ စပ်တူရှယ်ယာလုပ်ငန်းလုပ်ကိုင်ရန် လမ်းစပေါ်လာလိမ့်မယ်။ အဖိုးတန် စက်ပစ္စည်းများ ဝင်လာတတ်တယ်။ ငွေရှာရလွယ်သလောက် ငွေဝင်ငွေထွက် ကြမ်းနေတတ်တယ်။ ဆွေမျိုးသားချင်းများထဲမှ ကျန်းမာရေး မကောင်းသတင်း ကြားရတတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့် (၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ကန္တက္ကဒါန်ထီးဖြူ (၁၅)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

ကြာသပတေး၊ အင်္ဂါ

ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

ကံကောင်းသောနံပါတ်

၅၆၊ ၅၃၊ ၃၄၊ ၃၅

အထူးသတိပြုရန်

မိမိအိမ်ရှေ့ခေါင်းရင်းပိုင်း သစ်ပင်အမြင့်တွင် ပျားစွဲနိမိတ်တွေ့ပါက ပညာထူးရခြင်း၊ ရာထူးတိုးတက်ခြင်းများ ကြုံတွေ့ရပါလိမ့်မယ်။

ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ထမင်းပေါ် ပျားရည်ဆမ်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

စနေ သားသမီး

သင်သည် ယခုကာလတွင် ဘာလုပ်လုပ် အောင်မြင်မယ့်ကာလ ဖြစ်ပါတယ်။အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်း ကြုံရတတ်တယ်။ အိမ်ဝယ်ဖို့ ကြံရွယ်ထားလျှင် ယခုကာလတွင် ဝယ်ပါက အိမ်ကြီးအိမ်ကောင်း ရတတ်တယ်။ လုပ်ငန်းသစ်ပေါ်ခြင်း သို့မဟုတ် လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အဆွယ်သစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့် ပတ်သက်၍ နာမည်ကောင်းရခြင်း။ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများ ဝင်တတ်တယ်။ ငွေရခါနီးတွင် ငွေကြေးထစ်ငေါ့ကြီးစွာ ဖြစ်ပြီးမှ ရတတ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ ယခု ရောက်ရှိနေတဲ့ကာလတွင် ကဆုန်လ၊ တန်ခူးလများ ပါဝင်နေရင် သတိထားပါ။ ဆွေမျိုးသားချင်း၊ အောက်လက်ငယ်သားတို့ ကြောင့် အမှုအခင်းဖြစ်တတ်တယ်။ သူခိုးမျက်စိ အကျခံရတတ်သောကာလဖြစ်၍ သူခိုး အခိုးခံရတတ်ပါတယ်။ မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ အထူးသဖြင့် ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ အိမ်သို့ အတောင်ပါသော သတ္တဝါများ ဝင်လျှင် ကောင်းပါတယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရတတ်တယ်။ လက်ဝတ်ရတနာများ ကျောက် ပြုတ်ထွက်ခြင်း၊ ပျောက်ခြင်း ဖြစ်တတ်တယ်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာ ဖြစ်ရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ မိန်းမနှင့် ပတ်သက်သော အမှုအခင်းများ ကြုံရတတ်တယ်။ အတိုက်အခံ မှန်သမျှ အနိုင်ရမယ်။ ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃) ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ဂြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

ကံကောင်းသောနံပါတ်

၄၇၊ ၄၆၊ ၆၄၊ ၆၂

အထူးသတိပြုရန်

ယခုကာလတွင် အိုးပိုင် အိမ်ပိုင် ရနိုင်သောကြောင့် သူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို မိမိအိမ်ခြံဝင်းအတွင်း လက်ခံခြင်း မပြုရ။

ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း မုန့်လုံးရေပေါ် ၁၀ လုံး၊ ရှောက်သီးသုပ် တစ်ပန်းကန် ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

ရာဟု သားသမီး

သင်သည် ယခုကာလတွင် စိတ်တိုင်းကျ ကောင်းတဲ့ကာလ ဖြစ်တယ်။ အလွန်ကံကောင်းတဲ့အချိန် ဖြစ်ပါတယ်။ မိသားစုအတွင်းမှာလည်း မင်္ဂလာကိစ္စတွေ ပေါ်လာတတ်တယ်။ ငယ်ရွယ်သူတွေအဖို့ အိမ်ထောင်ကျတတ်ပါတယ်။ မမျှော်လင့်ဘဲ အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများ တွေ့မယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းအသစ်များ စတင်ပြုလုပ်နိုင်သောကာလ၊ လုပ်ငန်းဟောင်းများ ပြန်ပေါ်တတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများ အဆင်ပြေမယ်။ အဖိုးတန်စက်ပစ္စည်းများဝင်မယ်။ ရပ်ဝေးမှ စာများ၊ အဆက်အသွယ်များ ရလာမယ်။ ဘုရားဖူးခရီးများ၊ စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပခရီးများ သွားရတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရန်များခြင်း၊ စကားများ ဖြေရှင်းရခြင်းများ ကြုံမယ်။ ရင်းနှီးသူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြမ်းခြင်းများ ကြုံရလိမ့်မယ်။ ပြည်ပခရီးဝေးသွားရန် ကြံရွယ်ထားသူများ ယခုကာလတွင် စတင်ပါက အဆင်ပြေပါလိမ့်မယ်။ ကျန်းမာရေးတော့ နည်းနည်းညံ့တတ်တယ်။ လူငယ်တွေအဖို့ အနောက်တောင်အရပ်ကိုသွားရင် ရေဘေးကြုံတတ်တယ်။ သက်ကြီးရွယ်အိုတွေအဖို့ လေဖြန်းခြင်း၊ ရုတ်တရက် သွေးတိုးခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ တံခွန်အဖြူ(၂)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

ညံ့သောရက်

စနေ၊ အင်္ဂါ

ကံကောင်းသောနံပါတ်

၁၇၊ ၁၆၊ ၆၁၊ ၆၅

အထူးသတိပြုရန်

ယခုကာလတွင် မိမိအိမ်၌ လင်စုံမယားဖက် ညအိပ်ညနေ လက်မခံပါနှင့်။ ဆိတ်သားဟင်း မစားရ။ သစ္စာပန်း ဘုရားမလှူပါနှင့်။

ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြံရည် ၆ ခွက်နှင့် မုန့်လက်ကောက် ၆ ခုလှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံခြားရောက် မြန်မာများအတွက်

အထူးဟောကိန်း

ဒေါက်တာစောယုနွယ်

(၂၀၁၈-ခုနှစ်၊ ဩဂုတ်လ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(၈)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၄၃၀၃၀၊ ၀၉-၇၈၉၉၅၉၅၆၇

တနင်္ဂနွေသားသမီးများအတွက်

ကောင်းတစ်ဝက် ဆိုးတစ်ဝက် ကာလဖြစ်သည်။ ပျော်စရာတွေနဲ့ ကြုံရမယ်။ မွေးနေ့ပွဲ၊ ညှော်ခံပွဲ ဖိတ်ကြားခြင်းခံရမယ်။ အလုပ်သစ်တွေရမယ်။ ငွေတွေလည်း ဝင်မယ်။ မော်တော်ကားနဲ့ပတ်သက်ပြီး ငွေရမယ်။ သဘော်သားများ သင်တန်းတက်ရမယ်။

ယတြာ

မိန်းကလေးတစ်ဦးကို ချောကလက် လက်ဆောင်ပေးလိုက်ပါ။

တနင်္လာသားသမီးများအတွက်

ဝန်ထမ်းများ အထက်လူကြီး၏ အထင်အမြင်လွဲမှားမှု ခံရတတ်သည်။ သူတစ်ပါးအတွက် အာမခံ မလိုက်ပါနှင့်။ အလုပ်အခက်အခဲ ကြုံနေမည်။ ကား အက်ဆီးဒင့်ဖြစ်တတ်သည်။ ငွေကျပျောက်တတ်သည်။

ယတြာ

မိတ်ဆွေတစ်ဦးကို ထောပတ်တစ်ထုပ် လက်ဆောင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါသားသမီးများအတွက်

ဝန်ထမ်းဖြစ်လျှင် ရာထူးတိုးမည်။ သို့မဟုတ် လုပ်ပိုင်ခွင့်ရမည်။ အလုပ်အတွင်း အတိုက်အခံကြုံမည်။ မမျှော်လင့်တဲ့ဆီက ငွေတွေဝင်လာလိမ့်မည်။ ရပ်ဝေးမှ အဆက်အသွယ်များ ရမည်။ သင်တန်းတက်ရမည်။

ယတြာ

မိတ်ဆွေတစ်ဦးကို ပေါင်မုန့်တစ်လုံး ဝယ်ကျွေးပါ။

ဗုဒ္ဓဟူးသားသမီးများအတွက်

မိမိအပေါ် ပြဿနာလုပ်နေသူတွေက အမြင်မှန်ရပြီး ငြိမ်းချမ်းရေးစကား ပြောမည်။ မိမိအပေါ် အထင်လွဲနေသော အလုပ်ရှင်နှင့် ပြန်လည်သင့်မြတ်မည်။ အလုပ်နှင့်ပတ်သက်ပြီး မော်တော်ကား ရမည်။ စာရွက်စာတမ်း လက်မှတ်ထိုးခြင်းကိစ္စကို အလျှင်စလို မလုပ်ပါနှင့်။ နိုင်ငံခြားသားများနှင့် အဆင်ပြေမည်။

ယတြာ

မိတ်ဆွေတစ်ဦးကို ကြက်ကင် ဝယ်ကျွေးပါ။

ကြာသပတေးသားသမီးများအတွက်

အလုပ်ပြောင်းရတတ်သည်။ ကောင်းသောအလုပ်ဖြစ်သည်။ ပြည်ပခရီး ထွက်ရမည်။ စက်ပစ္စည်းအသစ်လဲခြင်း၊ ဝယ်ရခြင်းများ ကြုံမည်။ အလုပ်တွင်ရှိသော အတိုက်အခံ ပြိုင်ဘက်များကို အနိုင်ရရှိမည်။ သူများလာအပ်သောငွေကို လက်မခံပါနှင့်။

ယတြာ

မိတ်ဆွေများကို သစ်သီး ဝယ်ကျွေးလိုက်ပါ။

သောကြာသားသမီးများအတွက်

လူမျိုးခြား ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မည်။ ငွေကြေးကိစ္စ အဆင်မပြေခြင်း၊ လုပ်ဖော်ကိုင်ဖက်များနှင့်လည်း စိတ်ဝမ်းကွဲတတ်သည်။ မနာလိုသူ ပေါ်မည်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်သည်။ မထင်မှတ်ဘဲ ခရီးသွားရတတ်သည်။

ယတြာ

မိတ်ဆွေတစ်ဦးကို ထောပတ်ပေါင်မုန့် ဝယ်ကျွေးပါ။

စနေသားသမီးများအတွက်

အလုပ်ပြောင်းရန် ကြံစည်ထားသူများ မကြာခင် အကြံအစည် အောင်မြင်မည်။ ငွေဝင်သောကာလဖြစ်သော်လည်း ငွေလိမ်ခံရတတ်သည်။ မော်တော်ကားကိစ္စ အဆင်ပြေမည်။ မသွားချင်သော နေရာများ သွားရလိမ့်မည်။

ယတြာ

မိတ်ဆွေတစ်ဦးကို အုန်းသီးပါသောမုန့် ဝယ်ကျွေးပါ။

ရာဟုသားသမီးများအတွက်

အိမ်အသစ်ပြောင်းခြင်း သို့မဟုတ် အိမ်အသစ်ဝယ်ခြင်းများ ပြုရတတ်တယ်။ မိတ်ဆွေတစ်ယောက်က ကူညီမည်။ အလုပ်အကိုင် အဆင်ပြေပြီး ရာထူးတစ်ဆင့်တိုးမည်။ လုပ်ပိုင်ခွင့်များ ရရှိမည်။ ခရီးအကျိုးပေးသောကာလဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများသို့ သွားရမည်။ အမြင့်မှ လိမ့်ကျတတ်သည်။

ယတြာ

မိတ်ဆွေတစ်ဦးကို သစ်သီးယို တစ်ဘူး လက်ဆောင်ပေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာများ၏ မဟာနာယက ဆရာတော်ကြီးများ ဓမ္မဂုဏ်ရည်ပြ သာသနာပြုခရီး

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာများ၏ မဟာနာယကဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဒီပ ဘီးလင်းဆရာတော်ဘုရားကြီးသည် အမေရိကန်နှင့် ထိုင်ဝမ်နိုင်ငံများသို့ ကြွရောက်တော်မူခဲ့ပြီး တိုင်ပေတွင် သိမ်သမုတ်၍ တရားစခန်း (၇)ရက် ချီးမြှင့်တော်မူခဲ့ပါသည်။

မဟာနာယကဆရာတော်ကြီး ဘဒ္ဒန္တ ဝိဇ္ဇောတ(ကော်ခဲ)ဆရာတော်ဘုရားကြီးသည် ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့ ဖူဆန်သာသနာ့ရိပ်သာတွင် (၁၀)ရက် တရားစခန်း ချီးမြှင့်ခဲ့ပြီး (၂၄-၅-၂၀၁၈)ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ နာယက မော်လမြိုင်ဆရာတော် အရှင်နန္ဒသီရိသည် အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ ဆန်ဟိုဆေးမြို့ တထာဂတ တရားရိပ်သာတွင် တစ်လ တရားစခန်း ချီးမြှင့်ပြီး ဟာဝိုင်ယီ ပဏ္ဍိတာရာမ သာသနာ့ရိပ်သာတွင် (၇)ရက် တရားစခန်း ချီးမြှင့်ရန် (၂၂-၅-၂၀၁၈)ရက်နေ့တွင် အမေရိကန်နိုင်ငံသို့ ကြွရောက်သွားခဲ့ပါသည်။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ မဟာနာယက ဘီးလင်းဆရာတော်ဘုရားကြီးသည် ဝန်ဆောင်ဆရာတော် ဦးကောဝိဒ လိုက်ပါ၍ ဇွန်လ ၂ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံသို့ ကြွရောက်၍ တစ်လတာ တရားစခန်းများ ပြသရန် ဓမ္မဒူတခရီး ကြွရောက်ပါသည်။

ရှေ့ဆောင်တင်ဆွေ

အောက်ပါဌာနများသို့ လှူဒါန်းလိုပါလျှင် . . .

- HIV ပိုးကူးစက်ခံ မိဘမဲ့ကလေးများ၏ သုခရိပ်မြုံဂေဟာ (၀၁-၅၈၁၀၉၅၅)
- ဆည်းဆာရိပ် ဂီလာနဘိုးဘွားရိပ်သာ (၀၉-၇၃၀၁၈၀၀၇)
- နာရေးကူညီမှုအသင်းသို့ လှူဒါန်းလိုလျှင်ဖြစ်စေ၊ အကူအညီလိုလျှင်ဖြစ်စေ ဆက်သွယ်ရန် (၀၁-၆၃၉၄၉၀)၊ (၀၁-၇၀၉၂၇၇)၊ (၀၁-၅၈၁၃၆၃)၊ (၀၁-၇၀၄၇၈၄)

www.burmeseclassic.com

www.burmeseclassic.com

မဟာစည် သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင့်စိုးလင်း (၆၄)နှစ်ပြည့် မွေးနေ့အလှူ။



ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်းရှိ မဟာစည် သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင့်စိုးလင်း၏ (၆၄)နှစ် ပြည့်မွေးနေ့ အလှူပွဲကို (၁၅-၅-၂၀၁၈) နံနက် ၉ နာရီ အချိန်တွင် ကျင်းပရာ မဟာစည်အဖွဲ့ကြီး(၃)ဖွဲ့မှ အမှုဆောင်များ၊ ဧည့်သည်တော်များ၊ ယောဂီများ စုံညီစွာ တက်ရောက်ခဲ့ကြပါသည်။

ပထမဦးစွာ မဟာစည်ဥသျှောင် ဩဝါဒါစရိယဆရာတော်(အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) သရက်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကေသရထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်များမှ ပရိတ်တရားတော်များ ချီးမြှင့်ပြီးနောက် မွေးနေ့ရှင်မိသားစုများက လှူဖွယ်ပစ္စည်းများ လှူဒါန်းကြပါသည်။

ထို့နောက် မဟာစည် ဩဝါဒါစရိယဆရာတော်(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ရွှေမင်းဝံဆရာတော် ဒေါက်တာဘဒ္ဒန္တသောဘနမှ ရေစက်ချတရား ချီးမြှင့်ပေးပါသည်။ လှူဒါန်းမှု စုစုပေါင်းမှာ ၁၀၁၅၉၇၅၀၀/-(ကျပ်သိန်းတစ်ထောင် တစ်ဆယ့်ငါးသိန်း ကိုးသောင်း ခုနစ်ထောင့်ငါးရာတိတိ) ဖြစ်ပါသည်။

ဒေါက်တာသက်ဆွေ

မြန်မာနိုင်ငံ စာရေးဆရာအသင်း(ဗဟို) အမှုဆောင်ခံနှင့် ကျောက်တံတားမြို့နယ် စာရေးဆရာအသင်း နာယကဆရာကြီး ဦးမောင်မောင်အုန်းမြိုင် (၈၀)ပြည့် မွေးနေ့ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ် စာရေးဆရာအသင်း နာယက ဆရာကြီး ဦးမောင်မောင်အုန်းမြိုင်၏ အသက်(၈၀)ပြည့် မွေးနေ့ပွဲကို (၈-၅-၂၀၁၈)နေ့ နံနက် ၁၁ နာရီအချိန် အမှတ်(၁၀၂)၊ ဆိပ်ကမ်းသာလမ်းရှိ အိပ်မက်စိမ်း စားသောက်ဆိုင်သို့ ဗဟိုစာရေးဆရာအသင်းနှင့် မြို့နယ်စာရေးဆရာအသင်းမှ အမှုဆောင်များ ခင်မင်ရင်းနှီးသော စာရေးဆရာများ ဖိတ်ကြားကာ နံနက်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ပါသည်။

အခမ်းအနားမှူးအဖြစ် ကျောက်တံတားမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး ဆရာသချာအောင်သင်းက ဆောင်ရွက်ပြီး ပထမဦးစွာ ဆရာမောင်မောင်အုန်းမြိုင်က အဖွင့်အမှာစကား ပြောကြားပြီးနောက် စာရေးဆရာအသင်း ဗဟိုအမှုဆောင်ခံ ဆရာကြီးများ ဖြစ်ကြသော ဆရာဦးခင်မောင်ချို(ရေစကြို)၊ ဆရာရွှေမြို့တ်သောင်းတင်၊ ဒေါက်တာသက်ဆွေ(ရေနံ့ဆောင်တင်ဆွေ)တို့က မုဒိတာစကားများ ပြောကြားခဲ့ပါသည်။ ၎င်းပြင် ဆရာထီလာစိုးမြင့်ထယ်၊ ဆရာတက္ကသိုလ်စိုးယဉ်နှင့် ဆရာမောင်ခေတ်ထွန်းတို့ကလည်း မုဒိတာစကားများ ပြောကြားခဲ့ပါသည်။

နေ့သူရိန်ဆွေ

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း (မြန်-စာ-ပြန့်)မှ လှူငယ်စာပေနှင့် ယဉ်ကျေးမှု စကားဝိုင်း ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၂၉နံ့သည်လမ်းရှိ စာပေဗိမာန်ခန်းမ၌ (၁၁-၅-၂၀၁၈)နေ့ နေ့လည် ၁ နာရီအချိန် မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းမှ ကြီးမှူးကျင်းပသော "လှူငယ်စာပေနှင့် ယဉ်ကျေးမှု"စကားဝိုင်း ကျင်းပရာ ပထမဦးစွာ (မြန်-စာ-ပြန့်)အသင်းကြီး အထွေထွေ အတွင်းရေးမှူး ဒေါက်တာစန်းဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် အသင်းကြီးအတွက် ရန်ပုံငွေ ကျပ်တစ်သိန်းကို အသင်းကြီး ဒုဥက္ကဋ္ဌ တက္ကသိုလ်စိုးယဉ်က လှူဒါန်းရာ ဒေါက်တာစန်းဝင်းက လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ပါသည်။ အလားတူ အခြားအဖွဲ့ဝင် စာရေးဆရာ/ဆရာမများ လှူဒါန်းသော ငွေများလည်း လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ပါသည်။

စာပေစကားဝိုင်း ဆွေးနွေးပြောကြားကြသော စာရေးဆရာမ ချိုမြနွယ်၊ ဆရာမ ညွှန့်ညွှန့်(ကလော)၊ ဆရာမ မြမဥ္ဇူဝေ(ကျုံမငေး)နှင့် ဆရာ ခင်မောင်ဌေး(ပညာရေး)တို့က အသီးသီး ဟောပြောဆွေးနွေးကြပြီး ညနေ ၄း၁၅ နာရီတွင် ပြီးဆုံးခဲ့ပါသည်။

ရှေ့ဆောင်တင်ဆွေ

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ စာအုပ်များလှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်းရှိ သာလွန်စာအုပ်တိုက်မှ "သာလွန်အဘိဓာန်" ကျမ်းပြုဆရာကြီး ဦးဝင်းနိုင်၊ ဆရာမကြီး ဒေါ်ခင်မြဝင်း မိသားစု မှ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖွင့်လှစ်ပြီးဖြစ်သော ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ပြည်သူများ စာပေဗဟုသုတ တိုးပွားရေးအတွက် ဗိုလ်တစ်ထောင်မြို့နယ်၊ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ (၁၇-၅-၂၀၁၈)နေ့ နံနက် ၁၀ နာရီအချိန် မြဝတီ၊ ငွေတာရီ မဂ္ဂဇင်းများနှင့် ဇီဝက ကျန်းမာရေးဆိုင်ရာ အလှအပ မဂ္ဂဇင်းများ လှူဒါန်းရာ သာလွန်စာအုပ်တိုက်ကိုယ်စား မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်များ ဖြစ်ကြသော သမားတော်ကြီး ဒေါက်တာသက်ဆွေ(ရှေ့ဆောင်တင်ဆွေ)နှင့် ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)တို့က ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

ဒေါက်တာသက်ဆွေ

မေတ္တာသီတဂူ "သွေး" ကုသိုလ် ပရဟိတ လူမှုကူညီရေးအသင်း(ရန်ကုန်)

၁။ မေတ္တာတော်ဦး(ပရဟိတ) ဘဒ္ဒန္တဦးသုမင်္ဂလာမိ(၀၉-၄၂၀၀၆၁၆၇၆) ၂။ အလုံမြို့နယ်၊ ဒေါ်ဘောဘီ(၀၉-၇၉၄၄၃၆၅၂၉) ၃။ ကမ္ဘာအေး ဝါယုဒါန(၀၉-၇၉၃၁၃၁၄၄၀) ၄။ နလုံးလှသံဇဉ်(၀၉-၇၉၇၂၂၄၃၂၂) ၅။ ညီမှုခြင်း(၀၉-၇၉၂၈၂၇၆၉၉) ၆။ သွေးဒါန(သာကေတ)(၀၉-၇၈၄၅၆၄၄၉၈) ၇။ အနာဂတ်အလင်းရောင်(နေ့-ဆက်သွယ်ရန်)(၀၉-၂၆၃၃၂၀၇၇၆) (ည-ဆက်သွယ်ရန်)(၀၉-၄၅၈၃၉၃၂၈၂) ၈။ ပရဟိတလက်တစ်စုံ ကိုရဲဝင်းထွန်း(၀၉-၄၂၀၂၈၉၅၁၅) ၉။ အနှိုင်းမဲ့မေတ္တာရှင် (၀၉-၂၅၄၈၃၇၉၃၈) ၁၀။ အဖြူရောင် လူမှုကွန်ယက် ဦးခင်မောင် (၀၉-၄၂၀၀၃၉၉၂၂) ၁၁။ မေတ္တာလှူငယ် ကိုသားကြီး ၁၂။ မိုးစေတန် ကိုကောင်းဆက်(၀၉-၇၇၇၁၂၄၄၁၀) ၁၃။ Classic Blood Donation ကိုအောင်လွင်(မင်္ဂလာဒုံ) (၀၉-၄၅၀၀၂၉၅၄၅) ၁၄။ E B D G ဦးဇော်ဝင်း(စမ်းချောင်း)(၀၉-၁၁၀၆၀၂၃၁) ၁၅။ မွန်မြတ်စေတနာ(၀၉-၃၁၂၅၈၅၀၅) ၁၆။ မုဒိတာကမ်းလက်များ(၀၉-၇၇၆၀၉၄၈၆၀) ၁၇။ စာနာမှုကောင်းကင် ဦးညှ ဏ်လင်းမိုး(၀၉-၂၅၄၁၁၄၂၂၄) ၁၈။ မေတ္တာသီတလ(လှိုင်သာယာမြို့နယ်) ကိုဇော်ဝင်း(၀၉-၇၉၉၉၅၁၀၆၂)။ ဦးဆန်းလွင်(ဥက္ကဋ္ဌ)(၀၉-၄၂၀၁၅၆၈၄၃)။ ကိုညွှန့်စိုး(သွေးတာဝန်ခံ)(၀၉-၇၇၇၃၇၈၅၉)။ ရုံးဖုန်း - ၀၉-၇၉၅၇၇၇၆၄၃၊ အမှတ်(၉၅/A)၊ မင်းနန္ဒာလမ်းမကြီး၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်။ (ရန်အောင်ကားမှတ်တိုင်)

လူတွေသိ၍ နတ်တွေကြားစေ လူတွေသိ၍ နတ်တွေကြားစေ လူတွေသိ၍ နတ်တွေကြားစေ လူတွေသိ၍ နတ်တွေကြားစေ လူတွေသိ၍ နတ်တွေကြား

www.burmeseclassic.com

www.burmeseclassic.com

ဖအေကြောင်း

...ဆိုတော့ · ·

...းဟာ မှန်တယ်ဆိုတာထက် သာတယ်ဆိုတာ ကြိုက်တဲ့သူတွေပါ။ ဈေးဝယ်တဲ့... ဈေးသည်...

...မှန်ချိန်တဲ့အခါ အပိုအသာ တောင်းတတ်ကြတာ မမှတာပါပဲ။

ကိုယ်က လိုချင်ရင် သာသာထိုးထိုး လိုချင်ကြပေမယ့် ပေးရမယ့်အခါကျတော့ ကျုပ်တို့ကတော့ မှန်မှန်ကန်ကန်ပဲလို့ ပြောလေ့ရှိကြလေတော့ · · ·

www.burmeseclassic.com

www.burmeseclassic.com

လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး

[ကျောက်တော်ကြီးဘုရား]

လှူခွင့်ကြုံခိုက် လှူလိုက်စေချင်ပါသည်

အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားသော လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီး) ဘုရားကြီးကို ဂေါပကအဖွဲ့မှ ဘုရားဖူး ပြည်သူများ စိတ်ချမ်းသာစွာဖူးမြော်နိုင်ရေး၊ ဘုရားကြီးဝန်းကျင်တွင် လှပသန့်ရှင်းရေး၊ ဘုရားကြီး ရေရှည် တည်တံ့ပြီး သာသနာတော်တည်တံ့ရေးအတွက် ရည်စူး၍ လုပ်ငန်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိပါသည်။

BURMESE CLASSIC .com

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် . . .

(၁) ရာသက်ပန်အလှူအဖြစ် လောကချမ်းသာ ထာဝရ ငွေပဒေသာပင် အလှူတော်ကို တစ်ပင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့်လည်းကောင်း၊

(၂) ကံမြင့်၊ ကံဆင့်၊ ကံတင့်စေရန်အတွက် ကန်တော်မင်္ဂလာကြီး ဘက်စုံပြုပြင်ခြင်းကို လည်းကောင်း၊

(၃) ဘုရားကြီး၏ ဂန္ဓကုဋိတိုက်ကြီးကို အမြင်တင့် သပ္ပာယ်စေရန် ရွှေရေး ရွှေဆေးများ ခြယ်သ လှူဒါန်းနိုင်ရန်လည်းကောင်း . . .

ဆောင်ရွက်လျက်ရှိပါသည်။

ထိုအလှူများကို စိတ်ဝင်တစား ဒါန ပြုလိုသူများအနေဖြင့် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညို၍ ကိုယ်တိုင် ကိုယ်ကျ လာရောက်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့

၀၁-၆၄၄၈၆၀၊ ၀၁-၆၄၄၈၅၇၊ ၀၁-၆၄၄၈၅၈

www.burmeseclassic.com

www.burmeseclassic.com

ကေမ္ဘာ

မှ

ဖော်စပ်ဖြန့်ချိလျက်ရှိသောဆေးများ

လေနဲ့ပတ်သက်သမျှ

တကဲ့လေဆေး မှ ရသဗျ



အား! ဦးဘညိန် သား

စတုမဓု ကိုစား

သက်ရှည်သူများသုံးစွဲတာက ဦးမောင်ရဲ့

သက်ရှည်ကျန်းမာ ကေမ္ဘာ ဆေးလုံးပါ

မြင်းခွာဆေးလုံး အစဉ်သုံး

မျက်စိအကြောအတွက် တန်ခိုးထက်

ဖြူကြက်သွန် နဲ့ နှစ်လွန်ပျား

ကျန်းမာလိုသူများ အမြဲစား

သွေးတိုးလေငန်းကာကွယ်ထား

နနွင်းခါးဆေးလုံး နေ့စဉ်စား

ကျန်းမာရေးမြန်မာ့ဆေး

ကေမ္ဘာ

မှ

ပျို့မေတို့တွေ

အသားအရေ

ဝါဝင်းဖို့

ကေမ္ဘာ

ဆနွင်းလုံး ကို

သုံးကြစို့

အစဉ်ပေး

ကေမ္ဘာဆေးတိုက်မှ ထုတ်လုပ်သည်။

✽၁၃၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၄၉၁၁၆၊ ၅၉၅၂၇၇

✽၂၈၊ ဗိုလ်ချုပ်ဈေး (မြောက်ဘက်တန်း အပေါ်ထပ်)၊ ရန်ကုန်မြို့။ ဖုန်း - ၇၂၅၆၅၉၊ ၂၄၀၉၆၆-လိုင်းခွဲ-၄၁၁